https://thitsarparami.org

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# မဟောသဓပညာရှိ

THITSARPARAMI
2009

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့်
ပုံနှိပ်ဖြန့်ဝေသည်

# မာတိကာ


| မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား | စာမျက်နှာ |
|---|---|
| - အပိုင်း (၁) | ၁ |
| - အပိုင်း (၂) | ၂၇ |
| - အပိုင်း (၃) | ၄၉ |
| - အပိုင်း (၄) | ၇၀ |
| - အပိုင်း (၅) | ၈၉ |
| - အပိုင်း (၆) | ၁၁၇ |
| - အပိုင်း (၇) | ၁၃၀ |
| - အပိုင်း (၈) | ၁၅၄ |
| - အပိုင်း (၉) | ၁၇၈ |
| - အပိုင်း (၁၀) | ၂၀၇ |
| - အပိုင်း (၁၁) | ၂၂၇ |
| - အပိုင်း (၁၂) | ၂၄၉ |
| - အပိုင်း (၁၃) | ၂၇၁ |
| - အပိုင်း (၁၄) | ၂၉၀ |
| - အပိုင်း (၁၅) | ၃၁၁ |
| - အပိုင်း (၁၆) | ၃၃၀ |

https://thitsarparami.org

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၁)

သာသနာတော်နှစ်- ၂၅၆၂-နှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၉-ရက်၊ ၂၀၁၉-ခုနှစ်၊ ဧပြီလ ၁၃-ရက်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာ ကျောင်းတိုက်၊ ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် သင်္ကြန်တွင်းကာလ မြန်မာနှစ်သစ်ကူး အထူးဓမ္မသဘင် အခမ်းအနား၌ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် + ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေး တစ်စုတို့မှ ဒေါ်ကြူကြူလှ၏ မွေးနေ့အမှတ်တရ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၁)"** တရားဒေသနာတော်။

## နိဒါန်း

ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်ထဲမှ (၅၄၂) ဇာတ်မြောက် ဥမင်္ဂဇာတ်မှာ "မဟောသဓပညာရှိနှင့် သူ့ရဲ့ပညာစွမ်းအား" ကို ဖော်ပြထားတာ ဖြစ်တယ်။ ဇာတ်ရဲ့နာမည်က ဥမင်္ဂဇာတ်၊ ဥမင်္ဂဆိုတာ ဥမင်လှိုဏ်ခေါင်းဆိုတဲ့ အဓိပ္ပါယ်

ဖြစ်တယ်။ ခုခေတ် Tunnel လို့ ခေါ်တဲ့အရာမျိုးပဲ။ မဟောသဓ ဟာ Tunnel ဖောက်ပြီး ဂင်္ဂါမြစ်ကြောင်းကို လျှို့ဝှက်လမ်းကနေ သွားတယ်လို့ဆိုတယ်။ ဒါကြောင့် ဥမင်္ဂဇာတ်လို့ နာမည်ပေးထား တာဖြစ်တယ်။

မဟောသဓအကြောင်းနဲ့ ပတ်သက်တဲ့ ဇာတ်တွေက ဥမင်္ဂဇာတ်အပြင် အခြားဇာတ်ပေါင်း ၁၃-ဇာတ် ရှိသေးတယ်။ မဟောသဓပညာရှိရဲ့ အကြောင်းကို ဇာတ်ပေါင်း ၁၄-ဇာတ်နဲ့ ဟောထားတာဖြစ်လို့ ဇာတ်ပေါင်း ၁၄-ဇာတ်ပေါင်းမှ မဟောသဓ ပညာရှိအကြောင်းက ပြည့်စုံတာဖြစ်တယ်။ (မြန်မာစာပေမှာ မဟောသဓ လို့ မရေးပဲ မဟော်သဓာ ဟု ရေးတယ်၊)

ဥမင်္ဂဇာတ်မှာ ဂါထာပုဒ်ပေါင်း ၂၀၄ ပုဒ် ရှိတယ်။ အခြား ဇာတက က ၁၃-ခု၊ အဲဒီ ၁၃-ခု မှာ ဂါထာပုဒ်ပေါင်းက ၁၄၉- ပုဒ် ရှိတယ်။ ဥမင်္ဂဇာတ်နဲ့ အခြားဇာတ် ၁၃- ခု ပေါင်းလိုက်မယ် ဆိုရင် ဂါထာပုဒ်ပေါင်း ၃၅၃-ပုဒ်ရှိတယ်။ အဲဒီ ၃၅၃-ပုဒ်သော ဂါထာများဖြင့် “မဟောသဓပညာရှိနဲ့ သူ့ရဲ့ ပညာစွမ်းအား”ကို ဖော်ပြတာဖြစ်တယ်။ ဇာတ်ဆိုတဲ့အတိုင်းပဲ ကဗျာနဲ့ ရေးဖွဲ့ခဲ့တဲ့ ဇာတ်လမ်းတွေပဲ ဖြစ်တယ်။ Shakespeare ပြဇာတ်တွေလို ကဗျာနဲ့ ရေးဖွဲ့ထားတာ။ အဋ္ဌကထာဆရာက ကဗျာနဲ့ဖွဲ့ဆိုထား တာကို စကားပြေနဲ့ ပြန်ရေးပြပြီး နိဂုံးချုပ် ဂါထာ ၄-ပုဒ် ထပ်ထည့်ထားတယ်၊ အားလုံး မဟောသဓပညာရှိဇာတ်လမ်းမှာ ဂါထာပုဒ်ပေါင်း ၃၅၇-ပုဒ် ဖြစ်တယ်။ ဒါဟာ ဒီဇာတ်နဲ့ ပတ်သက် ပြီးတော့ မှတ်သားဖွယ်ရာဖြစ်တယ်။

ဂါထာပုဒ်ပေါင်း ၃၅၇-ပုဒ်နဲ့ ဖွဲ့ဆိုထားတဲ့ မဟောသဓ ပဏ္ဍိတ အကြောင်းကို ဒီကနေ့စပြီး ဇာတ်လမ်းပြီးဆုံးသည် ထိအောင် ဟောပါမယ်။ မဟောသဓကို မဟာ+ဩဓ လို့ ပုဒ်ဖြတ်ရတယ်။ မဟာဆိုတာ အစွမ်းထက်တဲ့၊ ဩသဓေ ဆေး၊ မွေးလာတဲ့အချိန် ဆေးစွမ်းကောင်းတစ်လက် လက်ထဲဆုပ်ပြီး မွေးလာတဲ့ပုဂ္ဂိုလ်ဖြစ်လို့ မဟောသဓလို့ အမည်မှည့်လိုက်တာ။

## ဥမင်္ဂဇာတ်ဖြစ်ပေါ်လာပုံ

ဒီဇာတ်ကို မြတ်စွာဘုရား ဘာကြောင့်ဟောတုန်းဆိုရင် ဇေတဝန်ကျောင်း ဓမ္မသဘင်မှာ မြတ်စွာဘုရားရဲ့ ပညာစွမ်းအား ကြီးမားပုံကို ရဟန်းတော်များ ချီးမွမ်းပြောကြားနေကြတာကို အကြောင်းပြုပြီး ဒီဇာတ်ကို ဟောကြားခဲ့တာ ဖြစ်တယ်။ မြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ သုမေဓာဘဝကစပြီး ပါရမီ ဖြည့်ကျင့်တဲ့အထဲမယ် ပညာပါရမီကို အထူးတလည် ဖြည့်ကျင့် ခဲ့တာပါတယ်။

ပညာပါရမီဟာ ဘုရားဖြစ်တဲ့အချိန်မှာ အထွတ်အထိပ် ရောက်တယ်။ ကျန်တဲ့ ပါရမီတွေအားလုံးက ပညာပါရမီရဲ့ အထောက်အကူလို့ပဲ ပြောရမှာဖြစ်တယ်။ ဒါနပါရမီက စပြီးတော့ ဖြည့်ကျင့်ခဲ့တယ်။

ဘုရားဆိုတဲ့ပုဂ္ဂိုလ်မျိုးဟာ အသိဉာဏ်အရှိဆုံး ပုဂ္ဂိုလ်မျိုး ဖြစ်တယ်။ မိမိရဲ့ပညာစွမ်းအားကို အသုံးချပြီး သတ္တဝါတွေ ကောင်းကျိုးချမ်းသာ ရရာရကြောင်း ဟိတဆိုတာကို ညွှန်ပြတာ

ဖြစ်တယ်။ မဟာကရုဏာကို အခြေခံပြီး ကြီးမားကျယ်ပြန့်တဲ့ ပညာဖြင့် သတ္တဝါတွေရဲ့ အကျိုးစီးပွားကို ဆောင်ရွက်တော်မူခဲ့တယ်။

## ပညာပါရမီ

ဘုရားအလောင်းဘဝမှာ ပညာပါရမီဖြည့်ပုံကို သိချင်ကောင်း သိချင်ကြလိမ့်မယ်။ ပညာပါရမီ ဖြည့်တယ်ဆိုတာ ကိုယ်တိုင်သင်ယူခြင်းပဲ ဖြစ်တယ်။ ဒါဟာ အင်မတန်မှ မှတ်သားစရာကောင်းတယ်။ တချို့က ပညာပါရမီဖြစ်ဖို့ ပညာသင်ယူနေတဲ့ ပုဂ္ဂိုလ်ကို အထောက်အကူပေးကြတယ်။ မှားတော့ မမှားဘူး။ သို့သော် အထောက်အကူပေးရင် အထောက်အကူပဲ ရမှာပေါ့။

သေချာစဉ်းစားကြည့်မယ်ဆိုရင် ပညာဆိုတာ ကိုယ်တိုင်သင်ရမှာဖြစ်တယ်။ ပညာပါရမီဖြည့်ပုံနဲ့ ပတ်သက်ပြီး စာပေကျမ်းဂန်မှာ ဘယ်လိုဆိုထားတုန်းဆိုရင် အသိပညာ အထက်တန်းကျတဲ့ သမဏ၊ ဗြာဟ္မဏတွေထံ ချဉ်းကပ်ပြီး မေးမြန်းတယ်၊ သင်ယူတယ်၊ စူးစမ်းတယ်၊ မေးခွန်းထုတ်တယ်။ ကိုယ်မသိတာတွေ ရှင်းအောင်သင်ယူလို့ ဆိုတယ်။

**ဥဂ္ဂဟ** နဲ့ **ပရိပုစ္ဆာ**၊ သင်ယူပုံ နှစ်မျိုးပဲရှိတယ်။ ဥဂ္ဂဟဆိုတာ ပြောတဲ့စကားလုံးကို မှတ်သားတာ။ ပရိပုစ္ဆာဆိုတာ မရှင်းလင်းတာတွေကို မေးတာ။ သင်ယူခြင်းနဲ့ မေးမြန်းဆွေးနွေးခြင်းပဲ ဖြစ်တယ်။ ဒါကြောင့်မို့ ပညာတတ်ချင်ရင် သင်ယူရမှာဖြစ်တယ်။ ဆည်းပူးအားထုတ်ရမှာ ဖြစ်တယ်။ ပညာဆည်းပူး

အားထုတ်မှု ကိုယ်မသိတာ သိအောင်မေးမြန်းမှု ပညာဟာ အစွမ်းထက်မှာ ဖြစ်တယ်။ တခြားအရာနဲ့ မတူဘူး။ ပညာသင်ထားပြီးရင် အကြောင်းအရာကို မေ့ကောင်းမေ့နိုင်သော်လည်း အရည်အချင်းဆိုတာ ကျန်ရှိနေတယ်။

လောကီပညာသင်ကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ နှိုင်းယှဉ်ကြည့်၊ မူလတန်းပညာတတ်ထားပြီး မူလတန်းစာတွေ မေ့ချင်မေ့ပါစေ၊ အလယ်တန်းကို သင်ယူနိုင်တဲ့ စွမ်းရည်သတ္တိရှိတယ်။ အလယ်တန်းသင်ပြီးတဲ့ ပုဂ္ဂိုလ်ကလည်းပဲ အထက်တန်းကို နားလည်နိုင်စွမ်းရှိတယ်။ အထက်တန်းသင်ပြီးတဲ့ ပုဂ္ဂိုလ်က တက္ကသိုလ်ပညာကို နားလည်နိုင်စွမ်းရှိတယ်။ အဲဒီလို စွမ်းရည်သတ္တိရတယ်လို့ ဆိုလိုတယ်။

ထို့အတူပဲ ဘုရားအလောင်းတော်တွေဟာ ပညာကို မိမိတို့ကိုယ်တိုင် ဆည်းပူးကြတယ်၊ ကိုယ်တိုင်လည်းပဲ အမြဲတမ်း ဆင်ခြင်သုံးသပ်တွေးခေါ်ကြတယ်၊ ဒီအလေ့အကျင့်တွေကြောင့် သူတို့ရဲ့ပညာစွမ်းအားဟာ ကြီးမားလာတယ်။ လူတိုင်းလူတိုင်း ပညာပါရမီဖြည့်ချင်ရင် သင်ယူရမှာဖြစ်တယ်။ တန်ဖိုးရှိတဲ့ ပညာရပ်တွေကို မိမိတို့ကိုယ်တိုင် လေ့လာသင်ယူကြရမှာဖြစ်မယ်။ ဒီဘဝမှာ မသင်ဘူးဆိုရင် နောက်ဘဝ သိပ်မျှော်လင့်စရာမရှိဘူး။ ဒီဘဝ ပညာသင်ရမှာပျင်းရင် နောက်ဘဝ အပျင်းပဲပါလာမှာ ဖြစ်တယ်။ ဘဝဆက်တိုင်းဆက်တိုင်း ပျင်းသွားဖို့ပဲရှိတယ်။

ဒီဘဝ ပညာကြိုးစားသင်ယူလို့ အကြောင်းအရာ မေ့ချင်မေ့ပါစေ၊ အစတစ်ခု ဖော်လိုက်တာနဲ့ ပညာစွမ်းအားတွေဟာ

တစ်သီကြီး ပြန်ပေါ်လာတယ်။ ငယ်ငယ်တုန်းက ကြားဖူးလိုက်တယ်။ "ပိဋကတ် မောင်ထွန်းကြိုင်" ဆိုတာ မြန်မာပြည်မှာ ပေါ်ခဲ့ဖူးတယ်။ ငယ်ငယ်လေးနဲ့ ပိဋကတ်စာပေတွေ ရနေတယ်လို့ ဆိုတယ်။ ထူးခြားတဲ့စွမ်းအားတွေဆိုတာ ပျောက်သွားတာမဟုတ်ဘဲ ပါလာတတ်တယ်။ စာကို မေ့ချင်မေ့နိုင်သော်လည်း အစလေးရလိုက်တာနဲ့ တစ်ပြိုင်နက် အလွယ်တကူ ဆွဲထုတ်နိုင်တဲ့ စွမ်းရည်သတ္တိတွေ ရသွားတယ်။

ဘုရားအလောင်းတွေ ပညာပါရမီ ဖြည့်တယ်ဆိုတာ ကိုယ်တိုင် သင်ယူခြင်းသာလျှင် ဖြစ်တယ်။ သို့သော် ပညာရဲ့ အထောက်အကူ ကုသိုလ်တွေ မရှိဘူးလားဆိုရင် ရှိတယ်။ "ဆီမီးလှူပြီး ပညာဉာဏ် ကြီးရပါလို၏" ဆုတောင်းတာ ရှိတယ်။ သို့သော်လည်း အထိရောက်ဆုံးက ကိုယ်တိုင်သင်ယူခြင်းသာလျှင် ဖြစ်တယ်။ ပညာဆိုတာ အခုသင် အခုသိ အခုတတ်တာပဲလေ။ တတ်ပြီးသားပညာက ရှေ့ဆက်သွားဖို့ပဲရှိတယ်။ မေ့ချင်တော့ မေ့မယ်၊ သိပြီးသားပညာဟာ ပျောက်မသွားဘူး။

ပညာပါရမီနဲ့ ပတ်သက်ပြီး ရဟန်းတော်တွေဟာ ချီးမွမ်းကြတယ်။ "မြတ်စွာဘုရားဟာ အရာရာမှာ အလွန်ထက်မြက်တာပဲ။ အလွန်ထက်မြက်တဲ့ ပညာရှိတယ်။ အလွန်ကို နက်နဲတဲ့ ပညာရှိတယ်။ အလွန်ကို ထိုးထွင်းပြီးသိနိုင်တဲ့ ပညာရှိတယ်။ ဘယ်ပုဂ္ဂိုလ်မျိုးကိုပဲဖြစ်ဖြစ် မှားယွင်းတဲ့ အယူအဆတွေကို ရှင်းလင်းဖော်ပြ နှိပ်ကွပ်ဆုံးမနိုင်တဲ့ စွမ်းရည်သတ္တိတွေရှိတယ်"၊ ချီးမွမ်းစကား ပြောကြားနေကြတယ်။

ထိုအခါ မြတ်စွာဘုရားကြွလာပြီး မေးတယ်။ "ငါမလာခင် ဘာစကားတွေ ဆွေးနွေးနေကြသလဲ"။ ရဟန်းတွေက လျှောက်ကြတယ်။ "အရှင်ဘုရားရဲ့ ပညာပါရမီအကြောင်း တပည့်တော်များ ပြောဆိုဆွေးနွေးနေကြတာ ဖြစ်ပါတယ်၊"

"ငါဟာ ဒီဘဝ သဗ္ဗညုတဉာဏ်ရလို့ ဘုရားဖြစ်မှ ပညာဟာ ထူးချွန်တာမဟုတ်ဘူး။ အခုလို ဗောဓိဉာဏ် မရင့်ကျက်ခင် ဘုရားအလောင်းဘဝကတည်းက ငါ့ရဲ့ ပညာအရည်အချင်းဟာ ထက်မြက်ခဲ့တယ်"။ မြတ်စွာဘုရားက ပြန်လည်ဟောပြောပြီး ဒီ ဥမင်္ဂဇာတ်ကို ဟောတာပဲဖြစ်တယ်။ ဒါက Introduction ပေါ့။ နိဒါန်းသွယ်တာ။

## ဥမင်္ဂဇာတ်

အဲဒီတော့ ဇာတ်လမ်းကို စကြမယ်ဆိုရင် "လွန်ခဲ့တဲ့ အတိတ်တုန်းက ဝိဒေဟနိုင်ငံ၊ မိထိလာမြို့ဆိုတာ ရှိခဲ့တယ်၊ (ကနေ့ခေတ် မိထိလာမြို့ကတော့ အိန္ဒိယနိုင်ငံ အာဂရာသွားတဲ့ လမ်းမှာ တွေ့ခဲ့ဖူးတယ်။ ဒေလီနဲ့ ခပ်နီးနီးမှာ မိထိလာမြို့ဆိုတာ ရှိတယ်။ ကနေ့လည်း ဒီနာမည်နဲ့ပဲ၊ မန္တလေးနားက မိတ္ထီလာ ပြောတာ မဟုတ်ဘူးနော်။)

တစ်ရာ့တစ်ပါးသော မင်းတွေဟာ အိန္ဒိယတိုက်ရဲ့ဒေသကို အုပ်စိုးကြတယ်၊ အသောကမင်းကြီးက အိန္ဒိယတိုက်တစ်ခြမ်း အုပ်စိုးခဲ့တယ်။ သူ့ဒေသနဲ့သူ တစ်ရာ့တစ်ပါးသောမင်းတွေ အုပ်စိုးခဲ့တာ ဖြစ်တယ်။

ဝိဒေဟတိုင်း မိထိလာမြို့မှာ အဲဒီအချိန်က ဘုရင်အဖြစ် အုပ်စိုးသူက ဝိဒေဟမင်းဖြစ်တယ်။ စီးပွားရေး၊ ကြီးပွားရေး၊ ဥပဒေရေးရာနဲ့ ပတ်သက်ပြီး ဘုရင်ကြီးကို အကြံပေးတဲ့ ပညာရှိ ပုဂ္ဂိုလ်လေးယောက် ရှိတယ်။ စာပေကျမ်းဂန်မှာတော့ **အတ္ထဓမ္မာ နုသာသကာ** လို့ ဖော်ပြတယ်။ အတ္ထဆိုတာ ဘုရင့် လုပ်သင့် လုပ်ထိုက်တဲ့ကိစ္စ။ ဓမ္မဆိုတာတော့ လိုက်နာကျင့်သုံးရမယ့် ဥပဒေ။ **ရာဇသတ္ထ၊ ရာဇနီတိ၊ ဓမ္မနီတိ** စတဲ့ ရှေးခေတ်ကရှိတဲ့ ကျမ်းစာတွေအတိုင်း အကြံပေးကြတယ်။

ဒီကျမ်းစာတွေကို ကျေကျေပွန်ပွန် တတ်သိလိမ္မာတဲ့ ပညာရှိကြီးလေးယောက်က ဝိဒေဟမင်းကြီးကို အကြံပေးကြ တယ်၊ သူတို့ရဲ့အကူအညီနဲ့ နိုင်ငံကို ကြီးပွားတိုးတက်အောင် လုပ်ဆောင်ခဲ့တယ်။ အကြံပေး ပညာရှိလေးယောက်က သေနက၊ ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ တို့ ဖြစ်ကြတယ်။

[ဒီဇာတ်ကို ငယ်ငယ်တုန်းက ဖခင် ဒါယကာကြီးက ညညမှာ ပြောပြတာ။ အဲဒီတုန်းက စိတ်ဝင်စားခဲ့တယ်။ သူပြောပြ တဲ့ထဲမှာ **"သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ ပကုသ်** မင်းမဟော် ခေါင်ကချုပ်" ဆိုတဲ့ အဆိုကို မှတ်မိနေတယ်။ **သေနက** ကို သိန်းအမတ်ကြီး၊ **ဒေဝိန္ဒ**ကို ဒေဝိန်း၊ **ကာမိန္ဒ**ကို ကာမိန်း၊ **ပက္ကုသ** ကို ပကုတ်အမတ်ကြီးလို့ ခေါ်တာ။ ဒါယကာကြီးက သူ့ကိုနင်းနှိပ် ပေးလို့ရှိရင် ပုံပြောပြတယ်။ အလကားတော့ မရဘူး၊ တက်နင်း ပေးရတယ်။ အဲဒီတုန်းကတည်းက ဒီဇာတ်လမ်းကို ကြားဘူး တာ။]

မိထိလာမြို့မှာ အရှေ့ပေါက်၊ တောင်ပေါက်၊ အနောက်ပေါက်၊ မြောက်ပေါက် တံခါးပေါက်ကြီး လေးပေါက်ရှိတယ်။ တံခါးပေါက်တွေအနီးမှာ ရွာကြီးလေးရွာ တည်ထားတယ်။ ရွာကြီးလေးရွာက နာမည်တူ ယဝမဇ္ဈက ဆိုတဲ့ရွာကြီးတွေပဲ၊ ယဝမဇ္ဈကဆိုတဲ့ ရွာကြီးလေးရွာဟာ မြို့တံခါးလေးပေါက်မှာ အကာကွယ်ပြုထားတဲ့ သဘောမျိုး မြို့ပြင်ဘက်မှာ ရှိတယ်။ အရှေ့ကို **ပါစိန** လို့ခေါ်တော့ ပါစိနယဝမဇ္ဈက (ယဝမဇ္ဈက အရှေ့ရွာ)၊ **ဒက္ခိဏ**ယဝမဇ္ဈက (ယဝမဇ္ဈက တောင်ရွာ)၊ **ပစ္ဆိမ**ယဝမဇ္ဈက (ယဝမဇ္ဈကအနောက်ရွာ)၊ **ဥတ္တရ**ယဝမဇ္ဈက (ယဝမဇ္ဈကမြောက်ရွာ) လို့ နာမည်တူမှည့်ထားတဲ့ ရွာကြီးလေးရွာနဲ့ ခြံရံထားတဲ့မြို့ပေါ့။ လုံခြုံရေးအတွက် တည်ထားတာဖြစ်နိုင်တယ်။

## ဘုရင့်အိပ်မက်

ဝိဒေဟဘုရင်ကြီးဟာ နံနက်မိုးသောက်ချိန်မှာ အိပ်မက်မက်တယ်။ မိုးသောက်ချိန်ဆိုတာ နံနက် ၅-နာရီကျော် ၆-နာရီ မထိုးခင်လောက်အချိန် ဖြစ်တယ်။ အဲဒီအချိန်မှာ အမှောင်လျော့သွားပြီး အဖြူရောင်တွေ ပေါ်လာတယ်။ လင်းလာတဲ့သဘောပေါ့။ နေမထွက်ခင် အဖြူရောင်တွေ အရင်ရောက်လာတယ်။ အဲဒါကို မိုးသောက်လို့ ခေါ်တယ်။ မိုးသောက်ပန်းဆိုတာ အဲဒီအချိန်လောက် ပွင့်တဲ့ပန်းတွေကို မိုးသောက်ပန်းလို့ ခေါ်တယ်။ ပါဠိလို ပစ္စူသ၊ မိုးသောက်ချိန်၊ အမှောင်တွေ

လျှော့ပြီးတော့ အဖြူရောင် ပေါ်လာတယ်။ လင်းလာတယ်။ အဲဒီအချိန်မှာ အိပ်ပျော်သွားပြီး အိပ်မက် မက်တယ်။

"နန်းတော်ရင်ပြင်မှာ မြို့ရိုးတံတိုင်းကြီးလောက်မြင့်တဲ့ မီးပုံကြီးလေးပုံကို မြင်ရတယ်။ မီးပုံကြီးလေးပုံရဲ့ အလယ်မှာ ပိုးစုန်းကြူးလောက်ရှိတဲ့ မီးပွားလေးတစ်ခု ပေါ်လာတယ်။ အဲဒီ မီးပွားလေးရဲ့ အလင်းရောင်က မီးပုံကြီးလေးပုံကို ဖြတ်ကျော်ပြီး ကောင်းကင်ထိအောင် မီးညွန့်တက်သွားတယ်။ သူ့ရဲ့ လင်းအားက ဘယ်လောက်ကောင်းတုန်းဆိုလို့ရှိရင် မြေကြီးပေါ် ကျနေတဲ့ မုန်ညင်းစေ့အရွယ်ကအစ အကုန်လုံး မြင်နိုင်တယ်။

အဲဒီအချိန်မှာ လူတွေ နတ်တွေ မီးပုံလေးအနီး ရောက်လာကြပြီး မီးပုံလေးကို ပူဇော်ကြတယ်။ မီးရောင်တွေကြား အနားကပ်ပြီး သွားသော်လည်း အပူငွေ့ဆိုတာ လုံးဝမရှိဘူး။ လုံးဝပူတာ မခံစားရဘူးလို့ မြင်မက်တယ်။

မိုးသောက်ချိန်လေးမှာ မက်လိုက်တဲ့ အိပ်မက်ပဲ။ အဲဒီ အိပ်မက်လည်း မက်ပြီးရော ဘုရင်ကြီးက ဖြတ်ခနဲ နိုးလာတယ်။ ဘာများဖြစ်လာမှာလဲဆိုပြီး ကြောက်စိတ်နဲ့ ထထိုင်နေလိုက်တယ်၊ ထထိုင်ရင်းပဲ အရုဏ်တက်သွားတယ်။ မိုးသောက်ချိန်က အရုဏ်တက်ချိန် မဟုတ်သေးဘူး။ အရုဏ်- **အရုဏ** ဆိုတာ အရှေ့လောကဓာတ်က နေရဲ့အညွန့် အနီရောင်ကို အရုဏ်လို့ ခေါ်တယ်။

[အခု မြန်မာပြည်မှာ အရုဏ်တက်တာတွေက စောလွန်းနေတယ်။ အရုဏ်တက်တာ စောလွန်းနေရင် ဝိကာလဘောဇန

လွတ်ချင်မှ လွတ်လိမ့်မယ်။ အရုဏ်တက်တာ စောနေလို့ မတက်မီ စားမိရင် ပင်လယ်ကြီး ဖြတ်ကူးလာပြီး ကမ်းရောက်မှ ရေနစ်သလို ဖြစ်နေတယ်။ တစ်ညလုံး အငတ်ခံလာပြီးတော့ မနက်အစောကြီး စားလိုက်တော့ သီလကျိုးသွားတယ်။ အဲဒါကို သတိထားရမယ်။ အရှေ့လောကဓာတ်ကအနီရောင်လေးသမ်းလာမှ အရုဏ်တက်တယ်။]

အရုဏ်တက်ချိန်မှာ ဘုရင်မင်းကြီးထံ ပညာရှိအမတ်ကြီးတွေက အခစားဝင်လာကြရတယ်။ ဒါ ထုံးစံပေါ့။ အခစားဝင်လာပြီး "ညက အိပ်စက်လို့ကောင်းပါရဲ့လား" ဆိုတာ မေးကြရတာ။ Good Morning လုပ်ဖို့ လာကြတာနေမှာပေါ့။ "အရှင်မင်းကြီး ညက ချမ်းချမ်းသာသာ အိပ်စက်ရပါရဲ့လား" "ဘယ်အိပ်စက်ရမှာလဲကွာ၊ ငါ့မှာ မနက်က အိပ်မက်ဆိုး မက်တယ်။ ဘာများဖြစ်မတုန်းဆိုတဲ့ စိုးရိမ်စိတ်နဲ့ ငါထိုင်နေတယ်" သူ့အိပ်မက် အကြောင်းကို ဘုရင်ကြီးက ပြောပြတယ်။

သေနက ပညာရှိ အမတ်ကြီးက "အရှင်မင်းကြီး၊ ဒါ တကယ့် မင်္ဂလာအိပ်မက်ပါ။ ဒါ အိပ်မက်ကောင်းပဲ" တဲ့။ မီးပုံကြီးလေးပုံဆိုတာ တခြားမဟုတ်ဘူး။ ကျွန်ုပ်တို့ Advisor လေးယောက်ရဲ့ သင်္ကေတပဲ ဖြစ်တယ်။ ပိုးစုန်းကြူးလောက် မီးပွားလေးဆိုတာ နောက်ထပ် ပညာရှိတစ်ယောက် ပေါ်လာဦးမှာ။ အရှင်မင်းကြီးရဲ့ နိုင်ငံမှာ ပညာရှိ ငယ်ငယ်လေး ပေါ်လာလိမ့်ဦးမယ်။ အဲဒီငယ်ငယ်လေးက ကျွန်ုပ်တို့ကို လွှမ်းမိုးသွားအောင် အကောင်းအဆိုး အကြောင်းအကျိုးတွေကို သွန်သင်ဆုံးမနိုင်တဲ့

တကယ့်ထိပ်တန်း ပညာရှိပုဂ္ဂိုလ်လေး ဖြစ်မယ်၊ ကျွန်ုပ်တို့ကို လွှမ်းမိုးသွားမယ့် ပညာရှိပေါ်လာမယ့်နိမိတ် ဖြစ်ပါတယ်။"

သေနကအမတ်ကြီးက ဗေဒင်ကိန်းခမ်းနဲ့ တွက်ကြည့်လိုက်ပြီး အတပ်ဟောလိုက်တယ်။ "ဧကန်ဒိဋ္ဌ ဒီကနေ့မနက် အဲဒီပညာရှိလောင်း သန္ဓေစတည်တာရင်လည်း ဖြစ်မယ်။ မွေးတာရင်လည်း ဖြစ်မယ်။" ဘုရင်ကြီးက သေနကအမတ်ကြီး ပြောတဲ့စကား ကြားရတဲ့အခါ စိတ်အေးသွားတယ်။

## ပညာရှိ သန္ဓေတည်ခြင်း

ယဝမဇ္ဈကအရှေ့ရွာမှာ သိရိဝဍ္ဎန သူဌေးအိမ်မှာ သုမနာဒေဝီ သူဌေးကတော်ရဲ့ဝမ်းမှာ မဟောသဓ အလောင်း အလျာ သန္ဓေခတဲ့အချိန် ဖြစ်တယ်။ တာဝတိံသာနတ်ပြည်က နတ်သားတစ်ဦးက စုတေပြီး လူ့ပြည်မှာ ပါရမီဖြည့်ဖို့ ရောက်ရှိလာတယ်။ လူတွေမှာ ကိုယ်သွားချင်တဲ့ဆီ စိတ်ညွှတ်လို့ရှိရင် တဏှာရဲ့ စွမ်းအားနဲ့ ရောက်ချင်တဲ့နေရာ ရောက်လို့ရတယ်။ ကုသိုလ်ကောင်းမှုရှိပြီ ဆိုလို့ရှိရင် တဏှာ စိတ်ညွှတ်ရာ ကံက မျိုးစေ့ချပေးတယ်။

ဘုန်းကြီးတို့တတွေ ဒီဘဝ ရောက်လာတာ တဏှာ စိတ်ညွှတ်ရာ ကံကနေ မျိုးစေ့ချပေးတာ ဖြစ်တယ်။ ကိုယ်ဖြစ်ချင်တဲ့နေရာ၊ ကိုယ့်ရဲ့ တွယ်တာမှုရှိတဲ့နေရာမျိုးမှာ လာမွေးတာ ဖြစ်တယ်။ နိကန္တိတဏှာကြောင့် ဖြစ်ခဲ့တဲ့နေရာဟောင်းမှာ ထပ်ထပ်ပြီး ဖြစ်တတ်တယ်။ ဘဝ (၅၀၀) တို့၊ ဘဝ (၁၀၀၀) တို့

ဒီလိုဖြစ်တာ။ ကိုယ်မွေးဖွားဖူးတဲ့နေရာ ဒေသစွဲဆိုတာ ရှိတတ်တယ်။ အဲဒီအစွဲက နောက်ထပ်မွေးဖို့အတွက် ဖြစ်စေတယ်။ ဘယ်လောက်ကောင်းတဲ့နေရာမှာ နေရနေရ ဒေသစွဲက ရှိသေးတယ်။ ကိုယ့်နေရာပဲ ကိုယ်ကောင်းတယ်လို့ ထင်တဲ့အစွဲက ရှိတယ်။

ရန်ကုန်သား မဟုတ်သော်လည်း ရန်ကုန်မြို့မှာနေတဲ့ လူတွေကလည်း အသက်ကြီးလာတဲ့အခါ ရွာပြန်ချင်စိတ် ပေါ်လာတယ်။ ဒါက သဘာဝပဲ။ ကိုယ့်ဒေသ ကိုယ်ပြန်ပြီး အလှူလုပ်တတ်ကြတယ်။ ရွာက ဘယ်လောက်ဝေးဝေး သွားတာပဲ။ ဘယ်လောက် တောကျကျ ကိုယ့်နေရာကိုတော့ သွားလှူလေ့ရှိကြတယ်။ "အစွဲရှိရာ ကံပစ်ချ" တာပဲဖြစ်တယ်။

အခုကတည်းက ကောင်းတဲ့နေရာ စွဲထား၊ တောကြို အုံကြား သွားမစွဲလေနဲ့။ အဲလိုနေရာ စွဲမိလို့ရှိရင် အဲလိုနေရာ ရောက်သွားနိုင်တယ်။

ဘဝကို အဆုံးဖြတ်ပေးတာဟာ ကံချည်း မဟုတ်ဘူး။ တဏှာလည်း ပါတယ်။ အဲဒီမှာ ကံကို "ဘဝနေတ္တိ" လို့ မသုံးဘဲ တဏှာကိုသာလျှင် "ဘဝနေတ္တိ" လို့ သုံးတာ။ **ယာယံ တဏှာ ပေါနောဘဝိကာ** လို့ဟောတယ်။ **"ပေါနောဘဝိကာ** ဘဝအသစ်ကို ဖြစ်စေတာ တဏှာသာလျှင်ဖြစ်တယ်။" တဏှာလက်ထောက် ချတဲ့နေရာ ကံက ချပေးရတယ်။ ဘဝကိုဦးဆောင်တာ တဏှာပဲ။ "တဏှာက လမ်းပြတယ်။ ကံက မျိုးစေ့ချတယ်၊" တဏှာ နဲ့ ကံ နှစ်ခုပေါင်းပြီး ဘဝကိုဖန်တီးတာ ဖြစ်တယ်။

ထင်ရှားတဲ့ သာဓကတစ်ခု ပြောရမယ်ဆိုရင် ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန်လည်းဖြစ်တယ်။ ဘုရားနဲ့တွေ့တွေ့ချင်း ဘုရားအပေါ်မှာ ကြည်ညိုတဲ့ ပုဂ္ဂိုလ်လည်းဖြစ်တယ်။ ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းတဲ့ပုဂ္ဂိုလ်လည်း ဖြစ်တယ်။ နောက်ဆုံးမှာ ထောင်သွင်းအကျဉ်းချခံရပြီး ထောင်ထဲမှာ အသတ်ဖြတ်ခံလိုက်ရတယ်၊ သေတော့ ဘယ်ရောက်တုန်းဆိုရင် စတုမဟာရာဇ်နတ်ဘုံ ဝေဿဝဏ်နတ်မင်းကြီးရဲ့ အမှုထမ်း ဇနဝသဘ နတ်ဘီလူးကြီး သွားဖြစ်တယ်။

သောတာပန်လည်း သောတာပန်၊ ကုသိုလ်ကောင်းမှုတွေလည်း အများကြီးလုပ်ထားတယ်။ ဖြစ်သင့်ဖြစ်ထိုက်တာက အနည်းဆုံး တာဝတိံသာလောက်တော့ ဖြစ်သင့်တာပေါ့။ အနာထပိဏ်သူဌေးတို့ဆို တုသိတာမှာဖြစ်တယ်လေ။ ဝိသာခါကနိမ္မာနရတိဘုံတောင် ရောက်သွားတယ်။

ဘာဖြစ်လို့ ဗိမ္ဗိသာရမင်းဟာ စတုမဟာရာဇ်ဘုံမှာဖြစ်ရတုန်းဆိုရင် အဲဒီဘုံမှာ အကြိမ်ကြိမ်ဖြစ်ခဲ့တဲ့ အစွဲအလမ်းကြောင့်ပဲ။ တောသား တောပြန်ရောက်တာ မဆန်းပါဘူး။ တောသားတွေ တောစွဲရင် တောပြန်ရောက်မှာပဲ။ ဒါသေချာတယ်။ ဗိမ္ဗိသာရမင်းလည်း စတုမဟာရာဇ်ဘုံ ပြန်ရောက်တာ အစွဲကြောင့် ပြန်ရောက်တာ။ ကံအနေနဲ့ ပြောမယ်ဆိုရင် အထက်တန်းရောက်နိုင်တယ်။

## လူ့ဘုံ နှင့် နတ်ဘုံ

ဘုရားအလောင်းတွေဟာလည်း ထို့အတူပဲ။ ပါရမီဖြည့်ဖို့ လူ့လောကကို မျှော်လင့်ကြတယ်။ နတ်ပြည်ဆိုတာ ပါရမီဖြည့်ဖို့ မဟုတ်ဘူး။ အချိန်ဖြုန်းဖို့ ဖြစ်တယ်။ ချမ်းသာသုခတွေများပြီး နေ့စဉ်နဲ့အမျှ အချိန်ကုန်ကြတယ်။ ဥပမာ- နေ့စဉ်နဲ့အမျှ ပွဲလမ်းသဘင်တွေနဲ့ နေရတဲ့အချိန်လိုပဲ နတ်ပြည်ဆိုတာ အဆိုအကအတီးအမှုတ်တွေနဲ့ နေကြတာ၊ စားစရာအတွက်လည်း မပူရဘူး။ နေစရာအတွက်လည်း မပူရဘူး။ စိတ်တိုင်းကျနေကြတာ။ လူ့ပြည်ကလို အလုပ်လုပ်ရတဲ့အချိန်ဆိုတာ မရှိဘူး။ သူတို့မှာ နေ့စဉ် ပွဲနေပွဲထိုင်သွားနေကြတာနဲ့ပဲ ကုသိုလ်ကောင်းမှုလုပ်ဖို့ အချိန်ဆိုတာ အင်မတန်မှနည်းတယ်။

လူ့ပြည်မှာ သုခ ဒုက္ခမျိုးစုံ ကြုံရတာ။ လူ့ဘဝက သုခ ဒုက္ခမျိုးစုံ လိုတယ်။ လူ့ဘုံဟာ လမ်းဆုံပဲ။ အထက်သွားချင်လား၊ အောက်သွားချင်လား အကုန်ရောက်နိုင်တယ်။ အဝီစိထိရောက်အောင် ဆင်းလို့ရတယ်။ အထက်တက်ချင်ရင်လည်း ဗြဟ္မာ့ဘုံထိအောင် တက်လို့ရတယ်။ နောက်ဆုံး ဘုံဘဝမဟုတ်တဲ့ နိဗ္ဗာန်ထိ ရောက်နိုင်တယ်။ လူ့ဘုံကို "ကမ္မဘူမိ" လို့ခေါ်တယ်။ အလုပ်စုံတဲ့ ဘုံဘဝ၊ ဒါကြောင့်မို့လို့ လူ့ဘုံကို ရောက်လိုတဲ့ဆန္ဒနဲ့ စိတ်ညွတ်ပြီး လူ့ဘဝ ရောက်လာတယ်လို့ ဒီလိုပြောရမှာ ဖြစ်တယ်။

THITSARPARAMI 2009

## ဘုရားလောင်းနတ်သား

ဘုရားလောင်း နတ်သားတစ်ဦးဟာ ပါရမီဖြည့်ဖို့ လူ့ဘုံရောက်လာတယ်။ ကိုးလလွယ် ဆယ်လပြည့်တဲ့အခါမှ ဖွားမြင်တယ်။ သတို့သားလေးတစ်ဦး ဖွားမြင်လာတယ်။ ဖွားမြင်လာတဲ့အခါမှာ သိကြားမင်းကြီးက လက်ထဲ "နတ်ဆေးတောင့်လေး" ထည့်လိုက်တယ်။ ဘုရားအလောင်းဆိုတာ နဂိုကတည်းက စွမ်းရည်သတ္တိရှိတဲ့ပုဂ္ဂိုလ် ဖြစ်တယ်၊ ပါရမီဖြည့်တဲ့ ပုဂ္ဂိုလ်၊ ထူးခြားတဲ့ပုဂ္ဂိုလ်ကို နတ်ကောင်းတွေက ကြည့်နေတာပဲ။ "သူတော်ကောင်း နတ်ကောင်းစောင်မ" ဆိုတာ။

အခုလူတွေကိုလည်း ကြည့်နေမှာပဲနော်။ မကြည့်ဘူး မထင်နဲ့။ ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှဝေရင် နတ်တွေကို အရင်ဝေရတယ်။ လူတွေက ဝတ်ကျေတန်းကျေ သာဓုခေါ်ကြတယ်။ နတ်တွေက တကယ်လိုချင်လို့ သာဓုခေါ်ကြတာ။ ဒါကြောင့်မို့ အခုအမျှဝေတဲ့အခါမှာ နတ်တွေကို အရင်ဝေလိုက်ပါ။ နတ်တွေဟာ သာဓုခေါ်လိုက်တာနဲ့ အဲဒီ ကုသိုလ်ကြောင့် တန်ခိုးတက်သွားတယ်၊ ကုသိုလ်ကောင်းမှုကိုပဲ သူတို့အားကိုးစရာရှိတယ်။ "ကမ္မဖလူပဇီဝီ" လို့ ဟောတယ်။

## မဟောသဓပညာရှိ မွေးဖွါးခြင်း

ဘုရားအလောင်းကို သုမနဒေဝီ သူဋ္ဌေးကတော်ကြီးက အလွယ်တကူပဲ မွေးဖွားလိုက်တယ်။ မွေးဖွားလိုက်တဲ့အချိန်မှာပဲ ကိုယ်ထင်မပြဘဲ သိကြားမင်းကြီးက သူ့လက်ထဲဆေးတောင့်လေး

ထည့်သွားတယ်။ ဘယ်သူမှ မသိလိုက်ကြဘူး။ ဆေးတောင့်လေးကို ဆုပ်ကိုင်ရင်း မွေးလာပြီး မိခင်အား လက်လေးဖြန့်ပြီး ဆေးတောင့်လေးကိုပေးတယ်။ သူ့အမေက မေးတယ်။ "ငါ့သား ဘာလေးလဲ၊" "ဒါ အစွမ်းသတ္တိရှိတဲ့ဆေးပါ။ ရောဂါရှိတဲ့လူတွေကို ဒီဆေးလေးနဲ့ကုပါ"လို့ သူ့အမေကို ပြောတယ်။

ဆေးတောင့်ကို သူ့အမေ အပ်လိုက်တော့ သူ့အမေက ဝမ်းသာတယ်။ သီရိဝဍ္ဎနသူဌေးကြီးမှာ (၇)နှစ်ကြာ ခေါင်းခဲတဲ့ ရောဂါစွဲနေတယ်၊ ဘာဆေးနဲ့ကုလို့မှ မပျောက်ဘူး။ [မြန်မာပြည်မှာ မန္တလေးသား ဦးဂိုအင်ကာမှာ ခေါင်းခဲရောဂါ ဖြစ်တယ်။ အမျိုးစုံကုတာ မပျောက်ဘူး။ နောက်ဆုံးမှာ ဆရာကြီး ဦးဘခင်ထံ သွားပြီး တရားထိုင်တော့မှ ခေါင်းခဲရောဂါ ပျောက်သွားတာ။ အဲဒါကြောင့်မို့လို့ သူက တရားစွဲစွဲမြဲမြဲလုပ်တာ။] အခုလည်း သီရိဝဍ္ဎနသူဌေးမှာ (၇)နှစ်ကြာပြီဖြစ်တဲ့ စွဲနေတဲ့ ခေါင်းကိုက်ရောဂါကြီးဟာ ဒီဆေးကိုသွေးပြီး နဖူးလိမ်းလိုက်တာနဲ့ ချက်ချင်း ပျောက်သွားတယ်။ သီရိဝဍ္ဎန သူဌေးအိမ်မှာ ဆေးစွမ်းကောင်းရှိတယ် ဆိုတဲ့သတင်း ပြန့်သွားတယ်။ ရောဂါရှိတဲ့လူတွေ ဆေးသွေးပြီး လိမ်းလိုက်တဲ့အခါ ရောဂါဝေဒနာတွေ ပျောက်ကြတယ်။

မွေးလာတဲ့ကလေးကို နာမည်ပေးကြတယ်။ မြန်မာတွေကတော့ "ကင်ပွန်းတပ်" လို့ ခေါ်တယ်။ ကင်ပွန်းတပ်ပွဲ လုပ်တဲ့အခါမှာ သူဌေးကြီးက "ငါ့သားက သူ့နာမည် သူယူလာတာဖြစ်တယ်။ လက်ထဲမှာ ဆေးတောင့်ကလေးဆုပ်ပြီး မွေးလာတာဖြစ်လို့ "ဩသဓ" လို့ အမည်မှည့်လိုက်တယ်။ "မဟာဩသဓ

အစွမ်းထက်သော ဆေးရှိသူ” ဆိုတဲ့ အဓိပ္ပါယ်နဲ့ **မဟောသဓ** ခေါ်ကြတယ်။ နောက်ပိုင်းကျတော့ ဓအောက်ချိုက်က ထဆင်ထူး ဖြစ်ပြီး မဟော်သထာလို့ ခေါ်ကြတယ်။

သီရိဝဍ္ဎနသူဌေးကြီးက စဉ်းစားတယ်။ “ငါ့သားက အလွန် ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ သူတစ်ယောက်တည်းတော့ မဟုတ်လောက်ဘူး။ သူ့ရဲ့အဖော်တွေလည်း ပါကောင်းပါလိမ့် မယ်” လို့ လိုက်စုံစမ်းတယ်။ ယဝမဇ္ဈကရွာမှာပဲ သူနဲ့တစ်နေ့တည်း မွေးဖွားလာတဲ့ ကလေးပေါင်း ၁၀၀၀ ရှိတယ်။ ကလေး တစ်ထောင်ကို သူ့သားရဲ့ အဖော်ဖြစ်ဖို့ ထောက်ပံ့ကြေးပေးပြီး ကင်ပွန်းတပ်မင်္ဂလာ လုပ်ပေးတယ်။ သီရိဝဍ္ဎနသူဌေးက ချမ်းသာ ကြွယ်ဝတဲ့သူဆိုတော့ အကုန်လုံးကို စောင့်ရှောက်ထားတယ်။

## ကလေးကစားကွင်း

မဟောသဓ သူငယ် (၇)နှစ်သားအရွယ် ရောက်လာတဲ့ အခါ ကျန်ကလေးတွေကိုပါခေါ်ပြီး ကလေးသူငယ် ၁၀၀၀ ပျော်ပျော်ပါးပါး ဘဝမှာ နေထိုင်နိုင်အောင် သီရိဝဍ္ဎနသူဌေးကြီး က စီစဉ်တယ်။ ကလေးတွေဟာ သူငယ်တို့ရဲ့ သဘာဝ ရွာလယ်ခေါင် ကွင်းကြီးထဲမှာ ကစားကြတယ်။ ကစားနေတုန်း တစ်ခါတစ်ရံ ဆင်တွေ၊ မြင်းတွေလာပြီဆိုရင် ကလေးတွေက တိမ်းကြရ၊ ပြေးကြရတာရှိတယ်။ တစ်ခါတစ်လေ မိုးရွာရင် အမိုးအကာအောက်ရောက်အောင် ပြေးကြရတာပေ့ါ။ ပြေးရင်း တစ်ယောက်နဲ့တစ်ယောက်တိုက်မိပြီးလဲကြတယ်၊ လူတစ်ထောင် ဆိုတော့ နည်းတာမဟုတ်ဘူး။

အဲဒီအခါ လေလုံမိုးလုံ ကစားကွင်းကြီးတစ်ခု လုပ်ဖို့ အကြံရကြတယ်။ မဟောသဓသူငယ်ကစပြီး သူ့ရဲ့ အဖော်တွေကို ပြောတယ်။ "မင်းတို့အိမ်က ငွေတစ်ကျပ်စီ ယူခဲ့ကြကွာ။ အမိုးအကာနဲ့ ကစားကွင်း ဆောက်ကြရအောင်"။ တစ်အိမ် တစ်ကျပ်စီ ယူလာတော့ ငွေတစ်ထောင်ပေါ့။ ငွေတစ်ထောင်ကို ရင်းပြီး လက်သမားငှါးတယ်။ ဆောက်လုပ်မယ့်နေရာကို ကြိုးဆွဲခိုင်းတယ်။ လက်သမားဆွဲတာကို သဘောမကျလို့ မဟောသဓက သူကိုယ်တိုင် ဆွဲတယ်၊ ကစားကွင်းကို ပုံစံထုတ်ပြီး ဆောက်လုပ်စေတယ်။

အရွယ်က ငယ်ပေမယ့် အသိပညာ ထက်မြက်သူမို့ လွယ်လွယ်ကူကူ လုပ်နိုင်တယ်။ စိတ်ကူးဉာဏ် ကောင်းတယ်။ မဟောသဓရဲ့ အစီမံအတိုင်း လက်သမား ပန်းရံတွေက ဆောက်လုပ်ပေးကြတယ်။ ကစားကွင်းကြီး ဆောက်တဲ့အခါ အများအတွက် အသုံးဝင်အောင် အပြင်ဘက် မျက်နှာလှည့်ထားတဲ့ အဆောင်ငါးဆောင်ထည့်ပြီး ဆောက်တယ်။

တစ်ဆောင်က Homeless တွေ အတွက်။ အိမ်မရှိယာမရှိတဲ့ ပုဂ္ဂိုလ်တွေ နေလို့ရအောင် ဆောက်တယ်။ ခရီးသွားရင်းနဲ့ မီးဖွားတဲ့ အမျိုးသမီးတွေအတွက် တစ်ဆောင်ထည့်တယ်။ ခရီးသွား ရဟန်းသံဃာ သမဏ ဗြာဟ္မဏ တွေအတွက် တစ်ဆောင်ထည့်တယ်။ နောက်တစ်ခါ ခရီးသွားကုန်သည်တွေ သူတို့ကုန်ပစ္စည်းတွေကို လုံလုံခြုံခြုံထည့်ဖို့ တစ်ဆောင်ထည့်တယ်။ ကုန်သည်တွေ နားနေဖို့ တစ်ဆောင်ထည့်တယ်။ အားလုံးငါးဆောင်၊ ကီဠာမဏ္ဍလ ကစားကွင်းကြီးလည်း ပါတယ်။

ဝိနိစ္ဆယ တရားရုံးလည်း ပါတယ်။ ဓမ္မသဘာ ဆိုတဲ့ တရားဟောခန်းမကြီးလည်း ပါတယ်။ အဲဒီလို ဆန်းဆန်းပြားပြား အဆောက်အအုံကြီးကို စီမံပြီး ဆောက်လုပ်စေတယ်။

အင်မတန်ကျယ်တဲ့ ကွင်းကြီးထဲမှာ ခရီးသွားတွေ ရေချိုးလို့ရအောင် ရေကန်ကြီးတစ်ကန် တူးဖော်တယ်။ အဲဒီ ရေကန်ကြီးမှာ ဆင်းတဲ့ ဆိပ်ကမ်းပေါင်း ၁၀၀၀ ရှိတယ်။ အကွေ့ အကောက် ၁၀၀၀ ရှိတယ်လို့ ဆိုလိုတယ်။ အဲဒီရေကန်ကြီး ဝန်းကျင်မှာလဲ ပန်းမျိုးစုံစိုက်ပြီး ဥယျာဉ်ကြီး ဖန်တီးထားတယ်။ လှပတဲ့ ကစားကွင်းကြီး ဗိမာန်ကြီးတစ်ခုကို တည်ဆောက်ပြီး ရေကန်တွေ ဥယျာဉ်တွေ ဝန်းရံထားတယ်။

ဓမ္မသဘာ ခန်းမကြီးမှာ မဟောသဓေ အကြောင်းနဲ့ အကျိုး၊ အကောင်းနဲ့အဆိုး လုပ်သင့်တာတွေ၊ မလုပ်သင့်တာ တွေကို ရောက်လာတဲ့လူများအား ဟောပြောလေ့ရှိတယ်။

## စုံစမ်းရေး

ဝေဒေဟ ဘုရင်ကြီးက မိမိမက်ခဲ့တဲ့ အိပ်မက်ကို ရက်တွက်ကြည့်တယ်။ "ငါပြောတဲ့ ပိုးစုန်းကြူးလို မီးပွားလေး သန္ဓေတည်တာဆိုရင် ခုချိန်မွေးပြီးပြီ။ ရက်တွက်လိုက်တဲ့အခါ (၇)နှစ်တောင် ရှိနေပြီ။ ပညာရှိကလေး ဘယ်မှာမွေးသလဲဆိုတာ စုံစမ်းဖို့ အမတ်ကြီး(၄)ယောက်ကို လွှတ်တယ်။ အရှေ့တံခါး ဘက်ကိုသွားဖို့ တစ်ယောက်၊ အနောက်တံခါးဘက်ကိုသွားဖို့ တစ်ယောက်၊ မြောက်တံခါးတစ်ယောက်၊ တောင်တံခါးသွားဖို့

တစ်ယောက်၊ စုံစမ်းရေး လွှတ်လိုက်တယ်။ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်သွားတဲ့ လူတွေက ဘယ်သူမှ မတွေ့ဘူး။

အရှေ့ယဝမဇ္ဈကရွာ ရောက်သွားတဲ့ အမတ်က အရင်တုန်းက မမြင်ဖူးတဲ့ အလွန်ထူးဆန်းတဲ့ အဆောက်အဦးကြီးတွေ၊ ဗိမာန်တွေ၊ ကစားကွင်းကြီးတွေ၊ ရေကန်ကြီးတွေကို မြင်လိုက်တဲ့အခါ ဒါဘယ်သူစီမံတာတုန်းဆိုတာ စုံစမ်းတယ်။

ရွာသားတွေက ပြောကြတယ်။ "စီမံတဲ့ပုဂ္ဂိုလ်ကတော့ (၇)နှစ်အရွယ် ပညာရှိလူငယ်လေးပဲဖြစ်တယ်"လို့ ပြောကြတယ်။ အမတ်ကြီးက ရက်တွက်ကြည့်တယ်။ ဘုရင်ကြီး အိပ်မက်မက်တာနဲ့ (၇)နှစ် ကိုက်နေတယ်၊ သူပဲဖြစ်ရမယ်ဆိုပြီး ဘုရင်ကြီးထံ အကြောင်းကြားတယ်။ "အရှင်မင်းကြီး၊ အိပ်မက်ထဲက ပညာရှိသူငယ်လေးတော့ တကယ်ပေါ်ပေါက်နေပြီ။ သူဖန်တီးထားတဲ့ အဆောက်အအုံတွေ၊ ဥယျာဉ်တွေ၊ ဗိမာန်တွေ၊ ရေကန်တွေဟာ အံ့မခန်းပဲ။ သာမန်ပုဂ္ဂိုလ်တစ်ယောက် ဆောက်ထားတာနဲ့ မတူဘူး။ အင်မတန်မှ ပြည့်စုံတဲ့ အဆောက်အအုံကြီးတွေဖြစ်ပါတယ်" လို့ သတင်းပို့တယ်။

ဘုရင်ကြီးက ပညာရှိအမတ်ကြီး သေနကကို ခေါ်ပြီး "အမတ်ကြီးဟောတဲ့အတိုင်း ပိုးစုန်းကြူးပမာဏ မီးပုံလေးက ကောင်းကင်ယံထိအောင် လင်းပြောင်သွားတယ်ဆိုတဲ့ ပညာရှိလေးတော့ ပေါ်ပေါက်နေတာ သေချာပြီ၊ နန်းတော်ကို ခေါ်ကြစို့လား" ပြောတယ်။ သေနကအမတ်ကြီးမှာ ဝန်တိုစိတ်ဖြစ်တယ်။

ဒါ လူ့သဘာဝပဲ။ ကိုယ့်ထက်သာတဲ့လူ မခေါ်ချင်ဘူး။ ကိုယ့်ထက်သာရင် မနာလိုဖြစ်တယ်။ "အရှင်မင်းကြီး၊ ဒီလိုအဆောက်အအုံလေးတွေဆောက်ဖို့ စီမံတတ်ရုံနဲ့ ပညာရှိ မခေါ်ထိုက်သေးပါဘူး။ စောင့်ကြည့်ကြသေးတာပေါ့" ဆိုပြီး ဖျက်လိုက်တယ်။

လူတွေရဲ့စိတ်ဓာတ်က ဒီအတိုင်းပဲ။ ကနေ့ခေတ်မှာလဲ ဒီအတိုင်းပဲ။ တကယ်ထူးချွန်လာပြီဆိုရင် သိပ်ပြီး အသိအမှတ်မပြုချင်ဘူး။ ဘုရင်ကြီးကလည်း "ဟုတ်ပါတယ်လေ။ ဒီတစ်ခုတည်းနဲ့ သူ့ကို ပညာရှိလို့ သတ်မှတ်လို့ မဖြစ်သေးပါဘူး" စုံစမ်းရေးလွှတ်ထားတဲ့ အမတ်ကို "အဲဒီမှာပဲနေ၊ ဆက်စုံစမ်းပြီး ဒီကလေးရဲ့အကြောင်းတွေကို အမြဲတမ်း သတင်းပို့" လို့ အမိန့်ချတယ်။

## (၁) စွန်ချီတဲ့ သားတစ်

တစ်နေ့သောအခါ ကွင်းပြင်ကြီးမှာ ကစားနေတဲ့အချိန် စွန်တစ်ကောင်က အမဲဈေးက အမဲသားတစ်ကိုကိုက်ချီပြီး မြင့်မနိမ့် ပျံလာတယ်။ ကလေးတွေက အဲဒီစွန်ကို လိုက်ခြောက်ကြတယ်။ အပေါ်မော့ကြည့်ပြီး စွန်ပျံတဲ့နောက်ကို လိုက်ကြတဲ့အခါ ခလုတ်တိုက်ပြီး လဲကြ၊ ဒူးကွဲကြ ဖြစ်ကြတယ်။

အဲဒီမှာ မဟောသဓသူငယ်က "မင်းတို့ ဘာလုပ်ချင်တာလဲ" မေးတယ်။ စွန်ရဲ့ နှုတ်သီးထဲက အသားတုံးကို ရချင်တယ်။ "ဒါဆို လွယ်ပါတယ်ကွာ" မဟောသဓက အဲဒီစွန်ကို မော့မကြည့်ဘူး။ စွန်ရိပ်ကြည့်ပြီး စွန်နောက်လိုက်တယ်၊ စွန်ရိပ်ကို နင်းမိတဲ့အခါ လက်ခုပ်တီးကာ တအားအော်ဟစ်လိုက်တယ်။

စွန်ကလန့်ပြီး အမဲတုံးကို လွှတ်ချတယ်။ မဟောသဓက အပေါ် မော့မကြည့်ပဲ အရိပ်ကိုကြည့်ပြီး ကျလာတဲ့ အမဲတုံးကို လက်နဲ့ ဖမ်းယူလိုက်တယ်။

ဒီနေရာမှာ စဉ်းစားစရာ ရှိတယ်၊ အရိပ်အောက်က လိုက်ပြီး အရိပ်ကိုနင်းပြီး အော်တယ်ဆိုတာ စွန်နဲ့ အနီးဆုံးနေရာ ဖြစ်တယ်။ အနီးဆုံးနေရာမှ အော်လိုက်တဲ့အခါ စွန်က လန့်သွား တယ်။ နှုတ်သီးနဲ့ ကိုက်ချီလာတဲ့သားတစ်ကို လွှတ်လိုက်ပြီးသား ဖြစ်တယ်။ သားတစ်ကို လွှတ်တဲ့အခါ အရိပ်ကိုကြည့်ပြီး ဖမ်းယူ လိုက်တယ်။ စွန်ချီလာတဲ့သားတစ် သူ့လက်ထဲ ရောက်လာတယ်။

မြင်ရသူလူတိုင်းက အလွန် အံ့သြကြတယ်။ ဒီသတင်းကို ကြားရတဲ့ အမတ်က ကလေးရဲ့ ဉာဏ်ကောင်းပုံကို ဘုရင်ကြီးထံ သတင်းပို့တယ်။ အမဲသားကို အခုလိုရအောင် ယူတဲ့အကြောင်း သံတော်ဦးတင်တယ်။

ဘုရင်ကြီးက ဒီလို စွမ်းရည်သတ္တိရှိတဲ့ ကလေးကို နန်းတော်ထဲကို ခေါ်ကြစို့လို့ သေနကအမတ်ကြီးကို ပြောတဲ့အခါ "အရှင်မင်းကြီး၊ ဒီလောက်လေးနဲ့ ပညာရှိမခေါ်နိုင်သေးပါဘူး"လို့ ကန့်ကွက်တယ်။ အဲဒါနဲ့ ဘုရင်ကြီးက ဆက်စုံစမ်းဖို့ အမတ်ထံ အကြောင်းပြန်လိုက်တယ်။

## (၂) နွားခိုးမှု တရားစီရင်ခြင်း

ယဝမဇ္ဈကအရှေ့ရွာက လူတစ်ယောက်ဟာ မိုးကျ လာတဲ့အခါမှာ ထွန်ယက်ဖို့ နွားတစ်ရှဉ်း ဝယ်လာတယ်။ အိမ်မှာ တစ်ညချည်ထားပြီး နောက်ရက် နွားကျောင်းထွက်တယ်။

နွားတွေကို လွှတ်ထားပြီး သစ်ပင်အောက်မှာ ခဏမှေးအိပ်လိုက်တယ်။ အိပ်ပျော်နေတုန်း နွားသူခိုးက သူ့နွားတွေကို ခိုးသွားတယ်။ အိပ်ယာနိုးလို့ ကြည့်လိုက်တဲ့အခါ နွားတွေကို လူတစ်ယောက်မောင်းသွားတာ တွေ့ရလို့ နောက်မှ အပြေးလိုက်တယ်။ "ငါ့နွားတွေ မင်းဘယ်ယူသွားမလို့တုန်း" အော်ပြောတယ်။ "ဒါ ငါ့နွား ငါမောင်းတာ၊ မင်းနွားမဟုတ်ဘူး" လို့ နွားသူခိုးက ပြောတယ်။

"ငါ့နွား၊ သူ့နွား" အငြင်းပွါးရင်း ကစားကွင်းနားမှ ဖြတ်သွားကြတယ်။ ဆူညံဆူညံကြားတဲ့အခါ မဟောသဓေ သူတို့ကို ခေါ်စေတယ်၊ နွားပိုင်ရှင်က ပြောတယ်၊ "မိုးကျတဲ့အခါ ထွန်ဖို့ ကျွန်ုပ်က နွားကို ဘယ်ရွာကဝယ်လာတာ၊ ဘယ်သူ သိပါတယ်။ သူ့ဆီကဝယ်လာတာ၊ ဒီလူက ကျွန်ုပ်အိပ်ပျော် နေတုန်း ကျွန်ုပ်နွားတွေကို ခိုးသွားတာပါ" ဆိုတယ်။ နွားခိုးသူ အဖြစ် စွပ်စွဲခံရသူက "မဟုတ်ပါဘူး။ ဒါ သူ့အိမ်ခြံပေါက် နွားတွေပါ"လို့ ပြောတယ်။

ထိုအခါ မဟောသဓေ "ကောင်းပြီ၊ ခင်ဗျားတို့ ကျွန်ုပ် တရားဆုံးဖြတ်မယ်။ ကျွန်ုပ်ပြောတဲ့ အဆုံးအဖြတ်အတိုင်း လိုက်နာကြမလား" ဆိုတော့ "လိုက်နာပါမယ်"။

မဟောသဓေ ပရိသတ် အားလုံးရှေ့မှ အိမ်ခြံပေါက် နွားပါလို့ ပြောတဲ့လူကို မေးတယ်၊ "ခင်များ နွားတွေကို ဘာကျွေး သလဲ"။ "နွားတွေကို ယာဂုတိုက်တယ်"လို့ ဖြေတယ်။ ဝယ်လာ တယ်ဆိုတဲ့လူကို မေးတဲ့အခါ "ကျွန်ုပ်ကတော့ ယာဂုတွေ

ဘာတွေ မတိုက်နိုင်ပါဘူး။ ရိုးရိုးမြက်ပဲ ကျွေးပါတယ်” လို့ ဖြေတယ်။

မဟောသဓက “အားလုံးမှတ်ထားကြ၊ ဒီလူက ယာဂု တိုက်တယ်လို့ပြောတယ်၊ အစာကောင်းတွေ ကျွေးတယ်လို့ ပြောတယ်။ ဒီလူကတော့ မြက်ပဲကျွေးတယ်လို့ ပြောတယ်။” ဘယ်သူမှန်တယ်ဆိုတာ သိရအောင် ဥပါသကာပင် (သျှစ်သျှား ပင်) မှ အရွက်ကိုခူးခိုင်းပြီး အဲဒီအရွက်ကို ရေစိမ်စေပြီး နွားတွေကို တိုက်ခိုင်းတယ်။ နွားတွေ ဝမ်းလျှောကြလို့ နွားချေးကို စစ်ဆေး လိုက်တဲ့အခါ မြက်ပဲတွေ့ရတယ်။ ယာဂုထမင်းကျွေးတယ် ဆိုတဲ့လူရဲ့ ယာဂုထမင်း မတွေ့ရဘူး။

မဟောသဓက ဆုံးဖြတ်တယ်။ အားလုံးကို မေးလိုက် တယ်၊ “နွားချေးမှာ မြက်တွေချည်းပဲ ပါလာတယ်။ ဘယ်သူ့စကား မှန်တုန်း” မေးလိုက်တယ်။ “ဒီလူရဲ့စကား မှန်ပါတယ်၊ ဟိုလူ့ စကား မမှန်ပါဘူး”လို့ ဖြေကြတယ်။ “ခင်ဗျား ခိုးသလား၊ မခိုး ဘူးလားပြော”လို့ စစ်ဆေးတဲ့အခါ သူခိုးကြောင်း ဝန်ခံလိုက်ရ တယ်။

ထိုအခါ နွားသူခိုးကို ဝိုင်းပြီးပြစ်တင်ကြတယ်၊ မဟောသဓ က ဆုံးမတယ်။ “ခင်ဗျားနောက် ဒါမျိုးမလုပ်ပါနဲ့၊ ရိုးရိုးသားသား နေပါ။ သူများပစ္စည်း မယူချင်ပါနဲ့”လို့ အဆုံးအမ ပေးလိုက်တယ်။ (၇)နှစ်အရွယ် မဟောသဓ သူငယ်က ဆောင်ရွက်တာကို တစ်ရွာလုံးက တအံ့တသြဖြစ်ကြတယ်။

စုံစမ်းထောက်လှမ်းနေတဲ့ အမတ်က ဘုရင်ကြီးဆီကို သတင်းပို့တယ်။ သေနကအမတ်ကြီးကို ခေါ်ဖို့ပြောပြန်တဲ့အခါ စောင့်ကြည့်ကြသေးတာပေါ့ဆိုပြီး အချိန်ဆွဲလိုက်ပြန်တယ်။ ဒါကို "နွားတရားစီရင်ခန်း"လို့ ခေါ်တယ်။

## နိဂုံး

မဟောသဓပညာရှိရဲ့ အကြောင်းအကျိုး ဆင်ခြင်ပြီးတော့ အခုလို လုပ်နိုင်စွမ်းရှိတာဟာ ဘဝါဘဝက ပညာပါရမီ ဖြည့်လာခဲ့တဲ့ စွမ်းရည်သတ္တိတွေဆိုတာ ယုံမှားဖွယ်ရာ မရှိပါဘူး။

ဒါကြောင့် တရားချစ်ခင်သူတော်စင် ပရိသတ်အပေါင်းတို့ ပညာစွမ်းအားဆိုတာ တခြားအားတွေနဲ့မတူဘဲ အလွန်ကြီးမားတဲ့ စွမ်းအားတစ်မျိုးသာ ဖြစ်တယ်ဆိုတာ သိရှိနားလည်ပြီး မိမိတို့ ကိုယ်တိုင်လည်း ပညာပါရမီပြည့်အောင် သတိဆောင်ပြီး ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၂)

သာသနာတော်နှစ် ၂၅၆၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၀) ရက်၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၄) ရက်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာကျောင်းတိုက်၊ ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် သင်္ကြန်တွင်းကာလ မြန်မာနှစ်သစ်ကူး အထူးဓမ္မသဘင်အခမ်းအနား၌ ဒေါက်တာဦးဇော်ထွန်း (၁၁) လပြည့်အား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်သန်းမြင့် ဇနီး ဒေါက်တာ ဌေးဌေးကြည် မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၂)"** အကြောင်း တရားဒေသနာတော်။

အသက်အရွယ်အလွန်အမင်းငယ်လို့ သူငယ်ဘဝ (၇)နှစ်အရွယ်မျှသာ ရှိသော်လည်းပဲ သာမန်လူကြီးတွေတောင် မသိတဲ့အရာမျိုးကို သိနိုင်စွမ်းရှိနေလို့ သူ့ရဲ့ပညာစွမ်းအားဟာ အံ့မခန်းရှိလှပါတယ်။ နွားတရား စီရင်ဆုံးဖြတ်ပုံဟာ ဒီမိုကရေစီနည်းကျတယ်လို့ ဆိုနိုင်တယ်။

"ဒီလူဟာ လူကောင်း၊ ဒီလူဟာ သူခိုး" ဆိုတာ အကဲခတ်ကြည့်ရုံနဲ့ သိနိုင်သော်လည်း သူဟာ အထောက်အထားမပြဘဲ ဆုံးဖြတ်ချက်မပေးခဲ့ဘူး။ လက်တွေ့ကျတဲ့ အထောက်အထား တစ်ခုကို ပြသပြီး လူထုကို မေးမြန်းလိုက်တယ်။ "ဘယ်သူဟာ သူခိုး၊ ဘယ်သူဟာ ပိုင်ရှင် ဖြစ်နိုင်သလဲ"။

တရားစီရင်ဆုံးဖြတ်တဲ့အခါမှာ သူကိုယ်တိုင် သူ့သဘောကျ ဆုံးဖြတ်တာမဟုတ်ဘူး။ လာရောက်ကြည့်ရှုကြတဲ့ လူထုရဲ့ ဆုံးဖြတ်ချက် သဘောမျိုး ဖြစ်စေတယ်၊ အကြောင်းအကျိုး ဆီလျော်ညီညွတ်တဲ့ အကြောင်းပြချက်တွေနဲ့ နွားပိုင်ရှင်နဲ့ နွားသူခိုးကို ခွဲခြားပြလိုက်တာပဲဖြစ်တယ်။ အကယ်၍သာ အဂတိလိုက်မယ်ဆိုရင် နွားသူခိုးက လာဘ်ထိုးလိုက်တာနဲ့ တစ်ပြိုင်နက် တရားက ပြောင်းပြန်ဖြစ်သွားနိုင်သေးတယ်။

အခုဟာကျတော့ လာဘ်ထိုးလို့ မရဘူး။ သူတို့ နှစ်ယောက်ရဲ့ အပြောအဆိုပေါ်မှာ မူတည်တယ်။ နွားပိုင်ရှင်က နွားကိုဘာကျွေးလဲ၊ မြက်ပဲကျွေးတယ်။ နွားသူခိုးက အထက်တန်းကျကျနဲ့ သူ့အိမ်မွေးတဲ့နွားပါဆိုပြီး နွားတွေကို ယာဂုတိုက်တယ်တဲ့။ နှမ်းမုန့် စသည် အဆင့်တန်းမြင့်မြင့် နွားတွေကို ကျွေးတယ်လို့ ပြောလိုက်တယ်။

ဘယ်သူ့စကားမှန်သလဲဆိုတာ ဒီမိုကရေစီကျကျ ယုတ္တိရှိရှိ နွားကို ဝမ်းလျှောအောင်လုပ်ပြီး ပြသလိုက်တာ။ ဒါ ပညာစွမ်းအားပဲ။ ဘယ်သူမှ ငြင်းလို့မရဘူးလေ။ လက်တွေ့ နွားကို ဝမ်းလျှောအောင်လုပ်လိုက်တဲ့အခါ နွားရဲ့ ဝမ်းဗိုက်ထဲက

ထွက်လာတဲ့ အစာဟောင်းကို ခွဲခြားကြည့်လိုက်တဲ့အခါ နှမ်းမုန့်တို့ မုယောတို့ ယာဂုတို့ဆိုတာ မပါဘူး။ မြက်ပဲပါတယ်။ DNA စစ်သလို စစ်လိုက်တာ။ အင်မတန်မှ ခေတ်မီတဲ့နည်းစနစ်လို့ ပြောရမယ်။

နွားစားလိုက်တဲ့ အစာကို စစ်ဆေးလိုက်ခြင်းအားဖြင့် ဘယ်သူပြောတာနဲ့ ကိုက်ညီသလဲဆိုတာကို အခြေခံပြီး လူထုကို မေးလိုက်တယ်။ "ဘယ်သူ့စကားက မှန်သလဲ" မြက်ကျွေးတယ်ဆိုတဲ့စကား မှန်ပါတယ်။ ဒါ ဒီမိုကရေစီနည်းကျလို့ ခေါ်တယ်။ အများလူထုက ထောက်ခံလိုက်တာ။ အဲဒီ ထောက်ခံချက်အရ နွားသူခိုးဟာ အပြစ်ကျသွားတယ်။ သူ့ကို ခိုးသလား မခိုးဘူးလားလို့ မေးမြန်းတဲ့အချိန်မှာ ရှောင်တိမ်းလို့၊ လိမ်လည်လှည့်ဖြားလို့ မရတော့ဘူး၊ ဝန်ခံချက်ပေးလိုက်ရတယ်။ "သူ ခိုးပါတယ်" လို့ ဝန်ခံလိုက်ရတယ်။ အဲဒီမှာ ပြစ်ဒဏ်ကျတယ်။ ဒါ မဟောသဓပညာရှိရဲ့ နွားတရားစီရင်ဖြတ်ထုံးပဲ ဖြစ်တယ်။

လောကကြီးမှာ အလားတူကိစ္စတွေ အများကြီးရှိတယ်။ အဲဒီလို အလားတူကိစ္စမျိုးတွေမှာ မဟောသဓရဲ့ စဉ်းစားတွေးခေါ်မှု၊ မဟောသဓရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေဟာ ဘယ်သူမှ ငြင်းလို့မရဘူး၊ တရားခံကိုယ်တိုင်က ငြင်းလို့မရလို့ ဖြောင့်ချက်ပေးရတဲ့ အနေအထားမျိုး ရောက်သွားစေတယ်။ မဟောသဓရဲ့ စွမ်းဆောင်မှုဟာ ဒီ့ထက်သေချာတာ မရှိဘူး။ ဒါကြောင့်မို့ မဟောသဓပညာရှိဟာ အသက်အရွယ်နဲ့ မလိုက်အောင် စဉ်းစားတွေးခေါ်မှု အသိဉာဏ်မြင့်မားတယ်။

လူရဲ့အသိဉာဏ်ဟာ အရွယ်နဲ့လည်း မဆိုင်ဘူး။ အမျိုးနဲ့လည်း မဆိုင်ဘူး။ ခနဂုဏ်နဲ့လည်း မဆိုင်ဘူး။ မျိုးရိုးနဲ့လည်း မဆိုင်ဘူး။ ဘာနဲ့ဆိုင်တုန်းဆို ပညာစွမ်းရည်နဲ့ပဲ ဆိုင်တယ်။ ဒါကြောင့်မို့ **ပညာဗလ**ဟာ အမြင့်ဆုံး ဖြစ်တယ်။

## (၃) လည်ဆွဲတာရေးစီရင်မှု

ဒုတိယမြောက် ရောက်လာတဲ့အမှုက လည်ဆွဲတန်ဆာ အငြင်းပွါးမှု ဖြစ်တယ်။ ငွေကြေးခနေ မပြည့်စုံတဲ့ သူတွေက ပုလဲလုံး ပုလဲသွယ်တွေကိုဝယ်ဖို့ မတတ်နိုင်ကြဘူး။ အမျိုးသမီးတွေဟာ လည်ပင်းကို လှလှပပလေး ပုလဲကုံး ဆွဲချင်ကြတယ်။ ရွှေဆွဲကြိုးလေး ဆွဲချင်ကြတယ်။ သို့သော် ငွေကြေးခနေ မတတ်နိုင်တဲ့ အမျိုးသမီးငယ်တွေဟာ ရောင်စုံချည်လုံးတွေကို ပုလဲသဖွယ် လည်ဆွဲကုံးလေးလုပ်ပြီး လည်ပင်းမှာ အလှဆွဲကြတယ်။ ချည်နဲ့လုပ်ထားတဲ့ လည်ဆွဲတန်ဆာလေးကို တမက်တမော ဝတ်ဆင်ကြတယ်။

အမျိုးသမီးငယ်တစ်ဦးက မဟောသဓပညာရှိရဲ့ ရေကန်နား ရောက်တဲ့အခါ လမ်းလျှောက်လာရလို့ အိုက်တာနဲ့ ရေချိုးချင်စိတ် ပေါက်လာတယ်။ သူ့ပါလာတဲ့ အဝတ်ကလေးကိုချွတ်၊ လည်ပင်းက ရောင်စုံလည်ဆွဲတန်ဆာလေးကိုလည်းချွတ်ပြီး အဝတ်ပုံပေါ် တင်ထားပြီး ရေကန်ထဲဆင်း ရေချိုးတယ်။

အဲဒီလို ရေချိုးနေတဲ့အချိန်မှာ အခြားအမျိုးသမီးငယ် တစ်ယောက် ရောက်လာတယ်၊ အမျိုးသမီးတွေရဲ့ ထုံးတမ်း

စဉ်လာအတိုင်း လှလှလေး မြင်လိုက်တဲ့အခါ “လည်ဆွဲလေးက လှလိုက်တာ။ ကိုင်ကြည့်ဦးမယ်နော်” ဆိုပြီး ကိုင်ကြည့်တယ်။ “ဒါမျိုးလေး လုပ်ချင်လိုက်တာ၊ ချည်ရှိလို့ရှိရင် ရတာပဲ။ သူလဲ လုပ်ဦးမယ်။” သူ့လည်ပင်းလေးနဲ့ တော်မတော် စွပ်ကြည့်ချင်သေးတယ်ဆိုတော့ ရေချိုးနေတဲ့ အမျိုးသမီးက သဘောကောင်းတော့ စွပ်ကြည့်လိုက်ပေါ့တဲ့၊ စွပ်ကြည့်ပြီးတော့ လည်ပင်းလေးမော့ပြီး ကျော့ကျော့လေး လမ်းလျှောက်ကြည့်ရင်း ယူသွားလေရဲ့။

ရေချိုးနေသူ ပိုင်ရှင်အမျိုးသမီးက ရေထဲက အလျင်အမြန်တက်ပြီး နောက်ကနေလိုက်တယ်။ “ငါ့ဟာ ဘာလို့ယူသွားတာတုန်း”၊ ယူသွားတဲ့ အမျိုးသမီးက “ဒါ နင့်ဟာမဟုတ်ဘူး၊ ငါ့ပစ္စည်း”လို့ ပြောင်လိမ်တယ်။

ဒီအမှုဟာ မဟောသဓ ပညာရှိရဲ့ ဝိနိစ္ဆယဌာနကို ရောက်လာတယ်။ သူတို့နှစ်ယောက်ရဲ့ ပြောပုံဆိုပုံ ဟန်ပန်ကြည့်တာနဲ့ ဘယ်သူကပိုင်ရှင်၊ ဘယ်သူကသူခိုးဆိုတာ မဟောသဓပညာရှိက သိနေတယ်။ သို့သော်လည်း သူ့သဘောနဲ့ ဆုံးဖြတ်လိုက်လို့ရှိရင် ဒီမိုကရေစီနည်းလမ်းကျမှာမဟုတ်ဘူး။ ဒါကြောင့်မို့ အကြောင်းအကျိုးအားလုံး လက်ခံနိုင်လောက်တဲ့ ဖြတ်ထုံးတစ်ခုကို ဆုံးဖြတ်ဖို့အတွက် တစ်ယောက်စီခွဲပြီးတော့ မေးတယ်။

“ဒီလည်ဆွဲတန်ဆာကို ခင်ဗျားက ဘာနံ့သာတွေ လိမ်းသလဲ”။ ခိုးတဲ့အမျိုးသမီးကို မေးလိုက်တယ်။ ခိုးယူလာတဲ့ အမျိုးသမီးက “နံ့သာစုံ လိမ်းပါတယ်” လို့ ဖြေတယ်။ တစ်ခါ ပိုင်ရှင်အမျိုးသမီးကို မေးလိုက်တယ်၊ ပိုင်ရှင်အမျိုးသမီးက “သူမှာ

ငွေကြေးမနေ မတတ်နိုင်ဘူး။ ဒါလေးတောင်မှ မနည်းကြိုးစားပြီး လုပ်ထားရတာ။ ပီယင်္ဂုပန်းရနံ့လေးနဲ့ပဲ ထုံမွှမ်းနိုင်ပါတယ်။ နံ့သာစုံ မဆွတ်ဖြန်းနိုင်ပါဘူး”လို့ ပြောတယ်။

မဟောသဓေက “အားလုံး ကြားကြတယ်နော်”လို့ မေးပြီး အနံ့ခံကောင်းတဲ့ ရွာထဲကလူတစ်ယောက်ကိုခေါ်တယ်။ လည်ဆွဲ တန်ဆာကို ရေခွက်ထဲထည့်ပြီး အနံ့ခံခိုင်းတယ်။ (အနံ့ခံကလဲ လူတိုင်း ကောင်းတာမဟုတ်ဘူး။ ကော်ဖီရောင်းတာတောင်မှပဲ ကော်ဖီမြည်းသမားဆိုတာရှိတယ်။ အဲဒီ ကော်ဖီမြည်းသမားက ဒီကော်ဖီရဲ့ Quality မှန်/မမှန်ကို သူက မြည်းစမ်းရတယ်။ အခုလည်း အနံ့ကို နှာခေါင်းကောင်းတဲ့လူကို နမ်းခိုင်းတယ်။)

ရေထဲမှာစိမ်ထားလို့ အနံ့တွေ ထွက်လာတဲ့အခါ နမ်းကြည့်ပြီး “အရှင်သူငွေးသား၊ ကျွန်ုပ် အနံ့ရတာတော့ ပီယင်္ဂုပန်းနံ့ပဲ ရပါတယ်၊ နံ့သာစုံအနံ့ မရပါဘူး။”

နားထောင်နေတဲ့ လူထုပရိသတ်ကို မေးတယ်။ “ဒီအတိုင်း ဆိုလို့ရှိရင် ပီယင်္ဂုပန်းနဲ့ ထုံမွှမ်းတဲ့ အမျိုးသမီးက ပိုင်ရှင်လား၊ နံ့သာစုံ ထုံမွှမ်းပါတယ်လို့ပြောတဲ့ အမျိုးသမီးက ပိုင်ရှင်လား၊ လူထုက “ပီယင်္ဂုပန်းနံ့ပိုင်ရှင်က ပိုင်ရှင်အစစ်ပါ။ နံ့သာစုံ လိမ်းခြယ်တယ်ဆိုတဲ့ အမျိုးသမီးက သူခိုးဖြစ်ပါတယ်။”

အဲဒီမှာ မဟောသဓေက ခိုးသူအမျိုးသမီးကို “ဟုတ်သလား၊ မဟုတ်ဘူးလားပြော”ဆိုတော့ မလိမ်နိုင်တော့ဘူး။ ခိုးလာတဲ့ အမျိုးသမီးက “ဟုတ်ပါတယ်” ဝန်ခံလိုက်ရတယ်။ ဝန်ခံလိုက်တဲ့ အခါ နောက်ဒါမျိုးမလုပ်နဲ့လို့ ဆုံးမပြီး ပြန်လွှတ်လိုက်တယ်။

https://thitsarparami.org

မဟောသဓပညာရှိရဲ့ သတင်းကို ထောက်လှမ်းနေတဲ့ ပညာရှိအမတ်ကြီးက အမြဲတမ်း ဘုရင့်ဆီကို သတင်းပို့တယ်။ သတင်းပို့လိုက်တိုင်းလည်း ဘုရင်ကြီးက အံ့သြပြီး မဟောသဓ ပညာရှိကို နန်းတော်ခေါ်ပြီး ရာထူးပေးချင်တယ်၊ သေနက အမတ်ကြီးနဲ့ တိုင်ပင်လိုက်တိုင်း "ဒီလောက်လေးနဲ့တော့ ပညာရှိ မခေါ်လောက်သေးပါဘူး။ စောလွန်းနေပါသေးတယ် အရှင်မင်းကြီး" ဆိုပြီး ကန့်ကွက်တယ်။

ရှေးခေတ်က ဘုရင်တွေက သူ့သဘောနဲ့သူ လုပ်လို့ မရဘူး။ အမတ်ကြီးတွေ သဘောတူမှ လုပ်လို့ရတာမျိုးတွေ ရှိတယ်။ မဟောသဓပညာရှိကို နန်းတော်ခေါ်ပြီး ရာထူးပေးချင် သော်လည်း ပေးခွင့်မရသေးဘူး။ စောင့်ကြည့်သေးတာပေါ့ ဆိုတာနဲ့ပဲ စောင့်ကြည့်နေရပြန်တယ်။

## (၄) ချည်လုံးခိုးမှု တရားစီရင်ခြင်း

အမျိုးသမီးတစ်ယောက်ဟာ ဝါခင်းမှာ အလုပ်လုပ်တယ်။ ဝါခင်းစောင့်ရင်း ဝါပင်ကအပွင့်တွေကိုခူးပြီး ချည်လုံးရစ်လာတယ်။ လက်သီးဆုပ်လောက် ပမာဏရှိ ချည်လုံး ရလာတယ်။ အထည်ယက်လုပ်ဖို့ ရစ်ထားတဲ့ ချည်လုံးကို ယူလာတယ်။ မဟောသဓပညာရှိရဲ့ ရေကန်နား ရောက်တဲ့အခါ ချည်လုံးလေးကို အင်္ကျီပေါ်တင်ထားပြီး ရေကန်ထဲ ရေဆင်းချိုးတယ်။

အဲဒီအချိန်မှာ အခြားအမျိုးသမီးတစ်ယောက် ရောက်လာပြီး "ချည်လုံးလေးက လှလိုက်တာ။ ကိုင်ကြည့်ဦးမယ်နော်" ဆိုပြီး ကိုင်ကြည့်ရင်း အဲဒီချည်လုံးလေးကို ယူသွားတယ်။

ပိုင်ရှင်အမျိုးသမီးက ရေချိုးရာကနေ ကပျာကယာ တက်ပြီး "ငါ့ချည်လုံးကို ဘာလို့ယူတာတုန်း"ဆိုပြီး လိုက်တောင်းတယ်။ "ဒါ နင့်ချည်လုံး မဟုတ်ဘူး၊ ငါ့ချည်လုံး" လို့ ပြောင်လိမ်တယ်။ "သူပိုင်ကိုယ်ပိုင်" အငြင်းပွါးပြီး တရားရုံး ရောက်သွားတယ်။

လောကကြီးမှာ တရားရင်ဆိုင်ရတယ်ဆိုတာ ဒါမျိုးပဲလေ။ တကယ့်ပိုင်ရှင်ကတော့ ရိုးရိုးသားသားပဲ။ ဒါ သူပိုင်တဲ့ ချည်လုံးပါလို့ ပြောတယ်။ ခိုးသွားတဲ့သူကလဲ ဒါ သူပိုင်တာလို့ ပြောပြန်တယ်။ အသံကြားနဲ့ ဆုံးဖြတ်ဖို့ခက်တယ်။ ဒီနေရာမှာ ပညာသုံးရမှာ ဖြစ်တယ်။ ချည်လုံးဖြစ်အောင် ရစ်တဲ့အခါမှာ အတွင်းထဲက တစ်ခုခုခံပြီး ရစ်ရတာဆိုတော့ လျှို့ဝှက်ချက် တစ်ခုပဲဖြစ်တယ်။ မဟောသဓာ ငယ်သာငယ်တယ် ချည်လုံး ရစ်ပြီ ဆိုလို့ရှိရင် အောက်ခံတစ်ခု ရှိရတယ်ဆိုတာ သိတယ်။

အငြင်းပွါးသူ နှစ်ယောက်ကို လူထု ပရိသတ်ရှေ့မှာ မေးတယ်။ "ဒီချည်လုံး ရစ်တဲ့အခါ အတွင်းထဲက ဘာခံပြီး ရစ်ထားတာတုန်း" လို့ မေးလိုက်တဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် မတူတော့ဘူး။ ခိုးယူတဲ့အမျိုးသမီးက "ဝါစေ့ကိုခံပြီး ရစ်ပါတယ်" လို့ ဖြေတယ်။ ပိုင်ရှင်အမျိုးသမီးက "တည်စေ့ကို အတွင်းခံပြီး ရစ်တာပါ"လို့ ပြောတယ်၊ အဆို ကွဲလွဲသွားပြီ။ တစ်ယောက်က ဝါစေ့ခံပြီး ချည်လုံးကို ရစ်ခဲ့ပါတယ်။ တစ်ယောက်က တည်စေ့ကိုခံပြီး ရစ်ခဲ့ပါတယ်။

"ကဲ-ကောင်းပြီ၊ အားလုံးပရိသတ်ကြားတဲ့အတိုင်း ဘယ်သူ ပြောတာ မှန်တယ်ဆိုတာသိရအောင် ချည်လုံးကို ဖြန့်ကြည့်

ခိုင်းတယ်။ ဖြန့်ကြည့်တဲ့အခါမှာ တည်စေ့ပဲ တွေ့ရတယ်၊ ဝါစေ့ကို မတွေ့ဘူး။ အဲဒီမှာတင်ပဲ ခိုးသူကို ခိုးထုပ် ခိုးထည်နဲ့ မိသလို ဖြစ်တယ်။

မဟောသဓပညာရှိက "မင်းခိုးတာ ဟုတ်, မဟုတ်၊ မှန်မှန် ပြောပါ" မေးလိုက်တဲ့အခါ ခိုးမိပါတယ်ဟု ဝန်ခံလိုက်ရတယ်။ နောင်ကို မခိုးဖို့ ဆုံးမပြီး လွှတ်လိုက်တယ်။ ဒီတရားဖြတ်ထုံးကို လည်း လူထုရှေ့မှောက်မှာ ကြောင်းကျိုးဆီလျော်စွာ မဟောသဓ က ဆုံးဖြတ်ပေးခဲ့တယ်။

## (၅) ကလေးခိုးမှု

နောက် အငြင်းပွါးမှုတစ်ခု ဖြစ်ပေါ်လာပြန်တယ်။ ကလေးနဲ့ပတ်သက်ပြီး အမေနှစ်ယောက် ပေါ်လာတဲ့ပြဿနာ။ "သူ့သားပါ ငါ့သားပါ" ဆိုပြီး အငြင်းပွားတဲ့ပြဿနာ ဖြစ်ပေါ်လာ ခဲ့တယ်။ အဲဒီ အငြင်းပွားမှုမှာ ဘယ်သူ မိခင်အရင်းဖြစ်သလဲ။ ဘယ်သူ ခိုးသူဖြစ်သလဲ ဆိုတာကို မဟောသဓ ပညာရှိက လက်တွေ့ကျကျ ထုတ်ဖော်နိုင်ခဲ့တာ ဖြစ်တယ်။

ဖြစ်ပုံကတော့ ဒီလိုပါ၊ အမျိုးသမီးတစ်ယောက်ဟာ သားငယ်လေးကို ရင်ခွင်ပိုက်ပြီး ရေကန်မှာ ရေမိုးချိုးပေးတယ်၊ ပြီးတဲ့အခါ ကလေးကိုသိပ်ပြီး သူကိုယ်တိုင် ရေဆင်းချိုးတယ်။ အဲဒီအချိန်မှာ အမျိုးသမီးတစ်ယောက် ရောက်လာတယ်။ ကလေးလေးကို ကြည့်ပြီး "ကလေးက ချစ်စရာလေးပဲ။ ချီကြည့် ဦးမယ်နော်" လို့ ပြောကာ ကလေးကို ပွေ့ချီတယ်၊ ကလေးကို ချစ်လွန်းလို့ နို့တိုက်ပါရစေဦးဆိုပြီး နို့တိုက်တယ်။

နို့တိုက်ရင်း ကလေးကိုချီပြီး ထွက်သွားတယ်။ အမေလုပ်တဲ့ပုဂ္ဂိုလ်က ရေချိုးရာမှ မြန်မြန်တက်ပြီး "သူ့သားကို ဘာလို့ ခေါ်သွားတာတုန်း" နောက်က အော်ဟစ်ပြီးလိုက်တယ်။ ကလေးခိုးသူက "ဒါ နင့်သားမဟုတ်ဘူး၊ ငါ့သား" လို့ ပြောင်လိမ်တယ်၊ အငြင်းပွားကြပြန်ရော။

အငြင်းပွားတဲ့ပြဿနာ ရုံးရောက်လာတယ်၊ ဒီပြဿနာကို မဟောသဓေ ဆုံးဖြတ်ဖို့စဉ်းစားတဲ့အခါ မိခင်နဲ့ မိခင်မဟုတ်သူတို့ရဲ့ နှလုံးသားချင်းဟာ မတူညီဘူး။ အဲဒီ မတူညီတဲ့အချက်ကို အခြေခံပြီး စစ်ဆေးတယ်၊ ဒီတစ်ယောက်ကလည်း သူ့သားလို့ ပြောတယ်။ ဟိုတစ်ယောက်ကလည်း သူ့သားလို့ ပြောတယ်။ ဘယ်သူဟာ မိခင်အစစ်လဲ။ (ခုခေတ်မှာ DNA စစ်မှာပေါ့။)

မဟောသဓေ မျဉ်းနှစ်ဖက်တားစေပြီး မျဉ်းနှစ်ခုရဲ့ စပ်ကြားမှာ ကလေးကို သိပ်ခိုင်းတယ်။ တစ်ယောက်ကို ခြေထောက်ကိုင် တစ်ယောက်ကို လက်ကိုကိုင်စေပြီး ကလေးကို လွန်ဆွဲသလို ဆွဲခေါ်စေတယ်။ "ရအောင်ဆွဲနိုင်တဲ့သူဟာ အမေပဲ"လို့ ပြောတယ်။

အမေလုပ်တဲ့ပုဂ္ဂိုလ်က ခြေထောက်ဘက်က ဆွဲတယ်။ သူခိုးမက လက်ဘက်ကဆွဲတယ်။ ဆွဲတဲ့အခါ ကလေးကငိုတယ်။ ကလေးငိုတဲ့အခါ အမေလုပ်တဲ့ပုဂ္ဂိုလ်က လွှတ်လိုက်တယ်။ ဟိုတစ်ယောက်ကတော့ အပြုံးမပျက် ကလေးကို ဆွဲခေါ်သွားတယ်။

အဲဒီမှာ မဟောသဓေ လူထုပရိသတ်ကို ကြည့်ခိုင်းတယ်။ "သားသမီးအပေါ်မှာ အမေနဲ့ တစိမ်းတရံ ဘယ်သူက နှလုံးသား

နူးညံ့သလဲ” လို့ မေးတယ်၊ သားလေးငိုတာကို မကြားရက်လို့ လွှတ်လိုက်ပြီး ငိုကြွေးနေတဲ့ အမျိုးသမီးဟာ နှလုံးသား နူးညံ့ ပါတယ်လို့ ဖြေကြတယ်။

ကလေးခိုးတဲ့အမျိုးသမီးကို ကြည့်လိုက်ပြီး လူမဟုတ်ဘူးဆိုတာ မဟောသဓက သိတယ်။ မျက်တောင်မခတ်ခြင်း, မျက်လုံးနီရဲခြင်း, အရိပ်မထွက်ခြင်း, ရဲတင်းလွန်းခြင်း ဒီအချက်လေးချက်ကိုကြည့်ပြီး ဘီလူးမပဲ ဖြစ်ရမယ်ဆုံးဖြတ်တယ်၊ “နင် ဘီလူးမ မဟုတ်လား” မေးလိုက်တယ်၊ “ဟုတ်ပါတယ်”။ “ဘာဖြစ်လို့ ဒီကလေးကို ယူတာလဲ”၊ “စားချင်လို့ ယူတာပါ”လို့ ဖြေတယ်။

မဟောသဓက ဆုံးမတယ်။ “သူများအသက်တွေ သတ်စားတတ်သည့်အတွက်ကြောင့် သံသရာထဲမှာ ဆင်းရဲဒုက္ခတွေ ရောက်တာဖြစ်တယ်။ သူများအသက်သတ်တဲ့ ပါဏာတိပါတ အမှုကိုပြုလို့ ဒီလိုဘဝမျိုးရောက်တာ။ ဒါမျိုးတွေကို နောက်ထပ် မလုပ်နဲ့” ငါးပါးသီလလုံအောင် ကျင့်သုံးဖို့ ဘီလူးမကို တရားဟောလိုက်တယ်။

“မိခင်ရဲ့ နှလုံးသားဟာ သားသမီးတွေအပေါ်မှာ အလွန်ပဲ ကြင်နာတယ်။ မိခင်ဟာ ကိုယ့်သားသမီး နာကျင်အောင် ဘယ်တော့မှမလုပ်ဘူး။ ရက်ရက်စက်စက် ဆောင့်ဆွဲပြီး အရယူသွားသူဟာ အကြင်နာကင်းမဲ့လို့ မိခင်မဟုတ်ဘူးဆိုတာကို လက်တွေ့ပြပြီး တရားစီရင် ဆုံးဖြတ်ပေးလိုက်တယ်။

“သူ့သား ကိုယ့်သား အငြင်းပွားမှုတရား” ကို မဟောသဓက အခုလို ဆုံးဖြတ်ပေးလိုက်တဲ့ သတင်းကိုလည်း စုံစမ်းရေး

အမတ်က သတင်းပို့တယ်၊ ဘုရင်ကြီးက ကျေနပ်နေပြီး မဟောသဓကို နန်းတော်ခေါ်ချင်တယ်၊ သို့သော် သေနက အမတ်ကြီးက "ဆက်ပြီး စောင့်ကြည့်စုံစမ်းသင့်ပါတယ်" လို့ အချိန်ဆွဲထားပြန်တယ်။

## (၆) မယားခိုးမှုတရားစီရင်ခြင်း

နောက်ထပ် ဆုံးဖြတ်စရာ ဇာတ်လမ်းတစ်ပုဒ်က ပေါ်လာပြန်တယ်။ လူနှစ်ယောက် ရောက်လာတယ်။ တစ်ယောက်က **ဂေါတကာဠ** တဲ့၊ အရပ်ပုပု အသားမဲမဲ။ နောက်တစ်ယောက်က **ဒီဃပိဋ္ဌိ** တဲ့၊ အရပ်ရှည်တယ်၊ သူတို့ နှစ်ယောက်နှင့်အတူ **ဒီဃတာလ** ဆိုတဲ့ အရပ်အမောင်း ကောင်းကောင်းနဲ့ အမျိုးသမီးတစ်ယောက် ပါလာတယ်။

ဘာပြဿနာဖြစ်တုန်းဆိုရင် ဂေါတကာဠဆိုတဲ့ အရပ်ပုပု အသားမဲမဲ လူက ဒီဃတာလ ဟာ သူ့ဇနီးပါ၊ သူ့မိန်းမပါလို့ ပြောတယ်။ အရပ်ထွားထွား ဒီဃပိဋ္ဌိ ကလည်း သူ့မိန်းမပါလို့ ပြောတယ်။ "သူ့မိန်းမ ကိုယ့်မိန်းမ" အငြင်းပွားမှု ဖြစ်တယ်။ အဲဒီမှုခင်းကို စီရင်ဆုံးဖြတ်ရမှာဖြစ်တယ်။

သူတို့ဇာတ်လမ်းက ဒီလိုပါ၊ "ဂေါတကာဠ လို့ခေါ်တဲ့ အသားမဲမဲ အရပ်ပုပုလူဟာ သူများအိမ်မှာ (၇)နှစ်လောက် ကျွန်ခံပြီး အလုပ်လုပ်မှ ဒီအမျိုးသမီးကို ရလာခဲ့တာဖြစ်တယ်။ ဒီအမျိုးသမီးနဲ့ အိမ်ထောင်ဖက်ပြီး မိဘရပ်ထံ ကန်တော့ဖို့ ပြန်လာတာ။ အမျိုးသမီးကို ဒီဃတာလ လို့ခေါ်တယ်။

လင်မယားနှစ်ယောက် မိဘကိုကန်တော့ဖို့ အိမ်ပြန်လာကြတဲ့အခါ လမ်းမှာ မူးမြစ်တစ်မြစ်ကိုတွေ့တယ်။ ရေစီးသန်တယ်။ ဘယ်လောက်နက်တယ်ဆိုတာသူတို့မသိဘူး။ နှစ်ယောက်လုံးက ရေကြောက်ကြတယ်။ ရေမကူးတတ်ကြဘူး။ သူတို့ရွာရောက်ဖို့ ဒီမြစ်ကို ဖြတ်ကူးမှရမယ်။ တံတားကလဲ မရှိဘူး၊ လှေလဲ မရှိဘူး။ ဟိုဘက်ကမ်းသွားဖို့ အခက်အခဲကြုံနေတယ်။

အမှန်ကတော့ မြစ်က တိမ်တိမ်လေးပါ။ ရေကြောက်တတ်တဲ့လူအဖို့ အနက်ကြီးလို့ ထင်နေတယ်။ လင်မယားနှစ်ယောက် ကမ်းစပ်မှာထိုင်ပြီး ကြံမှိုင်နေတဲ့အချိန် ဒီဃပိဋ္ဌိဆိုတဲ့ အရပ်ထွားထွားလူတစ်ယောက် ရောက်လာတယ်။ သူတို့က အဲဒီလူကို မိတ်ဆွေဖွဲ့ပြီး "ဒီမြစ်က နက်သလား" လို့ မေးကြတယ်။ အဲဒီလူက "ဒီမြစ်က အင်မတန်နက်တယ်။ မြစ်ထဲမှာလဲ မိကျောင်းတွေလည်း ရှိတယ်။ ခင်ဗျားတို့ ဘယ်လိုသွားမှာတုန်း၊ ကျွန်ုပ်နဲ့ မိကျောင်းက မိတ်ဆွေဖြစ်နေပြီ၊ ကိစ္စမရှိဘူး။ သွားလို့ရတယ်။ ကျွန်ုပ်လည်း ဒီမြစ်ကို ဖြတ်သွားမှာပဲ" လို့ ဒီဃပိဋ္ဌိ က ပြောတယ်။

အဲဒါဆို ကျွန်ုပ်တို့ကို ကူညီပါဦး။ ထမင်းလဲ စားပါဦး၊ မုန့်ပဲသရေစာတွေလည်း စားပါဦးလို့ ချော့မော့ပြီး ဟိုဖက်ကို ပို့ခိုင်းကြတယ်။ ဒီဃပိဋ္ဌိက မုန့်ပဲတွေ ဝအောင်စားပြီး "ခင်ဗျားတို့နှစ်ယောက် ဘယ်သူ့ကို အရင်ပို့ရမလဲ" မေးတယ်။ ဂေါတကာဠ က "မုန့်ပဲ သရေစာတွေ ရိက္ခာတွေနဲ့ သူ့အမျိုးသမီးကို အရင်ပို့လိုက်ပါ၊ သူ့ကို နောက်မှလာခေါ်ပါ" လို့ ပြောတယ်။

ဒီဃပိဋ္ဌိက ရေထဲဆင်းကတည်းက ဆောင့်ကြောင့်ထိုင်လိုက်တယ်၊ ရေနက်ယောင်ဆောင်တယ်၊ ဂေါတကာဠ က

ဒီလောက်ထွားတဲ့လူကြီးတောင် ရေအနက်က လည်ပင်းရောက်နေပြီဆိုပြီး ကြောက်နေတယ်၊ ဒီဃပိဋ္ဌိက အမျိုးသမီးကိုထမ်းပြီး မြစ်ဖြတ်ကူးလို့ ဟိုဘက်ကမ်းရောက်သွားတယ်။

မြစ်ကူးရင်း ရေလယ်ခေါင်မှာ သူက ရည်းစားစကားပြောတယ်။ "ဒီလူပု အသားမဲမဲနဲ့ နေမယ့်အစား သူနဲ့နေမလားတဲ့၊ ကောင်းကောင်းလဲ ထားပါ့မယ်တဲ့။ သူ့ကို လက်ခံမယ်ဆိုလို့ရှိရင် သူ့ကို အိမ်ခေါ်သွားမယ်။ ဘာမှလုပ်ကိုင်မစားရဘူး၊ အိမ်မှာ အလုပ်သမားတွေလဲရှိတယ်။ ပိုက်ဆံလဲရှိတယ်။ ကောင်းကောင်း ကျွေးထားမယ်။ ဘယ့်နှယ့်တုန်း သဘောတူလား"လို့ မေးတယ်။

အမျိုးသမီးက "သူ့ကို မစွန့်ပစ်ဘူးဆိုရင် လက်ခံမယ်"တဲ့။ "စိတ်ချ ငါကောင်းကောင်း ကျွေးထားမယ်။ ဒီလူကဘာမှလဲ လုပ်နိုင်တာမဟုတ်ဘူး။ အရပ်ကလဲ ပုသေးတယ်။ အသားကလဲ မဲသေးတယ်။ သူ့ကို ပစ်ထားခဲ့ကြရအောင်။ ငါတို့နှစ်ယောက် ပေါင်းသင်းကြမယ်"လို့ ဟိုဘက်ကမ်းရောက်တဲ့အခါ နှစ်ယောက်သား လက်တွဲပြီး ခရီးဆက်သွားကြတယ်။

ဂေါတကာဠက ကမ်းစပ်ပေါ်မှာ ပြာယာခတ်ပြီး "ငါ့လာမခေါ်ဘဲ မင်းတို့ ဘာလို့သွားကြတာတုန်း" အော်ဟစ်ပြီး ပြောတယ်၊ ရေကလဲ ကြောက်သေးတယ်။ ကမ်းစပ်မှာ ဟိုပြေးလိုက် ဒီပြေးလိုက်ဖြစ်ပြီး မယားဇောနဲ့ ရေထဲအတင်းခုန်ချတယ်။ ရေက ဒူးတောင် မမြုပ်ဘူး။ မြစ်ကိုဖြတ်ပြီး အတင်းလိုက်တယ်။ ပုပုဆိုတော့ ခြေထောက်က သွက်တယ်။ ဟိုဘက်ကမ်းရောက်တဲ့ အခါ "မင်းဘာလို့ ငါ့မိန်းမခိုးပြေးတာတုန်း" လို့ ရန်တွေ့တယ်။

ဒီဃပိဋ္ဌိက လည်ကုတ်ကိုဆွဲပြီး သူ့ကို တွန်းပစ်လိုက်တယ်။ "ငါ့အမျိုးသမီး ငါခေါ်သွားတာ မင်းနဲ့ဘာဆိုင်တုန်း"လို့ ငြင်းတယ်။

မဟောသဓတို့ရုံးနား ရောက်တဲ့အခါ မဟောသဓရဲ့ လူတွေက "ဘာဖြစ်တာလဲ" မေးကြတယ်။ တစ်ယောက်ကလဲ ဒါ သူ့အမျိုးသမီးပါ။ ဟိုတစ်ယောက်ကလဲ သူ့အမျိုးသမီးပါ။ ဘယ်သူ့စကား အမှန်လဲဆိုတာကို လျှို့ဝှက်ချက်နဲ့ မေးမှရမယ်လို့ မဟောသဓက တစ်ယောက်စီ ခွဲထားစေပြီး ဂေါတကာဠကို အရင်မေးတယ်။ "မင်းနာမည်ဘယ်သူတုန်း။ ဂေါတကာဠ။ မင်း အမျိုးသမီးနာမည်က ဘယ်သူတုန်း။ ဒီဃတာလာ၊ သူ့အမေက ဘယ်သူလဲ၊ အဖေက ဘယ်သူလဲ" အကုန်လုံးမေးတယ်။ မေးတော့ ဂေါတကာဠက အကုန်ဖြေနိုင်တယ်။

ဒီဃပိဋ္ဌိကို ခေါ်မေးတယ်။ အမျိုးသမီးနာမည်က ဘယ်သူတုန်းဆိုရင် သူပြောစရာမရှိတော့ မအဝ့်ဖြစ်သွားတယ်။ နာမည်လဲမသိဘူး။ လမ်းမှာ တွေ့လာတာလေ၊ သူ့အမေက ဘယ်သူတုန်း မေးတော့လည်း ပါးစပ်ထဲ တွေ့ရာပြောတယ်၊ ဂေါတကာဠ ပြောတာနဲ့ လွဲကုန်တယ်။

တစ်ခါ ဒီဃတာလဆိုတဲ့ အမျိုးသမီးကို ခေါ်စစ်တယ်၊ နင့်အမေက ဘယ်သူတုန်း၊ နင့်အဖေက ဘယ်သူတုန်း မေးလိုက်တဲ့အခါ ဂေါတကာဠနဲ့ အဖြေတူတယ်။ အားလုံး မှတ်သားထားစေတယ်။ မဟောသဓပညာရှိက "ကဲ ဘယ်သူ့အဖြေက ကိုက်ညီသလဲ" မေးတယ်၊ ဂေါတကာဠရဲ့ အဖြေက ကိုက်ညီတယ်။ ဒီဃပိဋ္ဌိ ရဲ့အဖြေက မကိုက်ညီဘူး။ အဲဒါကို လူထုပရိသတ်

အလယ် ချပြလိုက်ပြီး အားလုံးက ဂေါတကာဋ္ဌက မှန်တယ်လို့ ထောက်ခံကြတယ်။

မဟောသဓပညာရှိက ဒီဃပိဋ္ဌကို စစ်ဆေးတယ်၊ မှန်မှန် ပြော။ မင်းပြောတာတွေ အကုန်တလွဲတွေချည်းပဲ။ ပြောဆိုတဲ့ အခါ ဟုတ်ပါတယ်၊ သူရေလယ်ခေါင်ထမ်းရင်း ရည်းစားစကား ပြောပြီး ခိုးလာခဲ့တာပါလို့ ဝန်ခံတယ်။ အဲဒီ မယားခိုးမှုတရား ကိုလည်း နည်းလမ်းတကျ စီရင်ဆုံးဖြတ်ပေးတယ်၊ စုံစမ်းရေး အမတ်က ဘုရင်ကြီးဆီ သတင်းပို့တယ်။ ဘုရင်ကြီးကလဲ ခေါ်ဖို့ ကြိုးစားတယ်။ သေနကအမတ်ကြီးက ဒါလောက်နဲ့ ပညာရှိ မခေါ်နိုင်လောက်သေးပါဘူး။ ဆက်စုံစမ်းကြပါဦးဆိုပြီး အချိန် ဆွဲလိုက်ပြန်တယ်။

## (၇) ရထားခိုးမှု

တစ်နှစ်ပြီး တစ်နှစ် နှစ်တွေ ကုန်ဆုံးသွားတဲ့အခါ အမှု တစ်ခု ပေါ်လာပြန်တယ်။ မြင်းရထားနဲ့ ပတ်သက်ပြီး အငြင်း ပွားမှုဖြစ်လာတယ်။ အဲဒီအငြင်းပွားမှု တရားရုံးကို ရောက်လာ တာ။ အကြောင်းကတော့ ဒီလိုပါ။

လူတစ်ယောက်ဟာ မြို့ပြင်ထွက်ပြီး ရေချိုးဖို့ မြင်းရထား ကို မောင်းလာတယ်။ လမ်းမှာ လူတစ်ယောက်နဲ့ တွေ့တယ်။ အဲဒီလူက ရထားနောက်က ကပ်လိုက်လာတယ်။ ဘာလုပ်ချင်လို့ လဲ မေးတဲ့အခါ "ခင်ဗျားကို အကူအညီပေးချင်တယ်၊ ခင်ဗျားရဲ့ ဝေယျာဝစ္စ လုပ်ချင်လို့ပါ" ပြောတော့ ရထားပိုင်ရှင်က လက်ခံ လိုက်တယ်။

လမ်းသွားရင်း ရထားပိုင်ရှင်က နောက်ဖေးနောက်မီ သွားချင်တော့ ရထားခဏရပ်ပြီး ချုံကွယ်မှာ ထိုင်နေတဲ့အချိန် နောက်က လိုက်လာတဲ့လူက ရထားကို မောင်းယူပြေးသွားတယ်။ ထိုအခါ ချုံကွယ်မှအမြန်ထပြီး "ငါ့ရထား ဘာလို့မောင်းပြေးတာ တုန်း" အော်ဟစ်ပြီး လိုက်တယ်။ ခိုးသူက "ဒါ မင်းရထား မဟုတ်ဘူး၊ ငါ့ရထား" လို့ အတင်းငြင်းတယ်။

အဲဒီမှာ "သူပိုင် ကိုယ်ပိုင် အငြင်းပွားမှု" တရားရုံး ရောက် လာတယ်။ မဟောသဓပညာရှိက ဘယ်သူပိုင်တယ်ဆိုတာ ဆုံးဖြတ်ဖို့ စဉ်းစားရင်း လူတစ်ယောက်ကို အကဲခတ်လိုက်တယ်။ ဒီလူက မျက်တောင်မခတ်ဘူး၊ ရဲတင်းလွန်းအားကြီးတယ်။ ဟို တစ်ယောက်ကတော့ သာမန်လူပဲ" ဆိုတာကို အကဲခတ်လို့ ရတယ်။

သို့သော်လည်း ပရိသတ်ထင်ရှားအောင် သူတို့ကို ပြော တယ်။ "ဟောဒီမှာ ရထားကို မောင်းမယ်။ မောင်းတဲ့အခါ ဟောဒီရထားကိုဆွဲပြီး နောက်ကနေ အပြေးလိုက်ရမယ်။ လိုက်နိုင်တဲ့လူဟာ ရထားပိုင်ရှင်ပဲဖြစ်မယ်" လို့ ပြောလိုက်တယ်။

ရထားမောင်းသမားတစ်ယောက်ကို ခေါ်ပြီး မြင်းရထား ကို အမြန်မောင်းခိုင်းတယ်။ သာမန်လူသားတစ်ယောက်ကတော့ ခဏပဲပြေးနိုင်တယ်။ မောပြီး ရထားကို လက်လွှတ်ပြီး ကျန်ရစ် တယ်။ ဟိုတစ်ယောက်ကတော့ ရထားနဲ့ အပြေးလိုက်တယ်။ သူ့မှာ မောပန်းတဲ့ပုံလည်း မရှိဘူး။ ချွေးလဲ မထွက်ဘူး။ မျက်လုံး ကလဲ မျက်တောင်မခတ်ဘူး။ အဲဒီလူနှစ်ယောက်ရဲ့အခြေအနေ ဟာ ကွဲပြားခြားနားတယ်။

အဲဒီမှာ မဟောသဓပညာရှိက ပြောတယ်။ "ဒီလူက ရထားပြေးတဲ့နောက် အပြေးလိုက်နိုင်တယ်။ မောလဲမမောဘူး။ ချွေးလဲမထွက်ဘူး။ မျက်လုံးကလဲ မျက်တောင်မခတ်ဘူး။ ရဲတင်း လွန်းအားကြီးတယ်။ ဒီသူဟာ လူမဟုတ်ဘူး။ နတ်ဖြစ်ရမယ်"။ ဟိုတစ်ယောက်ကတော့ မောပြီး လဲကျန်ရစ်တယ်။ ဒီလူကတော့ လူသားဖြစ်လို့ အပင်ပန်းမခံနိုင်ဘူး။ ဒီလူသာ ရထားပိုင်ရှင်အစစ် ဖြစ်တယ်လို့ လူထုပရိသတ်ကို ရှင်းပြတယ်။

မမောတဲ့ ရဲတင်းတဲ့ ချွေးမထွက်တဲ့လူကို "မင်းဘယ်သူ လဲ" စစ်မေးတဲ့အခါ အဲဒီကျ ဖြောင့်ချက်ပေးတယ်။ "သူဟာ သိကြားမင်းပါ"။ ဘာဖြစ်လို့ ဒီလိုလုပ်တာတုန်းဆိုတော့ မဟောသဓ ပညာရှိဟာ မှန်မှန်ကန်ကန် ဘယ်လိုတရားစီရင်တယ်ဆိုတာ လူသိထင်ရှားအောင် လုပ်ဆောင်ပေးချင်လို့ လုပ်တာပါ။ မဟောသဓ မွေးကာစ လက်ထဲမှာ ဆေးတောင့်လေး ထည့်ပေး လိုက်တာ သူပဲ။ အခုလဲ ရထားတရားစီရင်ဆုံးဖြတ်တဲ့နေရာမှာ တကယ့် သဘာဝအတိုင်း စီရင်ဆုံးဖြတ်တာကို ထင်ထင်ရှားရှား ပြချင်လို့ သူလုပ်တာပါတဲ့။

## လူ့ပြည် နှင့် နတ်ပြည်

ဒီမှာ သိကြားဆိုတာ သင်္ကြန်ကျမှ ဆင်းတာမဟုတ်ဘူး။ လူ့လောကနဲ့ တာဝတိံသာ နတ်ပြည်က ဆက်စပ်နေတယ်။ လူ့ပြည်က လူတွေဟာ ဒါနကောင်းမှု၊ သီလကောင်းမှု ပြုကြတဲ့ အခါ တာဝတိံသာမှာ နတ်အသစ်တွေနဲ့ ပိုပြီးများတယ်၊ စည်ကား တယ်။

မြတ်စွာဘုရားကို တစ်ခါတုန်းက သိကြားမင်း လျှောက်ဖူးတယ်။ "အရှင်ဘုရား၊ လောကမှာ ဘုရားပွင့်တဲ့အချိန် နတ်ပြည်စည်ကားတယ်လို့ ကြားဖူးပါတယ်။" ဘုရားပွင့်တဲ့ အချိန်မှာ လူတွေက ဒါနကောင်းမှု လုပ်ကြတယ်၊ သီလဆောက်တည်ကြတယ်။ ဒါကြောင့်မို့ နတ်ပြည်ရောက်တဲ့လူက များတယ်လေ။ ငရဲကျတဲ့လူက နည်းတယ်။ ငရဲ တိရစ္ဆာန် ပြိတ္တာ အပါယ်လေးဘုံ သွားတဲ့လူက နည်းတယ်။ နတ်ပြည် စည်ကားခြင်း၊ မစည်းကားခြင်းဟာ လူ့ပြည်နဲ့ ပတ်သက်နေတယ်။

တစ်ခါတစ်ခါ လူတွေက အကျင့်စာရိတ္တပျက်ပြီး ဆိုးသွမ်းကြတယ်၊ ထိုအခါ သိကြားမင်းက လူတွေကို ခြိမ်းခြောက်ပြီး ကိုယ်ကျင့်တရားကောင်းအောင် ပြုပြင်ပေးတတ်တာ ရှိတယ်။ ဒါကြောင့်မို့ တချို့က "သိကြားသာသနာ" လို့ ပြောလေ့ရှိကြတယ်။ တကယ်ကတော့ သိကြားသာသနာ မဟုတ်ပါဘူး။ မြတ်စွာဘုရားရဲ့ အဆုံးအမတွေ လျော့ရဲလာတဲ့အခါမှာ သိကြားမင်းက လာရောက်ပြီး လျော့ရဲနေတာတွေကို ပြန်ပြီးတော့ တင်းပေးတယ်၊ တစ်ဖက်ကလဲ ခြိမ်းခြောက်တယ်။ တစ်ဖက်ကလည်း လမ်းမှန်ရောက်အောင် လုပ်ပေးတယ်။

သိကြားမင်း ကိုယ်တိုင်ကိုက "သူတော်ကောင်း" လို့ သတ်မှတ်ထားတဲ့ စံရှိတယ်။ "မိဘကို လုပ်ကျွေးရမယ်။ ဆွေတွေမျိုးတွေထဲမှာ ကိုယ့်ထက်အသက်အရွယ်ကြီးတဲ့ပုဂ္ဂိုလ်တွေ ရိုသေလေးစားရမယ်။ စကားပြော ချိုသာရမယ်။ ရိုင်းရိုင်းစိုင်းစိုင်း မပြောရဘူး။ နှမြောတွန့်တိုမှု မရှိရဘူး။ မှန်သောစကားကို

ပြောဆိုရမယ်။ ဒေါသမကြီးရဘူး။ ဝန်တို ကြွဿာ မစ္ဆရိယတွေ မများရဘူး။" အဲဒီလို အရည်အချင်းတွေရှိမှ သူတော်ကောင်းလို့ သတ်မှတ်တယ်။

လူ့လောကမှာ မိဘလုပ်ကျွေးတဲ့လူ နည်းသလား။ လူကြီးသူမ ရိုသေတဲ့ပုဂ္ဂိုလ်တွေ နည်းသလား။ သီတင်းသီလ စောင့်ထိန်းတဲ့ပုဂ္ဂိုလ်တွေ နည်းသလားဆိုတာ အမြဲတမ်း စောင့်ကြည့်တယ်၊ နည်းလာတဲ့အခါမှာ ဝင်ရောက်ပြီးတော့ သံပတ်တင်းပေးတာမျိုးတွေ ဖြစ်တယ်။ သူတော်ကောင်း ဆိုရင်လဲ ဝင်ရောက်ပြီး အားပေးမှုပြုခဲ့တာတွေလဲ ရှိတယ်။ ဘာကြောင့် ဒါတွေလုပ်တာတုန်းဆိုရင် နတ်ပြည်နဲ့ လူ့ပြည်ဟာ ဆက်စပ်နေတယ်။ ဆက်စပ်နေသည့်အတွက်ကြောင့် ဒီလို လုပ်တယ်။ လျော့ရဲရဲ ဖြစ်ပြီး နတ်ပြည်မှာ နတ်ဦးရေတွေ နည်းလာပြီဆိုရင် ဒီအလုပ်ကိုလုပ်မှာ သေချာတယ်။

အဲဒါတွေ လုပ်ဆောင်ဖို့အတွက် သိကြားမင်းကြီးဟာ လူ့ပြည်ကို ဆင်းလာတတ်တယ်။ ဆင်းတယ်ဆိုတာ သူတို့အတွက် က အချိန်တွေ အများကြီးယူရတာ မဟုတ်ဘူး။ နတ်ဆိုတော့ ရုတ်တရက် ပေါ်လာတယ်။ ရုတ်တရက် ပြန်ပျောက်သွား နိုင်တယ်။ လူ့ပြည်နဲ့ ဆက်စပ်ပြီးနေတာဖြစ်လို့ ဘုမ္မဋ္ဌဒေဝ လို့လဲ ခေါ်လို့ရတယ်။

အခုလည်းပဲ ဘုရားအလောင်း မဟောသဓပညာရှိရဲ့ ပညာအစွမ်းအစတွေ လူ့လောကမှာ ပိုပြီးပေါ်လွင်ထင်ရှားလာ စေဖို့ရာအတွက် အခုလို တရားဆုံးဖြတ်မှု ဖြစ်စေဖို့ သိကြားမင်း

ကိုယ်တိုင် တရားခံအဖြစ်နဲ့ တရားခွင်သို့ ရောက်လာတာ၊ ဘုရားလောင်းပညာရှိကိုချီးမွမ်းဖို့ မြှင့်တင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာတာ။ သိကြားမင်းတောင် အမှားလုပ်လို့ မရဘူး။ ပညာရှိ မဟောသဓဟာ အလွန်ပဲ ပညာရှိပါပေတယ်ဆိုတာကို ချီးမွမ်း ထောပနာမှုကို ပြုကြတယ်။

ဒီသတင်းကို ဘုရင်ကြီးကလည်း ကြားတဲ့အခါ အလွန်ကို အံ့သြပြီး နန်းတော်ကိုခေါ်ဖို့ သေနကအမတ်ကြီးနဲ့ တိုင်ပင်တယ်၊ "အရှင်မင်းကြီး စောပါသေးတယ်" လို့ ဟန့်တားတယ်။ အကယ်၍ မဟောသဓ နန်းတော်ရောက်လာလို့ရှိရင် သူတို့ရဲ့ ဂုဏ်သိက္ခာ တွေက ကျဆင်းသွားမှာ။ ဆိုလိုရင်းကတော့ သူက မဟောသဓ ပညာရှိရဲ့ ပညာကို မနာလိုတဲ့ ဣဿာဖြစ်ခြင်း၊ သူ ရရှိထားတဲ့ ရာထူးပေါ်မှာ မစ္ဆရိယဖြစ်ခြင်း ဆိုတာတွေကြောင့်မို့ အခုလို အချိန်ဆွဲပြီး အမြဲတမ်းပိတ်ပင်ဖို့လုပ်နေတာ၊ လုပ်ခဲ့တာဖြစ်တယ်။

ဒီဇာတ်လမ်းတွေကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် မဟောသဓ ပညာရှိဟာ အစစအရာအရာ သာမန် ကိစ္စလေးတောင်မှပဲ သူကိုယ်တိုင်အသိဉာဏ်နဲ့ သိသော်လည်းပဲ သူ့ရဲ့ ဆုံးဖြတ်ပုံ လေးက အများအနေနဲ့ ထင်ထင်ရှားရှား မှတ်သားနိုင်လောက် အောင် ဒီမိုကရေစီနည်းကျကျ အားလုံးက လက်ခံနိုင်တဲ့ ဆုံးဖြတ်မှုကို ပေးခဲ့တာဖြစ်တယ်၊ အင်မတန်မှ မှတ်သားစရာ ကောင်းတယ်။

**နိဂုံး**

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ မဟောသဓပညာရှိ နှင့် သူ၏ပညာစွမ်းအားဟာ အံ့မခန်း ကြီးကျယ်လှတယ်ဆိုတာကို သိရှိကြရပြီး မိမိတို့ကိုယ်တိုင်လည်းပဲ ပညာရှိဖြစ်အောင် ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သတိထားပြီး ပညာစွမ်းပကားတွေ မြင့်မားလာအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

https://thitsarp...ni.org

# မဟောသဓပညာရှိ နှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၃)

သာသနာတော်နှစ် ၂၅၆၂ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၁)ရက်၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၅) ရက်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာ ဓမ္မရတိ မဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတိုက်ကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် မြန်မာ့နှစ်သစ်ကူး သင်္ကြန်တွင်းကာလ အထူးဓမ္မသဘင်အခမ်းအနား၌ ရန်ကုန်မြို့၊ ဦးအောင်လွင်အောင် + ဒေါ်ကြူကြူအောင် (သား) မောင်အောင်စည်ဖြိုး၊ (သမီး) မချောသီရိလွင် မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၃)"** တရားဒေသနာတော်။

## ပညာဆိုတာ

ပညာဆိုတာ ကွဲကွဲပြားပြား၊ ခွဲခွဲခြားခြား သိတတ်မြင်တတ်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်ပေါ်နိုင်တဲ့ စွမ်းအားတစ်မျိုးကို ခေါ်တာဖြစ်တယ်။ ပညာရဲ့ အမှတ်လက္ခဏာကတော့ သိခြင်းပဲ၊

ပညာဟာ သိတယ်မြင်တယ်။ သိတယ်ဆိုတာ ပညာရဲ့ အမှတ်အသား လက္ခဏာ၊ မြင်တယ်ဆိုတာ ပညာရဲ့စွမ်းအားလို့ ဒီလိုဆိုတာ။ အဲဒီတော့ ပညာရလာပြီဆိုရင် **'ပညာယ အတ္တံ ဇာနာတိ'** ပညာဖြင့် ဘဝအဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားကြီး သိတယ်။

မဟောသဓဟာ ၇-နှစ်အရွယ်မှာ အငြင်းပွားမှုတရားတွေကို မှန်ကန်စွာ ဖြေရှင်းဆုံးဖြတ်နိုင်တယ်။ လူနဲ့ နတ်နဲ့ ဖြစ်တဲ့ "ရထားအငြင်းပွါးမှု" ပြဿနာသည်ပင်လျှင် လူလား၊ နတ်လား ကွဲပြားသွားအောင် အများရဲ့ရှေ့မှာ သက်သေပြနိုင်တယ်ပေါ့။

အဲဒီလို မဟောသဓပညာရှိရဲ့ စွမ်းအားတွေကို ကြားသိရလို့ ဘုရင်ကြီးကတော့ နန်းတော်ခေါ်ပြီး အမှုထမ်းခိုင်းချင်တယ်။ သို့သော် ပညာရှိအဖြစ် အမှုထမ်းနေကြတဲ့ သေနက စတဲ့ ပညာရှိအမတ်ကြီးတွေက သူတို့ရဲ့ရာထူးအတွက် စိုးရိမ်သောကရောက်ပြီး "ဒီလောက်နဲ့ ပညာရှိ မခေါ်ထိုက်သေးပါဘူး၊ ဆက်လက် စုံစမ်းသင့်သေးပါတယ်" လို့ ဟန့်တားခဲ့ကြတယ်။

အဲဒီနောက်မှာ တကယ်ပညာရှိ ဟုတ်,မဟုတ် စုံစမ်းတဲ့ ပဟေဋ္ဌိပုစ္ဆာတွေ ဆင့်ကဲဆင့်ကဲပို့ပြီး မဟောသဓရဲ့ ပညာရည်အစွမ်းကို စုံစမ်းခဲ့တာ (၁၀) ချက် ရှိတယ်။ ပညာ ရှိ,မရှိ နန်းတော်ကနေပြီး မေးခွန်းပြဿနာတွေ ပြုလုပ်ပြီးတော့ ပို့ပေးတယ်။

## ပညာစမ်းခြင်း

## (၁) တုတ်ချောင်း အရင်း အဖျား

ရှားနှစ်နဲ့လုပ်ထားတဲ့ တစ်ထွာလောက်ရှည်တဲ့ တုတ်ချောင်းလေးကိုယူပြီး နန်းတော်ကနေ သံတမန်တစ်ယောက်ရောက်လာတယ်။ "အရှေ့ယဝမဇ္ဈက က လူတွေ၊ မင်းတို့ပညာရှိတယ်လို့ သတင်းကြီးတယ်။ ဟောဒီတုတ်ကို အရင်းအဖျားခွဲပြရမယ်၊ မခွဲနိုင်ဘူးဆိုရင် မင်းတို့ ငွေတစ်ထောင်ဒဏ်တပ်မယ်"၊ နန်းတော်က ဆင့်စာရောက်လာတယ်။

ညီအောင်လုပ်ထားတဲ့ သစ်သားချောင်းလေးကို ဘယ်ဟာက အရင်းလဲ၊ ဘယ်ဟာက အဖျားလဲဆိုတာ ခွဲခြားဖို့ရာ အလွန်ကိုခဲယဉ်းတယ်။ အခုခေတ်မှာ သစ်ပင်တွေကို သေသေချာချာ လေ့လာထားတဲ့ ပညာရှင်တွေက အပွေးကိုကြည့်ပြီး ဖြေရှင်းကောင်း ဖြေရှင်းလိမ့်မယ်။ သို့သော် မဟောသဓပညာရှိက အဲဒီလိုနည်းနဲ့ ဖြေရှင်းတာမဟုတ်ဘူး။ သူ့ဖြေရှင်းနည်းက လူတိုင်း စမ်းသပ်လို့ရတဲ့နည်း ဖြစ်တယ်။

အဲဒီပြဿနာ ရောက်လာတဲ့အခါ ရွာကလူတွေ စဉ်းစားကြတယ်၊ လုံးဝအဖြေမထွက်ဘူး။ ငွေတစ်ထောင် ဒဏ်ဆောင်ရမှာဆိုတော့ သူဌေးကြီးထံ အပူကပ်ကြတယ်။ "သူဌေးမင်းရဲ့သားကို ပြောပါဦး။ အရင်းအဖျား ဘယ်ဟာမှန်းမသိဘူး။ မသိဘူးဆိုရင် ငွေတစ်ထောင် ဒဏ်တပ်ခံရမယ်။"

သူဌေးကြီးက သူ့သား မဟောသဓ ကစားနေရာက ခေါ်ပြီး "လာပါဦး ငါ့သား၊ နန်းတော်က အမေးပြဿနာတစ်ခု

ရောက်လာတယ်။ မင်းဖြေရှင်းစမ်းပါဦး” လို့ဆိုပြီး ရှားနှစ်သား တုတ်ချောင်းကို ပေးလိုက်တယ်။ မဟောသဓပညာရှိက ကိုင်ပြီး လက်နဲ့ ဆကြည့်တာနဲ့ ဘယ်ဟာအရင်း၊ ဘယ်ဟာအဖျားဆိုတာ သိတယ်။ သို့သော် အဲဒီလို လက်ဆနဲ့ သိနိုင်ဖို့ဆိုတာ လူတိုင်းမှာ မလွယ်ဘူး။

အများစမ်းသပ်လို့ရတဲ့ နည်းတစ်ခုကို မဟောသဓက အသုံးချတယ်။ အလယ်ဗဟိုတည့်တည့်မှာ အပ်ချည်နဲ့ချည်ပြီး ရှားနှစ်တုတ်ကလေးကို ရေခွက်ထဲ ချကြည့်စေတယ်။ တစ်ဖက် က အရင်မြုပ်တယ်။ တစ်ဖက်က နောက်ကျမှ မြုပ်တယ်။

အဲဒီမှာ လူတွေကိုမေးတယ်။ “အရင်းနဲ့ အဖျား ဘယ်ဟာ က လေးသလဲ”၊ အားလုံးက ဖြေကြတယ်။ “အရင်းက လေး တယ်။” ရှားနှစ်တုတ်ဟာ တစ်ညီတည်း လုပ်ထားပေမယ့်လို့ အလယ်မှာ ချည်ကြိုးနဲ့ချည်ပြီး ရေခွက်ထဲ ထည့်လိုက်တဲ့အခါ အရင်းဘက်က အရင်မြုပ်တယ်။

“ကဲ သေချာကြည့်ကြ၊ အရင်းဘက်ကလေးလို့ အရင် မြုပ်တယ်။ အဖျားဘက်က ပေါ့တယ်။ ဒါကြောင့် နောက်မှ မြုပ် တာ၊ “ဒီဘက်က အရင်း၊ ဟိုဘက်က အဖျား”လို့ အဖြေပေး လိုက်တယ်။

နန်းတော်ကိုရောက်သွားတဲ့အခါ အဖြေက မှန်နေတယ်။ “ဒါ ဘယ်သူဖြေပေးတာတုန်း” ဆိုတော့ မဟောသဓပညာရှိက ဖြေပေးလိုက်တာပါလို့ ဆိုတယ်။ “ဟာ၊ တကယ်တော်တဲ့လူပဲ” ဘုရင်ကြီးက နန်းတော်ကိုခေါ်ချင်တယ်။ သို့သော် သေနက အမတ်ကြီးက ဆက်ပြီးတော့ စုံစမ်းကြပါဦးလို့ ဆိုပြန်တယ်။

ကိုယ့်ဟာကိုယ်လဲ ဖြေကြည့်ထားပေါ့နော်။ ပဟေဠိ ဆိုတာ အဖြေရှာပြီး ကြည့်ဖို့လိုတယ်ပေါ့။ ဘယ်အရာပဲဖြစ်ဖြစ် ဘုရား အလောင်းတွေမှာ စူးစမ်းတတ်တဲ့ အလေ့အထ ရှိတယ်။ ဘယ် ဘဝရောက်ရောက် ဘုရားလောင်းတွေဟာ ဒုက္ခမရောက်ဘူး။ **နဠပါန** ဇာတ်မှာကြည့်၊ တောထဲမှာ ရေကန်ကြီးရှိတယ်။ ဘုရားလောင်းက အဲဒီတုန်းက မျောက်အုပ်ရဲ့ အကြီးအကဲ မျောက် ဖြစ်တယ်။

မျောက်ဆိုတာ တစ်နေရာကနေ တစ်နေရာ အသီးပေါ တဲ့ဆီကို ရွှေ့ပြောင်းသွားလာနေကြတာ။ တောထဲမှာ ရေတွေ့ရင် အငမ်းမရ သောက်ကြတာ။ အဲဒီမှာ ဘုရားလောင်းက မျောက် တွေကို မှာထားတယ်။ "အေး- မင်းတို့ ရေအိုင်တွေ့တိုင်း ဆင်း မသောက်ကြနဲ့၊ အန္တရာယ်ကြုံတတ်တယ်၊ စူးစမ်းပြီးတော့မှ ဆင်းကြ" လို့ ပြောထားတယ်။

အဲဒီလို ပြောထားပါလျက် အချို့မျောက်တွေက ရေအိုင် ထဲကို ဆင်းသောက်တဲ့အခါ ရေအိုင်စောင့်ဘီလူးရဲ့အစာ ဖြစ်ကုန် တယ်။ ဘုရားလောင်းက ကမ်းစပ်ကို လှည့်ပတ်ပြီးကြည့်တယ်။ ကြည့်တဲ့အခါမှာ သူ ဘာသတိထားမိတုန်းဆိုရင် "ရေအိုင်ထဲ ဆင်းတဲ့ခြေရာပဲ တွေ့တယ်၊ တက်တဲ့ခြေရာ မတွေ့ဘူး။" အဲဒါ သူသတိထားတတ်ပုံလေးကို ပြောတာ။

တောတွင်း ရေကန်ကြီးမှာ သတ္တဝါတွေ ဆင်းတဲ့ခြေရာ တွေ တွေ့တယ်။ ပြန်တက်တဲ့ခြေရာ မတွေ့ဘူး။ ဒါကြည့်ပြီး ဒီရေကန်ဟာ အန္တရာယ်ရှိတဲ့ရေကန်ပဲလို့ ဆုံးဖြတ်လိုက်တာ။

ဘုရားလောင်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးဟာ အရာရာကို သတိထားတတ်တဲ့ အလေ့အထရှိတယ်။ အဲဒါ ပညာရဲ့စွမ်းအားပဲ ဖြစ်တယ်ပေါ့။ ဒါလည်း ကိုယ့်ကိုယ်ကို လေ့ကျင့်ရတယ်။

မလေ့ကျင့်ဘဲ ဉာဏ်ကောင်းလာမယ်လို့ အဲဒီလို မတွက်လေနဲ့။ ဗူးလုံးက ဗူးလုံးပဲနေမှာပဲ။ ဓားဆိုတာ သူ့ဟာသူ ထက်မှာ မဟုတ်ဘူး။ သွေးမှ ထက်မှာလေ။ အသိဉာဏ်ထက်အောင် သွေးပေးနေဖို့လိုတယ်။ စဉ်းစားတာဟာ သွေးတာပဲ။ စဉ်းစားရမှာ မပျင်းနဲ့။ စဉ်းစားရမယ်။ အဲဒီကျမှ အသိဉာဏ်တွေ ထက်လာမယ်။

## (၂) လူဦးခေါင်းရိုး (ကျား/မ)ခွဲ

နောက်တစ်ခါ ဘုရင်ကြီးဆီက ဒုတိယအကြိမ် ပညာစမ်းပဟေဠိ ရောက်လာပြန်တယ်။ လူရဲ့ ဦးခေါင်းရိုးနှစ်ခုကို ပို့လိုက်တယ်။ "အရှေ့ယဝမဇ္ဈက ရွာကလူတွေ ဉာဏ်ကောင်းတယ်လို့ ပြောတယ်။ ဟောဒီ ခေါင်းရိုးနှစ်ခုဟာ ယောက်ျားခေါင်းရိုးလား၊ မိန်းမခေါင်းရိုးလား ခွဲရမယ်"။

သာမန်အားဖြင့် လူ့ရဲ့ ဦးခေါင်းရိုးဆိုတာ ခပ်ဆင်ဆင်ပဲလေ။ သေသေချာချာ မလေ့လာရင် ဒီခေါင်းရိုးကို ယောက်ျားခေါင်းရိုးလား၊ မိန်းမခေါင်းရိုးလားဆိုတာ ကွဲကွဲပြားပြားသိဖို့ အလွန်ခဲယဉ်းတယ်။ နန်းတော်က ဆင့်စာပါ ပါလာတယ်။ ဒါကို မင်းတို့ မှန်မှန်ကန်ကန် ဖြေနိုင်ရင်ဖြေ၊ မဖြေနိုင်ဘူးဆိုရင် ဒဏ်ငွေတစ်ထောင် ဆောင်ရမယ်ဆိုတဲ့ အမိန့်နဲ့ ရောက်လာတယ်။

ရှာသူရှာသားတွေထဲက အကင်းပါးတယ်ဆိုတဲ့ လူတွေဟာ ခေါင်းရိုးကိုင်ပြီးတော့ ကြည့်ကြတယ်။ ခေါင်းရိုးကို ခေါင်းရိုးလို့ပဲ မြင်နေတယ်။ ယောကျ်ားခေါင်းရိုးလား၊ မိန်းမခေါင်းရိုးလား ဘယ်လိုမှ သူတို့မခွဲတတ်ဘူး။ နောက်ဆုံးကျတော့ မဟောသဓ ပညာရှိရဲ့ အကူအညီကို ယူကြတယ်။

မဟောသဓပညာရှိက "ဒါက အမျိုးသားဦးခေါင်းရိုး၊ ဒါက အမျိုးသမီးဦးခေါင်းရိုး" လို့ ခွဲခြားပေးတယ်။ အဲဒီတော့ သူ့ရဲ့ ခွဲခြားနည်းက အမျိုးသားရဲ့ ဦးခေါင်းရိုးအဆက်က ဖြောင့်ဖြောင့် နေတယ်။ အမျိုးသမီးရဲ့ ဦးခေါင်းရိုးအဆက်က ကောက်ကွေ့နေ တယ်။ အဲဒါကို ကြည့်ပြီးတော့ ဒါက အမျိုးသား ခေါင်းရိုး၊ ဒါက အမျိုးသမီးခေါင်းရိုးလို့ မှတ်သားပြီး ပေးတယ်။

နန်းတော်ကို ပြန်ပို့တဲ့အခါ အဖြေအမှန် ဖြစ်နေတယ်။ "ဒါ ဘယ်သူဖြေပေးတာတုန်း" ဆိုတော့ မဟောသဓပညာရှိ ဖြေတာ ဆိုတော့ တယ်တော်တာပဲ။ ဘုရင်ကြီးက နန်းတော်ခေါ်ဖို့ တိုက်တွန်းပြန်တယ်။ သို့သော် သေနကအမတ်ကြီးက ဒီလောက် နဲ့ ပညာရှိမခေါ်နိုင်သေးပါဘူး။ ဆက်ပြီးတော့ စုံစမ်းကြပါဦးစို့လို့ ဆိုင်းငံ့ထားတယ်။

## (၃) မြွေ အထီးအမခွဲ

နောက်တစ်ကြိမ် နန်းတော်မှ မြွေနှစ်ကောင် ပို့လိုက်တယ်။ "ဘယ်မြွေက အထီးလဲ၊ ဘယ်မြွေက အမလဲ၊" အထီးအမ ခွဲခိုင်း တယ်။ အထီးအမ ခွဲတာများ လွယ်ပါတယ်လို့ မအောက်မေ့ လေနဲ့။ မြွေဆိုတာ ရှည်ရှည်မျောမျောချည်းပဲ။ မြွေအထီးအမ

ခွဲခြားဖို့ ခက်နေတဲ့အခါ မဟောသဓ ပညာရှိထံ အကူအညီ တောင်းကြတယ်။

မဟောသဓက မြွေရဲ့ ဦးခေါင်းနဲ့ အမြီးကို ကြည့်တယ်။ မြွေထီးရဲ့ ဦးခေါင်းက ကြီးတယ်၊ တုတ်တယ်။ မြွေမရဲ့ ဦးခေါင်းက နည်းနည်းသေးသွယ်တယ်။ အဲဒါက တစ်ချက်၊ ခေါင်းကြည့်လိုက်တာနဲ့ ခေါင်းတုတ်တာနဲ့ ခေါင်းသွယ်တာ နှစ်ခု။ နောက်တစ်ခါ အမြီးကိုကြည့်တယ်၊ အမြီးကလည်းပဲ မြွေထီးရဲ့အမြီးက တုတ်တယ်။ မြွေမရဲ့အမြီးက သွယ်တယ်။ ဦးခေါင်းကိုလဲ ကြည့်တယ်။ အမြီးကိုလဲ ကြည့်တယ်။

နောက်တစ်ခုကတော့ မြွေတွေဟာ လည်ပင်းမှာ အရစ် ပါတတ်တယ်။ မြွေထီးမြွေမ ဘယ်လိုခွဲတုန်းဆိုရင် မြွေထီးရဲ့ လည်ရစ်က တစ်ခုနဲ့တစ်ခု ဆက်ပြီးတော့နေတယ်။ မြွေမရဲ့ လည်ရစ်ကျတော့ အပြတ်ပြတ် ဖြစ်နေတယ်။ အဲဒီ သင်္ကေတနဲ့ အထီးအမခွဲပြီးတော့ ပေးတယ်။

သဘာဝအားဖြင့် ကြည့်တတ်မြင်တတ် လေ့လာတတ်တဲ့ ပုဂ္ဂိုလ်တွေအဖို့ သတိထားကြည့်မယ်ဆိုရင် ကွဲပြားခြားနားမှုတော့ ရှိတယ်။ သာမန်မျက်စိနဲ့တော့ အထီးအမ ခွဲချင်မှ ခွဲလို့ရမယ် ပေါ့လေ။

အဲဒီတော့ မဟောသဓ ပညာရှိက သူ့အသက်အရွယ် လေးနဲ့ သူဘယ်လိုများခွဲတာတုန်း၊ ဘယ်လိုများ သင်ထားတာ တုန်းဆိုရင် ကြည့်တတ်မြင်တတ်တဲ့ စွမ်းရည်သတ္တိက သူ့ ဦးနှောက်မှာ ရှိနေတယ်။ ကြည့်တတ်တယ်၊ စဉ်းစားတတ်တယ်။

အရာရာကို စူးစူးစိုက်စိုက် လေ့လာကြည့်တတ်တဲ့အတွက် မတူကွဲပြားမှုတွေဟာ သူ့ရဲ့ဉာဏ်ထဲမှာ ပေါ်နေတယ်။ အဲဒီနည်းနဲ့ သူက ခွဲခြားပြီးတော့ ပေးလိုက်လို့ ဒီပြဿနာလည်းပဲ ပြေသွားပြန်ရော။

အမှန်အကန်ဖြေနိုင်စွမ်းရှိတော့ ဘုရင်ကြီးက သဘောကျပြန်တယ်။ အဲဒီအခါ သေနကအမတ်ကြီးရဲ့ စိတ်ကူးနဲ့ လေးခုမြောက် မေးခွန်းတစ်ခု ထပ်ပို့လိုက်တယ်။

## (၄) အမြီးဖြူရောင် နွားလားဥသဘ

အဲဒါကတော့ ပဟေဠိ စကားထာဖွက်တဲ့ ပုံစံမျိုးပဲ။ စကားထာဆိုတာ ငယ်ငယ်တုန်းက ကြားဖူးတယ်။ "ငါ့နွား နက်နက် ချိုပေါ်တက်၊ ချွတ်ချွတ်သံမကြား အောဂနွား" တဲ့။ ငယ်ငယ်တုန်းက ကြားဖူးတာ ပြောတာနော်။ အဖြေက ဦးခေါင်းက သန်းကိုပြောတာ။ အဲဒီလို စကားထာဖွက်တဲ့ ပုံစံမျိုးပဲ။ အရှေ့ယဝမဇ္ဈကရွာက လူတွေဆီကို ဖြေဆိုဖို့ "ကိုယ်လုံးဆွတ်ဆွတ်ဖြူပြီး ခြေထောက်မှာ ဦးချို ခေါင်းပေါ်မှာ ဘို့ပါတဲ့ နွားလားဥသဘတစ်ကောင် နန်းတော်ကို ပို့ပေးရမယ်၊ မပို့နိုင်ရင် မင်းတို့ ဒဏ်ငွေတစ်ထောင်ဆောင်စေ"။

အရှေ့ယဝမဇ္ဈကရွာက လူတွေက ခေါင်းကုတ်ပြီး စဉ်းစားကြတယ်၊ ဘယ်လိုလုပ်မှ သူတို့ ဒီလိုနွားမျိုး မမြင်ဖူးကြဘူး။ နွားဆိုတာ ခေါင်းပေါ်မှာ ချိုရှိတာ၊ ပခုံးပေါ်မှာ ဘို့ရှိတာ။ ခြေထောက်မှာ ချိုရှိပြီး ခေါင်းပေါ်မှာ ဘို့ရှိရတယ်ဆိုတော့ အဖြေထုတ်ဖို့ တော်တော်ခက်နေတယ်။

အားလုံးစဉ်းစားရ မရတဲ့အခါ မဟောသဓ ပညာရှိထံ သွားပြီး အကူအညီတောင်းကြတယ်။ မဟောသဓပညာရှိက "ကြက်ဖအဖြူတစ်ကောင်ကို ဖမ်းပြီး နန်းတော်ပို့လိုက်ပါ" လို့ ပြောလိုက်တယ်။

ကြက်ဆိုတာ ခြေထောက်မှာ အတက်ရှိတယ်၊ အဲဒီ အတက်က ချိုပဲပေါ့။ ခေါင်းပေါ်မှာ အမောက်ပါတယ်၊ အမောက်က ဘို့ပဲ။ အဲဒီတော့ ကြက်ဟာ ခေါင်းပေါ်မှာဘို့၊ ခြေထောက်မှာ ချို၊ တစ်နေ့ကို သုံးကြိမ်တွန်တယ်ဆိုတာ ကြက်ပဲ။ ကြက်ဖဟာ အချိန်မှန် သုံးကြိမ်တွန်တတ်တယ်။ ကြက်ဖြူတစ်ကောင်ကို ဖမ်းပြီး နန်းတော်ပို့လိုက်ဆိုတော့ ဒီပြဿနာကလဲ ပြေသွား ပြန်ရော။

ပဟေဠိဆိုတဲ့ သဘောတရားက လျှို့ဝှက်လို့ လူတွေကို တွေဝေသွားစေတတ်တယ်။ အဲဒါမျိုးကို **ဝဋ္ဋနာပဟေဠိ** လို့ ခေါ်တယ်။ ဥပမာ- မြင်းလေးကောင်ရှိရာ တစ်ကောင်ကို အရှေ့ဘက် လှည့်ချည်၊ နောက်တစ်ကောင်ကို အနောက်ဘက် လှည့်ချည်၊ နောက်တစ်ကောင်က မျက်နှာကို တောင်ဘက်လှည့် ချည်၊ နောက်တစ်ကောင်က မြောက်ဘက်ကို လှည့်ချည်လို့ ပြောလိုက်တယ်ဆိုရင် နားထောင်တဲ့လူရဲ့ အတွေးမှာ အရှေ့ ဘက် ခေါင်းလှည့်နေတဲ့မြင်းက တစ်ကောင်၊ အနောက်ဘက် ခေါင်းလှည့်နေတဲ့မြင်းက တစ်ကောင်၊ တောင်ဘက်ခေါင်းလှည့်တဲ့ မြင်းက တစ်ကောင်၊ မြောက်ဘက် ခေါင်းလှည့်တဲ့မြင်းက တစ်ကောင်၊ ဒီလေးကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် ဖင်ပေး ပြီး ချည်ထားတယ်လို့ တွေးမိသွားတယ်။

အဲဒီမြင်းလေးကောင်ဟာ အလယ်ခေါင်ချထားတဲ့ မြက်ထုံးကို ဒီလေးကောင်စလုံး အလွယ်တကူ စားနိုင်ရမယ်လို့ ဆိုတယ်။ အဲဒါကို အဖြေထုတ်ခိုင်းတာ။ သာမန်အားဖြင့် အရှေ့ဘက် လှည့်ချည်မယ်။ အနောက်ဘက် လှည့်ချည်မယ်။ မြောက်ဘက် လှည့်ချည်မယ်။ တောင်ဘက် လှည့်ချည်မယ်ဆိုရင် သာမန်အားဖြင့် ကျောပေးပြီးတော့ ချည်ထားတဲ့ပုံစံမျိုး ဖြစ်တယ်။ ရုတ်တရက် တွေဝေသွားတာ။

ခေါင်းလေးလုံးဆိုင်အောင် ချည်လိုက်ရင်လည်းပဲ ဒီအတိုင်းပဲဖြစ်တယ်။ အလယ်ခေါင်ချတဲ့ မြက်ထုံးကို လေးကောင်လုံး စားလို့ရသွားတယ်။ အဲဒါမျိုးကို ဝဋ္ဋနာပဟေဠိလို့ ခေါ်တယ်။ ရုတ်တရက် ကြားရသူဟာ တွေဝေသွားစေတယ်ပေါ့။

အခုလည်းပဲ ခြေထောက်မှာ ချိုပေါက်၊ ခေါင်းပေါ်မှာ ဘို့ရောက်နေတဲ့ တစ်နေ့သုံးကြိမ်တွန်တဲ့ နွားလားဥသဘဆိုတာ ကြက်ဖအဖြူပဲ ဖြစ်တယ်။ စကားလုံးကို ဝှက်ပြီးတော့ မျက်စိလည်အောင် လုပ်ထားတာကိုး။

အဲဒီမှာလည်းပဲ မဟောသဓ အဖြေထုတ်လိုက်တဲ့အခါ ဒီပြဿနာ ပြေလည်သွားပြန်ရော။ ဒီပြဿနာကို ဘယ်သူဖြေပေးတာတုန်းဆိုတော့ မဟောသဓပညာရှိ ဖြေပေးတယ်ဆိုတော့ ဒါဖြင့် နောက်ထပ် အခက်အခဲပြဿနာတစ်ခု နန်းတော်မှ ရောက်လာပြန်တယ်။

## (၅) ပတ္တမြားကြိုးသစ်လဲရန်

"လောကမှာ အခက်အခဲကို အောင်မြင်အောင် လုပ်နိုင်တယ်"ဆိုတဲ့ စွမ်းရည်သတ္တိ ရှိ,မရှိ စုံစမ်းခြင်းဖြစ်တယ်။

ဝိဒေဟနိုင်ငံရာဇဝင်မှာ ကုသမင်းဆိုတာ အုပ်ချုပ်ခဲ့ဖူးတယ်။ ကုသမင်းနဲ့ ပဘာဝတီ တို့ ဇာတ်လမ်း ကြားဖူးကြမှာပါ။ ကုသမင်းကြီး စစ်ပွဲအောင်မြင်သွားတဲ့အခါ သိကြားမင်းက အောင်ဆုပေးတဲ့အနေနဲ့ ပတ္တမြားတစ်လုံး လက်ဆောင်ပေးခဲ့ဖူးတယ်။ အဲဒီပတ္တမြားက ကြိုးနဲ့ချည်ပြီး လည်ပင်းမှာ ဆွဲလို့ရတဲ့ ပတ္တမြားဖြစ်တယ်။

အဲဒီပတ္တမြားကို ထွင်းထားတဲ့ အပေါက်က ဖြောင့်ဖြောင့်ကြီး ဖောက်ထားတာ မဟုတ်ဘူး။ အကောက်အကွေ့ ရှစ်ခု ရှိတယ်။ ကြိုးသွင်းဖို့ အင်မတန်မှခက်တယ်။ ကုသမင်းကြီး လက်ထက်ကတည်းက ပတ္တမြားလုံးမှာ ထည့်သွင်းထားတဲ့ကြိုးက ဆွေးလာတယ်။ ကြိုးအသစ်လဲဖို့ လိုလာတယ်။

အရှေ့ယဝမဇ္ဈက ရွာကလူတွေ ပညာရှိတယ်လို့ ပြောတယ်။ အဲဒီပတ္တမြားလုံးကြီးကို ပို့ပြီးတော့ ကြိုးတပ်ပေးဖို့၊ မတပ်နိုင်ဘူးဆိုရင် ဒဏ်ငွေတစ်ထောင် ဆောင်ရမယ်ဆိုပြီး နန်းတော်က ဆင့်စာရောက်လာတယ်။

ကြိုးထည့်ကြည့်ကြတယ်။ လမ်းဆုံးတိုင်း အကွေ့အကောက်က ရှစ်ခုပါနေတော့ ကြိုးသွင်းဖို့ လူတွေဟာ ကြံရာမရ ဖြစ်ပြီး မဟောသဓပညာရှိထံ သွားကြတယ်။ မဟောသဓပညာရှိက လုပ်လို့ရတဲ့နည်းရှိပါတယ်လို့ ပြောတယ်။ ပျားရည်

တောင်းပြီး အဲဒီအပေါက်မှာ ပျားရည်သုတ်တယ်။ သွင်းမယ့်ကြိုးရဲ့ထိပ်ဝမှာ ပျားရည်သုတ်ပြီး ပတ္တမြားအပေါက်ဝမှာ တော့ပေးထားပြီး ပုရွက်ဆိတ်အုံအဝမှာ ချထားတယ်။ ပုရွက်ဆိတ်တွေပျားရည်နံ့ကြောင့် ရောက်လာကြပြီး ကြိုးစကိုဆွဲသွင်းကြတယ်။ ဟိုဘက်အပေါက်ထိ ရောက်သွားတယ်။ ပုရွက်ဆိတ်တွေရဲ့စွမ်းအားနဲ့ ကြိုးတပ်ပြီးသား ဖြစ်သွားတယ်။

အဲဒီနည်းနဲ့ ကြိုးတပ်ပြီး ပေးလိုက်တဲ့အခါ သူတို့နန်းတော်ကတောင်မှပဲ မကြံနိုင်လို့ ပို့လိုက်တာကို အခုလိုအောင်အောင်မြင်မြင် လုပ်ဆောင်ပေးတာကို သိလိုက်ရတော့ "ဒါ ဘယ်သူ့ရဲ့စွမ်းရည်လဲ" မေးတယ်၊ မဟောသဓပညာရှိရဲ့စွမ်းရည်ဖြစ်တယ်ဆိုတာကို သိလိုက်ရတဲ့အခါ တအံ့တသြနဲ့ဘုရင်ကြီးက မဟောသဓကို ခေါ်ဖို့ကြိုးစားသော်လည်း သေနကအမတ်ကြီးက ဆိုင်းထားစေပြန်တယ်။

## (၆) မင်္ဂလာ ဥသဘ သားဖွါး

"ခက်ခဲတဲ့အလုပ်တစ်ခု ဘယ်လိုအောင်မြင်အောင် လုပ်လို့ရလဲ" ဆိုတာကို နည်းလမ်းရှာတဲ့အနေနဲ့ မေးတာ။ ပြဿနာဖြေရှင်းတဲ့အခါမှာ အမျိုးမျိုးရှိတယ်။ မဖြစ်နိုင်တာ ခိုင်းလို့ရှိရင်မဖြစ်နိုင်တာကို ပေါ်လွင်အောင် ဖြေရှင်းဖို့လိုတယ်လေ။ တစ်ခါတစ်ရံ မဖြစ်နိုင်တဲ့အလုပ်ကို ခိုင်းတာရှိတယ်။

နန်းတော်က နွားခြံထဲမှာ မွေးထားတဲ့ နွားလားဥသဘကြီးကို အစာတွေဗိုက်တင်းအောင် ကျွေး၊ ချိုကို ဆီတွေလူး၊

နန္ဒင်းတွေသုတ်ပြီး အရှေ့ယဝမဇ္ဈကရွာကို ပို့လိုက်တယ်။ "ဒီ နွားလားဥသဘကြီးက မကြာခင် နွားကလေး မွေးတော့မှာ။ မင်းတို့ အဲဒီနွားကို အောင်အောင်မြင်မြင် မွေးအောင်လုပ်ပြီး နွားကလေးနဲ့ နွားလားဥသဘကြီးကို နန်းတော်ပြန်ပို့ရမယ်" လို့ အမိန့်ချလိုက်တယ်။

နွားထီးကြီးက ကလေးမွေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ အဲဒါ မဖြစ်နိုင်တဲ့အလုပ်ကို ခိုင်းတာလေ။ အဲဒါမျိုးကျတော့ ဘယ်လိုဖြေရှင်းမလဲ။ ဒါ မရဘူးဆိုရင်လဲ ငွေတစ်ထောင် ဒဏ်တပ်မှာ။ အဲဒီလို နန်းတော်က ဆင့်လာတဲ့အခါမှာ အားလုံး က ကြံရာမရဖြစ်ပြီး မဟောသဓပညာရှိထံမှ အကြံဉာဏ် တောင်းကြတယ်။

ဒါမျိုးက နည်းပရိယာယ်နဲ့ ပြေလည်အောင် ဖြေရမယ့် အရာဖြစ်တယ်။ ခုနကလို လုပ်လို့ရတဲ့ကိစ္စ မဟုတ်ဘူးလေ။ နွားထီးကြီးက ဘယ်လိုလုပ် မွေးမှာတုန်း။ အဲဒီတော့ မဟောသဓ ပညာရှိက ရွာထဲမှာ အပြောအဆို လိမ္မာပါးနပ်ပြီး သတ္တိရှိရှိနဲ့ ပြောတတ်တဲ့ လူရှိလား၊ "ရှိပါတယ်။" အဲဒီလူကို ခေါ်စေပြီး မဟောသဓပညာရှိက သင်ပေးတယ်။

"ကဲ- ခင်များဆံပင်ကို ဖားလျားချ၊ တစ်ကိုယ်လုံး ရေလောင်း။ ဘုရင့်နန်းတော်ကိုသွားပြီး နန်းတော်တံခါးဝမှာ ငိုရမယ်။ ငိုတဲ့အခါမှာ ဘာလို့ငိုတာတုန်းလို့ အခြားလူတွေမေးရင် မဖြေနဲ့။ ဘုရင်ကြီးနဲ့တွေ့မှ သူဘာကြောင့်ငိုတယ်ဆိုတာကိုဖြေ" လို့ မှာလိုက်တယ်။

အဲလူဟာ ရှိုက်ကြီးတငင် ဝမ်းနည်းပန်းနည်း ငိုတယ်၊ ဘုရင်ကိုယ်တိုင် ထွက်မေးတဲ့အခါ သူကဖြေတယ်။ "ကျွန်တော်မျိုးကြီးရဲ့အဖေ မီးမဖွားနိုင်တာ ၇-ရက် ရှိပါပြီ။ အရှင်မင်းကြီး ကယ်တော်မူပါ။" ဘုရင်ကြီးက "ယောကျ်ား မီးဖွားတယ်ဆိုတာ ရှိမှမရှိပဲ။ မင်းရူးနေသလား" လို့ ပြောတယ်။ "မှန်ပါဘုရား။ ယောကျ်ားမီးမဖွားဘူးဆိုရင် နွားလားဥသဘကြီးက ဘယ်လိုလုပ်ပြီး နွားကလေး ရနိုင်ပါမလဲ" လို့ လျှောက်တယ်။ အဲဒါနဲ့ပဲ ပြေသွားရော။

ဒါက ကြံစည်ပြီးတော့ ဖြေရတဲ့ အဖြေတစ်ခုပဲ။ ဥပါယ်တံမျဉ်နဲ့ ဖြေတယ်လို့ ဒီလိုခေါ်တယ်ပေါ့။ ဘုရင်ကြီးကိုယ်တိုင်က အထီးက သားမမွေးဘူးလို့ ဒီလိုပြောလိုက်တော့ ဒီအထီးကြီးက မွေးလို့မရဘူးဆိုတာ ဖြေပြီးသား ဖြစ်သွားတယ်လေ။ ဘုရင်ကိုယ်တိုင်က ပြောလိုက်တဲ့စကား ဖြစ်သွားတော့ သူ့အဖြေက ထွက်ပြီးသား ဖြစ်သွားတယ်။ နွားထီးက ဘယ်လိုလုပ် နွားမွေးမှာတုန်း။ သူကိုယ်တိုင်က ယောကျ်ားက ကလေးမွေးတယ် ဘယ်ရှိမှာတုန်း။ မရှိလို့ရှိရင်လဲ နွားထီးကလဲ ဘယ်လိုလုပ် နွားမွေးမှာလဲ၊ ဖြေပြီးသား ဖြစ်သွားတယ်။ အရှေ့ယဝမဇ္ဈက ရွာကလူတွေ ကောင်းကောင်းကြီး အဖြေပေးနိုင်တယ်ဆိုပြီး ဘုရင်ကြီးက ကျေနပ်သွားတယ်။

THITSARPARAMI 2009

## ထူးဆန်းတဲ့ထမင်း

နောက်ထပ် အခက်အခဲတစ်ခု လုပ်ခိုင်းပြန်တယ်။ "နန်းတော်ကို ထမင်းချဉ်ချက်ပြီး ပို့ရမယ်"တဲ့။ ထမင်းချက်တဲ့အခါ လိုက်နာရမည့် စည်းကမ်းချက်တွေ ပါလာတယ်။

(၁) ထမင်းကို ဆန်နဲ့ မချက်ရဘူး။
(၂) ရေနဲ့ မချက်ရဘူး။
(၃) ထမင်းအိုးနဲ့ မချက်ရဘူး။
(၄) ဖိုခနောက်ပေါ် တင်ပြီး မချက်ရဘူး။
(၅) မီးနဲ့ မချက်ရဘူး။
(၆) ထင်းနဲ့ မချက်ရဘူး။
(၇) ထမင်းချက်တဲ့လူက ယောက်ျားလည်းမဟုတ်ရဘူး။ မိန်းမလည်းမဟုတ်ရဘူး။
(၈) အဲဒီထမင်းအိုးကို ပို့တဲ့အခါ လမ်းက မပို့ရဘူး။ တခြားနေရာက ပို့ရမယ်။

အဲဒီထမင်းအိုးမျိုး ပို့နိုင်ရင် ပို့၊ မပို့နိုင်ရင် ဒဏ်ငွေတစ်ထောင်ဆောင်ရမယ်လို့ နန်းတော်က စာရောက်လာတဲ့အခါမှာ ရွာသားတွေ ကြံရာမရဖြစ်ကြပြီး မဟောသဓပညာရှိထံလာရောက် အကူအညီတောင်းကြတယ်။

မဟောသဓကေ စဉ်းစားပြီး ယခုလို စီစဉ်ပေးလိုက်တယ်။

(၁) ဆန်နဲ့မချက်ရဘူးဆိုရင် ဆန်ကွဲနဲ့ချက်။
(၂) ရေနဲ့မချက်ရဘူးဆိုရင် နှင်းရည်ခံထား၊ နှင်းရည်နဲ့ချက်။

(၃) ထမင်းအိုးနဲ့ မချက်ရဘူးဆိုရင် တခြား မြေအိုး တစ်လုံးနဲ့ချက်။
(၄) ဖိုခနောက်ပေါ်တင်ပြီး မချက်ရဘူးဆိုရင် ငုတ်သုံးငုတ် စိုက်ပြီးချက်။
(၅) မီးနဲ့မချက်ရဘူးဆိုရင် သစ်သားနှစ်ချောင်းကိုပွတ်လို့ ရတဲ့မီးနဲ့ ချက်ရမယ်။
(၆) ထင်းနဲ့ မချက်ရဘူးဆိုရင် သစ်ရွက်ခြောက်နဲ့ ချက်ရမယ်။ သစ်ရွက်ခြောက်က ထင်းမဟုတ်ဘူး။
(၇) ချက်သူက ယောကျာ်း မိန်းမ မဟုတ်ဘူးဆိုရင် ပဏ္ဍုက်ကို ချက်ခိုင်းရမယ်။
(၈) လမ်းမှ မပို့ရဘူးဆိုရင် လမ်းမကြီးကိုရှောင်ပြီး လူသွားလမ်းသွယ်ကနေသယ်ပြီး နန်းတော်ပို့လိုက်။

မဟောသဓ အကြံပေးသည့်အတိုင်း စီစဉ်ချက်ပြုတ်ပြီး နန်းတော်အရောက် ပေးပို့ကြတယ်။ "ဒါ ဘယ်သူ့အစီအစဉ်လဲ" မေးတဲ့အခါ မဟောသဓရဲ့ အစီအစဉ်ပါလို့ ဖြေကြတယ်။ နန်းတော်က သဘောကျလက်ခံသွားတယ်။

## (၈) သဲကြိုးကြီးကျစ်

နောက်တစ်ခါ ပြဿနာတစ်ခုပြေလည်အောင် ဆောင်ရွက်ဖို့ ရောက်လာပြန်တယ်။ နန်းတော်က ဆင့်စာထဲမှာ "ဘုရင်ကြီး စီးတဲ့ဒန်းမှာ ချည်ထားတဲ့ကြိုး ဆွေးနေပြီ။ ဒန်းစီးဖို့ရာအတွက် အရှေ့ယဝမဇ္ဈကရွာကလူတွေ သဲကြိုးကြီးကျစ်ပြီး ပို့ရမယ်။ မပို့နိုင်ဘူးဆိုရင် ဒဏ်ငွေတစ်ထောင်ဆောင်ရမယ်"လို့ ပါတယ်။

"သဲကို ကြိုးဖြစ်အောင် ဘယ်လိုကျစ်မတုန်း၊" ရွာသားတွေ ကြံရာမရဖြစ်နေကြတယ်။ အဲဒီမှာ မဟောသဓပညာရှိက "ဒီကိစ္စ ဖြေရှင်းဖို့ လွယ်ပါတယ်"။ ရွာထဲမှ ပြောတတ်ဆိုတတ်တဲ့လူ တစ်ယောက်နှစ်ယောက်လောက်ကိုခေါ်ပြီး ဘုရင်ကြီးနဲ့တွေ့တဲ့ အခါ ဒီလိုလျှောက်တင်ရမယ်၊ "အရှင်မင်းကြီး၊ အရှင်က ဒန်းမှာ ချည်တဲ့ သဲကိုကျစ်ထားတဲ့ကြိုးဟောင်းရှိလို့ရှိရင် မစပါ၊ ကျွန်တော် တို့က အဲဒီကြိုးအဟောင်းကို ကြည့်ပြီးတော့မှ အသစ်ဆိုတာ ကျစ်လို့ရမှာပါ"။

ဘုရင်ကြီးက "သဲကိုကြိုးကျစ်လို့ရတယ်လို့ မင်းတို့ ဘယ် တုန်းက ကြားဖူးတုန်း"လို့ ပြောတဲ့အခါ "အရှင်မင်းကြီး မကြား ဖူးရင် ကျွန်တော်တို့လဲ ဘယ်လိုလုပ်ပြီး သဲကို ကြိုးကျစ်လို့ ရမှာ တုန်း"လို့ လျှောက်ကြတယ်။ အဲဒါနဲ့ ပြေသွားပြန်ရော။ နည်း ပရိယာယ်သုံးပြီး ဖြေရှင်းတဲ့ပြဿနာမျိုးပါ။

## (၉) ရေကန်အသစ်

နောက်တစ်ခါ နန်းတော်က ဆင့်စာရောက်လာပြန်တယ်။ "ဘုရင်ကြီးသုံးနေတဲ့ ရေချိုးတဲ့ရေကန်ကြီးက ဟောင်းနေပြီ။ အရှေ့ယဝမဇ္ဈကရွာကလူတွေ ကြာငါးမျိုး ပွင့်လန်းနေတဲ့ တော ထဲက ရေကန်ကို နန်းတော်ရောက်အောင် ဆောင်ကြဉ်းပေးရ မယ်။ မပေးနိုင်ရင် ဒဏ်ငွေတစ်ထောင် ပေးဆောင်စေ"။

မဟောသဓက အကြံပေးတယ်။ "ခင်များတို့ ကြိုးစကြိုးန တွေ ယူပြီး မောမောပန်းပန်း ရွှံ့တွေပေကျံစေပြီး ဘုရင်ကြီးထံ

သွားကြ။ ဘုရင်ကြီးထံ ရောက်တဲ့အခါ "အရှင်မင်းကြီး၊ အရင်တုန်းက တောကနေ ဆင့်ခေါ်ထားတဲ့ ရေကန်အဟောင်းရှိရင် အဲဒီရေကန်အဟောင်းကိုပေးပါ" လို့ လျှောက်ကြ။

မဟောသဓ အကြံပေးတဲ့အတိုင်း ဘုရင်ကြီးထံ သွားပြီး တောင်းဆိုကြတယ်။ "အရှင်မင်းကြီးကိုဆက်ဖို့ တောကရေကန် တစ်ကန်ကို ကြိုးနဲ့တုတ်ပြီး ခေါ်လာကြပါတယ်၊ ရေကန်က မြို့ရိုးတွေ၊ ဗိမာန်တွေ အဆောက်အဦးကြီးတွေ မြင်တဲ့အခါ လန့်ပြီး တောထဲပြန်ပြေးသွားလို့ပါ၊ ဒီမှာ ကြိုးတွေပြတ်ကုန်ပါပြီ။ ရေကန်အဟောင်းကြီးပေးပါ။ အဲဒီ ရေကန် အဟောင်းကြီးနဲ့ မျှားပြီး တောထဲကရေကန်ကို မြို့ရောက်အောင် ကျွန်တော်မျိုးတို့ ပို့ဆောင်ပေးပါ့မယ်"လို့ လျှောက်ကြတယ်။

"မင်းတို့ ဘယ်တုန်းက ရေကန်ကို တောကနေပြီး ယူရတယ်လို့ ကြားဖူးလို့လဲ" ဘုရင်ကြီးက မေးတယ်။ "အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့လဲ တတ်နိုင်မှာ မဟုတ်ပါဘူး" လို့ လျှောက်ကြတယ်။ ဒါနဲ့ ပြဿနာတစ်ခု ပြေလည်ပြန်တယ်။

## (၁၀) ဥယျာဉ်

နောက်ဆုံးတစ်ခုက "ဘုရင်ရဲ့ ပန်းဥယျာဉ်ကြီး ဟောင်းနေပြီ။ တောထဲမှာရှိတဲ့ နုပျိုတဲ့ ပန်းပင်မျိုးစုံပါတဲ့ ဥယျာဉ်ကြီး တစ်ခုကို ယူဆောင်ပြီး နန်းတော်ကိုပို့ပေးရမယ်" လို့ ဆင့်စာ ရောက်လာပြန်တယ်။ ယခင်နည်းနဲ့ပဲ ဖြေရှင်းခိုင်းတယ်။ "ဥယျာဉ်ဟောင်းကို ပေးပါ။ အဲဒီဥယျာဉ်ဟောင်းအတိုင်းပဲ တောထဲမှာ ရှာပြီးတော့ သူတို့ခေါ်ဆောင်ပေးပါ့မယ်" လို့ လျှောက်ကြတယ်။

"တောထဲကဥယျာဉ်ကို မြို့ထဲရောက်အောင် ခေါ်ဆောင်တယ်ဆိုတာ ဘယ်တုန်းက ရှိဖူးလို့တုန်း" လို့ ဘုရင်ကြီးက မိန့်တယ်။ "အရှင်မင်းကြီး၊ အခုလဲ မဖြစ်နိုင်ပါဘူး" လို့ လျှောက်ကြတယ်။

မဟောသဓပညာရှိရဲ့ အစီအမံနဲ့ ဘုရင်ကြီးခိုင်းသမျှ အပြစ်ဒဏ်တွေကလွတ်အောင် ကြံဆောင် ရှောင်လွှဲနိုင်ခဲ့တာ ဖြစ်တယ်။

## အမျိုးမျိုးဉာဏ်စမ်း

အဲဒီလို မဟောသဓကို ပညာ ရှိ့မရှိ စူးစမ်းဆင်ခြင်မှုတွေ အမျိုးမျိုး ပြုလုပ်ပြီး ကျေနပ်လို့ နန်းတော်ခေါ်ကြစို့လို့ ပြောတဲ့ အခါတိုင်းမှာ သေနကအမတ်ကြီးက အရှင်မင်းကြီး ဒီလောက်နဲ့ ပညာရှိလို့ မဆိုနိုင်သေးပါဘူးလို့ ဆိုပြန်တယ်။

## ဘုရင်ကိုယ်တိုင်

အဲဒါနဲ့ ဘုရင်ကြီးက သူကိုယ်တိုင်စဉ်းစားပြီး "သေနကက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ငါကိုယ်တိုင်သွားပြီး ခေါ်မယ်" ဆိုပြီး အခြံအရံပရိသတ်နဲ့ မြင်းစီးလျက် အရှေ့မြို့တော်အရှေ့တံခါးပေါက်က ထွက်တယ်။

ရွာအနီးမရောက်မီ ဘုရင်ကြီးစီးလာတဲ့မြင်းကြီး ပက်ကြားအက်ထဲမှာ ခြေကျွံပြီး ခြေထောက်ကျိုးသွားတယ်။ ခြေထောက်ကျိုးသွားတာနဲ့ ဘုရင်ကြီးလဲ တပ်ခေါက်ပြီး ပြန်လာခဲ့ရတယ်။ အရှေ့ယဝမဇ္ဈကရွာကို မရောက်ခဲ့ဘူး။

သေနကအမတ်ကြီးက ပြောတယ်။ "အရှင်မင်းကြီး၊ ကျွန်ုပ်က အချိန်မကျသေးဘူးလို့ပြောတာ အရှင်မင်းကြီးက နားမထောင်ဘူး။ အရှင်မင်းကြီးရဲ့ မင်္ဂလာမြင်းကြီးဟာ ခြေထောက်ကျိုးသွားတယ် မဟုတ်လား၊ အချိန်မကျသေးလို့ ကျွန်တော်မျိုးက မခေါ်သေးတာပါ။ အချိန်ကျရင် မဟောသဓ ပညာရှိကို ခေါ်ပေးမှာပါ" လို့ ဘုရင်ကြီးကို နှစ်သိမ့်စကား ဆိုတယ်။

**နိဂုံး**

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ ပညာစွမ်းအားဆိုသည်မှာ အခက်အခဲမှန်သမျှကို ယုတ္တိရှိရှိ ထိထိမိမိနဲ့ ဖြေရှင်းနိုင်တဲ့စွမ်းအားမျိုး ဖြစ်သည့်အတွက်ကြောင့် ဒီ ပညာစွမ်းအားမျိုးကို တို့တတွေဟာလည်းရရှိအောင် ကြိုးစားအားထုတ်ကြရမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ နှလုံးသွင်းပြီး အသိပညာ တိုးပွားအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

https://thitsarp... ni.org

THITSARPARAMI 2009

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း (၄)

သာသနာတော်နှစ် ၂၅၆၂-နှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀-ပြည့်နှစ်၊ ကဆုန်လဆန်း(၁၄)ရက်၊ ၂၀၁၉-ခုနှစ်၊ ဧပြီလ(၁၆)ရက်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယ သာသနစင်တာကျောင်းတိုက် ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတိုက်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် မြန်မာ့နှစ်သစ်ကူး သင်္ကြန်တွင်းကာလ အထူးဓမ္မသဘင်အခမ်းအနားၐ ရန်ကုန်မြို့ ဦးထွန်းလွင် + ဒေါ်ဆိုင်ညွန့်၊ (သား) ကိုခင်မောင်ကျော် + ဒေါက်တာရွှေရည်ဦး၊ ကိုဟန်သိန်းလွင် + မခင်ဘုန်းမြင့်၊ (မြေး) မောင်ဖြိုးသီဟ၊ မောင်ဇွဲသီဟ၊ မောင်ဘုန်းပြည့်ဟန်၊ မောင်ဘုန်းမြတ်ဟန် မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိ နှင့် သူ၏ပညာစွမ်းအား အပိုင်း(၄)"** တရားဒေသနာတော်။

## နန်းတော်သို့ ရောက်ရှိပုံ

ဘုရင်ကြီးက "ကဲ၊ ပညာရှိလေးကို ဘယ်နည်းနဲ့ဖြစ်ဖြစ် သွားခေါ်ကြမယ်"ဆိုတဲ့အခါ သေနကအမတ်ကြီးက အကြံပေးတယ်။ "အရှင်မင်းကြီး ကိုယ်တိုင်သွားဖို့ မလိုပါဘူး။ မဟောသဓ

ပညာရှိကို တမန်လွှတ်ပြီး ဆင့်ခေါ် လိုက်ပါ။ ဆင့်ခေါ် စာထဲမှာ "မဟောသဓပညာရှိကိုခေါ်ဖို့ ယမန်နေ့က ယဝမဇ္ဈကအရှေ့ရွာကို ကိုယ်တိုင်လာခဲ့သော်လည်း မတော်တဆ မြင်းခြေကျိုးသွားလို့ ငါရောက်နိုင်ခြင်း မရှိခဲ့ဘူး။ ဘုရင်စီးတဲ့မြင်း ခြေကျိုးသွားသည့်အတွက် တန်ဖိုးကြီးမားတဲ့ အဿတိုရ်လားမြင်းကိုဖြစ်စေ၊ ထိုအဿတိုရ်လားမြင်းထက် ထူးခြားတဲ့ မြင်းမျိုးကိုပဲဖြစ်စေ ဆက်သရမယ်" ဖော်ပြထားတယ်။

အဿတိုရ်လားမြင်း ပို့လိုက်ပါ ဆိုတာ မဟောသဓကိုယ်တိုင် လာရမယ်ဆိုတဲ့ အဓိပ္ပါယ်။ အဿတိုရ်လားမြင်းထက်ပိုပြီးတော့ ကောင်းတဲ့မြင်းဆိုတာကျတော့ မဟောသဓရဲ့အဖေကိုလွှတ်ရမယ်လို့ ဆိုလိုတယ်။ "အရှင်မင်းကြီးအနေနဲ့ ခုလိုပဲ ဆင့်ဆိုလိုက်ပါ"လို့ သေနကအမတ်ကြီးက တင်ပြတယ်။

မဟောသဓပညာရှိက လျှို့ဝှက်ချက်စကားကို နားလည်သည့်အတွက် သားအဖနှစ်ဦး တိုင်ပင်လိုက်တယ်။ "ဖခင်သူဌေးကြီးကိုယ်တိုင် သူဌေးတစ်ထောင် အခြံအရံနှင့် နန်းတော်ကို ရှေးဦးစွာ အခစားဝင်လိုက်ပါ။ ဘုရင်ကြီးကို သွားပြီးတွေ့နှင့်ပါ။ လက်ဆောင်တော် ဆက်ဖို့အတွက် ထောပတ်တွေ စန္ဒကူးဘူးထဲမှာ အပြည့်ထည့်ပြီး ယူသွားပါ"လို့ ပြောတယ်။

သိရိဝမ္မနသူဌေးကြီးက မဟောသဓ စီစဉ်ပေးတဲ့ အတိုင်းပဲ နန်းတော်သွားဖို့ ပြင်ဆင်တယ်။ သူဌေးကြီးက ရှေးဦးစွာ သွားတယ်။ ဘုရင်ကြီးထံ ရောက်လို့ရှိရင် ဘုရင်ကြီးက "မဟောသဓ မပါဘူးလား" လို့ မေးရင် "နောက်က လိုက်လာ

ပါလိမ့်မယ်”လို့ သံတော်ဦးတင်နှင့်ပါဆိုပြီး ဖခင်သူဌေးကြီးကို အရင်လွှတ်လိုက်တယ်။

မင်းနန်းတော်တံခါး ရောက်တဲ့အခါ “သိရိဝဍ္ဎနသူဌေးကြီး ဘုရင်ကြီးထံ အခစားဝင်ဖို့ ရောက်နေပါပြီ”လို့ လျှောက်တင်စေတယ်။ ဘုရင်ကြီးက နန်းတော်ထဲ ဝင်ခိုင်းလိုက်တယ်။ သူဌေးကြီးက သင့်တော်တဲ့နေရာမှာ ဘုရင်ကြီးကို ခစားတယ်။ ပါလာတဲ့ လက်ဆောင်တော်တွေကို ဆက်သတယ်။ ဘုရင်ကြီးက “သားဖြစ်သူ မဟောသဓ ပညာရှိ မပါဘူးလား” မေးတဲ့အခါ “အရှင်မင်းကြီး၊ နောက်က လိုက်လာပါပြီ” လို့ လျှောက်တယ်။

မဟောသဓပညာရှိက လူငယ်တစ်ထောင်နဲ့ ရထားစီးပြီး မြို့ထဲကို ဝင်လာတယ်။ မြို့သူမြို့သားတွေက မဟောသဓ ဆိုတာ မမြင်ဖူးကြဘူး။ အိမ်တိုင်း အိမ်တိုင်းက “မဟောသဓပညာရှိ ဆိုတာ ဒီကလေးဆိုပါလား” ဆိုပြီး ထွက်ကြည့်ကြတယ်တဲ့။ ဘုရင်ကြီးက မေးသမျှ မေးခွန်းတွေကိုလဲ ဖြေဆိုနိုင်တယ်။ ကြံကြံဖန်ဖန် ကပ်သီးကပ်သပ် ပဟေဠိတွေကိုလဲ အဖြေညှိပေးနိုင်တယ်။ ဒီကလေးရဲ့ ပညာစွမ်းရည်ကလဲ အင်မတန်မှ ကြီးမားပါတယ်။ မွေးလာတဲ့အချိန်တုန်းကလဲ လက်ထဲမှာ အစွမ်းထက်တဲ့ ဆေးတောင့်လေး ပါလာတယ်ဆိုတာ သူပဲ” ဆိုပြီး ဝိုင်းကြည့်ကြတယ်။

## ဂဒြဘာ ပြဿနာ

ရထားအစီးပေါင်း တစ်ထောင်နဲ့ သူငယ်ချင်းတစ်ထောင် ခြံရံပြီး နန်းမြို့ရိုးကို ဖြတ်တဲ့အချိန် သူ့ခေါင်းထဲမှာ အကြံဉာဏ်

တစ်ခုပေါ်လာတယ်။ ဆင့်စာထဲမှာပါတဲ့ အဿတရ၊ အဿတိုရ်ရဲ မြင်းလို့ သုံးထားတဲ့စကားကို အဖြေပေးဖို့ ကျုံးထိပ်မှာ မြက်စား နေတဲ့ ဂဒြဘ မြည်းတစ်ကောင်ကို ဖမ်းယူစေခဲ့တယ်။ မြင်းနှင့် မြည်း နှစ်မျိုးရှိတယ်။

အဲဒီမှာ ဂဒြဘဆိုတဲ့မြည်းကို အင်္ဂလိပ်လို Donkey လို့ ခေါ်တယ်။ ပုပုနဲ့ ဝန်ဆောင်မှုပေးနိုင်တယ်။ Donkey ဆိုတဲ့ အကောင်ကို ဂဒြဘလို့ ခေါ်တယ်။ အဲဒီအကောင်ကို ဖမ်းပြီး နန်းတော်ထဲထိအောင် ယူသွားကြတယ်။

သူတို့နန်းတော်ထဲရောက်ကြောင်း သတင်းပို့လိုက်တဲ့အခါ ဘုရင်ကြီးက ဝင်လာခိုင်းတယ်။ မဟောသဓနဲ့ အခြံအရံ တစ်ထောင်ဟာ ဘုရင်ကြီးရှေ့မှောက် အခစားရောက်သွားတယ်။ ပညာရှိမဟောသဓဆိုတာ ဒီကလေးပဲဆိုတာ သိရလို့ ဘုရင်ကြီး က ဝမ်းမြောက်ဝမ်းသာဖြစ်တယ်။

ဘုရင်ကြီးက "မဟောသဓ၊ မင်း သင့်တော်တဲ့နေရာမှာ ထိုင်ပြီးခစားပါ"လို့ ပြောတဲ့အခါ သားအဖနှစ်ယောက် အချိန်း အချက် ရှိထားတဲ့အတိုင်း သူ့အဖေကို လှမ်းကြည့်လိုက်တယ်။ သူ့အဖေက "ငါ့သား လာ၊ ဒီမှာထိုင်"လို့ သူ့နေရာကိုဖယ်ပေးတယ်၊ မဟောသဓပညာရှိက အဖေထိုင်တဲ့နေရာ သွားပြီးထိုင်တယ်။

အဲဒီမှာ ဘုရင်ကြီးကို ခစားနေကြတဲ့ သေနက၊ ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ နဲ့ တခြားအမှုထမ်း အရာထမ်းတွေက လက်ခုပ် လက်ဝါးတီးပြီး ရယ်မောကြတယ်။ အဖေက နေရာကထပေးပြီး သားက အဖေ့နေရာထိုင်တယ်ဆိုတာ မဖြစ်သင့်တဲ့ ကိစ္စတစ်ခု

ပေါ့။ "ဩော်- ပညာရှိတဲ့လားကွာ။ ဘာမှ မသိတဲ့တောသား၊ အဖေနေရာမှာ သူကထိုင်သတဲ့။ သူ့အဖေက နေရာထပေးရ သတဲ့။ နေရာထပေးတယ်ဆိုတာ ကိုယ့်ထက်အသက်ကြီးတဲ့ ပုဂ္ဂိုလ်လာမှ ထပေးကြတာလေ။ 'အဖေထက် သား တစ်လကြီး' ဖြစ်နေပါလား။ သူ့အဖေက နေရာထပေးပြီး သားက သူ့အဖေ ထိုင်တဲ့နေရာ ထိုင်တယ်တဲ့လား။ အမလေး ပညာရှိကြီး ပီသပါပေ တယ်။" လက်ခုပ်လက်ဝါးတီးပြီး ရယ်မောကြတယ်။

ဘုရင်ကြီးက မျက်နှာပျက်သွားတယ်။ "ငါ့ခါ်မိတာများ မှားသလားပေါ့။ လောကကျင့်ဝတ် ယဉ်ကျေးမှုအရ မလုပ်သင့် ဘူး" လို့ တွေးတယ်။

ထိုအခါ မဟောသဓပညာရှိက ဘုရင်ကြီးကို "အရှင် မင်းကြီး၊ ကျွန်ုပ်ရဲ့လုပ်ရပ်အပေါ်မှာ စိတ်ပျက်သွားသလား"လို့ မေးတဲ့အခါ ဘုရင်ကြီးက "စိတ်ပျက်တာပေါ့၊ သတင်းကြားတုန်း က အထင်ကြီးစရာပဲ။ အခုတွေ့လိုက်တဲ့အခါမှာ လူ့ယဉ်ကျေးမှု ကို မလိုက်နာတဲ့လူ ဖြစ်နေတယ်"လို့ ပြောတယ်။

ထိုအခါ မဟောသဓပညာရှိက သူ့နောက်က ပါလာတဲ့ အခြံရံတွေကို လှမ်းပြီးတော့ ပြောလိုက်တယ်။ "ကဲ ဂဒြဘ (မြည်း) ကို ဘုရင်ကြီး ရှေ့တော်သွင်းခဲ့ကြ" မြည်းကိုထမ်းပြီး ဘုရင်ကြီး ရှေ့ သွင်းလာကြတယ်။

မဟောသဓပညာရှိက "အရှင်မင်းကြီး၊ ကျွန်ုပ်တစ်ခု လျှောက်ပါမယ်။ ဟောဒါဟာ ဂဒြဘမြည်းဆိုတဲ့ အကောင် ဖြစ်ပါတယ်။ သူ့တန်ကြေးက (အဲဒီခေတ်ကဈေးနဲ့) အသပြာ

ရှစ်ကျပ်ပဲ တန်ပါတယ်။ သို့သော် အဲဒီလိုမြည်းဖိုနဲ့ ဝဠဝါလို့ခေါ်တဲ့၊ (အင်္ဂလိပ်လို Mare) မြည်းမနဲ့ စပ်ပြီးကျလာတဲ့ သားကို အဿတရ လားမြင်းလို့ခေါ်ပါတယ်။ အဿတရ က အဖိုး အတိုင်းထိမရှိ တန်ကြေးကြီးပါတယ်” လို့ လျှောက်တယ်။

ရှေးတုန်းက စစ်ရေးစစ်ရာဖြစ်စေ၊ ခရီးသွားတဲ့အခါပဲဖြစ်စေ ရှင်ဘုရင်တွေက မြင်းကို တန်ဖိုးထားကြတယ်။ စစ်တပ်ဖွဲ့စည်းတဲ့အခါ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်စစ်တပ်လို့ အင်္ဂါလေးရပ် ပေါင်းစပ်ဖွဲ့စည်းကြတယ်။

ရှေးက မြန်မာနိုင်ငံမှာ ခြေလျင်တပ် ဆယ်ပွဲရမှ ဆင်စီးရတယ်။ ဆင်ဆယ်ပွဲရမှ မြင်းစီးရတယ်။ မြင်းဆယ်ပွဲရမှ လှေစီးရတယ်။ လှေတပ်(ရေတပ်)က အကြီးဆုံးဘဲ။ လှေပေါ်တက်ခွင့်ရတဲ့ စစ်ဗိုလ်တွေက ပိုပြီး ရာထူးကြီးတယ်လို့ဆိုတယ်။

ဘုရင်ကြီးကို မေးလိုက်တယ်၊ “ကျွန်တော်မျိုးက ဖခင်ရဲ့နေရာကိုယူပြီး ဖခင်က ကျွန်တော်မျိုးနေရာ ဖယ်ပေးလိုက်တယ်ဆိုတော့ အရှင်မင်းကြီးရဲ့စိတ်ထဲမှာ သားအဖဆိုရင် အဖေကပဲ ပိုပြီးတော့ မြင့်မြတ်တယ်လို့ မှတ်ယူထားတယ် မဟုတ်လား။ ဒါကြောင့်မို့ အဖေ့နေရာကို သွားထိုင်တဲ့သားကို မိုက်ကန်းတဲ့သားလို့ ဒီလိုထင်တာ မဟုတ်လား။ နေရာတိုင်းမှာ သားထက် အဖေက မြတ်တာမဟုတ်ပါဘူး။ အကယ်၍ အဖေက သားထက် မြင့်မြတ်တယ်ဆိုလို့ရှိရင် အဿထိုရ်လားမြင်းကို မယူနဲ့။ ဟောဒီ ဂဒြဘာဆိုတဲ့မြည်းပဲ ယူလိုက်ပါ”။

အားလုံးကဝိုင်းပြီး ဩဘာပေးကြတယ်၊ “ပညာရှိပါပေတယ်, ပညာရှိပါပေတယ်။” သေနကတို့ အမတ်အုပ်စု ငြိမ်ကုပ်

သွားကြတယ်။ ဘုရားလောင်းက နေရာတိုင်းမှာ အဖေနဲ့သားမှာ အဖေက တန်ဖိုးကြီးတာ မဟုတ်ဘူးဆိုတာကို သူက လက်တွေ့ ပြလိုက်တယ်။

ဒီနေရာမှာ စာပေက ဘယ်လိုမှာထားတုန်းဆိုရင် "လောက ကျင့်ဝတ်အရ သားနှင့်အဖ၊ အဖက ဂုဏ်သိက္ခာကြီးတယ်ထား၊ နေရာတိုင်းမှာ အဖေက တန်ဘိုးကြီးတာ မဟုတ်ဘူး။ ပညာ အရည်အချင်းနဲ့ တခြားအရည်အချင်းတွေမှာ သားက အဖေ ထက် တန်ဘိုးကြီးတာတွေ အများကြီးရှိတယ်ဆိုတာကို ပြတယ်။

အဲဒီမှာ ဘုရားလောင်းဆိုတာ မိဘကို ရိုသေလေးစားတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ပါလျက် ဘာဖြစ်လို့ မိမိရဲ့ဖခင်အရင်းကို မလေး မစားသဘောမျိုး နေရာဖယ်ခိုင်းတာတို့ ဖခင်ရဲ့နေရာမှာ ထိုင်တာ တို့ လုပ်သလဲ၊ ဒီပြဿနာကို အဖြေထုတ်ချင်လို့ပဲ။ မဟောသဓေ နေရာတိုင်းမှာ အဖက တန်ဘိုးကြီးတာ မဟုတ်ဘူး။ သားက တန်ဖိုးကြီးတာလဲရှိတယ် ဆိုတာကို ရှင်းပြချင်လို့ ဖြစ်တယ်။ ဒီ ပြဿနာကို မဟောသဓ ကိုင်တွယ်ဖြေရှင်းလိုက်ပုံကို ဘုရင်ကြီးရဲ့ ရင်ထဲမှာ စွဲငြိသွားတယ်။ ရွှေကရားကြီးကို ယူပြီး သီရိဝဍ္ဎန သူဌေးကြီးအား အရှေ့ယဝမဇ္ဈကရွာကြီးရဲ့ ရွာစားအဖြစ် အပိုင် ပေးလိုက်တယ်။ ဒါမျိုးကို **"ဗြဟ္မဒေယျ"**လို့ ခေါ်တယ်။ အပိုင်စား ပေးလိုက်တာ ဖြစ်တယ်။ သားလိမ္မာရဲ့ အစွမ်းသတ္တိကြောင့် ဘုရင်ကြီးက ဆုတော်လာဘ်တော် ချတဲ့အနေနဲ့ သီရိဝဍ္ဎန သူဌေးကြီးကို ရွာစားမင်းအဖြစ် ခန့်အပ်လိုက်တယ်။ အခွန်ဘဏ္ဍာ လဲ ဘုရင်ကို ဆက်စရာမလိုဘဲ သူ့ဟာသူ ကောက်ယူပြီး ဘုရင်

လုပ်ပြီး အုပ်ချုပ်နိုင်တယ်၊ ကျန်တဲ့သူဌေးတွေကို သူ့ရဲ့ဝန်ထမ်းအဖြစ် ခန့်အပ်လိုက်တယ်။ ဒါ မဟောသဓ ပညာအစွမ်းကြောင့် နန်းတော်မှာ ပထမဆုံး ဆုချခံရခြင်းဖြစ်တယ်။

အိမ်မှာကျန်ရစ်တဲ့ မဟောသဓပညာရှိရဲ့ မိခင်ကိုလည်းပဲ ဘုရင်ခံကတော်တွေ သုံးစွဲရမယ့် ရတနာမျိုးစုံ လက်ဝတ်ရတနာမျိုးစုံ ပို့ခိုင်းပြီး ဂုဏ်ပြုချီးမြှောက်လိုက်တယ်။ မဟောသဓ ပညာရှိသည် အရွယ်အားဖြင့် ၁၆ နှစ် လူပျိုပေါက်အရွယ်၊ ထွားထွားကျိုင်းကျိုင်းနဲ့ အရည်အသွေး တောက်ပြောင်တဲ့ အရွယ်ဖြစ်တယ်၊ "ဒီကနေ့ကနေစပြီးတော့ မဟောသဓပညာရှိကို သူ့သားအဖြစ် မွေးစားတယ်" လို့ ဘုရင်ကြီးက ကြေညာလိုက်တယ်။

အဲဒီလို ကြေညာလိုက်တဲ့အခါ သိရိဝဍ္ဍနသူဌေးကြီးက လျှောက်တယ်။ "အရှင်မင်းကြီး၊ သားက ငယ်ပါသေးတယ်။ အရွယ်ရောက်လို့ လူလားမြောက်တဲ့အခါ နန်းတော်ခေါ်တော်မူပါ"လို့ လျှောက်တယ်။

ဘုရင်ကြီးက "စိတ်မပူပါနဲ့၊ သူ့အတွက် အားလုံး ငါ တာဝန်ယူတယ်" လို့ ပြောပြီး တစ်ခါတည်း နန်းတော်ကို ခေါ်ထားလိုက်တယ်။ "ကဲ ငါ့သား၊ မင်းဒီနေ့ကစပြီး မင်း ဘုရင့်သားတော်ဖြစ်ပြီ။ နန်းတွင်းမှာနေပြီး ခစားမလား၊ နန်းတော်ရဲ့အပြင်ဘက်က ခစားမလား" လို့ ဘုရင်ကြီးက မေးတယ်။

ဘုရင်တွေမှာ အမှုထမ်းတွေ နှစ်မျိုးရှိတယ်။ နန်းတော်တွင်းနေပြီး ခစားသူနဲ့ နန်းတော်အပြင်မှာနေပြီး ခစားသူရှိတယ်။ မဟောသဓပညာရှိက "ကျွန်တော်မျိုးမှာ အခြံအရံတွေ အပေါင်း

အသင်းတွေ များပါတယ်။ နန်းတွင်းမှာဆို လူများလွန်းပါတယ်။ အပြင်မှာနေပြီး ခစားပါရစေ” လို့ လျှောက်တယ်။

ဘုရင်ကြီးက သဘောတူခွင့်ပြုပြီး သူတို့နေဖို့ အိမ်တွေ စီမံပေးတယ်။ ရာထူးအလိုက် လစာရိက္ခာတွေကိုလဲ ပေးတယ်။ သူနဲ့ သူ့ရဲ့ ဖွားဖက်တော်တစ်ထောင်ကို ဘုရင်ကြီးက လစာ ပေးတယ်၊ နေရာထိုင်ခင်း စီမံပေးတယ်။ ဒါဟာ ပထမဆုံး ဘုရင်ကြီးနဲ့ တွေ့တွေ့ချင်း **“သားအဖပြဿနာ”**ကို ဖြေရှင်းလိုက် ခြင်းဖြစ်တယ်။

သေနကအမတ်ကြီးက မြင်းခြေကျိုးတာကို အကြောင်း ပြုပြီးတော့ အဿတရဖြစ်စေ၊ သူ့ထက်ပိုကောင်းတာဖြစ်စေ ပို့လိုက်ပါလို့ ဆိုတဲ့စကားက မြင်းကောင်းတာ မဟုတ်ဘူး။ မဟောသဓဖြစ်စေ သူ့အဖေဖြစ်စေ လာခဲ့ရမယ် ဆိုလိုတဲ့ အဓိပ္ပါယ် ဖြစ်တယ်။

အဲဒီတော့ အဿတရဆိုတာ ပါဠိစာပေမှာ မြည်းနဲ့မြင်း စပ်ကျတဲ့ မြင်းမျိုးကို ခေါ်တာ။ ထွားထွားကျိုင်းကျိုင်းနဲ့ စွမ်းဆောင် ရည် အင်မတန်ကောင်းတဲ့ မြင်းမျိုးဖြစ်တယ်၊ အင်္ဂလိပ်လို Mule လို့ ခေါ်တဲ့ မြင်းမျိုးပေါ့။ ဗမာလိုကတော့ လားမြင်းလို့ ခေါ်တယ်။ Mule လို့ခေါ်တဲ့ လားမြင်းကြီးတွေဟာ Donkey ကို အစွဲပြုပြီး တော့ Mare ကနေ မွေးတာဖြစ်တယ်။ အဿတရ ဆိုတာ ရှေးခေတ် ဝေါဟာရဖြစ်တယ်။

ကနေ့ခေတ် ဗမာပြည်မှာ မြင်းဟာ သိပ်တန်ကြေးတော့ ရှိတော့မယ်မထင်ဘူး။ ရှင်လောင်းလှည့်တာ မြင်းလှည်းမောင်း

တာလောက်ပဲ သုံးတာ၊ နိုင်ငံခြားတွေမှာ တန်ဘိုးကြီးတယ်။ ဘုန်းကြီးတို့ နယ်သာလန်နိုင်ငံ ရောက်တဲ့အခါ အညောင်းပြေ လမ်းလျှောက်ရင်း လမ်းမှာ မြင်းခြံတစ်ခုတွေ့တယ်။ "ဟာ ဒီမှာလဲ မြင်းတွေပါလား" လို့ ဆိုတော့ လိုက်ပို့တဲ့ ဒကာက "ဆရာတော်၊ ဒီနိုင်ငံမှာ လူတိုင်း ကားစီးနိုင်ပေမယ့် လူတိုင်း မြင်းမဝယ်နိုင်ဘူး။ သူဌေးမှ မြင်းဝယ်နိုင်တာ" လို့ ပြောတယ်။ ဗမာပြည်နဲ့ ပြောင်းပြန် ပေါ့။

အဲဒီမှာ နောက်တစ်ခု သတိထားမိလိုက်တာ ရှိတယ်။ အဲဒီရပ်ကွက်ဟာ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်တယ်။ ဆောက်ထားတာက တစ်ထပ်အိမ်ကြီးတွေပေါ့။ အမိုးက သက်ကယ်တွေမိုး ဖြစ်တယ်၊ "ဟာ ဒီမှာလဲ သက်ကယ်မိုးတဲ့အိမ်တွေ ရှိပါလား"လို့ ဆိုတော့ အဲဒီ လိုက်ပို့တဲ့ ဒကာကြီးကပြောပြတယ် "ဆရာတော်၊ သက်ကယ်မိုးကို သူဌေးမှ မိုးနိုင်တာတဲ့။ တော်ရုံလူ သက်ကယ် မိုးတဲ့အိမ် မနေနိုင်ဘူး"တဲ့။

## အဿတရ မွေးရင် မိခင်သေဆုံး

အဿတိုရ်လားမြင်း ဆိုတာဟာ ထွားထွားကျိုင်းကျိုင်းနဲ့ အင်မတန်မှ ခန့်ချောတယ်။ တန်ဖိုးရှိတဲ့ လားမြင်းကြီးတွေကို ခေါ်တာ။ စာပေထဲမှာ လားမြင်းမွေးဖွားလို့ရှိရင် ဒီ မွေးဖွားတဲ့ မိခင်က သေဆုံးရတယ်လို့ ဆိုတယ်။

**ဖလံ ဝေ ကဒလိံ ဟန္တိ** – အသီးက ငှက်ပျောပင်ကို သတ်တယ်။ **ဖလံ ဝေဠုံ ဖလံ နဠံ၊** အသီးက ကျူပင်ကို သတ် တယ်။ အသီးက ဝါးပင်ကိုသတ်တယ်။ (ဖြည့်စွက်မှတ်ချင်လို့ရှိရင်

အသီးသီးရင် ပေပင်လည်းသေတယ်။ ထန်းပင်က သီးရင် မသေဘူး။) **ဂဗ္ဘော အဿတရိ ယထာ–** အဿတိုရ်လားမြင်း မွေးပြီဆိုလို့ရှိရင် Mare ဆိုတဲ့ မြင်းမလဲ သေရတယ်။ ဗိုက်ခွဲပြီးတော့မွေးရတာ။ ခုခေတ်တော့ သေမှာမဟုတ်ပါဘူး။ **သက္ကာရော ကာပုရိသံ ဟန္တိ–**ထို့အတူပဲ လူတကာကဝိုင်းပြီးတော့ မြှောက်စားကိုးကွယ်ရင် စိတ်ဓာတ်ညံ့တဲ့ပုဂ္ဂိုလ်ဟာလဲ ပျက်စီးတတ်တယ်တဲ့။

**ဂဗ္ဘော အဿရိ ယထာ** မှာ အဓိပ္ပါယ်အယူအဆ မတူတာရှိတယ်၊ အဿတရီကို ကင်းပုစွန်လို့ အဓိပ္ပါယ်ပြန်တာလဲရှိတယ်။ ကင်းပုစွန်တွေလဲ ဗိုက်ကို ဖောက်ထွက်လာလို့ဖြစ်မယ်။ တချို့မြွေပွေးတွေက မွေးတဲ့အခါမှာ ဗိုက်ကို ဖောက်ထွက်တာလဲရှိတယ်လို့ ကြားဘူးတယ်။ စာပေကျမ်းဂန်ထဲမှာ မွေးဖွားခြင်းကြောင့် သေဆုံးသွားရတဲ့ သက်ရှိသက်မဲ့တွေကို ဖော်ပြထားတယ်။ "စိတ်ဓာတ်ယုတ်ညံ့တဲ့ ပုဂ္ဂိုလ်တွေ လာဘ်လာဘပေါ်ရင်၊ ရာထူးကြီးကြီးရရင် ပျက်စီးတယ်"။

## ပတ္တမြားကို ရှာဖွေခြင်း

နန်းတော်မှာ ဘုရင့်ကိစ္စတွေဆိုတာ အင်မတန်မှ များတယ်။ မဖြေရှင်းနိုင်သေးတဲ့ ပြဿနာတစ်ခု ရှိနေတယ်။ အဲဒီပြဿနာကို ပညာရှိအမတ်ကြီးတွေလဲမကြံနိုင်ကြဘူး။ အကြောင်းက "ဘုရင်ကြီးရဲ့ ဥယျာဉ်ထဲမှာရှိတဲ့ ရေကန်ကြီးဟာ ရေတွေပြည့်နေလို့ရှိရင် ပတ္တမြားအရောင်တွေ ထွက်နေတယ်။ ရေကန်တွင်းမှာ ပတ္တမြားရှိတယ်လို့အထင်နဲ့ သေနကအမတ်ကြီးတို့

ရေတွေကို ခပ်ထုတ်ပြီး ရှာသော်လည်း ပတ္တမြားရှာမတွေ့ဘူး။ ရေပြန်ပြည့်ပြီဆိုရင် အဲဒီရေထဲမှာ ပတ္တမြားအရောင် ပေါ်နေပြန်ရော။ ရေတွေ ကုန်သွားပြန်တဲ့အခါ ပတ္တမြား ရှာမတွေ့ပြန်ဘူး” အဲဒီ မဖြေရှင်းနိုင်တဲ့ပြဿနာကို ပညာရှိမဟောသဓ ရောက်လာတဲ့အခါ ဘုရင်ကြီးက “အဲဒီပတ္တမြားကို ရအောင်ရှာနိုင်မလား” လို့ မေးတယ်။

ရေကန်ကြီးကို သွားကြည့်ကြတယ်။ သွားကြည့်ရင်း မဟောသဓပညာရှိက အကဲခတ်လိုက်တယ်။ “ဒီပတ္တမြားက ရေကန်ထဲရှိတာ မဟုတ်ဘူး။ ဒီပြင်တစ်နေရာက အရောင်လာဟပ်နေတာ ဖြစ်နိုင်တယ်” လို့ စဉ်းစားတယ်။ အဲဒီရေကန်အနီးမှာ ထန်းပင်တစ်ပင်ရှိတယ်။ အဲဒီ ထန်းပင်ပေါ်မှာ ကျီးသိုက်ရှိတယ်။ ကျီးက ပတ္တမြားကိုချီလာပြီး အသိုက်ထဲထည့်ထားလို့ အရောင်လာဟပ်နေတာ။

မဟောသဓက မင်းကြီးကို သံတော်ဦးတင်တယ်။ “အရှင်မင်းကြီး၊ ဒီပတ္တမြားက ရေကန်ထဲမှာရှိတာ မဟုတ်ပါဘူး။” ဘုရင်ကြီးက “ဒါဖြင့် ဘယ်မှာရှိသလဲ။ ရေကန်ထဲမှာ အရိပ်ထင်နေတယ်။” “အရှင်မင်းကြီး၊ ကျွန်တော်မျိုးပြမယ်” ဆိုပြီး ရေတစ်ခွက် ခပ်ခိုင်းပြီး ရေခွက်ထဲမှာ အဲဒီအရောင်ကျရောက်တဲ့နေရာမှာ ထားလိုက်တဲ့အခါ အဲဒီ ရေဖလားထဲမှာ ပတ္တမြားအရောင် တောက်နေတယ်။

“အရှင်မင်းကြီး ကြည့်ပါ၊ ဒီရေခွက်ထဲမှာလဲ ပတ္တမြားရှိနေတယ်။ ဒါဟာ ရေကန်ထဲက ပတ္တမြားမဖြစ်နိုင်ဘူး။ ဟောဒီ

ထန်းပင်ပေါ်မှာ အသိုက်ရှိလိမ့်မယ်။ အဲဒီ အသိုက်ထဲက ပတ္တမြား က ဒီမှာ လာအရောင်ဟပ်တာ ဖြစ်နိုင်တယ်” လို့ လျှောက်တယ်၊ ထန်းပင်တက်သမားခေါ်ပြီး ထန်းပင်တက်ခိုင်းတယ်။ ထန်းပင် ပေါ်တက်ပြီး အဲဒီပတ္တမြားကိုယူပြီး ဘုရင်ကြီးလက်ကို အပ် လိုက်တယ်။

မဟောသဓပညာရှိဟာ ပတ္တမြားပြဿနာ အလွယ်တကူ ဖြေရှင်းပေးနိုင်တယ်။ ဘုရင်ကြီးက အလွန်ဝမ်းသာအားရဖြစ်ပြီး သူ့လည်ပင်းမှာဆွဲပြီး အမြဲတမ်းဝတ်ဆင်ထားတဲ့ ပုလဲသွယ်ကြီးကို ချွတ်ပြီး မဟောသဓအား ဆုတော်အနေနဲ့ ပေးလိုက်တယ်။ မဟောသဓရဲ့ အပေါင်းအသင်း လူငယ်တစ်ထောင်ကိုလည်းပဲ ပုလဲလုံးတစ်ကုံးစီ ဆုချတယ်။ ဒါဟာ ဘုရင်ကြီးက ဒုတိယအကြိမ် ဆုတော်လာဘ်တော်ချခြင်းပဲ ဖြစ်တယ်။

## ပုတ်သင်ကောင် ပြဿနာ

နောက်ထပ်ဖြေရှင်းစရာ ပြဿနာတစ်ခု ဖြစ်ပေါ်လာ တယ်၊ ဘုရင်ကြီး ဥယျာဉ်သွားတဲ့အခါမှာ ဥယျာဉ်အဝင်ဝမှာ မုခ်ကုန်း လုပ်ထားတာရှိတယ်။ **တောရဏ**လို့ ခေါ်တယ်။ အဲဒီ မုခ်ကုန်းပေါ်မှာ ပုတ်သင်ညိုတစ်ကောင်ရှိတယ်။ အဲဒီ ပုတ်သင် ညိုက ဘုရင်လာပြီဆိုရင် မုခ်ကုန်းပေါ်က အောက်ကိုဆင်းပြီး ခေါင်းလေးတငြိမ့်ငြိမ့် လုပ်ပြတယ်။ တစ်နေ့မဟုတ် တစ်နေ့ လုပ်ပြတော့ ဘုရင်ကြီးက “ငါ့ကို ခစားတာပဲ” ဆိုပြီး ပုတ်သင်ညို ကို နေ့တိုင်း အစာကျွေးတယ်။

တစ်ရက်တော့ ဘုရင်ကြီးက ဥယျာဉ်ကို လာတယ်။ အဲဒီနေ့မှာ ပုတ်သင်က ခါတိုင်းလို ဆင်းလာပြီးတော့ ဘုရင်ကြီးကို ခေါင်းလေးတဆတ်ဆတ် မလုပ်ဘူး၊ ဘုရင်ကြီးက "ဒီပုတ်သင်ကောင် ခါတိုင်းနဲ့ မတူပါဘူး၊ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာတုန်း"လို့ မဟောသဓကို မေးတယ်။

**နာယံ ပုရေ ဥန္နမတိ၊ တောရဏဂ္ဂေ ကကဏ္ဋကော၊**
**မဟောသဓ ဝိဇာနာ ဟိ၊ ကေန ထဒ္ဓေါ ကကဏ္ဋကော။**

"ဒီ တူရိုင်းမုခ်ကုန်းပေါ်မှာနေတဲ့ ပုတ်သင်ဟာ ခါတိုင်းဆိုရင် ငါ့ကို အလေးပြုတယ်။ မဟောသဓ မင်းစဉ်းစားစမ်း။ ဒီပုတ်သင်ဟာ ခါတိုင်းလို ငါ့ကိုအလေးမပြုဘဲ ဘာ့ကြောင့် မာန်မာန တစ်ခွဲသားနဲ့ အပေါ်မှာ ရပ်နေရသလဲ"တဲ့။

မဟောသဓပဏ္ဍိတပညာရှိက-

**အလဒ္ဓပုဗ္ဗံ လဒ္ဓါန၊ အဍ္ဎမာသံ ကကဏ္ဋကော၊**
**အတိမညတိ ရာဇာနံ၊ ဝေဒေဟံ မိထိလဂ္ဂဟံ။**

"ဘယ်တုန်းကမှ မရဖူးတဲ့ ပဲဝက်မျှသော ဒင်္ဂါးပြားလေးသူရထားတယ်။ အဲဒီ ရထားတဲ့အတွက်ကြောင့် မိထိလာနိုင်ငံကြီးကို အစိုးရတဲ့ ဝိဒေဟဘုရင်တောင်မှပဲ သူဟာ အထင်သေးတယ်။ 'ငါ့မှာလဲ ရွှေရှိတာပဲ'လို့ ပုတ်သင်ဟာ မာန်မာနတက်သွားတာပါ" လို့ ဖြေတယ်။

ဥယျာဉ်စောင့်ကို ခေါ်မေးလိုက်တယ်၊ "ဟုတ်ပါတယ်။ အသားမရတဲ့နေ့က သူလည်ပင်းဆွဲပေးမိတယ်"။ အဲဒါကို "ကကဏ္ဋကပဉှာ" ပုတ်သင်နဲ့ပတ်သက်တဲ့ မေးခွန်းပြဿနာလို့ ခေါ်တယ်။

ဘုရင်ကြီးက မဟောသဓပညာရှိအပေါ် ပို၍ ပို၍ အားကိုး ယုံကြည်လာတယ်။ အဲဒီတုန်းက ဆုတော်လာဘ်တော် အနေနဲ့ မိထိလာမြို့ မြို့တံခါး လေးဘက်လေးတန်က ဝင်တဲ့သူတွေထံမှ အခွန်ကောက်ခွင့်ရတယ်။ တံခါးတစ်ပေါက်မှာ တစ်နေ့ တစ်နေ့ အခွန်တစ်ထောင်ရတယ်။ အဲဒီရတဲ့ အခွန်တွေကို မဟောသဓ အား ကောက်စားခွင့် အပိုင်ပေးလိုက်တယ်။

## ဥဒုမ္ဗရဒေဝီ

နောက်တစ်ခါ ပြဿနာတစ်ခု ပေါ်လာပြန်တယ်။ "ဘုရင်ကြီးက မြို့ကိုလှည့်လည်ပြီး ကြည့်တဲ့အခါမှာ ဥဒုမ္ဗရဒေဝီ မိဖုရားက ဆင်စီးပြီး နောက်မှ အတူလိုက်ရတယ်။ တိုင်းသူ ပြည်သားတွေက ဘုရင်ကြီးသွားတဲ့လမ်းကို မြေညီအောင် လုပ်ကြ ရတယ်။ မိဖုရားက ဆင်စီးရင်း လူတစ်ယောက် ပေါက်တူး ပေါက်နေတာကိုကြည့်ပြီး ပြုံးပြလိုက်တယ်။ ဘုရင်ကြီးက မိဖုရား ပြုံးပြတာမြင်ပြီး အထင်လွဲသွားတယ်။

မိဖုရားကို စစ်မေးတဲ့အခါ မိဖုရားက အမှန်အတိုင်း လျှောက်တင်တယ်၊ "မိထိလာပြည်က ပိင်္ဂုတ္တရဆိုတဲ့ လူငယ် တစ်ယောက်ဟာ တက္ကသိုလ်ပြည်သွားပြီးပညာသင်တယ်။ သူဟာ စာကြိုးစားတယ်။ ဆရာကြီးရဲ့ လက်ထောက်ဖြစ်ခဲ့တယ်၊ ကျောင်းဆင်းတဲ့အခါမှာ ဆရာကြီးမေးသမီး ဖြေနိုင်တယ်၊ သင်တန်းပြီးဆုံးလို့ မိထိလာပြည်ကို ပြန်ဖို့လုပ်တယ်။ အဲဒီခေတ်က တက္ကသိုလ်ဆရာကြီးတွေမှာ ထုံးတမ်းစဉ်လာတစ်ခု ရှိတယ်။

အရွယ်ရောက်တဲ့သမီးပျိုရှိရင် အတော်ဆုံးကျောင်းသားနဲ့ ပေးစားလေ့ရှိတယ်။ အဲဒီတော့ ပိင်္ဂုတ္တရကို သူ့သမီးနဲ့ ပေးစားလိုက်တယ်။

ပိင်္ဂုတ္တရက ဆရာကြီးသမီးကို မကြိုက်ဘူး၊ မကြိုက်ပေမဲ့ ဆရာကြီးရဲ့ အစီအမံမို့ သူလက်ခံခဲ့ရတယ်။ ဆရာကြီးရဲ့ သမီးက ရုပ်ကလေးချောတယ်။ ဘုန်းကံလည်းကြီးတယ်။ ဘုန်းကံမရှိတဲ့ သူဟာ ဘုန်းကံကြီးမားတဲ့ အမျိုးသမီးနဲ့ မထိုက်တန်ဘူး။ မင်္ဂလာ ဆောင်ပြီး ဆရာကြီးထံမှာ တစ်ပတ်လောက် အတူတူ နေကြတယ်။

သို့သော် ညအိပ်တဲ့အခါ ပိင်္ဂုတ္တရ က ခုတင်ပေါ် အတူ မအိပ်ဘူး၊ အောက်ဆင်းအိပ်တယ်။ ဆရာကြီးသမီးက အောက်ဆင်းအိပ်ရင် သူက ခုတင်ပေါ် တက်အိပ်ပြန်တယ်။ အဲဒီလိုနဲ့ တစ်ပတ်ကြာနေထိုင်ကြပြီး မိထိလာကို ပြန်လာကြတယ်။ လမ်းမှာ ပိင်္ဂုတ္တရဟာ စကားတစ်ခွန်းမှ မပြောဘူး။ သူ့အဖို့ ဆရာကြီးသမီး ပါလာတာ နေရထိုင်ရခက်တယ်။

မိထိလာမြို့အနီး ရောက်တဲ့အခါ ရေသဖန်းပင်ကြီး တစ်ပင် တွေ့ရတယ်၊ အသီးတွေ ပြွတ်နေအောင်သီးတယ်။ ရေသဖန်း ပင်ဆိုတာ ပင်စည်မှာသီးတာ။ ပိင်္ဂုတ္တရက လမ်းသွားရင်း ဆာတာနဲ့ ရေသဖန်းသီးအပင်ပေါ်တက်ပြီး ရေသဖန်းသီး စားတယ်။

ဆရာကြီးသမီးက "သူ့ကိုလည်းပဲ ချပေးပါဦး။ သူလဲ စားချင်တယ်"ဆိုတဲ့အခါ "နင့်မှာလဲ ခြေနဲ့လက်နဲ့ နင့်ဘာနင် တက်စား" လို့ ပြောတယ်။ ဆရာကြီးသမီးက သူ့ဘာသာသူ

သစ်ပင်ပေါ် တက်ပြီး ရေသဖန်းသီးစားနေတဲ့အချိန် ပတ်ဝန်းကျင်မှာရှိတဲ့ ဆူးခက်တွေနဲ့ ပိတ်ဆို့ပြီး ပိဂ္ဂုတ္တရဟာ ထွက်ပြေးသွားတယ်။

အဲဒီအချိန်မှာ ဘုရင်ကြီးက ဥယျာဉ်ထွက်တဲ့အခါ အဲဒီအမျိုးသမီးကို သစ်ပင်ပေါ် မှာတွေ့ရတယ်၊ ဘုရင်ကြီးက မေးတယ်။ "ပိုင်ရှင်ယောကျ်ား ရှိလား၊ မရှိလား" မေးတယ်၊ အမျိုးသမီးက သူဟာ "တက္ကသိုလ်ဆရာကြီးရဲ့ သမီးဖြစ်ပါတယ်။ ဆရာကြီးက ကျောင်းသားကြီးတစ်ယောက်နဲ့ ပေးစားလိုက်တယ်။ ဒါပေမဲ့လို့ အဲဒီလူက ပစ်သွားလို့ အခုတော့ ပိုင်ရှင်မရှိပါဘူး" လျှောက်တယ်။ ဘုရင်ကြီးက နန်းတော်ခေါ် သွားတယ်။ ရေသဖန်းပင်ပေါ် မှ ရတာဖြစ်သောကြောင့် "ဥဒုမ္ဗရဒေဝီ" လို့ ခေါ်ကြတယ်။ ရေသဖန်းရဲ့ ပါဠိနာမည်က ဥဒုမ္ဗရ တဲ့။

အခုလို မိဘပေးစားတဲ့လူနဲ့ ပြန်ဆုံတဲ့အခါမှာ "ဒီလူဟာ ခုတော့ အမှုထမ်း ပင်ပင်ပန်းပန်းလုပ်စားနေရတဲ့ လူတစ်ယောက်ဖြစ်နေပြီ" ဆိုတဲ့အနေနဲ့ မိဖုရားက ပြုံးတယ်၊ အဲဒါကို ဘုရင်ကြီးက မြင်ပြီး အထင်လွဲသွားတယ်။

ဥဒုမ္ဗရဒေဝီက ပြောတယ်။ "မိဘက ပေးစားသော်လည်းပဲ သူတို့နှစ်ယောက်ဟာ ဘုန်းကံချင်းမတူလို့ ရေစက်မဆုံဘူး"လို့။ သေနကအမတ်ကြီးက "ဒါ မဖြစ်နိုင်ဘူး" လို့ ပြောတယ်။ မိဘက ပေးစားရဲ့သားနဲ့ ဒီလိုဖြစ်တယ်ဆိုတာ လောကမှာ မရှိနိုင်ဘူး။ အဲဒီမှာ မိဖုရားက သိပ်ကြောက်သွားတယ်။

## သိရိကာဠကဏ္ဏိ ပြဿနာ

ဘုရင်ကြီးက ကဲ- တခြားပညာရှိတွေကို ငါမေးဦးမယ် ဆိုတယ်။ "လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘုန်းကံချင်း မတူရင် ရေစက်မဆုံဘူးဆိုတာ ဖြစ်နိုင်သလား" ဘုရင်ကြီးက မဟောသဓကို မေးတယ်။

"အမျိုးသမီးတစ်ယောက် ရုပ်ကလဲ ချောတယ်။ အကျင့်စာရိတ္တလဲအလွန်ကောင်းတယ်။ ဒါပေမဲ့ ယောက်ျားတစ်ယောက်က အဲဒီအမျိုးသမီးကို လုံးဝမချစ်နိုင်ဘူး။ အဲဒါမျိုးရှိတယ်ဆိုတာ မင်းယုံကြည်သလား"တဲ့။

မဟောသဓပဏ္ဍိတက "**သဒ္ဒဟာမိ မဟာရာဇ၊** သူ ယုံပါတယ်။ လက်ခံတယ်တဲ့။ **ပုရိသော ဒုဗ္ဘဂေါ သိယာ၊** ယောက်ျားလုပ်တဲ့ ပုဂ္ဂိုလ်က ဘုန်းကံနည်းတဲ့လူ ဆိုလို့ရှိရင် ဘုန်းကံကြီးမားတဲ့ အမျိုးသမီးကို စိတ်မဝင်စားဘူး။ ရေစက်မဆုံနိုင်ဘူး။ **သိရီ စ ကာဠကဏ္ဏီ စ၊ န သမေန္တိ ကုဒါစနံ၊** လောကမှာတဲ့ ဂုဏ်ကျက်သရေရှိတဲ့ ပုဂ္ဂိုလ်နဲ့ ဂုဏ်ကျက်သရေယုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သောအခါမှ ပေါင်းစည်းမိခြင်း မရှိနိုင်ပါဘူးတဲ့။ ဒါ လူ့သဘာဝပါပဲ" လို့ ဖြေတယ်။

ဥဒုမ္ဗရဒေဝီဟာ အသက်ချမ်းသာရာ ရသွားတယ်။ မဟောသဓကို ကျေးဇူးတင်တယ်၊ မဟုတ်ရင် သူဟာ အသတ်ခံရမှာဖြစ်တယ်။ အဲဒီလို ပြဿနာကို ဖြေရှင်းလိုက်တဲ့အခါမှာ ဘုရင်ကြီးကလဲ ကျေးဇူးတင်သွားတယ်။ အကယ်၍ မဟောသဓသာ မရှိဘူးဆိုလို့ရှိရင် သူ့မှာ မိဖုရားတစ်ဦးဆုံးရှုံးသွားနိုင်တယ်။

သေနကအလိုဆိုလို့ရှိရင် ဒီမိဖုရားကို သူသေဒဏ်ပေးမိမှာ။ ခု မဟောသဓရဲ့ ကျေးဇူးကြောင့် ဒီမိဖုရားကို သူ မဆုံးရှုံးတာ ဖြစ်တယ်။

ဘုရင်ကြီးက ဆုတော်ငွေ တစ်သိန်းပေးတယ်။ ဥဒုမ္ဗရ ဒေဝီကလည်း "မဟောသဓ ကယ်ပေလို့ သူအသက်ရှင်ရတယ်" ဆိုပြီး ဘုရင်ကြီးဆီကို ခွင့်တောင်းတယ်။ "မဟောသဓကြောင့် အသက်ရှင်ရတော့ မဟောသဓကို မောင်လေးအဖြစ် မွေးစား ပါရစေ။" ဘုရင်ကြီးကခွင့်ပေးလိုက်တယ်။ နောက်မှာ မဟောသဓ ထံ စားစရာ ပို့ချင်တယ်ဆိုရင် အချိန်မရွေးပို့ခွင့် အာဏာကို ရတယ်။

ဘုရင့်နန်းတော်ဆိုတာ အချိန်နဲ့ တံခါးပိတ်ချိန်၊ အဲဒီလို အခါမျိုးမှာ စားစရာ သောက်စရာကို မဟောသဓအိမ်ကို ပို့ပေး ခွင့်ဆိုတဲ့ အခွင့်အရေးကိုပါ ဥဒုမ္ဗရဒေဝီကရရှိတယ်။ ဒါ နန်းတော် ရောက်ပြီးနောက် စတုတ္ထအကြိမ် ဆုလာဘ်ရခြင်းပဲ ဖြစ်တယ် ပေါ့။ "ပညာဆိုသည်မှာ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ အားလုံးကို ပြေလည်အောင် ဆောင်ရွက်ပေးနိုင်တဲ့ အစွမ်းသတ္တိ တစ်မျိုး ဖြစ်တယ်။"

## နိဂုံး

အရာရာမှာ ဆင်ခြင်စဉ်းစားတဲ့ ပညာအရည်အချင်းတွေ တိုးပွားအောင် ကိုယ်စီကိုယ်စီ ကြိုးစားအားထုတ်နိုင်ကြပါစေ ကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၅)

သာသနာတော်နှစ် ၂၅၆၂ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ ဦးတန်ခူးလဆန်း (၁၃)ရက်၊ မြန်မာနှစ်ဆန်းတစ်ရက်၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၇)ရက်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာကျောင်းတိုက် ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် မြန်မာ့နှစ်သစ်ကူး နှစ်ဦးမင်္ဂလာ အထူးဓမ္မသဘင်အခမ်းအနား၌ ဦးစန်းမြင့်+ဒေါ်ခင်သန်းဌေး (သမီး) မခင်ဇင်ဝင်း (စင်ကာပူ) မိသားစုတို့၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၅)"** တရားဒေသနာတော်။

ဝိဒေဟာဘုရင်ကြီးက သေနက၊ ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒဆိုတဲ့ ပညာရှိအမတ်ကြီးလေးဦးအပြင် လူငယ်လူရွယ်မျှသာဖြစ်သော ထိပ်တန်းပညာရှိတစ်ဦးဖြစ်တဲ့ မဟောသဓကို နန်းတွင်းသို့ ခေါ်ယူခစားစေတယ်၊ ပညာရှိတွေနဲ့ တိုင်ပင်ပြီး တိုင်းရေး

ပြည်ရေးကိစ္စကို စီမံဆောင်ရွက်ရင်း အခက်အခဲ ဟူသမျှကို ကျော်လွှားနိုင်တယ်၊ တိုင်းငယ်ပြည်ငယ်ပင် ဖြစ်သော်လည်း တိုးတက်တယ်။

သို့သော် ပညာရှိတွေမှာ အားကိုးလောက်သော အရည်အချင်း တကယ်ရှိ့မရှိ စမ်းလိုတဲ့စိတ်တွေ ဘုရင်ကြီးမှာ ဖြစ်ပေါ်လျက်ရှိတယ်။

တစ်နေ့သောအခါ ဝိဒေဟဘုရင်ကြီး နန်းတော် စင်္ကြန်ပတ်လမ်းမှာ လမ်းလျှောက်ရင်း နန်းရင်ပြင်ဘက်ကို လှမ်းပြီး ကြည့်လိုက်တယ်။ ခွေးတစ်ကောင်နှင့် ဆိတ်တစ်ကောင် အတူတူ အိပ်စက်နေကြတာကို မြင်ရတယ်။ ခွေးနှင့်ဆိတ်ဆိုတာ သဘာဝချင်း မတူဘူး။ ခွေးက အသားစားတယ်။ ဆိတ်က မြက်စားတယ်။ တစ်ကောင်နဲ့တစ်ကောင် အခုလို နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး နေတယ်ဆိုတာ အလွန်ရှားတယ်။

ဆိတ်နှင့်ခွေး ခင်မင်ရင်းနှီးစွာ နေထိုင်ကြတာကို မြင်ရတဲ့အခါ "ငါ့ရဲ့ ပညာရှိကြီးတွေဟာ တကယ်ရော ပညာရှိရဲ့လား စုံစမ်းဦးမယ်" လို့ စိတ်ကူးရတယ်။

ဘုရင်ကြီးက ပညာရှိတွေကို ဆင့်ခေါ်ပြီး "ငါ မေးခွန်းပုစ္ဆာတစ်ခုကို မေးမယ်။ နေ့လယ်စာ မစားခင်စပ်ကြားမှာ ငါ မေးတဲ့မေးခွန်းကို အဖြေပေးကြ၊ အကယ်၍ မပေးနိုင်ဘူးဆိုလို့ရှိရင် ငါ့အနားမှာ နေဖို့မသင့်ဘူး။ ငါ့နန်းတော်မှာ တကယ့်ပညာရှိတဲ့ ပုဂ္ဂိုလ်ကိုသာလျှင် ငါသဘောကျတယ်။ နလပိန်းတုံးတွေ ငါ့နားနေလို့ ဘာမှအကျိုးရှိမှာမဟုတ်ဘူး" လို့ ဘုရင်ကြီးက ပြောတယ်။

"လောကမှာ တစ်ဦးနဲ့တစ်ဦး ရန်စောင်နေတတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်၊ ဒီလို ရန်စောင်တဲ့ ပုဂ္ဂိုလ်နှစ်ဦးဟာ တခါတရံ ခင်မင်ရင်းနှီးပြီး ယုံကြည်စိတ်ချစွာ နီးနီးကပ်ကပ် နေနိုင်ကြတာ တွေ့ရတယ်။ အဲဒါ ဘာကြောင့်လဲ"။

ငါမေးတဲ့မေးခွန်းကို ငါသတ်မှတ်ပေးတဲ့ အချိန်အတွင်း အဖြေမထုတ်နိုင်ဘူးဆိုရင် မင်းတို့အားလုံးကို နန်းတော်က နှင်ထုတ်မယ်လို့ ဘုရင်ကြီးက အတည်ပေါက်နဲ့ ပြောလိုက်တယ်။

သေနကအမတ်ကြီး စဉ်းစားတယ်။ မိတ်ဆွေမဖြစ်ဖူးဘဲ တစ်ဦးနဲ့တစ်ဦး အနီးကပ် ယုံကြည်စိတ်ချစွာ နေထိုင်ကြတာ ဘာကြောင့်လဲဆိုတာ စဉ်းစားလို့မရဘူး။ ပုက္ကုသ လှမ်းကြည့်လိုက်တော့လဲ နှင်ထုတ်ခံမှာတွေးပြီး လန့်နေတယ်။ စဉ်းစားလဲ အဖြေက မထွက်ဘူး။ ကာမိန္ဒအမတ်ကြီးက ခေါင်းကြီးငိုက်စိုက်ကြီး ဖြစ်နေတယ်။ ဒေဝိန္ဒအမတ်ကြီးကလည်း စိတ်ပျက်တဲ့ အမူအရာ ပြနေတယ်။

သေနကအမတ်ကြီးကအကင်းတော့ပါးတယ်၊ မဟောသဓ ပညာရှိကို လှမ်းကြည့်တယ်၊ မဟောသဓက စဉ်းစားနေပုံပဲ၊ သူလဲ သိပုံမရဘူး၊ ဒီမေးခွန်းဟာ အလွန်ခက်ခဲတဲ့မေးခွန်း ဖြစ်တယ်။ အကယ်၍ မဖြေနိုင်ဘူးဆိုရင် တို့တတွေ နှင်ထုတ်ခံရတော့မယ်၊ အရှက်တကွဲ အကျိုးနည်းဖြစ်တော့မှာပဲလို့ စိတ်ပူနေကြတယ်။

သေနကအမတ်ကြီးက ဘုရင်ကြီးကို ရင်းနှီးတဲ့ အနေအထားနဲ့ ရိမောပြီး "အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ မေးခွန်းက အလွန်ခက်ခဲနက်နဲတယ်။ အခုလို လူသံတွေ ဆူညံနေတဲ့အချိန်

မှာ စဉ်းစားလို့ အဖြေထွက်မှာ မဟုတ်ဘူး။ အဲဒီတော့ ကျွန်တော်တို့ကို အချိန်ပေးပါ။ တိတ်ဆိတ်ငြိမ်သက်တဲ့အခါ တစ်ဦးတည်း စိတ်ဓာတ်တွေကို စုစည်းပြီး အရှင်မင်းကြီးရဲ့မေးခွန်းကို စူးစမ်းလိုက်ရင် ကေန်ဒိဌ ကျွန်ုပ်တို့ဖြေနိုင်မှာ ဖြစ်ပါတယ်။ အရှင်မင်းကြီး တစ်ရက်တော့ခွင့်ပြုပါ"လို့ခွင့်တောင်းတယ်။ မဟောသဓကလည်း ခေါင်းငြိမ့်ပြပြီး သဘောတူလိုက်တယ်။

ဘုရင်ကြီးက "ကောင်းပြီ၊ နက်ဖြန်ခါအဖြေပေးကြရမယ်။ မပေးနိုင်ဘူးဆိုလို့ရှိရင် အားလုံး နန်းတော်မှ နှင်ထုတ်ပစ်မယ်" လို့ ပြောတယ်။ အမတ်အားလုံး စိတ်ပျက်လက်ပျက်နဲ့ ထွက်ခွါသွားကြတယ်။ လမ်းမှာ တစ်ဦးနဲ့တစ်ဦး မေးစမ်းကြတယ်။ "ဘယ့်နှယ်လဲ၊ အဖြေကို စဉ်းစားမိကြပြီလား" ပုက္ကုသအမတ်ကြီးက သူ မစဉ်းစားမိဘူးတဲ့။ ဒေဝိန္ဒကလည်း မစဉ်းစားမိဘူး။ မဟောသဓကလည်း မစဉ်းစားမိသေးဘူး။ ဘုရင်ကြီးက ဘာကိုဦးတည်ပြီးပြောနေမှန်း မသိသေးဘူးလို့ဆိုပြီး အသီးသီး အိမ်ပြန်သွားကြတယ်။

တစ်ခါတစ်ရံ အကြောင်းအရာတစ်ခုကို တစ်ယောက်က ပြဿနာအဖြစ် မြင်ပေမယ့် ကျန်တဲ့လူက မြင်ချင်မှ မြင်တာ။ အခက်အခဲဆိုတာ လူတိုင်းမှာ ရှိတတ်တယ်။ ဘာကိုရည်ရွယ်ပြီးတော့ ဒီမေးခွန်းမေးမှန်းမသိဘူး၊ မဟောသဓပညာရှိက စဉ်းစားတယ်။ တကယ်တော့ ဘုရင်ကြီးဟာ ထက်မြတ်သူ မဟုတ်ဘူး။ ဘာတွေ့ပြီး ဒီမေးခွန်း ထုတ်နေတာလဲဆိုတာ စဉ်းစားတယ်။

မဟောသဓက ဥဒုမ္ဗရဒေဝီဆီ ချဉ်းကပ်ပြီး "အရှင်မိဖုရား၊ ဒီရက်ပိုင်းတွေမှာ ဘုရင်ကြီး ဘယ်နေရာမှာ အကြာကြီးရပ်ကြည့်နေတတ်သလဲ"လို့ မေးတယ်၊ ဥဒုမ္ဗရဒေဝီက "အေး- နန်းတော်စင်္ကြံလမ်း လေသာပြတင်းနားမှာ ရပ်ရပ်နေတာ တွေ့တယ်"လို့ ဖြေတယ်။ မဟောသဓက အဲဒီကနေ ကြည့်လိုက်တဲ့အခါ ဆိတ်တစ်ကောင်နဲ့ ခွေးတစ်ကောင် အိပ်နေတာ တွေ့ရတယ်။ "ဪ- ဒါကိုကြည့်ပြီး ဘုရင်ကြီးက မေးခွန်းထုတ်တာနေမှာပဲ" လို့ စဉ်းစားမိပြီး အေးအေးဆေးဆေး ပြန်သွားတယ်။

အမတ်ကြီးတွေ တစ်ညလုံး အိပ်မပျော်ရှာကြဘူး။ ငါတို့ အဖြေမပေးနိုင်ရင်တော့ ငါတို့နှင်ထုတ်ခံရတော့မှာပဲလို့ စိတ်ပူနေကြတယ်။ အမတ်ကြီးလေးဦး ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြတယ်၊ "မဟောသဓကောင်လေးကတော့ သိလောက်ပါတယ်။ သူက အကင်းပါးတယ်။ သူ့အိမ် သွားမေးကြရအောင်" လို့ တိုင်ပင်ပြီး သေနကအမတ်ကြီးဦးဆောင်ကာ မဟောသဓအိမ်ကို သွားကြတယ်။ အမတ်ကြီးတွေလာကြောင်း သတင်းပို့တဲ့အခါ မဟောသဓပညာရှိက ဝင်ခဲ့ပါဆိုလို့ အိမ်တွင်းဝင်သွားကြတယ်။

အမတ်ကြီးတွေက မေးခွန်းနဲ့ပတ်သက်ပြီး အဖြေရပြီလား မေးကြတယ်။ မဟောသဓက အဖြေရပြီလို့ ပြောတဲ့အခါ သူတို့ မရသေးဘူး။ မဖြေနိုင်ရင်တော့ နန်းတော်က နှင်ထုတ်တဲ့ဒဏ်ကို ခံရတော့မှာပဲ၊ ဘုရင်ဆိုတာ စိတ်လိုက်မာန်ပါ လုပ်တတ်တယ်။ မဖြေနိုင်ရင် ဒုက္ခရောက်တော့မှာ၊ အဖြေလေးသိရင် ပြောပါဦးလို့ မဟောသဓကို တောင်းပန်ကြတယ်။

မဟောသဓပညာရှိက "အကယ်၍ ငါမပြောရင် ဒီအမတ်ကြီးတွေ ဒုက္ခရောက်တော့မှာ" လို့ ငဲ့ညှာတယ်။ အဲဒီတော့ သူတို့ကို တစ်ဦးနဲ့တစ်ဦး မတူတဲ့အဖြေကို ပေးလိုက်တယ်။ အားလုံး နိဂုံးဆွဲတဲ့အခါမှာ ဆိတ်နဲ့ခွေးအကြောင်းပဲ ဖြစ်တယ်။ အဲဒီအဖြေကို မဟောသဓပညာရှိက သူတို့ကို သင်ပေးလိုက်တယ်။

နောက်ရက်မှာ အမတ်ကြီးတွေက ကြော့ကြော့နဲ့ နန်းတော်ထဲ ဝင်သွားကြတယ်။ ဘုရင့်ရှေ့မှာ သေနကအမတ်ကြီးက ထိပ်ကထိုင်တယ်။ မဟောသဓက နောက်ဆုံးအစွန်မှာ ထိုင်တယ်။

ပညာရှိငါးယောက် ဆုံဆည်းမိတဲ့အခါမှာ ဘုရင်ကြီးက "မောင်မင်းတို့ ဘယ့်နှယ်လဲ၊ ငါကိုယ်တော်မြတ် မေးထားတဲ့ မေးခွန်း အဖြေရကြလား"လို့ မေးလိုက်တယ်။ "အင်း၊ မှန်မှန်ကန်ကန် မဖြေနိုင်ရင်တော့ ငါပြောထားတဲ့အတိုင်း နန်းတော်က နှင်ထုတ်ရလိမ့်မယ်။ ငါ့နိုင်ငံမှာ နလပိန်းတုံးကို မထားဘူး၊ ပညာရှိမှ ငါမွေးမယ်" ခပ်တည်တည်နဲ့ ဘုရင်ကြီးက ပြောလိုက်တယ်။

သေနက အမတ်ကြီးက ဘုရင်ကြီးနဲ့ရင်းနှီးတော့ ဟဲဟဲနဲ့ ရီမောပြီး "ကျွန်တော်မျိုးမှ မဖြေနိုင်ရင် ဘယ်သူဖြေနိုင်မှာတုန်း။ ကျွန်တော်မျိုး အဖြေရပါပြီ"လို့ ဆိုတယ်။ ထိုအခါ ဘုရင်ကြီးက "မတည့်တဲ့ ရန်သူနှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး ကျောချင်းကပ်ပြီး နေကြတာ ဘာကြောင့်လဲ။ ဘာကြောင့် ရန်သူတွေဟာ မိတ်ဆွေ

ဖြစ်ပြီး တစ်ဦးနဲ့တစ်ဦး လက်တွဲနိုင်ကြတာလဲ။" အဲဒီမေးခွန်းကို ဖြေပါလို့ မိန့်တယ်။

မဟောသဓ သင်ပေးလိုက်တဲ့အတိုင်း သေနက အမတ်ကြီးက စပြီးဖြေတယ်။ (သူ့အဓိပ္ပါယ် နားမလည်ဘူး။ မဟောသဓ ပေးလိုက်တဲ့အတိုင်း အလွတ်ရအောင်ကျက်ပြီး ဖြေတာ။)

**"ဥဠကပုတ္တရာဇပုတ္တိယာနံ၊**

**ဥရဗ္ဘဿ မံသံ ပိယံ မနာပံ၊**

**န သုနခဿ တေ အဒေန္တိ မံသံ၊**

**အထ မေဏ္ဍဿ သုဏောန သချမဿ။"**

"မင်းညီမင်းသားတွေ၊ အထက်တန်းကျတဲ့ အမတ်ကြီးတွေ၊ မင်းစိုးရာဇာတွေဟာ သိုးသား၊ ဆိတ်သားကို မြတ်မြတ်နိုးနိုး စားကြတယ်။ ဒါပေမဲ့ ခွေးသားကိုတော့ မစားကြဘူး။ သိုးနှင့် ခွေးဟာ မိတ်ဆွေဖြစ်နေကြပါတယ်။"

အဲဒီတော့ ဘုရင်ကြီးက "သေနကအမတ်ကြီး ဖြေတာ ဟုတ်ပြီ။ နောက် ပုက္ကုသအမတ်ကြီး ဖြေစမ်းပါဦး။ ဘာကြောင့် ဆိုတာကို ပြောစမ်းပါဦး"

ပုက္ကုသအမတ်ကြီးက ဖြေတယ်။

**စမ္မံ ဝိဟာနန္တိ ဧဠကဿ၊**

**အဿပိဋ္ဌတ္ထရဿုခဿ ဟေတု၊**

**န စ တေ သုနခဿ အတ္ထရန္တိ၊**

**အထ မေဏ္ဍဿ သုဏောန သချမဿ။**

"ဆိတ်တစ်ကောင်ရဲ့ အရေကို အသုံးချပြီး မြင်းကုန်းနှီး လုပ်တယ်။ မြင်းပေါ်မှာတင်ပြီး စီးလေ့ရှိကြတယ်။ ဒါပေမဲ့

ခွေးရေကိုတော့ မြင်းပေါ်မှာတင်ပြီး စီးလေ့မရှိကြဘူး။ ဆိတ်နှင့် ခွေး သဘာဝချင်း မတူဘူး။ သို့သော် ဆိတ်နှင့်ခွေးဟာ မိတ်ဆွေ ဖြစ်နေကြတယ်။"

ဘုရင်ကြီးကလဲ ဆိတ်နဲ့ခွေးပါရင် သဘောကျတယ်။ "ကဲ-ကာမိန္ဒအမတ်ကြီးက ဖြေပါဦး"

**အာဝေဠိတသိင်္ဂီကော ဟိ မေဏ္ဍော၊**

**န စ သုနခဿ ဝိဿာဏကာနိ အတ္ထိ။**

"ဆိတ်မှာ ချိုရှိတယ်။ ခွေးမှာတော့ ချိုမရှိဘူး။ ဆိတ်က မြက်ကိုစားပြီး ခွေးက အသားကိုစားတယ်။ အဲဒီ ဆိတ်နှင့်ခွေးဟာ မိတ်ဆွေဖြစ်နေကြတယ်" လို့ ဖြေတယ်။

ဘုရင်ကြီးက "ဟုတ်ပြီ။ ဒေဝိန္ဒအမတ်ကြီး ဖြေပါဦး"လို့ မေးတယ်။ ဒေဝိန္ဒအမတ်ကြီးက ဖြေတယ်၊

**တိဏဘာသီ ပလာသမာသီ မေဏ္ဍော၊**

**န စ သုနခေါ တိဏမာသီ နော ပလာသံ။**

**ဂဏှေယျ သုဏော သသံ ဗိဋာရံ၊**

**အထ မေဏ္ဍဿ သုဏောန သချမဿ။**

"ဆိတ်က မြက်သစ်ရွက်စားပြီး ခွေးက မြက်မစားဘူး၊ သစ်ရွက်လည်း မစားဘူး၊ ခွေးက ယုန်တို့ ကြောင်တို့ကို ကိုက်ဖမ်းတယ်၊ ဆိတ်နဲ့ခွေးက မိတ်ဆွေဖြစ်ကြပါတယ်" သူ့အဖြေကို ဘုရင်ကြီးက လက်ခံလိုက်တယ်။

"ကဲ-မဟောသဓပေညာရှိ ဖြေစမ်းပါဦး"

မဟောသဓက ဖြေတယ်။

**အဋ္ဌမ္ပဒေါ စတုပ္ပဒဿ၊**
**မေဏ္ဍော အဋ္ဌနခေါ အဒိဿမာနော၊**
**ဆာဒိယမာဟရတိ အယံ ဣမဿ၊**
**မံသံ အာဟရတိ အယံ အမုဿ။**

"ဆိတ်ဟာ မမြင်ကွယ်ရာကနေပြီး ခွေးအတွက် အသားကို ယူပေးတယ်။ ခွေးက မြက်ကို ယူဆောင်ပေးတယ်။ အဲဒီလို သူတို့နှစ်ဦး ပေါင်းစပ်ပြီး ဆင်းရဲဒုက္ခတွေကနေလွတ်အောင် အချင်းချင်း အကူအညီပေးရင်း ခင်မင်ရင်းနှီးနေကြတာ။"

**ပါသာဒဝရဂတော ဝိဒေဟသေဋ္ဌော၊**
**ဝီတိဟာရံ အညမညဘောဇနာနံ။**
**အဒ္ဒက္ခိ ကိရ သက္ခိကံ ဖနိဿော၊**
**ဗုဘုက္ကဿ ပုဏ္ဏ္ကံမုခဿ စေတံ။**

"ဝိဒေဟဘုရင်ကြီးဟာ နန်းတော်ပေါ်ကနေလမ်းလျှောက်ရင်းနဲ့ ဆိတ်နဲ့ခွေး အပြန်အလှန် အကျိုးပြုပုံမြင်ပြီး ဒီမေးခွန်း ထုတ်တာပါ"လို့ ဖြေလိုက်တယ်။

ဘုရင်ကြီးက ဝမ်းသားအားရဖြစ်ပြီး "ငါ့နားက ပညာရှိတွေ တကယ်တော်ကြပါပေတယ်။ အင်မတန်ခက်ခဲတဲ့ မေးခွန်းကို တောင် ဖြေနိုင်ကြတယ်။ ငါဟာ အရမ်းကံကောင်းတယ်။ ဒီလို ပညာရှိတွေနဲ့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရတာ ငါ့အဖို့ အရမ်း ကံကောင်းတယ်။ အလွန်ခက်ခဲနက်နဲတဲ့ ပြဿနာကိုပဲ သူတို့ဟာ ဖြေဆိုနိုင်ကြပါပေတယ်" လို့ ချီးမွမ်းတယ်။

ဘုရင်ကြီးက အမတ်အားလုံးကို အသိတိုင်ရလားမြင်းကတဲ့ ရထား တစ်စီးစီ၊ စီးပွားရေးကောင်းတဲ့ ရွာကြီးတစ်ရွာစီ ဆုချလိုက်တယ်။

ဒီနေရာမှာ ဘုရင်ကြီးက ဘာကြောင့် ဒီမေးခွန်းထုတ်သလဲ။?

## နန်းတော်မှ ခွေးနဲ့ဆိတ်

ဘုရင်ကြီး နန်းတော်မှာ မွေးထားတဲ့ ခွေးတစ်ကောင်နဲ့ ဆိတ်တစ်ကောင်လဲရှိတယ်။ တစ်ရက်ကျတော့ အဲဒီဆိတ်က ဆင်တင်းကုပ်ဘက်ကိုသွားပြီး ဆင်တွေကျွေးတဲ့ မြက်ထုံးကို စားတယ်။ ဆင်ထိန်းတွေ တွေ့တဲ့အခါမှာ ဆိတ်ကို ကျောကော့အောင် ရိုက်လွှတ်လိုက်ကြတယ်။ ဆိတ်ဟာ နာကျင်လွန်းလို့ ဂိုဒေါင်ကြားလာပြီး အိပ်နေလိုက်တယ်။

ဘုရင့်စားတော်ချက်က ထမင်းဟင်း အသားငါးတွေ ချက်ပြီး ပူအိုက်လို့ အပြင်ဘက်ထွက် လေညှင်းခံနေတုန်း ဟင်းနံ့ရလို့ ခွေးက မနေနိုင်ဘူး။ စားတော်ချက်အလစ်မှာ အထဲဝင်ပြီး အိုးကိုဖွင့်ပြီး အမဲလုံးကိုဆွဲတယ်။ ခွက်သံကြားလို့ သွားကြည့်တဲ့ အခါ ခွေးလှန်စားနေတာလည်းမြင်ရော စားတော်ချက်က တံခါးပိတ်ပြီး ခွေးကိုရိုက်တယ်။ ခွေးဟာ ကျောကော့နေအောင် အရိုက်ခံရတယ်၊ နောက်ခြေထောက်တစ်ချောင်းမြောက်ပြီး သုံးချောင်းထောက်နဲ့ မြောက်စိမြောက်စိသွားပြီး ဂိုဒေါင်ကြားမှာ အိပ်နေတယ်။

ဆိတ်ရော ခွေးရော နှစ်ကောင်စလုံးမှာ ကျောကော့အောင် ရိုက်ခံထားရတဲ့အခါ ဆိတ်ကမေးတယ်။ ဘာဖြစ်လို့လဲ မေးတော့ ဒီလိုပဲ ဘုရင့်စားတော်ချက် မီးဖိုထဲဝင်ပြီးတော့ အသားစားမိလို့ ရိုက်ခံရတာဆိုတော့ ခင်ဗျားရော ဘာဖြစ်တာတုန်း မေးတယ်၊ ငါလဲကွာ ဆင်တင်းကုပ်ထဲသွားပြီးတော့ မြက်ဆွဲမိတာနဲ့ အရိုက်ခံလိုက်ရတာ။ အဲဒီလို နှစ်ယောက်စလုံးဟာ အစားအသောက်နဲ့ ပတ်သက်ပြီး အရိုက်ခံကြရတာ၊ ငါတို့နောက်ဆို မသွားရဲတော့ဘူး။

အဲဒီမှာ ဆိတ်ကစပြီး အကြံပေးတယ်။ အဲဒီတော့ မင်း အစာအတွက် ငါက စားဖိုချောင်နားသွားပြီး ရစ်သီရစ်သီ လုပ်မယ်။ ရစ်သီရစ်သီလုပ်ပြီးရင် အသားတုံးကို အလစ်သုတ်ပြီး ဒီနားချထားမယ်၊ အဲဒါမင်းစား။ တစ်ခါ ခွေးကလဲပြောတယ်၊ ခွေးဆိုတာ မြက်စားတဲ့အကောင် မဟုတ်တော့ ဆင်တင်းကုပ်နားသွား၊ ရစ်သီရစ်သီလုပ်ပြီး အလစ်ကို အဲဒီမြက်ထုံးကို ချီလာခဲ့ပြီး ဒီနားချထားမယ် မြက်ကို မင်းကစားလို့ ပြောတယ်။ အပေးအယူမျှသွားကြပြီး မိတ်ဆွေဖြစ်သွားကြတယ်။

လောကကြီးမှာ အပေးအယူမျှရင် မိတ်ဆွေဖြစ်ကြတယ်။ အပေးအယူမျှဖို့လိုတယ်။ သူ မလုပ်နိုင်တာ ကိုယ်လုပ်တယ်။ ကိုယ်မလုပ်နိုင်တာ သူလုပ်တယ်။ အဲဒီလို အပေးအယူ မျှလိုက်တဲ့အခါမှာ ခွေးနဲ့ဆိတ်ဟာ မိတ်ဆွေဖြစ်သွားကြတယ်။ အဲဒါကို သိထားတဲ့ဘုရင်ကြီးက ဒီမေးခွန်းကိုထုတ်လိုက်တာ ဖြစ်တယ်။

မဟောသဓ နန်းတော်ရောက်ပြီးနောက် ငါးခုမြောက် မေးခွန်းထုတ်တာပဲ ဖြစ်တယ်။ မေးခွန်းဖြေနိုင်လို့ ဆုလာဘ်တွေ အတူတူချလိုက်တဲ့အခါမှာ ဥဒုမ္ဗရဒေဝီက မကျေမနပ်ဖြစ်တယ်။ "အမတ်ပညာရှိကြီးလေးယောက်က သူတို့အကြံဉာဏ် မဟုတ်ဘူး။ သူ့ရဲ့မောင်လေး မဟောသဓဆီက ရထားတဲ့ အဖြေတွေသာ ဖြစ်တယ်။ လေးယောက်စလုံး ဆုအတူတူ ရတယ်ဆိုတာ မဖြစ်သင့်ဘူး"

ဘုရင်ကြီးထံ ရောက်တဲ့အခါ ဖွင့်ပြောတယ်။ "အရှင်မင်းကြီး၊ ဒီအဖြေဟာ ဘယ်သူပေးတာတုန်းသိလား။ မဟောသဓပညာရှိက ပေးတာ။ သူတို့တိုင်းပြည်က နှင်ထုတ်ခံရမှာစိုးလို့ သနားငဲ့ညာတဲ့အနေနဲ့ သူတို့ကို မဟောသဓပညာရှိက သင်ပေးထားတာ။ သင်ပေးတဲ့အတိုင်း သူတို့ဖြေကြတာ။ ဆုရတဲ့အခါကျတော့ အားလုံးအတူတူဆိုတော့ မဖြစ်သင့်ဘူး။ တကယ်ကတော့ ဒီအဖြေတွေ အားလုံးဟာ မဟောသဓရဲ့ အဖြေတွေပဲ" လို့ လျှောက်တယ်။

ဘုရင်ကြီးက "အေး၊ ငါ့သား မဟောသဓ စိတ်ကောင်းရှိတယ်။ သူသင်ပေးထားတာပါလို့ မပြောဘူး။ အားလုံးကို ငဲ့ညာပြီးလုပ်တယ်"

ဘုရင်ကြီးက "နေဦး၊ သူတို့နှစ်ယောက်ကို စကားရည်လုပွဲ လုပ်ခိုင်းမယ်။ တကယ့်အရည်အချင်းရှိတဲ့ပုဂ္ဂိုလ် ဘယ်သူဆိုတာကို Debate လုပ်ရင် သိနိုင်တယ်၊ Debate လုပ်ဖို့ အကြောင်းအရာ စဉ်းစားတဲ့အခါမှာ ပညာရှိသူနှင့် ဥစ္စာရှိသူ၊ ပညာနဲ့ဥစ္စာ

ဘယ်အရာကသာသလဲဆိုတာကို စဉ်းစားမိပြီး စကားရည်လုပွဲ စီမံတယ်။

## သိရိမန္တ (ဥစ္စာရှိ နဲ့ ပညာရှိ)

ပညာရှိအမတ်တွေကို အကုန်လုံး ဖိတ်ခေါ်လိုက်တယ်။ ပညာရှိငါးဦးစလုံး ဘုရင့်ရှေ့မှောက် ရောက်တဲ့အခါ သေနက အမတ်ကြီးက ထိပ်မှာထိုင်တယ်။ အစွန်မှာက မဟောသဓပညာရှိ ထိုင်တယ်။ အဲဒီမှာ ဘုရင်ကြီးက "ကဲ-ပညာရှိသူနဲ့ ဥစ္စာနေရှိသူ ဘယ်သူကသာလဲဆိုတာကို အကြောင်းအကျိုး ဆီလျော်အောင် တင်ပြကြရမယ်" လို့ မိန့်တယ်။

အဲဒီမှာ ဘုရင်ကြီးက စပြီး မေးလိုက်တယ်။

**"ပညာယုပေတံ သိရိယာ ဝိဟီနံ–** တစ်ဦးက ပညာနဲ့တော့ ပြည့်စုံတယ်။ ဒါပေမဲ့ ဥစ္စာနေမရှိဘူး။ **ယသဿသိနံ ဝါပိ အပေတ ပညံ–** နောက်တစ်ဦးက ဥစ္စာစည်းစိမ်များပြီး ပညာမရှိဘူး။ **ပုစ္ဆာမိ တံ သေနက ဇတမတ္တံ–** သေနကအမတ်ကြီး, အဲဒီ အကြောင်းကို ငါမေးမယ်။ **ကမေတ္ထ သေယျော –** ဥစ္စာရှိပြီး ပညာမရှိသူနှင့် ပညာရှိပြီး ဥစ္စာမရှိသူ အဲဒီနှစ်ယောက်ဟာ ဘယ်သူက သာသလဲ" ဒီမေးခွန်းကို ဖြေပါ။

သေနကအမတ်ကြီးက "လောကမှာ ပညာရှိတဲ့လူရဲ့ စကားနဲ့ ဥစ္စာရှိတဲ့လူစကား ဒီနှစ်မျိုးမှာ ဥစ္စာရှိတဲ့သူရဲ့စကားက အောင်တာများတယ်။ လူတွေက ပိုက်ဆံချမ်းသာတာ ပိုသဘော ကျကြတယ်။ ပညာက ချက်ပြုတ်စားလို့မှမရတာဆိုပြီး ဥစ္စာရှိတဲ့

လူဘက် လိုက်တတ်ကြတယ်။ ဒါကြောင့်မို့ ပညာရှိတာထက် ဥစ္စာရှိတာကပိုပြီး အောင်မြင်တယ်”လို့ တွေးတယ်။

## သေနကအမတ်

ဘုရင်ကြီးကလဲ မေးလိုက်ရော သေနကအမတ်ကြီးက ဖြေလိုက်တယ်-

**ဓီရာ စ ဗာလာ စ ဟဝေ ဇနိန္ဒ၊**

**သိပ္ပူပပန္နာ စ အသိပ္ပိနော စ၊**

“အရှင်မင်းကြီး၊ ပညာရှိ နှင့် လူမိုက်၊ အတတ်ပညာ ပြည့်စုံသူနဲ့ အတတ်ပညာ မရှိသူ။ အဲဒီ နှစ်ဦးဟာ **သုဇာတိ-မန္တောပိ အဇာတိမဿ၊** မျိုးရိုးကောင်းတဲ့သူနဲ့ မျိုးရိုးမကောင်းသူ။ လူ့လောကမှာ ဒီလိုကွဲပြားနေတာ ရှိပါတယ်။ **ယသဿိနော ပေသကရာ ဘဝန္တိ၊** ပညာရှိသူရော ပညာမရှိသူပါ အားလုံးဟာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူရဲ့ ဝန်ထမ်းပဲဖြစ်တယ်။ အားလုံးဟာ ဥစ္စာရှိသူရဲ့ အခိုင်းအစေတွေသာ ဖြစ်တယ်။ လောကကြီးရဲ့ တကယ့်အခြေအနေကို ပြောရမယ်ဆိုရင် **ပညော နိဟီနော၊** ပညာရှိသူက နိမ့်ကျတယ်။ **သိရီမာဝ သေယျော၊** ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူကပဲ မြတ်တယ်။

ရာထူးရှိတဲ့သူနဲ့ မရှိတဲ့သူလဲ အတူတူပဲ။ ရာထူးရှိတဲ့သူက မြတ်တယ်။ ပညာရှိရှိ မရှိရှိ ရာထူးရှိဖို့ပဲ အရေးကြီးတယ်။ ရာထူးရှိရင် ရာထူးအရှိန်နဲ့ သူက အမိန့်ပေးတယ်။ အဲဒီတော့ ပညာရှိရှိ မရှိရှိ ရာထူးရှိတဲ့သူက အထက်ကရောက်တယ်၊ အဲဒါ

https://thitsarparami.org

တွေဟာ လောကတွေရဲ့ သဘာဝပါပဲ။ ပညာရှိသူက နိမ့်ကျပြီး ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာရှိတဲ့လူက အထက်တန်း ကျပါတယ်”လို့ သေနကအမတ်ကြီးက အဖြေပေးလိုက်တယ်။

ပြန်လည်ချေဆိုဖို့အတွက် ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒတို့ကို မမေးတော့ဘူး။ အငယ်ဆုံးဖြစ်တဲ့ မဟောသဓဘက်ကို လှမ်းပြီး ဘုရင်ကြီးက မေးလိုက်တယ်။

“**တုဝမ္ပိ ပုဋ္ဌာပိ အနောမ ပည–** အလွန်ကြီးမားတဲ့ ပညာရှိ၊ **မဟောသဓ ကေဝလဓမ္မဒဿီ–** အကျိုးအကြောင်းကို ကောင်းကောင်းသိတဲ့ မဟောသဓ၊ **ဗာလံ ယသဿိံ ပဏ္ဍိတံ အပ္ပဘောဂံ–** လောကမှာ ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာရှိပြီး အသိဉာဏ်မရှိတဲ့ လူမိုက်ရယ်၊ ငွေကြေးဓနမရှိတဲ့ ပညာရှိပုဂ္ဂိုလ်ရယ် ဘယ်သူက မြတ်တယ်လို့ ပညာရှိတွေက ပြောကြသလဲ”

## မဟောသဓ

ထိုအခါ မဟောသဓ ဖြေတယ်-

“**ပါပါနိ ကမ္မာနိ ကရောတိ ဗာလော–** အရှင်မင်းမြတ်၊ ပညာမရှိတဲ့ ပုဂ္ဂိုလ်ဟာ မဟုတ်တာကို လုပ်တတ်တယ်။ **ဣဓမေဝ သေယျော ဣတိမညမာနော၊** ဤလောကမှာ တစ်ဘဝကောင်းစားဖို့က အရေးကြီးတယ်။ ပညာမရှိတဲ့ပုဂ္ဂိုလ်က နောင်ဘဝ ဘာဖြစ်ဖြစ် တစ်ဘဝကောင်းစားရေးတစ်ခုကိုပဲကြည့်တယ်။ မဟုတ်တာဆိုရင် အကုန်လုပ်တယ်။ လက်တွေ့ကျတာ ကောင်းတယ်။ ဝဖို့ရန် အရေးကြီးတယ်။ ‘နောင်ခါလာ နောင်ခါချေးပဲ’ ‘လသာတုန်းဗိုင်းငင်’ဆိုပြီး ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ

ပညာကင်းမဲ့တဲ့ လူမိုက်တွေဟာ ပစ္စုပ္ပန်ဘဝ ကောင်းစားရေး တစ်ခုတည်းကိုသာ ကြည့်တယ်။"

**"ဣဓလောကဒဿီ ပရလောကမဒဿီ၊** ဒီဘဝ ကောင်းစား ရေးကိုသာ ကြည့်တယ်။ နောင်ဘဝကောင်းစားရေးကို မကြည့် ဘူး။ **ဥဘယတ္ထ ဗာလော ကလိမဂ္ဂဟောဿိ၊** ပညာမဲ့တဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝမှာပဲဖြစ်ဖြစ်၊ နောင်ဘဝမှာပဲဖြစ်ဖြစ် အရှုံးကိုသာ ရတတ် ပါတယ်။"

ပညာမရှိဘူး ဆိုလို့ရှိရင် မဟုတ်တာတွေ လုပ်တတ်သည့် အတွက် ဒီဘဝလဲရှုံး နောင်ဘဝလဲရှုံးပါတယ်၊ ဒီဘဝရှုံးတာက ဂုဏ်သိက္ခာ၊ နောင်ဘဝကျ ရှုံးတာက ကောင်းရာသုဂတိဘုံ မရောက်ဘဲ ဒုဂ္ဂတိဘုံ ရောက်ရခြင်းပဲ။

**"တေမှိ ဒိသွာန အဟံ ဝဒါမိ–** ဒီလို လက်တွေ့ကျတဲ့ အကြောင်းအရာတွေကို ကျွန်တော်မျိုး မြင်သောကြောင့် **ပညောဝ သေယျော၊** အသိပညာရှိသူကသာ မြတ်ပါတယ်။ **န ယဿီ ဗာလော၊** စည်းစိမ်ဥစ္စာရှိတဲ့ ရာထူးကြီးတဲ့ ဗာလဟာ မကောင်း ပါဘူး၊ ပညာရှိမှသာ ကောင်းပါတယ်"လို့ မဟောသဓ ပညာရှိ ဘက်က ချေဆိုတယ်။

ဘုရင်ကြီးက "ကဲ၊ သေနကအမတ်ကြီး နောက်ထပ် အကြောင်း ပြစမ်းပါဦး" သေနကအမတ်ကြီးက ပြောပြန်တယ်။

## သေနကအမတ်

**နိသိပ္ပမေတံ ဝိဒဓာတိ ဘောဂံ၊**

**န ဗန္ဓုဝါ န သရီရဝဏ္ဏော ယော။**

**ပဿေဠမူဂံ သုခမေဓမာနံ၊**

**သိရီ ဟိ နံ ဘဇတေ ဂေါရဝိန္ဒံ။**

"ပညာမရှိချင် နေပါစေ၊ စည်းစိမ်ဉစ္စာရှိတဲ့ ပုဂ္ဂိုလ်ဟာ ငွေကြေးခနကို အသုံးချနိုင်တယ်။ **န ဗန္ဓုဝါ န သရီရ ဝဏ္ဏော၊** ဆွေတွေမျိုးတွေဆိုတာ အရေးမပါပါဘူး၊ ရုပ်ရည်လှတာ မလှတာလဲ တကယ့်အရေးမပါဘူး။"

"ကြည့်လေ၊ ဝိဒေဟနိုင်ငံ၊ မိထိလာမြို့မှာ ဂေါရဝိန္ဒ ဆိုတဲ့ သူဌေးကြီးရှိတယ်။ ငွေကြေးခနေ အလွန်ချမ်းသာတယ်။ သူစကားပြောတိုင်းပြောတိုင်း ပါးစပ်က သွားရည်ထွက်ကျတယ်။ ရုပ်ရည်ကလဲမရှိဘူး။ သို့သော် သူ့နားမှာ အချောအလှ အမျိုးသမီးတွေ ရံနေတယ်။ သူစကားပြောလိုက်လို့ ပါးစပ်က သွားရည်ယိုကျတယ်ဆိုရင် အမျိုးသမီးလေးတွေက ကြာပွင့်လေးနဲ့ ခံယူကြရတယ်။ အဲဒီ ကြာပွင့်လေးတွေကို အိမ်အောက်ချလိုက်ရင် အရက်သမားတွေက လုကြတယ်။ သွားရည်သုတ်ပြီး ချလိုက်တဲ့ ကြာပွင့်ကို အမြတ်တနိုးယူကြတယ်။"

"ဂေါရဝိန္ဒသူဌေးကြီးဟာ ပိုက်ဆံကြွယ်ဝ ချမ်းသာသည့် အတွက်ကြောင့် သူ့ကိုဝန်းရံပြီး ပြုစုနေတဲ့ ပုဂ္ဂိုလ်တွေအများကြီး ရှိတယ်။ အဲဒါကို ထောက်ကြည့်မယ်ဆိုလို့ရှိရင် **သိရီ ဟိ နံ ဘဇတေ ဂေါရဝိန္ဒံ–** သူ့ရဲ့ဂုဏ်ကျက်သရေဟာ ပစ္စည်းဉစ္စာ

ကြွယ်ဝခြင်းပဲဖြစ်တယ်။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်းကြောင့် သူဟာ အရာရာကိစ္စပြီးနေတယ်။ ဘာအသိဉာဏ်မှ မလိုဘူး။ ပိုက်ဆံရှိရင် အကုန်ဖြစ်တယ်။ (အခုခေတ် အချို့ပြောသလို ငွေရှိရင် အားလုံးဖြစ်တယ်။) **တေမွိ ဒိသွာန အဟံ ဝဒါမိ၊** အဲဒါကိုတွေ့လို့ ကျွန်တော်မျိုး အတိအကျ ပြောရပါတယ်။ **ပညော နိဟီနော၊** ပညာရှိတဲ့ပုဂ္ဂိုလ်ဟာ အောက်တန်းကျတယ်နော်။ **သိရီမာဝ သေယျော၊** ပိုက်ဆံချမ်းသာသူက ပိုပြီးမြတ်ပါတယ်"

သေနကအမတ်ကြီးက ဒုတိယအကြိမ် အကြောင်းပြပြီး ပြောဆိုလိုက်တယ်။ ဒီအချက်ကို မဟောသဓ ချေပရတယ်။ "ကဲ-မဟောသဓ ဘယ်လိုပြောမလဲ" လို့ ဘုရင်ကြီးမေးတယ်။ မဟောသဓပညာရှိက ထိုအချက်ကို ချေပတယ်။

### မဟောသဓ

"**လဒ္ဓါ သုခံ မဇ္ဇတိ အပ္ပပညော**– အသိပညာနည်းတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းသာသုခရရင် မေ့မေ့လျော့လျော့ နေတတ်တယ်။ ကိုယ့်ကိုယ်ကို အထင်ကြီးတတ်တယ်။ ကောင်းတဲ့အလုပ်ကို မလုပ်ဘူး၊ စည်းစိမ်ဥစ္စာနဲ့ ယစ်မူးတတ်တယ်။ **ဒုက္ခေန ဖုဋ္ဌောပိ ပမောဟမေတိ** – ဆင်းရဲဒုက္ခ ကြုံတဲ့အခါမှာလည်း တွေဝေတတ်တယ်။ **အာဂန္တုနာ ဒုက္ခသုခေန ဖုဋ္ဌော၊ ပဝေဓတိ ဝါရိစရောဝ ဃမ္မေ**– နွေရာသီမှာ ရေနည်းလာတဲ့အခါ ရေထဲကငါးတွေဟာ ထွန့်ထွန့်လူးပြီးနေကြသလို အခက်အခဲကြုံလာပြီဆိုရင် ငွေကြေး ခနချမ်းသာတဲ့ ပုဂ္ဂိုလ်တွေဟာ စိတ်နှလုံးတုန်လှုပ်လေ့ရှိကြတယ်။

အဲဒါကိုကြည့်ရင် ပညာရှိက ပိုကောင်းတယ်။ ဥစ္စာရှိတဲ့သူက မကောင်းပါဘူး"။

အဲဒီလို ချေဆိုလိုက်တဲ့အခါမှာ ဝိဒေဟဘုရင်ကြီးက "သေနကအမတ်ကြီး ဘာပြောချင်သေးလဲ" လို့ မေးတဲ့အခါ သေနကအမတ်ကြီးက ပြောတယ်။

## သေနကအမတ်

"**ဒုမံ ယထာ သာဒုဖလံ အရညေ၊ သမန္တတော သမဘိသရန္တိ ပက္ခီ**– အရှင်မင်းကြီး၊ အသီးတွေ ညွတ်နေအောင် သီးတဲ့ သစ်ပင်ကြီးသို့ အရပ်လေးမျက်နှာမှ ငှက်တွေ စုပြုံပြီး ရောက်လာတတ်ကြပါတယ်။ **ဝေဝမ္ပိ အဍ္ဎံ သဓနံ သဘောဂံ ဗဟုဇ္ဇနော ဘဇတိ အတ္ထဟေတု**– ချမ်းသာကြွယ်ဝပြီး စည်းစိမ် ဥစ္စာရှိတဲ့ပုဂ္ဂိုလ်ထံ လူအများစုကလာရောက်ပြီး ဝန်းရံကြတယ်။ ခစားကြရတယ်။ အဲဒီအချက်ကိုကြည့်ပြီး ကျွန်တော်မျိုးက ရဲရဲ ပြောပါတယ်။ စီးပွားဥစ္စာခနကြွယ်ဝသူက ပညာရှိတဲ့ပုဂ္ဂိုလ်ထက် မြတ်ပါတယ်"

ကဲ-မဟောသဓ ဒီအချက်ကို ဘယ်လိုချေပမှာလဲ။

## မဟောသဓ

"**န သာဓု ဗလဝါ ဗာလော**– အသိပညာမရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုပဲ ခွန်အားဗလကောင်းကောင်း၊ လူကောင်း မဖြစ်ပါဘူး။ **သာဟသာ ဝိန္ဒတေ ဓနံ**– သူဟာ အနိုင်ကျင့်ပြီး စီးပွားဥစ္စာကို

ရှာတတ်ပါတယ်။ **ကာန္တာရမေတံ ဒုမ္မေဓံ၊ ကမ္ဗုန္တိ နိရယံ ဘုသံ–** ဒီအသိပညာမရှိတဲ့ပုဂ္ဂိုလ်ဟာ အမှားအယွင်းတွေ ပြုလုပ်ခြင်းကြောင့် သေတဲ့အခါ အော်ဟစ်ငြီးငြူနေစဉ် ငရဲကို ဆွဲချခြင်း ခံရပါတယ်။ ဒါကြောင့် အသိပညာကင်းမဲ့သူဟာ မကောင်းဘူး။ ပညာရှိတဲ့ ပုဂ္ဂိုလ်ကသာ မြတ်တယ်လို့ ကျွန်တော်မျိုး ဆိုရပါတယ်"။

ဘုရင်ကြီးက "သေနကအမတ်ကြီး ဘာပြောချင်သေးလဲ" ဆိုတော့ သေနကအမတ်ကြီးက ယခုလိုပြောတယ်။

## သေနကအမတ်

**"ယာ ကာစိ နဒ္ဒော ဂင် မဘိဿဝန္တိ–** လောကမှာ ရှိသမျှ မြစ်တွေဟာ ဂင်္ဂါမြစ်မှာ ပေါင်းဆုံကြတယ်။ **သဗ္ဗာဝ တာ နာမဂေါတ္တံ ဇဟန္တိ –** ဂင်္ဂါမြစ်ထဲ ရောက်လာတဲ့အခါ မြစ်အားလုံးဟာ သူတို့ရဲ့ အမည်နာမတွေကို စွန့်ကြရတယ်။ ဂင်္ဂါမြစ်ဟာလည်းပဲ သမုဒ္ဒရာထဲကို ရောက်သွားလို့ရှိရင် သမုဒ္ဒရာရေအဖြစ် ပေါင်းစပ်သွားကြရတယ်။ ပညာဘယ်လောက်တတ်တတ် ပစ္စည်းဉစ္စာရှိသူရဲ့ ဝန်ထမ်းပဲဖြစ်ရပါတယ်။ အားလုံးဟာ ပစ္စည်းဉစ္စာ ချမ်းသာကြွယ်ဝတဲ့ ပုဂ္ဂိုလ်ထံမှာ ဝင်ရောက်ပြီး ခစားကြရတယ်"။

အဲဒီအချက်ကို မဟောသဓေ ခုလိုချေပတယ်၊

**မဟောသဓ**

“**ယမေတမက္ခာ ဥဒဓိံ မဟန္တံ၊ သဝန္တိ နဇ္ဇော သဗ္ဗကာလမသင်္ချံ**– အလွန်ကြီးမားတဲ့ ပင်လယ်သမုဒ္ဒရာထဲ မြစ်ရေတွေ အားလုံး ဝင်ရောက်သွားကြရတယ်။ **သော သာဂရော နိစ္စမုဠာရဝဏ္ဏော**– ပင်လယ်ရေဟာ အမြဲတမ်း လှိုင်းထန်ပြီး တဝုန်းဝုန်း အသံပြုနေတာဖြစ်တယ်။ သို့သော် အဲဒီ ပင်လယ်ရေဟာ လျှံတက်တယ်လို့ မရှိဘူး။ ကမ်းကို ဘယ်တော့မှ မကျော်ပါဘူး။ အဲဒါမျိုးလိုပါပဲ၊ လူမိုက်တွေ စီးပွားဉစ္စာကြီးပြီး ဘယ်လောက်ပဲပျော်နေနေ သူတို့ဟာ ပညာရှိကို ဘယ်တော့မှ မကျော်နိုင်ပါဘူး။ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ပညာရှိရဲ့ အဆုံးအဖြတ်ကို ရယူကြရတာပါ။ ဒါကြောင့်မို့ ဒီအချက်ကို ထောက်ထားကြည့်မယ်ဆိုရင် ပညာရှိတဲ့ပုဂ္ဂိုလ်ကသာ မြတ်ပါတယ်။

အဲဒီလို မဟောသဓက ချေဆိုလိုက်တဲ့အခါ ဘုရင်ကြီးက “ဒီအချက်နဲ့ ပတ်သက်ပြီးတော့ သေနကအမတ်ကြီး ဘာပြောမလဲ” မေးတဲ့အခါ သေနက အမတ်ကြီးက ထပ်မံအကြောင်းပြတယ်။

**သေနကအမတ်**

**အသညတော စေပိ ပရေသမတ္ထံ၊**
**ဘဏာတိ သန္ဓာနဂတော ယသဿီ၊**
**တဿေဝ တံ ရူဟတိ ဉာတိမဇ္ဈေ၊**
**သိရီ ဟိ နံ ကာရယတေ န ပညာ။**

"လောကမှာ သူတစ်ပါး အကျိုးစီးပွားကို ညွှန်ပြနိုင်တဲ့ ပညာမရှိချင်လဲနေပါစေ၊ နောက်ဆုံးမှာ ဂုဏ်ရှိသရေရှိ စည်းစိမ် ဥစ္စာ ကြွယ်ဝချမ်းသာတဲ့ပုဂ္ဂိုလ်ဟာ လူကြားသူကြားထဲမှာ စကား ပြောပြီဆိုရင် သူ့စကားကိုပဲ အရေးယူကြတယ်။ ပညာရှိစကားကို ဘယ်သူမှ အရေးမယူဘူး။ ပိုက်ဆံချမ်းသာတဲ့လူရဲ့ စကားကို အရေးယူကြတယ်။ ဒီအတိုင်းပါပဲ။ ပိုက်ဆံချမ်းသာတဲ့သူရဲ့ စကားကသာ အောင်တယ်။ အဲဒီလို အောင်မြင်မှုဟာ သူ့ရဲ့ ဓနဂုဏ်ကြောင့်သာဖြစ်တယ်။ ပညာဂုဏ်ကြောင့် မဟုတ်ပါဘူး။ ဒီအချက်ကို ကြည့်မယ်ဆိုလို့ရှိရင်လဲ ပညာရှိသူဟာ နိမ့်ကျပြီး စည်းစိမ်ဥစ္စာနဲ့ကြွယ်ဝသူကသာ မြတ်ပါတယ်။"

ဘုရင်ကြီးက "ဒီအချက်နဲ့ ပတ်သက်ပြီး မဟောသဓ ဘယ်လိုချေပမလဲ" မေးတဲ့အခါ မဟောသဓ ပညာရှိက ချေပ ပြောဆိုတယ်။

**မဟောသဓ**

**"ပရဿ ဝါ အတ္တနော ဝါပိ ဟေတု၊ ဗာလော မုသာ ဘာသတိ အပ္ပပညော–** အသိဉာဏ်မရှိတဲ့ လူမိုက်ဟာ ကိုယ့် အတွက်ပဲဖြစ်ဖြစ်၊ သူများအတွက်ပဲဖြစ်ဖြစ် မမှန်မကန် ပြောလေ့ ရှိတယ်။ **သော နိန္ဒိတော ဟောတိ သဘာယ မဇ္ဈေ–** အဲဒီလို မမှန်မကန်တွေ ပြောသည့်အတွက် လူတကာရဲ့ ကဲ့ရဲ့မှုကို ခံရ တတ်ပါတယ်။ **ပစ္ဆာပိ သော ဒုဂ္ဂတိဂါမီ ဟောတိ–** နောက်ဘဝ ကျတော့လဲ မကောင်းတဲ့ဘဝ ရောက်ရပါတယ်။ ဒီအချက်ကို

ထောက်ထားပြီး ပညာရှိတဲ့ပုဂ္ဂိုလ်ကသာ ဥစ္စာရှိသူထက် ပိုမြတ်ပါတယ်။”

ဘုရင်ကြီးက “ကဲ- သေနက ဘာပြောဦးမလဲ”

**သေနကအမတ်**

**အတ္ထမ္ပိ စေ ဘာသတိ ဘူရိပညော၊**
**အနာဠှိယော အပ္ပဓနော ဒလိဒ္ဒေါ၊**
**န တဿ တံ ရူဟတိ ဉာတိမဇ္ဈေ၊**
**သိရီ စ ပညာဏဝတော န ဟောတိ။**

“ပညာရှိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လောက်ပဲအကျိုးအကြောင်း ညီညွတ်တဲ့စကား ပြောပါစေ ဥစ္စာဓနမရှိဘူးဆိုရင် သူ့စကား မအောင်ဘူး။ သူ့စကားကို ဘယ်သူကမှ မမှတ်ယူကြဘူး။ ဒါကြောင့်မို့ ပညာရှိရုံနဲ့မဖြစ်ဘူး။ ပစ္စည်းဥစ္စာဓနရှိမှ အရာရာမှာ ကိစ္စပြီးပါတယ်၊ ဒီအချက်ကိုကြည့်ပြီး ပညာရှိသူထက် ဥစ္စာဓန ရှိသူက ပိုပြီးမြင့်မြတ်ပါတယ်။”

“မဟောသဓကော ဘယ်လိုပြန်ချေပတုန်း” ဘုရင်ကြီးက ဆိုတဲ့အခါ-

**မဟောသဓ**

**ပရဿ ဝါ အတ္တနော ဝါပိ ဟေတု၊**
**န ဘာသတိ အလိကံ ဘူရိပညော။**

“ပညာရှိတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်အတွက်ဖြစ်စေ၊ သူတစ်ပါး အတွက်ဖြစ်စေ မမှန်မကန်စကားမျိုးကို ပြောလေ့မရှိပါဘူး။

အဲဒီလို မပြောသည့်အတွက်ကြောင့် လူလယ်ခေါင်မှာ ဂုဏ်သိက္ခာ ရှိပါတယ်" **သော ပူဇိတော ဟောတိ၊ သဘာယ မဇ္ဈေ-** လူကောင်းသူကောင်းတွေရဲ့ အလယ်မှာ ပညာရှိသူဟာ ချီးမွမ်း ခံရတဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ ဒါကိုကြည့်ပြီး ပညာရှိတဲ့ပုဂ္ဂိုလ်ကသာ မြတ်ပါတယ်၊ အထက်တန်းကျပါတယ်။ စည်းစိမ်ဥစ္စာရှိတဲ့ပုဂ္ဂိုလ် ဟာ မမြတ်ပါဘူး။"

အဲဒီမှာ အမတ်ကြီးက ယခုလို အကြောင်းပြန်ပါတယ်။

**သေနကအမတ်**

**ဟတ္ထီ ဂဝါဿာ မဏိကုဏ္ဍလာ စ၊**
**ထိယော စ ဣဒ္ဓေသု ကုလေသု ဇာတာ၊**
**သဗ္ဗာဝ တာ ဥပဘောဂါ ဘဝန္တိ၊**
**ဣဒ္ဓဿ ပေါသဿ အနိဒ္ဓိမန္တော။**

"လောကကြီးမှာ ဆင်တွေ၊ မြင်းတွေ၊ ရတနာတွေ အမျိုး သမီး အချောအလှလေးတွေ အားလုံးဟာ ခနရှင်ရဲ့ အသုံး တော်ခံများ ဖြစ်ကြပါတယ်၊ ဥစ္စာမဲ့သူအတွက် မဖြစ်ကြပါ။ ဒါကို ထောက်ထားကြည့်ပြီး စီးပွားဥစ္စာရှိသူက ပညာရှိသူထက် သာလွန်တယ်လို့ ဆိုနိုင်ပါတယ်"။

မဟောသဓက ထိုအဆိုကို ယခုလို ချေပတယ်။

**မဟောသဓ**

"**အသံဝိဟိတကမ္မန္တံ၊ ဗာလံ ဒုမ္မေဓမန္တိနံ၊** လောကကြီးမှာ စီမံခန့်ခွဲတတ်မှုမရှိဘူးဆိုရင် အကုန်ဆင်းရဲတာပဲ။ စီမံခန့်ခွဲမှု

တတ်ရင် ဆင်းရဲတဲ့ပုဂ္ဂိုလ်တောင် ချမ်းသာနိုင်တယ်။ စနစ်တကျ စီမံမခန့်ခွဲတတ်တဲ့၊ အသိပညာမရှိတဲ့ လူမိုက်ကို ဂုဏ်ကျက်သရေဟာ စွန့်ခွာသွားတတ်ပါတယ်။ ဥပမာမယ်-မြွေတစ်ကောင်ဟာ အရေဟောင်းကို လဲသလိုပဲ။ အဲဒါကြောင့် စီးပွားဥစ္စာဘယ်လောက်ပဲရှိရှိ မမြတ်ပါဘူး။"

ဒီအကြိမ်မှာ သေနကအမတ်ကြီးက မဟောသဓ မလှုပ်နိုင်အောင် နောက်ဆုံးလက်နက်ကို အသုံးချပြီး ယခုလို ဆိုလိုက်ပါတယ်။

## သေနကအမတ်

"**ပဉ္စ ပဏ္ဍိတာ မယံ ဘဒ္ဒန္တေ–** အရှင်မင်းကြီး စဉ်းစားကြည့်ပါ။ ကျွန်တော်တို့ ပညာရှိငါးဦးဟာ။ **သဗ္ဗေ ပဉ္စလိကာ ဥပဋ္ဌိတာ–** အရှင်မင်းကြီးကို လက်အုပ်ချီပြီး ခစားနေရပါတယ်။ **တွံ နော အဘိဘုယျ ဣဿရောသိ–** အရှင်မင်းကြီးဟာ ကျွန်တော်တို့ကို လွှမ်းမိုးအစိုးရသူဖြစ်ပါတယ်။ **သက္ကောဝ ဘူတပတိ ဒေဝရာဇာ–** နတ်တို့ကို အုပ်စိုးတဲ့ သိကြားမင်းကြီးလိုပါပဲ"

အရှင်မင်းကြီးကို ကျွန်တော်မျိုးတို့ ခစားနေရတာကြည့်ပါ။ အရှင်မင်းကြီးလို စည်းစိမ်ဥစ္စာ ဂုဏ်သတင်းကြွယ်ဝတဲ့ ပုဂ္ဂိုလ်ကို ပညာရှိတွေက ခစားနေရတယ်။ ဒါကြောင့်မို့ ပညာရှိက အောက်တန်းကျပါတယ်၊ စည်းစိမ်ဥစ္စာကြွယ်ဝပြီး ရာထူးဂုဏ်သိမ်ရှိတဲ့ ပုဂ္ဂိုလ်က ပိုပြီးမြတ်ပါတယ်လို့ ဆိုချင်ပါတယ်။

ဒီနေရာ မဟောသဓလို ပညာရှိမဟုတ်ဘူးဆိုရင် လှန်ဖို့ရာ ခက်သွားပြီ။ ဘာလို့လဲဆို ဘုရင်ကြီး ထိခိုက်တော့မှာလေ။ မဟောသဓက လိမ္မာပါးနပ်စွာ ယခုလို ပြန်လည်ချေပလိုက်တယ်။

**မဟောသဓ**

**ဒါသောဝ ပညဿ ယသဿီ ဗာလော၊**

**အတ္တေသု ဇာတေသု တထာဝိဓေသု။**

"ဘယ်လောက်ပဲ စည်းစိမ်ဥစ္စာ ရာထူးဂုဏ်တွေရှိပါစေ ကိစ္စဝိစ္စ ပေါ်လာလို့ရှိရင် ပညာရှိကို တိုင်ပင်ရတယ်။ ဘုရင်ကိုယ်တိုင်ကလည်း ပညာရှိတွေဆီ အကြံဉာဏ်တောင်းရပါတယ်။ အဲဒီတော့ နောက်ဆုံးမှာ ဘယ်လောက်ပဲ ရာထူးဂုဏ်သိမ် စည်းစိမ်တွေ ကြီးမားပါစေ၊ အခက်အခဲတွေ ကြုံလာပြီဆိုရင် ပညာရှိကို အကူအညီတောင်းရတာဖြစ်ပါတယ်။"

**ယံ ပဏ္ဍိတော နိပုဏံ သံဝိဓေတိ၊**

**သမ္မောဟမာပဇ္ဇတိ တတ္ထ ဗာလော။**

"အဲဒီအချိန်မှာ ပညာမရှိဘူးဆိုရင် ဘုရင်ကြီးကို ဘယ်သူမှ ကူညီနိုင်မှာမဟုတ်ပါဘူး။ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာ၊ ရာထူးတွေ မြင့်မားရုံနဲ့ ဘယ်သူကမှကယ်နိုင်မှာမဟုတ်ပါဘူး။ ဒီအချက်ကို ကြည့်လိုက်မယ်ဆိုရင် ပညာရှိသူက မြတ်တယ်ဆိုတာ သေချာပါတယ်။"

သေနကအမတ်ကြီးကတော့ ပါးစပ်ပိတ်သွားပြီ။ သူ့မှာ နောက်ထပ် ထုတ်သုံးစရာလက်နက် မရှိတော့ဘူး။ ဘုရင် ထိအောင် သူက သုံးလိုက်ပြီဆိုတော့ နောက်ထပ်မရှိတော့ဘူး။ မဟောသဓ ပညာရှိက ဆက်ပြောတယ်။

“**အဒ္ဓါ ဟိ ပညာဝ သတံ ပသတ္ထာ**– လောကမှာ တကယ်စင်စစ် ပညာကိုသာလျှင် ချီးမွမ်းကြတာဖြစ်ပါတယ်။ **ကန္တာ သိရီဘောဂရတာ မနုဿာ**– ရာထူးဂုဏ်သိမ် စည်းစိမ် ဥစ္စာဆိုတာ ပစ္စည်းမက်တဲ့ ပုဂ္ဂိုလ်တွေကသာ ကောင်းတယ်လို့ ထင်ကြတာပါ”

**ဉာဏဥ္စ ဗုဒ္ဓါန မတုလျရူပံ၊**
**ပညံ န အစ္စေတိ သိရီ ကဒါစိ။**

“ရာထူးဂုဏ်သိမ်စည်းစိမ်ဥစ္စာက ဘယ်တော့မှ ပညာကို မကျော်လွှားနိုင်ဘူး။ လောကမှာ ကြည့်လေ။ ဘုရားဆိုတဲ့ပုဂ္ဂိုလ် ကို ဘယ်သူမှ မယှဉ်နိုင်တာ အဲဒါ ပညာပါပဲ။”

လောကမှာ ဘုရားထက်သာတဲ့ပုဂ္ဂိုလ် မရှိဘူး။ မြတ်စွာ ဘုရားက လောကမှာအမြတ်ဆုံးဖြစ်တယ်။ ဥစ္စာရှိလို့မဟုတ်ဘူး၊ ရာထူးဂုဏ်သိမ် ကြီးကျယ်လို့မဟုတ်ဘူး၊ ဘုရားက ရာထူး စွန့်လာ တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ မင်းသားဘဝကနေပြီး ရာထူးတွေ စွန့်လာ တယ်။ ရွှေအိုးကြီးလေးလုံးဆိုတဲ့ သူ့ရဲ့ပစ္စည်းဥစ္စာတွေ စွန့်လွှတ် ခဲ့တာ ဖြစ်တယ်။ တကယ်တော့ “လောကရဲ့ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်ရတာဟာ ပညာကြောင့်သာဖြစ်တယ်” ဆိုတာကို မဟောသဓက ထောက်ပြပြောဆိုလိုက်တယ်။

ဘုရင်ကြီးဟာ ကျေနပ်အားရပြီး "မဟောသဓဟာ အစွမ်းထက်ပါပေတယ်" ဆိုပြီး မဟောသဓကို အနိုင်ပေးလိုက်တယ်။

***(သိရီမန္တဇာတ်ဆိုတာ ၅၅၀ ဇာတ်ထဲမှာ သီးသန့်ဇာတ်တစ်ဇာတ်။ ဥမင်ဇာတ်ထဲမှာ ထည့်သွင်းပြီးတော့ ထားတာဖြစ်တယ်။)***

ဒီစကားစစ်ထိုးပွဲမှာ အနိုင်ရသူ မဟောသဓပညာရှိအား ဘုရင်ကြီးက ရွာပေါင်းတစ်ထောင် ဆုတော်လာဘ်တော်ချပြီး ဂုဏ်ပြုပူဇော်ခဲ့ပါတယ်။ မဟောသဓပညာရှိကိုပဲ ထီးနန်းကိစ္စတွေ အပ်နှင်းပြီး မဟောသဓပညာရှိရဲ့ အစီအမံနဲ့ ဆောင်ရွက်ဖို့ ဘုရင်ကြီးက ခွင့်ပေးလိုက်တယ်။

**နိဂုံး**

လောကမှာ ပညာဆိုတဲ့အရာဟာ ကြိုးစားခြင်းဖြင့် ရရှိနိုင်တယ်။ ပညာပါရမီအတွက် ဒီဘဝမှာ ပညာကိုကြိုးစားသင်၊ စဉ်းစားဆင်ခြင်တတ်တဲ့ အလေ့အထကို မွေးမြူပြီး ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် ကျိုးကြောင်းဆင်ခြင်တဲ့ အလေ့အထဖြင့် မိမိတို့ရဲ့ ပညာအရှိန် တိုးတက်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

**သာဓု ... သာဓု ... သာဓု**

THITSARPARAMI 2009

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၆)

သာသနာတော်နှစ် ၂၅၆၂ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက် မြန်မာနှစ်ဆန်းတစ်ရက်၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၈) ရက်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာ ကျောင်းတိုက် ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတိုက်ကြီး အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် မြန်မာ့နှစ်သစ်ကူး နှစ်ဦး မင်္ဂလာ အထူးဓမ္မသဘင် အခမ်းအနား၌ အများကောင်းမှု အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓ ပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၆)"** တရားဒေသနာတော်။

အသက်အရွယ် အလွန်ပင်ငယ်သော်လည်း ဘဝါဘဝက ပညာပါရမီ ဖြည့်ဆည်းခဲ့တဲ့ မဟောသဓပညာရှိဟာ အစစ အရာရာမှာ ထက်မြက်တဲ့ပညာကို ရရှိထားတယ်။

မဟောသဓပညာရှိလေးဟာ တဖြည်းဖြည်းနဲ့ အသက် (၁၆)နှစ်အရွယ် ရောက်ရှိလာတယ်။ အဲဒီခေတ်ကာလက ၁၆ နှစ်ဆိုရင် အရွယ်ရောက်တယ်လို့ သတ်မှတ်တယ်။ (ကနေ့ခေတ် မှာတော့ ၁၈ နှစ် သတ်မှတ်တယ်။)

မဟောသဓပညာရှိ ဘုရင့်နန်းတော်ကို ငယ်ရွယ်တဲ့ အချိန်မှာ ရောက်ရှိခဲ့တယ်။ ၁၆ နှစ်မပြည့်ခင် သူ့ရဲ့ ပညာစွမ်းထက်မြက်မှုကြောင့် ဘုရင့်နန်းတော်ကို ရောက်ရှိ ခစားခွင့်ရတယ်။ ပြဿနာမျိုးစုံနဲ့ ကြုံတွေ့ပြီးတော့ ပြဿနာတွေကို ဖြေရှင်းနိုင်ခဲ့တာဟာ အထင်အရှားပဲဖြစ်တယ်။

နောက်ဆုံးမှာ သိရီမန္တ (သိရီဆိုတာ စည်းစိမ်ဥစ္စာ ရာထူးဂုဏ်သိမ်ကို ကျက်သရေလို့ ခေါ်တယ်။ မန္တဆိုတာ အသိပညာ) စည်းစိမ်ဥစ္စာရှိသူနဲ့ မန္တဆိုတဲ့ ပညာရှိသူ ဒီနှစ်ဦးဟာ ဘယ်သူက သာလွန်သလဲဆိုတဲ့ စကားရည်လုပွဲကို ဘုရင်ကြီးကိုယ်တိုင် ဒိုင်လူကြီးလုပ်ပြီး ချေပပြောဆိုစေတယ်။ ချေပပြောဆိုရတဲ့ပွဲဟာ (၈) ကြိမ်နဲ့ အဆုံးသတ်ပြီး မဟောသဓပညာရှိက အနိုင်ရသွားခဲ့တယ်။

လူငယ်လေးတစ်ယောက်က အနိုင်ရလိုက်တယ်ဆိုတော့ ပညာရှိအမတ်ကြီး သေနကတို့အတွက်ကတော့ ရှက်ဖွယ်လိလိဖြစ်တာပေါ့။ သို့သော် ပညာဆိုတာ နှိုင်းယှဉ်လို့ရတာမဟုတ်ဘူး။ အသက်အရွယ်နဲ့လဲ မဆိုင်ဘူး။ စူးရှထက်မြက်မှု၊ တွေးခေါ်မြော်မြင်တတ်မှုနဲ့သာ သက်ဆိုင်တာဖြစ်တယ်။ သက်ကြီးရွယ်အိုသေနကအမတ်ကြီးပင် မဟောသဓကို တုပြိုင်ပြောဆို ကျော်လွှားနိုင်ခြင်း မရှိခဲ့ဘူး။ "ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာရှိသူနှင့် အသိပညာရှိသူ ဘယ်သူကမြတ်သလဲ" ဆိုတာ မဟောသဓ လူငယ်လေးက ပညာရှိသူဘက်ကနေခုခံချေပတယ်။ သေနက အမတ်ကြီးက ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာရှိသူကသာ သာလွန်တယ်

ဆိုပြီး ဘုရင့်အားကိုးနဲ့ ပြောခဲ့တာ။ သို့သော် နောက်ဆုံးမှာ သေနကအမတ်ကြီးဟာ အရှုံးပေးလိုက်ရတယ်။

အဲဒီအချိန်ကစပြီး နန်းတော်ထဲမှာ မဟောသဓပညာရှိဟာ တုပြိုင်ဘက်ပုဂ္ဂိုလ်မရှိ ထင်ပေါ်ကျော်ကြားပြီး ရာထူး တိုးတက်လာတယ်။ မြို့စားရွာစားအဖြစ်တင် မကဘူး၊ ဘုရင်ရဲ့ ထိပ်တန်းအကြံပေးပုဂ္ဂိုလ်အဖြစ် ရာထူးက ကြီးမြင့်လာခဲ့တယ်။ တိုင်းသူပြည်သား လူအများကလဲ မဟောသဓကို အားကျပြီး ချီးမွမ်းထောပနာပြုကြလို့ ဂုဏ်သတင်းကြီးမားတဲ့သူ ဖြစ်လာခဲ့တယ်။

ဥဒုမ္ဗရဒေဝီက မဟောသဓရဲ့ ပိုင်ဆိုင်မှုအားလုံးကို သူကပဲ စီမံဆောင်ရွက်ပေးတယ်။ မဟောသဓဟာ လူပျိုတစ်ယောက်အနေနဲ့ နေတယ်။ သူ့ရဲ့ အဖော်သဟဲ ရဲဘော်တစ်ထောင်ကလဲ လူပျိုတွေချည်းပဲဆိုတော့ သူတို့အိမ်မှာ ယောကျ်ားတွေချည်းနေတာဖြစ်လို့ သပ်သပ်ရပ်ရပ် မရှိတတ်ဘူး။ ပစ္စည်းဥစ္စာတွေ အလေအလွင့်မရှိအောင် ထိန်းသိမ်းဖို့လိုတယ်။ ငွေကြေးဓနတွေ ဘုရင်ကြီး ဆုချလို့ရထားတယ်။ ရွာစားဘွဲ့ပေးပြီးတော့ သူပိုင်ဆိုင်တဲ့ ရွာတွေကလဲ အများကြီးဖြစ်လာတယ်။ မဟောသဓပညာရှိ ရခဲ့သမျှ စည်းစိမ်ဥစ္စာ ငွေကြေးဓန ရတနာပစ္စည်းတွေကို စနစ်တကျ စောင့်ထိန်းမယ့်သူဆိုတာ လိုအပ်လာတယ်။

## အိမ်ရှင်မ

ဒီတော့ ဥဒုမ္ဗရဒေဝီ မိဖုရားက မဟောသဓပညာရှိကို မောင်အရင်းအဖြစ် မွေးစားထားတာဖြစ်လို့ သူကပဲ စီမံဆောင်ရွက်ပေးရတယ်။ ဘုရင်ကြီးကမွေးစားထားတယ် ဆိုသော်

လည်း အမှုထမ်းအဖြစ်နေရတာဖြစ်တယ်။ မဟောသဓ ပညာရှိက ငယ်သေးတယ်၊ အနီးကပ် အမေအဖေ ဆိုတာ မရှိဘူး။ မရှိသည့်အတွက်ကြောင့် ဘုရင်ကြီးက အဘသဘော၊ ဥဒုမ္ဗရဒေဝီက အမိသဘော။ သို့သော်လည်း ဥဒုမ္ဗရဒေဝီက အစ်မတစ်ယောက်က မောင်လေးကို စောင့်ရှောက်တဲ့ အနေအထားမျိုး ရှိတယ်။

ဥဒုမ္ဗရဒေဝီကစဉ်းစားတယ်။ "ငါ့မောင်လေးမှာ စည်းစိမ်ဥစ္စာဂုဏ်ဝါတွေက များပြားတယ်။ ၁၆ နှစ်ပြည့်ပြီဆိုတော့ လူလားမြောက်တဲ့အရွယ် ရောက်နေပြီ။ အိမ်ထောင်ပြုဖို့ အချိန်တန်ပြီပေါ့။ သီးချိန်တန် သီးရမယ်။ ပွင့်ချိန်တန် ပွင့်ရမယ်" အဲဒီလို ဥဒုမ္ဗရဒေဝီဟာ စဉ်းစားပြီး ဘုရင်ကြီးနဲ့ တိုင်ပင်တယ်။ သူ့မောင်ငယ် မဟောသဓပညာရှိဟာ ၁၆ နှစ်အရွယ်ရောက်လို့ လူလားမြောက်နေပြီ။ ဆိုင်ရာပစ္စည်းတွေကို ထိန်းသိမ်း စောင့်ရှောက် စီမံခန့်ခွဲမယ့်လူ လိုတယ်လို့ ဘုရင်ကြီးကိုလျှောက်တယ်။ အိမ်ထောင်ရက်သား ချပေးဖို့ အမေအဖေရဲ့ တာဝန်ကိုယူရမယ့် သဘော ဘုရင်ကြီးဆီ ခွင့်တောင်းတယ်။ ဘုရင်ကြီးကလည်း "ကဲ- သူ့သဘော အရင်စုံစမ်းလိုက်ပေါ့၊ ကောင်းပါတယ်" လို့ သဘောတူလိုက်တယ်။

မဟောသဓပညာရှိကိုခေါ်ပြီး ဥဒုမ္ဗရဒေဝီက နားချတယ်။ "ငါ့မောင်၊ မင်းလည်း အရွယ်ရောက်လာပြီ၊ ဒီလိုနေလို့ မဖြစ်သေးဘူး။ ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို စီမံခန့်ခွဲပြီး စနစ်တကျ ထိန်းသိမ်းပေးမယ့် အိမ်ထောင်ဘက်ဆိုတာ လိုလာပြီ။ ငါ့မောင် အိမ်ထောင်ပြုဖို့လိုပြီ"လို့ ပြောတဲ့အခါ ဘသောတူလိုက်တယ်။

မဟောသဓ လူငယ်ဘဝနဲ့ နန်းတော်ရောက်လာတာ။ ဘုရင်ကြီးမေးတဲ့ ပြဿနာတွေကို ဖြေရှင်းရင်းနဲ့ ဘုရင့်အမှုတော် ထမ်းနေရတာဖြစ်တော့ သူ့အနေနဲ့ ခေါင်းထဲမှာ အိမ်ထောင်ရေး ကိစ္စ စဉ်းစားမှု မရှိသေးဘူး။ ဥဒုမ္ဗရဒေဝီက ပြောလိုက်တဲ့အခါ စဉ်းစားတယ်။ အိမ်ထောင်ဖက်ကို ဥဒုမ္ဗရဒေဝီမိဖုရားက ရှာမယ် ဆိုရင် မဟောသဓကြိုက်တာ ဖြစ်ချင်မှဖြစ်မယ်။ ကနေ့ခေတ် မိဘတွေဟာလဲ ဒီအတိုင်းပဲ သူတို့ကြိုက်တာရှာတာ။ သားသမီးက ကြိုက်တာ မရှာဘူး။ သူ့ကြိုက်ကိုမရှာဘဲ ကိုယ်ကြိုက်ကိုရှာကြလို့ ပြဿနာတက်ကုန်တယ်။

မဟောသဓပညာရှိကစဉ်းစားတယ်။ "ဒီကိစ္စဟာ ကိုယ်တိုင် ရွေးချယ်ရမယ့်ကိစ္စဖြစ်တယ်။ ရာသက်ပန် ကိုယ်နဲ့ နေရမှာ ဆိုတော့ ကိုယ်သဘောကျတာကို ရွေးမှသာလျှင် ဒီအိမ်ထောင် ဖက်ဟာ အဆင်ပြေလိမ့်မယ်"

ဥဒုမ္ဗရဒေဝီကို ပြောတယ်။ "ဘုရင်ကြီးကို မလျှောက် လိုက်ပါနဲ့ဦး၊ မရွေးလိုက်ပါနဲ့ဦး။ သူစဉ်းစားပြီး သူကိုယ်တိုင် ရှာပါရစေဦး။ သူ့သဘောကျအမျိုးသမီးများ ရှိမလား ရှာပါရ စေဦး" ခွင့်တောင်းတယ်။ ခွင့်တောင်းတော့ ဥဒုမ္ဗရဒေဝီက သဘောတူ ခွင့်ပြုလိုက်တယ်။

မဟောသဓက ဘုရင်ကြီးထံ ခွင့်တောင်းပြီး ဆင်းရဲသား အပ်ချုပ်သမားယောင်ဆောင်ကာ ယဝမဇ္ဈကမြောက်ရွာကို သွားတယ်။ မြောက်ရွာမရောက်မီ လမ်းမှာ ယာဂုအိုးလေး ရွက်လာတဲ့ ၁၆ နှစ်အရွယ် အမျိုးသမီးငယ်တစ်ယောက်နဲ့ တွေ့တယ်။

အဲဒီအမျိုးသမီးငယ်ဟာ မူလကတော့ ပိုက်ဆံချမ်းသာတဲ့ သူဌေးသမီးပဲ။ ပိုက်ဆံချမ်းသာတဲ့ သူဌေးရဲ့မျိုးဆက်ပဲ။ သို့သော် အဲဒီအချိန်မှာ ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်ရတဲ့ သာမန်ပုဂ္ဂိုလ်မျိုး ဖြစ်တယ်။ သို့သော် ရုပ်အဆင်းကတော့ မျိုးနွယ်အလိုက် အင်မတန်မှ ချောမောလှပပြီး ကျက်သရေရှိတဲ့ရုပ်မျိုး ဖြစ်တယ်။

ကလေးမက ရွာကနေထွက်လာတယ်။ မဟောသဓေ အဲဒီရွာဘက်ကိုအသွား မလှမ်းမကမ်း လမ်းမှာ မြင်လိုက်တော့ "ဩော်-ဒီကလေးမဟာ ရုပ်အဆင်းကလှပတယ်။ သူ့ကြည့်ရတာ သိမ်သိမ်မွေ့မွေ့နဲ့ ထက်မြက်ပုံရတယ်"လို့ စဉ်းစားမိတယ်။

ယာဂုအိုးလေး ရွက်လာတဲ့ အမျိုးသမီးလေးကလဲ မဟောသဓေကိုမြင်တော့ ဖျတ်ခနဲ လှမ်းကြည့်လိုက်တယ်၊ အပ်ချုပ်သမားက လူရည်ကသန့်သန့်နဲ့ ထက်မြက်ပုံရတယ်လို့ ခေါင်းထဲမှာ ပေါ်လာတယ်။ အဲဒါကိုပဲ ရေစက်လို့ ခေါ်ကြတာဖြစ်မယ်။

မဟောသဓေ ခပ်လှမ်းလှမ်းကနေ အမျိုးသမီးလေးကို အကဲခတ်ကြည့်ရင်း မျက်နှာချင်းဆုံတဲ့အချိန်မှာ "လက်သီး ဆုပ်ပြလိုက်တယ်"။ လက်သီးဆုပ်ပြတာ မြင်တဲ့အခါ အမျိုးသမီးငယ်က "လက်ဝါးဖြန့်ပြလိုက်တယ်။" သူတို့ချင်း နားလည်ကြတယ်။

လက်သီးဆုပ်တဲ့ အဓိပ္ပါယ်က မင်းကို ဆုပ်ကိုင်ထားတဲ့ ပိုင်ဆိုင်တဲ့ အိမ်ထောင်ဖက်ရှိသလားလို့ မေးတာဖြစ်တယ်။ (ဗမာပြည်က လူရွှင်တော်တွေက မဟောသဓေ လက်သီးဆုပ်ပြလို့ သတို့သမီးက လက်ဝါးဖြန့်ပြတယ်ဆိုတာကို ဘယ်လို အဓိပ္ပါယ်ဖော်သလဲဆိုရင် မင်းကို ငါ့လက်သီးနဲ့ထိုးမယ်လို့ ပြောတာ၊

လက်ဝါးဖြန့်ပြတာက လက်သီးနဲ့ထိုးရဲထိုးကြည့်၊ ပါးချမှာပေ့ါလို့ အဓိပ္ပါယ်ဖော်ကြတယ်)။

လူငယ်ချင်း Body Language Sign Language နဲ့ ပြောကြတာ။ သူတို့နှစ်ယောက်ကတော့ သဘောပေါက်ကြတယ်။ ပထမဆုံး စူးစမ်းလိုက်တာပဲ၊ လက်သီးဆုပ်ပြလို့ လက်ဝါးဖြန့်ပြတယ်။ လူငယ်ကလည်း သဘောပေါက်တယ်။ အမျိုးသမီးငယ်ကလည်း သဘောပေါက်တယ်။

Sign Language က ခုမှပေါ်တာ မဟုတ်ဘူး။ အဲဒီတုန်းကတည်းက ပေါ်တာနော်။ နှစ်ယောက်စလုံး လူလွတ်ဆိုတာ သဘောက်ပေါက်တဲ့အခါ စုံစမ်းမေးမြန်းဖို့အတွက် မဟောသဓက အမျိုးသမီးငယ်အနီးသို့ ချဉ်းကပ်သွားတယ်။ (Let me know your name သင့်နာမည်ကို သိပါရစေ။ ငါ့နာမည်က ဘယ်သူပါ။ မင်းနာမည်လေး သိပါရစေ သို့မဟုတ် သိရမလား။ အဲဒီလိုယဉ်ကျေးသူတွေမှာ နာမည်ကို မေးသလိုပါပဲ။)

အနီးကပ်ပြီး **"ကာ နာ မတ္တံ"** နှမငယ်၊ မင်းရဲ့နာမည် ဘယ်လိုခေါ်လဲလို့ မေးတဲ့အခါ ကလေးမက ဖြောင့်ဖြောင့် မဖြေဘူး။ **"အတီတေ ဝါ အနာဂတေ ဝါ ပစ္စုပ္ပန္နေ ဝါ ယံ နတ္ထိ၊ တန္နာမိကာ"** အရှင့်သား၊ ကျွန်ုပ်နာမည်က အတိတ်မှာလဲ မရှိခဲ့ဘူး၊ အနာဂတ်မှာလဲ မရှိခဲ့ဘူး၊ အခုပစ္စုပ္ပန်မှာလဲ မရှိဘူး။ အဲဒီ မရှိတဲ့အရာရဲ့ နာမည်ပါလို့ ဖြေတယ်။

ပဟေဠိနဲ့ အဖြေပေးလိုက်တာ၊ အတိတ်မှာလဲ မရှိခဲ့ဘူး။ အနာဂတ်မှာလဲ ရှိမှာမဟုတ်ဘူး။ အခုမှာလဲ မရှိဘူး။ အဲဒီမရှိတဲ့

အရာရဲ့ နာမည်မျိုးပါဆိုတော့ မဟောသဓက စဉ်းစားတယ်။ မရှိဘူးဆိုတာ "မသေသူ" ပဲ ဖြစ်တယ်။ လူဖြစ်လာပြီး မသေတဲ့သူ ရှိမှ မရှိတာ။ မသေသူကို ပါဠိလို "အမရ" လို့ ခေါ်တယ်။ မြန်မာနိုင်ငံမှာ အမရပူရဆိုတာ ရှိတယ်။ **အမရ** ဆိုတာ မသေသူ။ မသေသူတို့ရဲ့မြို့လို့ အဓိပ္ပါယ်ရတယ်။

မဟောသဓက ပဟေဠိကို ဖော်လိုက်တယ်၊ "နှမငယ်၊ လောကမှာ မသေသူဆိုတာမရှိဘူး။ မသေသူဆိုတာ အမရာ၊ မင်းနာမည် အမရာမဟုတ်လား" ပြောလိုက်တော့ "ဟုတ်ပါတယ်" လို့ ဝန်ခံတယ်။

ဒါ ပထမဆုံးပညာစမ်းတဲ့ မေးခွန်းနဲ့ အဖြေပဲ။ သူ့နာမည်က "အမရာ" "အမရာဒေဝီ"။ ကနေ့ခေတ်မှာ ဂေါ်ရခါးအမျိုးသမီးတွေက အမရာဒေဝီလို့ မှည့်တုန်းပဲ။

ထိုအခါ ခေါင်းပေါ်ရွက်လာတဲ့ ယာဂုအိုးအကြောင်း ဒုတိယမေးခွန်းအနေနဲ့ "ဒီယာဂုကို ဘယ်သူထံပို့ဖို့ ယူလာတာလဲ" လို့ မေးလိုက်တယ်။ "အရှင့်သား၊ ပုဗ္ဗဒေဝတာ အိမ်ဦးနတ်ဆီ ပို့မလို့ပါ" ပုဗ္ဗဒေဝတာ အိမ်ဦးနတ်ဆိုတာ အမေနဲ့ အဖေပဲ။ "ဪ-မင်းအဖေဆီပို့မှာ မဟုတ်လား" ဆိုတော့ "ဟုတ်ပါတယ်" လို့ ဝန်ခံတယ်။ အဖေက တောမှာ အလုပ်လုပ်နေတာ။ ဒါကြောင့် ယာဂုအိုးကြီးရွက်လာပြီး ယာဂုသွားပို့တာ။ အဲဒါကို "ပုဗ္ဗဒေဝတာ အိမ်ဦးနတ်ဆီ ပို့ဖို့ပါ" လို့ ပြောတယ်၊ "အဖေဆီ ပို့မလို့လား" ဆိုတော့ ဟုတ်ပါတယ်တဲ့။

မဟောသဓပညာရှိက ဆက်ပြီးမေးပြန်တယ်။ "မင်းအဖေက ဘာလုပ်တာလဲ"။ အမရာက ဖြောင့်ဖြောင့်မဖြေဘူး။ "တစ်ခု

ကို နှစ်ခုဖြစ်အောင်လုပ်တဲ့အလုပ်ကို လုပ်တာပါ"တဲ့။ အရာဝတ္ထု တစ်ခုကို နှစ်ခုဖြစ်အောင်လုပ်တာဆိုတော့ ထွန်ယက်တဲ့အလုပ်ကို လုပ်တာပေါ့။ "မင်းအဖေက လယ်ထွန်နေတာလား" ဆိုတော့ "ဟုတ်ပါတယ်"လို့ ဝန်ခံတယ်။

ဆက်မေးပြန်တယ်။ "ဘယ်နေရာမှာ မင်းအဖေ ထွန်တာ တုန်း"။ "တစ်ခါသွားပြီးရင် ဘယ်တော့မှ ပြန်မလာတဲ့ နေရာ အနီးမှာ ထွန်တာပါ"တဲ့။ ဘယ်တော့မှ ပြန်မလာတဲ့နေရာဆိုတာ သုသာန်အနီးမှာပေါ့။ "မင်းအဖေက လယ်ထွန်နေတာ သုသာန် နားမှာလား" ဆိုတော့ "ဟုတ်ပါတယ်"လို့ ဝန်ခံတယ်။

အဲဒီတော့ အမရာကိုမေးတယ်။ "နှမငယ်, မင်းဒီကနေ့ အိမ်ပြန်လာမှာလား"လို့ မေးလိုက်တယ်။ "**သစေ သေဿတိ, န သေဿာမိ၊ နော စေ သေဿတိ, သေဿာမိ**" လာမယ်ဆိုရင် သူ မလာဘူး။ မလာဘူးဆိုရင် သူလာမယ်။" (သူလာရင် မလာဘူး။ သူ မလာဘူးဆိုရင် သူလာမယ်)။

ဘုရားအလောင်းက စဉ်းစားလိုက်တယ်။ "မင်းအဖေက ချောင်းတစ်ဖက်ကမ်းမှာ ထွန်ယက်နေတာ မဟုတ်လား" လို့ ဆိုတော့ "ဟုတ်ပါတယ်"လို့ ဝန်ခံတယ်။ အကယ်၍ မိုးရွာမယ် ဆိုရင် ချောင်းရေတွေလျှံရင် သူပြန်လာလို့ မရဘူးလို့ ဆိုလိုတာ ဖြစ်တယ်။

(အဲဒီလို မဟောသဓက ပညာစမ်းလိုက်၊ သူက ပြန်ပြီး တော့ ပညာစမ်းလိုက်၊ နှစ်ဦးနှစ်ဝကဟန်ကျနေတယ်။ အခုခေတ် မှာတော့ Facebook ကနေပြီး တောင်ရေးမြောက်ရေးနဲ့ ဟို ပညာသားမပါတဲ့ အကြောင်းအရာတွေရေးကြ၊ တော်ကြာ ဒုက္ခ

ရောက်ကြနော်။ Facebook ကနေ ဘာတွေရေးကြတယ်လို့တော့ မသိဘူး။ အသိပညာရှိတယ် မရှိဘူးဆိုတာ စူးစမ်း ဆင်ခြင်ပြီး ရွေးကြတာ မဟုတ်ဘူး။ အပြောကောင်းရင် ပါသွားပြန်ရော။ တော်ကြာ မတည့်ကြပြန်ဘူး။ ဒါဟာလည်းပဲ သင်ခန်းစာယူစရာ အင်မတန်မှ ကောင်းတယ်။ ဘဝကြင်ဖော်အဖြစ် ရွေးမယ်ဆိုရင် အလေးအနက်ထားရမှာ ဖြစ်တယ်။ ပေါ့ပေါ့ဆဆ မလုပ်သင့်ဘူး ပေါ့။ ပေါ့ပေါ့ဆဆ မလုပ်သင့်ဘူး။ "စလယ်ဝင် ထမင်းအိုး ဖင်မမဲ ခင်က ကွဲခဲ့ပြီ" ဆိုတာ မဖြစ်သင့်ဘူးပေါ့။ အဲဒါမျိုးမဖြစ်အောင် အလေးအနက် စဉ်းစားရမှာ ဖြစ်တယ်။)

အဲဒီလိုရပ်ပြီး စကားစမြည်ပြောရင်း အမရာဒေဝီက ဖိတ်မန္တက ပြုတယ်။ "ယာဂုသောက်ပါဦး" အဲဒီမှာ မဟောသဓ စဉ်းစားတယ်၊ **"ပဋိက္ခေပေါ နာမ အဝမင်္ဂလံ**–မသောက်ချင်ဘူး လို့ ငြင်းပယ်ရင် ရိုင်းရာကျတယ်" စစချင်း ငြင်းပယ်တာဟာ မကောင်းဘူး၊ ဒါ့ကြောင့် လက်ခံလိုက်တယ်။ "သောက်တာပေါ့" တဲ့။

အမရာက ယာဂုအိုးကိုချ၊ ပန်းကန်ထဲကို ယာဂုငှဲ့ထည့် တယ်၊ မဟောသဓကေ သေချာကြည့်နေတယ်။ "သပ်သပ်ရပ်ရပ် လုပ်တတ်သလား မလုပ်တတ်ဘူးလား" အကဲခတ်တယ်။ အမရာ က ယာဂုအိုးလေးကို သပ်သပ်ရပ်ရပ် အောက်မှာချ၊ ပန်းကန်ကို ဆေးကြောပြီး မဟောသဓရဲ့ လက်ကိုလဲပဲဆေးဖို့ ရေပေးပြီး တော့မှ မဟောသဓကို ယာဂုတိုက်တယ်။

(စစ်ကိုင်းက ဆရာတော်ကြီးတစ်ပါး ပြောတာရှိတယ်။ ကိုရင်လေးတစ်ပါးနဲ့ သီလရှင်လေးတစ်ပါးအကြောင်း။ "ကိုရင်

ဆီးဖြူသီး ကပ်စမ်းပါ” ဆိုတော့ အပင်အောက် သွားကောက်ပြီး ဆီးဖြူသီးကို လက်ထဲ လာထည့်တယ်။” ဆီးဖြူသီးကို သစ်ပင်အောက်က ကောက်ပြီး ရေမဆေးဘဲ လာပေးတယ်။ သီလရှင်လေးကို ဆီးဖြူသီးကပ်စမ်းပါဆိုတော့ သီလရှင်လေးက ဆီးဖြူသီး ကောက်ပြီး ရေပြောင်အောင်ဆေး။ ပန်းကန်လေးနဲ့ထည့်၊ ဆီးဖြူသီးစားဖို့ ဆားကလေးပါထည့်ပြီး သေသေချာချာ ကပ်တယ်တဲ့။)

မဟောသဓပညာရှိက အဲဒါကို အကဲခတ်တာ။ “ငါ့ကို ဒီအတိုင်း ပန်းကန်မဆေးဘဲ ယာဂုထည့်ပေးမယ်ဆိုရင် ငါ မသောက်ဘူး။ သေသေချာချာ ရေဆေးပြီးတော့မှ သန့်သန့်ပြန့်ပြန့် ထည့်တာကိုပဲ သောက်မယ်” စိတ်ကူးနေတဲ့အချိန်မှာ အကုန်လုံး သန့်သန့်ပြန့်ပြန့် စင်စင်ကြယ်ကြယ်လုပ်ပြီးမှ ယာဂုကို ပေးတယ်။ ယာဂုက ဆန်လုံးတွေမကြေတဲ့ ယာဂုအပျစ်၊ မဟောသဓကေ “ယာဂုကလဲ ပျစ်လှချည်လား၊ ဘာဖြစ်လို့ ယာဂုပျစ်တာတုန်း” မေးတော့ “ရေမရှိလို့ပါ” လို့ အမရာက ဖြေတယ်။ အမရာပြောလိုတာက သူတို့ လယ်စပါးစိုက်တဲ့အချိန်မှာ ရေမအောင်ဘူးလို့ဆိုတဲ့အဓိပ္ပါယ်ကိုပြောတာ။ မဟောသဓပညာရှိက နားလည်တယ်။ ယာဂုပျစ်တာဟာ ရေမရှိလို့ဆိုတာ ဆန်စပါးနဲ့ပတ်သက်ပြီးတော့ လယ်ထဲမှာ ရေမရလို့ ဒီယာဂု ပျစ်ပါတယ်ဆိုတဲ့ အဖြေကို သူပြောလိုက်တာပေါ့။ မဟောသဓ ပညာရှိက သဘောကျတယ်။

ယဝမဇ္ဈကာ မြောက်ရွာသွားတဲ့လမ်းမှာ ရွာထဲမရောက်မီ သူတို့ စကားစမြည်ပြောနေကြတာဖြစ်တယ်။ အမရာက သူ့အဖေ

ဆီ ယာဂုသွားပို့မယ် လုပ်တဲ့အခါ မဟောသဓေ မင်းရဲ့ အမေ အိမ်က ဘယ်လိုသွားရသလဲဆိုတာ လမ်းပြောပါဦး မေးတယ်။

ထိုအခါ အမရာက **"ယေန သတ္တု ဗိလင်္ဂိစ ဒွိဂုဏပလာသော–** ဒီကနေသွားလိုက် မုန့်ညက်ဈေး တွေ့လိမ့်မယ်။ မုန့်ညက်ဈေးတွေ့ပြီးလို့ရှိရင် ပအုံးရည်ဈေး တွေ့လိမ့်မယ်။ အဲဒီနားမှာ တစ်ရွက်နှစ်ဖပ် သစ်ပင်တစ်ပင်ဟာ ပွင့်နေလိမ့်မယ်။ အဲဒီ ပွင့်နေတဲ့အခါ ပေးတဲ့လက်ဘက်လိုက်၊ မပေးတဲ့လက်ဘက် မလိုက်ပါနဲ့။ အဲဒါဟာ ကျွန်မတို့အိမ်သွားတဲ့လမ်းပဲ" လို့ ပဟေဠိနဲ့ လမ်းညွှန်လိုက်တယ်။

မဟောသဓေ နားလည်တယ်။ အမရာ လမ်းညွှန်တဲ့ အတိုင်း လိုက်သွားလိုက်တာ ချောချောမောမော အမရာတို့ အိမ်ကို ရောက်သွားတယ်။ အမရာရဲ့ အမေက ဧည့်ဝတ်ပြုတယ်။ "လမ်းမှာ နှမငယ်နဲ့တွေ့လို့ သူ ယာဂုသောက်ပြီးပါပြီ" လို့ မဟောသဓေ ပြောတယ်။ သူ့အမေက အကင်းပါးတယ်။ "ဒီလူငယ်ဟာ ငါ့သမီးလိုချင်လို့လာတာဖြစ်မယ်" လို့ သဘောပေါက်သွားတယ်။

အမရာတို့အိမ် ရောက်တဲ့အခါ မဟောသဓေ အမရာရဲ့ အမေကိုပြောတယ်။ "ကျွန်တော်ကအပ်ချုပ်သမားပါ၊ ကျွမ်းကျွမ်းကျင်ကျင် ချုပ်တတ်ပါတယ်။ အိမ်မှာချုပ်စရာအဝတ်တွေရှိရင် ပေးပါ" "မောင်ရင်ရယ် ချုပ်စရာအဝတ်တွေကတော့ အများကြီးပဲ။ ဒါပေမဲ့လို့ ချုပ်ခကိုတော့ အမေတို့က ပေးနိုင်မှာ မဟုတ်ဘူး။ အမေတို့က ဆင်းရဲတယ်" လို့ ပြောတယ်။

မဟောသဓက "ချုပ်ခမလိုပါဘူး။ ကျွန်ုပ် အခမဲ့ချုပ်ပေးပါ့မယ်" လို့ပြောပြီး ထုတ်ပေးသမျှအဝတ်တွေ အကုန်လုံး ချုပ်ပေးတယ်။ အဲဒီလို ချုပ်ပေးရုံတင်မကဘူး၊ ချုပ်စရာရှိတဲ့ တခြားအိမ်တွေကို သွားပြီးပြောပါ။ အပ်ချုပ်သမားတစ်ယောက် ရောက်နေတယ်။ အချုပ်အလုပ် အင်မတန်မှ ကျွမ်းကျင်တယ်။ ချုပ်စရာရှိကအပ်နှံကြပါလို့ ပြောခိုင်းတယ်။ ယဝမဇ္ဈကမြောက်ရွာမှာ မဟောသဓဟာ တစ်နေ့ချုပ်လိုက်တာနဲ့တင်ပဲ အပ်ချုပ်ခငွေတစ်ထောင်ရသွားတယ်။

လောကကြီးမှာ အသိပညာရှိတဲ့ပုဂ္ဂိုလ်၊ အသိပညာမရှိတဲ့ပုဂ္ဂိုလ် အလွန်ကွဲပြားခြားနားတယ်။ မဟောသဓဟာ ဘဝါဘဝက ဆည်းပူးခဲ့တဲ့ပညာပါရမီကြောင့် ထက်ထက်မြက်မြက် နားလည်မှု အကင်းပါးမှုတွေနဲ့ ပြည့်စုံတယ်။

## နိဂုံး

ဒါကြောင့်မို့ တို့တတွေဟာလဲ ပညာထက်မြက်အောင် သတိဆောင်ပြီးတော့ ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ နှလုံးသွင်းပြီး အရာရာမှာ အမှတ်တမဲ့မနေဘဲ စဉ်းစားဆင်ခြင်တွေးခေါ်ခြင်းဖြင့် ပညာထက်အောင် ကိုယ့်ကိုယ်ကို လေ့ကျင့်ကြဖို့ လိုအပ်တယ်ဆိုတာ သတိထားပြီး ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

**သာဓု ... သာဓု ... သာဓု**

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၇)

သာသနာတော်နှစ် ၂၅၆၂ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁)ရက်၊ ၂၀၁၉ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာကျောင်းတိုက် ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဖခင်ကြီး ဦးတင်အောင်၏ ကွယ်လွန်ခြင်း (၂)နှစ်ပြည့်နှင့် မိခင်ကြီး ဒေါ်မြညွန့်၏ ကွယ်လွန်ခြင်း (၂၇)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျိုကုန်းရပ်၊ တံခွန်တိုင်ဆေး မိဘမေတ္တာ မိသားစုတို့၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၇)"** တရားဒေသနာတော်။

## ကြင်ရာရှာခန်း

မဟောသဓဟာ အသက် ၁၆ နှစ်အရွယ်မှာ ရုပ်ဖျက်ပြီး နန်းတော်ကနေ ထွက်ခွာလာခဲ့ရာ ယဝမဇ္ဈကမြောက်ရွာသို့ ရောက်ရှိလာတယ်။ အဲဒီမြောက်ရွာက အမရာဒေဝီတို့အိမ်မှာ

တည်းခိုပြီး ရွာမှာရှိတဲ့အဝတ်တွေကို ချုပ်လုပ်တယ်၊ အားလုံးက သူ့ရဲ့လက်ရာကိုကြိုက်ကြလို့ ချုပ်စရာအဝတ်တွေ အပ်ကြတယ်။ တစ်ရက်တည်းမှာပဲ အသပြာတစ်ထောင် ချုပ်ခရရှိတယ်။ အမရာဒေဝီတို့အိမ်မှ အဝတ်များကိုတော့ အဖိုးအခမယူဘဲ ချုပ်ပေးတယ်။

အမရာဒေဝီက လယ်တောမှာ လယ်ထွန်နေတဲ့ သူ့အဖေထံ ယာဂုထမင်း သွားရောက်ပို့ပြီး ညနေချိန် အိမ်ပြန်လာတယ်။ သူတို့မိသားစုဟာ လူများပုံတော့ မရဘူး။ အဖေရယ်၊ အမေရယ်၊ သမီးဖြစ်သူ အမရာဒေဝီရယ် ဒီသုံးယောက်လောက်ပဲ ရှိတဲ့ပုံပေါ်တယ်။ အမရာဒေဝီဟာ မျိုးရိုးကချမ်းသာတဲ့မျိုးရိုးဖြစ်သော်လည်း အဆင်မပြေလို့ ထွန်ယက်လုပ်ကိုင်စားသောက်ရတယ်။

အမရာဒေဝီဟာ ရုပ်ရည်ရူပကာက ချောမောလှပပြီး တင့်တောင့်တင့်တယ်ရှိတဲ့ အမျိုးသမီးငယ်တစ်ဦးဖြစ်တယ်။ လယ်တောမှအပြန် လမ်းဘေးမှာရှိတဲ့ ရနိုင်သမျှထင်းတွေ၊ ချက်ပြုတ်စားလို့ရတဲ့ ဟင်းသီးဟင်းရွက်များကို စုဆောင်းခဲ့တယ်။ ထင်းစည်းကို ခေါင်းပေါ်ရွက်ပြီး ဟင်းသီးဟင်းရွက်ထုပ်ကို လက်ကပွေ့ကာ အိမ်ပြန်ရောက်လာတယ်။

မိခင်ကြီးက မိသားစုစားဖို့ ထမင်းဟင်းတွေကို ချက်ထားနှင့်တယ်။ အမရာဒေဝီ အိမ်ပြန်ရောက်တဲ့အချိန် အိမ်ရှေ့မှာ ထင်းစည်းလေးကိုချပြီး အိမ်နောက်ဖက် ဟင်းသီးဟင်းရွက်တွေ ယူသွားတယ်။ အိမ်နောက်တံခါးက ဝင်ပြီး မိခင်ကြီးကို အပ်နှင်းလိုက်တယ်။ သူ့ရဲ့ဖခင်ကတော့ သူ့ထက်နောက်ကျပြီး မိုးချုပ်ခါနီးမှ အိမ်ကို ပြန်ရောက်လာတယ်။

အမရာဒေဝီက ရှေးဦးစွာ ဥ္ဓည့်သည်ကို ထမင်းအရင် ကျွေးတယ်။ ပြီးမှ အမေနဲ့အဖေကို ထမင်းကျွေးတယ်။ နောက်ဆုံးကျမှ သူစားတယ်။ မြန်မာလူမျိုးတွေလဲ မြန်မာ့ယဉ်ကျေးမှုမှာ ရှေးယခင်က အဲလိုမျိုးရှိခဲ့တယ်။ တောသူတောင်သားတွေဟာ ဧည့်သည်ကိုဦးစားပေးပြီး ကျွေးမွေးလေ့ရှိတာ မြန်မာ့ယဉ်ကျေးမှု ဖြစ်တယ်။

မြန်မာလူမျိုးတွေရဲ့ ရင်ထဲနှလုံးထဲမှာ ၅၅၀ ဇာတ်တော်ကြီးနဲ့ ဇာတ်တော်ကြီးဆယ်ဘွဲ့မှာလာတဲ့ အကြောင်း အချင်းအရာတွေဟာ ရင်းနှီးစွာရှိနေကြလို့ ဖြစ်နိုင်တယ်။ ယဉ်ကျေးတဲ့ မျိုးရိုးဓလေ့ ထုံးတမ်းစဉ်လာလည်း ဖြစ်နိုင်တယ်။ မြန်မာပြည်ကို ဗုဒ္ဓယဉ်ကျေးမှု ရောက်ရှိလာတာလည်း နှစ်ပေါင်းထောင်ချီထိ ကြာရှည်ခဲ့ပြီဖြစ်တယ်။ အဲဒါကြောင့်မို့ ဇာတ်တော်ကြီး ဆယ်ဘွဲ့မှာ လာတာနဲ့ မြန်မာလူမျိုးတွေရဲ့ အကျင့်စရိုက်နဲ့ဟာ တူနေတယ်။

ရှေးခေတ်က ဖိနပ်ဆိုတာ ချမ်းသာကြွယ်ဝတဲ့ပုဂ္ဂိုလ်တွေလောက်ပဲ စီးကြတယ်။ လုပ်ကိုင်စားသောက်ရတဲ့ ဆင်းရဲသားတွေက ဖိနပ်စီးလေ့မရှိကြဘူး။ အိမ်ပြန်ရောက်တဲ့အခါ မအိပ်ခင် ခြေထောက်ကို ဆေးကြောလေ့ရှိကြတယ်။ ဖိနပ်စီးလင့်ကစား အိပ်ယာဝင်ပြီဆိုရင် တစ်ချို့အရပ်တွေမှာ ခြေနဲ့လက်ကို ဆေးကြောပြီးမှ အိပ်ယာဝင်လေ့ရှိကြတာပဲ။ ဒါလဲ မြန်မာတို့ရဲ့ ထုံးတမ်းစဉ်လာတစ်ခုပဲ။ ဘုန်းကြီးတို့ ငယ်စဉ်တုန်းကဆိုရင် အိပ်ခါနီးပြီဆိုရင် ခြေဆေးတာတို့၊ လက်ဆေးတာတို့ လုပ်လေ့ရှိတာကို တွေ့ခဲ့ရဖူးတယ်။

အမရာဒေဝီက ဝတ္တရားကျေပွန်စွာ ဉည့်သည်ရဲ့ခြေကို ဆေးပေးတယ်။ မိဘနှစ်ပါးရဲ့ခြေကို ဆေးပေးတယ်။ ဧည့်သည်နဲ့ မိဘ အိပ်ယာဝင်ပြီးမှ သူကနောက်မှ အိပ်ယာဝင်တယ်။

ဧည့်သည်က အမရာဒေဝီကို စုံစမ်းဖို့ လာတာဖြစ်လို့ အဲဒီ အိမ်မှာပဲ နှစ်ရက်သုံးရက် ဆက်တည်းနေတယ်။ ဘာကိစ္စ လာတယ်ဆိုတာ အမေအဖေတွေကလဲ ရိပ်မိနေကြတယ်။ ရှေးခေတ်ကတော့ အဲဒီလို ယဉ်ယဉ်ကျေးကျေးနဲ့ လာကြတာ ဖြစ်တယ်။

## အချက်အပြုတ် ကောင်းမကောင်း

ရင်းနှီးမှုကို အကြောင်းပြုပြီး ပါလာတဲ့ဆန်ကို အမရာ ဒေဝီထံအပ်ပြီး "သူ့အတွက် ယာဂုရယ်၊ မုန့်ရယ်၊ ထမင်းရယ် သုံးမျိုးရအောင်ချက်ပေးပါ"လို့ ခိုင်းတယ်။ အမရာဟာ ဆန်ကို ပြာပြီး အလုံးမပျက် ဆန်ကို ထမင်းချက်တယ်။ ထက်ဝက်ကျိုး ဆန်ကို ယာဂုကျိုတယ်။ ဆန်ကွဲကျတော့ မုန့်ဖုတ်တယ်။ အဲဒီလို သုံးမျိုးရအောင် စီမံလိုက်တယ်။

မဟောသဓထံသွားပြီး စားဖွယ်သောက်ဖွယ် စနစ်တကျ ပြင်ဆင် အမြည်းပါ ဖြည့်စွက်ပေးတယ်။ ယာဂုကိုအရင်ပေးလိုက် တယ်။ ရှေးခေတ်က အိမ်ထောင်ဖက်ရှာပြီဆိုရင် ချက်ပြုတ် ကောင်းမကောင်း အရင်စူးစမ်းတယ်။ အချက်အပြုတ် ကောင်း မကောင်းကို ပညာစမ်းတဲ့အနေနဲ့ ချက်ခိုင်းတယ်။ "ယာဂုလေးကို သောက်ကြည့်ပါဦး" ပေးလိုက်တဲ့အခါ ယာဂုက အင်မတန်မှ အရသာရှိတယ်။ မဟောသဓက ဟန်ဆောင် ပန်ဆောင်လုပ်ပြီး

"ငါ့ဆန်တွေတော့ ပျက်ပါပြီ၊ ယာဂုကလည်း ဘယ်လိုဟာကြီး မှန်းလဲ မသိဘူး၊ အရသာလဲမရှိဘူး" ထွေးပစ်တယ်။ "နင်ဟာ ဘာမှအသုံးမကျဘူး၊ ယာဂုလေးတောင် မကျိုတတ်ဘူး" တဗျစ်တောက်တောက် ပြောတယ်။

အမရာဒေဝီက စိတ်မဆိုးဘူး။ "မောင်ကြီးရယ်၊ မုန့်လေး စားကြည့်ပါဦး" မုန့်ပေးတယ်။ မုန့်က အတော်ကိုအရသာရှိတယ်။ ဒါပေမဲ့ ဟန်ဆောင်ပန်ဆောင် မုန့်ကလဲ ဘာအရသာမှ မရှိဘူး ဆိုပြီး မဟောသဓေ ထွေးပစ်တယ်။ "မုန့်စားလို့မကောင်းဘူး ဆိုရင်လဲ ဒီထမင်းလေး စားလိုက်ပါဦး" ထမင်းလေး ကျွေးတယ်၊ "ဟင်းကလဲ မကောင်းဘူး၊ ထမင်းကလဲ မာဆတ်ကြီး၊ ပျော့မနပ်ကြီး" ပြောပြီး ထမင်းရော၊ မုန့်ရော၊ ယာဂုရော အကုန်လုံး ရောနယ်ပြီး အမရာဒေဝီရဲ့ ခေါင်းပေါ် လောင်းချလိုက်တယ်။

ဒါကတော့ သူ့အပေါ်မှာ ဘယ်လောက် သည်းခံနိုင်စွမ်း ရှိသလဲဆိုတာ အကဲစမ်းတာ။ အဲဒီလို အကဲစမ်းတဲ့အခါ အမရာဒေဝီက စိတ်မဆိုးဘူး။

"သွား ဒီနားမနေနဲ့၊ ဟိုတံခါးပေါက်နား သွားထိုင်နေ" ပြောလိုက်တော့ ထသွားတယ်၊ အဲဒီအချိန်မှာ အကဲခတ်ပြီး "ဪ- စိတ်မဆိုးဘူး၊ ငါပြောတာလဲ နားထောင်တယ်၊ အတော်လိမ္မာတဲ့ကလေးမလေးပဲ" ဗိုင်းကောင်းကျောက်ဖိဆိုတာ အဲဒါကို ပြောတာနော်။

အင်မတန်လိမ္မာတာပဲလို့ မဟောသဓေ သဘောကျပြီး သူ့ကွမ်းအစ်ထဲမှာ အမျိုးသမီး အဝတ်တစ်ထည် ပါလာတယ်။

ငွေတစ်ထောင်လည်း ပါလာတယ်။ အမျိုးသမီးဝတ်စုံလေးကို ထုတ်ပြီး "ရော့ မင်းသူငယ်ချင်းတွေနဲ့ သွားရေချိုး၊ ရေချိုးပြီးတော့ ဒီအဝတ်လဲခဲ့" အမျိုးသမီးဝတ်တဲ့ ဝတ်စုံကို ပေးလိုက်တယ်။

အမရာဒေဝီက အသာတကြည်ပဲ တစ်ကိုယ်လုံးပေပွနေလို့ မြစ်သွားပြီး ရေချိုးတယ်။ ရေချိုးပြီး သူပေးတဲ့ အဝတ်ကလေး ကိုဝတ်ပြီး ပြန်လာတယ်။

မဟောသဓပညာရှိက စမ်းလိုက်တာ။ သူတို့နှစ်ဦးက လည်းပဲ အသက်ချင်းက သိပ်ကွာမယ်မဟုတ်ဘူး။ သက်တူရွယ်တူပဲ။ အစမ်းသပ်ခံတယ်။ အဲဒီလို အစမ်းသပ်ခံလိုက်တာကို သဘောကျပြီး မဟောသဓပညာရှိက သူ့မှာပါလာတဲ့ ငွေတစ်ထောင်ရယ်၊ အပ်ချုပ်လုပ်ငန်းဖြင့် ရရှိလာတဲ့ ငွေတစ်ထောင်ရယ် စုစုပေါင်း ငွေနှစ်ထောင်ကို အမရာဒေဝီရဲ့ အမေနဲ့ အဖေကို ပေးပြီး သူ့သမီးကို တောင်းတယ်။ အဲဒီလို သမီးကိုတောင်းတော့ မိဘတွေကလဲ သဘောတူလိုက်ကြတယ်။

အိမ်မှာ တစ်ရက်နှစ်ရက် ဆက်နေပြီး မိဘတွေ ကန်တော့ ကာ အမရာဒေဝီကို ခေါ်သွားတယ်။ နှစ်ဦးသား မြို့တော်ဘက်ကို ခရီးထွက်သွားကြရင်း လမ်းရောက်တဲ့အခါ မဟောသဓက "တို့ သွားရမယ့်ခရီးက ဝေးတယ်။ ဟောဒီ ဖိနပ်လေးစီး၊ ထီးလေး ဆောင်းပြီးသွား" လို့ဆိုပြီး အမရာဒေဝီအား ထီးနဲ့ဖိနပ်ကို ပေးလိုက်တယ်။

## ဖိနပ် နှင့် ထီး

အဲဒီမှာ အမရာဒေဝီက မဟောသဓ ပညာရှိ,မရှိ ပြန်ပြီး တော့ စမ်းသပ်တယ်။ ဖိနပ်ကို ကုန်းပေါ်မှာမစီးဘူး၊ ရေထဲ ဖြတ်တဲ့အခါမှာ စီးတယ်။ ထီးကိုလဲ လွင်ပြင်မှာမဆောင်းဘူး။ သစ်ပင်ရိပ် ရောက်တဲ့အခါမှာ ထီးဆောင်းတယ်။ သူများနဲ့ အမူအကျင့် မတူဘူးပေါ့။ သူများက ထီးဆိုတာ လွင်ပြင်မှာ ဆောင်းတယ်။ ဖိနပ်ဆိုတာလဲ ကုန်းပေါ်မှာစီးတယ်။ ရေထဲ ရောက်ရင် ဖိနပ်ချွတ်တယ်။ အမရာက အဲလိုမဟုတ်ဘူး။ ကုန်း ပေါ်မှာ ဖိနပ်မစီးဘူး။ ရေထဲရောက်မှစီးတယ်။ လွင်ပြင်မှာ ထီးမဆောင်းဘဲနဲ့ တောထဲရောက်တဲ့အခါကျမှ ထီးဆောင်းတယ်။

မဟောသဓအေဖို့ ဆန်းနေတယ်။ "ဘာဖြစ်လို့ ရေထဲကျမှ ဖိနပ်စီးရသလဲ၊ ကုန်းပေါ်ဘာကြောင့် မစီးရသလဲ"

"အရှင့်သား၊ ကုန်းပေါ်ဆိုတာ ဆူး ရှိ,မရှိ၊ ခလုတ်ရှိ,မရှိ မြင်ရတယ်၊ ဖိနပ်စီးစရာ မလိုဘူး။ ရေထဲမှာ ဘာမှမမြင်ရဘူး။ မမြင်ရတဲ့နေရာ ခြေထောက်ကို ဆူးမှာစိုးလို့ ဖိနပ်စီးပါတယ်"လို့ ပြောတယ်။

"ဒါဖြင့် ထီးကို ဘာလို့ လွင်ပြင်မှာ မဆောင်းတာလဲ"၊ "လွင်ပြင်ဆိုတာ အန္တရာယ်မရှိဘူးဆိုတာ ကြည့်လိုက်ရင်သိတယ်။ ကိုယ့်ခေါင်းပေါ် ဘာမှလာကျစရာမရှိဘူး။ တောထဲသွားတဲ့အခါ သစ်ပင်က ငှက်ချေးပန်းချမလား။ သစ်ကိုင်းခြောက် ခေါင်းပေါ် ကျမလား၊ အဲဒီလိုဟာတွေ ရှိတယ်။ ဒါကြောင့်မို့ အဲဒါတွေ ကာကွယ်ဖို့အတွက် သစ်တောထဲဝင်မှ ထီးဆောင်းတာပါ။"

သူများနဲ့မတူပေမယ့်လို့ အမရာပြောတာ အကြောင်း အကျိုး ညီညွတ်တော့ မဟောသဓပညာရှိက သဘောကျသွား တယ်။ လုပ်ရိုးလုပ်စဉ်တော့ မဟုတ်ဘူး။ ဒါပေမဲ့ သဘောကျစရာ ဖြစ်တယ်။ ယုတ္တိရှိရှိ ရှင်းပြနိုင်တဲ့ စွမ်းရည်သတ္တိကို သဘောကျ တယ်။

အဲဒီလိုနဲ့ ခရီးဆက်ပြီး သွားကြတဲ့အခါ အသီးတွေ ဝင်းနေအောင် မှည့်နေပြီဖြစ်တဲ့ ဆီးပင်ကြီးတစ်ပင်အောက်ကို ရောက်သွားကြတယ်။ အမရာဒေဝီက "အရှင့်သား၊ ဆီးပင်ပေါ် တက်ပြီး ဆီးသီးခူးပါ၊ စားရအောင်"လို့ ပြောတယ်။ "ငါညောင်း တယ်၊ မတက်နိုင်ဘူး။ နင့်ဘာသာ နင်တက်"လို့ ပြောတယ်။ အမရာဒေဝီက ဆီးပင်ပေါ်တက်ပြီး ဆီးသီး ခူးစားတယ်။ အဲဒီကျတော့မှ မဟောသဓက "ငါ့လဲ ဆီးသီးလေးပေးပါဦး"လို့ တောင်းတယ်။ အဲဒီအခါ အမရာဒေဝီက ပညာရှိ၊မရှိ စမ်းပြန် တယ်။ "ဆီးသီးကို ခပ်နွေးနွေးလေး စားချင်တာလား။ အေးအေး လေး စားချင်တာလား" မဟောသဓက ဒါ ငါ့ပညာစမ်းတာပဲ သိလို့ "ငါ့ကို ဆီးသီးနွေးနွေးလေး ပေးပါ"ဆိုတော့ နေပူထားတဲ့ မြေကြီးပေါ် ပစ်ချပေးလိုက်တယ်။ အဲဒီမှာ သဲတွေက ပူနေတဲ့ အခါ ဆီးသီးက သဲအပူနဲ့ နွေးသွားတယ်။ နွေးနွေးလေး စားရ တယ်။

"ဆီးသီး အေးအေးလေးပေးပါ" တောင်းတဲ့အခါ မြက်ခင်း စိမ်းစိမ်းလေးပေါ် ပစ်ချပေးတယ်။ မြက်ခင်းစိမ်းစိမ်းပေါ်ကျတဲ့ ဆီးသီးကျတော့ သဲပေါ်ကျတဲ့ ဆီးသီးနဲ့မတူဘူး။ ခပ်အေးအေး ဖြစ်တယ်။

## မိထိလာမြို့သို့ရောက်ခြင်း

အဲဒီလို တစ်ဦးနဲ့တစ်ဦး ဉာဏ်စမ်းရင်း တောစခန်းကို ဖြတ်သန်းခဲ့ကြပြီး မိထိလာမြို့ထဲ ရောက်တဲ့အခါ တံခါးစောင့်ရဲ့ အိမ်မှာ ခေတ္တနေဖို့ တံခါးမှူးကတော်ဆီ အမရာဒေဝီကို အပ်ထားခဲ့တယ်။

မဟောသဓာ အကြံနဲ့ တံခါးမှူးရဲ့အိမ်မှာ ခဏအပ်ခဲ့ပြီး သူ့အိမ်ပြန်သွားတယ်။ သူ့အိမ်က ဘုရင်ကိုယ်တိုင် ပေးထားတဲ့ ဝန်ကြီးအိမ်ဆိုတော့ ခမ်းနားကြီးကျယ်တယ်၊ ခြွေရံတွေနဲ့ သင်းပင်းတွေနဲ့ အိမ်ကြီးအိမ်ကောင်းမှာနေတာဖြစ်တယ်။ အိမ်ရောက်သွားတဲ့အခါ မဟောသဓာ သူ့လူတွေကို ခိုင်းလိုက်တယ်။ "ကလေးမတစ်ယောက် တံခါးမှူးအိမ်မှာရှိတယ်၊ မင်းတို့ ငါ့ဆီက ငွေတစ်ထောင်ယူသွား။ သူ့ကိုသွားပြီးတော့ သွေးဆောင် ဖျားယောင်းကြ။ ပိုက်ဆံတစ်ထောင်ပေးမယ်။ သူတို့သူ့ဌေးဆီ လိုက်ခဲ့ပါ"

ပထမတစ်ကြိမ် "သူ့မှာ အိမ်ထောင်ဖက်ရှိတယ်၊ ဘယ်သူ့ ကိုမှ စိတ်မဝင်စားဘူး"လို့ ခါးခါးသီးသီး ငြင်းလိုက်တယ်။ ဒုတိယ အကြိမ်လဲ ငြင်းတယ်။ တတိယအကြိမ်လဲ ငြင်းတယ်။ စတုတ္ထ အကြိမ်ရောက်တဲ့အခါ "ဒီတစ်ခါငြင်းရင် ခလေးမလက်ဆွဲပြီး ငါ့ဆီ အတင်းခေါ်ခဲ့ကြ"။ သူ့လူတွေ လွှတ်လိုက်တယ်။ စတုတ္ထ အကြိမ်မှာ အမရာဒေဝီကို အတင်းဆွဲခေါ်သွားကြတယ်။ အတင်း ဆွဲခေါ်သွားကြလို့ အိမ်ရောက်သွားတယ်။

အိမ်ရောက်သွားတဲ့အခါမှာ မဟောသဓာ အပ်ချုပ်သမား ဝတ်တဲ့ အဝတ်နွမ်းလေးနဲ့လာတဲ့ ပုံသဏ္ဌာန် မဟုတ်ဘူး။ ပညာရှိ

အမတ်ကြီးဝတ်စုံတွေနဲ့ ဖြစ်နေတယ်။ "လူမှာ အဝတ်၊ တောင်းမှာ အကွပ်"ဆိုတော့ အမရာက ရုတ်တရက် မမှတ်မိဘူး။

အမရာက စဉ်းစားတယ်၊ အိမ်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှု၊ အခြံအရံတွေများမှုကိုကြည့်ပြီး "အိမ်ကြီးက ခမ်းနားလိုက်တာ၊ ဒီလူက အင်မတန်မှ ရုပ်ချော၊ အတိတ်ဘဝတုန်းက ကုသိုလ်ကောင်းမှုတွေလုပ်ခဲ့လို့ အင်မတန်မှ ချမ်းသာကြွယ်ဝတဲ့ အိမ်ကြီးနဲ့ နေနိုင်တာ။ အခုတော့ သူဟာ မတော်မတရားအလုပ်လုပ်ဖို့ ကြံနေပြီ၊ အတိတ်ဘဝ ကုသိုလ်ကံကြောင့် အခုလို စည်းစိမ်တွေ ရတာ။ ကုသိုလ်ကံရဲ့ အကျိုးများ ဆန်းကြယ်ပ။ ငါတို့တော့ တောမှာနေရပြီး ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက်ရတယ်။ အခုတော့ အိမ်ကြီးနဲ့ တင့်တောင့်တင့်တယ် အခြွေအရံသင်းပင်းတွေနဲ့ ဒီလူက ကံကောင်းလိုက်တာ"

ကုသိုလ်ကံရဲ့အကျိုးကို စဉ်းစားမိတဲ့အခါ အမရာက ဝမ်းသာအားရ ပြုံးမိတယ်ပေ့ါ။ "သြော်၊ ဒီလူဟာ သူများကာမပိုင်ကို ဖျက်ဆီးဖို့ အတင်းအကြပ် လုပ်နေတယ်၊ ဒီအကုသိုလ်ကံကတော့ နောင်ဘဝမှာ ငရဲကျပြီး ဒုက္ခရောက်မှာပဲ။ ရုပ်ရည်လေးက သနားကမား၊ အတိတ်ဘဝက ကုသိုလ်ကံကြောင့် အခုလိုအခြေအနေမျိုး ရောက်တာကို မတော်လောဘတွေနဲ့ ကိုယ်ကျင့်သိက္ခာ ပျက်ပြားပြီး သူတစ်ပါး သားမယားကို စော်ကားဖို့လုပ်ရင် ဒီလူဟာ နောင်ဘဝ အပယ်ငရဲကျပြီး ဒုက္ခရောက်တော့မှာပဲ" ဆိုပြီး ဝမ်းနည်းပြီး မျက်ရည်ကျတယ်။

စည်းစိမ်ဥစ္စာတွေကို မြင်တဲ့အခါ ဝမ်းသာတယ်။ သြော်- ကံကောင်းလိုက်တာ။ အိမ်ကြီးနဲ့နေနိုင်တာ အတိတ်က ကုသိုလ်

ကောင်းလိုက်တာလို့ ပြုံးတယ်။ ဒီလို ကုသိုလ်ကောင်းခဲ့ရဲ့သားနဲ့ မဟုတ်တာလုပ်ရင်တော့ ဒီလူတော့ ဒုက္ခ ရောက်တော့မှာပဲ ဆိုတာကိုတွေးပြီး မျက်ရည်ကျတယ်။

အဲဒီမှာ မဟောသဓကေ မေးတာပေါ့။ "မင်းက ရီလဲ ရီတယ် ငိုလဲငိုတယ်၊ ဘာဖြစ်လို့လဲ" အဲဒီလိုမေးတဲ့အခါ အမရာက ပြောပြတယ်။ ကုသိုလ်ကောင်းမှုရဲ့ အကျိုးများ ထူးခြား လှပါ ပေတယ်။ လူချင်းတူပေမယ့်လို့ ချမ်းသာကြွယ်ဝတာချင်း မတူဘူး။ ကုသိုလ်ကံကိုကြည့်ပြီးတော့ သူကပြုံးမိတာပါ။ ရယ်မိတာပါ။ ဒီလို ကုသိုလ်ကံရှိသားနဲ့ သူတစ်ပါးသားမယားကို စော်ကားတဲ့၊ မဟုတ်မတရားတဲ့ အလုပ်တွေ လုပ်တဲ့လူဟာ တစ်နေ့ကျတော့ ဒုက္ခရောက်မှာပဲဆိုတာ သနားလို့ ငိုမိတာပါ" လို့ ဖြေတယ်။

အမရာရဲ့ ရင်ထဲမှာ ခံစားချက်နှစ်မျိုးဖြစ်တယ်။ စည်းစိမ် ဥစ္စာ ကြည့်လိုက်တဲ့အခါ ခံစားချက်က တစ်မျိုး၊ ဒုက္ခရောက်မှာ သိတဲ့အခါ ခံစားချက်က တစ်မျိုး။ ခံစားချက်နှစ်မျိုးဖြစ်နေတယ်။

မဟောသပေညာရှိက "ကဲ- ဒီကလေးမလေး ပြန်ပို့လိုက်ကြ" လို့ ပြောလိုက်တယ်။ မြန်မာတွေရဲ့ ဆိုရိုးစကားထဲမှာရှိတယ်။ "အမရာ ကိန္နရီ မဒ္ဒီ သမ္ဘူလ တော်လေးဝ" လောကမှာ စံထား ရတဲ့ အမျိုးသမီးအကောင်း ဆိုတာ ဒီလေးယောက် ရှိတယ်လို့ ပြောတယ်နော်။ ဘယ်လောက်ပဲ သွေးဆောင်ဖြားယောင်း ဖြားယောင်း၊ ငွေကြေးနဲ့ ဘယ်လောက်ပေးပေး သူတို့က လုံးဝ သစ္စာမဖောက်ဘူး၊ ခိုင်မြဲကြတယ်။

အမရာဒေဝီဆိုတာ ဒီဇာတ်လမ်းကို အကြောင်းပြုပြီးတော့ ပြောတာ။ ကိန္နရီဆိုတာ စန္ဒကိန္နရီဇာတ်က ကိန္နရီ၊ လူသားတော့

https://thitsarparami.org

မဟုတ်ဘူး။ မဒီဆိုတာ ဝေဿန္တရာမင်းကြီးရဲ့ မိဖုရား မဒ္ဒီဒေဝီ၊ သမ္မုလဆိုတာ ခန္ဓာကိုယ်က အရေပြားရောဂါစွဲပြီးတော့ နန်းတော်ထဲမှာမနေဝံ့အောင် အရှက်ကွဲနေတဲ့မင်းသား သောတ္ထိသေနရဲ့ဇနီး၊ တောထဲမှာ ဘီလူးကိုယ်တိုင်က ဖြားယောင်း သွေးဆောင်တာကို လက်မခံဘူး။ နူနာရောဂါစွဲနေတဲ့ သူ့ရဲ့ အမျိုးသားကိုပဲ ပြုစုစောင့်ရှောက်ခဲ့တဲ့ သမ္မုလဆိုတဲ့ အမျိုးသမီး။ အဲဒါကို အကြောင်းပြုပြီးတော့ "အမရာ ကိန္နရီ မဒီ သမ္မုလ တော်လေးဝ" လို့ ဆိုကြတာ၊ သူတို့က ဘယ်လိုမှ ဖြားယောင်း သွေးဆောင်လို့ မရဘူး။ အင်မတန်မှ တည်ကြည်သစ္စာခိုင်မာတဲ့ အမျိုးသမီးလေးဦးလို့ မြန်မာစကားမှာ ဆိုခဲ့တယ်။

မဟောသဓပညာရှိက "ကဲ ကဲ သူ့ပြန်ပို့လိုက်၊ ပြန်ပို့လိုက်" ပြန်ပို့ခိုင်းတယ်။ ရုပ်ဖျက်ပြီး အပ်ချုပ်သမားပုံစံနဲ့ သွားပြီးတော့ ခေါ်ယူခဲ့ရတယ်။ ဒီအိမ်ကြီး ပြန်ရောက်လာတယ်။ အဲဒီတော့ မှတ်မိသွားပြီ။

## သီပေါစော်ဘွား

ရံဖန်ရံခါ လောကကြီးမှာ အံ့ဩဖွယ်ရာကောင်းတာတွေ ရှိတတ်တယ်။ အထင်အမြင်တွေ မတူကြတာတွေရှိတတ်တယ်။ မြန်မာပြည်မှာ ဖြစ်ခဲ့တဲ့ဇာတ်လမ်းလေးတစ်ခု ပြောရမယ်ဆိုရင် သီပေါမြို့မှာ သီပေါစော်ဘွားသားဆိုတာရှိတယ်။ သူ့နာမည်တော့ စောကြာဒိုးလို့ ခေါ်တာဖြစ်တယ်။ အဲဒီစော်ဘွားသားက ဥရောပ မှာ ကျောင်းတက်တယ်။ ကျောင်းနေရင်းကနေ ဩစတြီးယားသူ အမျိုးသမီးနဲ့တွေ့ပြီး တစ်ဦးနဲ့တစ်ဦး ခင်မင်ကြတယ်။ အဲဒီမှာ

လက်ထပ်တယ်။ သူဘယ်သူဆိုတာ မပြောဘူး။ ကျောင်းသား အချင်းချင်း လက်ထပ်ပြီး မြန်မာနိုင်ငံပြန်လာတယ်။ ပြန်လာတဲ့အခါ သင်္ဘောနဲ့ ပြန်လာတယ်၊ ရန်ကုန်သင်္ဘောဆိပ်မှာ လာကြိုတဲ့ လူတွေက များတယ်။ အဲဒီကျတော့မှ ဩစတေးလျသူက သူနဲ့ လက်ထပ်တဲ့အမျိုးသားဟာ သာမန်အရပ်သားမဟုတ်ပဲ စော်ဘွားသားဖြစ်နေတာကိုသိရတယ်။ ဩစတေးလျသူကို **"သုစန္ဒာဒေဝီ"** လို့ ခေါ်တယ်။ စော်ဘွားကတော်အဖြစ်နဲ့ မြန်မာပြည်မှာ နေသွားတယ်။ ဒါ တကယ့်အဖြစ်အပျက်။

(အဲဒီလိုပဲ တစ်ခါတစ်ရံဟာ အံ့ဩဖွယ်ရာပေ့ါ။ အမရာဒေဝီဟာလည်းပဲ သူထင်တာဟာ အပ်ချုပ်သမား တစ်ယောက်၊ လူဆင်းရဲတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်လို့ ထင်တာ။ တကယ်ကျတော့ ဘယ်ဟုတ်မလဲ၊ ဘုရင်က သားအဖြစ်မွေးထားတဲ့၊ နန်းတော်မှာ ရာထူးကြီးတဲ့ ပညာရှိအမတ်တစ်ဦးဖြစ်နေတာ။ အသက်ပင်ငယ်သော်လည်းပဲ ဘုရင့်ရဲ့အမှုထမ်းပညာရှိနဲ့ သူဟာ လက်ဆက်ရတယ်ဆိုတာ နောက်မှ သိသွားတယ်။ ဘဝရဲ့ အပြောင်းအလဲဆိုတာ အဲဒါနေ၁်။ အခုခေတ်တော့ အချိုးအကွေ့လို့ အဲလိုလဲခေါ်တယ်။)

နန်းတော်ရောက်တဲ့အခါ မင်္ဂလာလက်ထပ်ပွဲကို ဥဒုမ္ဗရဒေဝီမိဖုရားက စီမံပေးတယ်။ မိဖုရားကြီး ဥဒုမ္ဗရဒေဝီကိုယ်တိုင် စီမံပေးတဲ့အပြင် ဘုရင်ကြီးကိုယ်တိုင်က ထောင်တန်လက်ဆောင်ပဏ္ဏာဖြင့် လက်ဖွဲ့တယ်။

အမရာဒေဝီက ဘုရင်ကြီးရဲ့ လက်ဖွဲ့ပစ္စည်းကို ထက်ဝက်ခွဲ၍ မင်္ဂလာအခမ်းအနား လက်ဆောင်ရသမျှတွေကို အားလုံး

ရာထူးအလိုက် အဆင့်ဆင့် ခွဲဝေပြီး လက်ဆောင်ပြန်ပေးတယ်။ ဒီလူ့ထံမှ လက်ဆောင်ကို ဟိုလူ့ထံပေး၊ ဟိုလူ့ထံမှ လက်ဆောင်ကို ဒီလူ့ထံပေးပြီး မိတ်ဖွဲ့တယ်။ အဲဒီလို မိတ်ဖြစ်ဆွေဖြစ် လက်ဆောင်ပစ္စည်းတွေကို ခွဲဝေပြီးတော့ ပြန်ပြီးပေးတယ်။ တစ်မြို့လုံးရှိ မြို့မျက်နှာဖုံးအားလုံး မိတ်ဆွေဖြစ်သွားကြတယ်။ အဲဒါ အမရာဒေဝီရဲ့ စွမ်းရည်သတ္တိပဲပေါ့။

အဲဒီလို အမရာဒေဝီနဲ့ မဟောသဓတို့ရဲ့ လက်ထပ်ပွဲ တက်ရောက်ကြတဲ့ ပုဂ္ဂိုလ်တွေကလဲ အားလုံးပျော်ရွှင်ဝမ်းမြောက်ခြင်း ဖြစ်ကြတယ်။

## အမတ်ကြီး ၄-ဦး အမှုဆင်ခြင်း

မဟောသဓနှင့် အမရာဒေဝီတို့ ဇနီးမောင်နှံနှစ်ယောက် ဘဝမှာ အေးအေးချမ်းချမ်းများ နေရမလားဆို မနေရဘူး၊ လောကမှာ မနာလိုဝန်တိုမှုဆိုတာရှိတယ်။ လူတွေရဲ့ အသိုင်းအဝိုင်းမှာ မနာလိုတယ်ဆိုတာ တစ်ယောက် ကောင်းစားနေရင် မကြည့်နိုင်တာ ဖြစ်တယ်။

မဟောသဓရဲ့ မင်္ဂလာပွဲကို ခမ်းခမ်းနားနားကြီးလုပ်လို့ မနာလိုဖြစ်နေသူတွေကတော့ သေနက၊ ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ အမတ်ကြီးများပဲ ဖြစ်တယ်။ မနာလိုမရှုစိမ့် ဖြစ်ကြတယ်။ "ဒီကောင် ငယ်ငယ်ရွယ်ရွယ်နဲ့ ငါတို့ထက်သာသွားပြီ၊ ကျော်သွားပြီ" ဆိုပြီး မနာလိုကြဘူး။ ကိုယ့်ထက် အဆင့်မြင့်သွားတာကို မကြိုက်ကြဘူး။ ဥဒုမ္ဗရဒေဝီ မိဖုရားကြီးကိုယ်တိုင် စီမံတဲ့ ဒီ

အခမ်းအနားပြီးတဲ့နောက် ပိုပြီးတော့ မနာလို ဝန်တိုစိတ်တွေ ဖြစ်ကြတယ်။

သေနက အမတ်ကြီးက အသက်ငါးဆယ်လောက် ရှိကောင်းရှိလိမ့်မယ်။ မဟောသဓပညာရှိက ၁၆ နှစ်ကျော်ကျော်၊ အသက် ၂၀ မပြည့်သေးတဲ့ အရွယ်အတွင်းမှာ ဖြစ်တယ်။

အမတ်ကြီးလေးယောက် ဆုံဆည်းတဲ့အခါမှာ သေနက အမတ်က "မဟောသဓက ဒို့ထက် ကျော်နေတာ။ အခု သူ့ဇနီး အသစ်စက်စက်လေးကလည်း ဆတ်ဆတ်ထိ မခံဘူး။ အဲဒီ ကောင်မလေးကလဲ ပညာကတတ်လိုက်တာ မပြောနဲ့တော့။ လင်မယားနှစ်ယောက်ဆို ငါတို့ဘယ်လိုလုပ်ကြမလဲ။ မဟောသဓ ကလည်းပဲ ချက်ခနဲဆို နားခွက်က မီးတောက်တဲ့ပုဂ္ဂိုလ်မျိုး။ အခု သူ့ဇနီးအသစ်ကလဲ သူ့ထက်တောင် သာချင်သေးတယ်။ ဉာဏ် များလိုက်ပုံက။ ငါတို့ ဘယ်လိုလုပ်ကြမလဲ။ တို့ဘဝကတော့ သွားပါပြီ"။ အဲဒီလို ငြီးတွားတယ်။

ကျန်တဲ့ အမတ်သုံးယောက်က "ဆရာ အကြံထုတ်စမ်း ပါဦး၊" အေး "ငါတစ်ခုတော့ တွေ့ထားတယ်။ ဒီကောင် ဒုက္ခ ရောက်အောင် လုပ်ရမယ်။" (မနာလိုစိတ်ဆိုတာ ကြောက်ဖို့ ကောင်းတယ်။ ပညာချင်း မယှဉ်နိုင်တဲ့အခါကျတော့ ဒုက္ခပေးဖို့ ကြံစည်ကြတယ်။ လူဆိုတာ ဘယ်ခေတ်ကလူပဲဖြစ်ဖြစ် မကောင်း တဲ့လူက မကောင်းဘူး။ ကောင်းတဲ့လူက ကောင်းတယ်။ ဆုတ်ကပ်ကာလကျတော့ မကောင်းတဲ့လူက ဦးရေများလာတာ။ ဒါက ဆုတ်ကပ်ရဲ့သဘော။)

"လူဟာ ဝန်တိုတယ်။ တစ်ဖက်သား ကြီးပွားတာကို မနာလို မရှုစိမ့်ဖြစ်တယ်၊ ကိုယ့်ထက်သာရင် မကြိုက်ဘူး"

သေနကအမတ်ကြီးက ဘယ်လောက်ထိအောင် ရက်ရက် စက်စက် စိတ်ကူးသလဲဆိုရင် "လွယ်ပါတယ်ကွာ၊ ငါဒီကောင်ကို ဒုက္ခရောက်အောင် လုပ်ပြမယ်"။ ဆရာကြီး ဘယ်လိုလုပ်မှာတုန်း ဆိုတော့ "ဘုရင်ကြီးရဲ့ ရတနာပစ္စည်းတွေ တိတ်တဆိတ်ယူပြီး သူ့အိမ်ကို ခိုးရာပါပစ္စည်းတွေ ပို့ထားမယ်။ ငါတို့က ဘုရင်ဆီ ဦးအောင်သွားပြီး သံတော်ဦးတင်မယ်။ အဲဒီလို သံတော်ဦး တင်တဲ့အခါ ရှာလိုက်တဲ့အခါ မဟောသဓအိမ်မှာ ဒီရတနာ ပစ္စည်းတွေ တွေ့တယ်ဆိုရင် ရတနာခိုးမှုနဲ့ တရားစွဲ ထောင်သွင်း အကျဉ်းချခံရမယ်"။

"ဒါဆိုကောင်းပြီ" လို့ သဘောတူကြပြီး သေနကအမတ် ကြီးက ဘုရင်ကြီးရဲ့ စူဠာမဏိ (နဖူးစည်း ပတ္တမြားဥသျှောင် ရတနာ) ကို တိတ်တဆိတ် ခိုးယူတယ်။ ပုက္ကုသအမတ်ကြီးက ရတနာပန်းခိုင်ကို ခိုးတယ်။ ကာမိန္ဒကတော့ ဘုရင်ကြီးရဲ့ ခြုံထည် ကမ္ဗလာကြီးကို ခိုးယူတယ်။ ဒေဝိန္ဒကတော့ ဘုရင်ကြီးရဲ့ ရွှေ ခြေနင်းကို ခိုးတယ်။ ဘုရင်ကြီးရဲ့ အသုံးအဆောင်ပစ္စည်း လေးမျိုးကို ခိုးယူပြီး မဟောသဓအိမ်ရောက်အောင်ပို့ကြတယ်။

သေနကအမတ်က ရက်တက်အိုးထဲမှာ စူဠာမဏိ ရတနာ ပစ္စည်းကိုထည့်ပြီး ရက်တက်အိုးကို အလုံပိတ်စေတယ်။ အိမ်စေ ကျွန်မကို သေချာမှာလိုက်တယ်။ ဒီရက်တက်ကို သွားရောင်း။ တခြား ဘယ်သူ့မှမရောင်းနဲ့၊ မဟောသဓ အိမ်က ဝယ်မှရောင်း။

ဝယ်တယ်ဆိုရင် အလကားပေးခဲ့။ "ရက်တက် ယူဦးမလား၊ ရက်တက်ယူဦးမလား" ဆိုတဲ့အသံက မဟောသဓ အိမ်နား ရစ်သီရစ်သီလုပ်ပြီး အော်နေတော့ အမရာက "ငါ့အိမ်နားတင်ပဲ ရောင်းနေတာ" ဆိုပြီး သံသယဖြစ်လာတယ်။ ဒါနဲ့ သူကိုယ်တိုင် ရက်တက်ရောင်းတဲ့ ကျွန်မကိုခေါ်လိုက်တယ်။

အမရာ ရက်တက်အိုးကို အလစ်ဖွင့်ကြည့်ပြီး ရက်တက် လာရောင်းတဲ့ကျွန်မကို သေချာမေးတယ်။ "နင့်နာမည် ဘယ်သူ တုန်း။ ဒါဘယ်သူ့အိမ်ကတုန်း၊ ဘယ်သူက လွှတ်လိုက်တာတုန်း"။ သေနကအမတ်ကြီးကပါ။ လလဲ မှတ်ထားတယ်။ ရက်စွဲလဲ မှတ်ထားတယ်။ အကုန်လုံး ရေးမှတ်ထားလိုက်တယ်။ သူ့နာမည် ကဘယ်သူ။ ဘယ်အချိန်လာတယ်။ ဘယ်အချိန်လာပြီးတော့ ရောင်းသွားတယ်။ ရတက်ရောင်းရင်း ဒီထဲမှာပါတာ တွေ့လိုက် တယ်ဆိုတာကို အမရာဒေဝီက အကုန်စာရင်းထဲမှာ မှတ်ထား လိုက်ပြီး အဲဒီရက်တက်အိုးကို ယူထားလိုက်တယ်။ သေသေချာချာ တိတိကျကျ မှတ်သားထားလိုက်တယ်။

နောက်တစ်ခါ ပုက္ကုသအမတ်ကြီးအိမ်က ရွှေပန်းခိုင်ကြီး လာရောင်းတယ်။ ရွှေပန်းခိုင်ကြီး လာရောင်းတဲ့အခါ ရွှေပန်းခိုင်ကို မမြင်ရအောင် မြတ်လေးပန်းကုံးတွေနဲ့ ဖုံးပြီးတော့ "မြတ်လေး ပန်း ယူဦးမလား၊ မြတ်လေးပန်း ယူဦးမလား" လာရောင်းတယ်။ အမရာတို့ အိမ်နားပဲ ရစ်သီရစ်သီ အော်နေတော့ ခေါ်တယ်။ မြတ်လေးပန်းတွေအောက်မှာရွှေပန်းခိုင်ကြီးတွေ့တယ်။ "ဘယ်သူ့ အိမ်ကတုန်း၊ ဘယ်သူက ရောင်းခိုင်းတာတုန်း အကုန်လုံးမေးပြီး

"ပုက္ကုသအမတ်ကြီးက ရောင်းခိုင်းတာပါ" ပြောတဲ့အခါ အကုန်လုံး စာရင်းမှတ်ထားလိုက်တယ်။

နောက်တစ်ခါ ကာမိန္ဒအိမ်က ကျွန်မကလဲ တစ်ခါလာပြီး ရောင်းပြန်တယ်။ ဘုရင်ခြုံတဲ့ ကမ္ဗလာကြီးကို တောင်းထဲထည့်ပြီး အပေါ်က ဟင်းရွက်တွေနဲ့ဖုံးကာ လာရောင်းတာ။ သူ့အိမ်နားပဲ ရစ်သီရစ်သီမခွာတဲ့အခါ ခေါ်ပြီး သူ့အလစ်မှာ တောင်းကို စစ်လိုက်တဲ့အခါ ကမ္ဗလာကိုတွေ့တယ်။ "နင့်နာမည် ဘယ်သူတုန်း၊ ဘယ်အိမ်ကလာရောင်းတာတုန်း" အကုန်လုံးမေးပြီး စာရင်းမှတ်ထားလိုက်တယ်။

နောက်ဆုံး ဒေဝိန္ဒအမတ်ကြီးအိမ်က ကျွန်မကလဲ ရွှေခြေနင်းကို ဂုံညှင်းတွေကို စည်းထားတဲ့ အစည်းထဲမှာဖွက်ပြီး ဂုံညှင်းယူမလား လာရောင်းတာ။ ဂုံညှင်းအစည်းကြီးကို စစ်ဆေး၍ သေချာစာရင်းမှတ်ပြီး အမရာဒေဝီက ယူထားလိုက်တယ်။ အားလုံး ဘုရင်သုံးတဲ့ ရတနာပစ္စည်းလေးမျိုးစလုံးဟာ အမရာဒေဝီ အိမ်မှာ အကုန်ရောက်သွားတယ်။

အမတ်ကြီးလေးဦးက "တို့အကြံတော့ အောင်ပြီ" ဆိုပြီး ဘုရင့်နန်းတော် ဝင်ကြတယ်။ "အရှင်မင်းကြီး၊ ပတ္တမြားဥဿျောင်ကို မဝတ်တာကြာပြီ၊ အရှင်မင်းကြီး ဝတ်ဆင်ပါဦးလား။ ရွှေပန်းခိုင်ကြီး အလှမဆင်တာ ကြာပြီ။ ကမ္ဗလာကြီးလဲ မခြုံတာကြာပြီ။ ရွှေခြေနင်းရော မစီးတာကြာပြီ။ အရှင်မင်းကြီး ဒီနေ့ ဒါတွေ ဝတ်ပါလား"လို့ တိုက်တွန်းကြတယ်။ "ကဲ- ဒါဖြင့် အဲဒီရတနာပစ္စည်းတွေ ယူခဲ့" ဆိုတဲ့အခါ ထားနေကျနေရာမှာ ရတနာပစ္စည်းတွေ ပျောက်နေတာတွေ့ရတယ်။

ရတနာပစ္စည်းတွေ ပျောက်နေတယ်။ စုံစမ်းကြဆိုတော့ သေနကအမတ်ကြီးက "အရှင်မင်းကြီး၊ ကျွန်တော်မျိုးသိပါတယ်၊ ပြောရမလား။ အဲဒီပစ္စည်းတွေက မဟောသဓအိမ် ရောက်နေတယ်။ မဟောသဓ ဆိုတဲ့ကောင်က အဲဒီရတနာပစ္စည်းတွေ အသုံးချနေတာ အရှင်မင်းကြီး သတိထား။ သူက ဘုရင်စိတ်ပေါက်နေတာ"

လူတစ်ယောက် ဒုက္ခရောက်အောင် ချွန်တွန်းလုပ်တာ။ အဲဒီမှာ ဘုရင်ဆိုတဲ့အမျိုးအစားက သိပ်ယုံတတ်တာ။ သူ့အတွက် သူ စိုးရိမ်တယ်။ ဒီအမတ်ကြီးတွေက ငါ့အကျိုးလိုလားတဲ့လူ ဖြစ်လိမ့်မယ်။ မဟောသဓကေ လူငယ်လူရွယ် ဟုတ်မျှားဟုတ်နေမလားလို့ သံသယဝင်လာတယ်။

မဟောသဓရဲ့ အကျိုးစီးပွားကို လိုလားတဲ့ သူ့တပည့်တွေက ဒီသတင်းလဲကြားရော မဟောသဓကိုသွားပြောကြတယ်၊ "ပြဿနာတော့ တက်နေပြီအရှင့်သား၊ ဘုရင်ကြီးဆီက ဒီပစ္စည်း၊ ဒီပစ္စည်းတွေ ပျောက်နေတယ်။ အဲဒါ မဟောသဓအိမ် ရောက်နေတယ်လို့ ပြောတယ်။ အရှင့်သား ပြဿနာတော့တက်ပြီ"။

အဲဒီအခါ မဟောသဓကိုယ်တိုင် နန်းတော်ကို သွားတယ်။ ဝင်ခွင့်တောင်းတယ်။ ကုန်းတိုက်ထားတာဖြစ်လို့ ဘုရင်ကြီးက ဝင်ခွင့်မပြုဘူး။ ဝင်ခွင့်မပြုတော့ မဟောသဓကေ ပြန်သွားရတယ်၊ မကြာခင်ပဲ "မဟောသဓကိုဖမ်း" ဆိုပြီး အမိန့်ထုတ်တယ်။

အဲဒီသတင်းလည်းကြားရော မဟောသဓကို ရှောင်တိမ်းနေဖို့ အကြံပေးကြတယ်။ မရှောင်ရင် အဖမ်းခံရမှာ။ အပြစ်မရှိဘဲလည်း အဖမ်းခံချင်ခံရတာ။ မဟောသဓကေ အမရာအား အသိ

ပေး၍ ရုပ်ဖျောက်ပြီး ယဝမဇ္ဈကတောင်ရွာကို ထွက်ခွါသွားတယ်။ ယဝမဇ္ဈကတောင်ရွာမှာ အိုးလုပ်တဲ့ အိုးသူကြီးထံ အလုပ်တောင်းပြီး အိုးလုပ်ငန်း ဝင်လုပ်နေတယ်။ မဟောသဓအိမ်သွားဝိုင်းတဲ့အခါ မတွေ့ဘူး။ မဟောသဓ အိမ်မှာမရှိတော့ဘူး။ ထွက်ပြေးသွားပြီ ဆိုတဲ့သတင်း လွှင့်လိုက်တယ်။

## အမတ်ကြီး ၄–ဦး အမရာဒေဝီအိမ်သွားကြ

မဟောသဓ မရှိခိုက် သေနကတို့အဖွဲ့က အမရာဒေဝီကို လူပျိုလှည့်ကြပြန်တယ်။ လက်ဆောင်ပဏ္ဏာတွေ ပို့စေပြီး သူတို့လာချင်တဲ့အကြောင်း သတင်းပေးကြတယ်။ အမရာဒေဝီကလဲ သူ့စိတ်ကူးနဲ့သူ လက်ဆောင်ပဏ္ဏာတွေ လက်ခံလိုက်ပြီး ရက်ချိန်းပေးလိုက်တယ်။ ဘယ်နေ့ဘယ်ချိန် လာပါ။ တစ်ဦးနဲ့တစ်ဦး မဆုံရအောင် ချိန်းလိုက်တယ်။ သေနက အမတ်ကြီးကလဲ လက်ဆောင်ပေးပြီးတော့ လူပိုလှည့်လာမယ်။ ပုက္ကုသတို့ ကာမိန္ဒတို့၊ ဒေဝိန္ဒတို့ကလဲ အဲဒီလိုလာဖို့ ကြိုးစားကြတယ်။ အားလုံးလက်ဆောင်တွေကို ယူပြီးတော့ ဘယ်အချိန် ဘယ်အချိန် လာပါလို့ အမရာဒေဝီက အကြောင်းပြန်တယ်။

## ထောင်ချောက်ဆင်ခြင်း

အမရာဒေဝီက သူတို့ကို လက်ခံတွေ့ဆုံဖို့ အခန်းတစ်ခန်းကို စီမံထားတယ်။ ကျင်းတူးပြီး အပေါ်မှာ ပျဉ်ချပ်ခင်းထားတယ်။ အဲဒီပျဉ်ချပ်မှာ စက်ခလုတ် တပ်ထားတယ်။ တက်ပြီး ရပ်နေတဲ့

အချိန်မှာ ခလုတ်နှိပ်လိုက်ရင် ကြမ်းကပွင့်ပြီး ဗုံးခနဲအောက်ကျ အောင် လုပ်ထားတယ်။

သေနကအမတ်ကြီးကအမွှေးနံ့သာတွေလိမ်း၊ ဝတ်ကောင်း စားလှ ဝတ်ဆင်ပြီး ဒီကနေ့ည အမရာဒေဝီဆီ သွားမယ်ဆိုပြီး ထွက်လာတယ်။ အိမ်ရောက်တဲ့အခါ အမရာဒေဝီက သူ့ကို လက်ခံတွေ့ဆုံတယ်။ တွေ့ဆုံပြီး ရေချိုးပါဦးလို့ပြောပြီး စက် ခလုတ်တပ်ထားတဲ့ ပျဉ်ချပ်ပေါ် ရပ်နေစေတယ်။ ရေအိုးများကို ယူကာ ရေလောင်းပေးသည့်ဟန်ဖြင့် စက်ခလုတ် နှိပ်လိုက်တဲ့ အခါ ဝုန်းကနဲ တွင်းထဲပြုတ်ကျသွားတယ်။

အဲဒီတွင်းထဲမှာ မစင်နဲ့ ရေတွေ ဖျော်ထားတယ်။ မစင် တွင်းထဲမှာ သေနကအမတ်ကြီး ဝုန်းခနဲကျသွားပြီး ပျဉ်ချပ်က ပြန်ပိတ်သွားတယ်။

ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ အမတ်ကြီးတွေဟာလည်း ချိန်းထားတဲ့အချိန်မှာ တစ်ယောက်ပြီးတစ်ယောက် ရောက်လာ ကြတယ်။

ပုက္ကုသအမတ်ကြီး ဖြုန်းခနဲဆို အောက်ရောက်သွားတဲ့ အခါ အောက်ကလူတစ်ယောက်နဲ့ တွေ့နေတာ။ မင်းဘယ်သူ တုန်းဆို ငါ သေနက။ မင်းကရော ငါက ပုက္ကုသ။ အဲဒီ အောက်ခန်းထဲမှာ လေးယောက်စလုံး ဆုံမိကြတယ်။

အမရာဒေဝီရဲ့ ထောင်ချောက်ထဲမှာ လေးယောက်စလုံး မိပြီးတော့ အချင်းချင်း "ဒုက္ခပါပဲ" ငြီးတွားပြီး တစ်ညလုံး အဲဒီ အခန်းထဲမှာ နေကြရတယ်။ မစင်နံ့ကလဲ နံလိုက်တာ။ တစ်ညလုံး

သူတို့ ဒုက္ခရောက်သွားတယ်။ လောဘသားတွေဟာ အဲဒီလိုပဲ ဖြစ်တာ။ သူများကို ချောက်တွန်း၊ သူများကို မတရားကြံတော့ အဲလိုခံရတယ်။

မနက်မိုးလင်းတဲ့အခါ အမရာဒေဝီက အဲဒီတံခါးကို ဖွင့်စေတယ်။ အမရာဒေဝီရဲ့လူတွေက ဝိုင်းပြီးဖမ်းချုပ်ပြီး ရေမိုးချိုး ကတုံးပြောင်အောင်ရိတ်ပြီးတဲ့အခါ ကြိုတင်စီမံထားတဲ့ ထမနဲ တွေနဲ့ တစ်ကိုယ်လုံးသုတ်တယ်၊ သုတ်ပြီးတဲ့အခါ ဂွမ်းတွေ တစ်ကိုယ်လုံးကပ်ကြတယ်။ အမရာဒေဝီက အမတ်ကြီး ၄-ဦးကို ဖျာနဲ့လိပ်ပြီး နန်းတော်သို့ ယူဆောင်သွားစေတယ်။

## မျောက်ဖြူကြီး ၄-ကောင်

အမရာဒေဝီကိုယ်တိုင် နန်းတော်ထဲ ဝင်ခွင့်တောင်းပြီး "အရှင်မင်းကြီး၊ မျောက်ဖြူကြီးလေးကောင်ကို ဆက်သစရာ ရှိပါတယ်" လို့ သံတော်ဦးတင်စေတယ်။

အမရာဒေဝီက ဘုရင်ကြီးအား လျှောက်တင်တယ်။ "အရှင်မင်းကြီး၊ မဟောသဓ ခိုးတာမဟုတ်ပါဘူး။ တကယ် သူခိုးအစစ်က သူတို့လေးယောက်ပါ။ သေနကအမတ်ကြီးက စူဠာမဏိဆိုတဲ့ နဖူးသင်းကျစ်ကို ခိုးတာဖြစ်ပါတယ်။ ပုက္ကုသ အမတ်ကြီးကတော့ ရွှေပန်းခိုင်ခိုးသူ ဖြစ်ပါတယ်။ ကာမိန္ဒ အမတ်ကြီးကတော့ ကမ္ဗလာကိုခိုးသူ ဖြစ်ပါတယ်။ ဒေဝိန္ဒ အမတ်ကြီးကတော့ ရွှေခြေနင်းကိုခိုးယူသူ ဖြစ်ပါတယ်။ ဘယ်နေ့ဘယ်ရက်က သူတို့ အိမ်က ကျွန်မတွေက လာရောင်းတာပါ၊ ဟောဒီမှာ စာတွေနဲ့

မှတ်တမ်းတင်ထားပါတယ်။" ဘုရင်ကြီးကို ရတနာပစ္စည်းတွေလဲ ဆက်တယ်။ စာကိုလဲ ဘုရင်ကြီးလက်ကို ကပ်လိုက်တယ်။

အဲဒီအခါ အမတ်ကြီးလေးယောက်ဟာ ခေါင်းမဖော်ရဲအောင် အရှက်တကွဲ အကျိုးနည်း ဖြစ်သွားကြတယ်။ သို့သော် ဘုရင်ကြီးက ဒီလို ပြစ်မှုကျူးလွန်ထားတာ ဖြစ်သော်လည်း သူတို့ကို အရေးမယူဘဲ အိမ်ပြန်ခိုင်းလိုက်တယ်။

"ကဲ- ကိုယ့်အိမ်ကိုယ်ပြန် ရေမိုးချိုးကြ"လို့ ဆိုပြီး အိမ်ပြန်လွှတ်လိုက်တယ်။

"မနာလိုစိတ်တွေနဲ့ တစ်ဖက်သားကို ပျက်စီးအောင် လုပ်ရင်း ကိုယ့်ကိုယ်ကို ဖျက်ဆီးပြီးသား ဖြစ်တယ်"။ ဒါကြောင့်မို့ သူများ ပျက်စီးအောင်လုပ်တာ မကောင်းဘူးဆိုတာကို သိရှိနားလည်ပြီး အကျိုးမဲ့ပျက်စီးအောင် ဝန်တို ဣဿာမစ္ဆရိယတွေ မထားကြဘဲ ချစ်ခင်စွာ တစ်ဖက်သား ဒုက္ခရောက်အောင် မလုပ်သင့်ဘူးဆိုတာ သင်ခန်းစာရစေတယ်။

## နိဂုံး

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ မျောက်ဖြူကြီးလေးကောင်အဖြစ် သူတို့လုပ်တဲ့ မကောင်းမှု အကုသိုလ်ကံနဲ့ လူတကာရဲ့အလယ်မှာ ဗိုလ်ပါပရိသတ် မင်းစိုး ရာဇာပရိသတ်အလယ်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်ရတဲ့ ပညာရှိလို့ အခေါ်ခံရတဲ့ အမတ်ကြီးလေးဦးဟာ အမရာဒေဝီရဲ့ ထောင်ချောက်ထဲရောက်ပြီး သူတို့ဆင်းရဲဒုက္ခ ကြုံသွားတယ်၊ တစ်ဖက်

သားအပေါ် မနာလိုစိတ်တွေ မဖြစ်ကြပဲ စိတ်ကောင်း နှလုံး ကောင်းထားဖို့ ကြိုးစားကြရမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သတိထားပြီးတော့ စိတ်ကောင်း နှလုံးကောင်း မွေးမြူနိုင်ကြပါစေ ကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၈)

သာသနာတော်နှစ် ၂၅၆၂-နှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်၊ ၂၀၁၉ ခုနှစ်၊ မေလ (၁၇) ရက်၊ သောကြာနေ့၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသန စင်တာကျောင်းတိုက် ဓမ္မရတိမဟာဓမ္မသဘာဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် မြတ်ဗုဒ္ဓဖွားတော်မူသည့် ၂၆၄၂ နှစ်မြောက် မွေးနေ့အကြို ဓမ္မပူဇာ အထူးဓမ္မသဘင် အခမ်းအနားသို့ ဒေါ်ယဉ်ယဉ်မေ အား ရည်စူး၍ ဦးအောင်မြင့် (အကြီးတန်းအင်ဂျင်နီယာ) မိသားစု၊ ဦးတူး+ ဒေါ်ဖြူ တပ်ထွက်အထည်ဆိုင်မိသားစု၊ ဦးသောင်းညွန့်+ ဒေါ်ဝိုင်းတင် မိသားစု (အောင်ချမ်းသာရွာ)၊ ဦးဝင်းမြင့်ဦး+ ဒေါ်ယဉ်ယဉ်နွယ် (ရွှေမိအထက်ဆင်လုပ်ငန်း) မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **“မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၈)”** တရားဒေသနာတော်။

ဘုရင်ကြီးဟာ သူခိုးတွေမိပါရဲ့သားနဲ့ အရေးမယူဘဲ လွှတ်လိုက်တယ်။ အဲဒါမျိုးကလဲ ရှေးကတည်းက ရှိတယ်နော်။ တကယ့်ကို ခိုးသူမှန်းသိရဲ့သားနဲ့ အရေးမယူဘဲထားလိုက်တယ်။

အဲဒီအချိန်မှာ ဘာဖြစ်လာတုန်းဆိုတော့ တကယ့်ကို ပညာသားပါပါ ပြောနိုင်ဆိုနိုင်တဲ့ပုဂ္ဂိုလ်၊ တကယ့်ကို တရားမွေ့နဲ့ ရှင်းပြပြီးပြောနိုင်တဲ့ပုဂ္ဂိုလ် နန်းတော်ကြီးမှာ ဆိတ်သုဉ်းနေတယ်။ လူတော်လူကောင်းတွေ ဆိတ်သုဉ်းလာတယ်။ မဟုတ်တာလုပ်တဲ့ လူတွေက များလာတယ်။ များလာတာကို ဘယ်သူက သတိထားမိတုန်းဆိုရင် ဘုရင့်ရဲ့ ထီးချက်စောင့်နတ်သမီးက သတိထားမိတယ်။

## ထီးချက်စောင့်နတ်သမီး

ထီးချက်စောင့်နတ်သမီးဆိုတာ ဘုရင့်ရဲ့ ထီးချက်မှာ ဘုံဗိမာန်အဖြစ်နေထိုင်တဲ့ နတ်သမီးပေါ့။ တစ်ခါတစ်ရံ လူတွေရဲ့ အဆောက်အဦ၊ မြေကြီးပေါ်ရှိတဲ့ သစ်ပင်တွေနဲ့ နတ်တို့ရဲ့ အဆောက်အဦတွေဆိုတာ ဆက်စပ်ပြီး နေတတ်တယ်။ ဘုမ္မစိုး နတ်လို့ ခေါ်တယ်။ သူတို့က လူတွေလိုပဲ လူတွေအနီးမှာ နေကြရတယ်။ အိမ်တွေမှာဖြစ်တဲ့နတ်ကို အိမ်စောင့်နတ်လို့ ခေါ်တာ။ လူတွေအနီးမှာဖြစ်တဲ့ ပုဂ္ဂိုလ်ကို ကိုယ်စောင့်နတ်လို့ ခေါ်တာ။ တကယ်ကတော့ ဂျူတီချထားတာ မဟုတ်ဘူး။

**အာရက္ခဒေဝတာ** အစောင့်အရှောက်နတ်လို့ ခေါ်တာ ရှိတယ်။ အစောင့်နတ်ဆိုတာ တာဝန်ပေးထားလို့ စောင့်နေတဲ့ နတ် မဟုတ်ဘူး။ ကိုယ်နဲ့ပတ်သက်ပြီး ဖြစ်တယ်။ ခင်မင်လို့ရှိရင်တော့ စောင့်မှာပေါ့။ မခင်ရင်တော့ မစောင့်ဘူး။ နတ်ဆိုတာက ချောက်လဲ တွန်းတတ်တယ်။ စောင့်လဲ စောင့်ရှောက်တယ်။

နတ်ကောင်းနတ်မြတ် စိတ်ကောင်း နှလုံးကောင်းရှိတဲ့နတ်က စောင့်ရှောက်မယ်။ ချောက်တွန်းတတ်တဲ့ နတ်ကလဲ ချောက်တွန်းတယ်။ နတ်ဆိုတိုင်းလဲ အကောင်းချည်း အောက်မေ့မနေနဲ့။ ချောက်တွန်းတဲ့နတ်က တွန်းတာပဲ။

ထီးချက်စောင့်နတ်သမီးက ဘုရင်ကြီးအနီးပါးမှာရှိတယ်။ ဘုရင်ကြီးကို ပညာရှိတွေ ဟောပြောပြသ ဆုံးမဩဝါဒစကားတွေ ကြားရလေ့ရှိတယ်။ မဟောသဓပညာရှိရဲ့ ပြောဆိုမှုတွေဟာ တကယ့်ကို တရားနည်းလမ်းကျတာ ဖြစ်တယ်။ မဟောသဓ မရှိတဲ့အခါ တရားနည်းလမ်းကျတဲ့ စကားတွေကို မကြားရဘူး။ မဟုတ်တရုတ်တွေ ပြောတဲ့လူတွေက ပြောချင်ရာပြောကြတာ။ မမှန်မကန်တွေ ပြောကြတယ်။ နတ်တွေက သိနေတယ်။ မှန်မှန်ကန်ကန် တရားစကား မကြားရတာကြာတဲ့အခါ မဟောသဓ ပညာရှိကို နန်းတော်ပေါ် ပြန်ရောက်အောင် နတ်သမီးက ကြံဆောင်တယ်။ ညအခါမှာ ထီးဖြူအချက်ကိုဖွင့်ပြီး နတ်သမီး တစ်ဦး ဘုရင်ကြီးအိပ်စက်နေတဲ့အချိန်ပေါ်လာတယ်။ ဘုရင်ကြီးကို မေးခွန်းလေးပုဒ် မေးသွားတယ်။

ဘုရင်ကြီးက စဉ်းစားတယ်။ နတ်သမီးမေးတဲ့ မေးခွန်းလေးခု မဖြေနိုင်ဘူး။ ဘုရင်ကြီးက "နက်ဖြန်ခါကျမှ ပညာရှိတွေနဲ့ တိုင်ပင်ပြီးတော့ ဖြေပါ့မယ်၊ ဒီနေ့တစ်ရက်တော့ ခွင့်ပေးပါ" ဆိုပြီး ခွင့်တောင်းတယ်။ နတ်သမီးက ခွင့်ပေးလိုက်တယ်။ နောက်ရက်မှာ သေနက၊ ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ ဆိုတဲ့ အမတ်ကြီး လေးယောက်ကို မနက်စောစောလာဖို့ ဆင့်ခေါ်လိုက်တယ်။

အမတ်ကြီးလေးယောက်က ကတုံးပြောင်အောင် တုံးထားတဲ့ အတွက် လာရမှာရှက်နေကြတယ်။

"ကတုံးတုံးထားလို့ မလာရဲပါဘူး" လို့ ဘုရင်ကြီးထံ သံတော်ဦး တင်ကြတယ်။ ဘုရင်ကြီးက ဝန်ကြီးတွေဆောင်းတဲ့ ဦးထုပ်ကို ပို့လိုက်ပြီး "ဦးထုပ်ဆောင်းပြီး နန်းတော်ကို အခစား ဝင်ကြ"လို့ မိန့်တယ်။ ဝန်ကြီးဦးထုပ် စပေါ်လာတဲ့ခေတ်လို့ ပြောကြတာ။ ဝန်ကြီးဆောင်းဦးထုပ်တွေဆောင်းပြီး နန်းတော်ထဲ အခစားဝင်လာကြတယ်။

## နတ်သမီးမေးခွန်း

ဘုရင်ကြီးက "ညက ငါ အိပ်ယာက နိုးနိုးချင်း နတ်သမီး တစ်ယောက် ပေါ်လာတယ်။ ငါ့ကို မေးခွန်းပုစ္ဆာလေးခု မေးသွား တယ်။ အဲဒီမေးခွန်းတွေကို မင်းတို့ဖြေကြစမ်း" တစ်ခုစီ တစ်ခုစီ မေးခွန်းတွေ ထုတ်ပြောတယ်။ အဖြေကို ဘယ်လိုမှရှာမတွေ့ဘူး။ သူတို့လဲ မဖြေနိုင်ကြဘူး။ အဲဒီမေးခွန်းပုစ္ဆာရဲ့အဖြေကို အစရှာ မတွေ့ကြဘူး။ အဲဒီလိုနဲ့ တစ်နေ့ကုန်သွားတယ်။

ညရောက်တော့ နတ်သမီး ပေါ်လာပြန်တယ်။ "အရှင် မင်းကြီး၊ မနေ့ကမေးထားတဲ့ မေးခွန်း အဖြေရပြီလား"ဆိုတော့ မရသေးပါဘူး။ ပညာရှိအမတ်တွေခေါ်ပြီးမေးတော့လဲ အဖြေမှန် မထုတ်နိုင်ကြဘူး။

လောကမှာ ပြဿနာတစ်ခု အဖြေထုတ်တယ်ဆိုတာ ပညာရှိမှထုတ်နိုင်တာ။ အင်မတန်မှခဲယဉ်းတယ်။ သာမန် မေးခွန်း လေးတွေတောင် တစ်ခါတစ်ခါ အဖြေမှန်ထုတ်ဖို့ဆိုတာ

တော်တော်ခက်တယ်လေ။ အခုလို လူမှုရေးနဲ့ ပတ်သက်ပြီးတော့ နတ်သမီးက မေးထားတဲ့မေးခွန်းတွေကို အဖြေမှန်မထုတ်နိုင်ကြဘူး။

နတ်သမီးက ဘုရင်ကြီးကို အပြစ်တင်ပြီး ပြောလိုက်တယ်။

**ခဇ္ဇောပနကပဥှာ**

**ကော နု သန္တမှိ ပဇ္ဇောတေ၊ အဂ္ဂိပရိယေသနံ စရံ၊**
**အဒ္ဒက္ခိ ရတ္တိ ခဇ္ဇောတံ၊ ဇာတဝေဒံ အမညထ။**
**သွဿ ဂေါမယစုဏ္ဏာနိ၊ အဘိမတ္ထံ တိဏာနိ စ၊**
**ဝိပရီတာယ သညာယ၊ နာသက္ခိ ပဇ္ဇလေတဝေ။**

"မီးရှိပါလျက် မီးရှာနေတာဟာ ဘာလဲ? ပိုးစုန်းကြူးကို မီးထင်ပြီး လောင်စာထည့်ပြီးမီးမွှေးရင် ဘယ်လိုလုပ် မီးတောက်မှာလဲ၊ လွဲမှားတဲ့အသိနဲ့လုပ်လို့ မီးမတောက်နိုင်ပါဘူး။"

**ဝေမှိ အနုပါယေန၊ အတ္ထံ န လဘတေ မိဂေါ၊**

"အသိဉာဏ်ကင်းမဲ့တဲ့ပုဂ္ဂိုလ်ဟာ မမှန်မကန်နည်းလမ်းနဲ့ ရှာရင် ဘယ်တော့မှ အမှန်တရားကိုရမှာ မဟုတ်ဘူး။ မီးလိုချင်ပါတယ်ဆိုမှ ပိုးစုန်းကြူးကို မီးမွှေးလို့ ဘယ်လိုလုပ်ရမလဲ။"

ပိုးစုန်းကြူးနဲ့တူတဲ့ အမတ်ကြီးတွေ သွားပြီးမေးလို့ အဖြေဘယ်ရမလဲ။ ဒါတင်မကဘူး။ **ဝိသာဏတော ဂဝံ ဒေါဟံ၊ ယတ္ထ ခီရံ န ဝိန္ဒတိ။** "နို့လိုချင်လို့ နွားရဲ့ဦးချိုကိုညှစ်ရင် နွားနို့ ဘယ်လိုလုပ်ရမှာတုန်း။ လုပ်ပုံလုပ်နည်း လုပ်နည်းလုပ်ဟန်တွေက လွဲမှားနေတယ်။"

နွားရဲ့ဦးချိုနဲ့တူတဲ့ ဒီအမတ်ကြီးတွေသွားပြီး ဒီမေးခွန်း မေးလို့ ဘယ်လိုလုပ်ပြီး နို့ရည်နဲ့တူတဲ့အဖြေ ထွက်မတုန်း။ မဟောသဓပညာရှိလို့ဆိုတဲ့ နွားရဲ့နို့တန်ကိုညှစ်မှ အဖြေထွက် တော့မှာပေါ့။ ဆိုတာက မသိတဲ့ပုဂ္ဂိုလ်တွေ သွားမေးလို့ ဘယ် တော့မှ အဖြေမရဘူး။

**ဝိဝိဓေဟိ ဥပါယေဟိ၊ အတ္ထံ ပပ္ပေါန္တိ မာဏဝါ၊**

**နိဂ္ဂဟေန အမိတ္တာနံ၊ မိတ္တာနံ ပဂ္ဂဟေန စ။**

"နည်းလမ်းမျိုးစုံနဲ့ ကိုယ်လိုချင်တဲ့ အကျိုးရအောင် ကြိုးစား အားထုတ်ရတာ ဖြစ်တယ်။ တိုင်းပြည်အုပ်ချုပ်တဲ့မင်းဆိုတာ ကိုယ့်ရဲ့ရန်သူကို နှိပ်ကွပ်ရမှာ၊ မိတ်ဆွေကို ချီးမွမ်းရမှာ။ အခုက ဘာမှအသုံးမကျတဲ့ အမတ်ကြီးတွေကို ချီးမြှောက်ထားတယ်။ တကယ့်တန်ဖိုးရှိတဲ့ မဟောသဓကိုတော့ နှိပ်ကွပ်ထားတယ်။ ဒီအဓိပ္ပါယ်ကို ပြောတာနော်။"

**သေနာမောက္ခပလာဘေန၊ ဝလ္လဘာနံ နယေန စ၊**

**ဇဂတိံ ဇဂတိပါလာ၊ အာဝသန္တိ ဝသုန္ဓရန္တိ။**

"တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်ဆိုတာ စဉ်းစားဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေထံ နည်းခံပြီး တိုင်းပြည်ကို အုပ်စိုးရတာဖြစ်တယ်။ သင်မင်းကြီးက အဲဒီလိုမဟုတ်ဘူး။ ရန်သူမိတ်ဆွေ မခွဲခြားတတ် ဘူး။ အကျိုး ရှိ,မရှိ၊ တတ်သိလိမ္မာမှု ရှိ,မရှိ ဒါတွေကို မခွဲခြား တတ်ဘူး။ မခွဲခြားတတ်သည့်အတွက်ကြောင့် အသင်မင်းကြီး လုပ်သမျှဟာ ဘယ်အရာမှ အောင်မြင်မှုရမှာမဟုတ်ဘူး" လို့ ဘုရင်ကြီးကို နှိပ်ကွပ်ပြီးတော့ ပြောလိုက်တယ်။

အဲဒီလိုပြောပြီး "မဟောသဓပညာရှိမှတစ်ပါး ဒီမေးခွန်းတွေကို ဖြေနိုင်တဲ့ပုဂ္ဂိုလ်မရှိဘူး။ ဒါကြောင့် မဟောသဓပညာရှိကို ရအောင်ရှာ။ ဒီမေးခွန်းကို သူ့ဆီက အဖြေရအောင်တောင်း။ ဒီအဖြေကို မရဘူးဆိုရင် သင်မင်းကြီးကို ဟောဒီသံတုတ်ကြီးနဲ့ ခေါင်းကိုရိုက်ခွဲမယ်"လို့ ဘုရင်ကြီးကို ကြောက်လန့်အောင် နတ်သမီးက ခြိမ်းခြောက်ပြောသွားတယ်။

လူတွေကလဲ နတ်မှကြောက်တာနော်။ သစ်တောတွေဆို ပြောင်အောင်ခုတ်ကြတယ်။ မတ္တရာရဲ့မြောက်ဘက်မှာ ဘိုးတော်တောင် ဆိုတာရှိတယ်။ ဘိုးတော်တောင်မှ သစ်ပင်ကို ဘယ်သူမှ မခုတ်ရဲဘူး။ ခုတ်ရင် ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုတဲ့ အစွဲအလမ်းနဲ့ ကြောက်လိုက်ကြတာ။ နတ်ကြီးတယ် နတ်ရှိတယ်ဆိုရင် မခုတ်ရဲတော့ဘူး။ နတ်တော့ ကြောက်တယ်။

အဲဒီတော့ ထီးချက်စောင့်နတ်သမီးက အဲဒီလို ခြိမ်းခြောက်ပြောကြားတဲ့အခါ ဘုရင်ကြီးက ကြောက်လန့်ပြီး "မဟောသဓမှတစ်ပါး အားကိုးရာ ငါ့မရှိတော့ဘူး။ ဒီအမတ်ကြီးတွေလည်း အဖြေမထုတ်နိုင်ဘူး။ အကယ်၍ အဖြေမပေးနိုင်ရင် နတ်သမီးက ငါ့ကို ဒဏ်ခတ်တော့မှာပဲ"။

## မဟောသဓ အရှာလွှတ်ခြင်း

သူ့ရဲ့မင်းမှုထမ်းတွေကို ဆင့်ခေါ်ပြီး အရပ်လေးမျက်နှာမြင်းစေတမန်တွေကို စေလွှတ်တယ်။ မဟောသဓကို တွေ့တဲ့နေရာမှာ ဘုရင်ကခေါ်တော်မူတယ်လို့ လက်ထဲကို ငွေတစ်ထောင်ထည့်ပြီး ချက်ချင်းခေါ်ခဲ့ရမယ်။ အရှေ့ပေါက်၊ အနောက်

ပေါက်၊ တောင်ပေါက်၊ မြောက်ပေါက် မြို့တံခါးပေါက် လေးပေါက်မှ မဟောသဓပညာရှိကို ရှာဖွေဖို့ ထွက်ကြရတယ်။

တောင်ဘက်ကိုထွက်သွားတဲ့မြင်းစေတမန်က မဟောသဓ ပညာရှိရဲ့ သတင်းအစအနကို စတင်ရရှိလာတယ်။ တောင် ယဝမဇ္ဈကရွာမှာ မဟောသဓရှိတယ်ဆိုတဲ့ သတင်းကြားတယ်။ အဲဒီရွာလိုက်သွားတယ်။ မဟောသဓပညာရှိက အရှေ့ယဝမဇ္ဈက ရွာသား သို့သော် မင်းပြစ်ဒဏ်သင့်လို့ တောင်ရွာမှာ သွားပုန်း တယ်။

မြင်းစေတမန်က လိုက်ရှာလိုက်တဲ့အခါ "အိုးလုပ်ငန်း လုပ်တဲ့ အိုးအလုပ်ရုံမှာ လူစိမ်းတစ်ယောက်တော့ ရောက်နေ လေရဲ့၊ အိုးလုပ်ငန်း ဝင်လုပ်နေတာရှိတယ်"။ ဒီသဲလွန်စလေး ရတော့ အိုးလုပ်ရုံကို သွားတယ်။ ရောက်တဲ့အခါ မဟောသဓ ပညာရှိက ရွှံ့တွေအပေပေနဲ့ အိုးလုပ်သမားရဲ့ တပည့်ခံပြီး အိုးတွေ လုပ်နေတယ်။ ခဏနားပြီး မုယောမုန့် စားနေချိန်မှာ မြင်းစေတမန် ရောက်သွားတယ်။

မြင်းစေတမန်ကို မြင်လိုက်တာနဲ့ ဒါ နန်းတော်က လိုက် လာပြီဆိုတာ သိတယ်။ အဲဒီတော့ မဟောသဓပညာရှိက သူ့ စိတ်ကူးနဲ့သူ၊ ဘုရင်ကြီးကသူ့ပေါ်မှာ အထင်လွဲတာက ထီးနန်း စည်းစိမ်လိုချင်လို့ ရတနာပစ္စည်းတွေကို တိတ်တဆိတ် ခိုးယူ တယ်။ ဘုရင့်အာဏာကို လုယူလိမ့်မယ်၊ အာဏာသိမ်းလိမ့်မယ် ဆိုတဲ့ ကုန်းတိုက်ထားတဲ့သတင်းကြောင့် ဘုရင်ကြီးက အထင် လွဲပြီး ဖမ်းမိန့်ပေးထားတာ။ အဲဒီစိတ်ကူး သူ့မှာမရှိဘူးဆိုတာကို

သိစေချင်လို့ ရွှံ့အပေပေနဲ့ အိုးလုပ်ငန်းလုပ်ပြီး အေးအေး ဆေးဆေး နေနေတာဖြစ်တယ်။ လိုက်သွားတဲ့ တမန်အမတ်က မဟောသဓပညာရှိအနီးလဲရောက်ရော မဟောသဓပညာရှိက စားလက်စ ခဏရပ်ပြီး နန်းတော်ကလိုက်လာတဲ့အမတ်နဲ့ စကား ပြောတယ်။

နန်းတော်က လိုက်လာတဲ့အမတ်က သေနကအမတ်ကြီး ဘက်သား ဖြစ်တယ်။ သေနကအမတ်ကြီးနဲ့ မဟောသဓတို့ဟာ ပညာနဲ့ဥစ္စာ ဘယ်ဟာမြတ်သလဲဆိုတဲ့ Debate လုပ်ခဲ့တာ ရှိတာ ကို။ အဲဒါကို သိနေကြတယ်။ သေနကအမတ်က ပစ္စည်းဥစ္စာက တန်ဖိုးရှိတယ်၊ ပညာက တန်ဖိုးမရှိဘူး။ ပစ္စည်းဥစ္စာရှိတာ ပိုကောင်းတယ်လို့ ဆိုတဲ့ဘက်က ဆိုခဲ့တာ။ မဟောသဓပညာရှိက အဲဒါကို ချေပပြောဆိုခဲ့တယ်။ ပညာရှိတာ ပိုကောင်းတယ်ဆိုတဲ့ ဘက်က အနိုင်ရခဲ့တယ်။

အဲဒီမှာ လိုက်လာတဲ့ မြင်းစေတမန်က မဟောသဓ ပညာရှိ ရွှံ့ပေပေ လုပ်ကိုင်နေတာကိုကြည့်ပြီး-

**"သစ္စံ ကိရ တွံ့ အပိ ဘူရိပည၊** အို-ပညာရှိကြီး၊ ပညာ ဘယ်လောက်ပဲရှိရှိ သေနကအမတ်ကြီးပြောတာ မှန်တယ်။ ဘာကြောင့်တုန်းဆိုရင် ပညာရှိဟာ ပညာတော့ရှိပါရဲ့။ ပိုက်ဆံ မရှိလို့ အခုလို ဒုက္ခရောက်ရတာ။ **ယာ တာဒိသီ သီရိ ဓိတိ မတီ စ၊ န တာယတေ ဘာဝဝသူပနီတံ၊ ယော ယဝကံ ဘုဉ္ဇသိ အပ္ပသူပံ။** ဘယ်လောက်ပဲပညာရှိရှိ ရှိတဲ့ပညာက ဘာမှ အကာ အကွယ်မပေးဘူး။ ဒါကြောင့်မို့ အခုလို ဆင်းဆင်းရဲရဲ လုပ်ကိုင်

စားသောက်နေရတာ ထင်ရှားပြီမဟုတ်လား။ ပညာနဲ့ဉစ္စာဟာ ဉစ္စာက ပိုတန်ဖိုးရှိပါတယ်”လို့ ပြောတယ်။

အဲဒီအချိန်မှာ မဟောသဓပညာရှိက-

**“သုခံ ဒုက္ခေန ပရိပါစယန္တော** – ငါဟာ အခု ဒုက္ခ ခံနေတာဟာ ချမ်းသာသုခရဖို့အတွက်ဖြစ်တယ်။ အကယ်၍ ဒီလို ဆင်းရဲတဲ့အလုပ်ကို မလုပ်ဘူးဆိုရင် ဘုရင်ကြီးက သူ့အပေါ် အထင်လွဲနေတာ၊ ဆင်းဆင်းရဲရဲနဲ့ လုပ်ကိုင်စားသောက်နေတာ ဟာ သူ့ရာထူးဂုဏ်သိန် စည်းစိမ်ဉစ္စာ ပြန်ရဖို့အတွက် များစွာ အထောက်အကူပြုတယ်ဆိုတာ မင်းမသိဘူး။ ငါဟာ စဉ်းစား ဉာဏ်နဲ့ ဒုက္ခခံကာ ကြံဆောင်လုပ်ထားတာ ဖြစ်တယ်။”

**“ကာလာ ကာလံ ဝိစိနံ ဆန္ဒဆန္နော** – အချိန်အခါအလိုက် သင့်တော်တဲ့အချိန်လား၊ မသင့်တော်တဲ့အချိန်လား။ အခုချိန်မှာ သူ့ရှိတဲ့ ပစ္စည်းဉစ္စာတွေအသုံးချပြီး ကြွားကြွားဝံ့ဝံ့နဲ့နေမယ်ဆိုရင် ဘုရင်ကြီးက ပိုပြီးတော့ အထင်လွဲမှာ။ သူဟာ အပြင်ထွက် လူသူတွေစည်းရုံးပြီး ငါ့ကို တော်လှန်ဖို့ လုပ်နေတယ်လို့ထင်မှာ။ အဲဒီလိုမထင်ရအောင် ကိုယ့်ဆန္ဒတွေကို ဖုံးကွယ်ပြီးတော့ အခုလို အချိန်အခါအားလျော်စွာ ငါဟာဒုက္ခခံပြီးတော့ လုပ်နေတာ ဖြစ်တယ်။”

**“အတ္ထဿ ဒွါရာနိ အဝါပုရန္တော–** တကယ့်ကို အကျိုး ရှိမယ့် လမ်းကြောင်းတစ်ခုကို ငါဖွင့်လှစ်ဖို့သာလျှင် ဖြစ်တယ်။ **တေနာဟံ တုဿာမိ ယဝေါဒနေန–** ဒါကြောင့် မုယောမုန့်စားတဲ့ ဆင်းရဲဒုက္ခကို ငါကျေနပ်တယ်။ ငါလုပ်နေတာဟာ အောင်မြင်ဖို့ပဲ ဖြစ်တယ်”လို့ ပြောဆိုလိုက်တယ်။

အဲဒီလို ပြောဆိုလိုက်တဲ့အခါ မြင်းစေတမန်က ဘုရင်ကြီး မှာလိုက်တဲ့အတိုင်း သူယူလာတဲ့ငွေတစ်ထောင်ကို မဟောသဓ ပညာရှိလက်ထဲအပ်တယ်။ နန်းတော်ကို ချက်ချင်းလိုက်ခဲ့ရမယ်လို့ ဘုရင်ကြီးက အမိန့်ချပါတယ်လို့ ပြောတယ်။ မဟောသဓ ပညာရှိက ငွေတစ်ထောင်ကို လက်ခံပြီး အိုးလုပ်ငန်းပိုင်ရှင်အား ပေးလိုက်တယ်။

ထိုအခါ အိုးလုပ်ငန်းပိုင်ရှင်ကြီးက သူဟာ တကယ့်ကို ဘုရင်ကြီးက ချီးမြှောက်ထားတဲ့ မဟောသဓပညာရှိကို တပည့်အဖြစ် စေခိုင်းမိပါလားဆိုပြီး ထိတ်လန့်သွားတယ်။ သို့သော် မဟောသဓပညာရှိက "ဘာမှမကြောက်နဲ့။ သူ့အတွက် အခုလို ခေတ္တခဏ ခိုကိုးခွင့်ပေးတာကိုပဲ ကျေးဇူးတင်ပါတယ်" ဆိုပြီး နန်းတော်ကလာတဲ့ မြင်းရထားပေါ်ကိုတက်ပြီး ချက်ချင်းလိုက်လာတယ်။

ရွှံ့အပေပေနဲ့ ချက်ချင်းလိုက်သွားတာလဲ ဘုရင်ကြီး ဒေါသပြေဖို့အတွက်ပဲ။ ဟိုရောက်တဲ့အခါ နန်းတော်ရောက်တယ်။ သို့သော် ဘုရင်ကြီးက ရေမိုးချိုးပြီးမှ နန်းတော်ကိုဝင်ခဲ့လို့ အမိန့်ချလိုက်တဲ့အခါ အိမ်ပြန် ရေမိုးချိုး အဝတ်အစားတွေဝတ်ပြီးမှ နန်းတော်သို့ အခစားဝင်တယ်။

သွားခေါ်တဲ့ မြင်းစေတမန်က ဘုရင်ကြီးကို အပြည့်အစုံ သံတော်ဦးတင်ရတယ်။ မဟောသဓကို ဘယ်နားတွေ့တယ်။ ဘယ်လိုပုံစံနဲ့ တွေ့တယ်ဆိုတာတွေ အကုန်လုံးလျှောက်တင်ရတယ်။ ဘုရင်ကြီးက "ငါ့ကိုအာဏာသိမ်းဖို့ သူလုပ်တာမဟုတ်ဘူး" သိလို့ စိတ်ပြေကျေနပ်သွားတယ်။ သူဟာ တိမ်းရှောင်နေတဲ့

အချိန်မှာ လူသူစုပြီး ငါ့ကိုတော်လှန်ဖို့ လုပ်တာမဟုတ်ဘူး၊ ဆင်းရဲဒုက္ခခံပြီး နေတာသာဖြစ်တယ်။ အဲဒီတော့ မဟောသဓက ငါ့ကို လုပ်ကြံဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုပြီး ဘုရင်ကြီးရဲ့ ယုံကြည်မှုကို ရသွားတယ်။

သို့သော် ဘုရင်ဆိုတာမျိုးက သူ့ရာထူးအာဏာကိုလုမှာ အင်မတန်ကြောက်တယ်။ ဒါကြောင့်မို့ စိတ်မချနိုင်သေးဘူး။ စိတ်မချနိုင်တဲ့အခါ မဟောသဓပညာရှိကို စူးစမ်းတဲ့အနေနဲ့ စကားစတယ်။

**သုခီပိ ဟေကေ န ကရောန္တိ ပါပံ၊**

**အဝဏ္ဏသံသဂ္ဂဘယာ ပုနေကေ။**

"အေး-လောကမှာ ပစ္စည်းဥစ္စာပြည့်စုံတဲ့ ပုဂ္ဂိုလ်တချို့ဟာ မဟုတ်တာ မလုပ်ကြဘူး။ မကောင်းသတင်းထွက်မှာစိုးသည့် အတွက်ကြောင့်လည်း မဟုတ်တာကို မလုပ်ကြဘူး။"

**ပဟူ သမာနာ ဝိပုလတ္ထစိန္တီ၊**

**ကိံ ကာရဏာ မေ န ကရောသိ ဒုက္ခံ။**

"ပညာရှိ မင်းမှာက ပစ္စည်းဥစ္စာလဲ ပြည့်စုံတယ်။ ကြံရည်ဉာဏ်ရည်လဲ ရှိတယ်။ အဲဒီလိုပြည့်စုံသူ ဖြစ်ပါရဲ့နဲ့ ငါ့ကို ဒုက္ခပေးမယ့်အလုပ်ကို မင်းဘာလို့ မလုပ်တာလဲ"။

မဟောသဓပညာရှိက ဖြေတယ်။

**န ပဏ္ဍိတာ အတ္တသုခဿ ဟေတု၊**

**ပါပါနိ ကမ္မာနိ သမာစရန္တိ။**

"အရှင်မင်းကြီး၊ တကယ်ပညာရှိ ပုဂ္ဂိုလ်တွေဟာ ကိုယ်ချမ်းသာဖို့အတွက် ဘယ်တော့မှ သူများကို ဒုက္ခမပေးပါဘူး။

ပညာရှိအစစ်အမှန်ဆိုရင် ဘယ်တော့မှ သူများဒုက္ခရောက်အောင် မလုပ်ပါဘူး။ ကိုယ်ချမ်းသာမှုကို အကြောင်းပြုပြီး သူများကို ဒုက္ခပေးတဲ့ အဓမ္မအလုပ်မျိုးကို လုပ်လေ့မရှိပါဘူး"။

"**ဒုက္ခေန ဖုဋ္ဌာ ခလိတာပိ သန္တာ၊** အခက်အခဲကြုံလို့ ဆင်းရဲဒုက္ခရောက်ပြီ၊ ခြေချော်လက်ချော် ဆင်းရဲဒုက္ခရောက်ပြီ ဆိုရင် ဆင်းဆင်းရဲရဲနေရတဲ့ အချိန်မှာပဲ ဖြစ်ပါစေ။ **ဆန္ဒာ စ ဒေါသာ န ဇဟန္တိ ဓမ္မံ။** သူတို့ဟာ ဒီ ဆန္ဒာဂတိကြောင့်လည်း တရားလမ်းကြောင်းကို မစွန့်ပါဘူး။ ဒေါသာဂတိကြောင့်လည်း တရားလမ်းကြောင်းကို မစွန့်ကြပါဘူး။"

ဆိုလိုတာက "ပညာရှိပုဂ္ဂိုလ်ဟာ ကိုယ်ချမ်းသာဖို့အတွက် မဟုတ်တာ ဘယ်တော့မှမလုပ်ဘူး။ မဟုတ်တာလုပ်တဲ့ ပုဂ္ဂိုလ်ဟာ တရားဓမ္မကိုမကျင့်သုံးတဲ့ ပုဂ္ဂိုလ်သာဖြစ်တယ်။ ပညာရှိဆိုရင် ဘယ်တော့မှ မဟုတ်တာမလုပ်ဘူး။ ဆင်းရဲဒုက္ခ ကြုံတဲ့အချိန်မှာတောင်မှပဲ အဂတိလေးပါးကို မလိုက်စားကြဘူး။"

**အဂတိဂမန** ဆိုတာ မလုပ်သင့်တာကိုလုပ်ခြင်း၊ "မသွားသင့်တဲ့လမ်းကြောင်းကို သွားခြင်း" လို့ အဓိပ္ပါယ်ရတယ်။ အဂတိဆိုတာ မသွားသင့်တဲ့လမ်းကြောင်း။ မသွားသင့်တဲ့ လမ်းကြောင်းကို ကိုယ်နဲ့သိလို့ ခင်မင်လို့ဆိုတာတွေကို အကြောင်းပြုပြီးတော့လည်း ဓမ္မလမ်းကြောင်း တိမ်းစောင်းသွားတတ်ကြတယ်။

ဆိုပါစို့- ဥပဒေရှိပေမယ့် ဥပဒေအတိုင်းမသွားဘဲ ဒီလူကတော့ ငါ့အသိဖြစ်လို့ဆိုပြီး ဖာဖာထေးထေး လုပ်တယ်။ ဒါကို အဂတိလိုက်စားမှုလို့ ခေါ်တယ်။ သူ ဥပဒေချိုးဖောက်နေတာကို

သိရဲ့နဲ့ ငါနဲ့သိတဲ့သူမို့ သက်သက်ညာညာ လုပ်လိုက်မယ်ဆိုရင် ဒါကို **ဆန္ဒာဂတိ** လို့ ခေါ်တယ်။ ငါ ဒီကောင်ကိုတော့ ချမှုဖြစ်မယ်။ မုန်းသည့်အတွက်ကြောင့် ဒုက္ခရောက်အောင်လုပ်တာကျတော့ **ဒေါသာဂတိ** လို့ခေါ်တယ်။ ကောင်း,မကောင်း လုပ်သင့် မလုပ်သင့် မသိလို့ ဆုံးဖြတ်ချင်ရာ ဆုံးဖြတ်လိုက်တာ **မောဟာဂတိ** လို့ ခေါ်တယ်။ အေး- ဒီလူကို ဥပဒေအရ အရေးယူလိုက်မယ်ဆိုရင် သူက ငါ့ကိုဒုက္ခပေးလိမ့်မယ်ဆိုပြီးကြောက်တယ်။ ကြောက်သည့်အတွက်ကြောင့် သူ့ကို အရေးမယူဘဲ လွှတ်လိုက်တယ်ဆိုရင် **ဘယာဂတိ** လို့ ခေါ်တယ်။

ဥပဒေ ထင်ထင်ရှားရှားရှိလျက်နဲ့ ခင်မင်မှုကို အကြောင်းပြုခြင်း၊ မုန်းတီးမှုကို အကြောင်းပြုခြင်း၊ မသိမှုကို အကြောင်းပြုခြင်း၊ ကြောက်မှုကို အကြောင်းပြုခြင်းကြောင့် လူတွေဟာ ဥပဒေလမ်းကြောင်းကို တိမ်းစောင်းသွားအောင် လုပ်လေ့ရှိကြတယ်။ တရားရေးမဏ္ဍိုင်ကြီးကို ယိမ်းယိုင်သွားစေကြတယ်။

ပညာရှိပုဂ္ဂိုလ်က ဘယ်တော့မှ တရားရေးမဏ္ဍိုင်ကို ယိမ်းယိုင်သွားအောင် မလုပ်ပါဘူးလို့ ဘုရင်ကြီးကို ပွင့်ပွင့်လင်းလင်း လျှောက်တယ်။

ဘုရင်ကြီးက ထပ်ပြီးတော့ ပြောပြန်တယ်။

**ယေန ကေနစိ ဝဏ္ဏေန၊ မုဒုနာ ဒါရုဏေန ဝါ၊**

**ဥဒ္ဓရေ ဒီနမတ္တာနံ၊ ပစ္ဆာဓမ္မံ သမာစရေ။**

"လောကမှာ အနုနည်းနဲ့ဖြစ်စေ၊ အကြမ်းနည်းနဲ့ပဲဖြစ်စေ တရားဥပဒေကို အသာထား၊ အခက်အခဲတွေ ကျော်လွှားနိုင်ဖို့ မဟုတ်တာလုပ်လိုက်ဦးမှပဲဆိုတဲ့ အတွေးက ရှိတတ်ကြတယ်။

ဘာနဲ့တူတုန်းဆို "သစ်ကြုတ် ဥပုသ်စောင့်တဲ့နည်း" ပေါ့။ သစ်ကြုတ်ဆိုတဲ့ကောင်က နည်းနည်းငယ်တယ်။ ကျားသစ်ငယ်။ သစ်ကြုတ်က သားကောင်မတွေ့တဲ့အခါ "အစာမရှိမယ့်တူတူ ငါ ဥပုသ်စောင့်လိုက်ဦးမယ်" ဆိုပြီး မျက်စိလေးမှေးပြီး ဥပုသ်စောင့်တယ်။ အဲဒီအချိန် သားကောင်က သူ့အနီးက ဖြတ်သွားပြီဆိုရင် ဥပုသ်နောက်မှစောင့်တော့မယ်ဆိုပြီး ထလိုက်ပြန်တယ်။ သို့သော် အဲဒီသားကောင်က သူ့မျက်စိအောက်မှ ပျောက်သွားတယ်၊ ငါ သီလမကျိုးသေးပါဘူး။ ပြန်စောင့်လိုက်ဦးမယ်ဆိုပြီး မျက်စိလေး ပြန်မှိတ်နေလိုက်တယ်။ အဲဒါကို သစ်ကြုတ်ဥပုသ်လို့ ခေါ်တယ်။

အဲဒီလို တချို့ပုဂ္ဂိုလ်တွေဟာ ကိုယ်အခက်အခဲ ကြုံနေတဲ့အခါ အခက်အခဲကို ဖြေရှင်းဖို့က အရေးကြီးတယ်။ တရားကို နောက်မှပဲ စောင့်တော့မယ်။ ဒီတစ်ခါတော့ အကွက်ကောင်းပဲ၊ ဝင်ကောင်းတုန်းလုပ်မှပဲဆိုပြီး လုပ်လိုက်ပြန်တယ်။ ပညာမရှိတဲ့ ပုဂ္ဂိုလ်အများစုဟာ အခွင့်သာပြီဆိုရင် မဟုတ်မှန်းသိလျက် မဟုတ်တာ လုပ်လေ့ရှိကြတယ်။

"မင်းလဲ အခု အခွင့်သာတာ ဘာလို့မလုပ်သလဲ" လို့ ဘုရင်ကြီးကမေးတဲ့အခါ မဟောသဓေ သူ့မလုပ်ခြင်းအကြောင်းကို ပြောတယ်။ "အရှင်မင်းကြီး၊ အရှင်မင်းကြီးဟာ ကျွန်ုပ်ရဲ့ ဖခမည်းတော်ကို ရွာစားကြီးခန့်ပြီး ရာထူးဂုဏ်သိန်စည်းစိမ်ဥစ္စာတွေနဲ့ ချီးမြှောက်ခဲ့တယ်။ ကျွန်တော်မျိုးကိုလည်း သားအဖြစ်မွေးစားပြီး နန်းတော်ထဲအရောက် ခေါ်ယူချီးမြှောက်ခဲ့တယ်။

အရွယ်နဲ့မတန်အောင် ဂုဏ်ထူးတွေနဲ့ ချီးမြှောက်ခဲ့တယ်။ အသင်မင်းကြီးဟာ ကျွန်ုပ်တို့ရဲ့ ကျေးဇူးရှင်ဖြစ်ပါတယ်။”

**ယဿ ရုက္ခဿ ဆာယာယ၊**
**နိသီဒေယျ သယေယျ ဝါ၊**
**န တဿ သာခံ ဘဉ္ဇေယျ၊**
**မိတ္တဒုဗ္ဘော ဟိ ပါပကော။**

“သစ်ပင်တစ်ပင်အောက်မှာ အရိပ်ကလေး ခိုဖူးတယ်၊ နေဖူးထိုင်ဖူးတယ်ဆိုရင် အဲဒီသစ်ပင်ရဲ့ အကိုင်းအခက်ကို မချိုးဖွဲ့သင့်ဘူး။ ချိုးဖွဲ့ဖျက်ဆီးတဲ့ပုဂ္ဂိုလ်ဟာ မိတ်ဆွေကို ပြစ်မှားတဲ့ ပုဂ္ဂိုလ်မျိုးပဲဖြစ်ပါတယ်။ အရိပ်နေနေ အခက်ချိုးချိုး ကျွန်တော်မျိုးဟာ ဘယ်တော့မှ မလုပ်ပါဘူး။ အရှင်မင်းကြီးရဲ့ ကျေးဇူးတရားတွေကို ဦးထိပ်ထားပါတယ်။”

လောကလူတွေဟာ အရိပ်နေနေ အခက်ချိုးချိုး လုပ်တတ်ကြတယ်။ ကျွန်ုပ်ဟာ ကျေးဇူးသိတတ်တဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဘယ်တော့မှ ကျေးဇူးကန်းတဲ့ အလုပ်မျိုးကို မလုပ်ဘူးလို့ ဘုရင်ကြီး ယုံကြည်စိတ်ချရအောင်လောက် ပြောတယ်။

**ယဿာပိ ဓမ္မံ ပုရိသော ဝိဇညာ၊**
**ယေ စဿ ကင်္ခံ ဝိနယန္တိ သန္တော၊**
**တံ ဟိဿ ဒီပဉ္စ ပရာယဏဉ္စ**
**န တေန မေတ္တိံ ဇရယေထ ပညော။**

“ပညာရှိပုဂ္ဂိုလ်ဆိုတာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဆီက ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာရတာပဲဖြစ်စေ၊ အသိပညာ အတတ်

ပညာရတာပဲဖြစ်စေ၊ ကိုယ်သံသယရှိတဲ့ အချက်လေးကို သူက ဖြေရှင်းပေးလို့, သံသယကင်းအောင် ပြောပေးလို့ ကိုယ့်မှာ ရင်ထဲမှာရှင်းသွားစေတဲ့ ပုဂ္ဂိုလ်မျိုးပဲဖြစ်စေ အဲဒီလို ကိုယ့်အပေါ်မှာ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်မျိုးကို ဘယ်တော့မှ မပြစ်မှားရပါဘူး။ အဲဒီပုဂ္ဂိုလ်မျိုးဟာ ကိုယ့်အတွက် အားကိုးစရာ ကိုးကွယ်ရာပုဂ္ဂိုလ်သာလျှင် ဖြစ်ပါတယ်။ သူနဲ့ဘယ်တော့မှ မိတ်ဆွေအဖြစ်ကို အဆုံးမသတ်စေရပါဘူး။ ဘယ်တော့မှ ရန်သူဘဝရောက်အောင် မလုပ်သင့်ပါဘူး။”

အရှင်မင်းကြီးဟာ ကျွန်ုပ်တို့ သားအဖပေါ်မှာ များစွာကောင်းသည့်အတွက်ကြောင့် အရှင်မင်းကြီးနဲ့ ဘယ်သောအခါမှ မိတ်ဆွေပျက်တဲ့အလုပ်မျိုးကို မလုပ်ပါဘူး။

ထို့နောက် မဟောသဓေ ဘုရင်ကြီးအား သွယ်ဝိုက်ပြီး ဩဝါဒစကား ပြောကြားလိုက်တယ်။ **“အလသော ဂိဟီ ကာမဘောဂီ န သာဓု၊** လောကမှာ မိသားစုဘဝမှာနေတဲ့ ပုဂ္ဂိုလ်ဟာ အလုပ်မလုပ်ချင် မကိုင်ချင် လက်ကြောမတင်း ပျင်းတယ်ဆိုတာ လုံးဝမကောင်းပါဘူး။ မိသားစုဘဝမှာနေရင် မပျင်းရဘူး။ ပျင်းရင် ဘယ်တော့မှ မကောင်းဘူး။

**အသညတော ပဗ္ဗဇိတော န သာဓု၊** မကောင်းမှုဒုစရိုက်တွေကခွာရှောင်ပြီး သာသနာ့ဘောင်ဝင်တဲ့ ရဟန်းပုဂ္ဂိုလ်ဟာလည်း ကိုယ်နှုတ်နှလုံးကို မစောင့်စည်းဘူးဆိုရင် လုံးဝမကောင်းပါဘူး။ ရဟန်းဖြစ်လာလို့ရှိရင် ရဟန်းသိက္ခာနဲ့အညီ စောင့်စောင့်စည်းစည်း နေသင့်ပါတယ်။

**ရာဇာ န သာဓု အနိသမ္မကာရီ၊** တိုင်းပြည်အုပ်ချုပ်တဲ့ မင်းဟာ စုံစမ်းစစ်ဆေးခြင်းမရှိဘဲ အရမ်းလုပ်တတ်တဲ့မင်းမျိုးဟာ ဘယ်တော့မှ မကောင်းပါဘူး။ ဘုရင်ဆိုတာ စဉ်းစဉ်းစားစား လုပ်ရပါတယ်။ သူများပြောတိုင်း မယုံရပါဘူး။ ကိုယ့်အသိဉာဏ်နဲ့ ကိုယ် ဆင်ခြင်စဉ်းစားပြီး အုပ်ချုပ်သင့်ပါတယ်။

**ယော ပဏ္ဍိတော ကောဓနော တံ န သာဓု၊** ပညာရှိ ဖြစ်နေပြီး စိတ်တိုတာ၊ အငြိုးအတေးထားတာ လုံးဝမကောင်းပါ ဘူး။"

သူဟာ ပညာရှိမို့ ဘုရင်ကြီးကို ဘယ်တော့မှ အငြိုးအတေး မထားပါဘူး။ ဘုရင်ကြီးက ဘယ်လိုပဲ မင်းပြစ်မင်းဒဏ်တွေနဲ့ ဒုက္ခပေးပေး ငါ့ကိုဒုက္ခပေးတဲ့ဘုရင်ကြီး ဆိုပြီးတော့ ကျွန်တော်မျိုး ဟာ အမျက်ဒေါသ ရန်ငြိုးထားခြင်း မရှိပါဘူး။ အငြိုးအတေး မထားပါဘူးဆိုတာကို သွယ်ဝိုက်ပြီးတော့ ပြောလိုက်တာပဲ ဖြစ်တယ်ပေါ့။

အားလုံးကို ဆုံးမပြီးသား ဖြစ်သွားတယ်။ ဘုရင်ကိုလဲ ဆုံးမပြီးသားဖြစ်တယ်။ ပညာရှိပုဂ္ဂိုလ်တွေကိုလဲ ဆုံးမပြီးသား ဖြစ်တယ်။ ရဟန်းတွေကိုလဲ ဆုံးမပြီးသားဖြစ်တယ်။ သာမန်လူ တွေကိုလဲ ဆုံးမပြီးသားဖြစ်သွားတယ်။

**နိသမ္မ ခတ္တိယော ကယိရာ၊** ဘုရင်ဆိုတာ အမြဲတမ်း စူးစမ်းဆင်ခြင်ပြီးမှ လုပ်သင့်တယ်။ အမိန့်တစ်ခုထုတ်မယ်ဆိုရင် အရမ်းမထုတ်သင့်ဘူး။ တိုင်းပြည်အုပ်ချုပ်တယ်ဆိုတာ သေသေ ချာချာ စစ်ဆေးစုံစမ်းပြီးမှ လုပ်သင့်တယ်။ **နာနိသမ္မ ဒိသမ္ပတိ၊**

တိုင်းပြည်အုပ်ချုပ်တဲ့မင်းဟာ မဆင်မခြင် သူများပြောတာ ယုံပြီး တော့ ဘယ်တော့မှ မလုပ်သင့်ပါဘူး။

**နိသမ္မကာရိနော ရာဇ ယသော ကိတ္တိ စ ဝဍ္ဎတိ၊**
ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် ဆင်ခြင်တုံတရားနဲ့ လုပ်မယ်ဆိုရင် ဂုဏ် သတင်းတွေ ကျော်ဇောမှုတွေ ပိုပြီး ကြီးပွားတိုးတက်နိုင်ပါ တယ်”လို့ ဘုရင်မင်းကြီးကို ဩဝါဒပေးတယ်။

နန်းတော်ကို ခေါ်ရခြင်းအကြောင်းကို အဲဒီကျမှ ဘုရင်ကြီး က ပြောတယ်။ “မဟောသဓပညာရှိ၊ လွန်ခဲ့တဲ့ညတွေတုန်းက ထီးချက်စောင့် နတ်သမီးက ငါ့ကိုမေးခွန်းလေးပုဒ်လာမေးတယ်။ အဲဒီမေးခွန်းလေးပုဒ်ကို ငါလဲ အဖြေမထုတ်နိုင်ဘူး။ ပညာရှိဆိုတဲ့ အမတ်ကြီးလေးယောက်လဲ အဖြေမထုတ်နိုင်ဘူး။ ငါ့သား မင်း အဖြေထုတ်ပေးပါ”။

ဘုရားလောင်းက “ကောင်းပါပြီ အရှင်မင်းကြီး၊ ကျွန်ုပ် အဖြေထုတ်ပေးပါ့မယ်” ဘုရင်ကြီးက အဲဒီအချိန်မှာ ဘုရား လောင်းကို နေရာထိုင်ခင်း သေသေချာချာပေးပြီး ဘုရားလောင်း ဖြေမယ့်အဖြေကို စောင့်စားနေတယ်။ “အရှင်မင်းကြီး၊ နတ်သမီး မေးတဲ့မေးခွန်းတွေကို အမိန့်ရှိပါ၊ သူဖြေပါ့မယ်”

### ဒေဝတာပဥှာ နှင့် အဖြေ

**(က) ဟန္တိ ဟတ္ထေဟိ ပါဒေဟိ၊**
**မုခဉ္စ ပရိသုမ္ဘတိ၊**
**သ ဝေ ရာဇ ပိယော ဟောတိ၊**
**ကံ တေန တွာဘိပဿသိ။**

https://thitsarparami.org

"လက်နဲ့ထု ခြေထောက်နဲ့ကန် မျက်နှာကိုလက်သီးနဲ့ထိုး အဲဒီလိုလုပ်တဲ့ပုဂ္ဂိုလ်ကို အလုပ်ခံရတဲ့ပုဂ္ဂိုလ်က ပိုပိုပြီး ချစ်လာတယ်။ မျက်နှာကို လက်သီးနဲ့ထိုး ခြေထောက်နဲ့ကန်တဲ့သူကိုပဲ အချစ်တွေ ပိုလာတယ်၊ အဲဒါဘာကြောင့်လဲ ဘယ်သူလဲ။"

ဒီမေးခွန်း မေးလိုက်တယ်။

ဘုရားလောင်းက ချက်ချင်းဖြေတယ်။ "အရှင်မင်းကြီး၊ ဒီမေးခွန်းက သားအမိနှစ်ယောက်ကို ရည်ရွယ်မေးတဲ့မေးခွန်းပါ။ ရင်ခွင်ပိုက်ထားတဲ့သားကလေးက မိခင်ရဲ့မျက်နှာကို လက်နဲ့ပုတ် လက်သီးနဲ့ထိုး၊ ကလေးပေါက်စလေးက မိဘကိုရိုက် ဘယ်လိုပဲ လုပ်လုပ် မိခင်က စိတ်မဆိုးတဲ့အပြင် ဒီကလေးလေးကို ပိုပိုပြီး ချစ်လာတယ်။" အဲဒါဟာ အမေနဲ့ ရင်ခွင်ထဲကသားကလေးပါပဲ။ ဒါကို ရည်ညွှန်းပြီးမေးတဲ့မေးခွန်းပါလို့ ဖြေတယ်။

နတ်သမီးက ဖြုန်းကနဲ့ ပေါ်လာပြီး ပန်းတွေကြဲချလိုက်တယ်။ "ဟုတ်လိုက်လေ၊ ဟုတ်လိုက်လေ၊ သူမေးတာ ဒါမေးတာ" ပါ။ နတ်သမီးက လူ့သဘောတွေ အကုန်သိနေတယ်။ လူတွေ ဘာလုပ်လေ့ရှိတယ်ဆိုတာ၊ သားအမိနှစ်ယောက် ချီထားတဲ့ ကလေးလေးက ဘယ်လိုပဲ ရိုက်ရိုက်ပုတ်ပုတ် မိခင်က ကျေနပ်နေတယ်။

အရှင်မင်းကြီး ဒုတိယမေးခွန်းကို အမိန့်ရှိပါ-

**(ခ) အက္ကောသတိ ယထာကာမံ၊**
**အာဂမဋ္ဌဿ ဣစ္ဆတိ၊**
**သ ဝေ ရာဇ ပိယော ဟောတိ၊**
**ကံ တေန တွာ'ဘိပဿသိ။**

"ကြိုက်သလိုဆဲတယ်။ စိတ်ဆိုးမာန်ဆိုးနဲ့ 'တောထဲသွားရင် နင့်ကို ကျားကြီးကိုက်ပါစေ' ကျိန်ဆဲပြီး ကျိန်းမောင်း လွှတ်တဲ့ သူကို အမြဲတမ်း ပြန်လာစေချင်တယ်၊ မမြင်ရရင် မနေနိုင်ဘူး။ သူ့ကို ပိုပိုပြီးတော့ ချစ်လာတယ်။ အဲဒါဘယ်ပုဂ္ဂိုလ်လဲ။"

အဲဒါ "မိခင်နဲ့ အရွယ်ရောက်စ သားငယ်"ပါ၊ ၁၁ နှစ်၊ ၁၂ နှစ် အရွယ်ရောက်ရင် မိခင် လက်တိုလက်တောင်းခိုင်းတယ်။ "ငါ့သား သွားလိုက်စမ်း" ဆိုရင် သားက မသွားချင်ဘူး။ မသွားချင်တော့ "ရော့ ပိုက်ဆံပေးမယ်၊ ရော့ မုန့်ဖိုးပေးမယ်၊ ငါခိုင်းတဲ့ဆီ သွားလိုက်စမ်းပါ"ဆို "ဟုတ်ကဲ့" မုန့်ယူပြီး လမ်းမှာတွေ့တဲ့လူနဲ့ ကစားနေတယ်၊ မိခင်ခိုင်းတဲ့နေရာ မသွားဘူး။ သွားပြီးပြီလားဆို မသွားရသေးဘူး။

မိခင်က ရိုက်မယ်လို့ လိုက်တဲ့အခါ ထွက်ပြေးတယ်၊ လိုက်မမီတဲ့အခါ "နင့်တော့ တောထဲမှာ ကျားနဲ့တွေ့ပါစေ" လို့ ကျိန်ဆဲတယ်။

အမေလုပ်တဲ့ပုဂ္ဂိုလ်က ဒီလိုအရွယ် သားငယ်ကို မထိန်းနိုင်တဲ့အခါ ကျိန်ဆဲတယ်။ ကလေးက မိခင်ရိုက်မှာကြောက်ပြီး ညနေစောင်းသည်အထိ အိမ်ပြန်မလာဘူး၊ အဲဒီအခါ မိခင်က အိမ်ကနေ မျှော်နေတယ်။ ငါ့ကိုကြောက်ပြီးတော့များ မလာတာ

လားနဲ့ တွေးပူတယ်။ ကလေးက ဆွေတွေမျိုးတွေအိမ် သွားပြီး တော့ အိပ်တယ်၊ အမေလုပ်သူ ညအိပ်လို့မရဘူး။ ငါ့ကြောက်လို့ မလာတာလားဆိုပြီး လိုက်ရှာရတယ်။ တွေ့တဲ့အခါ "ငါ့သား အမေက မရိုက်ပါဘူး" ဆိုပြီး ချော့တယ်။ မလိမ္မာတဲ့သားကို ပိုပိုချစ်သွားတယ်တဲ့။ "အဲဒါ ၁၀ နှစ်၊ ၁၁ နှစ်အရွယ် ကလေးငယ် နဲ့မိခင်ပါ"လို့ ဖြေလိုက်တယ်။

နတ်သမီးက "ဒီအဖြေမှန်ပါတယ်" ဆိုပြီး ပန်းတွေကြဲပြီး ပူဇော်တယ်။ တတိယမေးခွန်းက-

**(ဂ) အဇ္ဈက္ကောတိ အဘူတေန၊**
**အလိကေနာ'ဘိသာရယေ၊**
**သ ဝေ ရာဇ ပိယော ဟောတိ၊**
**ကံ တေန တွာ'ဘိပဿသိ။**

"တစ်ယောက်နဲ့တစ်ယောက် စကားနာထိုးကြတယ်။ တစ်ယောက်နဲ့တစ်ယောက် စွပ်စွဲကြတယ်။ "နင် ဟိုကောင်နဲ့ လွတ်ရဲ့လား" တို့ ဘာတို့ အဲဒီလို စကားနာထိုးပြီးရင် ပိုချစ်သွားကြ ပြန်ရော။ အဲဒါ ဘယ်သူတုန်း။"

အဲဒါ "ဇနီးမောင်နှံနှစ်ယောက်ပါ"၊ လူတွေရဲ့ သဘောကို နတ်သမီးကသိလို့ ဒီမေးခွန်းကို မေးလိုက်တာ။ ဇနီးမောင်နှံ နှစ်ယောက်ကို ရည်ညွှန်းတာပါဆိုတော့ နတ်သမီးက "ဟုတ်လိုက် လေ" ဆိုပြီး ပန်းတွေနဲ့ ပူဇော်သတဲ့။

နောက်ဆုံးမေးခွန်းက-

**(ဃ) ဟာရံ အန္နဥ္စ ပါနဥ္စ၊**
**ဝတ္ထသေနာသနာနိ စ၊**
**အညဒတ္ထုဟရာ သန္တာ၊**
**တေ ဝေ ရာဇ ပိယာ ဟောန္တိ။**
**ကံ တေန တွာ'ဘိပဿတိ။**

"ပုဂ္ဂိုလ်တစ်ယောက်ဟာ စားစရာပေးလိုက်လည်း ယူသွားတာပဲ။ သောက်စရာပေးလိုက်လည်း ယူသွားတာပဲ။ အဝတ်အစား နေရာထိုင်ခင်း ပေးလိုက်လည်း ယူသွားတာပဲ။ ဘာမှလည်း မတုံ့ပြန်ဘူး။ ယူသွားတာပဲရှိတယ်။ အဲဒီလို ယူသွားတာကိုပဲ ပေးတဲ့လူက ကျေနပ်နေတယ်။ အဲဒါ ဘယ်ပုဂ္ဂိုလ်လဲ"။

အဖြေက "သမဏ ဗြာဟ္မဏ ဆိုတဲ့ ပုဂ္ဂိုလ်တွေပါ" တဲ့။ သမဏဗြာဟ္မဏတွေဟာ ဘာပေးလိုက်ပေးလိုက်၊ ယူသွားတာပဲ။ ဒါပေမယ့် လှူရတဲ့ ဒကာ၊ ဒကာမတွေက ကျေနပ်နေကြတာ။ အဲဒီလို ဖြေလိုက်တော့ နတ်သမီးက "ဟုတ်လိုက်လေ၊ သူမေးတဲ့ မေးခွန်းတွေရဲ့ အဖြေမှန် ရပါပြီ" ဆိုပြီး ပန်းခြင်းထဲ ရတနာတွေ ထည့်ပြီး မဟောသဓကို ပူဇော်တယ်တဲ့။

နတ်သမီးရဲ့ မေးခွန်းလေးပုဒ်အဖြေကို ရတဲ့အခါမှာ ဘုရင်ကြီးကလဲ ကျေနပ်သွားပြီ။ ဘုရင်ကြီးက မဟောသဓကို **သေနာပတိစစ်ဗိုလ်ချုပ်ကြီးရာထူး** ခန့်အပ်လိုက်တယ်။

အဲဒီတော့ မဟောသဓဟာ စစ်ဗိုလ်ချုပ်ကြီး ဖြစ်သွားပြီ။ ဝါစဥ်က တက်သွားတယ်။ နံပါတ် (၁)က ဘုရင်၊ နံပါတ် (၂)က အိမ်ရှေ့မင်း၊ စစ်သူကြီးဆိုတာ နံပါတ်(၃)ရာထူး ရသွားတယ်။

သေနကတို့ အမတ်ကြီးတွေဆိုတာ သူ့အောက်က ဖြစ်သွားတယ်။ အိမ်ရှေ့မင်းရဲ့အောက်က ရာထူးအကြီးဆုံး ပုဂ္ဂိုလ်ဟာ သေနာပတိ စစ်ဗိုလ်ချုပ်ကြီးပဲ။

**နိဂုံး**

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ မဟောသဓပညာရှိနဲ့ သူ့ရဲ့ပညာစွမ်းအားတွေဟာ မှတ်သားနာယူဖွယ် ကောင်းသည့်အတွက်ကြောင့် တို့တတွေလဲ အရာရာ ဆင်ခြင်တုံတရားထားပြီး အသိပညာ တိုးတက်အောင် ကြိုးစားအားထုတ်ကြရမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ နှလုံးသွင်းပြီး ပညာရှိအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

THITSARPARAMI 2009

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း (၉)

သာသနာတော်နှစ် ၂၅၆၂-နှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ (၁၈-၅-၂၀၁၉) စနေနေ့၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာကျောင်းတိုက် ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် မြတ်ဗုဒ္ဓဖွားတော်မူသည့် ၂၆၄၂ နှစ်ပြည့် မွေးနေ့အခါသမယ ဓမ္မပူဇာ အထူးဓမ္မသဘင် အခမ်းအနား၌ ဒေါ်မြင့်ခိုင် (ချယ်ရီဦး ပန်းအလှရောင်းဝယ်ရေး) မိသားစု၊ ဦးမောင်ကို +ဒေါ်စန်းစန်းအေး(အောင်ဗျူထီဆိုင်) မိသားစု၊ ဦးထူး+ဒေါ်ဖြူ (တက္ကစ္ခွတ်အထည်ဆိုင်) မိသားစု၊ ဦးသိန်းရ+ဒေါ်ညိုထက်(ဖက်ရှင်စတိုး) မိသားစု၊ ဦးဝင်းမြင့်ဦး+ ဒေါ်ယဉ်ယဉ်နွယ် (ရွှေမိအထက်ဆင်လုပ်ငန်း) မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့်ဟောကြားအပ်သော **"မဟောသဓ ပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၉)"** တရားဒေသနာတော်။

## ပညာရှိပုဂ္ဂိုလ်

"ပညာရှိပုဂ္ဂိုလ်ဟာ မည်သူ့ကိုမှ ဒုက္ခမပေးသလို မိမိကိုယ်တိုင် ဒုက္ခရောက်ရင်လည်း လွတ်မြောက်အောင် ကြိုးစားတတ်တယ်"

## မနာလိုစိတ်

ဝိဒေဟတိုင်း မိထိလာမြို့တော်ကြီးမှာ စစ်သေနာပတိချုပ်ကြီး ရာထူးကို မဟောသဓပညာရှိအား အပ်နှင်းခဲ့တာဖြစ်တယ်၊ မင်းမှုထမ်းသက် ကြာရှည်ပြီဖြစ်တဲ့ သေနက၊ ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒဆိုတဲ့ အမတ်ကြီးလေးယောက် စိတ်ထဲမှာ ဘယ်လိုခံစားရမလဲ စဉ်းစားကြည့်၊ နောက်မှရောက်တဲ့ အမိန့်မှ မစင်သေးတဲ့ အသက် ၂၀ ကျော် ၃၀ အတွင်းလောက်ရှိတဲ့ လူငယ်လေးတစ်ယောက်က သူတို့ထက် ရာထူးမြင့်သွားပြီး သူတို့ကို အမိန့်ပေးနိုင်တဲ့အဆင့် ရောက်သွားတယ်ဆိုတော့ သူတို့ရင်ထဲမှာ မကျေနပ်ချက်တွေ အများကြီးဖြစ်လာတယ်၊ အဲဒါကို ဣဿာလို့ခေါ်တယ်။ တဖက်သား ကြီးပွားတိုးတက်သွားတာကို မနာလို မရှုစိမ့်တွေ ဖြစ်တယ်၊ မနာလို မရှုစိမ့်ဖြစ်ပြီး ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်ကြတယ်၊ ဒါလူ့ရဲ့သဘာဝထဲမှာ အလွန်ဆိုးတဲ့ စိတ်နေသဘောထားဖြစ်တယ်။

လူတွေမှာ တဖက်သားကြီးပွားတာကို မနာလို မရှုစိမ့်တဲ့စိတ်ထားရှိတတ်တယ်၊ သို့သော် သတိထားပြီး ဆင်ခြင်တုံတရားနဲ့ ကိုယ့်ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ ဣဿာတရားကို ထိန်းချုပ်ဖို့ အရေးကြီးတယ်။ မထိန်းချုပ်နိုင်ဘူးဆိုရင် မနာလိုစိတ်ကို အကြောင်းပြုပြီး လူတစ်ယောက်ဒုက္ခရောက်အောင် လုပ်ဆောင်သည်ထိ ဖြစ်လာတတ်တယ်။

လူတိုင်း သတိထားရမှာက "ကိုယ့်ထက်သာ မနာလို" ဆိုတဲ့စိတ်ဓါတ် ဖြစ်လာရင် တွန်းလှန်ဖယ်ရှားနိုင်ဖို့ လိုတယ်။ မိမိထက်

သာလွန်ပြီး ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာရသွားတဲ့ ပုဂ္ဂိုလ် အပေါ်မှာ ကြည်ဖြူဝမ်းမြောက်နိုင်တဲ့ မုဒိတာတရားထားဖို့ ကြိုးစားရမှာ ဖြစ်တယ်။ မုဒိတာတရား မထားနိုင်ရင် မနာလို မရှုစိမ့် စိတ်ဟာ ရင်ထဲမှာ လိမ့်ကနဲ လိမ့်ကနဲ ဖြစ်လာပြီး တဖက်သား ပျက်လိုပျက်စီးအလုပ်ကို လုပ်တော့တာပဲဖြစ်တယ်။

"မနာလိုစိတ် ဖြစ်ပေါ်တာက ပထမအမှား၊ မနာလိုစိတ် ကို အကြောင်းပြုပြီးတော့ တဖက်သား ပျက်ပြားအောင်လုပ်တာ က ဒုတိယအမှား၊ အဲဒီအမှားနှစ်ခု ထပ်ဆင့်လာပြီဆိုလို့ရှိရင် လူတစ်ယောက်ဟာ ပျက်စီးဆုံးရှုံးမှုနဲ့ ကြုံရတတ်တယ်" သူ့ စွမ်းရည်နဲ့သူ ကြီးပွားတိုးတက်လာတဲ့ ပုဂ္ဂိုလ်ကို ဂုဏ်ပြုနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်၊ ကိုယ့်ထက်သာသွားရင် Congratulations လုပ်နိုင်ရမယ်။

မြန်မာနိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ မနာလိုစိတ် ကင်းသူဖြစ်တယ်။ သူ့ရဲ့ အတ္ထုပ္ပတ္တိဖတ်ကြည့်ရင် သိနိုင်တယ်၊ ကျောင်းသားသမဂ္ဂ ရွေးတဲ့အခါမှာ ပဌမအကြိမ် သူအရွေးမခံ ရဘူး၊ အရွေးမခံရပေမယ့်လို့ သူဟာ စိတ်ဓါတ်မကျဘူး၊ အရွေးခံ ရတဲ့သူကို သွားပြီးနှုတ်ဆက်တယ်၊ ဂုဏ်ပြုစကားပြောတယ်။ အဲဒီလိုဖြစ်ရမယ်။

ကိုယ့်ထက်သာသွားလို့ မနာလိုစိတ်ဆိုတာ မဖြစ်ရဘူး၊ မနာလိုစိတ်က ကြီးထွားလာတတ်တယ်၊ မနာလိုစိတ်ကို ဖယ်ရှား နိုင်ရမယ်၊ မုဒိတာတရား ရင်ထဲမှာဖြစ်ပွားအောင်လုပ်ပြီး မနာလို စိတ်ကို ချိုးနှိမ်ဖယ်ရှားရမှာ ဖြစ်တယ်။

“ရင်ထဲမှာ အမုန်းစိတ်တွေ များလာလို့ရှိရင် မေတ္တာပွါးပြီး ဖြေရှင်းရမှာ ဖြစ်တယ်၊ တဖက်သားကို နှိပ်စက်လိုတဲ့စိတ်တွေ ပေါ်လာလို့ရှိရင် ကရုဏာဆိုတဲ့ အကြင်နာတရား ဖြစ်ပွားပြီး ဖယ်ရှားပစ်ရမှာ ဖြစ်တယ်၊ အငြိုးအတေးတွေထားပြီး ဘက်လိုက်လိုတဲ့စိတ်တွေဖြစ်နေရင်၊ လိုတစ်မျိုး မလိုတစ်မျိုးဆိုတဲ့ မညီမမျှတဲ့ စိတ်နေသဘောထားတွေ ဖြစ်နေရင် ဥပေက္ခာတရားပွါးပြီး ဖယ်ရှားရမှာဖြစ်တယ်။ မျှတတဲ့ စိတ်နေသဘောထား ထားနိုင်အောင် ကြိုးစားရမှာဖြစ်တယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဒီတရားတွေ ပျက်ပြားသွားပြီဆိုရင် ဒီလူဟာ လူတော်လူကောင်းအဖြစ် မရောက်နိုင်တော့ဘူး၊ မရောက်နိုင်ရုံမျှမက စိတ်ဆိုးစိတ်မိုက်ရဲ့ ဆိုးကျိုးတွေဟာ သူ့ဆီ ရောက်ရှိလာတတ်တယ်၊ ဒါကို သတိထားပြီးတော့ ကိုယ့်ကိုယ်ကို လူတော်လူကောင်းဖြစ်အောင် ပြင်ဆင်ကြရမှာ ဖြစ်တယ်။

မိမိတို့ထက် အသက်အရွယ်ကလည်း အလွန်ငယ်တယ်၊ နောက်မှလည်း နန်းတော်ရောက်လာတယ်၊ ကလေးသာသာရှိတဲ့ ပုဂ္ဂိုလ်ကို ဘုရင်ကြီးက ကြီးမားတဲ့ သေနာပတိစစ်ဗိုလ်ချုပ်ကြီး ရာထူးပေးလိုက်တဲ့အခါမှာ အမတ်ကြီးတွေဟာ စိတ်မသက်မသာ ဖြစ်ကြတယ်။

အသက်အရွယ်ကလည်း ရပြီ၊ ဘုရင်ကြီးကို ခစားနေတဲ့ မင်းမှုထမ်းသက်ကလည်း ရှည်တယ်၊ ဘုရင့်အကြံပေး ဆရာကြီးတွေလို့ ယူဆရတဲ့ပုဂ္ဂိုလ်တွေဟာ မလောက်လေးမလောက်စား

လူငယ်လေးတစ်ယောက်ရဲ့ အမိန့်အာဏာကို နာခံကြရတဲ့အခါ ခံနိုင်ရည်မရှိကြတော့ဘူး။

## အမတ်ကြီး ၄–ဦး ဆွေးနွေးခန်း

အမတ်ကြီးလေးယောက် ဆုံတဲ့အခါမှာ ဆွေးနွေးပြောဆိုကြတယ်။ မဟောသဓပညာရှိကို သူငယ်သားလို့ သို့မဟုတ် သူကြီးသားလို့ ခေါ်ကြတယ်။ ကျေးရွာက သူကြီးသား တောသားက ငါတို့အထက်ရောက်သွားပြီ၊ ငါတို့ထက် ရာထူးကြီးသွားပြီ၊ ဘယ်လိုလုပ်ကြမလဲ၊ ငါတို့က သူ့အောက်ရောက်သွားပြီ၊ သူ အမိန့်ပေးတာ ခံကြရတော့မယ်၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ။ သူတို့ထဲမယ် ပညာထက်ထက်မြက်မြက် ရှိပုံရတဲ့ သေနက အမတ်ကြီးက ဆွေးနွေးတယ်။ “စိတ်မပူကြနဲ့၊ ငါနည်းလမ်းတစ်ခု တွေးမိထားတယ်၊ အဲဒီနည်းလမ်းနဲ့ သူ့ကို ရှင်းပစ်မယ်”

## ကလိန်ကကျစ် လုပ်ကြံမှု

“ငါတို့ သူငယ်သားထံ အလည်သွားကြမယ်၊ အလည်သွားပြီး သူ့ကို မေးခွန်းမေးမယ်၊ သူဖြေတဲ့ အဖြေဟာ ငါတို့လိုချင်တဲ့ ထောင်ချောက် ဖြစ်လာမယ်၊” လေးဦးတိုင်ပင်ပြီးတော့ မဟာသေနာပတိစစ်ဗိုလ်ချုပ်ကြီးရာထူးရသူထံ Congratulations လုပ်ဖို့ အလည်သွားကြတယ်၊ အမှန်ကတော့ ချောက်တွန်းဖို့ သွားကြတာ။

မဟောသဓပညာရှိနဲ့ တွေ့တဲ့အခါမှာ ချောက်တွန်းလို့ရတဲ့ မေးခွန်းမျိုးတစ်ခုကို မေးလိုက်တယ်၊ "စစ်သူကြီးမင်း၊ ကျွန်ုပ်တို့ စစ်သူကြီးမင်းကို မေးခွန်းလေးတစ်ခု မေးပါရစေ၊" "မေးပါ"လို့ ပြောတဲ့အခါ သေနက က ခေါင်းဆောင်ပြီးမေးတယ်။ **"ပဏ္ဍိတ ပုရိသေန နာမ ကတ္ထ ပတိဋ္ဌာတဗ္ဗံ–** လူဆိုတာ ဘယ်ပေါ်မှာ အခိုင်အမာ ရပ်တည်ရမှာလဲ၊" မဟောသဓ စစ်သူကြီးက **"သစ္စေ ပတိဋ္ဌာတဗ္ဗံ–**သစ္စာတရားပေါ်မှာရပ်တည်ရမှာပေါ့" လို့ဖြေတယ်။ ကတိသစ္စာလို့ ခေါ်တယ်၊ မြန်မာစကားမှာ "မင်းမှာသစ္စာ၊ လူမှာကတိ" တဲ့၊ ကိုယ်ပြောထားတဲ့အတိုင်း ကတိတည်ရမယ်၊ ကိုယ်ပြောထားတဲ့အတိုင်းပဲ အမှန်တရားမှာ ရပ်တည်သင့်တယ်။

သေနက က ဆက်မေးတယ်၊ **"သစ္စေ ပတိဋ္ဌိတေန ကိံ ဥပ္ပါဒေတဗ္ဗံ–** အမှန်တရားအပေါ် ရပ်တည်ပြီးရင် ဘာလုပ်ရမလဲ" မဟောသဓပညာရှိက **"ဓနံ ဥပ္ပါဒေတဗ္ဗံ –** ပစ္စည်းဥစ္စာ ရအောင်ရှာရမယ်" ဆင်းရဲမွဲတေရင် ဘယ်သူမှ အဖက်လုပ်မှာ မဟုတ်ဘူး၊ ဒါကြောင့် ချမ်းသာကြွယ်ဝအောင် ဥစ္စာကို ရှာရမယ် လို့ ဆိုလိုတယ်။ ကတိသစ္စာရှိပြီး ဥစ္စာကိုရှာရမယ်လို့ ဖြေတယ်။

**"ဓနံ ဥပ္ပါဒေတွာ ကိံ ကာတဗ္ဗံ–** ပစ္စည်းဥစ္စာတွေ ရလာပြီ ဆိုရင် ဘာဆက်လုပ်ရမလဲ"လို့ သေနကအမတ်ကြီးက မေးတယ်။ **"မန္တော ဂဟေတဗ္ဗော–** ပစ္စည်းဥစ္စာ ရှိလာပြီဆိုလို့ရှိရင် ယုံကြည်စိတ်ချရတဲ့ ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ဆွေးနွေးခြင်း လုပ်ရမယ်"လို့ မဟောသဓက ဖြေတယ်။

**"မန္တံ ဂဟေတွာ ကိံ ကာတဗ္ဗံ–** တိုင်ပင်ဆွေးနွေးပြီးနောက် ဘာလုပ်ရမလဲ"လို့ သေနကအမတ်ကြီးကမေးတဲ့အခါ **"အတ္တနော**

**ရဟဿံ ပရဿ န ကထေတဗ္ဗံ–** ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကိုတော့ ဘယ်သူ့မှ မပြောသင့်ဘူး”လို့ မဟောသဓက ဖြေတယ်။

သူတို့မေးခွန်းကို မဟောသဓပညာရှိက ဖြေလိုက်တဲ့အခါ **“သာဓု ပဏ္ဍိတ–** ပညာရှိ စစ်သူကြီးမင်း၊ ကောင်းလိုက်တဲ့ အဖြေပါ၊ ကျွန်ုပ်တို့ အားရလှပါတယ်” ဆိုပြီး သေနကတို့ အမတ်လေးယောက်ဟာ မဟောသဓအိမ်မှဆင်းပြီး နန်းတော်ကို သွားကြတယ်။

ဘုရင်ကြီးထံ အခစားဝင်ပြီး “အရှင်မင်းကြီး, အရှင်မင်းကြီးက မဟောသဓကို စစ်သူကြီးရာထူးပေးလိုက်တာ အသက်ကလည်း ငယ်ငယ်ပဲ ရှိသေးတယ်၊ အရှင်မင်းကြီးက သူ့ကို ယုံကြည်စိတ်ချမှု တယ်များတာကို၊ သူဟာ အရှင်မင်းကြီးကို လုပ်ကြံဖို့ အမြဲတမ်းကြံနေတဲ့ ရန်သူတော်သာလျှင်ဖြစ်တယ်၊ အသင်မင်းကြီးရဲ့အာဏာလုယူလိမ့်မယ်”လို့ သေနကအမတ်ကြီးက ဂုံးချောစကား ပြောလိုက်တယ်။

ဘုရင်ဆိုတာ အာဏာလုမယ်ဆိုတဲ့စကားကို သိပ်ကြောက်တာ၊ အာဏာနဲ့ အသက်ရှင်နေရတာကိုး၊ ဘုရင်ရာထူးကျသွားရင် ပိုင်ဆိုင်မှုတွေအားလုံးဆုံးသွားမှာ။ **“ယသောလဒ္ဓါ ဘောဂါ”** ဆိုတဲ့အတိုင်း ဘုရင်တွေ ရရှိပိုင်ဆိုင်ထားတဲ့ စည်းစိမ်ဥစ္စာတွေဟာ ရာထူးရှိလို့ ရထားတာဖြစ်တယ်၊ ရာထူးကျသွားပြီဆိုရင် အားလုံးဆုံးရှုံးနိုင်တယ်။ ဒါကြောင့်မို့ ရာထူးကျမှာ သိပ်ကြောက်တယ်၊ ရန်သူဆိုရင် အပြတ်ရှင်းဖို့ စဉ်းစားကြတယ်။

“အရှင်မင်းကြီး၊ မဟောသဓဟာ အကောက်ကြံနေတဲ့ ပုဂ္ဂိုလ်သာဖြစ်တယ်၊ အသင်မင်းကြီးက ယုံကြည်စိတ်ချလို့

စစ်သူကြီးရာထူး ခန့်လိုက်ပေမယ့် သူဟာ အသင်မင်းကြီးရဲ့ ရန်သူပဲဖြစ်တယ်၊ မယုံလို့ရှိရင် အခစားလာတဲ့အခါမှာ ဆွေးနွေး မေးမြန်းကြည့်လိုက်ပါ။ "လျှို့ဝှက်ချက်ကို ဘယ်သူ့ကိုပြောရမလဲ" ဆိုရင် "ဘယ်သူ့ကိုမှ မပြောရဘူး"ဖြေလိမ့်မယ်၊ အဲဒီတော့ သူ့မှာ လျှို့ဝှက်ချက်ရှိတယ်၊ အဲဒီလျှို့ဝှက်ချက်ဟာ တခြားမဟုတ်ဘူး၊ အသင်မင်းကြီးကို လုပ်ကြံဖို့ပဲ။

ဘုရင်ကြီး စိတ်ထဲမှာ အတော် တုန်လှုပ်သွားတယ်၊ "ကောင်းပြီ၊ မနက်ဖန်ခါ အများဆုံတဲ့အခါ ငါမေးမယ်" နောက်ရက် ဘုရင်ကြီးထံ အခစားဝင်ကြတယ်၊ စစ်သူကြီးမင်း ရယ် အမတ်ကြီးလေးယောက်ရယ်၊ ဘုရင်ကြီးက သေနက အမတ်ကြီးတို့ လျှောက်ထားတဲ့အတိုင်းပဲ မေးခွန်းမေးဖို့ စတင် ခဲ့တယ်။

## လျှို့ဝှက်ချက်ကို ပြောသင့်သူ

**"ပဥ္စပဏ္ဍိတာ သမာဂတာတ္ထ–** ပညာရှိငါးဦး အခု စုံညီစွာ ရောက်ရှိနေကြပြီ၊ **ပဉှာ မေ ပဋိဘာတိ တံ သုဏာထ–** ငါ့ ခေါင်းထဲမှာ မေးခွန်းတစ်ခု ပေါ်လာတယ်၊ အဲဒါကို မင်းတို့ နားထောင်ကြ၊ **နိန္ဒိယမတ္ထံ ပသံသိယံ ဝါ၊ ကဿေဝ ဝါ' ဝိကရေယျ ဂုယှမတ္ထံ–** ကဲ့ရဲ့ထိုက်တဲ့ အကြောင်းအရာပဲဖြစ်စေ၊ ချီးမွမ်းထိုက် တဲ့ အကြောင်းအရာပဲဖြစ်စေ လျှို့ဝှက်ရမဲ့ အရာတစ်ခုကို ဘယ်သူ့ကို ထုတ်ပြောသင့်သလဲ"

ကိုယ့်မှာ လျှို့ဝှက်ရမဲ့ အကြောင်းအရာတစ်ခု ရလာပြီဆိုလို့ရှိရင် ဘယ်သူ့ကို ပြောသင့်သလဲဆိုတဲ့ မေးခွန်းကို မေးလိုက်တယ်။

မေးလိုက်တဲ့အခါ သေနက အမတ်ကြီးက "အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ သဘောထားကို အရင်ပြောပါ၊ ကျန်တဲ့အခါမှာ ကျွန်တော်မျိုးတို့ ဖြေကြားပါမယ်" တဖက်လှည့်နဲ့ ဘုရင်ကြီးပါ ဆွေးနွေးပွဲထဲပါအောင် အခုလို အရင်လျှောက်လိုက်တယ်။

"**တွံ အာဝိကရောဟိ ဘူမိပါလ–** အရှင်မင်းကြီး၊ အရှင်မင်းကြီးက ရှေးဦးစွာပြောကြည့်ပါ၊ **ဘတ္တာ ဘာရသဟော–** အရှင်မင်းကြီးက ကျွန်ုပ်တို့ရဲ့ အရှင်သခင် ဖြစ်ပါတယ်၊ အရှင်မင်းကြီးက ဘယ်လောက်ကြီးလေးတဲ့ တာဝန်ဖြစ်ဖြစ် ထမ်းနိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါတယ်၊ **တဝ ဆန္ဒရုစီနိ သမ္ပသိတွာ အထ ဝက္ခန္တိ ဇနိန္ဒ ပဉ္စ ဓီရာ–** အရှင်မင်းကြီးရဲ့ စိတ်ဆန္ဒအကြိုက်ကို သိရပြီးတဲ့အခါ ကျွန်တော်တို့ ပညာရှိငါးယောက်က မိမိတို့ရဲ့ ဆန္ဒသဘောထားတွေအတိုင်း အရှင်မင်းကြီးရဲ့ မေးခွန်းကို ဖြေကြားပါ့မယ်"။

ဘုရင်ကြီးက သူ့အမြင်ကို ယခုလို စတင်ပြောဆိုတယ်။ "**ယာ သီလဝတီ အနညာထေယျာ–** ကိုယ်ကျင့်သီလ အင်မတန်ကောင်းတယ်၊ ဘယ်တော့မှ ခိုးကြောင်ခိုးဝှက် လုပ်လေ့မရှိဘူး၊ **ဘတ္တုစ္ဆန္ဒဝသာနုဂါ ပိယာ မနာပါ–** ချစ်ခင်စရာ မြတ်နိုးစရာကောင်းပြီး ကိုယ့်ရဲ့ အိမ်ရှင်ယောက်ျားရဲ့ ဆန္ဒအတိုင်း နေထိုင်တတ်တဲ့ မိမိရဲ့ဇနီးအား **နန္ဒိယမတ္တံ ပဿသိယံ ဝါ၊**

**ဘရိယာယာ’ဝိကရေယျ ဂုယှမတ္တံ**–လျှို့ဝှက်ချက်ကို ပြောသင့်တယ်၊”

ဘုရင်ကြီးက ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို ကိုယ့်ရဲ့ယုံကြည်စိတ်ချရဆုံး ဇနီးကိုပဲပြောသင့်တယ်လို့ဖြေတယ်။ ဘုရင်ကြီးက အဲဒီလိုဖြေပြီး “သေနက ငါဖြေပြီးပြီ၊ မင်းကရော ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို ဘယ်သူ့အား ပြောသင့်သလဲ” မေးတဲ့အခါ သေနက အမတ်ကြီးက သူ့ရဲ့အဖြေကို ဘုရင်ကြီးကို လျှောက်တယ်။

“**ယော ကိစ္စဂတဿ အာတုရဿ၊ သရဏံ ဟောတိ ဂတီ ပရာယဏဥ**– ကိုယ်အခက်ခဲ တွေ့လာတဲ့အခါမှာ ကိုယ်အားကိုးရတဲ့ မိတ်ဆွေဆိုတာရှိတယ်၊ **သခိနော ဝါ’ဝိကရေယျ ဂုယှမတ္တံ**– ကောင်းတာပဲဖြစ်ဖြစ် မကောင်းတာပဲဖြစ်ဖြစ် ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို မိတ်ကောင်း ဆွေကောင်းအားသာလျှင် ထုတ်ပြောသင့်တယ်၊ ကျန်တဲ့ပုဂ္ဂိုလ်ကို မပြောသင့်ဘူး”

ထို့နောက် ဘုရင်ကြီးက ပုက္ကုသ အမတ်ကြီးကရော ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို ဘယ်သူ့ကို ပြောသင့်သလဲ မေးလိုက်ရာ ပုက္ကုသအမတ်ကြီး ယခုလိုဖြေတယ်။

**ဇေဋ္ဌော အထ မဇ္ဈိမော ကနိဋ္ဌော၊**
**ယော စေ သီလသမာဟိတော ဌိတတ္တော၊**
**နိန္နိယမတ္တံ ပသံသိယံ ဝါ၊**
**ဘာတု ဝါ’ဝိကရေယျ ဂုယှမတ္တံ။**

“အရှင်မင်းကြီး၊ ကိုယ့်ထက်အကြီးပဲဖြစ်စေ အလတ်ပဲဖြစ်စေ၊ အငယ်ပဲဖြစ်စေ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံ၍ စိတ်နေ

သဘောထားကောင်းပြီး တည်တည်တံ့တံ့ရှိတဲ့ ကိုယ့်ရဲ့ညီအကို ကိုသာလျှင် လျှို့ဝှက်ချက်ကို ပြောထိုက်ပါတယ်”

ထို့နောက် ဘုရင်ကြီးက “ကာမိန္ဒ အမတ်ကြီးကရော လျှို့ဝှက်ချက်ကို ဘယ်သူ့ပြောသင့်သလဲ ဖြေပါ”ဆိုတော့ ကာမိန္ဒ အမတ်ကြီးက ဖြေတယ်။

**ယော ဝေ ပိတုဟာဒယဿ ပဒ္ဒဂူ၊**

**အနုဇာတော ပိတရံ အနောမပညော၊**

**နိန္ဒိယမတ္ထံ ပသံသိယံ ဝါ၊**

**ပုတ္တဿာ’ဝိကရေယျ ဂုယှမတ္ထံ။**

“လောကမှာ ကိုယ့်အဖေရဲ့ စိတ်တိုင်းကျ မိဘအရည် အချင်းမီတဲ့ အနုဇာတသားမျိုးဆိုတာ ရှိပါတယ်၊ အဲဒီ အနုဇာတ သားမျိုးဟာ ကိုယ့်အဖေအပေါ်မှာ သစ္စာရှိတဲ့၊ ကိုယ့်အပေါ်မှာ သစ္စာရှိတဲ့, အဖေကိုချစ်တဲ့ ကိုယ့်သားကိုသာလျှင် ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကို ပြောသင့်တယ်”။

နောက်ဆုံး ဘုရင်ကြီးက “ဒေဝိန္ဒ အမတ်ကြီးကရော လျှို့ဝှက်ချက်က ဘယ်သူ့ကို ပြောသင့်သလဲ”ဆိုတော့ ဒေဝိန္ဒ အမတ်ကြီးက ဖြေတယ်။

**မာတာ ဒွိပဒါဇနိန္ဒသေဋ္ဌ၊**

**ယာ နံ ပေါသေတိ ဆန္ဒသာ ပိယေန။**

“ကိုယ့်ရဲ့မိခင်ဆိုတာ ကိုယ့်အပေါ်မှာ အလွန်ချစ်တယ်၊ ခြေနှစ်ချောင်းရှိ သတ္တဝါဖြစ်တဲ့ လူသားတွေထဲမှာ မိခင်ဟာ သားသမီးအပေါ်မှာ အလိုလိုက်ဆုံး အချစ်ခင်ဆုံးပုဂ္ဂိုလ် ဖြစ် တယ်၊ ဒါကြောင့်မို့ ကောင်းတာပဲဖြစ်ဖြစ် မကောင်းတာပဲဖြစ်ဖြစ်

**မာတုယာ' ဝိကရေယျ ဂုယှမတ္ထံ–** ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကို မိခင်အားသာ ပြောသင့်ပါတယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေကို မပြောသင့်ပါဘူး"။

ဘုရင်ကြီးက ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို ဇနီးအား ပြောရမယ်၊ သေနကအမတ်ကြီးကတော့ ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကို သူငယ်ချင်းအား ပြောရမယ်၊ ပုက္ကုသအမတ်ကြီးကတော့ ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကို ကိုယ့်ရဲ့ညီအကိုအရင်းအား ပြောရမယ်၊ ကာမိန္ဒအမတ်ကြီးကတော့ ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို ကိုယ့်ရဲ့ အားအကိုးရဆုံး သားအရင်းကိုပဲ ပြောသင့်တယ်၊ ဒေဝိန္ဒ အမတ်ကြီးကတော့ ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို ကိုယ့်ရဲ့ အမေအားသာ ပြောသင့်တယ်လို့ အသီးသီးဖြေဆိုကြတယ်။

ဘုရင်ကြီးက နောက်ဆုံးမှာ "သေနာပတိ ပညာရှိ မဟောသဓ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်တုန်း" ဆိုတော့ မဟောသဓက ယခုလို လျှောက်တင်တယ်။

"**ဂုယှဿ ဟိ ဂုယှမေဝ သာဓု–** အရှင်မင်းကြီး၊ လျှို့ဝှက်ရမဲ့ကိစ္စကို လျှို့ဝှက်တာပဲ ကောင်းပါတယ်၊ ဘယ်သူမှ မပြောသင့်ဘူး၊ **န ဟိ ဂုယှဿ ပသတ္ထမာဝိကမ္မံ–** လျှို့ဝှက်တဲ့ ကိစ္စကို ထုတ်ဖော်ပြောဆိုခြင်းဟာ ချီးမွမ်းစရာအလုပ် မဟုတ်ဘူး။ လျှို့ဝှက်ရမဲ့အလုပ်ကို လျှို့ကိုလျှို့ဝှက်ရမယ်၊ လျှို့ဝှက်ချက်ကို ဘယ်သူ့ကိုမှ မပြောသင့်ဘူး၊ **အနိပ္ဖန္နတာ သဟေယျ ဓီရော–** ပညာရှိဆိုတာ ကိုယ်လုပ်တဲ့အလုပ် မအောင်မချင်း အောင့်ထားရမယ်" (လူဆိုတာ သတင်းထူးလေးများ ကြားလို့ရှိရင် ကိုယ့်နား

မှာ ပြောစရာလူမရှိရင် ဖုန်းဆက်ပြောတယ်၊ အဲဒီလို မဟုတ်ရင် အိမ်တကာလည်ပြီးပြောတာ)

"ကိုယ့်လုပ်တဲ့အလုပ်၊ ကိုယ့်ရဲ့စိတ်ကူးအကြံအစည် တစ်ခုဟာ မအောင်မချင်း အောင့်ထားပါ၊ လျှို့ဝှက်ထားပါ။ **နိပ္ဖန္နော ဝ ယထာ သုခံ ဘဏေယျ–** ကိုယ့်လုပ်ငန်း ပြီးသွားပြီ ဆိုရင်တော့ ပြောပါ၊ မပြီးမချင်းတော့ လျှို့ဝှက်ရမဲ့ကိစ္စကို လျှို့ဝှက်ထားရမှာ ဖြစ်ပါတယ်"။

ဒီအချက်က သေနကအမတ်ကြီးက ကြိုတင်ပြီး ထောင်ချောက် ဆင်ထားတဲ့ အချက်ပဲ။ အဲဒီလို မဟောသဓပညာရှိက ပြောလိုက်တဲ့အခါ ဘုရင်ကြီးက စိတ်ထဲမှာ ထိတ်ကနဲဆို ဖြစ်သွားတယ်၊ သေနက အမတ်ကြီးက တွန်းတိုက်ထားတာလေ၊ မဟောသဓ ပြောလိမ့်မယ် "လျှို့ဝှက်ချက်ကို လျှို့ဝှက်ထားရမယ်" ဘုရင်ကြီးက မျက်နှာပျက်သွားပြီး သေနက အမတ်ကြီးကို လှမ်းကြည့်တယ်၊ သေနက အမတ်ကြီးကလည်း ဘုရင်ကြီးကို လှမ်းကြည့်တယ်၊ သူတို့နှစ်ဦးကြည့်တာကို မဟောသဓပညာရှိက ဖျတ်ခနဲ မြင်လိုက်တယ်။

အဲဒီမှာ ဘုရင်ကြီး ခစားတဲ့အချိန်ကုန်လို့ မဟောသဓက ထပြီးပြန်သွားတယ်။ အမတ်ကြီး လေးယောက်ကတော့ ဆက်လက်ပြီးတော့ ထိုင်နေရစ်သေးတယ်၊ "အရှင်မင်းကြီး၊ ကျွန်ုပ်ပြောတာ မမှန်ဘူးလား၊ အရှင်မင်းကြီး အားကိုးပြီး သေနာပတိရာထူးကြီးပေးထားတဲ့ စစ်သူကြီးဟာ လျှို့ဝှက်ရမဲ့ကိစ္စကို လျှို့ဝှက်ရမယ်၊ လုပ်ငန်းမအောင်မြင်မချင်း လျှို့ဝှက်

ရမယ်၊ လုပ်ငန်းအောင်မြင်မှသာ ပြောရမယ်ဆိုတဲ့ အယူအဆ ရှိတယ်။ အသင်မင်းကြီးကို ဒုက္ခပေးလိမ့်မယ်၊ သူ့မှာ အကြံအစည် တွေ ရှိနေတယ်" ထပ်ပြီး တွန်းပြန်တယ်။

ဘုရင်ကြီးက ကြောက်တာပေါ့၊ အဲဒါ ဆိုလို့ရှိရင် မဟောသဓကို သတ်မှဖြစ်တော့မယ်၊ သတ်ဖို့ရာလည်းပဲ အကြောင်းရှာဖို့ အင်မတန်မှခက်ခဲတယ်လေ၊ ယုတ္တိရှိရှိဖြစ်ဖို့ လိုတယ်။

## အမတ်ကြီးတွေကို တာဝန်ပေးခြင်း

"တခြားလူကိုပြောရင် သတင်းတွေပေါက်ကြားလိမ့်မယ်၊ မဟောသဓကို အပြတ်ရှင်းဖို့ မင်းတို့ တာဝန်ယူရမယ်" ဆိုပြီး ဘုရင်ကြီးက ဘုရင်ကိုင်တဲ့ သန်လျက်ဓါးကြီးကို အမတ်ကြီး လေးယောက်ကို အပ်လိုက်တယ်၊ "မနက်ဖန်ခါမနက် နန်းတော် ဝင်လာလို့ရှိရင် မဟောသဓကို သတ်စေ" လျှို့ဝှက်အမိန့် ထုတ်လိုက်တယ်။

အမတ်ကြီးတွေဟာ မနက်ဖန်ခါ ငါတို့ရန်သူတော့ ရှင်းတော့မယ်၊ တောသားက လူပါးဝတာ၊ စစ်သူကြီးဖြစ်ပြီး ငါတို့ အထက်ကရောက်နေတယ်၊ မနက်ဖန် မိုးလင်းရင် ရှင်းရမယ် ဆိုပြီးတော့ ကျေနပ်အားရစွာနဲ့ ဘုရင်နန်းတော်ကနေ ထွက်လာ ကြတယ်။

မဟောသဓပညာရှိက ဘုရင်ထံမှ ပြန်လာရင်း စဉ်းစား တယ်၊ "သေနကအမတ်ကြီးနဲ့ ဘုရင်ကြီးတို့ရဲ့ ကြည့်ပုံဟာ

မရိုးရှင်းဘူး ထူးဆန်းနေတယ်၊ ဘာလျှို့ဝှက်ထားသလဲ၊ ငါ သိအောင် စုံစမ်းမှပဲ”

## ထောက်လှမ်းခြင်း

အမတ်ကြီးတွေဟာ ဘုရင့်နန်းတော်က ပြန်တဲ့အခါမှာ တံခါးဝမှာရှိတဲ့ ထမင်းစားပွဲကြီးမှာ ထိုင်ပြီး ခေါင်းချင်းဆိုင် စကားပြောလေ့ရှိကြတယ်၊ သူတို့ ဘာအကြံစည်ရှိတယ်ဆိုတာ သိရအောင် သေတ္တာတွင်း ဝင်ပုန်းနေမယ်လို့ မဟောသဓမှာ အကြံရတယ်။

မဟောသဓက သူ့လူတွေကို ခေါ်လိုက်တယ်၊ ဒီစားပွဲ ကြီးကို မ,စေပြီး အမတ်ကြီးတွေ မလာခင် သေတ္တာ စားပွဲကြီး အောက် ဝင်ပုန်းနေလိုက်တယ်။ ထင်တဲ့အတိုင်းပဲ အမတ်ကြီး လေးယောက်ဟာ ဘုရင်ထံမှ ထွက်လာကြပြီး အဲဒီစားပွဲမှာ ထိုင်ကြတယ်၊ “ဘုရင်ကတော့ မဟောသဓကို မနက်ဖန်ခါ သတ်ရမယ်ဆိုပြီး ခါးအပ်လိုက်ပြီ၊ မနက်ဆိုရင် အခစား ဝင်လာရင် သူ့ကို သတ်ကြမယ်၊ တို့လေးယောက်ထဲက ဘယ်သူ တာဝန်ယူမလဲ”

အမတ်သုံးယောက်က “သေနကအမတ်ကြီး ခင်ဗျားပဲ လုပ်ပါ” ဝိုင်းတွန်းကြတယ်၊ “ဘယ်အချိန်မှာ သတ်ရမယ်၊ ဘယ် နေရာမှာ သတ်ရမယ်ဆိုတာ အမိန့်ပေးထားတယ်၊ မနက်ဖန်ခါ ရောက်ရင် ငါတို့ရဲ့ရန်သူကို အပြတ်ရှင်းမယ်၊ ငါတို့ အကြံ အောင်ပြီ”လို့ ပြောပြီး ခေတ္တမျှ ငြိမ်သွားကြတယ်။

ထို့နောက် အချင်းချင်း လျှို့ဝှက်ချက်တွေကို ပြောဆိုကြတယ်။ "နေစမ်းပါဦး၊ သေနကအမတ်ကြီးက သူငယ်ချင်းအရင်းကြီးကိုသာ လျှို့ဝှက်ချက်ကို ပြောရမယ်လို့ဆိုတာ ဘာကို ရည်ရွယ်ပြီး ပြောတာတုန်း" လို့ ဝိုင်းမေးကြတယ်၊ အဲဒီမှာ သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို အသီးသီး ယခုလို မိုက်မဲစွာ ထုတ်ဖော်ပြောဆိုကြတယ်။

သေနကအမတ်ကြီးက စပြီး သူ့လျှို့ဝှက်ချက် အကြောင်းကို ပြောတယ်၊ ထို့နောက် ပုက္ကုသအမတ်ကြီးက သူ့ရဲ့ လျှို့ဝှက်ချက်ကို ပြောတယ်၊ ထို့အတူပဲ ကာမိန္ဒအမတ်ကြီးကလည်း သူ့ရဲ့ လျှို့ဝှက်ချက်ကိုပြောတယ်၊ နောက်ဆုံး ဒေဝိန္ဒ အမတ်ကြီးကလည်း သူ့ရဲ့လျှို့ဝှက်ချက်ကို ပြောတယ်။

သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို မလျှို့ဝှက်ဘဲ ထုတ်ဖော်ပြောဆိုကြတယ်၊ မဟောသဓပညာရှိက သူတို့လျှို့ဝှက်ချက်တွေ အကုန်သိသွားတယ်၊ အချိန်တန်တော့ အမတ်ကြီးတွေ အိမ်ပြန်သွားကြတယ်။

## ဘုရင်ကြီးရဲ့နောင်တ

ညအခါ ဘုရင်ကြီးက စဉ်းစားတယ်၊ "မနက်ဖန်ခါ မဟောသဓ နန်းတော်လာရင် ခေါင်းဖြတ်သတ်စေလို့ အမိန့်ချထားတယ်၊ ငယ်ငယ်လေးကတည်းက ငါမွေးစားထားတာ၊ ငါ့ပေါ်မှာ မဟုတ်တာလုပ်တာ မရှိဘူး၊ နတ်သမီးမေးတဲ့ မေးခွန်းပြဿနာတွေကို ငါမဖြေနိုင်ရင် ငါဒုက္ခရောက်မှာ၊ သူ့ကြောင့်

ငါဟာနတ်သမီးပေးမယ့် ဒုက္ခမှ လွတ်မြောက်ခဲ့တယ်၊ ငါ့မှားသွားပြီထင်တယ်၊ ဘာမှ အပြစ်မရှိတဲ့လူတွေကို ချောက်တွန်းတာနဲ့ မနက်ဖန်ခါသတ်စေဆိုတဲ့ အမိန့်ကို ငါချမိတာ မှားသွားပြီထင်တယ်" တွေးရင်း ဘုရင်ကြီး တစ်ညလုံး အိပ်လို့မရဘူး။

ဘုရင်ကြီး အိပ်မပျော်ဘဲ တလူးလူး ဖြစ်နေတဲ့အခါ ဥဒုမ္ဗဒေဝီမိဖုရားက "အရှင်မင်းကြီး အိပ်မပျော်ဘူးလား၊ စိတ်ညစ်စရာရှိလို့လား" မေးတော့ ဘုရင်ကြီးက အဲဒီအကြောင်း မိဖုရားကြီးအား ဖွင့်ပြောလိုက်တယ်။

"ငါ မဟောသဓကို အထင်လွဲပြီး မနက်ဖန်သတ်ဖို့ အမိန့်ချထားပြီးပြီ၊ အဲဒါ ဘယ်လိုလုပ်ရမလဲ" ပြောတော့ မိဖုရားကြီးက ဘုရင်ကြီးကို အိပ်ပျော်အောင် "အရှင်မင်းကြီး၊ အရှင်မင်းကြီးက စစ်သူကြီးရာထူးတောင် ပေးလိုက်တာပဲ၊ ရာထူးရသွားတဲ့အခါမှာ စိတ်ပြောင်းပြီးတော့ အရှင်မင်းကြီးကို အန္တရာယ်ပြုချင်ပြုနိုင်တာပဲ၊ ရန်သူဆိုတာ ကြီးတယ်ငယ်တယ် မဟုတ်ဘူး၊ ရှင်းပစ်ရမယ်" လို့ အားပေးစကား ပြောလိုက်တယ်။

ဘုရင်ကြီး စိတ်သက်သာရာရပြီး အိပ်ပျော်သွားတယ်၊ ဘုရင်ကြီးအိပ်ပျော်ပြီ ဆိုတဲ့အခါမှာ ဥဒုမ္ဗရဒေဝီ မိဖုရားက မဟောသဓဆီ စာရေးတယ်၊ "နက်ဖန်ခါ မင်း နန်းတော်ကို မလာနဲ့၊ ဘုရင်ကြီးက သတ်ဖို့အမိန့်ချထားတယ်"လို့ လျှို့ဝှက်စာရေးပြီး ပို့လိုက်တယ်။ ဥဒုမ္ဗရဒေဝီမိဖုရားကြီးက ပို့ခိုင်းတယ်ဆိုရင် အစစ်ဆေး အမေးမြန်း မရှိရဘူး၊ ကတွတ်မုန့်တွေ ရောထည့်ပြီး တံဆိပ်ခတ်ပြီး ယုံကြည်စိတ်ချရတဲ့ အမျိုးသမီးတစ်ယောက်ကို ပို့ခိုင်းလိုက်တယ်။

မဟောသဓက ဖွင့်ပြီး စာဖတ်လိုက်တယ်၊ စာထဲမှာ "မနက်ဖန်ခါ ဘုရင်ကြီးက သတ်စေလို့ အမိန့်ချထားတယ်၊ အဲဒီတော့ နက်ဖန်ခါ နန်းတော်မဝင်နဲ့၊ သို့သော် တိုင်းပြည် အုပ်ချုပ်ရေးအာဏာကို ကိုယ့်လက်ထဲရောက်အောင် စီမံ ဆောင်ရွက်ထားပါ" လို့ မှာကြားထားတယ်။

မဟောသဓပညာရှိက ညကတည်းက သူ့တပ်တွေကို ဖြန့်ကျက်ချထားလိုက်တယ်၊ ခါတိုင်းသွားနေကျအချိန်ကို မသွားပဲ နောက်ကျမှ နန်းတော်ဝင်တယ်၊ သေနက အမတ်ကြီးတို့က တစောင့်စောင့်နဲ့ နေကြတယ်၊ မိုးလင်းသွားတဲ့အခါ သူတို့ အလုပ် မဖြစ်တော့ဘူး။ ဘုရင်ကြီးဆီ အခစား ဝင်သွားကြတယ်။ ဘုရင်ကြီးက မေးတယ်၊ "ဘယ်နှယ့်လဲ၊ မင်းတို့လုပ်ပြီးခဲ့ပြီလား" လို့ဆိုတော့ "အရှင်မင်းကြီး၊ မဟောသဓ ပေါ်မလာလို့ အလုပ် မဖြစ်ခဲ့ဘူး"လို့ လျှောက်တင်ကြတယ်။

ထိုအချိန်မှာ မဟောသဓက သူ့နောက်လိုက်ဗိုလ်ပါတွေနဲ့ ဘုရင့်နန်းတော်ကို ရောက်လာတယ်၊ ဘုရင့်နန်းတော်ကို ဝိုင်းထားတာ သူ့လူတွေချည်းပဲ၊ နန်းတော်ရောက်တဲ့အခါ ဘုရင်ကြီးက နန်းရင်ပြင် လေသာတံခါးကနေ လှမ်းကြည့်တဲ့အခါ မဟောသဓလာတာ တွေ့ရတယ်။ ထုံးစံအတိုင်းပဲ ဘုရင်ကြီးကို မဟောသဓပညာရှိက ရှိခိုးဝပ်ချတယ်၊ မဟောသဓက ခါတိုင်း လိုပဲ ဘုရင်ကြီးပေါ်မှာ ပုံမပျက်ပန်းမပျက် ဘုရင်ကြီးထံ အခစား ဝင်တယ်။

ဘုရင်ကြီးက မဟောသဓကို နောက်ကျမှအခစားဝင်ရခြင်း အကြောင်း မေးတယ်။

**အဘိဒေါသဂတော ဒါနိ ပေဟိသိ၊**
**ကိံ သုတွာ ကိံ သက်တေ မနော တေ။**
**ကော တေ ကိမဝေါစ ဘူရိပည၊**
**ဣလယ် ဝစနံ သုဏောမ ဖြူဟိ မေတံ။**

"မနေ့ညနေကတည်းက နန်းတော်မှ ပြန်သွားလိုက်တာ မနက်လင်းတော့ ပေါ်မလာဘူး၊ ဘာသတင်းကြားပြီး ဘယ်ပေါ် မှာသံသယရှိလို့ ဘယ်သူတွေက ဘာပြောလို့ စောစောမလာ တာလဲ။"

မဟောသဓက ရှင်းပြတယ်၊

**ပဏ္ဍော ဝစ္ဆော မဟောသဓောတိ၊**
**ယဒိ တေ မန္တယိ တံ ဇနိန္ဒ ဒေါသံ၊**
**ဘရိယာယ ရဟောဂတော အသံသိ၊**
**ဂုယှံ ပါတုကတံ သုတံ မမေတံ။**

"မနက်မိုးသောက် အလင်းရောက်လို့ရှိရင် နန်းတော် ရောက်လာတာနဲ့ တပြိုင်နက် မဟောသဓကို သတ်စေလို့ အရှင်မင်းကြီး အမိန့်ချထားတယ်မဟုတ်လား၊ အဲဒီအကြောင်းကို မိဖုရားအား အရှင်မင်းကြီးကိုယ်တိုင် ထုတ်ဖော်ပြောခဲ့တယ် မဟုတ်လား၊ "လျှို့ဝှက်ချက်ကို မယားအားပြောရမယ်" လို့ အရှင်မင်းကြီး ပြောခဲ့ဘူးတယ်၊ ကျွန်ုပ်က အဲဒီသတင်း ရထားလို့ ကျွန်ုပ်မလာခဲ့တာပါ။"

အဲဒီမှာဘုရင်ကြီးက မိဖုရားကြီးကို မျက်စောင်းထိုးပြီး ကြည့်တယ်၊ ငါပြောတာတွေ သတင်းပေါက်ကုန်ပြီလို့ စိတ်ဆိုး တယ်၊ အဲဒီမှာ မဟောသဓပညာရှိက "အရှင်မင်းကြီး၊ မိဖုရား

ကြီးကို စိတ်မဆိုးပါနဲ့၊ လျှို့ဝှက်သင့်တဲ့ကိစ္စက လျှို့ဝှက်ရမှာပဲ၊ ဘယ်သူ့မှ မပြောရဘူးလို့ အကျွန်ုပ်ကိုယ်တိုင် အသင်မင်းကြီးရဲ့ အမေးကို ဖြေခဲ့တယ်မဟုတ်လား၊ အရှင်မင်းကြီးက ဘာဖြစ်လို့ ဥဒုမ္ဗရဒေဝီမိဖုရားကို ပြောတုန်း၊ ပြောသည့်အတွက်ကြောင့် ဒီလျှို့ဝှက်ချက်ဟာ ပေါက်ကြားသွားတာ၊ ဒါသူ့အပြစ် မဟုတ်ပါဘူး"

မဟောသဓက ဆက်ပြီး လျှောက်တင်တယ်၊ "ဥဒုမ္ဗရဒေဝီမိဖုရားပြောလို့ သိရတယ်ဆိုပြီး မိဖုရားအပေါ်မှာ အပြစ်မယူပါနဲ့၊ အကျွန်ုပ်က အစကတည်းက သိပြီးသားပါ။ အမတ်ကြီးတွေရဲ့ လျှို့ဝှက်ချက်ကိုလည်း အကျွန်ုပ် အကုန်သိပါတယ်။

## သေနက လျှို့ဝှက်ချက်

သေနကအမတ်ကြီးက "လျှို့ဝှက်ချက်ကို သူငယ်ချင်းကိုသာ ပြောရမယ်"လို့ ပြောတာဟာ သူ့မဟုတ်တာ လုပ်ထားတာရှိတယ်။ မယုံရင် အရှင်မင်းကြီး မေးကြည့်ပါ။"

**ယံ သာလဝနသ္မိံ သေနကော၊**

**ပါပကမ္မံ အကာသိ အသဗ္ဘိရူပံ။**

"သေနကအမတ်ကြီးက လူယုတ်မာကြီးပါ၊ အင်ကြင်းတောထဲမှာ ပြည့်တန်ဆာမတစ်ယောက်ကို ခေါ်ယူပျော်ပါးပြီး အဲဒီပြည့်တန်ဆာမကို သတ်ပြီး ရတနာပစ္စည်းတွေကို လုယူတဲ့ လူသတ်သမားကြီးပါ"

"သေနကအမတ်ကြီးက အဲဒီပြစ်မှုကို ကျူးလွန်ခဲ့ဘူးပါတယ်။ အဲ့ဒီ ရတနာပစ္စည်းကို ဆင်စွယ်ရိုးမှာ ချိတ်ထားပါတယ်၊

အဲဒီအကြောင်းကို သူ့ရဲ့ သူငယ်ချင်းတစ်ယောက်ကလွဲလို့ ဘယ်သူမှ မသိပါဘူး၊ အရှင်မင်းကြီး မယုံရင် စစ်မေးကြည့်ပါ"။

"သေနက၊ ဒီအတိုင်းဆိုတာ ဟုတ်သလား" မေးတော့ မလိမ်ရဲတော့ဘူး၊ "ဟုတ်ပါတယ်" လို့ ဖြောင့်ချက်ပေးတယ်၊ ဘုရင်ကြီးက ဒီကောင် ပြစ်မှုကျူးလွန်ထားတဲ့ လူသတ်သမား, သူခိုး, ခါးပြပဲ။ ဖမ်းပြီး ထောင်ထဲထည့်လိုက်"လို့ အမိန့်ချလိုက်တယ်။

## ပုက္ကုသရဲ့ လျှို့ဝှက်ချက်

"အရှင်မင်းကြီးက၊ ပုက္ကုသ ဆိုတဲ့ အမတ်ကြီးပေါ်မှာ အင်မတန်မှ ခင်မင်တယ်၊ တခါတရံထိုင်ရတာကြာလို့ ညောင်းတဲ့အခါ ပုက္ကုသအမတ်ကြီးရဲ့ ပေါင်ကို ခေါင်းအုံးပြီးအိပ်တယ်။ အရှင်မင်းကြီး ပုက္ကုသရဲ့ လျှို့ဝှက်ချက်ကို ကျွန်ုပ်သိပါတယ်။

**ပုက္ကုသပုရိသဿ တေ ဇန္နု၊**

**ဥပ္ပန္နော ရောဂေါ အရာဇယုတ္တော။**

"မင်းစိုးရာဇာနဲ့ မထိုက်တဲ့ရောဂါ သူ့မှာရှိတယ်၊ ပေါင်မှာ နူနာရောဂါရှိတယ်၊ အဲဒီနူနာရောဂါကို သူဆေးစည်းပြီး အပေါ်ကနေ အဝတ်စည်းထားတဲ့အခါ အသင်မင်းကြီးက သူ့ပေါင်က နူးညံ့တယ်လို့ထင်ပြီး ခေါင်းအုံးအိပ်တာ၊ အရှင်မင်းကြီး အဲဒီရောဂါမျိုးက ကူးတတ်တယ်၊ ကြောက်စရာကောင်းတယ်"

**ဘာတုစ္စ ရဟောဂတော အသံသိ၊**

**ဂုယှံ ပါတုကတံ သုတံ မမေတံ။**

"သူ့ ညီအကိုအရင်းကိုသာ သူ့ရဲ့လျှို့ဝှက်ချက်ကို ပြော ထားတာ၊ အဲဒီလျှို့ဝှက်ချက်ကိုလည်း ကျွန်ုပ်ကသိပါတယ်၊ ဟုတ်, မဟုတ် အရှင်မင်းကြီး စစ်မေးကြည့်ပါ။

ပုက္ကုသကို "ဟုတ်သလား" စစ်မေးတဲ့အခါ "ဟုတ်ပါ တယ်"လို့ ဖြောင့်ချက်ပေးဆိုတယ်။ ဒီကောင်လည်းဖမ်း၊ ထောင် ထဲထည့် အမိန့်ထုတ်လိုက်ပြန်တယ်။

## ကာမိန္ဒရဲ့ လျှို့ဝှက်ချက်

ကာမိန္ဒအမတ်ကြီး လျှို့ဝှက်ချက်နဲ့ ပတ်သက်ပြီး မဟောသဓပညာရှိက ပြောတယ်။

**အာဗာဓောယံ အသဗ္ဘိရူပေါ၊**

**ကာမိန္ဒော နရဒေဝေန ဖုဋ္ဌော။**

"ကာမိန္ဒအမတ်ကြီးမှာ နရဒေဝဆိုတဲ့ ဘီလူးဖမ်းစားတဲ့ ရောဂါ ရှိပါတယ်၊ အဲဒီဘီလူး ဝင်ပူးပြီဆိုရင် သူက ခွေးရူးလို အော်ဟစ်ပြီး ဟိုကိုက်ဒီကိုက် ကိုက်တတ်တယ်၊ အရူးရောဂါ ရှိပါတယ်၊ အရူးရောဂါရှိတဲ့ အကြောင်းကို ဘေးအိမ်တွေက ကြားမှာစိုးလို့ သူ့သားကို တိုးတိုးပြောပြီး အရူးရောဂါ ပေါ်လာတဲ့ အခါ သူ့သားက အပြင်ဘက်မှာ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပ ပြီး သူ့အော်သံဟစ်သံ မကြားရအောင် လုပ်လေ့ရှိပါတယ်" အရှင်မင်းကြီး မေးကြည့်ပါ၊ ဒါ သူ့ရဲ့ လျှို့ဝှက်ချက်ကို ကျွန်ုပ် သိပါတယ်။

https://thitsarparami.org

ဘုရင်ကြီးက စစ်မေးသောအခါ "ဟုတ်ပါတယ်" ဟု ဝန်ခံတယ်၊ ဖမ်း ထောင်ထဲထည့်ရန် အမိန့်ချလိုက်တယ်။ သူများကို မတော်မလျော်လုပ်ရင် ကိုယ့်အလှည့် ရောက်လာတတ်တယ်။

## ဒေဝိန္ဒရဲ့ လျှို့ဝှက်ချက်

ထို့နောက် ဒေဝိန္ဒ အမတ်ကြီး လျှို့ဝှက်ချက်ကို မဟောသဓေ ကပြောတယ်။

**အဋ္ဌဝင်္က မဏိရတနံ ဥဠာရံ၊**

**သက္ကော တေ အဒဒါ ပိတာမဟာဿ၊**

**ဒေဝိန္ဒဿ ဂတံ တဒဇ္ဇ ဟတ္ထံ၊**

**မာတုစ္စ ရဟောဂတော အသံသိ၊**

**ဂုယှံ ပါတုကတံ သုတံ မမေတံ။**

"ရာဇဝင်သမိုင်းအရ ဝိဒေဟနိုင်ငံကို ကုသမင်းကြီး စိုးစံခဲ့တာဖြစ်တယ်၊ ကုသမင်းကြီး စစ်ပွဲအောင်မြင်တဲ့အခါ သိကြားမင်းကြီးက ပတ္တမြားရတနာဆု ပေးခဲ့ပါတယ်။ အဲဒီ ပတ္တမြားရတနာ အစွမ်းနဲ့ အရုပ်ဆိုးတဲ့ ကုသမင်းကြီးဟာ ကြည့်ပျော်ရှုပျော် ဖြစ်သွားတယ်။ အဲဒီပတ္တမြားရတနာကို ဒေဝိန္ဒအမတ်ကြီး ခိုးထားတယ်၊ ပတ္တမြားရတနာကြီးကို ခိုးထားကြောင်း သူ့အမေက လွဲလို့ ဘယ်သူ့ကိုမှ မပြောပါဘူး။ ဒီအကြောင်း ကျွန်တော်မျိုး သိရပါတယ်။"

"မယုံရင် အရှင်မင်းကြီး မေးစစ်ပါ" ဘုရင်ကြီးက "ဟုတ်သလား" စစ်မေးတဲ့အခါ ဟုတ်ကြောင်း ဖြောင့်ချက်ပေးရတယ်။ ချက်ချင်းဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းချထားလိုက်တယ်။

အမတ်ကြီးလေးဦးရဲ့ လျှို့ဝှက်ချက်တွေ ပေါ်သွားတယ်၊ အမတ်ကြီး လေးယောက်စလုံး ထောင်ထဲထည့်လိုက်တယ်။

## လျှို့ဝှက်ချက်ဆိုတာ

**"ဂုယှဿ ဟိ ဂုယှမေဝ သာဓု–** လျှို့ဝှက်ရမဲ့ကိစ္စကို လျှို့ဝှက်တာပဲကောင်းတယ်၊ **န ဂုယှဿ ပသတ္ထ မာဝိကမ္မံ–** လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောဆိုတာ မကောင်းဘူး၊ ကိုယ့် လုပ်ငန်း မအောင်မြင်မချင်း လျှို့ဝှက်ထားရမယ်၊ လုပ်ငန်း အောင်မြင်ပြီးမှ ပြောရမယ်"၊ ဒါကြောင့်မို့လို့ ကျွန်ုပ်ပြောတာ ဖြစ်ပါတယ်။

မဟောသဓပညာရှိက ဆက်ပြောတယ်၊ **"န ဂုယှမတ္ထံ ဝိဝရေယျ၊ ရက္ခေယျ နံ ယထာ နိဓိံ–**ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကို ဘယ်တော့မှ ဖွင့်မပြောသင့်ဘူး၊ ကိုယ်မြှုပ်ထားတဲ့ရွှေအိုးကို လူမသိအောင် ထားရသလို လျှို့ဝှက်စောင့်ရှောက်ထားရမယ်"။

**"န ဟိ ပါတုကတော သာဓု၊ ဂုယှော အတ္ထော ပဇာနတာ–** ကိုယ်လျှို့ဝှက်ထားတဲ့ အလုပ်ကို သူများသိသွားမယ်ဆိုလို့ရှိရင် အန္တရာယ်များတယ်၊ ဒါကြောင့်မို့ ဘယ်တော့မှ ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို သူများကို မပြောရဘူး။"

**"ထိယာ ဂုယှံ န သံသေယျ –** ပညာရှိသူဟာ ကိုယ့်လျှို့ဝှက်ချက်ကို အမျိုးသမီးအား မပြောပါနဲ့။ **အမိတ္တဿ စ ပဏ္ဍိတော–** ရန်သူအားလည်း မပြောပါနဲ့။ **ယော စာမိသေန သံဟီရော၊ ဟဒယတ္ထေနော စ ယော နရော–** စိတ်ကောင်း နှလုံးကောင်း

မရှိတဲ့ လူကိုလည်းမပြောနဲ့၊ လာဘ်လာဘ အနည်းငယ်ရတာနဲ့ အဲလိုလူက လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြောဆိုတတ်တယ်။"

**"ဂုယှမတ္ထံ အသမ္ဗုဒ္ဓံ၊ သမ္ဗောဓယတိ ယော နရော–** လူမသိစေရမဲ့ လျှို့ဝှက်ချက်ကို လူသိအောင်လုပ်မိတဲ့လူဟာ **မန္တဘေဒဘယာ တဿ၊ ဒါသဘူတော တိတိက္ခတိ–** ကိုယ့်လျှို့ဝှက်ချက် ပေါက်သွားပြီဆိုရင် ကိုယ့်အကြောင်းကိုသိနေတဲ့ လူကို အမြဲတမ်း မျက်နှာချိုသွေးနေရတယ်၊ ကျွန်သဖွယ် ချော့ပြီးတော့ ပေါင်းနေရတယ်။ ဒါကြောင့်မို့ ကိုယ့်လျှို့ဝှက်ချက်ကို လုံးဝ အသိမခံရဘူး။"

**ယာဝန္တော ပုရိသဿတ္ထံ၊**

**ဂုယှံ ဇာနန္တိ မန္တိနံ၊**

**တာဝန္တော တဿ ဥဗ္ဗေဂါ၊**

**တသ္မာ ဂုယှံ န ဝိဿဇေ။**

"လောကမှာ ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို လျှို့ဝှက်ရမှာဖြစ်တယ်၊ မလျှို့ဝှက်လို့ အများသိသွားရင် သိတဲ့အတိုင်းအတာ အတိုင်း လူဟာ စိုးရိမ်ထိတ်လန့်ပြီး အိပ်ကောင်းခြင်း မအိပ်ရ ဖြစ်တတ်တယ်။ ဒါကြောင့်မို့ လျှို့ဝှက်ရမဲ့ကိစ္စ လျှို့ဝှက်ပါ"

**"ဝိဝိစ္စ ဘာသေယျ ဒိဝါ ရဟဿံ–** နေ့အခါ လူသူကင်းဆိတ်ပြီး တကယ်ကို သေချာလောက်မှ စကားကို တိုးတိုးပြောပြီးတိုင်ပင်ပါ၊ ချောင်းနားထောင်နေတဲ့လူက ရှိတတ်တယ်"

**"ရတ္တိံ ဂိရံ နာတိဝေလံ ပမုဉ္စေ–** ညအခါဆိုရင် နားချင်းကပ်ပြီး တိုးတိုးလေးပြောပါ၊ ချောင်းနားထောင်နေတဲ့လူတွေ ရှိတတ်တယ်၊ နားအနီးကပ်ပြီး တိုးတိုးလေးပြောပါ"

မြန်မာစကားပုံကတော့ "နေ့ပြော နောက်ကြည့်၊ ညပြော အောက်ကြည့်" လို့ ပြောတယ်၊ ဒီစာပေမှာတော့ အဲဒီလို မဟုတ်ဘူး၊ "နေ့ပြောရင် သေချာရှင်းလင်းအောင် လုပ်ပြီးမှပြော၊ ညအခါပြောရင် တိုးနိုင်သမျှတိုးပြော"။

**"ဥပဿုတိကာ ဟိ သုဏန္တိ မန္တံ–** အနီးကပ် ချောင်းနားထောင်နေတဲ့ ပုဂ္ဂိုလ်တွေက ကိုယ့်ရဲ့ တိုင်ပင်ပြောဆိုချက်တွေကို ကြားတတ်တယ်။ **တသ္မာ မန္တော ခိပ္ပမုပေတိ ဘေဒံ–** ဒါကြောင့်မို့ ကိုယ့်တိုင်ပင်ဆွေးနွေးချက်ဟာ သတင်းပေါက်ကြားသွားတတ်တယ်၊ ပေါက်ကြားပြီး အကြံအစည်တွေ ပျက်ပြားသွားနိုင်တယ်။"

မဟောသဓက သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ပြောလိုက်တယ်၊ ဘုရင်ကြီးက အလွန်စိတ်ဆိုးတယ်၊ ကိုယ်အပြစ်ရှိတာကို မဟောသဓပညာရှိမှာ အပြစ်ရှိသယောင် လီဆယ်ပြီး လျှောက်ရမလားဆိုပြီး အမတ်ကြီးလေးယောက်ကို "ထောင်က ထုတ် လက်ပြန်ကြိုးတုပ် ကြိမ်နဲ့ရိုက်ပြီး သတ်စေ" လို့ ဘုရင်ကြီးက ချက်ချင်းအမိန့်ထုတ်တယ်။

ဆူးရှိတဲ့ကြိမ်နဲ့ရိုက်ပြီး မြို့ပြင်ထုတ်ဖို့ ခေါ်ဆောင်သွားတဲ့ အချိန်မှာ မဟောသဓပညာရှိက ဘုရင်ကြီးကို လျှောက်တင်တယ်၊ "အရှင်မင်းကြီး၊ ပညာရှိအမတ်ကြီးတွေ တစ်ကြိမ်တစ်ခါမှားမိတဲ့ အပြစ်ကို သည်းခံပါ၊ သူတို့ကို သေဒဏ်မပေးပါနဲ့"။

မဟောသဓ တောင်းပန်သည့်အတွက် သေဒဏ်အပြစ်မှ လွတ်စေပြီး မဟောသဓပညာရှိရဲ့ ကျွန်အဖြစ် ကြေငြာစေတယ်။

အဲဒီအခါမှာလည်း မဟောသဓပညာရှိက ဘုရင်ကြီးကို တောင်းပန်တယ်။ "အရှင်မင်းကြီး၊ သူတို့ဟာ တစ်ကြိမ်တစ်ခါ မှားယွင်းတာ ဖြစ်သည့်အတွက် အဲဒီအပြစ်ကိုလည်း မပေးပါနဲ့၊ နဂိုရာထူးအတိုင်းပြန်ပြီး အရှင်မင်းကြီး အသုံးချလို့ရတဲ့နေရာမှာ အသုံးချပါ။"

စိတ်နေသဘောထားကြီးကြီးနဲ့ ကိုယ့်ကို ဒုက္ခရောက်အောင် ချောက်တွန်းတဲ့ ပုဂ္ဂိုလ်တွေရဲ့ အသက်ကို ကယ်ရုံမျှမက ရာထူးကိုပါ ပြန်ပေးဖို့ မဟောသဓပညာရှိက အခုလိုတောင်းဆိုတယ်။

ဘုရင်ကြီးက ပိုပြီးတော့ ရင်ထဲနှလုံးထဲမှာရှင်းသွားတယ်၊ "ကြည့်စမ်း၊ ကိုယ့်ရဲ့ရန်သူတွေတောင်မှပဲ သူဟာ ခွင့်လွှတ်နိုင်တာ ငါ့အပေါ်မှာ ဘယ်မှာမကောင်းဘဲ ရှိမလဲ၊ ငါက သူ့အပေါ်မှာ ချီးမြှောက်ခဲ့တဲ့ပုဂ္ဂိုလ် ထမင်းရှင်လည်း ဖြစ်တယ်၊ ရာထူးတွေ ပေးခဲ့တဲ့ ပုဂ္ဂိုလ်လည်းဖြစ်တယ်၊ ငါ့အပေါ်မှာတော့ ဘယ်နည်းနဲ့မှ မဟောသဓဟာ မကောင်းတာကြံမှာမဟုတ်ဘူး၊ သူ့ရန်သူတွေတောင် ဒီလောက်သည်းခံ ခွင့်လွှတ်နိုင်သူပဲ"လို့ စဉ်းစားတတ်သွားတယ်။

မဟောသဓပညာရှိ တောင်းဆိုတဲ့အတိုင်း ဘုရင်ကြီးက မရှုံ့မချ အမတ်ကြီးလေးယောက်ကို ရာထူးပြန်ပေးထားလိုက်တယ်။ အဲဒီအချိန်ကနေစပြီး နန်းတွင်းရေးကိစ္စတွေ မှန်သမျှ မဟောသဓရဲ့လက်ထဲ အကုန်အပ်လိုက်တယ်၊ ဘုရင်ကြီးက သူဟာ ထီးနန်းစည်းစိမ် အုပ်ချုပ်တဲ့ဘုရင် လုပ်သော်လည်းပဲ

မဟောသဓ စီစဉ်တဲ့အတိုင်းပဲ လိုက်နာမယ်ဆိုပြီး ကျန်တဲ့ အမတ်ကြီးတွေအား အရာမပေးတော့ဘဲ မဟောသဓရဲ့ အစီအမံအတိုင်းပဲ နာခံကြရတယ်။

အဲဒီအချိန်မှစပြီး အမတ်ကြီးတွေဟာ မြွေကို အစွယ် ချိုးထားလိုက်သလို ခေါင်းမထောင်ရဲလောက်အောင် ကျိုးနွံ သွားကြတယ်။ နန်းတော်ကြီးတစ်ခုလုံးကို ဘုရင့်လက်အောက်မှာ စီမံခန့်ခွဲခွင့်ရထားတဲ့ မဟောသဓပညာရှိကပဲ တိုင်းရေးပြည်ရာ ကိစ္စမှန်သမျှ အုပ်ချုပ်စီမံသွားတာဖြစ်တယ်။

အသက်အရွယ် အလွန်ပင်ငယ်သော်လည်းပဲ အသိပညာ ကြွယ်လှတဲ့ ပုဂ္ဂိုလ်ဟာ တဖက်သားကို ဒုက္ခမပေးဘူးဆိုတာ အင်မတန်ထင်ရှားတယ်။ မိမိကိုယ်တိုင်လည်း ဒုက္ခရောက်ရင် ဒုက္ခကလွတ်အောင် ကြိုးစားနိုင်တယ်၊ သူများဒုက္ခရောက်တာ ကိုလည်း မကြည့်နိုင်ဘူး၊ ဒါဟာ ပညာရှိတို့ရဲ့ စိတ်နေသဘော ထားပဲဖြစ်တယ်။

မဟောသဓပညာရှိဟာ သူ့ရဲ့ပညာစွမ်းအားနဲ့ သူ့ရဲ့ ဒုက္ခက လွတ်မြောက်အောင်လုပ်ပြီး တခြားပုဂ္ဂိုလ်တွေကိုလည်း ဒုက္ခမပေးတာဟာ တကယ့်ကို ထူးခြားတဲ့ အသိပညာရှင် ဖြစ်ရုံ မျှမက စိတ်ကောင်း နှလုံးကောင်း အလွန်ရှိတဲ့ သူတော်စင် သူတော်မြတ်ဖြစ်ကြောင်းကို ထင်ရှားစေတာဖြစ်တယ်။

## နိဂုံး

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ မိမိတို့ ကိုယ်တိုင်လည်းပဲ ဘဝမှာအခက်အခဲတွေ ကြုံတွေ့လာတဲ့အခါမှာ မဟောသဓပညာရှိရဲ့ စိတ်နေသဘောထားမျိုးတွေအတိုင်း တဖက်သားကို ဒုက္ခမပေးဘဲ မိမိကိုယ်တိုင် ဒုက္ခမရောက်အောင် ပညာစွမ်းအားဖြင့် လွတ်မြောက်အောင် ကြိုးစားအားထုတ်ရမှာ ဖြစ်တယ်ဆိုတာကို စိတ်ထဲနှလုံးထဲ မှတ်သားပြီး ပညာရှိအောင် သတိဆောင်ပြီး ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

THITSARPARAMI 2009

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၁၀)

သာသနာတော်နှစ် ၂၅၆၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁)ရက်၊ (၁၉-၅-၂၀၁၉) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာကျောင်းတိုက်၊ ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် မြတ်ဗုဒ္ဓဖွားတော်မူသည့် ၂၆၄၂-နှစ်မြောက်မွေးနေ့အကြို ဓမ္မပူဇာ အထူးဓမ္မသဘင် အခမ်းအနား၌ မိခင်ကြီးဒေါ်မြင့်မြင့်အား အမှူးထား၍ ပခုက္ကူမြို့ ကိုသန်းထွန်း+မမြသီတာလွင် မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့်ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၁၀)"** တရားဒေသနာတော်။

### အနုပ်ချုပ်ရေးအာဏာ

ဝိဒေဟတိုင်း၊ မိထိလာမြို့ နန်းတွင်းရေးကိစ္စအားလုံး မဟောသဓပညာရှိက ရှင်းလင်းနိုင်ခဲ့တယ်။ အမြဲတမ်း မနာလိုစိတ်ဖြင့် ဒုက္ခရောက်အောင် တွန်းပို့နေကြတဲ့ ပညာရှိအမည်ခံ

သေနက၊ ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ အမတ်ကြီးလေးယောက်ဟာ နောက်ထပ် မကောင်းတဲ့အကြံ မကြံစည်ဝံ့လောက်အောင် အရှုံးကြီး ရှုံးသွားကြပြီ။ မိထိလာမြို့ရဲ့ အုပ်ချုပ်ရေးအာဏာဟာ မဟောသဓပညာရှိလက်ထဲ ရောက်သွားတယ်၊ တိုင်းရေးပြည်ရေး ကိစ္စ, ဥပဒေရေးရာ ကိစ္စမှအစ ဘုရင်ကြီးကို အကြံဉာဏ်ပေးပြီး စီမံဆောင်ရွက်ခွင့်မှန်သမျှ မဟောသဓပညာရှိ တာဝန်ယူရတယ်။

မဟောသဓပညာရှိဟာ သေနာပတိ စစ်သူကြီးရာထူး အပြင် ဝိဒေဟဘုရင်ကြီးရဲ့ မွေးစားသား အိမ်ရှေ့မင်းရဲ့ရာထူးပါ ပူးတွဲပြီး ထမ်းဆောင်တယ်လို့ ဆိုရမှာဖြစ်တယ်။ ဘုရင်ကြီးပြီးလို့ ရှိရင် တိုင်းပြည်မှာ အာဏာအရှိဆုံးဟာ မဟောသဓပညာရှိ ဖြစ်တယ်။ ဘုရင်ကြီးက အမည်ခံဘုရင်လောက်ဖြစ်ပြီး တိုင်းရေး ပြည်ရေး ကိစ္စတွေဟာ မဟောသဓပညာရှိရဲ့ စီမံခန့်ခွဲမှုအောက် ကို ရောက်ရှိသွားတယ်။

## မြို့တော်ကိုပြုပြင်ခြင်း

အဲဒီအချိန်မှာ အနာဂတ်ဘေးရန်တွေကို မျှော်တွေးပြီး မဟောသဓပညာရှိဟာ ရထားတဲ့ ရာထူးအာဏာကို အသုံးချပြီး တိုင်းရေးပြည်ရေး ကာကွယ်ရေး အစစအရာရာ စီမံဆောင်ရွက် တယ်။ ပညာရှိပုဂ္ဂိုလ်ဆိုတာ အမျှော်အမြင် ကြီးမားတယ်၊ အာဏာရလာတဲ့အချိန်မှာ မြို့ကြံ့ခိုင်မှုရှိအောင် မြို့တံတိုင်းကြီး တွေ ထပ်ချဲ့တိုးမြှင့်တယ်။ အရံတံတိုင်းတွေ တည်ဆောက်တယ်။ အပြင်ဘက်ကရန်သူ လာတိုက်လာလို့ရှိရင် မြို့ရိုးတွေ ခိုင်မာမှု ရှိအောင် ပြုပြင်တယ်။

(အခု မန္တလေးမြို့ကိုကြည့်လိုက်၊ နန်းတော်ကြီးမှာ နန်းမြို့ရိုး တံတိုင်းကြီး ရှိတယ်။ အဲဒီတံတိုင်းကြီးအပြင် နောက်ထပ် အတွင်း က အရံတံတိုင်းကိုလည်း ထပ်ပြီးတည်ဆောက်တယ်။)

မြို့ရိုးတံတိုင်းအပေါ်မှာ မြို့ကိုကာကွယ်တဲ့ စစ်သူရဲတွေ အတွက် အပြင်ဘက်က ရန်သူကို တွန်းလှန်ချေမှုန်းနိုင်ဖို့ "သူရဲခို" အကာအကွယ်တွေကို ထည့်ထားတယ်။ မြို့ထိပ်စည်းထောင့် တွေမှာ အဆောက်အဦလေးတွေ ရှိတယ်။ အဲဒါကို "ပစ္စင်"လို့ ခေါ်တယ်။ ပါဠိလို **"အဋ္ဋာလက"** လို့ခေါ်တယ်။ မြို့ပြလုံခြုံရေးကို အပေါ်စီးကနေပြီး ဆောင်ရွက်ကြရတာဖြစ်တယ်။ မြားနဲ့ ဓားနဲ့ လှံနဲ့ ဆင်နဲ့ မြင်းနဲ့ တိုက်ခိုက်တဲ့ခေတ်မှာ ဒါဟာ အတော်လုံခြုံ တယ်လို့ ပြောရမယ်။ အဲဒီမှာ ပစ္စင်ဆိုတာတွေကိုလည်းပဲ ပိုပြီး ခိုင်လုံအောင် အတွင်းပစ္စင်တစ်ခုကိုလည်း ထပ်မံတည်ဆောက် ထားတယ်။

အပြင်ကျုံးဆိုတာနဲ့ ပတ်သက်ပြီး အခု မန္တလေးမြို့မှာ ရေကျုံးတစ်ခုတည်းပဲ ရှိတယ်။ အဲဒီရေကျုံးရှိလို့ ဆင်တွေ၊ မြင်း တွေ၊ လူသူတွေဟာ နန်းတော်တွင်း ဝင်ရောက်ဖို့ ခဲယဉ်းတယ်။ ရေကျုံးထဲမှာ မိကျောင်းတွေ လွှတ်ထားတာရှိတယ်။ အကယ်၍ ရန်သူစစ်သားတွေ ရေထဲက ဆင်းကူးလာမယ်ဆိုရင် မိကျောင်း ကိုက်တဲ့ဒဏ် ခံရမယ်။

မဟောသဓပညာရှိက ရေကျုံးတင် မကဘူး၊ ရွှံ့ညွန်ကျုံး တစ်ခုပါ ထပ်မံပြီးတော့ လုပ်ဆောင်တယ်။ သာမန်ကြည့်လိုက်ရင် မြေသားလို့ ထင်ရတယ်။ အဲဒီထဲ ဆင်းလိုက်ရင် နစ်နစ်သွားတယ်၊

ဆင်ကလည်း နွံထဲမှာ မြုပ်သွားမယ်၊ မြင်းကလည်း နွံထဲ မြုပ်သွားမယ်၊ ရုန်းထွက်လို့ မရဘူး။ နွံဆိုတာ လူတစ်ရပ်မက မြုပ်လောက်အောင် ရွှံ့ဗွက်ကြီးတွေကို လုပ်ထားတာဖြစ်တယ်။ သာမန်အားဖြင့် ကြည့်ရင်လည်း မြေပြင်လို့ထင်ရတယ်။

တောကြီးမျက်မည်းသွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ရွှံ့ညွန်အိုင်ကြီးတွေ တွေ့တတ်တယ်။ ရွှံ့ညွန်အိုင်ဟာ ကွင်းပြင်ကြီးလို့ ထင်ရပြီး သစ်ပင် မြက်ပင် ခြုံပင်တွေ ပေါက်နေတတ်တယ်။ အမှတ်တမဲ့နင်းမိရင် အပေါ်ကြောတင်းနေတဲ့ ရွှံ့ညွန်ထဲ မြုပ်သွားတယ်၊ လှုပ်လေမြုပ်လေပဲ၊ ပြန်ရုန်းထွက်လို့ မရဘူး။ တောရိုင်းတိရစ္ဆာန်တွေ ခြသေ့်ပဲဖြစ်ဖြစ် ကျားပဲဖြစ်ဖြစ် ဆင်ပဲဖြစ်ဖြစ် အမှတ်တမဲ့ ရွှံ့ညွန်ပေါ် နင်းမိလို့ရှိရင် မြုပ်သွားတယ်။ ရုန်းထွက်လို့ မရဘူး။ နောက် တကိုယ်လုံး မြုပ်သည်အထိ ဖြစ်သွားတယ်။

ရွှံ့ညွန်တွေဖုံးထားတဲ့ ရွှံ့ညွန်ကျုံးကြီးကိုလည်း တစ်ထပ်စီမံထားတယ်။ ဒီကျုံးကိုဖြတ်ဖို့ မြို့ရိုးကိုချဉ်းကပ်ဖို့ ရန်သူစစ်တပ်ဟာ ချဉ်းကပ်လာမယ်ဆိုရင် မြင်းနင်းလိုက်ရင် မြင်းမြုပ်သွားမယ်၊ ဆင်နင်းရင် ဆင်မြုပ်သွားမယ်၊ လူနင်းရင် လူမြုပ်မယ်။ ဘယ်သူမှ ချဉ်းကပ်လို့မရအောင် ရွှံ့ညွန်ကျုံးဆိုတာ လုပ်ထားတယ်။

မန္တလေးမြို့ရိုးမှာက ရေကျုံးပဲရှိတယ်။ မဟောသဓ ပညာရှိက ရွှံ့ညွန်ကျုံး ထပ်ထည့်ထားတယ်။ နောက်ပြီး ရေမပါ ရွှံ့ညွန်မပါတဲ့ "ကျုံး အခြောက်" ကိုလည်း တည်ဆောက်ထားတယ်၊ ဘေးကနေ ကြည့်လိုက်ရင်တော့ သာမန်မြေသားလို့ထင်အောင် လုပ်ထားတယ်။ ဆင်လာရင်လည်း ငုတ်စူးမယ်၊ မြင်းလာရင်

လည်း ငုတ်စူးမယ်။ ဆူးခြောင့်ခလုတ်တွေနဲ့ ဆင်ထားတဲ့ကျုံးက တစ်ခု၊ အဲဒီလို ကျုံးသုံးထပ် တည်ဆောက်ပြီး မြို့ပြလုံခြုံရေးကို စီမံဆောင်ရွက်ထားတယ်။

ရန်သူလာခဲ့သော် သူတို့မြို့ကို အလွယ်တကူဝင်ရောက်ပြီး တိုက်ခိုက်သိမ်းပိုက်ဖို့ မဖြစ်အောင် သူ့ခေတ်နဲ့ သူ့စနစ်အရ လုံခြုံရေးကို စီမံဆောင်ရွက်ထားတယ်။ ဒါတင် မကသေးဘူး။ မြို့တွင်းရဲ့အစီအမံတွေ ရှိသေးတယ်။ အကယ်၍ ရန်သူတွေက ဝိုင်းလာလို့ရှိရင် မြို့မှာ ရေမရှားအောင်ဆိုပြီး မြို့တွင်းမှာ ရေကန်ကြီးတွေ တူးထားတယ်။ ရေကန်ကြီးတွေတူးပြီးတော့ ရေတွေကို အဆင်သင့်လှောင်ထားတယ်။

(အခု ရန်ကုန်မြို့မှာရှိတဲ့ အင်းလျားကန်တို့၊ ကန်တော်ကြီးတို့ဆိုတာ တကယ်ကတော့ အရင်က ရန်ကုန်မြို့ကို ရေပေးဖို့ လုပ်ထားတာ။ ဒီကနေ့ခေတ်တော့ ဟိုတယ်တွေဆောက်၊ စားသောက်ဆိုင်တွေ ဖွင့်ဆိုတော့ ကန်တော်ကြီးရေက ပျက်စီးသွားပြီ၊ ရေပုပ်ကန်ကြီး ဖြစ်သွားပြီ။ အင်းလျားကန်ရေကလည်းပဲ သန့်ချင်မှ သန့်တော့မယ်။

အရင်တုန်းက ရန်ကုန်ရေပေးတာ အင်းလျားကန်က ပေးတယ်လို့ ကြားဘူးတယ်။ နောက်ပိုင်းတော့ ဂျိုးဖြူကန်တို့၊ ဖူးကြီးကန်တို့၊ လှော်ကားကန်တို့ တိုးချဲ့ဆောက်လုပ်လာတယ်။ အဲဒီတော့ မြို့တွင်းမှာ ရေကို ဖူလုံနေအောင် စီမံဆောင်ရွက်ထားတာဟာ မြို့ပြင်ကနေ ရေတွေဖြတ်လိုက်ရင်လည်း ကိစ္စမရှိဘူး။ မြို့ထဲမှာ ရေရှိတယ်။) ရေရှိအောင် မဟောသဓပညာရှိက အင်းလျားကန်လို ကန်မျိုးကြီးတွေ မြို့တွင်းမှာပဲ တူးထားတယ်။

မြို့တွင်း ရေကန်ကြီးတွေမှာ ရေတွေ သိုလှောင်တယ်။ ဒါတင်မှ မကဘူး။ မြို့ထဲမှာရှိနေတဲ့ ဂိုဒေါင်တွေ၊ စပါးကျီတွေ အားလုံးကို ရနိုင်သမျှ စပါးတွေ၊ ပဲတွေ၊ စားနပ်ရိက္ခာတွေ ပြည့်အောင် ဖြည့်တင်းထားတယ်။ အကြောင်းကိစ္စရှိလာလို့ရှိရင် မြို့ထဲကလူတွေ ရိက္ခာမပြတ်အောင် စီမံဆောင်ရွက်ထားတာ ဖြစ်တယ်။

စပါးကျီတွေ စပါးဖြည့်ထားရုံမျှမက ဟိမဝန္တာတောင်က ကွလာတဲ့ ရသေ့ကြီးတွေဆီက စပါးမျိုးစေ့၊ ကုမုဒြာကြာမျိုးစေ့ တို့ကို မှာပြီး မြို့ထဲမှာ လူစပါး (ပါဠိလို ကုဒြူသ) စိုက်ပျိုးတယ်။ ရိက္ခာဖြည့်တင်းနိုင်ဖို့ မြို့ထဲမှာပဲ စိုက်ပျိုးရေးပါ လုပ်ထားတယ်။ အင်မတန်မှ အမြော်အမြင်ရှိတယ်။

ဒါတင် မကဘူး၊ ခိုင်ခံ့မှုမရှိတော့တဲ့ အဆောက်အဦကြီး တွေကို အကုန်လုံး ဖြိုချပြီး အဆောက်အဦအသစ်တွေ ခိုင်ခံ့ အောင် ပြန်လည်ပြုပြင်ပြီး စီမံဆောင်ရွက်ထားတယ်။ ဒါ မဟောသဓပညာရှိရဲ့ မြို့ပြလုံခြုံရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်ထားတာ။ ဒါက ရုပ်ပိုင်းဆိုင်ရာ စီမံ ဆောင်ရွက်ထား မှုပဲဖြစ်တယ်။

## သူလျှိုများ စေလွှတ်ခြင်း

တစ်ခါ ပတ်ဝန်းကျင်ကို အကျိုးအကြောင်းသိအောင် ထောက်လှမ်းရေး နည်းပညာတွေနဲ့ အကျိုးအကြောင်းတွေကို သိဖို့ သတင်းယူဖို့ဆိုတာ အင်မတန်မှအရေးကြီးတယ်။ ယနေ့ ခေတ်တော့ သံရုံးတွေဖွင့်ပြီး တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဆက်ဆံ

ကြတယ်။ ဒါက ဘယ်နိုင်ငံက သံအမတ်၊ ဒါက ဘယ်နိုင်ငံက သံအမတ်၊ စာချုပ်စာတမ်းတွေနဲ့ သဘောတူ လက်မှတ်တွေ ထိုးပြီး သံရုံးတွေဖွင့်တယ်။ အဲဒီသဘောမျိုးပဲ။

မဟောသဓပညာရှိက သူ့ခေတ် သူ့စနစ်နဲ့ ကြည့်လိုက်တယ်၊ ပတ်ဝန်းကျင် မြို့ပြဘုရင်တွေ အုပ်ချုပ်တဲ့နိုင်ငံ၊ (အဲဒီအချိန်က အိန္ဒိယဒေသမှာ နိုင်ငံပေါင်း (၁၀၁) နိုင်ငံရှိတယ်)။ အဲဒီနိုင်ငံတွေကို ထောက်လှမ်းတဲ့အနေနဲ့ သူ့ရဲ့ ရဲဘော်ရဲဘက်တွေကို လေ့ကျင့်သင်ကြားပေးပြီး တစ်နိုင်ငံ တစ်ယောက် စေလွှတ်ထားတယ်။ အခုခေတ် သံတမန်ဆိုတာ ထောက်လှမ်းရေးပဲ၊ သံတမန်အနေနဲ့ ထားကြတာ။ ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားတွေ ဆောင်ရွက်ဖို့ သံရုံးတွေ ဖွင့်လှစ်ပြီးထားကြတယ်။ အဲဒီ မဟောသဓပညာရှိက အဲဒီ (၁၀၁)ခုသော နိုင်ငံတွေဆီကို သူ့ရဲ့ သံအမတ် (၁၀၁)ယောက်ကို တိတ်တဆိတ် စေလွှတ်ထားတယ်။

နိုင်ငံခြားတိုင်းပြည်တွေက ကုန်သည်တွေ ရောက်လာတဲ့အခါ မဟောသဓပညာရှိက ခေါ်တွေ့တယ်။ သူတို့ကို ကျွေးမွေးဧည့်ခံ လက်ဆောင်ပဏ္ဏာပေးပြီး ဘယ်နိုင်ငံက လာကြတာလဲ? မင်းတို့နိုင်ငံက ဘာတွေလုပ်သလဲ? ဘာတွေ ထွက်ကုန်ရှိသလဲ? မင်းတို့ဘုရင်ကြီးက ဘာတွေ ကြိုက်သလဲဆိုတာတွေ အကုန်လုံး မေးထားတယ်။ "သူတို့ဘုရင်ကြီးက ဘာတွေ ဘာတွေ ကြိုက်ပါတယ်" ဆိုတာ မှတ်သားထားပြီး သူ့လူတွေကို "မင်းက ဘယ်နိုင်ငံသွား၊ မင်းက ဘယ်နိုင်ငံသွား။ သို့သော် မင်း ဘယ်နိုင်ငံကဆိုတာ မသိစေနဲ့၊ လျှို့ဝှက်သံတမန်တွေကို စေလွှတ်ပြီးတော့ အဲဒီနိုင်ငံ ဘာတွေလုပ်နေသလဲဆိုတာ သိအောင်စုံစမ်း။ အဲဒီတိုင်းပြည်

ဘုရင်ကြိုက်တဲ့ပစ္စည်းတွေကို ဆက်သပြီး အဲဒီဘုရင်ရဲ့ အတွင်းလူ ဖြစ်အောင် ကြိုးစား”လို့ သူတို့ကို လွှတ်လိုက်တာ။

အတွင်းလူဖြစ်ဖို့ဆိုတာ အချိန်ယူရမှာဖြစ်တယ်။ မင်းတို့ အဲဒီနိုင်ငံမှာနေကြ။ ဒီမှာကျန်တဲ့ မင်းတို့ရဲ့ သားသမီးတွေအတွက် မပူနဲ့၊ ငါ ထောက်ပံ့မယ်ဆိုပြီး သူက တာဝန်ယူတယ်။

စေလွှတ်တဲ့အခါမှာ သူတို့ကို သင်္ကေတအဖြစ် ပစ္စည်း တစ်မျိုးစီ ပေးလိုက်တယ်။ သတင်းပို့တဲ့အခါ တခြားသူတွေ မသိရအောင် သက်သေအနေနဲ့ နားဍောင်းပေးလိုက်တယ်။ အဲဒီ နားဍောင်းမှာ လျှို့ဝှက်အက္ခရာပါတယ်။ အဲဒီလို လျှို့ဝှက် သင်္ကေတတွေရေးပြီး တစ်ယောက်ကို နားဍောင်းပေးတယ်၊ တစ်ယောက်ကို ခြေကျင်းပေးတယ်၊ တစ်ယောက်ကို သံလျက်ဓား ပေးတယ်၊ တစ်ယောက်ကို အလှဝတ်တဲ့ ရွှေပန်းခိုင်ပေးတယ်၊ အားလုံးဟာ သူတို့ သတင်းပို့တဲ့အခါမှာ သက်သေ သက္ကာယ ဖြစ်ဖို့ မှာလိုက်တယ်။

“မင်းတို့ ကြားရတဲ့သတင်းတွေကို ငါ့ဆီကိုပို့၊ ငါ့ဆီ ပို့တဲ့ အခါမှာ ဘယ်သူမှမသိအောင် ငါပေးထားတဲ့ပစ္စည်းကို သက်သေ သက္ကာယအဖြစ်ထားပြီးပို့ဆိုပြီး အဲဒီလို ခိုင်းလိုက်တယ်။ အဲဒီလို (၁၀၁)ပါးသောမင်းတွေ အုပ်စိုးတဲ့ (၁၀၁)ခုသော နိုင်ငံတွေကို သူ့လူ (၁၀၁)ယောက် စေလွှတ်ပြီး ထောက်လှမ်းခိုင်းထားတယ်။

သူတို့ ဟိုရောက်တဲ့အခါ လက်ဆောင်ပဏ္ဏာ ဝယ်ပြီးတော့ ဘုရင်ကြီးဆီ ဝင်ရောက်ခစားကြတယ်၊ ဘယ်နိုင်ငံက လာကြ သလဲဆိုရင် တခြားနိုင်ငံကို လွှဲပြောတယ်။ သူတို့နိုင်ငံရင်းကို မပြောဘူး၊ တခြားနိုင်ငံက လာပါတယ်။ ဘာကိစ္စလာတုန်း?

အသင်မင်းကြီးကို ပြုစုလုပ်ကျွေးချင်လို့ ကူညီပေးချင်လို့ လာပါတယ်လို့ပြောပြီး ဘုရင်နဲ့ ရင်းနှီးအောင်ပေါင်းသင်းကြပြီး ဘုရင်ရဲ့ အတွင်းလူအဖြစ် ဘုရင့်အမှုတော် ထမ်းနေကြတယ်။ အဲဒီဘုရင်ကလည်း ဒီလူဟာ သူတို့လူလို့ တဖြည်းဖြည်း ထင်သွားတယ်၊ သူဟာ သတင်းအစအနတွေ အကုန်လုံးယူတယ်။

(ဒုတိယကမ္ဘာစစ်တုန်းကလည်း အဲဒါမျိုးတွေ အများကြီးပဲ၊ ယနေ့ခေတ်လည်း ဒါတွေရှိတာပဲ။ စစ်ဖြစ်နေပြီဆိုရင် ထောက်လှမ်းရေးတွေပို့ပြီးလွှတ်တယ်။ ဒုတိယကမ္ဘာစစ်တုန်းက မြန်မာပြည်အတွင်း ဂျပန်တွေ မဝင်ခင် ဂျပန်သွားစိုက်ဆရာတွေ ရောက်လာတယ်။ အဲဒီသွားစိုက်ဆရာတွေက ထောက်လှမ်းရေးတွေပဲ၊ ဘုန်းကြီးတို့ သီရိလင်္ကာနိုင်ငံနေတုန်းက သီရိလင်္ကာမှာ လာထောက်လှမ်းတဲ့ ကိုရီးယားက ဘုန်းကြီးဝတ်နဲ့ လာတာ၊ ဘုန်းကြီးတို့ကျောင်းမှာ တည်းခိုသွားတယ်၊ နောက်ပိုင်းကျမှ ထောက်လှမ်းရေးဆိုတာ သိရတယ်။ ထောက်လှမ်းရေးက ဘုန်းကြီးဝတ်နဲ့ လာတာပဲ။ ဂျပန်ကလည်း ဘုန်းကြီးဝတ်နဲ့ မြန်မာပြည်ထဲ ဝင်တာပဲ။)

မဟောသဓပညာရှိက (၁၀၁)ခုသော နိုင်ငံတွေမှာရှိတဲ့ ဘုရင်တွေဆီ သူလျှိုတွေကို စေလွှတ်ထားတယ်။ မဟောသဓပညာရှိ မှာလိုက်တဲ့အတိုင်း "ဘယ်နိုင်ငံ ဘုရင်ကတော့ ဘာတွေလုပ်နေတယ်။ သူတို့နိုင်ငံမှာ ဘာတွေ စီမံဆောင်ရွက်နေတယ်" ဆိုတာတွေကို သတင်းပို့ကြတယ်။

**ကပိလတိုင်းနိုင်ငံ သင်္ခဗလကမင်း**ထံ အခစား ရောက်နေတဲ့ တမန်တော်က "အရှင်စစ်သူကြီးမင်း၊ ကပိလနိုင်ငံ သင်္ခဗလက

မင်းက လက်နက်တွေ စုဆောင်းပြီး စစ်အင်အား တိုးချဲ့နေတာ တွေ့ရပါတယ်။ ဘယ်လို အကြံအစည်ရှိတယ် ဆိုတာတော့ ကျွန်တော်မျိုး အကုန်မသိပါဘူး။ ဒါပေမယ့် သူဟာ စစ်သား စုဆောင်းနေတာ၊ လက်နက်တွေ စုဆောင်းနေတာ တွေ့ရပါတယ်” လို့ သတင်းပို့လိုက်တာ။

## ကျေး စေတမန်

မဟောသဓပညာရှိ မွေးထားတဲ့ ကျေးငှက်လေး တစ်ကောင်က လူ့ဘာသာစကားကို ကောင်းကောင်းတတ်တယ်။ လိမ္မာပါးနပ်တယ်။ ထောက်လှမ်းရေးသင်တန်း ပေးထားတဲ့ ကျေးငှက်ရှိတယ်။ အဲဒီကျေးငှက်ကို သူကြိုက်တတ်တဲ့ အစာလေးတွေကျွေးပြီး “ကပိလတိုင်း ငါလွှတ်ထားတဲ့လူ ရှိတယ်။ အဲဒီလူဆီသွားပြီး မင်းသတင်း အကုန်ရအောင်ယူခဲ့။ နိုင်ငံအနှံ့ သွားပြီးတော့ ဘယ်ဘုရင်က ဘယ်လို အကြံအစည်ရှိတယ်။ ဘာတွေ လုပ်နေတယ်ဆိုတာကို အတိအကျသိအောင် စုံစမ်းပြီး ငါ့ဆီ ပြန်လာခဲ့”လို့ မှာလိုက်တယ်။

(လင်းယုန်ငှက်တွေ စေလွှတ်တာရှိတယ်။ တစ်လောက ခိုတောင်လွှတ်တာရှိတယ်။ ခိုကလည်း ထောက်လှမ်းရေးအလုပ် လုပ်တာရှိတယ်။ ခိုတင် မကဘူး။ ခွေးလည်း လွှတ်တာပဲ၊ သင်တန်းပေးပြီးတော့ လွှတ်တာပဲ။ အဲဒီလို ထောက်လှမ်းရေး အနေနဲ့ လွှတ်တာတွေ ရှိတယ်။)

မဟောသဓပညာရှိက ကျေးငှက်ကို (၁၀၁)နိုင်ငံကို သွားရောက်စေပြီး စုံစမ်းထောက်လှမ်းဖို့ စေလွှတ်လိုက်တယ်။

ကျေးငှက်ဟာ မဟောသဓရဲ့ ပခုံးပေါ်ကနေ အရှေ့အရပ်ဘက်ကို ပျံသွားတယ်။ ကပိလတိုင်းက သင်္ခဗလကမင်းရဲ့ လုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး အသေးစိတ်သိရအောင် သူက စုံစမ်းထောက်လှမ်းခဲ့တယ်။ သူလွှတ်ထားတဲ့ တမန်တော်ပြောတဲ့အတိုင်းပဲ လက်နက်လူသူ စုဆောင်းနေတာ တွေ့ရတယ်။ ဘာအကြံရှိတယ်တော့ မသိဘူး။ သူ့နိုင်ငံမှာ လက်နက်လူသူ စုဆောင်းပြီး စစ်ရေးလေ့ကျင့်နေတာကို စုံစမ်းထောက်လှမ်းလို့ရတယ်။

တစ်နိုင်ငံပြီး တစ်နိုင်ငံ၊ လှည့်လည် ပြောင်းသွားတယ်။ တစ်ခြားနိုင်ငံတွေမှာတော့ ထူးထူးခြားခြား မတွေ့ဘူး။ ကပိလတိုင်း ဥတ္တရပဉ္စာလမြို့က စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ သတင်းကို စုံစမ်းထောက်လှမ်းတဲ့အခါမှာ လျှို့ဝှက်သတင်းတစ်ခုကို ရရှိလာခဲ့တယ်။

## ဥတ္တရပဉ္စာလမြို့မှ သတင်း

ဥတ္တရပဉ္စာလမြို့တော်က စူဠနီဗြဟ္မဒတ် မင်းကြီးဟာ ဘုန်းကံကြီးမားတယ်၊ စစ်အင်အားရှိတယ်။ ကေဝဋ္ဋဆိုတဲ့ ပညာရှိအမတ်ကြီး ရှိတယ်၊ ကေဝဋ္ဋပုဏ္ဏားအမတ်ကြီးက အကြံအစည်အလွန်ကြီးတယ်။ စူဠနီဗြဟ္မဒတ်မင်းကြီးကလည်း အကြံအစည်ကြီးတယ်။

တစ်နေ့သောအခါ ကေဝဋ္ဋဆိုတဲ့ပုဏ္ဏားက မနက်အိပ်ရာမှ နိုးစအချိန် သူ့ကိုယ်သူ သူနေတဲ့အိမ်နဲ့ သူလုပ်ရတဲ့လုပ်ငန်းတွေ၊ သူ ရထားတဲ့ရာထူး၊ ဘုရင့်အပေါ်မှာ သြဇာရှိတာတွေ စဉ်းစား

ကြည့်မိတယ်၊ "ငါ ဒီစည်းစိမ်ချမ်းသာတွေကို ဘယ်သူ့ဆီက ရတာတုန်းဆိုရင် စူဠနီပြဟ္မဒတ်မင်းကြီးဆီက ရတာ။ အဲဒီတော့ စူဠနီပြဟ္မဒတ်မင်းကြီးဟာ ကျေးဇူးရှိတယ်။ ကျေးဇူးရှိတဲ့ဘုရင်ကို ဒီ့ထက် တိုးတက်အောင် ငါကြံဆောင်ပေးသင့်တယ်။ ပေးရရင် သိပ်ကောင်းမှာပဲ၊ (၁၀၁)ပါးသောမင်းတွေကိုအုပ်ချုပ်တဲ့ ဧကရာဇ် ဘုရင်ကြီးအဖြစ်ရအောင် ငါကြိုးစားပေးရရင် ကောင်းမှာပဲ" ဒီအတွေးဝင်လာတယ်။

နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ဘုရင်ကြီးဆီ အခစားဝင်တယ်၊ "ညက စက်တော်ခေါ်လို့ အဆင်ပြေပါရဲ့လား? မေးတော့ စူဠနီပြဟ္မဒတ်မင်းက 'အဆင်ပြေပါတယ်' ဆိုတော့ ဘာပြောတုန်းဆို "အရှင်မင်းကြီး၊ လျှောက်ထားစရာလေးတစ်ခု ရှိပါတယ်။ ကျွန်တော်မျိုးတိုင်ပင်မယ့်အကြောင်းက နားလေးဖက် ကြားရုံပဲ တိုင်ပင်ရမှာ ဖြစ်တယ်။ နှစ်ယောက်တည်း တိုင်ပင် ရမှာ ဖြစ်တယ်၊ စတုက္ကဏ္ဏမန္တ ဖြစ်ပါတယ်။"

**စတုက္ကဏ္ဏ** ဆိုတာ တိုင်ပင်ခံတဲ့ပုဂ္ဂိုလ်က နားနှစ်ဖက်၊ တိုင်ပင်သူက နားနှစ်ဖက်၊ နားလေးဖက်ပဲ ကြားရမယ်။ လူ နှစ်ယောက်ပဲ တိုင်ပင်မှာ။ အဲဒီတော့ တိုးတိုးတိုင်ပင်ရမယ့်ကိစ္စ ဖြစ်တယ်။ နန်းတော်မှာ ချောင်းနားထောင်နေတဲ့ လူတွေနဲ့ မလွတ်လပ်ဘူး။ ကျွန်ုပ်တိုင်ပင်မယ့်ကိစ္စဟာ အင်မတန်မှ အရေးကြီးတဲ့ကိစ္စ။ ဒါကြောင့်မို့ နန်းတော်မှာ မတိုင်ပင်ဘဲ ဥယျာဉ်သို့သွားပြီး တိုင်ပင်ချင်ပါတယ်။

ဘုရင်ကြီး "ဒါဖြင့်လည်း ဥယျာဉ်သွားတာပေါ့" ဥယျာဉ် ပတ်ဝန်းကျင်မှာ စစ်တပ်တွေကို လုံခြုံရေးချထားပြီး ကေဝဋ္ဋ

ပုဏ္ဏားနဲ့ စူဠနီဗြဟ္မဒတ်မင်းတို့ နှစ်ယောက်တည်း သစ်ပင်အောက်မှ ကျောက်ဖျာပေါ်မှာထိုင်ပြီး တိုင်ပင်ကြတယ်။ "အရှင်မင်းကြီး, ဒါက သတင်းပေါက်ကြားလို့ မဖြစ်ဘူး။ အရှင်မင်းကြီးရဲ့နား ကျွန်တော်မျိုးရဲ့ပါးစပ် အနီးကပ်ပြောမှဖြစ်မယ်။"

သူတို့ထိုင်ပြီး တိုင်ပင်ကြတဲ့ သစ်ပင်ပေါ်မှာ မဟောသဓ စေလွှတ်လိုက်တဲ့ ကျေးငှက်လေးက ရောက်နေတယ်။ အဲဒီ ကျေးငှက်လေးက သစ်ခက်ကြားမှာ ပုန်းနေတယ်။ စူဠနီဗြဟ္မဒတ်မင်းနဲ့ ကေဝဋ္ဋပုဏ္ဏားတို့ အမူအရာ ထူးခြားတယ်ဆိုပြီး ကျေးငှက်က ကြိုတင်ပြီး ကြားလောက်တဲ့ နေရာလောက်ထိအောင်ဆင်းပြီး သစ်ခက်ကြားထဲမှာ ပုန်းခိုပြီးနေတယ်။

ကေဝဋ္ဋပုဏ္ဏားကြီးက အကြံဉာဏ်ပေးတယ်။ "အရှင်မင်းကြီးကို ဧကရာဇ်ဘုရင်ကြီး ဖြစ်စေချင်တယ်၊ သူလည်းပဲ ဧကရာဇ်ဘုရင်ကြီးရဲ့ အထူးခြားဆုံး ပုရောဟိတ် ဖြစ်ချင်ပါတယ်။ မင်းဆရာကြီး ဖြစ်ချင်တယ်။ ဒါကြောင့်မို့ ကျွန်တော်မျိုး စိတ်ကူးရထားပါတယ်။ ကျွန်တော်မျိုးရဲ့အကြံကို ပြောပါမယ်။ အရှင်မင်းကြီးမှာ ထိုက်သင့်သလောက် စစ်အင်အားရှိတယ်၊ အင်အားမရှိတဲ့မြို့တစ်မြို့ကို ပထမဆုံး ကျွန်ုပ်တို့တိုက်မယ်။ ဘုရင်ကို ဖမ်းမယ်ပေါ့။ အဲဒီလို မဟုတ်ရင်လည်းပဲ ဝိုင်းထားပြီး ကျွန်ုပ်တို့က မလွယ်တံခါးပေါက်က ဝင်ပြီး အဲဒီဘုရင်ကို ယခုလိုပြောမယ်။

"အရှင်မင်းတရား၊ ကျွန်ုပ်ဟာ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ အကြံပေး ဖြစ်တယ်။ ကျွန်ုပ်ပြောရင် အကုန်ပြီးတယ်။ စစ်တိုက်ဖို့ မကြိုးစားနဲ့၊ သူ့မှာ စစ်အင်အားတွေ အများကြီးရှိတယ်။ ဒီတော့ အေးအေးဆေးဆေး လက်နက်ချလိုက်။ လက်နက်ချလိုက်လို့ရှိရင်

အရှင်မင်းတရားလည်း အသက်မသေရဘူး။ ကိုယ့်တိုင်းပြည် လည်း ကိုယ်နေရမယ်။ ဒါပေမယ့်လို့ ကျွန်ုပ်တို့ဘုရင်ကြီးရဲ့ အရံဘုရင်တော့ ဖြစ်မယ်။ ကိုယ့်တိုင်းပြည်ပဲ ကိုယ်အုပ်ချုပ်ရမယ်၊ ဘုရင်က အလိုရှိတဲ့အခါ ခြံရံလိုက်ပါဖို့ပဲ လိုအပ်တယ်"။

"စစ်တိုက်မယ်ဆိုလို့ရှိရင် သေကြ ကြေကြလိမ့်မယ်၊ မစဉ်းစားပါနဲ့။ အကယ်၍ သူပြောတဲ့အကြံဉာဏ် မယူဘူးဆိုလို့ ရှိရင် စစ်တိုက်ရလိမ့်မယ်။ စစ်တိုက်လို့ရှိရင် လူတွေ သေကြေ ပျက်စီးပြီး အသင်မင်းတရားလည်း အသက်အန္တရာယ်ရှိနိုင် တယ်"။

အဲဒီဘုရင်က သူ့နန်းစည်းစိမ် မဆုံးရှုံးဘူးဆိုရင် သဘော တူလိမ့်မယ်။ (ခုခေတ်မှာ MOU ထိုးတယ်) လက်ခံလိုက်ရင် အဲဒီတစ်နိုင်ငံ ရသွားရော။ နောက်နိုင်ငံတွေလည်း ဒီလိုပဲ။ စစ်တိုက်မယ်ဆိုတဲ့နိုင်ငံကို အကြပ်ကိုင်တယ်။ နောက်ဆုံးမှာ သဘောတူလိမ့်မယ်။ အဲဒီတော့ သူ့ရဲ့အခြံအရံ နောက်လိုက် ဘုရင်ဖြစ်ပြီးတော့ အားလုံး မိထိလာပြည်ကလွဲရင် ကျန်တဲ့ (၁၀၀)သော နိုင်ငံတွေကို ဒီနည်းနဲ့ပဲ လိုက်ပြီးသိမ်းပိုက်တာ။ အချိန်ကာလ (၇)နှစ်၊ (၇)လ၊ (၇)ရက် အတွင်း အကုန်လုံး သိမ်းပိုက်ပြီးသား ဖြစ်သွားတယ်။

ကေဝဋ္ဋပုဏ္ဏားကြီးရဲ့ အစီအစဉ်နဲ့ နိုင်ငံတွေအားလုံး ကျူးကျော်ဝင်ရောက်သိမ်းပိုက်ပြီး သူတို့ကို သဘောတူ လက်မှတ် ထိုးခိုင်းတယ်။ ကိုယ့်ထီးကိုယ့်နန်းနဲ့ ကိုယ့်ဟာကိုယ်နေ၊ ဒီ စူဠနီဗြဟ္မဒတ်မင်းကြီးက လိုအပ်လာလို့ရှိရင် သူ့ကို ကူညီရမယ်၊ အဲဒီတော့ ဘုရင်တွေအားလုံး လက်ခံကြတယ်ပေါ့။

## အောင်ပွဲခံဖို့ စီစဉ်ခြင်း

ကေဝဋ္ဋပုဏ္ဏားကြီးက နောက်ဆုံးမှာ ယုတ်မာတဲ့ အကြံ တစ်ခုကို တင်ပြတယ်။ (၁၀၀)သောနိုင်ငံတွေ သိမ်းပြီးတဲ့အခါ ဥယျာဉ်ထဲမှာ အောင်ပွဲကြီး ကျင်းပမယ်။ အဲဒီ အောင်ပွဲကြီးမှာ အရက်သေစာနဲ့ သားငါးအမြည်းတွေ တိုက်ကျွေးမယ်၊ (၁၀၀)ပါး သောမင်းတွေ သောက်မယ့် သေရည်ထဲမှာ တိတ်တဆိတ် အဆိပ်တွေ ခပ်ထားမယ်။ သူတို့သောက်ကြစားကြ မူးကြရင်း နောက်ဆုံးမှာ သေဆုံးကြမယ်။ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့လူကို အဲဒီတိုင်းပြည်အုပ်ချုပ်ဖို့ ဘုရင်ခံ ခန့်မယ်လို့ အစီအစဉ်ကို တင်ပြ တယ်။ ဘုရင်ကြီးက သဘောတူလိုက်တယ်။

ကျေးငှက်လေးက သစ်ပင်ပေါ်မှ နားထောင်နေတာ၊ ကေဝဋ္ဋပုဏ္ဏားကြီး ပြောသမျှတွေကို အကုန်လုံး ကြားနေရတယ်။ ဘုရင်ကြီးကလည်း ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေတယ်၊ တိုင်ပင်ပြီးလို့ ထပြန်မယ့်အချိန်မှာ သစ်ခက်ကြားမှ ပုဏ္ဏားကြီး ခေါင်းပေါ်ကို မစင်စွန့်ချလိုက်သေးတယ်။ ပုဏ္ဏားကြီးက "ဘာပါ လိမ့်" မော့ကြည့်လိုက်တဲ့အခါ ပါးစပ်ထဲတစ်တုံး ချလိုက်တယ်၊ အဲဒီလိုလုပ်ပြီး ကျေးငှက်သံပေးပြီး ပျံသွားတယ်၊ "ဖမ်းဟ ဖမ်းဟ၊ ဒီကောင် သတင်းနားထောင်တာ ဖြစ်မယ်" အော်ဟစ်နေတုန်း အရှိန်အဟုန်နဲ့ ပျံသွားပြီး မဟောသဓပညာရှိထံ ရောက်သွား တယ်။

## ကျေးစေတမန် သင်္ကေတ

မဟောသဓစေလွှတ်တဲ့ ကျေးငှက်က အားလုံး သိစေချင်တဲ့သတင်းဆိုရင် ကြမ်းပြင်ပေါ်မှာနားတယ်။ မဟောသဓ ပညာရှိနဲ့ အမရာဒေဝီတို့ နှစ်ယောက်ပဲ သိစေချင်ရင် မဟောသဓ ပညာရှိရဲ့ ရင်ခွင်ထဲမှာ နားတယ်။ မဟောသဓ ပညာရှိ တစ်ယောက်တည်းကို သိစေချင်တယ်ဆိုရင် ပုခုံးစွန်းမှာ နားတယ်၊ ဒါ သူ့ရဲ့သင်္ကေတပဲ။

ဒီအကြိမ် သတင်းထောက်လှမ်းပြီး ပြန်လာတဲ့အခါ မဟောသဓပညာရှိရဲ့ ပခုံးစွန်းမှာ နားလိုက်တယ်။ အဲဒီအခါ မဟောသဓပညာရှိရဲ့ အခြံအရံတွေက ဘေးကို ရှောင်တိမ်းသွားကြရတယ်။ မဟောသဓပညာရှိကလည်း လူသူမရှိတဲ့ အပေါ်ထပ်ကိုတက် တံခါးပိတ်ပြီး ကျေးလေးပြောတာကို တစ်ယောက်တည်း နားထောင်တယ်၊ ခုနကသတင်းတွေ အကုန်လုံးရတယ်။

အဆိုးဆုံးသတင်းက (၁၀၀)သောမင်းတွေကို စည်းရုံးသိမ်းသွင်းပြီး အောင်ပွဲခံတဲ့အချိန်မှာ သေရည်ထဲကို အဆိပ်ခပ်မယ်ဆိုတဲ့သတင်းပဲ ဖြစ်တယ်။ ဒါက အလွန်ဆိုးဝါးတဲ့ လုပ်ရပ်တစ်ခု ဖြစ်တယ်။ မဟောသဓပညာရှိက စဉ်းစားတယ်။ “ငါရှိနေတဲ့အချိန်မှာ (၁၀၀) ပါးသောမင်းတွေရဲ့ အသက်အန္တရာယ် မဖြစ်ရအောင် ငါကြံဆောင်မှဖြစ်မယ်။ သူတို့ အသက်တွေကို ငါကယ်တင်မှဖြစ်မယ်”လို့ ဆုံးဖြတ်လိုက်တယ်။

စူဠနီဗြဟ္မဒတ်မင်းကြီးကလည်း ကေဝဋ္ဋပုဏ္ဏား အကြံပေးတဲ့အတိုင်း (၇)နှစ်၊ (၇)လ၊ (၇)ရက်အတွင်း တစ်နိုင်ငံပြီး

တစ်နိုင်ငံ သိမ်းယူတယ်။ နိုင်ငံအားလုံး သိမ်းသွင်းပြီးသား ဖြစ်သွားတယ်။ သို့သော် မိထိလာ တစ်နိုင်ငံကျန်နေတယ်။

ဝိဒေဟတိုင်း၊ မိထိလာမြို့ကို စစ်ချီတိုက်ဖို့ ပြင်ဆင်တဲ့ အခါမှာ ကေဝဋ္ဋပုဏ္ဏားကြီးက မဟောသဓပညာရှိရဲ့ ပညာစွမ်းကို သိတယ်။ သူ့ဘုရင်ကြီးကို နားချတယ်။ "အရှင်မင်းကြီး၊ အဲဒီနိုင်ငံ အတွက် ဂရုမစိုက်ပါနဲ့၊ အဲဒီနိုင်ငံမှာက အင်မတန်ထက်မြက်တဲ့ မဟောသဓဆိုတဲ့ ပညာရှိတစ်ဦး ရှိနေပါတယ်။ သူ့ကို ထိုးဖောက်ဖို့ ဆိုတာ အလွန်ခဲယဉ်းတယ်။ သူဟာ အလွန် လိမ္မာပါးနပ်တယ်။ ဉာဏ်ပညာ အလွန်ထက်တယ်။ အဲဒီနိုင်ငံကို မသိမ်းချင်ပါနဲ့၊ ဒီတစ်နိုင်ငံလေးက ဘယ်လောက်မှ မပြောပလောက်ပါဘူး။"

စည်းရုံးသိမ်းသွင်းထားတဲ့ မင်းတို့ကိုလည်း "အရှင်မင်းကြီး တို့ မစဉ်းစားကြပါနဲ့၊ ဒီလောက်ဆို ကျေနပ်လောက်ပါပြီ။ ဒီ တစ်နိုင်ငံတော့ ချန်ထားလိုက်ပါ။" ကေဝဋ္ဋပုဏ္ဏားက မဟောသဓ ပညာရှိရဲ့ အစွမ်းသတ္တိတွေကို သူက သိရှိနားလည်ထားတယ်။ သတင်းတွေလည်း ကြားထားတယ်။ ကေဝဋ္ဋရဲ့ ဆုံးဖြတ်ချက်က မှန်ကန်တယ်။ အဲဒီသွားရင် အရှက်ကွဲလိမ့်မယ်။ မဟောသဓဟာ နည်းပရိယာယ် အလွန်ကြွယ်ဝတယ်။

ကေဝဋ္ဋပုဏ္ဏားကြီးက ဘုရင်ကြီးကို နားပါးချတဲ့အခါ 'ကောင်းပြီ' ဘုရင်ကြီးက တပ်ခေါက်ပြန်လာတယ်။ အဲဒီ အကြောင်းကိုလည်း ထောက်လှမ်းနေကြတဲ့ မဟောသဓပညာရှိ ရဲ့လူတွေဟာ အားလုံး သတင်းပို့ထားတယ်။ ဝိဒေဟတိုင်း၊ မိထိလာမြို့ကို သိမ်းဖို့လာနေပြီဆိုတာလည်း သတင်းပို့တယ်။

တပ်ခေါက်ပြီးတော့ ပြန်သွားကြပြီဆိုတာလည်း သတင်းရတယ်။ သတင်းတွေ အကုန်လုံး မဟောသဓပညာရှိဆီ ရောက်တယ်။

(၇)နှစ်အတွင်း ဒီလိုအခြေအနေမျိုး ဖြစ်လာမှာကို မဟောသဓပညာရှိက ကြိုတင်သိထားတယ်။ ပိုပြီးတော့ မြို့ပြ ခိုင်လုံအောင် စီမံထားတယ်။ မိထိလာမြို့ပြင်မှာနေတဲ့ ကြွယ်ဝ ချမ်းသာတဲ့လူတွေကို မြို့တွင်းပြောင်းနေခိုင်းတယ်။ မြို့ထဲက ဆင်းရဲတဲ့သူတွေကို မြို့ပြင်ထွက်ခိုင်းတယ်။ ချမ်းသာတဲ့လူဆိုတာ အရေးကြီးတယ်လေ၊ မြို့ကို ပိုပြီးတော့ ကြံ့ခိုင်အောင်လုပ်တယ်။

## အောင်ပွဲကို ဖျက်ဆီးခြင်း

အောင်ပွဲကြီး မဖြစ်အောင် စီမံမှုဖြစ်မယ်ဆိုပြီး သူ့ရဲ့ ဖွားဖက်တော် သူရဲကောင်း (၁၀၀၀) ရှိတယ်။ သေဆို သေ၊ လာဆို လာ၊ သွားဆို သွား၊ သူ့ရဲ့ ငယ်သူငယ်ချင်းတွေလည်း ဖြစ်တယ်။ အဲဒီလူတွေကိုခေါ်ပြီး မဟောသဓပညာရှိက "မင်းတို့ သွားကြ၊ စူဠနီဗြဟ္မဒတ်မင်းကြီးက အောင်ပွဲ ကျင်းပလိမ့်မယ်။ အောင်ပွဲကျင်းပတဲ့အခါမှာ အောင်သေသောက်ဖို့ သူတို့ စီမံထား လိမ့်မယ်။ အဲဒီပွဲကို ပျက်အောင် ဖျက်ခဲ့ကြ" လူတစ်ထောင်ပါတဲ့ စစ်တပ်ကို စေလွှတ်လိုက်တယ်။ စေလွှတ်လိုက်ပြီး စီမံဆောင်ရွက် ဖို့ အကုန်မှာလိုက်တယ်။

စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ လူတွေက အောင်ပွဲခံဖို့ဆိုပြီး ဥယျာဉ်ကြီးထဲမှာ ပြင်ဆင်ကြတယ်၊ များစွာသော အရက်အိုးတွေနဲ့ စားဖွယ်သောက်ဖွယ်တွေနဲ့ ကျကျနနပြင်ဆင်ကြတယ်။ အဲဒီလို

ပြင်ဆင်ပြီးတဲ့အချိန် မဟောသဓပညာရှိက စေလွှတ်လိုက်တဲ့ ရဲဘော်တစ်ထောင်ဟာ အပြင်ဘက်မှာ တစ်ချို့နေပြီး အတွင်းကို အချို့ဝင်ကြတယ်၊ ဝင်ပြီး စူဠနီဗြဟ္မဒတ်မင်းရဲ့ လူတွေကို "မင်းတို့ စူဠနီဗြဟ္မဒတ်မင်းကြီးအတွက် စီမံထားတဲ့ ထိုင်ခုံဘေးမှာ ငါတို့ ဘုရင်အတွက် ထိုင်ခုံပေးရမယ်၊ နေရာပေးရမယ်" တောင်းဆိုကြတယ်။ "မင်းတို့ ဘယ်ကလဲ" ငါတို့က ဝိဒေဟဘုရင်ရဲ့ လူတွေလို့ ပြောကြတယ်။

အခမ်းအနား ပြင်တဲ့လူတွေက "မင်းတို့ ဘယ်ကကောင်တွေလဲ။ ဝိဒေဟမင်းဆိုတာ ငါတို့ မကြားဖူးဘူး။ (၇)နှစ် (၇)လ (၇)ရက် လိုက်လံသိမ်းယူထားတဲ့ နိုင်ငံတွေထဲမှာ ဝိဒေဟမင်းဆိုတာ မပါဘူး" ပြောပြီး စကားများကြ ရန်ဖြစ်ကြတယ်။

"မင်းတို့ မပေးဘူးဆိုရင် ငါတို့က မကျေနပ်ဘူး"လို့ ပြောဆိုကာ ပါလာတဲ့တုတ်တွေနဲ့ အရက်အိုးတွေ အကုန်ရိုက်ခွဲကြတယ်၊ စားစရာ သောက်စရာတွေ စားမဖြစ်, သောက်မဖြစ်အောင် အကုန်လုံး ဖျက်ဆီးပစ်ကြတယ်၊ ပွဲပျက်အောင် လုပ်လိုက်ကြတယ်။ "ငါတို့က ဝိဒေဟဘုရင် မဟောသဓပညာရှိရဲ့လူတွေ၊ မင်းတို့သတ္တိရှိရင် လိုက်ခဲ့ကြ" ကြုံးဝါးပြီးထွက်သွားကြတယ်။

အဲဒီမှာ အစောင့်တွေက စူဠနီဗြဟ္မဒတ် မင်းကြီးထံ သွားတိုင်ကြတယ်။ အောင်ပွဲ အခမ်းအနား ပြင်ဆင်နေတဲ့ အချိန်မှာ "ဝိဒေဟဘုရင်ရဲ့လူတွေ၊ မဟောသဓပညာရှိရဲ့ လူတွေလို့ ပြောတယ်။ အဲဒီလူတွေ ဝင်ရောက်နှောင့်ယှက်ပြီး သေအိုးတွေ အကုန်ရိုက်ခွဲသွားကြတယ်၊ စားစရာသောက်စရာတွေ အကုန် ဖျက်ဆီးသွားကြပါတယ်"လို့ တိုင်တန်းကြတယ်။

**နိဂုံး**

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ ဘဝခရီး သွားတဲ့လူတွေဟာလည်း ဒီအတိုင်းပဲ၊ ကိုယ့်ကိုယ်ကို ကြိုတင် ပြင်ဆင်မှုကို လုပ်ရမှာ ဖြစ်တယ်ဆိုတာကို သတိကြီးစွာထားပြီး ကုသိုလ်တရား ဖြစ်ပွားအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ ကုန်သတည်း။

**သာဓု … သာဓု … သာဓု**

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၁၁)

သာသနာတော်နှစ် ၂၅၆၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂)ရက်၊ (၂၀. ၅. ၂၀၁၉) တနင်္လာနေ့၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာကျောင်းတိုက်၊ ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ၂၆၄၂-နှစ်မြောက် မြတ်ဗုဒ္ဓဖွားတော်မူသည့်နေ့ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ အထူးဓမ္မသဘင် အခမ်းအနား၌ မန္တလေးမြို့ ဖခင်ကြီး ဦးမောင်ကိုအား အမှူးထား၍ အမရပူရမြို့၊ စာကလေးအင်းရွာ ဦးမြင့်ကို+ဒေါ်ချို သား မောင်စည်သူထွေး မိသားစုနှင့် မိခင်ကြီး ဒေါ်ခင်ခင်၊ မိခင်ကြီး ဒေါ်ရွှေရွှေတို့အား အမှူးထား၍ မန္တလေးမြို့ ဦးကျော်ကျော်ဦး+ ဒေါ်ကျင်ယုံ မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **“မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၁၁)”** တရားဒေသနာတော်။

ပွဲပျက်အောင် လုပ်သွားတဲ့ မဟောသဓရဲ့ သူရဲကောင်းတွေဟာ သူတို့ရဲ့လုပ်ငန်းပြီးတာနဲ့ လျင်လျင်မြန်မြန် မိထိလာမြို့ အရောက်ပြန်ကြတယ်၊ မြင်းစီးသွားပြီး ညတွင်းချင်း ရောက်သွား

ကြတယ်။ သူတို့လုပ်ခဲ့တာတွေ တင်ပြကြတယ်။ မဟောသဓ ပညာရှိ မှာလိုက်တဲ့အတိုင်း အောင်ပွဲကြီးပျက်စီးသွားပြီ။ သေရည် သေရက်တွေ အကုန်ရိုက်ခွဲခဲ့ပြီး စားစရာ သောက်စရာတွေ သုံး မရလောက်အောင် အကုန်ဖျက်ဆီးပစ်ခဲ့ကြတယ်။ မဟောသဓ ပညာရှိ ခိုင်းတဲ့အလုပ်ဟာ အောင်မြင်ပြီးစီးသွားပြီ ဆိုတာကို ကြိုတင်ပြီးလည်း သတင်းပို့တယ်။

## ဝိဒေဟ သို့ ချီတက်ကြ

မဟောသဓပညာရှိက စေလွှတ်ထားတဲ့ ထောက်လှမ်းရေး တွေက "စူဠနီဗြဟ္မဒတ်မင်းကြီးက အလွန်ကို စိတ်ဆိုးနေပြီ။ ချက်ချင်းပဲ စစ်ချီတက်ဖို့ ယခုလိုအမိန့်ထုတ်တယ်။ "**ထေ, ဘော, မိထိလံ ဂန္တွာ ဝိဒေဟရာဇဿ ခဂ္ဂေန သီသံ ဆိန္ဒိတွာ ပါဒေဟိ အက္ကမိတွာ နိသိန္နာ ဇယပါနံ ပိဝိဿာမ**" "အားလုံး လာကြ၊ ချီတက်ကြ။ မိထိလာ အရောက်သွားပြီး ဝိဒေဟဘုရင်ရဲ့ ခေါင်း ကိုဖြတ်၊ သူ့ခေါင်းကိုနင်းပြီး အောင်သေ သောက်ကြမယ်"။

စူဠနီဗြဟ္မဒတ်မင်းကြီးဟာ စစ်ပြင်ပြီး ချီတက်ဖို့ အမိန့် ထုတ်လိုက်တယ်။ အားလုံးစစ်ပြင်ပြီး ချီတက်ကြပြီး ဒီနေ့ဘယ် စခန်းရောက်ပြီ၊ ဘယ်နှစ်ရက်ဆိုရင် မိထိလာမြို့ကို ဝိုင်းပြီး ဖြစ်လိမ့်မယ်ဆိုတာကို မဟောသဓပညာရှိဆီကို နေ့စဉ်သတင်းပို့ တယ်။

သို့သော် ကေဝဋ္ဋပုဏ္ဏားကြီးက စူဠနီဗြဟ္မဒတ်ဘုရင်ကြီး ကို တိုးတိုးတိတ်တိတ် လျှောက်တယ်။ "အရှင်မင်းကြီး, မသွားချင်

ပါနဲ့။ မိထိလာနိုင်ငံကို စစ်မတိုက်ချင်ပါနဲ့။ အဲဒီ မိထိလာနိုင်ငံမှာ မဟောသဓပညာရှိရဲ့ အစီအမံတွေက အင်မတန်မှ အံ့မခန်း ဖြစ်တယ်။ ကျွန်ုပ်တို့ သွားတိုက်လည်း နိုင်မှာမဟုတ်ဘူး။ အရှက် ရလိမ့်မယ်။ အရှင်မင်းကြီး မသွားချင်ပါနဲ့။"

စူဠနီဗြဟ္မဒတ်မင်းက ဒေါသတွေ အကြီးကျယ် ထွက်နေတယ်၊ သူ့ရဲ့ပါဝါတန်ခိုး မာန်ယစ်ပြီး "အိုး ဘာရမလဲ? ဝိဒေဟ မင်းကြီးကို ဖမ်းမယ်၊ ဇက်ဖြတ်သတ်ပြီး သူ့ရဲ့ရင်ဘတ်ပေါ်မှာ သေရည်သေရက် သောက်ရမယ်"လို့ အမိန့်ထုတ်တယ်။ ကေဝဋ္ဋ ပုဏ္ဏားကြီး ဖျောင်းဖြသော်လည်း ဘုရင်ကြီးက နားမထောင်ဘူး။ ချက်ချင်း စစ်ချီတက်သွားလို့ ပုဏ္ဏားကြီးလည်း မလွှဲသာ မရှောင်သာ စစ်တပ်နဲ့အတူ လိုက်ပါသွားရတယ်။

မိထိလာမြို့ကို ဝိုင်းမိတဲ့အချိန်မှာ ညဥ့်ဦးယံအချိန် ဖြစ်သွား တယ်။ မီးရှူးတွေ မီးတုတ်တွေကိုင်ပြီး (၇)ယူဇနာကျယ်တဲ့ မိထိလာမြို့ကို ဝိုင်းရံပြီးတော့ စစ်တပ်ကြီး ချထားလိုက်တယ်။ ပထမ ဆင်တပ်၊ ပြီးရင် မြင်းတပ်၊ ပြီးရင် ရထားတပ်၊ ပြီးတဲ့အခါမှာ ခြေလျင်စစ်တပ်ဆိုပြီး ဝိုင်းပတ်ထားတယ်၊ ထွက်ပေါက်မရှိအောင် အက္ခောဘဏီ စစ်တပ်ကြီး ချထားလိုက်တာ။ အက္ခောဘဏီတပ် ဆိုသည်မှာ ဆင်၊ မြင်း၊ ရထား၊ ခြေလျင်တပ် အစုံပါသည့် အရေအတွက်များ အင်အားကြီးမားသည့် စစ်တပ်ဖြစ်တယ်၊ အက္ခောဘဏီတပ် ဖြတ်သွားတဲ့လမ်းမှာ ဝါးလုံးရေ ၆၀-ပါ ဝါးစီးပေါင်း ၆၀-ဟာ မှုန့်ညက်သွားတယ်လို့ ဆိုတယ်။

မိထိလာမြို့ကို ရန်သူတပ်တွေ လာရောက်ဝိုင်းရံတဲ့အခါ မိထိလာမြို့တွင်းအထိ မီးတုတ်တွေရဲ့အရောင်က လင်းနေတယ်၊ ဆင်သံတွေ၊ မြင်းသံတွေ၊ လူတွေရဲ့အော်ဟစ်သံတွေ၊ ကြွေးကြော်သံတွေ၊ သူရဲကောင်းတွေရဲ့ စကားသံတွေဆူညံပြီး ကြောက်ခမန်းလိလိ ဖြစ်နေတယ်။

သေနက, ပုက္ကုသ, ကာမိန္ဒ, ဒေဝိန္ဒဆိုတဲ့ အမတ်ကြီးလေးယောက်ဟာ ဘုရင်ကြီးထံ မျက်စိပျက် မျက်နှာပျက်ပြီး အခစားဝင်ကြတယ်။ အခစားဝင်ပြီး နန်းမြင့်ပေါ်ကနေ အပြင်ကို လှမ်းကြည့်ကြတယ်။ တစ်မြို့လုံးကို ဝိုင်းရံထားတဲ့ စစ်တပ်ကြီးကို မြင်တဲ့အခါ ဘုရင်ကြီးက ကြောက်တယ်။ **"နတ္ထိ အမှာကံ ဇီဝိတံ"** ငါတို့တော့ အသက်ရှင်လမ်း မရှိတော့ဘူး၊ သေရတော့မယ်၊ ငါတို့ကို ကင်းလွတ်ခွင့်ပေးမှာ မဟုတ်ဘူး။ သတ်ကြလိမ့်မယ်။ ဘုရင်ကြီးနဲ့ ပညာရှိအမတ်ကြီးတွေဟာ စကားတောင် မပြောနိုင်လောက်အောင် တုန်လှုပ်နေကြတယ်။

မဟောသဓပညာရှိက တစ်မြို့လုံး လုံခြုံရေးတွေ အပြည့်ချထားတယ်၊ လုံခြုံရေးတွေကို စီမံကြီးကြပ်ပြီးတဲ့အခါမှာ ဘုရင်ကြီးထံ အခစားဝင်တယ်။ ဘုရင်ကြီးက အလွန်ကြောက်ပြီး မဟောသဓကို မေးတယ်။

**"ဥဒ္ဒံ တာရကဇာတာဝ, သမန္တာ ပရိဝါရိတာ–** စစ်သားတွေ, ဆင်တွေ, မြင်းတွေ, ရထားတပ်တွေကလည်းပဲ မိုးပေါ်က ကြယ်တွေလိုပဲ အများကြီးဝိုင်းထားတယ်။ ငါတို့ ဘယ်လိုလုပ်ပြီး ထွက်ပြေးကြမလဲ။ **မဟောသဓ ဝိဇာနာဟိ, ကထံ မောက္ခော**

https://thitsarp...ni.org

**ဘဝိသသတိ–** ကဲ ငါ့သား မဟောသဓ၊ ငါတို့ ဘယ်လိုလုပ်ကြမလဲ? ဘယ်နည်းနဲ့လွတ်အောင် ရှောင်ကြမလဲ?”။

ဘုရင်ကြီးက သူကြားထားတာတွေ ပြောသေးတယ်။ “စူဠနီဗြဟ္မဒတ်မင်းကြီးမှာ စစ်ရေးစစ်ရာကျွမ်းကျင်တဲ့ ပညာရှိတွေ မြောက်မြားစွာရှိတယ်။ ဓားရေး လှံရေး ကျွမ်းကျင်တဲ့သူရဲကောင်းတွေ ရှိတယ်။ အဲဒီထဲမယ် စူဠနီဗြဟ္မဒတ်မင်းရဲ့ မယ်တော်ကြီး စလာကဒေဝီကလည်း ပညာအလွန်ထက်တယ်လို့ ကြားဘူးတယ်။ စူဠနီဗြဟ္မဒတ်မင်းရဲ့အပါးမှာ ပညာရှိ (၁၁)ယောက်ရှိတယ်။ သူတို့ဟာ တဖက်သားတွေ မလှုပ်ရှားနိုင်လောက်အောင် စူးရှထက်မြက်တဲ့ အစီအမံတွေ ရှိတယ်လို့ ကြားဖူးတယ်။ အဲဒီတော့ ဒီလိုပညာရှိတွေပါဝင်တဲ့ စူဠနီဗြဟ္မဒတ်မင်းရဲ့လက်ကတို့တတွေ ဘယ်လိုလွတ်အောင် ကြိုးစားမလဲ။”

ဒီနေရာမှာ စူဠနီဗြဟ္မဒတ်မင်းရဲ့မယ်တော် စလာကဒေဝီဟာ ဘယ်လိုပညာရှိတယ်ဆိုတာ ကြားညှပ်ပြောထားတာလေးကလည်း စိတ်ဝင်စားစရာကောင်းတယ်။ “စလာကဒေဝီဟာ အတွေးအခေါ် အလွန်ကောင်းတယ်။ အဖြစ်အပျက်တစ်ခု ကြားဘူးတယ်။ လူတစ်ယောက်က သူ့လက်ထဲမှာ ဆန်လေးကတစ်ထုပ်၊ ထမင်းလေးက တစ်ထုပ်၊ ငွေတစ်ထောင်က တစ်ထုပ်၊ သုံးထုပ်ပါတယ်။ အဲဒီသုံးထုပ် ခေါင်းပေါ် ရွက်ပြီး ချောင်းတစ်ခုကို ဖြတ်ကူးတယ်။ ရေလယ်ရောက်တဲ့အခါ ချောင်းက နက်လာတော့ ရေနစ်တာပေါ့။ သူကအော်တယ်။ ကျွန်တော့်ကို ကယ်ကြပါဦး၊ ကျွန်တော့်မှာ အထုပ်သုံးထုပ်ရှိပါတယ်။ ကျွန်တော်ကြိုက်တဲ့ အထုပ်ကို အသက်ကယ်ခ ပေးပါ့မယ်”။

ထိုအခါ ခွန်အားဗလကောင်းတဲ့ လူတစ်ယောက်က ရေထဲဆင်း၊ အသက်စွန့်ပြီး သူ့ကိုဆွဲပြီး ဟိုဘက်ကမ်းရောက်အောင်ပို့ပေးတယ်။ "ငါလည်း အသက်စွန့်ပြီး မင်းကိုကယ်ရတာ၊ မင်းအသက်ရှင်သွားပြီ။ ငါ့ကို မင်းကြိုက်တဲ့ အထုပ်တစ်ခု ပေးပါ"။

ရေနစ်တဲ့လူက"ခင်ဗျား ဆန်ထုပ်ယူမလား? ထမင်းထုပ်ယူမလား?" ငွေတစ်ထောင်တော့ ဖွက်ထားတယ်။ ဟိုလူကလည်း "ဟာ ခင်ဗျား, အသက်စွန့်ပြီး ကယ်ထားရတာ။ ဒီထမင်းထုပ်, ဆန်ထုပ်က ဘာလုပ်စရာတုန်း? ငွေတစ်ထောင်ထုပ်ပေးမှပေါ့" ဆိုတယ်၊ "အစကတည်းက ပြောထားတယ်လေ။ ကျုပ်ကြိုက်တဲ့ အထုပ်ကိုပေးမယ်လို့ ပြောထားပြီးသားပဲ" လို့ စကားများကြရော။

မကျေမနပ်ဖြစ်ပြီး တရားရုံးရောက်တယ်။ ရောက်တဲ့အခါ တရားသူကြီးကလည်း "သူကြိုက်တာပေးမယ်ဆိုတာ သူပေးချင်တာ ပေးမယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်။ သူကြိုက်တာ ပေးမယ်လို့ ပြောထားတော့ သူပေးချင်တာက ဆန်ထုပ်ရယ်၊ ထမင်းထုပ်ရယ် ဒီနှစ်ခုပဲ ပေးတယ်။ ငွေတစ်ထောင်ကိုတော့ သူ မပေးချင်ဘူး။ "သူကြိုက်တာ ပေးခွင့်ရှိတယ်" လို့ ဆုံးဖြတ်လိုက်တယ်၊ ဟိုလူက မကျေနပ်ဘူး။

တရားရုံးမှာဆူညံဆူညံဖြစ်တယ်။ စလာကဒေဝီ မိဖုရားကြီးက အဲဒီရုံးအနီးမှ ဖြတ်သွားတယ်။ ဘာဖြစ်ကြတာတုန်းဆိုတော့ ဒီလိုဒီအကြောင်းပြောပြတဲ့အခါ အဲဒါဆိုရင်ဒီတရားကို ငါဆုံးဖြတ်မယ်။ "ကဲ မင်းအထုပ်သုံးထုပ် တန်းစီပြီးတော့ ဒီနားချ၊ ဟုတ်ပြီ၊ ချပြီးပြီ။ ဆန်ထုပ်ရယ်၊ ထမင်းထုပ်ရယ်၊ ငွေတစ်ထောင်ထုပ်ရယ်

မင်းဘယ်လိုပြောခဲ့တုန်း?” ‘ကျွန်ုပ်ကြိုက်တဲ့အထုပ်ကို ပေးပါ့မယ်လို့ ကျွန်ုပ်ပြောခဲ့တယ်’။ “ဟုတ်ပြီ ဒါဖြင့် မင်းကြိုက်တာယူ” ဆိုတော့ တစ်ထောင်ထုပ်ကို ယူတယ်။ အဲဒီတော့ “မင်း ကြိုက်တာ သချောလား? တစ်ထောင်ထုပ်ကို မင်းကြိုက်တာ သချောလား?” ‘ဟုတ်တယ်၊ ကျွန်ုပ်ကြိုက်တာ ဒီတစ်ထောင်ထုပ်ပဲ’။

သူပြောတဲ့စကားက “ကျွန်ုပ်ကြိုက်တာ ပေးပါ့မယ်” ဆိုတော့ မင်းကြိုက်တာက ငွေတစ်ထောင် ဖြစ်တယ်၊ “ကြည့်နော် အားလုံး သူကြိုက်တာပေးမယ်ဆိုတော့ သူကြိုက်တာ ငွေတစ်ထောင်ထုပ် ဖြစ်နေတယ်။ အဲဒီငွေတစ်ထောင် ပေးစေ” လို့ အမိန့်ချလိုက်တယ်။ သူတရားရှုံးသွားတယ်။

စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ မယ်တော် မိဖုရားကြီးဟာ ဒီလို အစွမ်းသတ္တိရှိတယ်လို့ ကြားဘူးတယ်။

ဝိဒေဟမင်းကြီးက ပိုပြီးတော့ ကြောက်ရွံ့တယ်၊ ငါ့ဆီမှာ ပညာရှိဆိုတာ ငါးယောက်ပဲရှိတယ်။ စူဠနီဗြဟ္မဒတ်မင်းကြီးနားမှာ ပညာရှိ(၁၁)ယောက်တောင်ရှိတယ်။ ဘယ်လိုလုပ်ပြီး ထွက်ပေါက်ရှာနိုင်ရမလဲ၊ အလွန်ကို ကြောက်လန့်တုန်လှုပ်နေတယ်။

## မဟောသဓရဲ့ နှစ်သိမ့်စကား

မဟောသဓက စဉ်းစားတယ်။ ဒီဘုရင်ကြီးဟာ သေဘေးကို တော်တော်ကြောက်နေပြီ၊ အသံတောင် တုန်တုန်ရီရီ ဖြစ်နေပြီ။

**ဂိလာနဿ ဝေဇ္ဇော ပဏ္ဍိသရဏံ**–နေမကောင်းတဲ့ပုဂ္ဂိုလ်ရဲ့ အားကိုးရာက ဆေးဆရာပဲ ဖြစ်တယ်။ ထမင်းဆာနေတဲ့ပုဂ္ဂိုလ်ရဲ့

အားကိုးရာက ထမင်းပဲဖြစ်တယ်။ ရေဆာနေတဲ့ပုဂ္ဂိုလ်ရဲ့ အားကိုးရာက ရေပဲဖြစ်တယ်။ ရေသောက်ရမှ ရေငတ်ပြေမှာလေ။ ထမင်းဆာတဲ့သူကလည်း ထမင်းစားရမှ ထမင်းဟာ သူ့ရဲ့ အားကိုးရာပဲ။ နေမကောင်းတဲ့လူကလည်း ဆေးဆရာပဲ အားကိုးရမှာ။ ဒီဘုရင်ကြီး အလွန်ကြောက်နေပြီ။ ငါမှတပါး သူ အားကိုးစရာ မရှိတော့ဘူး။ ငါမှ အားပေးစကားမပြောရင် သူဟာ ဒီနေရာမှာတင်ပဲ ဒုက္ခရောက်သွားနိုင်တယ်။ အကြောက်လွန်ရင်လည်း သေတတ်တယ်။

မဟောသဓေ ဘုရင်ကြီးကို ဖျောင်းဖြပြီး အားပေးစကားပြောတယ်။ **"ပါဒေ ဒေဝ ပသာရေဟိ–** အရှင်မင်းကြီး၊ ခြေထောက်ဆန့်ပြီး အေးအေးဆေးဆေး ကျိန်းစက်ပါ။ **ဘုဉ္ဇ ကာမေ ရမဿု စ–** ရှေးယခင်လိုပဲ မင်းစည်းစိမ်ခံစားပြီး ပျော်ပျော်စံနေတော်မူပါ။ **ဟိတွာ ပဉ္စာလိယံ သေနံ, ဗြဟ္မဒတ္တော ပလာယိတိ–** ဗြဟ္မဒတ်မင်းကြီးဟာ သူ့စစ်တပ်ကို စွန့်ခွာပြီး ထွက်ပြေးပါလိမ့်မယ်။"

အရှင်မင်းကြီး မစိုးရိမ်ပါနဲ့၊ မြို့တော်ကို ဝိုင်းရံထားတဲ့ ဗြဟ္မဒတ်မင်းကြီးဟာ သူ့စစ်တပ်ကို စွန့်ခွာပြီး ထွက်ပြေးသွားအောင် ကျွန်တော်မျိုး ကြံဆောင်ပေးပါ့မယ်။

ဘုရင့်ဆီက ဆင်းသွားပြီး မြို့ထဲမှာ ကြေငြာခိုင်းတယ်။ ယနေ့ညက စပြီးတော့ ပွဲလမ်းသဘင်တွေ ကျင်းပကြရမယ်၊ တီးတတ်မှုတ်တတ်တဲ့ သူတွေက တီးကြမှုတ်ကြ၊ ကတတ်တဲ့ ပုဂ္ဂိုလ်တွေက ကကြ၊ တစ်မြို့လုံး ပွဲလမ်းသဘင်တွေ ခြိမ့်ခြိမ့်အုံး တီးကြမှုတ်ကြ ပျော်ကြပါးကြ။

မဟောသဓ စစ်သူကြီးရဲ့ အစီအမံအတိုင်း တစ်မြို့လုံး ရပ်ကွက်အလိုက်, နေရာအလိုက် ပျော်ပွဲရွှင်ပွဲကို တခမ်းတနား ကျင်းပကြတယ်။ အပြင်ဘက်က စစ်တပ်ဝိုင်းထားတာကို ဂရုမမူဘဲ မိထိလာမြို့ကလူတွေဟာ ပွဲလမ်းသဘင် ကျင်းပနေကြတယ်။ အဲဒီ ပွဲလမ်းသဘင်ကျင်းပ တီးကြ မှုတ်ကြ, ဆိုကြ ကကြတဲ့ အသံတွေဟာ မြို့တံတိုင်းကို ကျော်ဖြတ်ပြီး ဝိုင်းရံထားတဲ့ စူဠနီဗြဟ္မဒတ်မင်းရဲ့ အက္ခောဘဏီစစ်တပ်ထိအောင် ရောက်ရှိကြားသိကြရတယ်။

မြို့ရဲ့မလွယ်တံခါးတွေကို ဖွင့်ထားတယ်။ ဘယ်သူလာလာ လက်နက်မပါဘူးဆိုရင် ဝင်ခွင့်ထွက်ခွင့်ရတယ်။ လက်နက်ပါလာတယ်ဆိုရင် အဲဒီလူကိုဖမ်းပြီး စစ်မေးတယ်။ စူဠနီဗြဟ္မဒတ်မင်းရဲ့ စစ်သားတွေ မြို့ထဲဝင်တယ်၊ ပွဲလာကြည့်ကြတယ်၊ ဖမ်းဆီးခြင်း မပြုဘူး။ မြို့ထဲနဲ့ မြို့ပြင် အဝင်အထွက်တွေ ရှိနေကြတယ်။ မြို့ထဲကလူတွေလည်း ပျော်ပျော်ပါးပါး အသွားအလာမပျက် နေကြတယ်။ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ စစ်သားတွေ မြို့ထဲက တီးမှုတ်သံတွေကို ကြားကြတယ်။ ကြားတဲ့အခါ "ဘယ်လိုလဲကွ၊ မြို့ထဲက ပျော်ပွဲတွေနဲ့ပါလား? ငါတို့ဝိုင်းထားတာတောင် ဘာမှ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိဘဲ ဘာလုပ်နေကြတာလဲ" လို့ ဆိုတဲ့အခါမှာ ဘုရင်အနီးမှာ မဟောသဓ လွှတ်ထားတဲ့သူလျှိုတွေ ရှိနေတယ်။ အဲဒီလူတွေက ဘုရင်ရဲ့ အတွင်းလူ ဖြစ်နေကြတယ်။

သူတို့က လျှောက်ကြတယ်။ "အရှင်မင်းကြီး, ကျွန်တော်တို့ မလွယ်တံခါးကနေ ဝင်သွားတယ်။ လူတွေနဲ့ တွေ့တဲ့အခါ

မေးကြည့်တယ်။ မင်းတို့ဟာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာရှိတဲ့ (၁၀၀) ပါးသောမင်းတွေရဲ့ စစ်တပ်ကြီးက တစ်မြို့လုံးကို ဝိုင်းထားတာ ဖြစ်ပါလျက် ဘာဖြစ်လို့ ဒီလိုပွဲလမ်းသဘင်တွေနဲ့ ပျော်နေကြ တာလဲလို့ မေးတဲ့အခါမှာ သူတို့က "ဟေ့လူ၊ ငါတို့ဘုရင်က ငယ်ငယ်တုန်းက ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာရှိတဲ့ (၁၀၀)သော မင်းတွေ ဝန်းရံလာတဲ့အချိန်မှာ အောင်ပွဲခံရမယ်လို့ ဗေဒင်ဆရာ က ဟောထားတာ။ အဲဒီ ဆန္ဒ ရှိတယ်။ အခုချိန်မှာ (၁၀၀)သော မင်းတွေဟာ မိထိလာမြို့ကို ဝန်းရံထားပြီးဖြစ်လို့ အဲဒါအတွက် အောင်ပွဲဆင်ယင် ကျင်းပနေတာ"လို့ လိမ်ပြောကြတယ်။

စူဠနီဗြဟ္မဒတ်မင်းကြီးက အဲဒီသတင်းလည်း ကြားရော "ဒီကောင် လူပါးဝလိုက်တာ၊ အခုချက်ချင်းတိုက်" ဆိုပြီး အမိန့် ထုတ်တယ်။ သူရဲကောင်းတွေ၊ သတ္တိရှိတဲ့သူတွေက မြို့နားလဲ ချဉ်းကပ်ရော မြို့ပေါ်က ကျောက်ခဲတုံးတွေ လိမ့်ကျလာတယ်။ သူတို့ခေါင်းပေါ်မှာ ခဲတွေ၊ ကျောက်တုံးတွေ ရောက်လာတယ်, အနားကပ်လို့ မရဘူး။ မြို့စည်း ထိပ်စည်းတွေက အခိုင်အမာ လုပ်ပြီး မြို့ရိုးနားကပ်လာတာနဲ့ တပြိုင်နက် အပေါ်ကနေ ခဲတွေ၊ ကျိုထားတဲ့ ပွဲညက်ရေတွေနဲ့ လောင်းကြ၊ လှံနဲ့ထိုးကြ၊ ရန်သူတွေ အနားမကပ်နိုင်ကြဘူး။

မဟောသဓရဲ့ သူရဲကောင်းတွေဟာ ရဲစွမ်းသတ္တိရှိရှိနဲ့ ပြန်လည်ခုခံတာ ခံလိုက်ရတဲ့အခါ သူတို့ဟာ မြို့နားမကပ်နိုင်ဘဲ ခပ်လှမ်းလှမ်း ဆုတ်ခွာပြီးနေကြတယ်။ ဘုရင်ကြီးက "ဘာဖြစ်လို့ မင်းတို့ မြို့ရိုးမတက်နိုင်တာလဲ?"လို့ဆိုတော့ "အရှင်မင်းကြီး၊

ခုခံမှုတွေ အင်အား အင်မတန်ကောင်းတယ်။ ကျွန်တော်မျိုးတို့ အနားကပ်လို့ မရဘူး” လို့ အကြောင်းပြကြတယ်။

စူဠနီဗြဟ္မဒတ်မင်းကြီးဟာ စစ်တပ်နဲ့ ဝိုင်းထားတာ ၄ ရက်၊ ၅ ရက်ကြာသွားပြီ။ ကေဝဋ္ဋပုဏ္ဏားကြီးကိုခေါ်ပြီး တိုင်ပင်တယ်။ “အေး၊ မြို့ကလည်းပဲ မဟောသဓပညာရှိက ကြိုတင် ပြင်ဆင်ထားတာ။ တံတိုင်းတွေကလည်းမြင့်တယ်၊ တံတိုင်း အခြေတွေက လည်း ကြံ့ခိုင်တယ်။ ကျုံးတွေကလည်းနက်တယ်။ အနားချဉ်းကပ်ဖို့ မလွယ်ဘူး။ အနားရောက်သွားတာနဲ့ လေးနဲ့ပစ်တယ်။”

## အင်းဝသူ့ရဲကောင်း သုံးယောက်

မြန်မာရာဇဝင်မှာ ရေစကြိုမြို့အနီး ပခန်းကြီးမြို့ဆိုတာ ရှိတယ်။ ပခန်းကြီးတိုက်ပွဲမှာ  အင်းဝဘုရင်ရဲ့ သူရဲကောင်း ညီအကို (၃)ယောက်ပါတယ်။  အကြီးဆုံးက ဘယဂါမဏိ၊ အလတ်က ရာဇသင်္ကြန်၊ အငယ်ဆုံးက ရန်လိုက္ကျဲတဲ့။ ပခန်းကြီး တိုက်ပွဲမှာ ပါကြတယ်။ ပခန်းကြီးကျုံးအပြင်ဘက်မှာ တပ်ချ ထားစဉ် ညီအကိုသုံးယောက် ဝိုင်းထိုင်ပြီး ထမင်းစားကြတယ်။

ထမင်းစားနေစဉ် မြို့ထဲက ပစ်လိုက်တဲ့လှံက ထမင်းပွဲ အလယ်ကောင်  လာစိုက်တယ်။  အစ်ကိုအကြီးဆုံးဖြစ်တဲ့ ဘယဂါမဏိက  ထပြေးတော့မလို  ဟန်ပျက်သွားတယ်။ ရာဇသင်္ကြန်ကတော့ ဖြတ်ကနဲ လက်ကိုရုပ်လိုက်တယ်။ ရန်လိုက္ကျဲ ကတော့ ထမင်းစား မပျက်ဘူး။  ဂရုကို မစိုက်ဘူး။ ထမင်း ပြီးအောင် စားတယ်။ အဲဒီတော့ အငယ်ဆုံးက သတ္တိအကောင်း

ဆုံးလို့ ပြောရမှာပေါ့။ အဲဒီလို သူရသတ္တိနဲ့ ပြည့်စုံတဲ့လူတွေ ရာဇဝင်မှာ ရှိကြတယ်။

မြို့ထဲကနေ ထွက်တိုက်တဲ့အခါ သူတို့ ကစဉ့်ကလျား ဆုတ်ခွါထွက်ပြေးကြရတယ်။ ရာဇသင်္ကြန်နောက်က တပ်သား နှစ်ယောက် လိုက်လာတယ်။ သူဟာ အသက်လွတ်အောင် ပြေးရင်းက လယ်ထဲက ရေတွင်းထဲ ကျသွားတယ်။ ရေတွင်း ကလည်း အလွန်ကြီးတော့မနက်ဘူးပေါ့။ နောက်က လိုက်လာတဲ့ စစ်သားနှစ်ယောက်က "ငါ ရာဇသင်္ကြန်ခေါင်း အရင်ယူမယ်၊ သူ အရင်ယူမယ်" ခေါင်းလုကြတယ်။

တွင်းထဲက ရာဇသင်္ကြန်က "မင်းတို့ ငါ့ခေါင်းကို ငါအပေါ် ရောက်မှ ဖြတ်၊ ငါ့ကို လှံ့ရိုးကမ်းလိုက်" ဆိုတော့ တစ်ယောက်က လှံ့ရိုးကမ်းလိုက်တယ်၊ ရာဇသင်္ကြန်က ဆောင့်ဆွဲလိုက်တဲ့အခါ အဲဒီအကောင်က တွင်းထဲဇောက်ထိုးကျသွားတယ်၊ ရာဇသင်္ကြန် က သူ့ခေါင်းကို ချက်ချင်းဖြတ်ပြီး "ရာဇသင်္ကြန်ခေါင်းဟော့" အော်ပြီး အပေါ်ပစ်တင်ပေးလိုက်တာ။ တွင်းပေါ်က စစ်သားက ခေါင်းရပြီဆိုပြီး လိုက်ကောက်စဉ် ရာဇသင်္ကြန်က လှံနဲ့ထောက်ပြီး ခုန်တက်ကာ ထွက်ပြေးသွားတယ်၊ ရာဇသင်္ကြန်က အဲဒီလောက် အကြံဉာဏ်ကောင်းတယ်။

ဘယဂါမဏိက ပွဲပေါင်း(၃၀)ကျော် အနိုင်ရတယ်။ ရာဇသင်္ကြန်ကလည်း ပွဲပေါင်း(၃၀)ကျော် အနိုင်ရတယ်။ တစ်ပွဲ နိုင်တိုင်း တစ်ပွဲနိုင်တိုင်း ဘုရင်ကြီးက လက်ခုပ်နဲ့ ရွှေတွေ ငွေတွေ ကျုံးယူခိုင်းတယ်။ အဲဒီလို ကျုံးယူလို့ရတဲ့ ရွှေတွေနဲ့ စစ်ကိုင်း တောင်ရိုး အနောက်ဖက် မင်းဝံတောင်မှာ မဟီယင်္ဂဏ ဘုရား

တည်ထားတယ်။ ယနေ့ခေတ်မှာ "မရှိခဏ" လို့ မှားခေါ်နေကြတယ်။ သူခိုးတကော်ပြား တည်တယ်လို့ အမှတ်မှားနေကြတယ်။ သူခိုးတကော်ပြားခေတ်နဲ့ ရာဇသင်္ကြန်ခေတ်က နှစ်(၈၀) လောက် ကွာတယ်။

## မဟိယင်္ဂဏစေတီ

'မဟိယင်္ဂဏ' နာမည်က သီဟိုဠ်က နာမည်ပဲ။ သီဟိုဠ်ဆရာတော်ကြီးတွေ မြန်မာပြည် အင်းဝကို ကြွလာကြတယ်။ အင်းဝဘုရင် မိုးညှင်းမင်းကြီးက ရတနာစေတီဆင်များရှင်ဘုရားအနီး ကျောင်းဆောက်ပြီး လှူထားတယ်။ အဲဒီ သီဟိုဠ် ဆရာတော်ကြီးနှစ်ပါးက ဦးဆောင်ပြီး ရတနာစေတီကို သီဟိုဠ်ပုံစံတည်ထားတာ ဖြစ်တယ်။

တကယ်ကတော့ သီဟိုဠ်ကျွန်းက တံတိုင်းတွေမှာ ဆင်ရုပ်ထည့်လုပ်တာ ထုံးစံဖြစ်တယ်။ ထူပါရုံစေတီ၊ မဟာစေတီ တံတိုင်းတွေမှာ ဆင်ရုပ်ရံထားတယ်။ ရတနာစေတီဘုရားဟာ သီဟိုဠ်ဆရာတော်ကြီးတွေ ပင့်လာတဲ့ ဓာတ်တော်ငါးဆူကို ဌာပနာပြီးတည်တဲ့ စေတီဖြစ်လို့ အစ တည်ကတည်းက ဆင်တံတိုင်းရံတည်တယ်လို့ ယူဆနိုင်စရာရှိတယ်။ ဆင်များရှင်ဘုရားလို့ ယနေ့ခေါ်ကြတယ်။ သမိုင်းဆရာတွေက ဆင်တံတိုင်းကို နောက်မှလုပ်တယ်လို့ ဆိုကြတယ်။

ရာဇသင်္ကြန်တို့၊ ဘယဂါမဏိတို့၊ ရန်လိုကျွဲတို့ဆိုတဲ့ အင်းဝသူရဲကောင်းတွေဟာ စွန့်စွန့်စားစား တိုက်ပွဲဝင်ကြသလို မဟောသဓပညာရှိရဲ့ သူရဲကောင်းတွေကလည်း စွန့်စွန့်စားစားနဲ့

ရန်သူကို ခုခံကာကွယ်လိုက်တဲ့အခါမှာ စူဋနီပြဟ္မဒတ်မင်းကြီးရဲ့ စစ်သားတွေဟာ မထိုးဖောက်နိုင်ကြဘူး။ တစ်မြို့လုံး ရံရုံ ရံထားကြတယ်။

## ရေပြတ်ခြင်း

မြို့ကို မချဉ်းကပ်နိုင်ဘူးဆိုတာကို စူဋနီပြဟ္မဒတ် ဘုရင်ကြီးက သိတဲ့အခါ ကေဝဋ္ဋပုဏ္ဏားကို တိုင်ပင်တယ်။ "တို့ ဘာလုပ်ကြမလဲ? ဒီအတိုင်း ပြန်သွားရင်လည်း ရှက်စရာဖြစ်မယ်။ ဘယ်လိုလုပ်မလဲ?" ကေဝဋ္ဋပုဏ္ဏားကြီးက ကျွန်တော်မျိုး ကြံပါ့မယ်၊ နည်းလမ်းတစ်ခု ရှိပါတယ်။ "ရေဆိုတာ မြို့တွင်းမှာ လုံလောက်အောင် မရှိဘူး။ မြို့ပြင်က ပေးရတာဖြစ်တယ်။ မြို့ကို ရေမရအောင် အဝင်အထွက်တွေကို အကုန်ဖြတ်၊ အကုန်ပိတ်ဆို့မယ်၊ မြို့ထဲမှာ ရေမရှိတော့ဘူးဆိုရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် ရေငတ်လာရင် လူတွေမနေနိုင်လို့ ဝိဒေဟမင်းကိုဖမ်းပြီး အရှင်မင်းကြီးကို ဆက်ကြမှာ သေချာတယ်။ မြို့လူတွေက ရေငတ်မခံနိုင်ကြဘူး။ ပထမ ရေကုန်အောင် ဝိုင်းကြမယ်"

သူလျှိုတွေက မဟောသဓထံ သတင်းပို့တယ်။ သတင်းပို့တဲ့အခါ လူကိုယ်တိုင် သွားတာမဟုတ်ဘူး။ မြို့ထဲကို မြားနဲ့ စာစွဲပြီး ပစ်လိုက်တာ။ အဲဒီမြားမှာ စာပါလို့ရှိရင် ဘယ်သူမှ ကြည့်ခွင့်မရှိဘူး။ မဟောသဓပညာရှိဆီ ပို့ရတယ်။ ရန်သူရဲ့ တိုင်ပင်ဆွေးနွေးမှုတွေကို မဟောသဓရဲ့ ထောက်လှမ်းရေးတွေက မြားနဲ့ စာဆွဲပစ်ပြီး သတင်းပို့ကြတယ်။

မဟောသဓက အစကတည်းက ရေကန်ကြီးတွေ တူးထား ရုံမက ဟိမဝန္တာတောင်ကနေ ကြွလာတဲ့ ရသေ့ဆီကရတဲ့ ကြာ မျိုးစေ့တွေကို အတောင်(၆၀)ရှိတဲ့ ဝါးလုံးကို ထက်ခြမ်းခွဲ အဆစ် တွေဖွင့်ပြီး အထဲမှာ ရွှံ့ညွန်တွေထည့်, အပေါ်က သားရေနဲ့ပတ် ပြီး စိုက်ထားတဲ့ကြာပင်တွေက ရှိတယ်။ ကြာက ဝါးထိပ်မှာ အပွင့်တောင် ပွင့်နေပြီ။ ကြာရိုးက အတောင်(၆၀) ရှည်တယ်။

အဲဒီမှာ မဟောသဓရဲ့လူတွေက အလိမ်ကောင်းကြတယ်။ အောင်မြင်ဖို့ဆိုတာ ဒီအချိန်မှာ သစ္စာစကားဆိုရမှာမဟုတ်ဘူး။ ရန်သူတွေ အမှန်မသိအောင် လိမ်ကြပတ်ကြရတယ်၊ သတင်း မှားတွေ ပေးကြတယ်။ မြို့ထဲကကြာရိုးကို အပြင်ရောက်အောင် ထုတ်ပြီး "အရှင်မင်းကြီး၊ ရေကန်ကြီးကလည်း အင်မတန်မှ ကြီးတယ်၊ လှေနဲ့ သွားရတာ။ ရေကန်ကြီးမှာ ကြာတွေကလည်း ပွင့်နေတာ၊ ကမ်းစပ်ကကြာရိုးကို နုတ်လာတာ၊ ကမ်းစပ်မှာ တောင်မှ ရေက ဒီလောက်နက်တယ်။ အရှင်မင်းကြီး တစ်နှစ် ဝိုင်းတောင် ရေကုန်မှာ မဟုတ်ဘူး။ မြို့ထဲမှာ ရေအလွန်ပေါ တယ်" လို့ သူလျှိုတမန်တွေက စူဠနီဗြဟ္မဒတ်ဘုရင်ကြီးဆီ သတင်းပို့တယ်။

ဘုရင်ကြီးက "ကဲ- ကြာရိုး ဘယ်လောက်ရှည်လဲ? တိုင်းကြ စမ်း" ဆိုတဲ့အခါမှာ တကယ်ရှိတာ အတောင်(၆၀)၊ သူတို့က လိမ်ပြီး အတောင်(၈၀)လို့ ဖြေတယ်။ အတောင်(၈၀)လို့ ပြောရုံ မကဘူး။ ဒီအတောင်(၈၀)ရှိတဲ့ ကြာရိုးဟာ ကမ်းစပ်က နုတ်ခဲ့ တာ။ ရေလယ်ခေါင်ကများ နုတ်ရမယ်ဆို ဒီ့ထက် ရှည်နိုင်သေး တယ်။ ဘုရင်ကြီးကို လိမ်ညာပြီး သံတော်ဦးတင်ကြတယ်။

ဘုရင်ကြီးက "ဟာ- ဒီလိုဆိုလို့ရှိရင် တို့ ရေကုန်အောင် စောင့်နေရင် ရမှာမဟုတ်တော့ဘူး။ ကေဝဋ္ဋပုဏ္ဏား နောက် တစ်နည်း ဘယ်လိုကြံကြမလဲ?" မေးတယ်။

## ရန်အောင်ကြောင်း ဥပါယ်လေးမျိုး

လောကမှာ ရန်သူကိုအောင်ဖို့ရာအတွက် နည်းလမ်း လေးသွယ် ရှိတယ်။ နည်းလမ်းလေးသွယ်ကို ဥပါယလေးမျိုးလို့ ပြောတာ၊ ဥပါယ်တံမျဉ်နဲ့ လုပ်ပုံလေးမျိုးရှိတယ်။ ပထမနည်းက **ဘေဒဥပါယ်** လို့ ခေါ်တယ်။ တစ်ယောက်နဲ့ တစ်ယောက် ကွဲအောင် ကုန်းတိုက်တာ။ ဝဿကာရပုဏ္ဏားက လိစ္ဆဝီမင်း တွေထံ သွားနေတယ်၊ ဆရာလုပ်ပြီး အလွန်ညီညွတ်တဲ့ လိစ္ဆဝီ အသိုင်းအဝိုင်းကြီး ကွဲပြားအောင်လုပ်တယ်။ အဲဒါနဲ့ လိစ္ဆဝီ နိုင်ငံကြီးက ပြိုကွဲသွားတယ်။ အဲဒါ ဘေဒဥပါယ်လို့ ခေါ်တယ်။ အကြီးအကျယ် စစ်တိုက်စရာမလိုဘူး။ သွေးကွဲအောင်လုပ်တယ်။

ဒီကနေ့ခေတ်လည်း သတိထားဖို့ လိုတယ်၊ စည်းလုံး ညီညွတ်မှုပျက်ပြားအောင် သွေးခွဲကြတယ်။ သွေးကွဲပြီဆိုရင် ရန်သူဝင်ဖို့ သေချာပြီနော်။ အချင်းချင်းကွဲပြီး လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် မတည့်ကြတော့ဘူး။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ရန်ဖြစ်ပြီဆိုရင် ရန်သူက ဝင်ဖို့ အင်မတန်မှ လွယ်သွားပြီ။ ဒါကို ဘေဒဥပါယ်လို့ ခေါ်တယ်။ ဒါက ရန်သူကိုအောင်တဲ့ နည်း တစ်နည်း။

နောက်တစ်နည်းက **ဒဏ္ဍဥပါယ်**လို့ ခေါ်တယ်၊ ဒါကတော့ အပြစ်ဒဏ်တွေခတ် အတင်းအကြပ် လုပ်ဆောင်ပြီး အောင်နိုင်အောင် ကြိုးစားတာပဲ။

နောက်တစ်ခုက **သာမဥပါယ်**လို့ခေါ်တယ်။ ငြိမ်းချမ်းရေး လုပ်တာ။ တစ်ဦးနဲ့တစ်ဦး ဆွေးနွေးတယ်၊ ညှိနှိုင်းတယ်၊ ဒါကို သာမဥပါယ်လို့ ခေါ်တာ။

နောက်တစ်ခုက **ဒါနဥပါယ်၊** လက်ဆောင်ပေးပြီး အနိုင်ယူတာ။

**ဘေဒဥပါယ်**က တစ်ဦးနဲ့တစ်ဦးကွဲအောင် ကုန်းတိုက်တာ။ **ဒဏ္ဍဥပါယ်**က လူတစ်ယောက်ကို ဒုက္ခရောက်အောင် အနိုင်ကျင့်တာ။ **သာမဥပါယ်**က ငြိမ်းချမ်းရေးစကားပြောတာ။ **ဒါနဥပါယ်**က လက်ဆောင်ပေးပြီးအနိုင်ယူတာ။ နည်းလမ်းလေးသွယ် ဥပါယ်လေးမျိုးတဲ့။ အဲဒီမှာ ဘေဒဥပါယ်နဲ့လည်း နိုင်သွားတာ ရှိတယ်။ သာမဥပါယ်နဲ့ ငြိမ်းချမ်းရေးရသွားတာ ရှိတယ်။ ဒါနဥပါယ်နဲ့လည်း အနိုင်ရတာရှိတယ်။ ဒဏ္ဍဥပါယ်နဲ့လည်း အနိုင်ရတာ ရှိတယ်။ အဲဒီဥပါယ်လေးမျိုး တစ်မျိုးပြီးတစ်မျိုး စီမံဆောင်ရွက်ပြီး လူတွေဟာ အခက်အခဲတွေကို ကျော်လွှားဖို့ ကြိုးစားကြတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံမှာ စစ်ဖြစ်ရင် ဒီလို လုပ်ကြတာ။

## စားနပ်ရိက္ခာဖြတ်ခြင်း

နောက်တစ်မျိုးက ရိက္ခာပြတ်အောင် ဝိုင်းထားမယ်၊ **ညှက္ခယ–** ဆန်ရေစပါး ရိက္ခာပြတ်အောင် ဝိုင်းထားမယ်၊

ပိတ်ဆို့မယ်၊ အပြင်ဘက်က အစာမသွင်းစေရဘူး။ မြို့တွင်းမြို့ပြင် အပြင်ကရိက္ခာကို မသွင်းအောင် ပိတ်ဆို့မယ်လို့ အမိန့်ထုတ်တယ်။

မဟောသဓရဲ့ ထောက်လှမ်းရေးတွေက "အရှင့်သား၊ ဆန်ရေစပါး ရိက္ခာပြတ်လပ်အောင် သူတို့ဝိုင်းလိမ့်မယ်" လို့ သတင်းပို့တယ်။ မဟောသဓက အစကတည်းက စပါးကျီတွေ ရှိသမျှ ဆန်ရေစပါး အကုန်ဖြည့်ထားတာ။ ဖြည့်ရုံတင်မကဘူး၊ မြို့ထဲမှာ စပါးခင်းတွေလုပ်ပြီး စိုက်ပျိုးထားတာ။

သူလျှိုတွေက မြို့တွင်းဝင်ပြီး "မြို့ထဲမှာ စပါးကျီတွေ အပြည့် အိမ်တိုင်း, အိမ်တိုင်း စပါးကျီတွေ ပြည့်နေတယ်။ မြေကွက်လပ်တွေမှန်သမျှ စပါးပင်တွေ စိုက်ထားတယ်" လို့ လိမ်ညာပြီး ပြောကြတယ်။ "အရှင်မင်းကြီး တစ်နှစ်ဝိုင်းတောင် စပါးက မကုန်ဘူး။ လိုချင်သေးရင်ရတယ်"လို့ လျှောက်တင်ကြတယ်။

ထို့ပြင် စပါးတွေ အထုပ်နဲ့ထုပ်ပြီးတော့ မြို့ရိုးပေါ်ကနေ စပါးအထုပ်လိုက် အောက်ကိုပစ်ချပြီး "မင်းတို့ ထမင်းမစားရရင် ယူသွား၊ ငါတို့မှာ စပါးတွေ ပိုနေတယ်"။ စိတ်ဓာတ်ကျအောင် အတွင်းက ကြံဆောင်ပြုလုပ်ကြတယ်။ သူလျှိုတမန်တွေက "တစ်နှစ်မကဘူး၊ ဆယ်နှစ်စားတောင် မကုန်ဘူး၊ စပါးတွေ ရှိတယ်"လို့ လိမ်ပြောကြတယ်။

ကေဝဋ္ဋပုဏ္ဏားကြီးက နောက်တစ်နည်းရှိတယ်။ စပါးက စပါးချည်း စားလို့မရပါဘူး။ ထင်းနဲ့ ချက်ရတာလေ။ အဲဒီတော့ ထင်းပြတ်အောင် လုပ်မယ်။ အပြင်ဘက်ကလည်း ထင်းမသွင်း

စေရဘူး။ အဲဒီတော့ ထင်းပြတ်အောင် လုပ်မယ်ဆိုတော့ သူလျှို တမန်တွေက စူဠနီဗြဟ္မဒတ်မင်းကြီးထံ တင်ပြကြတယ်၊ "အရှင်မင်းကြီး, ကျွန်တော်မျိုးတို့ မြို့ထဲ ဝင်ကြည့်လိုက်တဲ့အခါမှာ ထင်းပုံကြီးက တောင်ပုံရာပုံ ရှိတယ်။ အိမ်တိုင်း အိမ်တိုင်းမှာ ထင်းပုံကြီးတွေက အမြင့်ကြီးတွေ၊ တံတိုင်းဘေးမှာလည်း ထင်းပုံကြီးတွေ တစ်နှစ်သုံးလည်း ကုန်မှာမဟုတ်ဘူး။ ဒီလို ဒုက္ခရောက်ရင် သုံးဖို့ဆိုပြီး မဟောသဓပညာရှိက ကြိုတင်စုဆောင်းထားတာ" လို့ လိမ်ပြောကြတယ်။ ဟုတ်တာရော မဟုတ်တာရော အကုန်လုံးရောပြီး လိမ်ကြညာကြတယ်။

ဘုရင်ကြီးက "ဒါဆို ထင်းပြတ်အောင် ဝိုင်းလို့ မဖြစ်ဘူး။ ထင်းလည်း ပြတ်မှာမဟုတ်ဘူး" ကေဝဋ္ဋပုဏ္ဏားကြီးကို ခေါ်ပြီး မေးပြန်တယ်။ "တို့ဘယ်လိုလုပ်မလဲ? တို့ထင်တာတွေ တစ်ခုမှ မဖြစ်ဘူး။ ကေဝဋ္ဋပုဏ္ဏားကြီးက "လွယ်ပါတယ် အရှင်မင်းကြီး၊ ကျွန်ုပ်တစ်ခု အကြံရပါတယ်။ **ဓမ္မယုဒ္ဓကျင့်ဝတ်ဖြင့် အနိုင်အရှုံးကို ဆုံးဖြတ်မယ်။** "အရှင်မင်းကြီး၊ ဓမ္မယုဒ္ဓဆိုတာ တခြားမဟုတ်ဘူး။ ကြီးသူနဲ့ ငယ်သူ၊ ငယ်တဲ့လူက ကြီးတဲ့လူကို ရှိခိုးရတယ်။ မဟောသဓက သူ့မြေးလောက်ပဲ ရှိသေးတယ်။ သူတို့နှစ်ယောက်တွေ့ရင် မဟောသဓက သူ့ကို ရှိခိုးမှာ သေချာတယ်ပေါ့၊ အဲဒီတော့ ရှိခိုးတဲ့သူအရှုံးဆိုပြီး ကြေငြာမယ်" လျှောက်တယ်။

အဲဒီသတင်းကလည်း ပေါက်ကြားသွားတယ်။ မဟောသဓလူတွေက သတင်းစကား အကုန်ပို့တာ။ ဓမ္မယုဒ္ဓ ဆိုတာ လုပ်လိမ့်မယ်။ ရှိခိုးတဲ့သူကအရှုံး ဆိုတာကို သတ်မှတ်လိမ့်မယ်။ ဒါက အရက်ပြေလုပ်တာ။

နှစ်ဦးသဘောတူ တွေ့ဆုံကြမယ်လို့ ရက်ချိန်းကြတယ်။ တွေ့ဆုံမယ့်နေရာကို သတ်မှတ်ကြတယ်။ ကေဝဋ္ဋပုဏ္ဏားကြီးက ကြိုတင်ပြီး ကွင်းရောက်နှင့်ပြီး စောင့်နေတယ်။ နေထွက်ပြီး အတော်နေမြင့်မှ မဟောသဓေ ရောက်လာတယ်။ ကေဝဋ္ဋပုဏ္ဏားကြီးက ချွေးပြိုက်ပြိုက်ကျအောင် စောင့်နေရတယ်။ အဲဒီမှာ မဟောသဓေ ကေဝဋ္ဋပုဏ္ဏားကြီး မြင်လောက်တဲ့နေရာ ရောက်တဲ့အခါ လက်ထဲက ပတ္တမြားရတနာကို မြင်အောင်ပြတယ်။ လက်ထဲက ပတ္တမြားမြင်တာနဲ့ ပုဏ္ဏားက "ငါ့ ပေးမလို့နေမှာ" ဆိုပြီး ဝမ်းသာနေတယ်။ အဖိုးတန်ပတ္တမြားရတနာကို လက်က ကေဝဋ္ဋပုဏ္ဏားကြီးမြင်အောင် ပြတယ်။"

မဟောသဓအေနီး ရောက်လာတဲ့အခါ ကေဝဋ္ဋပုဏ္ဏားကြီးက "ကျွန်ုပ်တို့ ဒီရောက်နေတာ ရက်အတော်ကြာပြီပေါ့။ ခင်ဗျားတို့က ဘာမှလည်း ဧည့်ဝတ်လာမပြုဘူး။ လက်ဆောင်ပဏ္ဏာလည်း ပေးဖော်မရဘူး။ ကျွန်ုပ်တို့ ဧည့်သည်သဘော ဘာဖြစ်လို့ ဧည့်မခံတာတုန်း" လို့ ပြောလိုက်တယ်။

မဟောသဓေ ချေချေငံငံ ယဉ်ယဉ်ကျေးကျေးနဲ့ "ဟုတ်ပါတယ်။ လက်ဆောင်ပေးဖို့ ပစ္စည်းရှာနေတာ တော်တော်နဲ့မရလို့ သင်နဲ့ထိုက်တန်တယ်လို့ ယူဆလို့ လက်ဆောင်ယူလာပါတယ်"

"ဒါဆိုလည်း သူ့ကို လက်ဆောင်ပေးပါ" ဆိုပြီး လက်ကမ်းတဲ့အခါ မဟောသဓေ သူ့ရဲ့ပတ္တမြားကို သူ့လက်ကြားထဲကျအောင် ပစ်ချလိုက်တယ်။ လက်မှချော်ကျသွားပြီး ပတ္တမြားက မဟောသဓရဲ့ ခြေထောက်ဆီ လိမ့်ဆင်းသွားတယ်။ အဲဒီမှာ ကေဝဋ္ဋပုဏ္ဏားကြီးက ပတ္တမြားကို ကုန်းကောက်တယ်။

ကုန်းကောက်တဲ့အခါ မဟောသဓက ပုဏ္ဏားကြီးရဲ့ ခေါင်းရော ပခုံးရော နှိပ်ပြီးတော့ "ကျွန်ုပ်ကို မရှိခိုးပါနဲ့၊ ကျုပ်ဟာ မြေးလောက်ပဲ ရှိသေးတာ၊ ဘယ့်နှယ့်ကြောင့် ရှိခိုးရတာတုန်း၊ မရှိခိုးပါနဲ့"လို့ အသံကျယ်ကျယ် အော်ဟစ်ပြောဆိုတယ်။ ပုဏ္ဏားကြီးကို နဖူးပွန်းသွားအောင် မြေကြီးနဲ့နဖူးပွတ်ပြီး ဂုတ်ဆွဲကာ တွန်းပစ်လိုက်တယ်။ ပတ္တမြားလည်း မကောက်လိုက်ရဘူး။ ပတ္တမြားကို မဟောသဓရဲ့လူတွေကကောက်ပြီး သိမ်းသွားတယ်။

အဲဒီမှာ မဟောသဓလူတွေက "ကေဝဋ္ဋပုဏ္ဏားကြီးက မဟောသဓကို ရှိခိုးတယ်" လို့ အော်ဟစ်ပြောကြတယ်။ အားလုံးက ပုဏ္ဏားကြီး ကုန်းနေတာမြင်တော့ ရှိခိုးတယ်လို့ ထင်ကြတာပေ့ါ။ "ရှိခိုးတဲ့သူ အရှုံး" ဆိုတဲ့အခါ စူဠနီဗြဟ္မဒတ် လူတွေ ငါတို့ ဒုက္ခရောက်ပြီဆိုကာ ထွက်ပြေးကုန်ကြတယ်။ ဘုရင်ကြီးကလည်း ထွက်ပြေးတယ်၊ အားလုံး သူ့စစ်တပ်က လူတွေကလည်း ထွက်ပြေးသွားကြတယ်၊ ထွက်ပြေးလိုက်ကြတာ မိထိလာမြို့နဲ့ သုံးယူဇနာလောက် ဝေးတဲ့အရပ်အထိ ရောက်သွားကြတယ်။

အဲဒီလို နည်းပရိယာယ်နဲ့ လုပ်လိုက်တဲ့အခါ ကေဝဋ္ဋပုဏ္ဏားကြီးနဲ့ စူဠနီဗြဟ္မဒတ်မင်းတို့ရဲ့ စစ်တပ်ကြီးဟာ ထိန်းမရအောင် ဖရိုဖရဲပြိုကွဲပြီး ဆုတ်ခွါထွက်ပြေးသွားကြတယ်။

ကေဝဋ္ဋပုဏ္ဏားကြီးက နဖူးက သွေးစက်လေးတွေသုတ်ပြီး မြင်းစီးကာ နောက်မှလိုက်တယ်၊ "မပြေးကြပါနဲ့၊ မပြေးကြပါနဲ့၊ ကျုပ်က ရှိခိုးတာ မဟုတ်ပါဘူး၊ ပတ္တမြား ကုန်းကောက်တာပါ၊

ရှိခိုးတာမဟုတ်ပါဘူး”လို့ပြောသော်လည်း ဘယ်သူမှနားမထောင်ဘူး။

ဒီတစ်ချီမှာ မဟောသဓပညာရှိရဲ့ စွမ်းအားနဲ့ ရန်သူစစ်တပ်ကြီးကို အခုလို ထွက်ပြေးအောင် လုပ်နိုင်ခဲ့တယ်ပေါ့။

## နိဂုံး

ဒါ့ကြောင့်မို့ ပညာစွမ်းအားဆိုသည်မှာ တဖက်သားကို အနိုင်ယူနိုင်ဖို့ စွမ်းဆောင်နိုင်တယ်ဆိုတာဟာ အင်မတန်မှ ထင်ရှားတယ်။ လောကမှာ ပညာဟာ အင်မတန်မှ တန်ဖိုးရှိတာကြောင့် အရာခပ်သိမ်းကို အမှတ်တမဲ့မနေကြဘဲ လေ့လာဆည်းပူး အားထုတ်ပြီး အသိပညာတွေ တိုးပွါးအောင် ကြိုးစားကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောထားပြီး ပညာတိုးပွါးအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

THITSARPARAMI 2009

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၁၂)

သာသနာတော်နှစ် ၂၅၆၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၁-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၃)ရက်၊ (၂၁. ၅. ၂၀၁၉) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာကျောင်းတိုက်၊ ဓမ္မရတိမဟာဓမ္မသဘာဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် မြတ်ဗုဒ္ဓဖွားတော်မူသည့် ၂၆၄၂-နှစ်မြောက် မွေးနေ့အကြို ဓမ္မပူဇာ အထူးဓမ္မသဘင် အခမ်းအနား၌ ဦးဇိနောရသနှင့် ဦးဝရသာမိတို့အား အမှူးထား၍ ဒေါ်အေးမူ၊ သမီး ကိုမင်းသန်းထွန်း+မယုမွန်စိုး၊ သမီး ဒေါက်တာ အိမွန်စိုး၊ မြေး သွန်းဟေသာ မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၁၂)"** တရားဒေသနာတော်။

မိထိလာမြို့ကို ဝန်းရံထားတဲ့ စူဠနီဗြဟ္မဒတ်မင်းရဲ့ တစ်ဆယ့်ရှစ် အက္ခောဘဏီစစ်တပ်ကြီးဟာ ကောလာဟလ တပ်လှန့်သံကြားပြီး ဖရိုဖရဲနဲ့ပြိုကွဲပြီး ဆုတ်ခွာထွက်ပြေးသွားကြရတယ်။

"လောကမှာ လူအများစုဟာ သေသေချာချာ စူးစမ်းလေ့ မရှိကြဘူး။ အသံကြားတာနဲ့ လန့်ကြဖြန့်ကြတယ်။ "ဘာတဲ့"လို့ ပြောလိုက်တာနဲ့ တပြိုင်နက် လူတွေက ဟုတ်မဟုတ်ကို စီစစ် ခဲတယ်။ လူဆိုတာ အသံကြားရုံနဲ့ ယုံကြည်တတ်တယ်။ အဲဒါ ကြောင့် တချို့ မဖြစ်သင့်တဲ့ကိစ္စတွေ ဖြစ်သွားတယ်။"

တကယ်ကတော့ မဟောသဓပညာရှိနဲ့ ကေဝဋ္ဋပုဏ္ဏား ကြီးတို့ရဲ့ **"ဓမ္မယုဒ္ဓ"** (ကြီးသူကို ငယ်သူက ရှိခိုးစတမ်း)ဆိုတဲ့ ထုံးတမ်းစဉ်လာအရ ယှဉ်ပြိုင်ကြတဲ့အခါမှာ တကယ်ရှိခိုးတာ မဟုတ်သော်လည်း "ရှိခိုးတယ်" အော်လိုက်တဲ့အသံကို ယုံမှတ်ပြီး လန့်ဖြန့် ထွက်ပြေးသွားကြတာ ဖြစ်တယ်။ "ရှိခိုးတဲ့လူ အရှုံး" ဆိုတော့ ပတ္တမြားကုန်းကောက်တဲ့ ပုဏ္ဏားကြီးက ရှိခိုးသလို ဖြစ်သွားပြီး သူတို့ရှုံးပြီဆိုကာ ထွက်ပြေးသွားကြတယ်။

မြန်မာ့သမိုင်းထဲမှာလည်း ဒီအတိုင်းပဲ၊ ပြည်မြို့မှာ စကော တစ်ချပ် လေတိုက်လို့ လွင့်သွားတာကို "ငါ့စကော, ငါ့စကော" လို့ စကောပိုင်ရှင်ရဲ့ အော်သံကြားရုံနဲ့ "စကော စစ်တပ်ကြီး" တက်လာပြီဆိုကာ မြို့ပျက်သွားတယ်လို့ဆိုတယ်။

ငါးရှဉ့်ငါးဆယ်ဇာတ်မှာလည်း မြေပြိုတယ်ဆိုတဲ့ ဇာတ်လမ်း တစ်ပုဒ် ရှိခဲ့ဖူးတယ်။ တောင်တွေး မြောက်တွေး တွေးပြီး ကြောက်တတ်တဲ့ ယုန်လေးတစ်ကောင်ဟာ ခြုံအောက်မှာ အိပ်ရင်း စဉ်းစားတယ်။ "အခုချိန်မှာ မြေကြီးပြိုရင် ငါ ဘယ်လို လုပ်မလဲ?" သူ့ဟာသူ တွေးမိတာ။ အဲလို တွေးလိုက်တဲ့အချိန်မှာ သူအိပ်နေတဲ့ခြုံပေါ် ဥသျှစ်သီး ကြွေကျတယ်။ "ဖြုန်း"ဆိုတဲ့

အသံကြီးလည်းကြားရော "ဟာ မြေပြိုပြီ" ဆိုကာ ထပြေးတယ်။ လှည့်ကို မကြည့်ရဲတော့ဘူး။ လမ်းတွေ့သမျှ သတ္တဝါတွေက ဘာလို့ပြေးတာတုန်းဆို မြေပြိုလို့ ပြောတယ်၊ အသံနောက်လိုက်ပြီး တောထဲမှာရှိတဲ့ ဆင်တွေရော၊ တောကျွဲတွေရော ရှိသမျှ သတ္တဝါတွေဟာ "မြေပြိုပြီ"ဆိုကာ အကုန်လုံး ထွက်ပြေးကြတယ်။ ပင်လယ်ကမ်းခြေကို ဦးတည်ပြီး ပြေးနေကြတယ်။ မြေပြိုရင် ရေထဲကို ဆင်းကြမလို့နဲ့တူတယ်။

အဲဒီပြေးကြတဲ့အခါ ဘုရားအလောင်း ခြင်္သေ့ကြီးက စဉ်းစားတယ်။ မြေပြိုတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ မြေပြိုတယ်ဆိုတာ ဘယ်သူ ပြောတာတုန်းလို့ ဆင်ကိုမေးတော့လည်း ကျွဲပြောတာလို့ ဆိုတယ်။ ကျွဲမေးတော့လည်း သမင်က ပြောတယ်။ သမင်ကိုမေးတော့လည်း နောက်တစ်ကောင်ကို ပြောတယ်။ မြေပြိုတယ်ဆိုပြီး ပထမဆုံးပြေးတဲ့ ယုန်ကို သွားတွေ့တယ်။ မြေပြိုတယ်ဆိုတာ ဟုတ်လားဆိုတော့ "ဟုတ်တယ်၊ ဝုန်းကနဲ အသံကြီး ကြားလိုက်တယ်"။

"အေး ဒါဖြင့်အဲနေရာကို သွားကြည့်မယ်၊ "မလိုက်ရဲဘူး"။ "မလိုက်ရဲရင် ငါ့ကျောပေါ်တက်" ဆိုပြီး ခြင်္သေ့က ခေါ်သွားပြီး သူအိပ်တဲ့နေရာ ပြခိုင်းတယ်။ ခြုံပေါ် ဥသျှစ်သီးကြွေကျတာ တွေ့ရတယ်။ ဥသျှစ်သီး ကြွေကျတာကို မြေပြိုတယ်ထင်ပြီး ယုန်ပြောတာကို ယုံပြီး သတ္တဝါတွေ အကုန်လုံး ပင်လယ်ထဲ ဆင်းကြတော့မလို့ ဖြစ်သွားတယ်၊ အသိဉာဏ်ရှိတဲ့ ခြင်္သေ့ကြီးရဲ့ ရှင်းပြမှုကြောင့် မြေပြိုတာမဟုတ်ဘူးဆိုတာ သိကြရလို့ အကြောက်ပြေသွားကြတယ်။

အခုလည်း "ရှိခိုးသူ ရှုံးစတမ်း" ဆိုတော့ မဟောသဓ ပညာရှိက အကြံဉာဏ်နဲ့ လက်ထဲထည့်လိုက်တဲ့ ပတ္တမြား အောက်ကျသွားလို့ ကုန်းကောက်တာ။ ကုန်းကောက်တဲ့အခါ တမင် အသံမြှင့်ပြီး "ဆရာကြီး, ကျွန်ုပ်က မြေးလောက်အရွယ်ပါ၊ မရှိခိုးပါနဲ့၊ မရှိခိုးပါနဲ့"လို့ တမင်အကွက်ဆင်ပြီး ပြောလိုက်တဲ့ စကားက ကျယ်လောင်သွားပြီး "ဟာ- ကေဝဋ္ဋပုဏ္ဏားကြီးက ရှိခိုးနေပြီ" ဆိုပြီး ထိန်းမရ သိမ်းမရအောင် စစ်တပ်ကြီး ပြိုကွဲသွားတယ်။ အသံကြောင့် ဖြစ်သွားတယ်လို့ ဆိုလိုတယ်။

သို့သော် ကေဝဋ္ဋပုဏ္ဏားကြီးက "ရှိခိုးတာ မဟုတ်ပါဘူး၊ မပြေးကြပါနဲ့၊ မပြေးကြပါနဲ့"လို့ အော်ပြောသော်လည်း သူ့အသံ မပေါ်တော့ဘူး။ "ပြေးကြဟေ့ ပြေးကြဟေ့"အသံက လွှမ်းသွားပြီး ပြေးကုန်ကြတယ်။ အဲဒီလိုနဲ့ မိထိလာမြို့ကို ရံနေတဲ့စစ်တပ်ကြီးဟာ ၂၄-မိုင်လောက် ဝေးကွာတဲ့နေရာ ရောက်ပြီးမှ ကေဝဋ္ဋပုဏ္ဏားကြီးရဲ့အသံကို ကြားရပြီး ခေတ္တရပ်တန့်သွားတယ်။

ရပ်တန့်တဲ့အခါမှာ ကေဝဋ္ဋပုဏ္ဏားကြီးက အေးအေးဆေးဆေး ပြောပြတယ်။ အဖြစ်အပျက်ကို သေချာသိရတော့မှ အားလုံးက 'ဟာ'ကနဲ ဖြစ်သွားတယ်။ အဲဒီမှာ ပြန်ပြီး ချီတက်ကြမယ်ဆိုပြီး မိထိလာမြို့ကို အရောက်ချီတက်ကြပြန်တယ်။ မိထိလာမြို့ကို ပြန်ပြီး ဝိုင်းထားကြပြန်တယ်။

## ပိတ်ဆို့ဗျူဟာ

မြို့တွင်းမြို့ပြင် အသွားအလာမရှိအောင်ပိတ်တယ်၊ မြို့တွင်းကလူတွေ အပြင်ထွက်လို့ မရဘူး။ အပြင်ကလူတွေကလည်း

အတွင်းမဝင်ရအောင် လေးဘက်လေးတန်က ဖြတ်ထားလိုက်တာ။ အဲဒီနည်းနဲ့ ပိတ်ဆို့ဝန်းရံထားလိုက်တဲ့အခါ မြို့ထဲကလူတွေ ထွက်ပေါက်မရှိလို့ စိတ်ပျက်ပြီး မြို့တံခါး ဖွင့်ပေးလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့လုပ်တာ။

မဟောသဓပညာရှိက စဉ်းစားတယ်၊ “ဒီတစ်ခါက် ကြာကြာ အဝိုင်းခံရလို့ မဖြစ်ဘူး။ သူတို့ရင်ထဲက ကြောက်လန့်နေတဲ့ အခြေအနေလေး မပျောက်ခင် သပ်လျှို သွေးခွဲတဲ့စနစ်နဲ့ ကြောက်လန့် ထွက်ပြေးအောင် လုပ်မှဖြစ်မယ်။ ရန်သူကို အောင်နိုင်ဖို့ဆိုတဲ့ နည်းတွေထဲမှာ **ဘေဒဉပါယ်** လို့ခေါ်တဲ့ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် မယုံသင်္ကာတွေ ဖြစ်အောင် လုပ်တဲ့နည်းပဲ။

သပ်လျှိုသွေးခွဲတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် မယုံသင်္ကာတွေ ဖြစ်အောင်လုပ်တာ။ သူက သတင်းပေးလား? သူက အင်ဖော်မာလား? သူက ထောက်လှမ်းရေးလား? လူဟာ တစ်ယောက်နဲ့တစ်ယောက် မယုံကြတော့ဘူး။ အဲဒီလိုဖြစ်အောင် ဖန်တီးတဲ့နည်းကို မဟောသဓပညာရှိက အသုံးချပြီး အကျော် ဘဏီစစ်တပ်ကြီးကို ပြိုသွားအောင် နည်းပရိယာယ် ဆင်ပြန်တယ်။

မြတ်စွာဘုရားလက်ထက်က အလွန်ညီညွတ်တဲ့ ဝေသာလီ နိုင်ငံတော်ကြီးကို အဇာတသတ်မင်းက ဝင်ရောက် ကျူးကျော် တိုက်ခိုက်ဖို့ ဆုံးဖြတ်တယ်။ အလွန်ညီညွတ်တဲ့ ဝေသာလီပြည်ကြီး ကို တကယ်သွားတိုက်မယ်ဆိုရင် နှစ်ဖက်အကျအဆုံးများမယ်။ လူတွေ သေကြမယ်။

အသောကမင်းကြီး ကာလိင်္ဂတိုင်းကို သွားတိုက်တဲ့အခါ လူတစ်သိန်း သုံ့ပန်းအဖြစ် အဖမ်းခံရပြီး လူတစ်သိန်းကျော်ဟာ အသက်ဆုံးကြရတယ်။ လူတွေရဲ့ အသက်ပေါင်းများစွာ ဆုံးရှုံးကြပြီး သွေးချောင်းစီးသွားတယ်။

မဟောသဓပညာရှိက ဝိုင်းထားတဲ့ စစ်တပ်ကို သပ်လျှိုသွေးခွဲတဲ့နည်းစနစ်ကိုသုံးပြီး ပြိုကွဲအောင်လုပ်တယ်။ စူဠနီ ဗြဟ္မဒတ်ကြီးကို စည်းရုံးဖို့ အနုကေဝဋ္ဋဆိုတဲ့ ပုဏ္ဏားတစ်ယောက်ကို အသုံးချတယ်။ ပုဏ္ဏားက ရန်သူစစ်တပ်က လူတွေကို ရိက္ခာထောက်ပံ့တဲ့အလုပ် လုပ်တယ်။ ရိက္ခာထောက်ပံ့တယ်၊ 'လာကြလာကြ စားကြ။ ဟောဒီက စားစရာတွေ ပေးတယ်'။ ပေးပြီးတော့ သူက သတင်းလွှင့်တယ်။ "မင်းတို့ စိတ်မပျက်ကြနဲ့၊ မကြာတော့ဘူး၊ တို့နိုင်ငံကလူတွေက မညီမညွတ် ဖြစ်ကုန်ကြပြီ။ မကြာခင် မင်းတို့အလွယ်တကူ ဝိဒေဟဘုရင်နဲ့ မဟောသဓတို့ကို ဖမ်းနိုင်တော့မှာ"လို့ ပြောပြီး နေ့စဉ် မုန့်ပဲသရေစာတွေ ချကျွေးတယ်။

မဟောသဓပညာရှိရဲ့ သူရဲကောင်းတွေက အနုကေဝဋ္ဋကို တွေ့တဲ့အခါ ရန်သူအားပေးသူဆိုပြီး ဖမ်းကြတယ်။ ကတုံးတုံးကျောတစ်ရာ ရင်တစ်ရာ ရိုက်နှက် အုတ်နီခဲမှုန့်တွေ ပြာတွေခေါင်းကိုသုတ်ပြီး အဲဒီပုဏ္ဏားကြီးကို တံတိုင်းပေါ်က အောက်ကို ချကြတယ်။ "သွား၊ ဒီလောက်တောင် မင်း ရန်သူတွေ အားပေးချင်တဲ့ကောင် သူတို့ဆီသွားနေ၊ တို့နိုင်ငံမနေနဲ့တော့" အော်ဟစ်ပြီး နှင်လွှတ်လိုက်တယ်။

ရန်သူစစ်တပ်ဘက်ကလူတွေက "ဒီပုဏ္ဏားက ဒို့ကိုကျွေးတဲ့ ပုဏ္ဏားပဲ၊ ဖြစ်မှဖြစ်ရလေ။ ဒို့ကိုကျွေးလို့ အပြစ်ဒဏ် ပေးအပ်ခံရတယ်"လို့ မှတ်ထင်ကြတယ်။ ငါတို့ကိုကျွေးမွေးလို့ ဒီပုဏ္ဏားကြီး ပြစ်ဒဏ်ခံရတယ်ဆိုပြီး သနားနေကြတယ်။

ရန်သူစစ်တပ်ကလူတွေက အနုကေဝဋ္ဋကို စူဠနီဗြဟ္မဒတ် မင်းကြီးထံ ခေါ်သွားကြတယ်။ "သူ့ကို ဘာအပြစ်ရှိလို့ ဒီလို ပြစ်ဒဏ်ပေးရတာလဲ" မေးတဲ့အခါ လိမ်လည်ပြီး ပြောပြကြတယ်။ "သူက တိတ်တဆိတ် အရှင်မင်းကြီးရဲ့ စစ်တပ်တွေကို ထောက်ပံ့တယ်။ သတင်းပေးတယ်။ အဲဒါကို မဟောသဓ သိသွားတဲ့အခါ သူ့ကို အခုလို ပြစ်ဒဏ်ပေးပြီး နှင်ထုတ်လိုက်တာ ဖြစ်ပါတယ်"။

အနုကေဝဋ္ဋပုဏ္ဏားက ဘုရင်ကြီးနဲ့ ရင်းနှီးမှုရအောင် နေထိုင်ပြီးနောက် ဘုရင်ကို ပြောတယ်။ "အရှင်မင်းကြီး ဘာမှ မပူနဲ့၊ ဒီမိထိလာပြည်ရဲ့ တံတိုင်းက ခိုင်တဲ့နေရာ, မခိုင်တဲ့နေရာ ကျွန်တော်မျိုး သိတယ်။ ကျုံးတွေထဲမှာလည်း မိကျောင်းတွေ ရှိတဲ့နေရာ, မရှိတဲ့နေရာ လူဝင်လို့ရတဲ့နေရာ၊ ဝင်လို့မရတဲ့နေရာ အားလုံး ကျွန်တော်မျိုးသိတယ်တဲ့။ ဘယ်နေရာက ဝင်လို့ရတယ် ဆိုတာ အားလုံးပြောနိုင်တယ်။"

ဘုရင်ကြီးကလည်း အပြစ်ဒဏ်ခတ်ပြီး မောင်းထုတ်လိုက်တဲ့လူဆိုတော့ အနုကေဝဋ္ဋကို အသုံးချချင်တာပေါ့။ သူ့အစီအစဉ် အတိုင်း လိုက်ဖို့ စစ်တပ်တွေကို ဘုရင်က အမိန့်ပေးတယ်။ စစ်သားတွေကို ဘယ်တံတိုင်းက မခိုင်ဘူး၊ အဲနားသွား၊ ဘယ် ကျုံးက ဖြတ်၊ ဘယ်နေရာကဖြတ် ဆိုတာတွေ ပြောတယ်။ သူ ဖြတ်ခိုင်းလိုက်တဲ့နေရာက တကယ့်ကို ရက်စက်တဲ့မိကျောင်းတွေ

ရှိတဲ့နေရာဖြစ်တယ်။ သူပြောတဲ့အတိုင်း လုပ်တဲ့လူတွေ မိကျောင်း အကိုက်ခံရတယ်။

မခိုင်ခံ့ဘူးဆိုတဲ့နေရာမှာ အစောင့်ထူထပ်စွာ ချထားတဲ့ နေရာဖြစ်နေတော့ မြားချက်ထိတာတို့၊ လှံချက်ထိတာတို့၊ အပေါ်က မြို့စောင့်တွေက ဓားလှံတွေနဲ့ ထိုးခုတ်တာတို့ထိပြီး စစ်သားတွေ အတော်ပဲ ကျဆုံးကုန်တယ်။ မိကျောင်းစားတာ ခံရတယ်။ အဲဒီတော့ တံတိုင်းအနီး ဘယ်သူမှ မကပ်ရဲဘူး။ ကျုံးကိုလည်း ဘယ်သူမှ မဖြတ်ရဲကြတော့ဘူး။

စူဠနီဗြဟ္မဒတ်မင်းထံ အနုကေဝဋ္ဋက ချဉ်းကပ်ပြီး "အရှင်မင်းကြီး, အရှင်မင်းကြီးရဲ့ စစ်တပ်က အခု မဟောသဓ ပညာရှိရဲ့ သစ္စာခံတွေ ဖြစ်ကုန်ပြီ"လို့ သပ်လျှိုသွေးခွဲတယ်၊ မဟောသဓ ပညာရှိရဲ့လူတွေ ဖြစ်ကုန်ပြီ။ အသင်မင်းကြီးရဲ့ တစ်ရာသော မင်းတွေဟာ မဟောသဓပညာရှိရဲ့ တံစိုးလက်ဆောင်တွေ ရထားလို့ လာဘ်စားတဲ့လူတွေ ဖြစ်ကုန်ပြီ။ ဟန်ပြအနေနဲ့သာ အသင်မင်းကြီးကို ဝန်းရံနေကြတာ။ အသင်မင်းကြီးအတွက် အသက်စွန့်မယ့်သူ တစ်ယောက်မှ မရှိဘူး။ ကြည့်၊ ကျွန်ုပ်ကနေ ဘယ်နေရာကနေ တက်လို့ပြောရင် သူတို့မတက်ရဲဘူး။ သူတို့ အသက်စွန့်ပြီး မလုပ်ကြဘူး။ အသင်မင်းကြီးရဲ့ လူတွေဟာ သစ္စာဖောက်နေကြပြီ။"

"ကေဝဋ္ဋပုဏ္ဏားတောင်မှပဲ မဟောသဓ ပညာရှိဆီက ပတ္တမြားရတနာ ရလိုက်တာနဲ့ အရှင်မင်းကြီးတို့ကို သုံးယူဇနာ လောက် စစ်တပ်ကြီး ခွာသွားအောင်လုပ်တယ်။ ပြီးတော့လည်း

ပြန်ပြီးခေါ်လာတာ။ သူကိုယ်တိုင်ကိုက မဟောသဓပညာရှိ ပေးတာကို စားထားတဲ့ပုဂ္ဂိုလ် ဖြစ်နေပြီ။ အားလုံးဟာ တံစိုး လာဘ်ဆောင်စားထားတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။"

"နောက်ဆုံးမှာ အသင်မင်းကြီးလူဆိုလို့ ကျွန်ုပ်တစ်ယောက်ပဲ ရှိတော့တယ်။ ကျန်တဲ့လူတွေဟာ အကုန်လုံး အသင်မင်းကြီး အတွက် အလုပ်မလုပ်ကြတော့ဘူး။ ကျွန်ုပ်ပြောတာကို မယုံလို့ ရှိရင် အသင်မင်းကြီးရဲ့ တစ်ရာသောမင်းတွေကို သူတို့ဝတ်နေကျ အဝတ်တွေကိုဝတ်ပြီး အသင်မင်းကြီးနဲ့ တွေ့ခိုင်းကြည့်။ သူတို့ ဟာ မဟောသဓပညာရှိရဲ့လူတွေ ဖြစ်နေတယ်ဆိုတာ အသင် မင်းကြီးကိုယ်တိုင် တွေ့ရလိမ့်မယ်"။

တပ်ထဲမှာ မဟောသဓ လွှတ်ထားတဲ့လူတွေ အများကြီး ရှိတယ်။ အကျီတွေ နောက်ကျောမှာ မဟောသဓလို့ ထိုးထား တယ်။ အကုန်လုံး သူတို့ကိုင်တဲ့ လက်နက်တွေကအစ အဲဒီလို ဖြစ်အောင် မဟောသဓ လူတွေက လုပ်ထားတာ။ ဘုရင်ကြီးကို ခေါ်ပြလိုက်တယ်။

ဘုရင်ကြီးက "သူပြောတာ ဟုတ်ပုံရတယ်။ ငါက တံတိုင်း ဖြိုဖျက်ပြီးတော့ မြို့တွင်းဝင် အရှင်လတ်လတ် ဖမ်းဖို့လို့ အမိန့် ပေးပေမယ်လို့ သူတို့ တံတိုင်းနားတောင်မကပ်ရဲကြဘူး။ ဒီလူတွေ ငါ့အတွက် အသက်စွန့်မယ့်သူတွေ မဟုတ်တော့ဘူး"လို့ တွေးမိ လာတယ်။ ဘုရင်ကြီးက ကြောက်ရွံ့လာပြီး ဘယ်သူ့ပေါ်မှ မယုံကြည်တော့ဘူး။ ကေဝဋ္ဋပုဏ္ဏားကြီးပေါ်လည်း မယုံကြည် တော့ဘူး။ ဟုတ်တယ်၊ သူ ပတ္တမြားလိုချင်ဇောနဲ့ မမွယုဒ္ဓစစ်ပွဲ

မှာလည်း သူရှုံးခဲ့တယ်။ ငါတို့ ပြေးသွားတဲ့နောက်က လိုက်လာတယ်။ ငါတို့ကို ပြန်ခေါ်လာပြန်တယ်။ သူ့ အကြံဉာဏ်တော့ ရှိပုံရတယ်။

အနုကေဝဋ္ဋက အားလုံးကို ကုန်းတိုက်ပြီး သွေးခွဲထားတယ်။ ဘုရင်ကြီး စိတ်ထဲမှာ သံသယဖြစ်နေရတဲ့အချိန် "အရှင်မင်းကြီး, အရှင်မင်းကြီးရဲ့လူတွေဟာ အားလုံး တံစိုးလက်ဆောင်စားထားတဲ့လူတွေချည်းပဲ။ ဒီမှာ ကြာကြာနေလို့ မသင့်ဘူး။ ယနေ့ည သန်းခေါင်ချိန်မှာ အရှင်မင်းကြီး တပ်ဆုတ်တာ ကောင်းတယ်။ နို့မဟုတ်ရင် နောက်တစ်ရက် မနက်မိုးလင်းရင် အရှင်မင်းကြီးကို မဟောသဓပညာရှိက အရှင်လတ်လတ် ဖမ်းလိမ့်မယ်" ဆိုတော့ ပိုကြောက်လာတယ်။

"ဒီလိုဆိုရင် ငါ့ရဲ့စီးတော်မြင်းကို မင်းပဲ ပြင်ဆင်ပေးပါ"လို့ ခိုင်းလိုက်တယ်။ ချပ်ဝပ်တန်ဆာကို ခပ်တင်းတင်းဝတ်လိုက်လို့ရှိရင် အဲဒီမြင်းက ကဆုန်ပေါက်ပြေးတာ။ သူ့ရဲ့သင်္ကေတပေါ့။ ခပ်ချောင်ချောင် စည်းထားလို့ရှိရင် ခိုင်းတဲ့အတိုင်း ဖြေးဖြေးသွားတယ်။ မြန်မြန်သွားခိုင်းလို့ရှိရင် မြန်မြန်သွားတယ်။ မြင်းရဲ့ ချပ်ဝတ်ကို ခပ်တင်းတင်း စည်းလိုက်လို့ရှိရင် အဲဒီမြင်းက မရပ်တော့ဘူး၊ ဒုန်းပြေးတာ။ အနုကေဝဋ္ဋက စီးတော်မြင်းကို ခပ်တင်းတင်း စည်းပေးလိုက်တယ်။

ဘုရင်ကြီးအတွက် မြင်းကို ပြင်ပေးပြီး မဟောသဓရဲ့ လူတွေကို တိတ်တဆိတ် သွားပြောတယ်။ "ဒီကနေ့ည သန်းခေါင်ယံ စူဠနီဗြဟ္မဒတ်မင်းကြီး ထွက်ပြေးလိမ့်မယ်၊ မင်းတို့

မအိပ်ကြနဲ့၊ သူပြေးပြီဆိုလို့ရှိရင် အုတ်အော်သောင်းတင်း ဖြစ်အောင် ကြွေးကြော်ဖို့လိုတယ်”လို့ သူ့လူတွေနဲ့ ညှိထားတယ်။ ဘုရင်ကြီးကို မြင်းပေါ်တင်ပေးပြီး သူလည်း မြင်းနဲ့ ဘုရင်ကြီးနောက်မှ လိုက်သွားတယ်။ ဘုရင်ကြီးမြင်းက ချပ်ဝတ်တန်ဆာကြပ်ကြပ်စည်းထားလို့ ခြေစုံပေါက်ပြီး ဒုန်းပြေးတယ်။

အနုကေဝဋ္ဋက နောက်ကလိုက်ပြီး ပြန်လှည့်လာပြီး တပ်တွင်း လှည့်အော်တယ်။ “စူဠနိဗြဟ္မဒတ်မင်းကြီး ထွက်ပြေးသွားပြီ၊ စူဠနိဗြဟ္မဒတ်မင်းကြီး ထွက်ပြေးသွားပြီ” တစ်ရာသောမင်းတွေက မဟောသဓတပ် ဝင်စီးပြီထင်တယ်လို့ဆိုပြီး တွေ့ရာမြင်းကို ကောက်စီးပြီး အကုန်လုံး ထွက်ပြေးသွားကြတယ်။

“စူဠနိဗြဟ္မဒတ်မင်းကြီး ပြေးပြီ၊ မင်းတွေအားလုံးလည်း အကုန်ပြေးကြပြီ”ဆိုတဲ့ တပ်လှန့်သံပေးလိုက်တဲ့အခါ မဟောသဓရဲ့လူတွေကလည်း မြို့ထဲကနေပြီး အော်ဟစ်ကြွေးကြော်ကြတယ်။ လူတွေရဲ့သဘာဝဟာ အဲဒီအတိုင်းပဲ၊ မစဉ်းစားနိုင်တော့ဘူး၊ အသံကြားလို့ ကြောက်လန့်ထွက်ပြေးကုန်ကြတယ်။ ကိုယ်ဝတ်တဲ့ အဝတ်တောင် မဝတ်နိုင်ဘဲ ထွက်ပြေးသွားကြတယ်။

အကျွဲဘဏီ စစ်တပ်ကြီးက ယူလာတဲ့ပစ္စည်းဆိုတာ နည်းတာမှ မဟုတ်ဘဲ။ ဓားတွေ, လှံတွေ, လက်နက်တွေထားခဲ့ပြီး အကုန်ထွက်ပြေးသွားကြတယ်။ သပ်လျှိုသွေးခွဲပြီး မဟောသဓက တပ်လှန့်မောင်းထုတ်လိုက်တာဖြစ်တယ်။ စူဠနိဗြဟ္မဒတ်မင်းကြီးက သူ့နေပြည်တော်အရောက်ထိအောင် ပြေးသွားပြီး တစ်နှစ်အတွင်းမှာ ငြိမ်ငြိမ်ဝပ်ဝပ်ပဲ နေတော့တယ်။

မဟောသဓပညာရှိက မိထိလာမြို့ကြီးကို ဝန်းရံထားတဲ့ အကြောဘဏီစစ်တပ်ကြီးကို မြားတစ်ချက် မပစ်လိုက်ရဘဲ၊ လှံတစ်ချက် မထိုးလိုက်ရဘဲ ပြိုကွဲသွားအောင် သူ့ရဲ့ပညာစွမ်းအားနဲ့ ဖန်တီးပြီး တွန်းလှန်လိုက်တယ်။

ရန်သူကိုနိုင်ဖို့ ဥပါယ်လေးမျိုးဆိုတာ ရှိတယ်။ **သာမဥပါယ်၊ ဒဏ္ဍဥပါယ်၊ ဘေဒဥပါယ်၊ ဒါနဥပါယ်။ ဘေဒဥပါယ်** ဆိုတာ ရန်သူပြိုကွဲအောင်လုပ်တဲ့ နည်းစနစ်ပဲ။ အချင်းချင်း တစ်ဦးနဲ့တစ်ဦး မတည့်တောင် သပ်လျှိုသွေးခွဲပြီး တစ်ဦးနဲ့တစ်ဦး မယုံသင်္ကာဖြစ်၊ နောက်ဆုံးမှာ မဟုတ်သတင်းတွေလွှင့်၊ အတွင်းဝင်ပြီး မမှန်သတင်းတွေလွှင့်ပြီး စိတ်ဓာတ်ကျအောင်လုပ်ပြီး အကုန်မောင်းထုတ်လိုက်တာ၊ ဒါက ဘေဒဥပါယ်။ ဒီဥပါယ်က ဓားတွေ လှံတွေထက် အစွမ်းထက်တယ်တဲ့။ ယနေ့ခေတ်ထိအောင် အသုံးချလို့ရတယ်။

တစ်နှစ်ကြာမှ မိထိလာမြို့မှာ ရန်သူတွေ ကင်းစင်သွားပြီ၊ အကြောဘဏီစစ်တပ်ကြီး ကျန်ရစ်တဲ့ လက်နက်တွေ၊ ရတနာပစ္စည်းတွေ၊ သူတို့ဝတ်ဆင်ထားတဲ့ အဝတ်အစားတွေ၊ အသုံးအဆောင်တွေ အများကြီးရလိုက်တယ်။ သုံ့ပန်းတွေ အများကြီး ရလိုက်တယ်။

## နဖူးပေါ်က အမာရွတ်

ကေဝဋ္ဋပုဏ္ဏားကြီးက မှန်ကြည့်လို့ သူ့နဖူးကအမာရွတ်ကို တွေ့ရတဲ့အခါ မဟောသဓရဲ့လက်ချက်နဲ့ သူအရှက်ကွဲခဲ့ရတာကို

သတိရတယ်။ မင်းစိုးရာဇာ, ဗိုလ်ပါပရိသတ်အလယ်မှာ သူ့ကို အရှက်ခွဲခဲ့တယ်၊ ခေါင်းနှိမ်ပြီး နဖူးနဲ့မြေကြီးနဲ့ပွတ်လို့ နဖူးကွဲသွားတယ်။ နဖူးမှာ အမာရွတ်ကလည်း ရသွားတယ်။ လက်နဲ့စမ်းမိတိုင်း သူက မဟောသဓအပေါ် အခဲမကြေဘူး။ အမြဲတမ်းပဲ စဉ်းစားနေတယ်။ "ဘယ်လိုလုပ်ပြီး မဟောသဓကို လက်စားချေရမလဲ"။

## ငါးစာချ၍ မျှားခေါ်မည်

နောက်တစ်မျိုး အကြံရလာတယ်။ အကြံရလာပြီး စူဠနီ ဗြဟ္မဒတ်မင်းကြီးထံ အခစားဝင်တယ်၊ ဝိဒေဟဘုရင်နဲ့ မဟောသဓ တို့ကို အနိုင်ရဖို့ သူအကြံတစ်ခု ရထားတယ်လို့ လျှောက်တင်တယ်။ "လာပြန်ပြီလား၊ ငါတို့ဟာ ဝတ်ထားတဲ့ အဝတ်တောင် မယူနိုင်ဘဲ ထွက်ပြေးခဲ့ရတယ်၊ အခုလည်း မင်း အကြံဉာဏ်တွေက လာပြန်ပြီလား" လို့ ဘုရင်ကြီးက ပြောတယ်။

"ဒီတစ်ခါတော့ စိတ်ချပါ၊ ပိုင်ပိုင်နိုင်နိုင် လုပ်ပါမယ်"၊ "ဒါဖြင့် ပြောပါဦး" ဆိုတော့ "အရှင်မင်းကြီး ဒီနေရာမှာ ပြောလို့တော့မဖြစ်ဘူး၊ အသင်မင်းကြီးရဲ့အိပ်ခန်းထဲသွားပြီး နှစ်ယောက်ထဲပြောရမယ်။"

ဘုရင့်အိပ်ခန်းတွင်းမှာ ဘုရင်မွေးထားတဲ့ သာလိကာမလေး တစ်ကောင်ရှိတယ်။ အဲဒီအိပ်ခန်းထဲ ဝင်ပြီးတော့ တိုးတိုး တိုးတိုး တိုင်ပင်ကြတယ်။

"ဝိဒေဟမင်းနဲ့ မဟောသဓပညာရှိတို့ကို လှည့်ဖျားပြီး တိုင်းပြည်အရောက်ခေါ်မယ်။ ခေါ်ပြီး သူတို့ကို အစဖျောက်လိုက်

မယ်၊ အရှင်မင်းကြီးမှာ အရွယ်ရောက်နေတဲ့ **ပဉ္စာလစန္ဒီ** သမီးတော်လေးရှိတယ် မဟုတ်လား။ ရုပ်အင်မတန်မှ ချောမော လှပတယ်။ အခုမှ အရွယ်ရောက်စဖြစ်တယ်။ အဲဒီတော့ ပဉ္စာလ စန္ဒီမင်းသမီး ချောပုံလှပုံတွေကို သီချင်းတစ်ပုဒ်ရေးစပ်ခိုင်းမယ်။ သီချင်းကို နိုင်ငံအနှံ့ဖြန့်မယ်။ ဝိဒေဟတိုင်း၊ မိထိလာမြို့ထိအောင် သွားပြီး သီချင်းဆိုခိုင်းမယ်။ ညအခါမှာ သီချင်းဆိုတဲ့လူတွေဟာ သစ်ပင်ပေါ်မှာတက်ပြီး ငှက်တွေကိုဖမ်း၊ လည်ပင်းကို ချူကလေး တွေ ဆွဲပေးထား၊ ကောင်းကင်ယံက နတ်တွေကပါ ဆိုပြတယ် ဆိုတဲ့ ကောလဟာလကို ဖန်တီးကြမယ်။

လူတိုင်းက စိတ်ဝင်စားလာတဲ့အခါမှာ နောက်သီချင်း တစ်ပုဒ်ကိုထပ်စပ်တယ်။ "ဒီလိုချောတဲ့လှတဲ့ ပဉ္စာလစန္ဒီမင်းသမီး ဟာ ဇေရာဇ်ဘုရင်နဲ့သာ ထိုက်တန်တယ်ပေါ့။ တစ်ရာသော မင်းတွေက စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ လက်အောက် ရောက် သွားပြီ။ ဝိဒေဟဘုရင်ကြီးကတော့ တစ်ထီးတစ်နန်းနဲ့ သီးသန့် စံမြန်းနိုင်တယ်။ အဲဒီလို ဘုရင်မျိုးနဲ့သာ ထိုက်တန်တယ်" သွားရည်ကျလောက်အောင် ဖန်တီးပြီး ဝိဒေဟဘုရင်ကြီး စိတ်ဝင် စားအောင် သတင်းလွှင့်ကြတယ်။ ဝိဒေဟဘုရင်ကြီးက စိတ်ဝင် စားသွားတယ်။

ကုန်သည်တွေ ထောက်လှမ်းရေးတမန်တွေမှတဆင့် ဝိဒေဟဘုရင်ကြီးကတော့ ပဉ္စာလစန္ဒီအကြောင်းကြားပြီး အရူး အမူးဖြစ်နေပြီဆိုတာ သိရတယ်။

ထိုအခါ နှစ်ပြည်ထောင် ရွှေလမ်း ငွေလမ်းဖောက်ဖို့ စကားပြောကျွမ်းကျင်တဲ့ ကေဝဋ္ဋပုဏ္ဏားကြီးကို ဝိဒေဟဘုရင်ကြီး

ထံ စေလွှတ်မယ်။ ဝိဒေဟဘုရင်ကြီးထံ ကေဝဋ္ဋပုဏ္ဏားကြီး ကိုယ်တိုင်လာပြီး စေ့စပ်လမ်းကြောင်းမယ်။ ရွှေလမ်းငွေလမ်း ဖောက်ကြမယ်၊ စူဠနီ ဗြဟ္မဒတ်မင်းကြီးက ဝိဒေဟဘုရင်ကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ သမီးတော်နဲ့လက်ဆက်ပေးကမ်းမယ်။ နေ့ရက် ချိန်းချက် စကားပြောဆိုဖို့ ကေဝဋ္ဋပုဏ္ဏားကြီးက လာလိမ့်မယ် ဆိုတာ သတင်းပေးကြတယ်။

## ကေဝဋ္ဋပုဏ္ဏား လာရောက်ခြင်း

ကေဝဋ္ဋပုဏ္ဏားကြီး လာတယ်ဆိုတဲ့သတင်း ကြားလိုက်တဲ့အခါမှာ မဟောသဓပညာရှိက "အင်း ဘာတွေ မဟုတ်တရုတ် လုပ်ကြဦးမလဲ" စဉ်းစားတယ်။ "ဒီ ကေဝဋ္ဋပုဏ္ဏားဆိုတာ လူကောင်းမဟုတ်ဘူး။ မြို့ရဲ့အနေအထားတွေကို သူ မမြင်ရအောင် စီမံရမယ်၊ မြို့တံခါးကဝင်ပြီး ဘုရင့်နန်းတော်သွားတဲ့လမ်း၊ ဘုရင့်နန်းတော်ကနေ မဟောသဓပညာရှိအိမ်သွားတဲ့လမ်းတို့ကို ပန်းချီကားချပ်တွေနဲ့ ကာရံထားလိုက်တယ်။

ကေဝဋ္ဋပုဏ္ဏားကြီး ရောက်လာတဲ့အခါ မြို့ပေါက်ကနေ ဘုရင့်နန်းတော်ထိအောင် ကာရံထားတဲ့လမ်းမကနေခေါ်ဆောင်သွားကြတယ်။ ကေဝဋ္ဋပုဏ္ဏားကြီးကတော့ "သြော်-ငါ့ကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ကြိုဆိုကြတယ်၊ ငါလျှောက်တဲ့လမ်း တောင်မှ ပြင်ဆင်ထားပါလား"လို့ တွေးတယ်။

နန်းတော်ရောက်တဲ့အခါ ကေဝဋ္ဋပုဏ္ဏားကြီးက သူလာခဲ့တဲ့အကြောင်းကို လျှောက်တယ်။ "အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ ဘုရင်ကြီးဟာ တစ်ရာသော မင်းတွေကို သိမ်းပိုက်ပြီး

လက်အောက်ခံအဖြစ် ထားရှိပါတယ်။ အရှင်မင်းကြီး တစ်ပါး သာလျှင် ဘုန်းကံကြီးမားတဲ့မင်းကြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်ုပ်တို့နှစ်ပြည်ထောင် ရွှေလမ်းငွေလမ်း ဖောက်ဖို့အတွက် ကျွန်တော်မျိုးတို့ဘုရင်ကြီးက သမီးတော်ကို လက်ဆောင်ပဏ္ဏာ အဖြစ် ပေးဆက်ချင်လို့ အသင်မင်းကြီးထံလွှတ်လိုက်တာပါ။"

ဝိဒေဟဘုရင်ကြီးက သဘောတွေကျပြီး "ကဲ-မဟောသဓနဲ့ တွေ့လိုက်ပါ။ မဟောသဓဆီ အရင်သွားလိုက်ပါဦး" လို့ ပြော တယ်။ မဟောသဓက ကေဝဋ္ဋပုဏ္ဏားကို မတွေ့ချင်ဘူး၊ ဒါ့ကြောင့် သူ့အိမ်ကို သူအိပ်တဲ့ခုတင်ကလွဲရင် ကျန်တာတွေ ရေနံတွေ သုတ်ထားတယ်။ ထိုင်စရာနေရာမရှိအောင် နောက်ချေးတွေနဲ့ အကုန်လုံး လိမ်းကျံထားတယ်။ "စစ်သူကြီးမင်းဟာ ထောပတ် အစစ်ကို စားထားလို့ ဘယ်သူနဲ့မှ ဧည့်ခံစကားပြောနိုင်ခြင်း မရှိဘူး" လို့ ပြောဆိုရန် သူ့လူတွေကို မှာထားတယ်။

မဟောသဓအိမ်ဝင်းက တံခါးမုခ် (၇)မုခ်ရှိတယ်။ တစ်မုခ် ချင်း တစ်မုခ်ချင်း ဖြတ်ရတယ်။ တံခါးမုခ်တိုင်းမှာ အစောင့်တွေ ချထားတယ်။ ကေဝဋ္ဋပုဏ္ဏားကြီးက မဟောသဓပညာရှိနဲ့ တွေ့ချင်ပါတယ်လို့ ပြောတဲ့အခါမှာ ပထမမုခ်စောင့်က "ပုဏ္ဏား, တိုးတိုးပြော၊ အသံမပြုနဲ့၊ စစ်သူကြီးမင်း အိပ်နေတယ်၊" ငေါက်ငမ်း ပြောဆိုတယ်။ ဒုတိယမုခ်ရောက်တော့လည်း "စကားမပြောနဲ့ တိတ်တိတ်သွား"။ အဲဒီလိုနဲ့ ကေဝဋ္ဋပုဏ္ဏားကြီးဟာ တစ်လျှောက် လုံး အငေါက်ခံရတယ်။

မဟောသဓအိမ် ရောက်တဲ့အခါ မဟောသဓက စကား ပြောမယ်လုပ်လိုက်တိုင်း အစောင့်တွေကတားတယ်။ "အရှင့်သား

စကားမပြောနဲ့၊ ဆေးသောက်ထားတာ ပြောလို့မရဘူး” လို့ တားကြတယ်။ ကေဝဋ္ဋပုဏ္ဏားနဲ့ စကားပြောမယ့်လူ မရှိဘူး၊ ထိုင်စရာလည်း မပေးဘူး။ ထိုင်စရာနေရာမပေးဘဲ တစ်ယောက် က မျက်လုံးမှိတ်ပြတယ်၊ တစ်ယောက်က မျက်ခုံးလှုပ်ပြတယ်၊ တစ်ယောက်က တစ်တောင်ကိုပြတယ်။

ကေဝဋ္ဋပုဏ္ဏား ပါးစပ်ထွက်လိုက်တာနဲ့ အော်လိုက်တယ်။ “တိုးတိုးပြောဆိုတာ ဘာလို့ ကျယ်ကျယ်ပြောတာတုန်း”၊ တစ်ယောက်က နောက်ကျောကို တုတ်နဲ့ ဖြန်းကနဲရိုက်လိုက် တယ်။ တစ်ယောက်က လည်ဂုတ်ဆွဲပြီး တွန်းထုတ်တယ်၊ အဲဒီလို ပြုမူခံရပြီး မဟောသဓအိမ်မှာ ဧည့်ခံမယ့်သူမရှိဘဲ ကေဝဋ္ဋ ပုဏ္ဏားကြီး ပြန်လာခဲ့ရတယ်။

ကေဝဋ္ဋပုဏ္ဏား မဟောသဓအိမ်မှအပြန် မျက်စိမျက်နှာ ပျက်ပြီး ဘုရင့်ကြီးထံ အခစားဝင်တယ်၊ “ဆရာကြီးဘယ်နှယ့်လဲ? သားတော်မောင်နဲ့ အဆင်ပြေခဲ့ရဲ့လား?” မေးတယ်၊ “မဟောသဓ ဟာ ပညာရှိလို့သာဆိုတာ အတော့်ကို ရက်စက်ကြမ်းကြုတ်တဲ့ လူပဲ။ ဟုတ်တိပတ်တိ သံတမန်ပီပီ စကားမပြောတတ်ဘူး၊ အ,အလိုပဲ၊ အလွန်ရက်စက်တဲ့ ဘီလူးသရဲကိုမှ အသင်မင်းကြီးက ပညာရှိအဖြစ် ခန့်ထားတာကိုး”။ မဟောသဓပညာရှိရဲ့ အပြစ် တွေကို ပြောလိုက်တယ်။

ဘုရင်ကြီးက “မဟောသဓဟာ အင်မတန်မှလိမ္မာပါးနပ်သူ ဖြစ်တယ်။ စကားပြောလည်း အင်မတန်ကောင်းတယ်။ ဧည့်ခံပြီး တော့ ချိုချိုသာသာ စကားမပြောတာ အကြောင်းတစ်ခုရှိလို့ ဖြစ်လိမ့်မယ်”လို့ ဘုရင်ကြီးကတွေးတယ်။

ကေဝဋ္ဋပုဏ္ဏားဟာ ဝိဒေဟဘုရင်ကို လှည့်စားခေါ်ဆောင်ပြီး သူတို့လက်တွင်းရောက်တဲ့အခါ သတ်ဖြတ် ညှဉ်းဆဲဖို့ အကြံအစည်နဲ့လာတာ ဖြစ်ကောင်းဖြစ်မယ်။ ဘုရင်ကြီးက စဉ်းစားပြီး သံသယတွေဝင်သွားတယ်။

ထိုအခါ သေနက, ပုက္ကုသ, ကာမိန္ဒ, ဒေဝိန္ဒ အမတ်ကြီးလေးယောက်လည်း အခစားဝင်လာကြတယ်။ ဝင်လာပြီး အကျိုးအကြောင်းပြောကြတယ်။ အခု တိုင်းကြီးပြည်ကြီး စူဠနီဗြဟ္မဒတ်မင်းကြီးထံမှ ကေဝဋ္ဋပုဏ္ဏားကြီး ရောက်လာတယ်။ ရွှေလမ်းငွေလမ်းနဲ့ သံခင်းတမန်ခင်း ဆက်သွယ်ပြီး သမီးကညာဆက်သဖို့ အစီအစဉ်နဲ့ လာတာဖြစ်တယ်။ "သေနာကအမတ်ကြီး ဘယ်လိုသဘောရလဲ?' မေးလိုက်တယ်။ "ဟာ- အရှင်မင်းကြီး၊ ကိုယ့်ဆီရောက်လာတဲ့ ကျက်သရေဆိုတာ မောင်းမထုတ်သင့်ဘူး။ ဒါဟာ တကယ့်မင်္ဂလာပဲ၊ တစ်ရာသောမင်းတွေဟာ စူဠနီဗြဟ္မဒတ်မင်းရဲ့ လက်အောက်ကို ရောက်သွားကြပြီး အရှင်မင်းကြီးတစ်ပါးပဲ ကျန်တော့တယ်။ ဒါကြောင့်မို့ နှစ်ပြည်ထောင် ရွှေလမ်းငွေလမ်းဖောက်ဖို့လုပ်တာ၊ ဒါသိပ်ကောင်းတာပေါ့၊ လက်ခံရမှာပေါ့"လို့ လျှောက်တယ်။ ဘုရင်ကြီး သဘောကျသွားတယ်။

ကျန်တဲ့ပညာရှိတွေကလည်း "အရှင်မင်းကြီး၊ လက်သာခံလိုက်ပါ၊ ဒါဟာ အလွန်ကောင်းတဲ့ လာဘ်လာဘပါပဲ။ အသင်မင်းကြီးအပေါ် လေးစားလို့ ဒီအခွင့်အရေးကြီးပေးတာ" ဆိုပြီး ပြောကြတယ်။ အဲဒီလို ပြောနေကြတဲ့အချိန်မှာ မဟောသဓပညာရှိ အခစားဝင်လာတယ်။

ဘုရင်ကြီးက မဟောသဓပညာရှိ ရောက်လာတဲ့အခါ မေးလိုက်တယ်။

**ဆန္နဟိ ကောဝ မတိ သမေတိ,**

**ယေ ပဏ္ဍိတာ ဥတ္တမဘူရိပတ္တာ၊**

**ဌာနံ အဌာနံ အထ ဝါပိ ဌာနံ,**

**မဟောသဓ တွမ္ပိ မတိံ ကရောဟိ။**

"ကဲ-မဟောသဓာ မင်းရဲ့ထင်မြင်ချက် ပြောပါဦး။ ကေဝဋ္ဋ ပုဏ္ဏားကြီး သမီးကညာ ဆက်သမယ့်အရေးကို လာပြီးဆွေးနွေး တယ်။ တို့ဟာ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ သမီးတော်ကို ဆောင်ယူ ပြီး လက်ထပ်သင့်,မသင့် ငါ့သား မင်းဘယ်လိုထင်လဲ? ပညာရှိ ကြီးတွေကလည်း လက်ခံသင့်တယ်လို့ ယူဆကြတယ်။ ဒီလို လာဘ်မျိုး မပယ်သင့်ဘူးလို့ ပြောကြတယ်"

ထိုအခါ မဟောသဓက ယခုလို လျှောက်တယ်။

**ဇာနာသိ ခေါ ရာဇ မဟာနုဘာဝေါ,**

**မဟာဗ္ဗလော စူဠနီဗြဟ္မဒတ္တော။**

"အရှင်မင်းကြီး သိတော်မူပါတယ်၊ စူဠနီဗြဟ္မဒတ်ဆိုတာ အလွန်အင်အားကြီးမားတယ်။ တစ်ရာသော မင်းတွေကို သိမ်းပိုက်ပြီး တန်ခိုးကြီးမားတဲ့မင်း ဖြစ်ပါတယ်။ **ရာဇာ စ တံ ဣစ္ဆတိ မာရဏာတ္ထံ, မိဂံ ယထာ ဩကစရေန လုဒ္ဒေါ။** ဒီလို အင်အားကြီးမားတဲ့ စူဠနီဗြဟ္မဒတ်မင်းကြီးက အသင်မင်းကြီးကို ရွှေလမ်းငွေလမ်းဖောက်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ လိမ်ခေါ်ပြီး သတ်မလို့ ကြံစည်တာသာ ဖြစ်ပါတယ်။ ပဉ္စာလစန္ဒီ ဆိုတဲ့

တည်သမင်မလေးကို ပြထားပြီး သမင်ဖိုကြီးနဲ့တူတဲ့ အရှင်မင်းကြီးကို ဖမ်းဖို့စီစဉ်တာ ဖြစ်ပါတယ်။"

**ယထာပိ မစ္ဆော ဗဠိသံ, ဝင်္ကံ မံသေန ဆာဒိတံ၊**

**အာမဂိဒ္ဓေါ န ဇာနာတိ, မစ္ဆော မရဏမတ္တနော။**

"ငါးများချိတ်မှာ အစာထည့်ပြီး ရေထဲချလိုက်တဲ့အခါ အစာမက်မောတဲ့ငါးဟာ ငါးစာကိုသာမြင်ပြီး ငါးများချိတ်ကို မမြင်လို့ သေရသလို အသင်မင်းကြီးသွားရင် အသတ်ခံရမှာပါ။ ငါးမိုက်ဟာ ငါးများချိတ်နဲ့ အာခေါင်ချိတ်ပြီးသေသလို ပဉ္စာလစန္ဒီဆိုတဲ့ ငါးစာလေးနဲ့များပြီး အသင်မင်းကြီးကိုခေါ်တာဖြစ်ပါတယ်။ ရွှေလမ်းငွေလမ်းဖောက်ဖို့ မဟုတ်ဘူး"။

**ဧဝမေဝ တုဝံ ရာဇ, စူဠနေယျဿ ဓီတရံ၊**

**ကာမဂိဒ္ဓေါ န ဇာနာသိ, မစ္ဆောဝ မရဏမတ္တနော။**

"ငါးစာကိုမက်ပြီး ငါးများချိတ်ကို မမြင်တဲ့ငါးလိုပဲ အသင်မင်းကြီးဟာ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့သမီးကို မက်မောပြီး သွားမယ်ဆိုရင် ငါးလို သေရပါလိမ့်ပါမယ်။"

**သစေ ဂစ္ဆသိ ပဉ္စာလံ, ခိပ္ပမတ္တံ ဇဟိဿသိ၊**

**မိဂံ ပန္ထာနုဗန္ဓံဝ, မဟန္တံ ဘယမေဿတိ။**

"မစဉ်းစားဘဲ ပဉ္စာလနိုင်ငံကို သွားမယ်ဆိုရင် အသင်မင်းကြီး အသက်ဆုံးရပါလိမ့်မယ်၊ မဆင်မခြင် တည်သမင်ကို အစစ်ထင်လို့ တည်သမင်နား ချဉ်းကပ်မိလို့ရှိရင် အဲဒီသမင်ဟာ မုဆိုးရဲ့လုံ့ချက်ထိပြီး သေဘေးသင့်တာချည်းပဲဖြစ်တယ်။ အသင်မင်းကြီးမှာ ကြီးမားသော ဘေးအန္တရာယ် ရောက်ရှိလာလိမ့်မယ်"။

သမင်မိုက်နဲ့ ငါးမိုက် ဥပမာပေးပြီး ဘုရင်ကြီးကို ခပ်နှိပ်နှိပ် ပြောလိုက်တဲ့အခါ ဘုရင်ကြီးက စိတ်ဆိုးသွားတယ်။ "ဟယ် ဒီကောင်နော်၊ ဒီလောက် သူ့ကိုပြောရပ့်မလား" လို့ အံကြိတ်ပြီး "နေပါဦးတောသား၊ မင်းက ထွန်တုံးအကြောင်းသာသိတာ၊ ဒီလို မင်းရေးစိုးရေး ရွှေလမ်းငွေလမ်း ဖောက်တယ်၊ သမီးကညာ ဆက်တယ်ဆိုတဲ့အကြောင်းတွေ ဘယ်ကြားဖူးမှာတုန်း၊ မင်းဟာ တောကကောင်၊ အလကားကောင်" လို့ မာန်မဲအော်ငေါက်ပြီး "ခုချက်ချင်း လည်ဂုတ်ဆွဲ မောင်းထုတ်ကြစမ်း" လို့ အမိန့်ပေး တယ်။

ထိုအခါ မဟောသဓပညာရှိက ရုတ်တရက် ဘုရင့်အပါးမှ ထပြန်ခဲ့တယ်။ မဟောသဓကို မောင်းထုတ်မယ့်လူတစ်ယောက်မှ မရှိဘူး။ အကုန်လုံး မဟောသဓ လူတွေချည်းပဲ။

သို့သော် ဘုရင်ကြီးက အမိန့်ထုတ်ပြီး ဖမ်းခိုင်းတာတော့ မလုပ်ဘူး။ ဘာဖြစ်လို့တုန်းဆိုရင် သူ့ဒုက္ခသုက္ခ မရောက်အောင် မဟောသဓပညာရှိကကယ်ထားတာတွေကများတယ်။ တိုင်းပြည် ကိုလည်း စီမံအုပ်ချုပ်နေတာမဟောသဓဖြစ်လို့ သူဟာ ဘုရင်သာ ဖြစ်သော်လည်းပဲ သူ့လက်သူ့ခြေ မဟုတ်တော့ဘူး။ ဒါကြောင့်မို့ ဖမ်းလို့ဆိုတဲ့အမိန့်ကို မထုတ်ဘူး။ မဟောသဓ ပညာရှိက သူ့အိမ် သူ ပြန်သွားခဲ့တယ်။

**နိဂုံး**

မိမိတို့ကိုယ်တိုင်လည်း အရာခပ်သိမ်းကို အယုံမလွယ်ကြဘဲနဲ့ အသိပညာနဲ့ ဆင်ခြင်စဉ်းစားပြီး ဆောင်ရွက်ကြရမှာဖြစ်တယ်ဆိုတာ သတိထားပြီး ပညာပြန့်ပွားအောင်၊ ရရှိအောင်ကြိုးစားဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၁၃)

အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၁၃)"** တရားဒေသနာတော်။

မဟောသဓက အိမ်ပြန်ပြီး အလေးအနက် စဉ်းစားတယ်။ **"အယံ ရာဇာ ဗာလော၊** ဒီမင်းကြီးက တော်တော်မိုက်မဲတာပဲ။ သမီးကညာဆက်ချင်လို့ပါ မှားခေါ်ပြီးသတ်မှာဖြစ်တယ်။ အဲဒါကို မစဉ်းစားနိုင်ဘူးလား"

(မြန်မာစကားမှာ ဗာလကို မိုက်တယ်လို့ ပြန်တဲ့အခါ အခုခေတ်က မိုက်တယ်ဆိုရင် ကောင်းတယ်ဆိုတဲ့အဓိပ္ပာယ်က ရနေပြန်ရော။ ဆိုလိုတဲ့ **ဗာလ**– မိုက်တယ်ဆိုတာ အမြော်အမြင် မရှိတာကို ပြောတာနော်။)

## သုတ နှင့် ပညာ

လောကမှာ အမြော်အမြင်မရှိတဲ့သူက အဆိုးဆုံးပဲ။ အသိဉာဏ်ကင်းမဲ့သူဟာ အဆိုးဆုံးပဲ။ အသိဉာဏ်လို့ဆိုတဲ့ နေရာမှာ ဘယ်ဟာက အသိဉာဏ်လဲ?

ကျောင်းတွေ တက္ကသိုလ်တွေမှာသင်တဲ့ ပညာရပ်သည် Subject matter ၊ အဲဒီ Subject matter ကို သုတလို့ပဲခေါ်တယ်။ ပညာလို့မခေါ်ဘူး။ သို့သော် အခုခေတ်ကတော့ ပညာသင်တယ်လို့ ပြောနေကြတယ်။ ဟုတ်ပါတယ်။ သုတဟာ ပညာရဲ့ အခြေခံမျှသာဖြစ်တယ်။ အဲဒီသင်ထားတဲ့ Subject matter ကို ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်သုံးသပ်ပြီး သိတာကမှ ပညာဆိုတာလာမှာ။

ယနေ့ခေတ်မှာတော့ သုတနဲ့ပညာ လုံးပြီး ပြောနေကြတယ်၊ "ကျောင်းမှာ သင်တာက သုတ။ အဲဒီသုတကို အသုံးချပြီး သိတာမှ ပညာ။" သုတပေါ်မှာ အခြေခံပြီးတော့ ဆင်ခြင်သုံးသပ်တတ်ပြီဆိုမှ ဒီပညာဖြစ်တယ်။ ဆရာဝန်အတတ်ပညာ သင်ထားသူကလည်း ဆေးကုတဲ့ အတွေ့အကြုံပေါ်မှာ မူတည်တာ။ သင်ရုံနဲ့ မရသေးဘူး။ Experience ခေါ်တာပေါ့နော်။ အဲဒီ Experience နဲ့ ရလာတော့မှ Wisdom ပညာ ဖြစ်တယ်ပေါ့။

သို့သော် အဲဒီပညာဟာ သင်ယူခြင်းမပါဘဲနဲ့ ရနိုင်လားဆိုတော့ မရနိုင်ဘူး။ ဒါကြောင့်မို့ အလွယ်တကူ သင်ယူခြင်းကိုပဲ ပညာလို့ ပြောလိုက်ကြတာ။ အဲဒီတော့ သုတ နဲ့ ပညာ Knowledge နဲ့ Wisdom တခြားစီလို့ မှတ်ရမှာဖြစ်တယ်။

အေး- မဟောသဓပညာရှိဟာ တက္ကသိုလ်ကျောင်းထွက် မဟုတ်ပေမယ့် စဉ်းစားဉာဏ်နဲ့ ဘဝအတွေ့အကြုံပေါ်မှာ အခြေခံပြီး experience ကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ ပြောရမယ်။ အဲဒါကြောင့် တစ်ဖက်သားက ဖြားယောင်းသွေးဆောင်ပြီး ယုံလောက်အောင် ပြောလာပြီဆိုရင် သူ့ခေါင်းထဲမှာ စဉ်းစားစရာတွေ ဖြစ်လာတယ်။ ဒါမျိုးဟာ သမိုင်းကြောင်းမှာလည်းပဲ အများကြီး ရှိခဲ့တယ်။

တစ်ချိန်တုန်းက အကျော်ဘဏီစစ်တပ်ကြီးနဲ့ ဝန်းရံဖူးတဲ့ စူဠနီဗြဟ္မဒတ်မင်းကြီးဟာ အခုချိန်မှာ တိုင်းငယ်ပြည်ငယ်မျှသာ ဖြစ်တဲ့ ဝိဒေဟဘုရင်ကြီးကို သမီးကညာ ဆက်သမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား? သာမန်အားဖြင့် စဉ်းစားမယ်ဆိုရင် မဖြစ်နိုင်ဘူး။ ဒါ အကောက်ဉာဏ်နဲ့ ကြံစည်မှုတစ်ခုပဲ။ စစ်တိုက်လို့ မအောင်ရင် တခြားနည်းနဲ့ အနိုင်ရအောင် ကြိုးစားခြင်းပဲ ဖြစ်တယ်။

"**အတ္တနော ဟိတာဟိတံ န ဇာနာတိ**– ကိုယ့်အတွက် အကျိုးရှိမယ်၊ အကျိုးမရှိဘူး ဆိုတာလေးတောင် မစဉ်းစားတတ်ပါလား"၊ "**ကာမဂိဒ္ဓေါ ဟုတွာ တဿ ဓီတရံ လဘိဿာမိ ယေဝါ'တိ အနာဂတဘယံ အဇာနိတွာ ဂစ္ဆန္တော မဟာဝိနာသံ ပါပုဏိဿတိ**– စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့သမီး ပဉ္စာလစန္ဒီကို ရမယ်အထင်နဲ့ ဖြစ်လာမယ့်ဘေးကိုမသိဘဲသွားရင် အကြီးအကျယ် ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ရလိမ့်မယ်။"

မဟောသဓေ စဉ်းစားတယ်။ **ကာမဂိဒ္ဓေါ–** အတွေးနဲ့ လွှမ်းနေပြီ၊ ဒီဘုရင်ကြီးက လွှမ်းဖျား ဖျားနေပြီ။ အသံကြားရုံနဲ့ **သဝနသံသဂ္ဂ** ဖြစ်တယ်။ (**'သံသဂ္ဂ'** ဆိုတာ ငြိတာကိုပြောတာ)။ **'သဝနသံသဂ္ဂ'** ဆိုတာ အသံကြားရုံနဲ့ ငြိသွားတာ။ **'ဒဿနသံသဂ္ဂ'** ဆိုတာ မြင်လို့ငြိတယ်။ **'သမုလ္လာပနသံသဂ္ဂ'** က စကားစမြည် ပြောရင်းနဲ့ ငြိသွားတယ်။ အခု စကားလည်း မပြောဖူးဘူး၊ မြင်လည်း မမြင်ဖူးဘူး။ အသံနဲ့တင် ငြိနေပြီ။ အဲဒါကို **'ကာမဂိဒ္ဓေါ'** တကယ်ကို အတွေးနဲ့လွှမ်းတယ်။

ဘုရင်ကြီးဟာ သေချာပေါက် သူ့ကို သမီးကညာ ဆက်သပြီးတော့ တိုင်းပြည်နှစ်ပြည် ရွှေလမ်း ငွေလမ်းဖောက်လို့ မိတ်ဆွေဖက်နိုင်ငံအဖြစ် လုပ်ချင်တယ်ဆိုတာ ယုံကြည်နေပြီ။ ကိုယ်တွေ့ကြုံရမယ့် ဆင်းရဲဒုက္ခကို မသိဘူး။

ကေဝဋ္ဋပုဏ္ဏားကြီးက လာပြီး ကြောင်းလမ်းတယ်။ အချိန်မဆွဲပါနဲ့၊ မြန်မြန်လုပ်ပါ။ သမီးကညာကို လက်ခံဖို့ ဘုရင်ကြီးကို သူတို့နိုင်ငံကိုကြွပါလို့ပြောလိုက်တော့ ကြွချင်လို့ ဖင်တကြွကြွကို ဖြစ်နေပြီ။ အဲဒါကို မဟောသဓေ "အဲဒါ ငါးစာချတာ၊ အရှင်မင်းကြီး သေလိမ့်မယ်" လို့ ပြောတော့ မကျေနပ်ဘူး။ "ဒီကောင် မောင်းထုတ်စမ်း" ဆိုပြီးတော့ ဆဲရေးပြီးတော့ မောင်းထုတ်ခိုင်းတယ်။

မဟောသဓေ အိမ်ပြန်စဉ်းစားတယ်။ သူ ဒုက္ခရောက်တော့မယ်၊ ပညာရှိဆိုတာ ဒုက္ခရောက်ချင် ရောက်ပါစေ၊ ဒါမှ ဒီလူကြီးမှတ်မယ်လို့ ဒီလိုမတွေးဘူး။ **"နာဿ ကထံ ဟာဒယေ ကာတုံ ဝဋ္ဋတိ"–** ငါ့ကို နစ်နစ်နာနာ ပြောတယ်။ 'တောသား

https://thitsarparami.org
ထွန်တုံးထမ်းပြီး အလုပ်လုပ်တာတဲ့ကောင်၊ မင်း ထွန်တုံး အကြောင်းပဲ သိမှာပေါ့။ ရွှေလမ်းငွေလမ်းဖောက်တဲ့ နန်းတော်ရဲ့ အသုံးအနှုန်းတွေ နန်းဆန်တာတွေကို မင်း သိမှာမဟုတ်ဘူး”လို့ ပြောတာကို မဟောသဓက စိတ်ထဲမှာ မှတ်မထားသင့်ဘူးလို့ စဉ်းစားတယ်။

**“ဗဟုပကာရော မေ သော”** ဒီဘုရင်ကြီးဟာ ငါ့အပေါ်မှာ ကျေးဇူးများတယ်။ တောရွာ ဇနပုဒ်မှာနေတဲ့ သာမန် သူဌေးသားကိုခေါ်ပြီး စစ်သေနာပတိရာထူး အိမ်ရှေ့မင်းရာထူး အထိအောင် ပေးထားတယ်။ သူ့ရဲ့အဖေကိုလည်း မြို့စားရာထူး ပေးပြီး ကျေးရွာတွေပေါ်မှာ အုပ်ချုပ်ရတဲ့လူကြီး ခန့်ထားတာ ဆိုတော့ အဲဒီတော့ ဘုရင်က သူတို့ကို ချီးမြှောက်တာဖြစ်လို့ ငါတို့အပေါ် ကျေးဇူးရှိတယ်။

**ယသဒါယကော–** ဒီဘုရင်ကြီးက စည်းစိမ်ဥစ္စာကို ပေးတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ **ဣမဿ မယာ ပစ္စယေန ဘဝိတုံ ဝဋ္ဋတိ–** ငါ သူ့ကို အကူအညီပေးသင့်တယ်။ ဒါ ပညာရှိတွေရဲ့ စဉ်းစားမှုပဲ။ ဘယ်လောက်ပဲ နာကြည်းအောင် ပြောပြော၊ ငါ့ရင်ထဲမှာ တေးမှတ်ထားလို့ မဖြစ်ဘူး။ ငါ့အပေါ်မှာ ကျေးဇူးရှိတယ်။ ပညာရှိဆိုတာ သူတပါးရဲ့ကျေးဇူးကို မချေဖျက်ရဘူး။

မဟောသဓပညာရှိဟာ မိတ်ဆွေကို ပြစ်မှားတဲ့အလုပ်ကို မလုပ်ဘူး။ ငါ့အပေါ် ကျေးဇူးရှိတဲ့ဘုရင်ကြီး၊ “သူလိုချင်တာလည်း ရစေရမယ်၊ ဒုက္ခမရောက်စေရဘူး” ဆိုတဲ့ အကြံမျိုး သူကြံမယ်။ ဒါ ပညာရှိတွေရဲ့ စွမ်းရည်ခေါ်တယ်။

စူဠနီပြဟ္မဒတ်မင်းကို အနိုင်တိုက်ဖို့ ဝိဒေဟမှာ စစ်အင်အား မရှိဘူး။ သို့သော် ပညာရှိကြံရင် ဘယ်လောက် စစ်အင်အားကြီးကြီး အနိုင်ယူနိုင်တယ်။ လိပ် ပက်လက်လှန်ထားသလို ကိုယ့်ကိုဒုက္ခမပေးနိုင်အောင် လုပ်နိုင်တယ်။ တစ်ဖက်သားကို သေအောင်မလုပ်ဘူး။ လိုချင်တာလဲရအောင် ပညာရှိနည်းနဲ့ လုပ်ဖို့ အကြံတစ်ခုရလာတယ်။ သူကိုယ်တိုင် ပဉ္စာလကိုသွားမယ်။ ဘေးရန်အန္တရာယ်ကြုံလာရင် လွတ်အောင် သူကြံဆောင်မယ်။

## ကျေးစေတမန်လွှတ်ခြင်း

အခုလို ရွှေလမ်း ငွေလမ်းဖောက်မယ်, သမီးကညာဆက်မယ်ဆိုတဲ့ ပြောဆိုမှုဟာ ရိုးသားမှု တကယ်ရှိရဲ့လား? အကောက်ကြံတာလားဆိုတာ သေချာသိရအောင် စုံစမ်းရမယ်။ သို့သော် လူသားတစ်ယောက်လွှတ်ဖို့ ဖြစ်နိုင်မှာ မဟုတ်ဘူး။ စူဠနီပြဟ္မဒတ်မင်းကြီးနဲ့ ကေဝဋ္ဋပုဏ္ဏားကြီးတို့ဟာ ဘုရင်ကြီးအိပ်ခန်းထဲမှာ နှစ်ယောက်သား တိုင်ပင်တာ ဖြစ်တယ်။ နှစ်ယောက်တိုင်ပင်တာကို စတုက္ကဏ္ဏမန္တ လို့ခေါ်တယ်၊ လူတစ်ယောက်မှာ နားနှစ်ဖက်ရှိတာကိုး။ အဲဒီတော့ နှစ်ယောက်ထဲ တိုင်ပင်တယ်။

သို့သော် သာလိကာ ငှက်မလေးတစ်ကောင် ရှိတယ်။ သာလိကာငှက်မလေးကို ဘုရင့်အိပ်ခန်းစောင့်အနေနဲ့ ဘုရင်က မွေးထားတာ။ ဘုရင့်အိပ်ခန်းထဲ ဘယ်သူဝင်လဲ သိရတယ်။ CCTV တပ်ထားတာထက် သာလိကာမလေးကစိတ်ချရတယ်။

"ဘယ်သူဝင်တယ်၊ ဘယ်သူဘာပြောတယ်"ဆိုတာသိဖို့ အကုန် သတင်းပေးတယ်။

မဟောသဓက "ဒီကိစ္စက သာမန်လူတစ်ယောက် သွားဖို့ မလွယ်ဘူး။ အဲဒီတော့ သူမွေးထားတဲ့ ကျေးသားလေးကို သူကြိုက်တဲ့အစာ ကျွေးတယ်။ တိရစ္ဆာန်ဆိုတာ ကြိုက်တာလေး ကျွေးရင် ခိုင်းတာလုပ်တယ်"။

သူမွေးထားတဲ့ ကျေးငှက်လေးကိုခေါ်ပြီး ချိုချိုသာသာ ပြောတယ်။ ပျားရည်ဆမ်းထားတဲ့ ပေါက်ပေါက်လေးကို ကျွေး တယ်။ ကျွေးပြီး "မင်း ငါ့ကို အလုပ်တစ်ခု လုပ်ပေးစမ်းပါ။ လူသား သွားလို့မရဘူး။ မင်းသွားမှဖြစ်မယ်။ စူဠနီဗြဟ္မဒတ်မင်းကြီး အိပ်ခန်းထဲမှာ အိပ်ခန်းစောင့် သာလိကာမလေးတစ်ကောင် ရှိတယ်။ မင်း အဲဒီ သာလိကာမထံသွား၊ သူ့ဆီက သတင်းတွေ ရအောင်မေးခဲ့" လို့ မှာကြားလိုက်တယ်။

ကျေးငှက်လေးကလည်း "ကောင်းပါပြီ" ဆိုပြီး သိဝိတိုင်း ဘက် ပျံသွားတယ်။ မိထိလာ ဝိဒေဟတိုင်းက လာတာလို့ မထင်ရအောင် တခြားအရပ်မျက်နှာ တစ်ခုမှာရှိတဲ့ တိုင်းပြည် တစ်ခုဘက် ပျံသွားလိုက်တယ်။ အဲဒီတိုင်းပြည်ကမှ ဥတ္တရပဉ္စာလ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ နိုင်ငံကို ပျံသွားတယ်။ စူဠနီဗြဟ္မဒတ် မင်းကြီးရဲ့နန်းတော် ထုပိကာ အပေါ်မှာ ကျေးငှက်လေးက နားတယ်၊ နားပြီးတော့ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ အိပ်ခန်းနဲ့ အနီးဆုံး အမိုးပေါ်ကနေပြီး အသံပေးတယ်။

**ကစ္စိ တေ သုဃရေ ခမနီယံ,**

**ကစ္စိ ဝေဿ အနာမယံ။**

"အိမ်လှလှလေးမှာနေတဲ့ ကလေးမ, မင်းကျန်းမာရဲ့လား၊ အေး- ဝေဿမျိုးနွယ်ဖြစ်တဲ့ကလေးမ မင်း ရောဂါဝေဒနာ ကင်းရဲ့လား?"

**ကစ္စိ တေ မဒုနာ လာဇာ,**

**လဗ္ဘတေ သုဃရေ တုဝံ။**

"ပျားရည်နဲ့ဆုပ်ထားတဲ့ ပေါက်ပေါက်လေးတွေ မင်း မှန်မှန်စားရရဲ့လား?" နန်းတော်အမိုးပေါ်က ကျေးက အဲဒီလို အသံပေးနေတယ်။

သာလိကာမကအသံကြားတယ်။ သာလိကာမက ပြန်ပြော တယ်။

**ကုသလဉ္စေဝ မေ သမ္မ,**

**အထော သမ္မ အနာမယံ။**

"အဆွေတော် ကျွန်ုပ်နေကောင်းပါတယ်၊ ကျန်းမာပါတယ်။ ဒီအိမ်မှာနေရတဲ့ အချိန်လေးမှာလည်း အစားကောင်းကောင်း စားရပါတယ်။"

**ကုတော နု သမ္မ အာဂမ္မ,**

**ကဿ ဝါ ပဟိတော တုဝံ။**

"အဆွေတော်, ဘယ်ကနေ လာခဲ့တာလဲ? ဘယ်သူက လွှတ်လိုက်တာတုန်း? ဘယ်သူ့ရဲ့ တမန်တုန်း?"

**န စ မေသိ ဣတော ပုဗ္ဗေ,**

**ဒိဋ္ဌော ဝါ ယဒိ ဝါ သုတော။**

"ရှေးယခင်က တစ်ခါမှလည်း မလာဖူးဘူး၊ မြင်လည်း မမြင်ဖူးဘူး၊ ကြားလည်း မကြားဖူးဘူး၊ ဘယ်သူက လွှတ်လိုက်လို့ ဒီကို ရောက်လာတာတုန်း? "

ထိုအခါ ကျေးသားလေးက ယခုလိုပြောတယ်။

**အဟောသိ သိဝိရာဇဿ,**

**ပါသာဒေ သယနပါလကော၊**

**တတော သော ဓမ္မိကော ရာဇာ,**

**ဗဒ္ဓေ မောစေသိ ဗန္ဓနာ။**

"ကျွန်ုပ်ဟာ သိဝိဘုရင်ကြီးရဲ့ အိပ်ရာစောင့်၊ သိဝိမင်းကြီး မွေးထားတဲ့ ကျေးငှက်လေးပါ။ အဲဒီဘုရင်ကြီးက အလွန်ကို အကြင်နာတရားရှိတယ်၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်လို့ ကျွန်ုပ်ဟာ အနှောင်အဖွဲ့က လွတ်လာခဲ့တာပါ။"

သာလိကာက မေးတယ်။ "ဟုတ်ပြီ၊ ဘာကိစ္စနဲ့ ဒီကို ရောက်လာတာတုန်း"။ ထိုအခါ ကျေးငှက်က ဇာတ်လမ်းဆင်ပြီး ယခုလိုပြောတယ်။

**တဿ မေကာ ဒုတိယာသိ,**

**သာဠိကာ မဉ္ဇုဘာဏိကာ၊**

**တံ တတ္ထ အဝဓီ သေနော,**

**ပေက္ခတော သုဃရေ မမ။**

"အိမ်အလှလေးမှာစံနေတဲ့ အိုနှမငယ်၊ သူ့မှာ သာလိကာ ဇနီးသည်တစ်ယောက် ရှိပါတယ်။" (သာလိကာက ဆက်ရက်မျိုးနဲ့ တူတယ်။ ဒါပေမယ့် ဆက်ရက်လို နှုတ်သီးမဝါဘူး။ အမွေး

အတောင်က မည်းတယ်၊ ပါဠိလို သာဠိကာ၊ မြန်မာလို သာလိကာ ပဲ ခေါ်တယ်။ လူစကား အင်မတန်တတ်တယ်။)

သူ့မှာ သာလိကာမျိုး အဖော်ဇနီးသည် ရှိပါတယ်။ အင်မတန်မှ အသံကောင်းပြီး ချိုချိုသာသာ ပြောတတ် ဆိုတတ်တယ်။ ကံမကောင်း အကြောင်းမလှတော့ သိမ်းငှက်တစ်ကောင်က ဖမ်းသုတ်ပြီး သတ်စားပါတယ်။”

ဂျိုးသိန်းတွေလို ငှက်, ငှက်ချင်းစားတဲ့ ငှက်ကောင်တွေ ရှိတယ်။ အဲဒီမှာ ကျေးက အသေးစိတ် လွမ်းလောက်အောင် ပြောတာပေ့ါ။ ဘယ်လိုဖြစ်တာတုန်းဆိုတော့ သူက ပြောပြတယ်။

“သူတို့ သိဝိဘုရင်ကြီးက သင်္ကြန်အခါ မြစ်ထဲသွားပြီး တော့ ရေချိုးတယ်။ အဲဒီတော့ ငါလည်း ခေါ်သွားတယ်၊ တို့နှစ်ယောက်လည်း ပါသွားတယ်။ ပါသွားပြီး ဟိုမှာ ရေမိုးချိုးပြီး ပြန်လာကြတဲ့အခါမှာ အတောင်လေးတွေ ခြောက်အောင်လို့ နန်းတော်အမိုးပေါ်မှာတက်ပြီး ခဏ နေပူဆာလှုံနေတုန်း ရုတ်တရက် သိန်းငှက်က ထိုးသုတ်သွားတယ်။ အဲဒီမှာ သူကတော့ ပေါ့ပေါ့ပါးပါးမို့ ထွက်ပြေးနိုင်ခဲ့ပေမယ့် သူ့ဇနီးကတော့ မပေါ့မပါးမို့ သိန်းငှက်ဖမ်းတာ ခံလိုက်ရလို့ သူ့မျက်စိအောက်မှာပဲ သေပွဲဝင်သွားတယ်။ သူက ငိုတယ်။”

ဘုရင်ကြီးက နှစ်သိမ့်စကားပြောတယ်၊ “မင်းကွာ နောက်တစ်ယောက် အသစ်ရှာတာပေါ့” လို့ပြောတယ်။ ‘စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ အိပ်ဖန်စောင့် သာလိကာမလေးဟာ ချောလည်းချောတယ်၊ သဘောလည်း ကောင်းတယ်။ လိမ္မာရေးခြားလည်း

ရှိတယ်။ သူ့ဆီသွားပါလား' လို့ ဘုရင်ကြီးက လမ်းညွှန်လိုက်လို့ သူလာခဲ့တာပါတဲ့။

အဲဒီလို ပြောတဲ့အခါ သာလိကာမလေးက "ကြက်တူရွေးနဲ့ သာလိကာဆိုတာ ငှက်ချင်းတူပေမယ့် မျိုးရိုးချင်းက မတူဘူး။ ကြက်တူရွေးဆိုရင် ကြက်တူရွေးမနဲ့ဘဲ ကောင်းပါတယ်။ သာလိကာမဆိုရင် သာလိကာနဲ့ပဲကောင်းတယ်။ သူတို့ဟာ မျိုးရိုး မတူလို့ မစဉ်းစားပါရစေနဲ့"လို့ ပြန်ပြောတယ်။

အဲဒီအခါ ကျေးက ပြောတယ်၊ "အဲဒီလို မဟုတ်ပါဘူး။ ချစ်ခင်မှုသာ ပဓာနပါ။ မျိုးရိုးမတူတာ ပဓာန မဟုတ်ပါဘူး။ ငှက်လည်း အမျိုးကွဲပေမယ့် ငှက်, ငှက်ချင်းပဲ ကိစ္စမရှိပါဘူး။"

## ဘုရင်နဲ့ သူတောင်းစားမ

ကျေးသားက ယခုလို ပုံဝတ္ထုလေး ပြောပြသေးတယ်။

"ဒွါရဝတီမြို့က ဘုရင်ကြီးဟာ သူတောင်းစားမလေးနဲ့ လက်ထပ်ပြီး သူတောင်းစားမလေးနဲ့ ရတဲ့သားက အဲဒီဒွါရဝတီ မြို့မှာ သိဝိဆိုတဲ့ဘုရင်တောင်မှ ဖြစ်သွားတာရှိတယ်။ မျိုးရိုးချင်း အင်မတန်မှ ကွဲပြားခြားနားတယ်။ ဘုရင်မျိုးက သူတောင်းစား မလေးနဲ့တောင်မှ အိမ်ထောင်ပြုသေးတာပဲ၊ ဒို့လည်း ဖြစ်နိုင်ပါ တယ်"လို့ လွှမ်းလောက်အောင်ပြောတယ်။

## ရသေ့ နဲ့ ကိန္နရာမ

နောက်ပုံပြင်တစ်ခုက "ဝစ္ဆဆိုတဲ့ရသေ့ဟာ ကိန္နရီမလေး နဲ့ အိမ်ထောင်ပြုဖူးတယ်။" အဲဒီ ဝစ္ဆဆိုတဲ့ လူသားတစ်ယောက်

ဟာ တောထဲမှာ ရသေ့ဝတ်ပြီးနေတယ်။ အဲဒီတုန်းက ကိန္နရီ၊ ကိန္နရာတွေနေတဲ့ လိုဏ်ခေါင်းကြီးကို ပင့်ကူကောင်ကြီးကပိတ်ပြီး ကိန္နရီ၊ ကိန္နရာတွေရဲ့ ဥကျောက်ဖောက်စားတယ်။ ကိန္နရီ၊ ကိန္နရာတွေက ပင့်ကူကောင်ကြီးကို အင်မတန်မှ ကြောက်ကြတယ်။

ရသေ့ထံသွားပြီး သူတို့ကို ဒုက္ခပေးနေတဲ့ ပင့်ကူကောင်ကြီးကို ဖယ်ရှားပေးပါလို့ တောင်းဆိုကြတယ်။ ရသေ့က "ငါက ရသေ့၊ သူများအသက် မသတ်ဘူး" ပြောတော့ အဲဒီမှာ ကိန္နရီမ ချောချောတစ်ယောက်ကို အဝတ်အစား တန်ဆာတွေဆင်ပြီး ရသေ့ဆီပို့တဲ့အခါ ရသေ့က သဘောတူလိုက်တယ်။ အဲဒီကိန္နရီမလေးကို စွဲမက်ပြီး သူတို့ခိုင်းတာလုပ်ပေးလိုက်တယ်။ ပင့်ကူကြီးကို တုတ်နဲ့ထုသတ်ပြီး ကိန္နရီ၊ ကိန္နရာတွေကို ကယ်တင်ခဲ့ဖူးတယ်။

အဲဒီဇာတ်လမ်းကိုပြောပြီး "ကြည့်လေ လူသားနဲ့ ကိန္နရီမတို့တောင်မှပဲ ပေါင်းဖက်ကြသေးတယ်။ အခုဟာ ကြက်တူရွေးနဲ့ သာလိကာ ပေါင်းဖက်လို့ရပါတယ်" လို့ ပြောတယ်။ နောက်ဆုံးမှာ သာလိကာမက လက်ခံလိုက်တယ်။

ညမှာ အတူတကွနေရင်းက သာလိကာမလေးဆီက သတင်းရအောင် ယူတယ်။ "သူကြားနေတယ်၊ ပဉ္စာလစန္ဒီမင်းသမီးလေးက အင်မတန်မှ ချောတယ်၊ သီချင်းစပ်ဆိုပြီး နိုင်ငံအနှံ့ ဖြန့်တယ်။ ပြီးတော့လည်း ပဉ္စာလစန္ဒီမင်းသမီးလေးကို ဝိဒေဟဘုရင်နဲ့ ရွှေလမ်း ငွေလမ်းဖောက်ပြီး သမီးကညာဆက်မယ်လို့ သတင်းကြားတယ်။ အဲဒီသတင်းဟာ ဖြစ်နိုင်ပါ့မလား"။

ထိုအခါ သာလိကာမလေးက 'ဒါတွေမပြောရင် ကောင်းပါတယ်' လို့ စကားဖြတ်လိုက်တယ်။ "မဟုတ်ပါဘူး၊ မင်း ငါ့မပြောရင် ဘယ်သူပြောမှာလဲ? ငါသိချင်လို့ပါ" လို့ ကျေးသားက ဆိုတဲ့အခါ သာလိကာမလေးက "ရှင်ပဲစဉ်းစားကြည့်၊ သမီးကညာဆက်မယ်လို့ လိမ်လည်လှည့်ဖျားပြီး ဝိဒေဟဘုရင်နဲ့ မဟောသဓကို ဒီကိုခေါ်မှာ၊ ဘယ်သမီးကညာဆက်မလဲ၊ သူတို့ကို လိမ်လည်ပြီး ခေါ်တာသာ ဖြစ်တယ်။ ဝိဒေဟဘုရင်နဲ့ မဟောသဓကို သတ်ဖို့ ကေဝဋ္ဋပုဏ္ဏားနဲ့ စူဠနီဗြဟ္မဒတ်မင်းကြီးတို့ တိုင်ပင်ပြီး လုပ်ဆောင်ထားတဲ့ အစီအမံပဲ ဖြစ်တယ်" လို့ ပြောလိုက်တယ်။

သေသေချာချာသိပြီ ဆိုတဲ့အခါ ကျေးသားလေးက "တော်ပါပြီ၊ ဒီအကြောင်း နောက်ထပ်မပြောတာပဲ ကောင်းပါတယ်" ဆိုပြီး စကားဖြတ်လိုက်တယ်။ နောက်ရက်မှာ ခဏပြန်လိုက်ဦးမယ်ဆိုပြီး သိဝိတိုင်းဘက်ကို ပျံသန်းခဲ့တယ်။ သိဝိတိုင်းရောက်ပြီဆိုမှ ဝိဒေဟတိုင်းဘက်ကို ပျံသွားတယ်။ ဟိုလည်းရောက်ရော မဟောသဓပညာရှိရဲ့ ပခုံးပေါ် သွားနားတယ်။

မဟောသဓ ပညာရှိရဲ့ ပခုံးပေါ်နားရင် သူနဲ့နှစ်ကိုယ်ကြားပဲ ပြောရမယ်။ ရင်ခွင်ထဲနားရင် အမရာဒေဝီပါ ကြားလို့ရတယ်။ ကြမ်းပြင်ပေါ်မှာနားရင် အားလုံး ကြားလို့ရတယ်ဆိုတဲ့ သတင်းမျိုးဖြစ်တယ်။ အဲဒီသင်္ကေတနဲ့ သူ့ရဲ့ပခုံးပေါ် နားသည့်အတွက် မဟောသဓ တစ်ဦးတည်း ဆိတ်ကွယ်ရာသွားပြီး နားထောင်တယ်၊ အကြောင်းစုံ အကုန်သိရတယ်။

အဲဒီလို သတင်းအမှန်တွေ ကြားရတဲ့အခါ မဟောသဓက စဉ်းစားတယ်။ "ဘုရင်ကြီးဟာ ငါက မသွားပါနဲ့ဆိုလည်း သွားမှာပဲ။ ကြည့်ရတာ တော်တော် စားမဝင်အိပ်မပျော် ဖြစ်နေတယ်။ ပဉ္စာလစန္ဒီရဖို့အတွက် သူက သွားကိုသွားမှာပဲ၊ သွားရင် သေကြေပျက်စီးလိမ့်မယ်။ သူသေရုံတင်မကဘူး၊ မဟောသဓလို ပညာရှိတစ်ယောက် ရှိလျက်သားနဲ့ ဘုရင်ကြီးကို မတားနိုင်ဘူးဆိုပြီး ငါ့ကိုလည်း ကဲ့ရဲ့ရှုံ့ချကြလိမ့်မယ်။ အဲဒီတော့ ငါလိုပုဂ္ဂိုလ်မျိုး ရှိပါလျက် ဘာကြောင့် ငါ့ရဲ့ကျေးဇူးရှင်ဖြစ်တဲ့ ဘုရင်ကြီးဟာ အသက်ဆုံးခံရမလဲ" အဆုံးမခံဘူး။ လိပ်ပက်လက် လှန်ထားသလို ရန်သူကို ချုပ်ကိုင်ပြီး သူလိုချင်တာလည်းရအောင် ငါ ကြံဆောင်မှ ဖြစ်တော့မယ်။

**ယဿေဝ ဃရေ ဘုဉ္ဇေယျ ဘောဂံ,**

**တဿေဝ အတ္ထံ ပုရိသော စရေယျ။**

"ဒီအိမ်မှာ စားသောက်နေရင် အဲဒီအိမ်ရှင်ရဲ့အကျိုးကိုပဲ ဆောင်ရွက်ရမယ်။" ပညာရှိဆိုတာ ကိုယ့်ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်ကို ဘယ်တော့မှ မစွန့်လွှတ်ရဘူး။ သူ့အကျိုးစီးပွားရှိအောင်လုပ်ရမှာ။ ငါ လုပ်ကိုလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက် ချလိုက်တယ်။

ဆုံးဖြတ်ချက်ချပြီးနောက် ဝိဒေဟမင်းကြီးဆီ အခစား ဝင်တယ်။

**ကိံ ဒေဝ, ဂန္တုကာမတ္ထ ဥတ္တရပဉ္စာလနဂရံ၊**

"အရှင်မင်းကြီး, ဥတ္တရပဉ္စာလမြို့ကို ကြွမှာလား? **အာမ တာတ–** ငါ့သား သွားမှာပေါ့ကွာ။ **ပဉ္စာလစန္ဒိံ အလဘန္တဿ**

**မမ ကိံ ရဇ္ဇေန၊ မာ မံ ပရိစ္စဇိ, မယာ သဒ္ဓိံယော၀ ဟေဳ–** ပဉ္စာလ စန္ဒီမင်းသမီးမှ မရရင် ငါအသက်ရှင်ရကျိုး မနပ်ဘူး။ တိုင်းပြည် နေရလို့ ဘာအကျိုးရှိမှာတုန်း။ **မာ မံ ပရိစ္စဇိ–** မင်း ငါ့ကို စွန့်ပစ် မထားပါနဲ့။ **မယာ သဒ္ဓိံယော၀ ဟေဳ–** ငါနဲ့ အတူလိုက်ခဲ့"

"**ဒွေ အတ္ထာ နိပ္ဖဇ္ဇိဿန္တိ–** ငါတို့သွားရင် အကျိုးနှစ်မျိုး ရမယ်။ တစ်ခုက အမျိုးသမီးရတနာဆိုတဲ့ ပဉ္စာလစန္ဒီကိုလည်း ငါ ရရှိမယ်။ တို့တိုင်းပြည်နှစ်ပြည်ဟာလည်း မဟာမိတ်နိုင်ငံ ဖြစ်မယ်။ ဒီ အကျိုးနှစ်မျိုးရမယ်။ ဒါကြောင့်မို့ ငါ သွားကို သွားရ မယ်။ တမင်လာပြီးတော့ တို့ကိုဖိတ်တာ မသွားဘဲနေလို့ ဘယ်ဖြစ် မလဲ၊ သွားကိုသွားရမယ်"။

မဟောသဓပညာရှိက "ဒါဆိုရင်လည်း ကျွန်ုပ်ကြိုတင်ပြီး သွားပါရစေ၊ မင်္ဂလာလက်ထပ်နန်းကို အရင်ဆောက်လုပ်ပါမယ်၊ ပြီးစီးပြီဆိုမှ အရှင်မင်းကြီးလာခဲ့ပါ။ အားလုံး အစီအစဉ်တွေကို ကျွန်ုပ်ကပဲ သွားပြီး ကြိုတင်လုပ်ပါ့မယ်၊ ကျွန်ုပ်သတင်းပို့မှ ကြွလာပါ"လို့ လျှောက်တယ်။ ဘုရင်ကြီးက သဘောကျတာပေါ့။ "အေး-သွားသွား, မင်းကြိုတင်ပြီး သွားနှင့်၊ ဘာလိုသေးတုန်း?"

မဟောသဓ‌ေ သွားတဲ့အခါမှာ သူ့ရဲ့ လက်ရုံးစစ်တပ် ကြီးကို ခေါ်သွားတယ်။ ဒါတင်မကသေးဘူး။ ထောင်ထဲကလူတွေ အနှောင်အဖွဲ့တွေဖြုတ်ပြီး အမှုတော်ထမ်းကြဖို့ ခေါ်သွားတယ်။ သူခေါ်တဲ့လူတွေဟာ စစ်မှုထမ်းဖို့ချည်း မဟုတ်ဘူး၊ စစ်သား လည်း ပါတယ်၊ ပန်းရံပါတယ်၊ လက်သမား ပါတယ်၊ ဆောက်လုပ် ရေးသမားတွေ ပါတယ်၊ သစ်ခုတ်တဲ့သူတွေ ပါတယ်။ လှေစပ်တဲ့

လူတွေ ပါတယ်၊ အုတ်ဖုတ်တဲ့လူတွေ ပါတယ်။ ပန်းချီဆရာတွေ ပါတယ်၊ ပညာရှင်တွေအားလုံးစုပြီး လူပေါင်းများစွာနဲ့ ဥတ္တရ ပဥ္စာလနိုင်ငံဘက်ကို ထွက်ခွာသွားတယ်။

ကြိုတင်ပြီးတော့ စူဠနီဗြဟ္မဒတ်မင်းကြီးထံ "လက်ထပ် နန်းတော် ဆောက်လုပ်ဖို့ ကြိုတင်စီမံဖို့ မဟောသဓလာပြီ" လို့ သတင်းပို့တယ်။ စူဠနီဗြဟ္မဒတ်မင်းကြီးက "အေး- လာပါစေ၊ ဒီကျရင် အေးအေးဆေးဆေး ဖမ်းပြီးတော့ ဝိဒေဟဘုရင်ကြီးပါ၊ လာတဲ့အခါမှာ နှစ်ယောက်စလုံးကို သတ်မယ်"ဆိုပြီး အတွေးနဲ့ ကျေနပ်နေတယ်။

နှစ်နိုင်ငံကြားမှာ ဂင်္ဂါမြစ်ရှိတယ်။ ဂင်္ဂါမြစ်ကိုဖြတ်ပြီး ပဥ္စာလကို လာရတယ်။ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ နန်းတော် ကလည်း ဂင်္ဂါမြစ်နဲ့ သိပ်မဝေးဘူး။ ဂင်္ဂါမြစ်ကို ဖြတ်ကူးပြီးနောက် မဟောသဓပညာရှိက သူ့ရဲ့နောက်ပါ စစ်သည်ဗိုလ်ပါတွေကို ဂင်္ဂါမြစ်ကမ်းမှာ နေရာချတယ်။ သူ့ရဲ့လူယုံ အာနန္ဒ ဆိုသူကို ဂင်္ဂါမြစ်အညာကိုတက်ပြီး သစ်ခုတ်စေတယ်။ လှေအစီး (၃၀၀) လောက်ရအောင် စပ်ခိုင်းတယ်၊ နန်းတော်ဆောက်ဖို့ သစ်တွေကို လည်း အဆင်သင့်ဖြစ်အောင်လုပ်ဖို့ စေလွှတ်လိုက်တာ။ လက် သမားသုံးရာ၊ သစ်ခုတ်သမားသုံးရာ ထည့်ပေးလိုက်ပြီး မြစ်ညာ တက် သစ်ခုတ်ဖို့ ဆန်တက်သွားကြတယ်။

မဟောသဓပညာရှိက ဂင်္ဂါမြစ်ကနေပြီး စူဠနီဗြဟ္မဒတ် မင်းကြီးရဲ့နန်းတော်ကိုသွားရင်း ခြေလှမ်းဘယ်နှစ်လမ်း ရှိသလဲ ဆိုတာ မှတ်သားတယ်။ ရှေးပညာရှိတွေဟာ ခြေလှမ်းနဲ့ပဲ

တိုင်းတာ။ မန္တလေးမြို့ နန်းတော်ကြီးဆောက်တုန်းက ခြေလှမ်းနဲ့ပဲ တိုင်းတယ်လို့ ကြားဘူးတယ်။ နန်းမြို့ရိုးတည်တဲ့ တာဝန်ခံ အမတ်ကြီးက ခြေလှမ်းနဲ့ပဲတိုင်းတာ။ အခု လေးဘက်လေးတန် ပြအိုးတွေဟာ တကယ့်ကို အတိုင်းအတာ မှန်ကန်ပြီးတော့ ဖြောင့်နေအောင်လုပ်တာ အံ့သြဖွယ်ရာတစ်ရပ်ပေါ့။

မဟောသဓပညာရှိက ဂင်္ဂါမြစ်ကနေပြီး စူဠနီဗြဟ္မဒတ် မင်းကြီးထံ မဟောသဓရောက်လာပါပြီဆိုတာ သတင်းပို့စေတယ်၊ ဘုရင့်နန်းတော်သွားရင်း ခြေလှမ်းတိုင်းသွားတယ်။ ဘယ်နားမှာ ဘာလုပ်မယ်၊ ဘယ်နားမှာ ဘာလုပ်မယ်၊ တစ်ခါတည်း အမှတ် အသား လုပ်သွားတယ်။ ဘုရင့်နန်းတော် ရောက်တဲ့အခါ ရောက် ကြောင်း လျှောက်ထားစေတယ်၊ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ "အခစားဝင်စေ" အမိန့်ရမှ နန်းတော်သို့ ဝင်ရတယ်။ အမိန့်ရလို့ နန်းတော်ပေါ် အတက်မှာ နန်းတော်လှေကားကို မှတ်သားထား တယ်။

ဘုရင့်ရှေ့မှောက် ရောက်တဲ့အခါ အကျိုးအကြောင်း ပြောဆိုလျှောက်ထားတယ်၊ ဘုရင်ကြီးက သဘောတွေကျပြီး သူ့အကြံအောင်တော့မယ်၊ လက်ထပ်ပွဲ ဟန်ဆောင်လုပ်ပြီးတော့ သတ်မယ်။ အဲဒီအကြံနဲ့ မဟောသဓ လုပ်ချင်တာ လုပ်ခွင့်ပေး တယ်။ မဟောသဓကလည်း သူ့အကြံနဲ့သူ "အရှင်မင်းကြီးရဲ့ နန်းတော်တက်တဲ့ လှေကားဟာ သိပ်မကောင်းဘူး။ အပြစ်တွေ့ခဲ့ တယ်၊ ကျွန်တော်မျိုး ပြင်ပေးရမလား?" လို့ လျှောက်တော့ "ဟာ ပြင်ပေးပါ" လို့ ခွင့်ပြုတယ်။ မဟောသဓက အကြံဉာဏ်နဲ့

နန်းတော်လှေကားအောက်မှာ ဥမင်လိုဏ်ခေါင်းတူးဖို့ စိတ်ကူးတာ။ အဲဒီမှာ ပျဉ်တွေနဲ့ သေသေချာချာခင်းပြီး သူ့လူတွေနဲ့ စီမံဆောင်ရွက်စေတယ်။ နန်းတော်လှေကားအောက်မှာ ဥမင်လိုဏ်ခေါင်းတူးမယ်ဆိုပြီး ကြိုတင်စီစဉ်ထားလိုက်တယ်။

ထို့နောက် ဘုရင်ကြီးအား လက်ထပ်တဲနန်းဆောက်ဖို့ မြို့ထဲမှာ နေရာရချင်ပါတယ်လို့ လျှောက်တဲ့အခါ 'မင်းကြိုက်တဲ့ အိမ်ရွေး' လို့ ခွင့်ပြုလိုက်တယ်။ ထိုအခါ မဟောသဓရဲ့လူတွေက ရွေးတယ်။ ပထမဆုံး ဘုရင့်မယ်တော်ကြီးအိမ် ရွေးတယ်။ အဲဒီ အိမ်ကို သိမ်းတယ်။ သိမ်းပြီး အိမ်ကို ဖျက်မယ်လုပ်တော့ ဘာလို့ ဖျက်တာတုန်းဆို ဘုရင့်အမိန့်နဲ့လုပ်တာ။ ဝိဒေဟဘုရင်ကြီးနဲ့ ပဉ္စာလစန္ဒီမင်းသမီးတို့ လက်ထပ်နန်း ဆောက်ဖို့ရာအတွက် ဒီအိမ်ကိုသိမ်းတာဆိုတော့"မလုပ်ကြပါနဲ့၊ ငါ့အိမ်ကို မလုပ်ကြပါနဲ့" ဆိုတော့ ငွေတစ်သိန်း လာဘ်ထိုးရတယ်။ ထို့နောက် ကေဝဋ္ဋ ပုဏ္ဏားကြီးအိမ် သွားသိမ်း၊ အဲဒီကလည်း ငွေတစ်သိန်း လာဘ်ထိုး၊ ဟိုအိမ်သိမ်း, ဒီအိမ်သိမ်း, ခြံဝန်းကျယ်ကျယ် မှန်သမျှ လူကြီးတွေ အိမ် အကုန်လိုက်သိမ်းတယ်။ မသိမ်းအောင် ငွေပေးကြရတယ်၊ အဲဒီလိုနည်းနဲ့ ရတဲ့ငွေဟာ ၉-ကုဋေလောက် ရှိသတဲ့။

## နိဂုံး

ဒါကြောင့်မို့ လူတိုင်းလူတိုင်းဟာ အမြော်အမြင်ရှိပြီးတော့ အသိပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ဖို့ရာအတွက် ကြိုးစားအားထုတ်ကြရမှာဖြစ်လို့ ပညာရှိဆိုတဲ့အတတ်ပညာမျိုး ရရှိဖို့ရာ

အတွက် အမှတ်တမဲ့ မနေဘဲ တို့တတွေ အရာရာကို ဆင်ခြင် သုံးသပ်ပြီး အနာဂတ်ကို မျှော်လင့်ကြီးစွာ ထားပြီးတော့ ဆောင်ရွက်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ မှတ်သားပြီး ပညာရှိအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း (၁၄)

သာသနာတော်နှစ် ၂၅၆၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက်၊ (၂၆. ၅. ၂၀၁၉) သောကြာနေ့၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာကျောင်းတိုက်၊ ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် အထူးဓမ္မသဘင်အခမ်းအနား၌ မန္တလေးမြို့ ကွယ်လွန်သူ ဒေါ်ရွှေလှငယ်၏ ကွယ်လွန်ခြင်း (၈)နှစ်ပြည့်အားရည်စူး၍ Platinum City ရတနာရွှေဆိုင် မိသားစု၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၁၄)"** တရားဒေသနာတော်။

## လက်ထပ်နန်းဆောက်လုပ်ရေး

မဟောသဓပညာရှိဟာ တစ်မြို့လုံးနေရာ လိုက်ကြည့်ပြီးတဲ့အခါ စူဠနီဗြဟ္မဒတ်မင်းထံ အခစားဝင်တယ်။ ဘုရင်ကြီးက **ကိံ ပဏ္ဍိတ လဒ္ဓ တေ ဝသနဋ္ဌာနံ–** ဘယ်လိုလဲ? ပညာရှိ မြို့ထဲမှာ စိတ်ကြိုက်အိမ်ရပြီလားဆိုတော့ 'အရှင်မင်းကြီး၊ စိတ်ကြိုက်အိမ်

မရပါဘူး။ သူများနေတဲ့အိမ် သွားယူတော့လည်း အိမ်ရှင်တွေက စိတ်ဆင်းရဲကြတယ်။ ဒါကြောင့်မို့ သူများစိတ်ဆင်းရဲမယ့် အလုပ်ကို ကျွန်တော်မျိုး မလုပ်လိုပါဘူး။ မြို့ပြင်မှာပဲ ဂင်္ဂါမြစ် အနီးမှာ မင်္ဂလာလက်ထက်နန်း ဆောက်ပါရစေ။"

ဘုရင်ကြီးကသဘောတူလိုက်တယ်။ မဟောသဓပညာရှိ က ဆက်ပြီးတော့ လျှောက်တယ်။ "ကျွန်ုပ်တို့လူတွေ၊ ဆင်တွေ၊ မြင်းတွေ၊ အတတ်ပညာရှင်တွေနဲ့ ဂင်္ဂါမြစ်ကမ်းမှာ စခန်းချပြီး တော့ လက်ထပ်နန်း မြို့တည်ပြီး ဆောက်လုပ်နေတဲ့အချိန်မှာ လူတွေဟာ ဟင်းရွက်ခူးတာတို့ ထင်းခွေတာတို့ အဲဒီဘက်လာမယ် ဆိုလို့ရှိရင် သူတို့ဆိုဒ်မှာ အလုပ်ပျက်လိမ့်မယ်။ ဒါကြောင့်မို့ အဲဒီဘက်ကို ထင်းခွေ ရေခပ်ကအစ လူတွေ မသွားလာဖို့ အရှင်မင်းကြီး အမိန့်ချပေးပါ။"

ဂင်္ဂါမြစ်ထဲမှာ ကျွန်တော်မျိုးနိုင်ငံက ပါလာတဲ့ ဆင်တွေ ဟာ ရေကစားတာ အင်မတန်မှနှစ်သက်လို့ သူတို့ဟာ ဂင်္ဂါမြစ်ထဲ မှာ ကူးပြီးတော့ ရေချိုးတာတွေလုပ်တဲ့အခါမှာ ဆင်တွေကလည်း မြောက်မြားစွာ ပါလာသည့်အတွက်ကြောင့် ဂင်္ဂါမြစ်ရေဟာ နောက်ပါလိမ့်မယ်။ ဂင်္ဂါမြစ်အောက်ခြေမှာနေတဲ့ လူတွေဟာ မဟောသဓ လာတဲ့အချိန်ကစပြီး ဂင်္ဂါမြစ်ရေတွေ နောက်ကုန်ပြီ ဆိုပြီးတော့ ဆန္ဒပြ ကန့်ကွက်ကြပါလိမ့်မယ်။ ကြိုတင်ပြီးတော့ အဲဒါလည်းပဲ အသင်မင်းကြီး သည်းခံခွင့်လွှတ်ပေးပါ။

ဖြစ်နိုင်ခြေတွေကို အမြော်အမြင်ထားပြီးတော့ ဘုရင် ကြီးဆီ ခွင့်တောင်းလိုက်တယ်၊ ဘုရင်ကြီးက အကုန်ခွင့်ပေးလိုက်

တယ်။ အဲဒီဘက်ကို "ဘယ်သူမှ မသွားရဘူး။ အမိန့်ထုတ်လိုက်တယ်။ ဂင်္ဂါမြစ်ရေနောက်လည်း ကိစ္စမရှိဘူးဆိုပြီး အဲဒီဘက်ကို အသွားအလာမရှိစေရ၊ သွားရင် အဖမ်းခံရမယ်။"

မဟောသဓပညာရှိက နန်းမြို့တည်မယ့်နေရာ ဂင်္ဂါမြစ်နဲ့ မြို့တော်ကြား သွားလာခွင့် မပေးဘူး၊ ပိတ်ထားလိုက်တယ်။ အသွားအလာတွေ မလုပ်ရ၊ ဖြတ်သန်းသွားလာခြင်း မပြုရ။ **'ဖြတ်သန်းသွားလာခြင်း မပြုရ'** ဆိုတဲ့ စာတန်း ဆွဲထားတယ်။ အဲဒီလို သူလုပ်တာတွေမသိအောင် ကြိုတင်ပြင်ဆင်ပြီးလုပ်တယ်။ ဘုရင်ကြီးကလည်း လိုက်လျောတယ်။ ဂင်္ဂါမြစ်နဲ့ နန်းမြို့ရိုးကြား ဘယ်သူမှ သွားလာခွင့်မရှိဆိုပြီး အကုန်လုံး မင်းမိန့်နဲ့ ကြေငြာထားတာ။ မဟောသဓပညာရှိက လွတ်လွတ်လပ်လပ်ကြီး လုပ်လို့ရသွားတယ်။

## ဝဂ္ဂုလိရွာ

နန်းမြို့ကြီး တည်ဆောက်တဲ့အခါမှာ သူ့စိတ်ကူးရှိထားတဲ့အတိုင်း ဘာလုပ်လဲဆိုရင် ဂင်္ဂါမြစ်ရဲ့ဟိုဘက်ကမ်းမှာ ဝဂ္ဂုလိခေါ်တဲ့ရွာမှာ ဆင်တွေ၊ မြင်းတွေ၊ စခန်းချတယ်။ ရောက်ရောက်ချင်း အာနန္ဒ ဆိုတဲ့ လူယုံတော်ကို သစ်ခုတ်ဝါးခုတ်ဖို့ရာအတွက် လူသုံးရာပေးပြီးတော့ လွှတ်လိုက်တယ်။ တောထဲသွားပြီး သစ်ဝါးခုတ်၊ လှေသုံးရာ စပ်ခိုင်းတယ်။ စပ်ခိုင်းပြီး အဲဒီလှေတွေ အဆင်သင့် သုံးနိုင်တဲ့အနေအထား ဖြစ်တဲ့အခါ ဘယ်သူမှ မမြင်ရအောင် လျှို့ဝှက်ဖွက်ထားတယ်။

## ဥမင်တည်ဆောက်ခြင်း

ဝင္ဂုလိဆိုတဲ့ရွာထဲမှာ ဆင်တွေ, မြင်းတွေ, ရထားတွေ, နိုင်းစေတဲ့သတ္တဝါတွေ အားလုံး စခန်းကြီးတစ်ခုချပြီး မြို့ကို တည်ဆောက်ထားတယ်။ ဂင်္ဂါမြစ်ကမ်းခြေမှာ ဥမင်လိုဏ်ခေါင်း အကြီးကြီး စတင်ပြီးတူးတယ်။ စိတ်ကူးကတော့ ဂင်္ဂါမြစ်ကနေပြီး တော့ လှေပေါ်တက်ပြီးတော့ ထွက်ပေါက်ရှာထားတာ။ သို့သော် အဲဒီဂင်္ဂါမြစ်ကမ်းမှာ ဥမင်လိုဏ်ခေါင်းပေါက်ကြီးရှိတယ်ဆိုတာ ဘယ်သူမှ မသိရအောင် လျှို့ဝှက်စွာ ပြုလုပ်ထားတယ်။ အဲဒီမှာ ဒီ ဥမင်လိုဏ်ခေါင်းကြီး တူးဖို့ရာအတွက် သူ့နောက်ကပါလာတဲ့ သူရဲကောင်း (၆၀၀၀) တာဝန်ပေးတယ်။ လူအားနဲ့လုပ်တယ်။

ဥမင်လိုဏ်ခေါင်းက အမြင့် ၁၈-တောင်ရှိတယ်။ အကျယ် ကလည်း လိုက်လျောညီတယ်။ အထဲထဲမှာ ဆင်စီး, မြင်းစီးပြီး သွားလို့ရလောက်အောင် မြေအောက်ဥမင်လိုဏ်ခေါင်းတူးတယ်။

(ပြင်သစ်နဲ့အင်္ဂလန် ရေလက်ကြားမှာလည်း ရေအောက် ကနေ တူးထားတဲ့ tunnel ရှိတယ်၊ ဟိုဘက် ဒီဘက် ကားဖြတ် မောင်းသွားလို့ရတယ်။ ဒါကတော့ အခုခေတ် စက်ယန္တရားတွေနဲ့ လုပ်တာ။) မဟောသဓရဲ့ ဥမင်ကတော့ လူအင်အားနဲ့ လုပ်ခဲ့ တယ်။ သူ့ရဲ့ design က အင်မတန်မှ ကောင်းပုံရတယ်။

လူခြောက်ထောင်နဲ့ မြေကြီးတွေ တူးတယ်။ တူးလို့ရတဲ့ မြေတွေကို သားရေအိတ်တွေနဲ့ထည့်တယ်။ ထည့်ပြီးတဲ့အခါ အဲဒီမြေကြီးတွေကို ဆင်တွေနဲ့ နယ်ခိုင်းတယ်၊ ရေဖျော်ပြီး ဂင်္ဂါမြစ်ထဲ မျှောပစ်တာ၊ အဲဒီတော့ ဂင်္ဂါမြစ်ရေက နောက်ရော

ပေါ့။ အကယ်၍ မဟာဥမင်ကြီး တူးတဲ့နေရာမှာ မြေကြီးတွေ ဒီအတိုင်းပုံမယ်ဆိုရင် မြေပုံကြီးက ဟိန်းနေမှာပေါ့။ ဥမင်လိုဏ်ခေါင်းတူးတယ်ဆိုတာ သိမယ်။ မသိအောင်လို့ မြေကြီးတွေကို ရေထဲမှာ မျှောပြီး ဖျောက်ဖျက်ပစ်တာ။ မြေပုံကြီး မတွေ့ရဘူး။ သို့သော် ဂင်္ဂါမြစ်အောက်ခြေက လူတွေကတော့ မဟောသဓလာကတည်းက ရေတွေနောက်လိုက်တာလို့ ပြောကြတယ်။

မဟောသဓရဲ့ သူလျှိုတမန်တွေကလည်း နေရာအနှံ့မှာ ရှိတယ်။ သူတို့က သတင်းလွှင့်ကြတယ်၊ "မဟောသဓရဲ့ ဆင်တွေဟာ အင်မတန်မှ ရေကစားလေ့ရှိတယ်။ ဒါကြောင့် ဆင်တွေ ရေချိုးလို့ မြစ်ရေနောက်တာ"လို့ လှီးလွှဲပြီး ပြောထားကြတယ်။

ဂင်္ဂါမြစ်ဆိပ်ကမ်းကနေပြီး လက်ထပ်နန်းထဲထိ ဥမင်လိုဏ်ခေါင်း အကျယ်ကြီးတူးတယ်။ တစ်ခါ လက်ထပ်နန်းမှ လူသွားလို့ရရုံ ဇယ်ဥမင်ကို တူးတယ်။ လှည်းစီးသွားလို့မရဘူး၊ ရထားစီးသွားလို့ မရဘူး။ ဆင်နဲ့ မြင်းနဲ့ သွားလို့မရဘူး။ သို့သော် လူလမ်းလျှောက်လို့ရတယ်၊ လူတစ်ယောက် ချောင်ချောင်ချိချိ လျှောက်သွားလို့ရတဲ့ ဥမင်လိုဏ်ခေါင်းကို ဇယ်ဥမင်လို့ ခေါ်တယ်။

လက်ထပ်နန်းရဲ့ အောက်ခြေမှာ လျှို့ဝှက်ဥမင်လိုဏ်ခေါင်း ဖောက်တယ်။ ဥမင်လိုဏ်ခေါင်းအကြီးကြီး မဟာဥမင် လက်ထပ်တဲနန်းရဲ့ အောက်မှာရှိပြီး မြစ်ကမ်းဘက်ကို ထွက်သွားတယ်။ လျှို့ဝှက်လူသွား ဥမင်လေးကတော့ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ နန်းတော်လှေကားထိအောင် သွားတယ်။

စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ နန်းတော် လှေကားခုံအောက် ရောက်သည်ထိအောင် ဥမင်လိုဏ်ခေါင်းကို လူသုံးရာအင်အား အသုံးပြုပြီးတော့ တူးတယ်။ တူးလို့ ထွက်လာတဲ့ မြေတွေကို နန်းမြို့ထဲမှာ ရွံ့ဖြစ်အောင် နယ်ပြီးတော့ အုတ်ဖုတ်တယ်။ အဲဒီအုတ်တွေနဲ့ တံတိုင်းစီတယ်၊ တံတိုင်းက ၁၈-ပေ မြင့်တယ်။

၁၈-ပေအမြင့် အုတ်တံတိုင်းကြီး တည်ဆောက်ထားပြီး ကျုံးသုံးထပ်လုပ်ထားတယ်။ တစ်ထပ်က ရေကျုံး၊ တစ်ထပ်က ရွံ့ညွန်ကျုံး၊ တစ်ထပ်က ကျုံးခြောက်ဖြစ်တယ်။ အဲဒီကျုံးခြောက်မှာ ငုတ်တွေ ဆူးတွေ ထည့်ထားတယ်။ အဲဒီလို ကျုံးသုံးထပ် ရံထားပြီး လက်ထပ်နန်းတော်ကြီးကို ဆောက်တာဖြစ်တယ်။

အဲဒီလက်ထပ်နန်းတော်ကို ဗဟိုပြုပြီး မြစ်ဘက်ကိုသွားဖို့ မဟာဥမင်လိုဏ်ခေါင်းကြီး တူးတယ်။ စူဠနီဗြဟ္မဒတ် မင်းကြီးရဲ့ နန်းတွင်းကိုဝင်ဖို့ ဇယ်ဥမင်လို့ လူတစ်ယောက် သွားသာတဲ့ ဥမင်လိုဏ်ခေါင်း တူးတယ်။ အားလုံးသော ဥမင် လိုဏ်ခေါင်း တွေဟာ သာမန်မဟုတ်ဘဲ အလှအပ ပန်းချီဆရာတွေ ချယ်သ ထားတဲ့ ဥမင်လိုဏ်ခေါင်းတွေ ဖြစ်တယ်။ အဲဒီ ဥမင်လိုဏ်ခေါင်း တူးပြီးတော့ မြို့တည်ဆောက်တယ်။

လက်ထပ်နန်းမြို့မှ မြစ်ဆိပ်ထိအောင် မဟာဥမင် လိုဏ် ခေါင်းကြီး တည်ဆောက်ခြင်း၊ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ နန်းတော် လှေကားအထိအောင် ဇယ်ဥမင်ဆိုတဲ့ ဥမင်အသေး တည် ဆောက်ခြင်းဆိုတဲ့ ဒီလုပ်ငန်းကြီးသုံးရပ်ဟာ လေးလအတွင်း ပြီးသွားတယ်။

လေးလကြာ တည်ဆောက်ထားတဲ့ ဥမင်လိုဏ်ခေါင်းကြီးက ခမ်းခမ်းနားနား လှပတယ်၊ မဟာဥမင်လိုဏ်ခေါင်းရဲ့ အဝင်တံခါးက လက်ထပ်နန်းရဲ့အတွင်းမှာရှိတယ်။ ထွက်တဲ့ တံခါးပေါက်ကြီးက ဂင်္ဂါမြစ်ကမ်းမှာရှိတယ်။ ဥမင်ထဲမှာ အမြင့်က ၁၈-ပေ ရှိတယ်။ ဆင်မြင်းစီးသွားလို့ရတယ်၊ အဲဒီလောက်ကျယ်ပြီး တံခါးပေါက်ကြီးက ၈၀-ရှိတယ်၊ တံခါးပေါက်အသေးတွေက ၆၄-ပေါက် ရှိတယ်။ အဲဒီလို ခမ်းခမ်းနားနား လေးလအတွင်းမှာ ဥမင်လိုဏ်ခေါင်းကြီးကို တည်ဆောက်လိုက်တယ်။

## သတင်းပို့ခြင်း

စီမံချက်တွေ လေးလအတွင်း ပြီးသွားပြီဆိုတဲ့အခါ မိထိလာမြို့သို့ တမန်လွှတ်လိုက်တယ်။ "အားလုံး လက်ထပ်တဲနန်း အဆင်သင့် ဖြစ်ပါပြီ၊ အရှင်မင်းကြီး ကြွလာလို့ရပါပြီ"။ ဘုရင်ကြီးကလည်း တမျှော်မျှော်နေတာ၊ လေးလဆိုင်းနေရပြီးမှ လာလို့ရပြီဆိုတာနဲ့ တပြိုင်တည်း ဘုရင့်ကိုယ်ရံတော်တပ်တွေနဲ့ ဥတ္တရပဉ္စာလကို ချီတက်လာခဲ့တယ်။

မဟောသဓေ ဂင်္ဂါမြစ်ဆိပ်ကမ်းမှ ကြိုဆိုပြီး လက်ထပ်နန်းသို့ ဘုရင်ကြီးကို ခေါ်ဆောင်သွားတယ်။ ဘုရင်ကြီးနှင့်အတူ ကိုယ်ရံတော်တပ်တွေ, အမတ်ကြီးတွေ အကုန်လုံးကို အဲဒီ လက်ထပ်တဲနန်းသို့ ခေါ်ဆောင်ပြီး မဟောသဓေ ကျကျနနဧည့်ခံကျွေးမွေးဖို့ အကုန်လုံး စီမံပေးထားတယ်။ အဲဒီဧရိယာတစ်ခုလုံးက မဟောသဓေခိုင်းတာ အကုန်လုပ်ရတဲ့နေရာဖြစ်အောင် သူက စီမံထားတယ်။

စခန်းချပြီးတဲ့အခါမှာ ဝိဒေဟမင်းကြီး ကြွလာပါပြီဆိုတဲ့ အကြောင်းကို စူဠနီဗြဟ္မဒတ်မင်းကြီးထံ သတင်းပို့လိုက်တယ်၊ တမန်လွှတ်ပြီး အကြောင်းကြားတယ်။ စူဠနီဗြဟ္မဒတ်မင်းကြီးက "ငါလုပ်ချင်တာ ရပြီ။ တစ်ရာသောမင်းတွေကို သူက နိုင်ပြီးပြီ၊ ဒီဝိဒေဟဘုရင်ကြီးပဲ တိုက်လို့မရတာ။ အခုတော့ သူ့လက်ထဲ ရောက်ပြီ၊ ဝိဒေဟမင်းကြီးနဲ့ မဟောသဓကို သတ်ပြီးရင်တော့ သူတို့ဟာ တကယ့်ကို ဇကရာဇ်ဘုရင်အဖြစ် အောင်ပွဲခံမယ်"လို့ စိတ်ကူးနဲ့ ကြည်နူးနေတယ်။

## မင်္ဂလာရက်မြတ်

စူဠနီဗြဟ္မဒတ်မင်းကြီးက ဝမ်းသာကြောင်းပြောပြီး "သမီးကညာ ဆက်သပ့်ါမယ်၊ နက္ခတ်ကောင်းကိုရွေးပါ။ ဘယ်နေ့ ဆက်ရမလဲ"။

အာဝါဟဆိုတာ သတို့သားဘက်ကသတို့သမီးကို သွားခေါ်တာ။ သတို့သမီးအိမ်ကိုသွားပြီး သတို့သမီးကို သတို့သားအိမ်ကို ခေါ်လာတာကို အာဝါဟလို့ခေါ်တယ်။ ဝိဝါဟဆိုတာ သတို့သမီးရဲ့မိဘများက လက်ထပ်မယ့် သတို့သမီးကို သတို့သားအိမ်ပို့တာကို ခေါ်တယ်။ နှစ်ခုစလုံးဟာ သတို့သမီးက သတို့သားအိမ် သွားကြရတာပဲ ဖြစ်တယ်။ အဲဒါကို အာဝါဟ ဝိဝါဟ မင်္ဂလာလို့ ပြောတာဖြစ်တယ်။

"သတို့သမီးကို ဆောင်ယူခြင်းနဲ့ သတို့သမီးကို ပို့ဆောင်ခြင်း"။

စူဠနိပြဟ္မဒတ်မင်းကြီးက မေးတယ်။ နက္ခတ်ကောင်းတဲ့နေ့ သမီးတော်ကို ပို့ဆောင်ပေးမယ်။ အဲဒီတော့ ဘယ်နေ့ပို့ရမလဲ? သမီးကညာပေးမယ်လို့ ပြောထားတဲ့အတိုင်း သမီးကညာ ဆက်သမယ်။ ဘယ်နေ့ နက္ခတ်ကောင်းတုန်းဆိုတော့ ဝိဒေဟမင်းကြီးကလည်း လေးလကြီးတောင် သူ့အောင့်ထားရတာဆိုတော့ "ယနေ့ပဲ နက္ခတ်ကောင်းပါတယ်" လို့ အကြောင်းပြန်တယ်။

စူဠနိပြဟ္မဒတ်မင်းကြီးက "ကောင်းပါပြီ၊ ယနေ့ပဲ သမီးပို့ပါ့မယ်"ဆိုပြီး လက်ခံလိုက်တယ်။ ညနေခင်းရောက်လာတဲ့အခါ ဝိဒေဟမင်းကြီး လက်ထပ်နန်းတော်မှာရှိနေချိန် စူဠနိပြဟ္မဒတ်မင်းကြီးက (၁၀၀)သောမင်းတွေနဲ့တိုင်ပင်ပြီး ဗျူဟာချမှတ်တယ်။ ဆင်တပ်က ဘယ်ဖက်က နေရမယ်၊ မြင်းတပ်က ဘယ်လိုနေရမယ်၊ ဘယ်သူက ဘယ်ဖက်ကို တာဝန်ယူရမယ်ဆိုရင် လက်ထပ်တဲနန်းကို သွားဝိုင်းမယ်လို့ စီမံကြတယ်။ မီးတုတ်ကြီးတွေကိုင်ပြီး ဆင်တပ်တွေ, မြင်းတပ်တွေ, ရထားတပ်တွေ, ခြေလျင်တပ်တွေ အုတ်အော်သောင်းနင်း စစ်စည်တွေတီးပြီး မြို့ကနေ ထွက်လာကြတယ်။ ဝိဒေဟဘုရင်ကြီး တည်းခိုနေတဲ့ လက်ထပ်တဲနန်း စံနန်းပတ်ပတ်လည်မှာ တပ်ကြီးချလိုက်တယ်၊ အကုန်လုံး ဘယ်ဘက်ကမှ ထွက်ပြေးလို့မရအောင် ဝိုင်းလိုက်တယ်။

## သံသယဖြစ်ခြင်း

ဝိဒေဟဘုရင်ကြီးက တမျှော်မျှော်နဲ့နေရင်း မီးတုတ်တွေနဲ့ ဓားတွေ, လှံတွေ ဝင်းဝင်းဝါဝါ, ဆင်တွေ, မြင်းတွေ မည်းမည်း လှုပ်နေလောက်အောင် စစ်တပ်ကြီးနဲ့တက်လာတာ မြင်တဲ့အခါ ဝိဒေဟဘုရင်ကြီး စိတ်ထဲမှာ သံသယဖြစ်လာတယ်။

အနီးမှာရှိတဲ့ သေနကအမတ်ကြီးကို မေးတယ် **"ဟတ္ထိ အဿာ ရထာ ပတ္တိ၊ သေနာ တိဋ္ဌန္တိ ဝမ္မိကာ–** စစ်သားတွေကလည်း ချပ်ဝပ်တန်ဆာကြီးတွေ ဝတ်ထားတယ်။ ဆင်တပ်တွေ, မြင်းတပ်တွေ, လက်နက်တွေ, ဓားတွေ, လှံတွေ အကုန်လုံး ပါတယ်။ **ဥက္ကာ ပဒိတ္တာ ဈာယန္တိ–** မီးတုတ်ကြီးတွေကလည်း လင်းထိန်တယ်။ **ကိန္နု မညန္တိ ပဏ္ဍိတာ–** ဝိဒေဟဘုရင်ကြီးက သူ့အနီးမှာရှိတဲ့ သေနကတို့ ပညာရှိအမတ်ကြီးတွေကိုမေးတယ်။

"မီးတုတ်တွေ တဝင်းဝင်းနဲ့ ဓားတဝင်းဝင်း လှံတဝင်းဝင်းနဲ့ စစ်တပ်ကြီးက ဝိုင်းနေတယ်။ ဘယ်လိုထင်ကြလဲ? ဘာအတွက် လာတာလို့ ထင်ကြသလဲ"။

သေနကအမတ်ကြီးက ထင်ကြေးပေးတယ်၊ "အရှင်မင်းကြီး, သမီးကညာကို လာပြီး ခမ်းခမ်းနားနားပို့တာ ဖြစ်ပါလိမ့်မယ်"။ ပုက္ကုသအမတ်ကြီးကလည်း သူ့အထင်ကို ပြောတယ်။ "တကယ့်ကို စစ်သည်ဗိုလ်ပါ အခြံအရံနဲ့ သမီးကညာ လာဆက်တာသာ ဖြစ်ပါတယ်"။ အားပေးပြီးနေတယ်။ ဒါပေမယ့် အခြေအနေကတော့ မဟန်ဘူး။ သာမန်အခမ်းအနားနဲ့လာတာ မဟုတ်ဘူး။ ဓားတွေ လှံတွေ တဝင်းဝင်းနဲ့လာတာဆိုတော့ ကြောက်စရာကြီးပေါ့။

အနီးကပ် ရောက်လာတဲ့အခါမှာ စူဠနီဗြဟ္မဒတ်မင်းကြီးက "ဆင်တပ်က ဘယ်ဘက်က ချီတက်၊ မြင်းတပ်က ဘယ်ဘက်က ချီတက်ဆိုတဲ့ စစ်ဘုရင်ရဲ့ အမိန့်ပေးသံတွေပါ" ကြားလာရတယ်။

ဝိဒေဟဘုရင်ကြီး ကြောက်လာတယ်။ ဒါ သမီးကညာဆက်ဖို့လာတာ မဟုတ်တော့ဘူး။ ဖမ်းဆီးသတ်ဖြတ်ဖို့လာတာ။ ငါတို့တော့ ထွက်ပေါက်မရှိတော့ဘူး။

မဟောသဓကို မေးတယ်။ "ငါ့သား မဟောသဓ, မင်းဘယ်လိုထင်မြင်လဲ?" **"ကိံ နု ကာဟန္တိ ပဉ္စာလာ?"** သူတို့ဘာလာ လုပ်ကြတာလဲ? ဒီလောက်စစ်တပ်ကြီးနဲ့လာတာ ဘာလုပ်ဖို့လဲ ဆိုတော့ မဟောသဓပညာရှိက ပွင့်ပွင့်လင်းလင်း ပြောလိုက်တယ်။

**"ရက္ခတိ တံ မဟာရာဇ, စူဠနေယျော မဟဗ္ဗလော–** စူဠနီဗြဟ္မဒတ်မင်းကြီးက အသင်မင်းကြီးကို ထွက်မပြေးနိုင်အောင် ဝိုင်းရံခြင်း ဖြစ်ပါတယ်။ **ပဒုဋ္ဌော ဗြဟ္မဒတ္တေန–** ဒါ ကေဝဋ္ဋဆိုတဲ့ ပုဏ္ဏားကြီးရဲ့အကြံအစည်နဲ့ အဲဒီဗြဟ္မဒတ်မင်းကြီးဟာ အသင်မင်းကြီးကို အကောက်ဉာဏ်နဲ့ လုပ်ခြင်းပါ၊ **ပါတော တံ ဃာတယိဿတိ–** မနက်ကျရင် အသင်မင်းကြီးကို သတ်ပါလိမ့်မယ်။"

အသင်မင်းကြီးကို သမီးကညာ လာဆက်တာမဟုတ်ဘူး၊ သတ်မလို့ လာတာလို့ မဟောသဓက ပွင့်ပွင့်လင်းလင်းကြီး ပြောလိုက်တဲ့အခါ ဘုရင်ကြီးက အလွန်အမင်း ကြောက်ရွံ့သွား

တယ်၊ ထွက်ပြေးပေါက်ကလည်း မရှိဘူး၊ ဘုရင်ကြီးက ငိုကြွေး တယ်။

မဟောသဓက "အသင်မင်းကြီး၊ ဒီလို ဒုက္ခကြုံလိမ့်မယ် လို့ ကျွန်တော်မျိုး ပြောခဲ့သားပဲ။ ဒါဟာ ငါးစာချတာသာ ဖြစ်တယ်။ တည်သမင်နဲ့ သမင်ကို ဖမ်းတာပဲဖြစ်တယ်ဆိုတာ ကျွန်တော်မျိုး အရှင်မင်းကြီးကို ပွင့်ပွင့်လင်းလင်း လျှောက်ခဲ့တယ် မဟုတ်လား? အဲဒီတုန်းက အသင်မင်းကြီးဟာ ကျွန်တော်မျိုးကို ဂုတ်ဆွဲပြီး မောင်းထုတ်ခိုင်းတယ် မဟုတ်လား? ကျွန်တော်မျိုး စကားကို အသင်မင်းကြီး နားမထောင်ဘူး။ အခုမှတော့ ဘာ တတ်နိုင်မှာလဲ? ဒုက္ခရောက်လိမ့်မယ်။ အခုတော့ ရန်သူ့ လက်ထဲ ရောက်ပြီလေ၊ မကြာခင် သေရတော့မယ်၊"

"**အနရိယရူပေါ ပုရိသော ဇနိန္ဒ–** အရှင်မင်းကြီး၊ ကေဝဋ္ဋ ဆိုတဲ့လူဟာ တကယ့်ကို စိတ်ကောင်းမရှိတဲ့ လူတစ်ယောက်ပါ။ **အဟိဝ ဥစ္ဆင်္ဂဂတော ဍံသေယျ–** အရှင်မင်းကြီးဟာ ကေဝဋ္ဋစကား နားထောင်တာ မြွေပွေး ခါးပိုက်ပိုက်တာနဲ့ အတူတူပဲ။ အသင် မင်းကြီးကို မြွေလိုကိုက်ပါလိမ့်မယ်။ **န တေန မိတ္တိံ ကယိရာထ ဓီရော–** စဉ်းစားဉာဏ်ရှိတဲ့ပုဂ္ဂိုလ်က ဒီလိုလူမျိုးနဲ့ မိတ်ဆွေ မဖွဲ့ သင့်ဘူး။ ကောက်ကျစ်တဲ့အကြံဉာဏ်နဲ့ အသင်မင်းကြီးကိုခေါ်ပြီး သတ်မလို့လုပ်တာပါ။ **ဒုက္ခော ဟဝေ ကာပုရိသေန သင်္ဂမော–** ဒီလို စိတ်ယုတ်မာရှိတဲ့ပုဂ္ဂိုလ်နဲ့ ပေါင်းဆုံခြင်းဟာ ဆင်းရဲဒုက္ခ ကြုံရခြင်းရဲ့ အကြောင်းပဲ ဖြစ်တယ်။"

**ယာဒိသံ ကုရုတေ မိတ္တံ၊ ယာဒိသံ စူပသေဝတိ။**

**ယဒေဝ ဧသော ပုရိသံ ဖနိန္ဒ,**
**သီလဝါယံ ဗဟုဿုတော၊**
**တေနေဝ မိတ္တိံ ကယိရာထ ဓီရော,**
**သုခေါ ဟဝေ သပ္ပုရိသေန သင်္ဂမော။**

"အရှင်မင်းကြီး လူကို သိရတယ်။ ဒီလူဟာ ကိုယ်ကျင့်တရား ကောင်းသလား၊ ဒီလူဟာ ဗဟုသုတရှိသလား၊ လူတော်လူကောင်းလားဆိုတာ သိရမှာပေါ့။ အဲဒီလို သိပြီးတော့မှ ကိုယ်ကျင့်သီလရှိတဲ့ ပုဂ္ဂိုလ်နဲ့မှ မိတ်ဆွေဖွဲ့သင့်တယ်။ လူတော်လူကောင်းနဲ့ မိတ်ဆွေဖွဲ့မှ ချမ်းသာသုခဆိုတာ ရနိုင်တယ်"။

အခုတော့ ကေဝဋ္ဋပုဏ္ဏား လူယုတ်မာကြီးရဲ့စကားကို နားထောင်ပြီး အရှင်မင်းကြီး သူ့လက်ထဲ ရောက်လာပြီ၊ ကျွန်တော်မျိုးလည်း ဘာတတ်နိုင်မှာတုန်း? အရှင်မင်းကြီးက ကျွန်ုပ်ကို ပြောခဲ့တယ်လေ၊ မင်းဟာ တောသား၊ ထွန်တုံးထမ်းပြီး အလုပ်လုပ်လာတဲ့ကောင်၊ ထွန်တုံးပဲနားလည်မှာပဲ။ မင်းစိုးရာဇာ အကြောင်း ဘာမှမသိဘူးလို့ ကျွန်တော်မျိုးကို ပြောဆိုငေါက်ထုတ်ခဲ့ဖူးတယ်။ အဲဒီတော့ ကျွန်တော်မျိုးက ထွန်တုံးလောက်ပဲ သိပါတယ်။

## တောင်းပန်ခြင်း

အဲဒီမှာ ဝိဒေဟဘုရင်ကြီးက လေပြေထိုးတယ်။ "မင်းကွာ၊ ငါ့ကို အတိတ်ကစကားတွေဖော်ပြီးမနှိပ်စက်ပါနဲ့၊ ငါ့ကို အတိတ်နဲ့ စကားနာထိုးပြီး မနှိပ်စက်ပါနဲ့။ လွတ်လမ်းလေးသိရင် ပြောပါဦး၊

ရန်သူတွေ ဝိုင်းထားတဲ့ထဲက ဘယ်လိုလွတ်နိုင်သလဲဆိုတာ မင်း အကြံထုတ်စမ်းပါဦး”။

မဟောသဓက “ကျွန်ုပ်ကတော့ မတတ်နိုင်ဘူး၊ ဘယ်လိုမှ မကြံတတ်တော့ဘူး။ အသင်မင်းကြီးပဲ ပြောထားတာ၊ ဖြစ်နိုင်တာ တစ်ခုကတော့ ဆင်ပျံရှိရင်တော့ အဲဒီဆင်ပျံစီးပြီးတော့ ထွက်သွား ရင်တော့ ရမယ်တဲ့။ အကယ်၍ မြင်းပျံရှိရင်လည်း အဲဒီမြင်းပျံကို စီးထွက်သွားနိုင်မှာပဲ။ ဂဠုန်ရှိရင်လည်း အဲဒီဂဠုန်ပေါ် တက်စီးပြီး ထွက်လို့ရမှာပေါ့။ ကောင်းကင်ပျံနိုင်တဲ့ ဘီလူးတွေရှိရင်လည်း အဲဒီဘီလူးစွမ်းအားနဲ့ ထွက်လို့တော့ရမှာပဲ။ အဲဒီလိုမှ မဟုတ် လို့ရှိရင် အခုလို ဝိုင်းထားတဲ့စစ်တပ်ကြီးကြားထဲက ကျွန်တော်မျိုး ဘယ်လိုမှ မကြံတတ်ပါဘူး။”

မဟောသဓပညာရှိက ခါးခါးသီးသီး ငြင်းလိုက်တယ်။ “ဘာမှ မတတ်နိုင်တော့ဘူး၊ အခုချိန်မှာတော့ လွန်သွားပြီ။ လုပ်နိုင်တဲ့အတိုင်းအတာကုန်ပြီ။ သူပြောခဲ့တာကုန်ပြီ၊ အဲဒီတော့ သူလည်း ဘာမှ မတတ်နိုင်ဘူး။ လည်စင်းပြီးတော့ခံရုံပဲ ရှိတော့ တယ်။”

သေနက ပညာရှိအမတ်ကြီးက မဟောသဓကို ချိုချို သာသာနဲ့ နားချတောင်းပန်ရှိတယ်။

**“အတီရဒဿီ ပုရိသော,**

**မဟန္တေ ဥဒကဏ္ဏဝေ၊**

**ယတ္ထ သော လဘတေ ဂါဓံ,**

**တတ္ထ သော ဝိန္ဒတေ သုခံ”။**

"မဟောသဓပညာရှိရယ်၊ ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးပဲ ဖြစ်ပါစေ၊ ကျွန်းသေးသေးလေးတစ်ခု ရလို့ရှိရင် ရေထဲမှာ မမြုပ်နိုင်ပါဘူး။ အဲဒီမှာ ချမ်းသာသုခရနိုင်ပါတယ်"။ ဒါကြောင့် ပင်လယ်ထဲက ကျွန်းကလေးသဖွယ် သင့်ကိုပဲ အားကိုးပါရစေလို့ သေနကအမတ်ကြီးက တောင်းပန်တယ်။

**ဝံ အမှ္ဓ ရဇ္ဇော စ,**

**တွံ ပတိဋ္ဌာ မဟောသဓ၊**

**တွံ နောသိ မန္တိနံ သေဋ္ဌော,**

**အမှေ ဒုက္ခာ ပမောစယ။**

"ကျွန်ုပ်တို့ရော ကျွန်ုပ်တို့ ဘုရင်ကြီးအတွက်ရော မဟောသဓဟာ တကယ်အားကိုးရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ပညာရှိတွေထဲမှာလည်း သင်သာလျှင် အမြတ်ဆုံးဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်ုပ်တို့တတွေ လွတ်မြောက်ရေးအတွက် ဉာဏ်စွမ်းနဲ့ စီမံဆောင်ရွက်ပေးပါ"။

မဟောသဓက ငြင်းလိုက်တယ်။ "အခုမှတော့ ရန်သူတွေ ဝိုင်းထားပြီ၊ ဘာမှ မတတ်နိုင်တော့ဘူး" မဟောသဓဆီက ခါးခါးသီးသီး ငြင်းတဲ့စကား ကြားရတဲ့အခါ ဘုရင်ကြီးက စိတ်ပျက်လက်ပျက်နဲ့ "တို့ ဘာလုပ်ရမလဲ? သေနကအမတ်ကြီး အကြံထုတ်စမ်းပါဦး"။

## သေခြင်းမှတပါး အခြားမရှိ

သေနကပညာရှိအမတ်ကြီးက အကြံပေးတယ်။ "အရှင်မင်းကြီး၊ သူများလက်ထဲသေရတာထက် နန်းပြာသာဒ်ကြီးမီးရှို့ပြီး ကိုယ့်ကိုယ် သတ်သေတာ ကောင်းပါတယ်။"

ကာမိန္ဒ အမတ်ကြီးကရော ဘာလုပ်ရင်ကောင်းမလဲ၊ "အရှင်မင်းကြီး သူများလက်ချက်နဲ့ သေရမယ့်အစား ကြိုးဆွဲချ သေလိုက်တာ ကောင်းပါတယ်"။

ပုက္ကုသအမတ်ကြီးက "အဆိပ်သောက်ပြီး သေလိုက်ကြတာပေါ့၊ တခြားလွတ်လမ်း မရှိတော့ဘူး"။

ဒေဝိန္ဒအမတ်ကြီးက ကိုယ့်ကိုယ်ကိုယ် တံခါးပိတ်ပြီး မီးရှို့သတ်မယ်၊ ကြိုးဆွဲချမယ်၊ အဆိပ်သောက်မယ်၊ အဲဒီနည်းတွေနဲ့ပဲ သေဖို့ပဲ အကြံပြုကြတယ်။ သေခြင်းမှတပါး တခြား လွတ်မြောက်စရာ မရှိဘူးလေ။

## မဟောသဓရဲ့ အားပေးစကား

ဘုရင်ကြီးက ကြောက်ပြီး မျက်စိမျက်နှာတွေ ပျက်ကာကြံရာမရ ဖြစ်နေတယ်။ အဲဒီအခါ မဟောသဓပညာရှိက စဉ်းစားလိုက်တယ်။ "ဒီ့ထက်မက ငါနှိပ်စက်ရင်တော့ အကြောက်လွန်ပြီး ဒုက္ခရောက်သွားလိမ့်မယ်။ ဒီလောက်ထိအောင်လုပ်လို့ မကောင်းဘူး"လို့ စဉ်းစားပြီး ယခုလို အားပေးစကားပြောတယ်။

"အသင်မင်းကြီး မကြောက်ပါနဲ့၊ ကျွန်တော်မျိုး လွတ်မြောက်အောင် ကြံဆောင်ပါ့မယ်"

မဟာသမ္မတ စုဒ္ဓောဒနမင်းကြီး ဝိုင်းနေတဲ့အချိန်မှာ ရဲဘော်သုံးရာကို ဇယ်ဥမင်ကနေပြီး စုဒ္ဓောဒနမင်းကြီးရဲ့ နန်းတော်ကို ချီတက်ခိုင်းလိုက်တယ်။

စစ်သည်တော် သုံးရာက နန်းတော်ပြာသာဒ်လှေကား ရောက်တဲ့အခါ ဥမင်တံခါးကိုဖွင့်ပြီး နန်းဆောင်ပေါ်တက်ကြ တယ်။ စုဒ္ဓောဒနမင်းကြီးက သူ့မိသားစုအတွက် စိတ်ပူလို့ တစ်စုံတစ်ခု ဖြစ်လာရင် သူ့မိသားစုတွေ တစ်စုတည်းဖြစ်အောင် သူ့ရဲ့မယ်တော် စလာကဒေဝီရယ်၊ သူ့ရဲ့အဂ္ဂမဟေသီ နန္ဒာဒေဝီ မိဖုရားရယ်၊ သားတော် ပဥ္စာလစန္ဒာရယ်၊ သမီးတော် ပဥ္စာလစန္ဒီ ရယ် အဲဒီလေးယောက်ကို သူ့နန်းပြာသာဒ်ဆောင်ပေါ်ခေါ်ပြီး အခန်းတစ်ခန်းတည်းမှာ တစ်ခုတည်း နေခိုင်းထားခဲ့တယ်။

မဟာသမ္မရဲ့ လူတွေက ဇယ်ဥမင်ကနေပြီးတော့ သူ့ နန်းပြာသာဒ်ပေါ် တက်ကြတယ်။ တက်ပြီး တံခါးခေါက်လို့ တံခါးဖွင့်လိုက်တဲ့အခါ "ဝိဒေဟဘုရင်ကြီးနဲ့ မဟာသမ္မကို လက်ရဖမ်းပြီးပြီ၊ ကေရာဇ်ဘုရင်အဖြစ် အောင်ပွဲခံဖို့အတွက် မိဖုရားကြီးတို့ကို ဘုရင်ကြီးက ခေါ်ခိုင်းလိုက်တာပါ"လို့ လိမ်ပြီး လျှောက်ကြတယ်။

နန်းတော်အစောင့်တွေကို ဖမ်းချုပ်၊ ပါးစပ်ကို အဝတ်နဲ့ ဆို့၊ လက်ပြန်ကြိုးတုပ်၊ အပေါ်က ဆင်စွယ်ငုတ်တွေနဲ့တွဲပြီး ချည်ထားခဲ့တယ်၊ Royal Family ကို ဥမင်လိုဏ်ခေါင်းကနေ ခေါ်သွားတယ်။ ဥမင်လိုဏ်ခေါင်းကလည်း လှလှပပနဲ့ လမ်း လျှောက်ရတာ အဆင်ပြေတယ်။ ကျကျနန ပြင်ထားတော့

https://thitsarparami.org

သူတို့လည်း ယုံကြည်နေတယ်။ အောင်ပွဲခံဖို့ လာခေါ်တယ် ဆိုတော့ ဆင်းပြီးလိုက်သွားကြတယ်။

လိုက်သွားရင်း "ဒီလမ်း တို့တစ်ခါမှ မသွားဖူးပါဘူး"လို့ ပြောတဲ့အခါ "ဒါက အထူးစီမံထားတဲ့ လမ်းပါ၊ အောင်ပွဲခံဖို့ အတွက် အထူးစီမံထားတဲ့လမ်းပါ"လို့ဆိုပြီး ခေါ်သွားကြတယ်။

မဟောသဓ မှာထားတဲ့အတိုင်း ဂင်္ဂါမြစ်ကမ်းခြေက မဟာ ဥမင်အဆုံးမှာ အဆောက်အဦးကျယ်ကျယ် ခန်းမကြီးတစ်ခု ရှိတယ်။ အဲဒီခန်းမထဲမှာ သူတို့ကိုထိုင်ခိုင်းထားတယ်၊ အစားအစာ တွေ ညှော်ခံကျွေးမွေးပြီး အစောင့်ထူထပ်စွာ ချထားတယ်။ အဲဒီ အချိန်ထိအောင် သူတို့ ရန်သူ့လက်ထဲ ရောက်နေပြီဆိုတာ မသိကြသေးဘူး။

## ဥမင်ခန်းမ လက်ထပ်ပွဲ

မဟောသဓက ကျွန်တော်မျိုး လွတ်အောင်ကြံပါ့မယ်ဆိုပြီး ဘုရင်ကြီးကို အားပေးတယ်။ ထိုင်ရာမှထပြီး ခလုပ်ကို နှိပ်လိုက် တဲ့အခါမှာ သူတို့နေတဲ့ နန်းဆောင်တံခါးကြီး ပွင့်သွားတယ်။ အဲဒီတံခါးကြီးကနေပြီး ဥမင်လိုဏ်ခေါင်းမှ သွားရပါမယ်လို့ ပြော တယ်။ သေနကအမတ်ကြီးကလည်း ဥမင်လိုဏ်ခေါင်းဆိုတော့ ဝပ်ပြီးတော့ဝင်ရမယ်ထင်လို့ ခေါင်းပေါင်းတွေ ဖြုတ်နေတယ်။ ခေါင်းပေါင်းတွေ ဖြုတ်စရာ မလိုဘူး၊ ဥမင်က ကျယ်ဝန်းပါတယ်၊ ဆင်စီးသွားချင်ရတယ်၊ မြင်းစီးသွားချင်ရတယ်လို့ ရှင်းပြတယ်။

ဥမင်လိုဏ်ခေါင်းအတွင်း ရောက်တဲ့အခါ ရှေ့ဆုံးက သေနက အမတ်ကြီးကို သွားခိုင်းတယ်။ ဘုရင်ကြီးကို သေနက

အမတ်ရဲ့ နောက်ကနေ လိုက်ခိုင်းတယ်။ ဘုရင်ကြီးနောက်မှ ကပ်လျက် မဟောသဓ လိုက်တယ်။

ဂင်္ဂါမြစ်ကမ်းခြေ ခန်းမကို ရောက်ပြီဆိုတဲ့အခါ နန္ဒာဒေဝီတို့ ပဉ္စာလစန္ဒာ၊ ပဉ္စာလစန္ဒီတို့က ဝိဒေဟမင်းကြီး မြင်တဲ့အခါမှ သူတို့ ရန်သူလက် ရောက်နေပြီဆိုတာ သိကြတယ်။ အဲဒီမှာ အော်ဟစ်ပြီး ငိုကြတယ်၊ ငိုတဲ့အသံကို တပ်ကို ပတ်ပြီးတော့ လိုက်စစ်နေတဲ့ စူဠနီဗြဟ္မဒတ်မင်းကြီးက နန္ဒာဒေဝီရဲ့ ငိုသံလိုလို သဲ့သဲ့ကြားလိုက်တယ်။ ဒီအချိန်မှာ နန္ဒာဒေဝီက ဘယ်လိုလုပ် ဒီရောက်နိုင်ပါ့မတုန်း? ငါအသံကြားတာ ဟုတ်မယ်မထင်ပါဘူး၊ အသံကြားတယ်လို့ ပြောလို့ရှိရင် ငါ့ကို ဝိုင်းပြောင်လှောင်ကြလိမ့်မယ်ဆိုပြီး မပြောရဲဘူး။ မင်းကြီးကြားတဲ့အသံဟာ တကယ့်အစစ်အမှန် ဖြစ်တယ်။

မဟောသဓပညာရှိက ပဉ္စာလစန္ဒီ မင်းသမီးနဲ့ ဝိဒေဟဘုရင်ကြီးကို လက်ထပ်ထိမ်းမြားပေးလိုက်တယ်။ ပေးပြီးတဲ့အခါ သေချာမှာလိုက်တယ်။ "ဒါက စလာကဒေဝီ ပါ၊ စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ မယ်တော်ဖြစ်သည့်အတွက်ကြောင့် သူ့ကို မယ်တော်အရာမှာထားပါ။ နန္ဒာဒေဝီက ယောက္ခမတော်သွားပြီ၊ ဒါကြောင့် ယောက္ခမက ငယ်ပြီး သမက်က ကြီးနေတယ်၊ အသက် ၆၀-ဆိုတော့၊ သမီးကလည်း ၁၆-နှစ်လေးပဲ ရှိသေးတာဆိုတော့ လက်ထပ်ထိမ်းမြားပြီး ယောက္ခမကို ရိုရိုသေသေထားပါ။ ပဉ္စာလစန္ဒာမင်းသားလေးက ယောက်ဖတော်တယ်။ သူ့ကိုလည်းပဲ ဂရုစိုက်ပါ။ အသင်မင်းကြီးဟာ ဝတ္တရားကျေပွန်ပါစေ" မဟောသဓ

က အစစအရာရာ မှာကြားပြီး လှေပေါ်တင်ကာ တိတ်တဆိတ် ထွက်သွားနိုင်အောင် စီမံပေးလိုက်တယ်။

အားလုံး လှေပေါ်တက်ပြီးတဲ့အခါ ဝိဒေဟဘုရင်ကြီးက “မဟောသဓ မင်းလိုက်ခဲ့လေ၊ ဘာလို့ ကျန်နေရစ်တာတုန်း?” ဆိုတော့ “ခေါင်းဆောင်ဆိုတာ အလွတ်ရုန်းလို့ ဘယ်ဖြစ်မလဲ? ကျန်ရစ်တဲ့သူ အားလုံးအတွက် သူစီမံရဦးမှာဖြစ်တယ်”ဆိုတော့ “မဟောသဓ၊ သူတို့ စစ်အင်အား အင်မတန်မှကြီးတယ်။ မင်းက လူနည်းနည်းလေးနဲ့ ဘယ်လိုလုပ်ပြီးတော့ ခုခံမှာတုန်း” လို့ ဘုရင်ကြီးက မေးတော့ “အရှင်မင်းကြီး၊ လူများတာ နည်းတာ အဓိကမဟုတ်ဘူး။ ဉာဏ်စွမ်းဉာဏ်စသာလျှင် အဓိကဖြစ်ပါတယ်။ အသင်မင်းကြီးသာ သွားနှင့်ပါ။ သူဟာ လွတ်မြောက်အောင် သူ့ဟာသူ ကြိုးစားပါ့မယ်” လို့ ပြောပြီး ဘုရင်ကြီးကို လှေပေါ်တင်ပေးလိုက်တယ်၊ လှေနဲ့ အပြင်းလှော်ပြီး ဟိုဘက်ကမ်းကူးကြတယ်။ ဟိုဘက်ကမ်းမှာ မဟောသဓလူတွေချည်းပဲ တစ်ယူဇနာမှာ တပ်တစ်တပ် ချထားတယ်။

ဘုရင်ကြီးရောက်လာတာနဲ့ တပြိုင်နက် ဆင်တွေ၊ မြင်းတွေ စီးပြီး အမြန်သွားရတယ်။ တစ်ယူဇနာ သွားပြီးတိုင်း ဆင်မြင်း ပြောင်းပြီး စီးတယ်၊ အဲဒီလိုနဲ့ ညတွင်းချင်း ဘုရင်ကြီးနဲ့ အဖွဲ့ဟာ မိထိလာမြို့ ရောက်သွားကြတယ်။

## နိဂုံး

လက်ရုံးရည် နှလုံးရည်ဆိုတဲ့ နေရာမှာ လက်ရုံးရည်ကို မသုံးဘဲနဲ့ နှလုံးရည်နဲ့ အနိုင်ရယူတာဟာ မဟောသဓပညာရှိရဲ့ ပညာစွမ်းအားပဲဖြစ်တယ်ဆိုတာ မှတ်သားကြရမှာဖြစ်လို့ ပညာရဲ့ စွမ်းအားကို မှတ်သားနာယူပြီး မိမိတို့ကိုယ်တိုင်လည်းပဲ အရာရာမှာ သတိထားပြီး ဆင်ခြင်တုံတရားနဲ့ လုပ်ကြရမှာဖြစ်တယ်။ အနာဂတ်အတွက် ကြိုးစားကြရမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သတိထားပြီး ကြိုးစားနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

THITSARPARAMI 2009

# မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၁၅)

သာသနာတော်နှစ် ၂၅၆၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၄)ရက်၊ (၂၁. ၆. ၂၀၁၉) သောကြာနေ့၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာ ကျောင်းတိုက်၊ ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မပူဇာ အထူးဓမ္မသဘင် အခမ်းအနား၌ ကွယ်လွန်သူ ဦးသန့်အောင်နှင့် သား-ကိုမြသွေးတို့အား ရည်စူး၍ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅၂)လမ်း၊ (၄၂-၄၄)နေ ဒေါ်မြသိန်း (ဒေါ်မြသိန်းနှင့်သားများ ပလတ်စတစ်လုပ်ငန်း နှင့် ငပလီလင်းသာဦး ဟော်တယ်) မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား အပိုင်း(၁၅)"** တရားဒေသနာတော်။

### ဓားတဝင့်ဝင့်

ဝိဒေဟဘုရင်ကြီးက ညကတည်းက လွတ်မြောက်သွားပြီ။ နံနက်မိုးသောက် အလင်းရောက်လို့ နေရောင်ခြည်လည်း သန်းလာရော, စစ်သည်ဗိုလ်ပါများစွာ ဝန်းရံနေတဲ့ စူဠနီဗြဟ္မဒတ်

မင်းကြီးက ဓားကြီးတဝင့်ဝင့်နဲ့ "ခုချက်ချင်း နန်းမြို့ရိုးထဲဝင်ပြီး ဝိဒေဟဘုရင်ကိုဖမ်းကြ၊ ဝိဒေဟနဲ့ မဟောသဓကို ချက်ချင်း သတ်ဖြတ်ပြီး ငါတို့အောင်ပွဲခံမယ်" လို့ အမိန့်ပေးလိုက်တယ်။ စစ်တပ်ဟာ တဟုန်ထိုး နန်းမြို့ရိုးကို ချဉ်းကပ်ပြီးလာတယ်။

မဟောသဓပညာရှိက စိတ်အေးလက်အေးနဲ့ နန်းမြို့ရိုး လေသာတံခါးကို အသာဖွင့်၊ တစ်သိန်းတန် ကမ္ဗလာကြီးကိုခြုံ, အမျိုးသမီး ချောချောလှလှတွေကို ယပ်ခပ်စေပြီး ပြုံးရွှင်တဲ့ မျက်နှာနဲ့ စူဠနီဗြဟ္မဒတ်မင်းကြီးကို လှမ်းပြောလိုက်တယ်။

**ကိံ နု သန္တရမာနေဝ, နာဂံ ပေသေသိ ကုဥ္စရံ၊**

**ပဟဋ္ဌရူပေါ အာပတသိ၊ သိဒ္ဓတ္ထောသ္မီတိ မညသိ။**

"ဘာဖြစ်လို့များ အရေးတကြီး ဆင်ကြီးကို ချွန်းဖွင့်ပြီး နန်းမြို့ရိုးကို ချဉ်းကပ်လာရသလဲ၊ ငါ့အလုပ်တွေအားလုံး အောင်မြင်ပြီလို့ ထင်နေပါသလား?"

"**ဩဟာရေတံ ဓနုံ စာပံ၊ ခုရပ္ပံ ပဋိသံဟာရ**– အရှင်မင်းကြီး လွယ်ထားတဲ့ လေးတော်ကြီးကို ချထားလိုက်ပါ။ မြားတွေ ထည့်ထားတာလည်း အလကားပဲ၊ အသုံးမဝင်တော့ဘူး၊ စွန့်ပစ် လိုက်ပါ။"

"**ဩဟာရေတံ သုဘံ ဝမ္မံ, ဝေဠုရိယမဏိသန္ထတံ**– ကျောက်မျက်ရတနာတွေ သီကုံးထားတဲ့ စစ်ဝတ်စုံကြီးကိုလည်း ချွတ်ပစ်လိုက်ပါ။ ပူကပူ, အိုက်ကအိုက်နဲ့ ဘာအတွက် စစ်တိုက် နေတာတုန်း? ဒါတွေ တစ်ခုမှ အသုံးမဝင်တော့ဘူး၊ ချွတ်ပစ် လိုက်ပါ။"

စူဠနိပြဟ္မဒတ်မင်းကြီးက မဟောသဓကို လှမ်းကြည့်တဲ့အခါ ပြုံးစိစိနဲ့ စိုးရိမ်သောက ဖုံးကွယ်ထားတာ မဟုတ်ဘဲ တကယ့်ကို မျက်နှာရွှင်ပြနေတာဖြစ်လို့ ဘုရင်ကြီးက ပြန်ပြောလိုက်တယ်။

**ပသန္နမုခဝဏ္ဏောသိ, မိတပုဗ္ဗဉ္စ ဘာသသိ၊**

**ဟောတိ ခေါ မရဏကာလေ, ဒေိသီ ဝဏ္ဏောသမ္ဘဒါ။**

"မင်းက ပြုံးစိ ပြုံးစိနဲ့ မင်းက သေခါနီးမို့ သေပန်းပွင့်နေတာလား? မကြာခင် မင်းတို့ အသတ်ခံရတော့မယ်၊ သေပန်းပွင့်နေတာလား? မျက်နှာကပြုံးပြီး ရန်စတဲ့စကားမျိုးပြောတယ်။ လူဆိုတာ သေခါနီးကျရင် သေပန်းပွင့်တတ်တယ်။ မင်း သေပန်းပွင့်နေပြီ။"

မဟောသဓပညာရှိက ပြန်ပြောတယ်။

**"မောဃံ တေ ဂဇ္ဇိတံ ရာဇ, ဘိန္နမန္တောသိ ခတ္တိယ–** အရှင်မင်းကြီး ကြုံးဝါးမနေနဲ့၊ အရှင်မင်းကြီး ကြုံးဝါးနေတာ အလကားပဲ။ **ဘိန္နမန္တောသိ ခတ္တိယ–** အရှင်မင်းကြီးတို့ အကောက်ဉာဏ်နဲ့ လုပ်ဆောင်ထားတာတွေ မှန်သမျှ အကုန်ပေါက်ကြားသွားပြီ။ အသင်မင်းကြီး ဘာရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတာ ကျွန်ုပ်အကုန်သိပြီးပြီ။"

**"ဒုဂ္ဂဏှောသိ တယာ ရာဇာ, ခဠုင်္ကေနေဝ သိန္ဓဝေါ–** သိန္ဓောမြင်းကြီးကိုစီးပြီး ရှေ့ကသွားတဲ့ ဝိဒေဟဘုရင်ကြီးကို ဘာမဟုတ်တဲ့ မြင်းစုတ်ကိုစီးပြီး နောက်ကလိုက်လို့ မီပါ့မလား?"

အသင်မင်းကြီးရဲ့ ပညာရှိ ကေဝဋ္ဋပုဏ္ဏားကြီးဆိုတာ မြင်းအိုမြင်းနာ မြင်းစုတ် မြင်းပဲ့နဲ့တူတယ်။ ကျွန်တော်မျိုးလို သိန္ဓောမြင်းနဲ့

အလားတူတဲ့ ပညာရှိမျိုးရထားတဲ့ ဝိဒေဟဘုရင်ကြီးကို အသင်မင်းကြီး လိုက်လို့မမီပါဘူး။ အသင်မင်းကြီးတို့ အကြံဉာဏ်လောက်တော့ ကျွန်ုပ်က အပျော့ပေါ့။

ဟုတ်လည်း ဟုတ်တယ်၊ မြင်းစုတ် မြင်းပုံ့ မသန်မစွမ်း ဒူလာစွဲလို့ ခြေထောက်ကျိုးနေတဲ့ မြင်းအိုကြီးစီးပြီး သိန္ဓောမြင်းနောက်ကို အပြေးလိုက်ဖို့ ဘယ်မီမလဲ? အသင်မင်းကြီးရဲ့ ပညာရှိဆိုတဲ့လူဟာ သူ့ကိုယ်သူ ပညာရှိလှပြီထင်ပြီး အသင်မင်းကြီးကို အကြံပေးတာ ဘယ်လိုလုပ်ပြီး ကျွန်ုပ်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးကို မီပါ့မလဲ?

ဆင်ပေါ်က စူဠနီဗြဟ္မဒတ် မင်းကြီးနဲ့ နန်းမြို့ပေါ်က မဟောသဓတို့ စကားပြောနေကြတာကို ဘာပြောကြတာပါလိမ့်လို့ စိတ်ဝင်စားပြီး စစ်သည်တော်တွေ ဝိုင်းအုံပြီး ကြားလောက်တဲ့နေရာသို့ ရောက်ရှိလာကြတယ်။

မဟောသဓပညာရှိက **"တိဏ္ဏော ဟိယ္ယော ရာဇာ ဂင်္ဂံ, သာမစ္စော သပရိဇ္ဇနော–** အသင်မင်းကြီး ဖမ်းပြီး သတ်ချင်တဲ့ ဝိဒေဟဘုရင်ကြီးဟာ အခြံအရံ ပရိသတ်အပေါင်းနဲ့ အတူတူ မနေ့ညက ဂင်္ဂါမြစ်ကြောကနေထွက်ပြီး မိထိလာ နေပြည်တော်ပြန်သွားပြီ။ မရှိတော့ဘူး။"

**"ဟံသရာဇံ ယထာ ဓင်္ကော, အနုဓ္ဓဝံ ပတိဿသိ–** ကျီးကန်းက ဟင်္သာငှက်နောက် မီအောင်လိုက်ပျံလို့ ဘယ်လိုလုပ်ရနိုင်မှာတုန်း? အသင်မင်းကြီးက ကျီးကန်းကြီးနဲ့ တူတယ်၊ ကျွန်ုပ်တို့ဘုရင်ကြီးက ဟင်္သာမင်းကြီးနဲ့ တူတယ်။"

ဟသ်ာဆိုတာ အရှိန်အဟုန် ပြင်းပြင်းနဲ့ ပျံနိုင်တယ်။ ကျိုးကန်းလို အကောင်ကို ချန်ထားခဲ့မှာပေါ့။ ဟသ်ာက ပျံသွားပြီ မရှိတော့ဘူးလို့ စူဠနီဗြဟ္မဒတ်မင်းကြီး မခံချင်အောင် ပြောလိုက်တယ်။

စူဠနီဗြဟ္မဒတ်မင်းကြီးက တွေဝေသွားပြီး စဉ်းစားတယ်။ "ဟုတ်များ ဟုတ်နေမလား။ ဒီကောင့်ကြည့်ရတာလည်း ရဲရဲဝံ့ဝံ့, မျက်နှာကလည်း တစ်ကွက်မှ မပျက်ဘူး၊ သူ အတည်ပေါက် ပြောနေတာ၊ ဒီကောင်သေခါနီးမို့ သေပန်းပွင့်တာ ဖြစ်ပါလိမ့်မယ်" တွေးပြီး သူ့ရဲ့နောက်က စစ်သည်တော်တွေကို အမိန့်ပေးလိုက်တယ်။

**"ဣမဿ ဟတ္ထေ ပါဒေ စ, ကဏ္ဏနာသဉ္စ ဆိန္ဒထ–** စကားများနေတဲ့ မဟောသဓဆိုတဲ့ကောင်ကို ဖမ်းကြ၊ ဖမ်းပြီး လက်ဖြတ်, ခြေဖြတ်, နားနှာခေါင်းဖြတ်ကြ။ **ယော မေ အမိတ္တံ ဟတ္ထဂတံ, ဝေဒေဟံ ပရိမောစယိ–** ငါ့ရဲ့ ရန်သူတော်ဖြစ်တဲ့ ဝိဒေဟဘုရင်ကြီးကို လွတ်မြောက်အောင် လုပ်ပေးတဲ့ကောင်ကို အရှင်မထားနဲ့၊ သတ်ပစ်။"

ထိုအခါ မဟောသဓက ဘုရင်ကြီးကို လှမ်းပြောလိုက်တယ်-

**သစေ မေ ဟတ္ထေ ပါဒေ စ,**
**ကဏ္ဏနာသဉ္စ ဆေစ္ဆသိ၊**
**ဧဝံ ပဉ္စာလ ဒေဝိယာ,**
**ဝေဒေဟော ဆေဒယိဿတိ။**

"ကျွန်တော်မျိုးရဲ့ လက်တွေ, ခြေတွေ, နှာခေါင်းတွေကို ဖြတ်မှာလား? ဖြတ်လေ၊ ကြိုက်သလို ဖြတ်လို့ရတယ်။ ကျွန်တော်မျိုးကို ဖြတ်လို့ရှိရင် အသင်မင်းကြီးရဲ့ ကြင်ယာတော် နန္ဒာဒေဝီရဲ့ လက်တွေ, ခြေတွေ, နှာခေါင်းတွေကိုလည်း ဝိဒေဟဘုရင်ကြီးက ဖြတ်မှာပေါ့။"

အဲဒီလို ပြောတဲ့အခါ ဘုရင်ကြီးက တွေဝေသွားတယ်။ ညက နန်းမြို့ရိုးကို ပတ်ပြီး စစ်ဆေးတဲ့အခါ ဂင်္ဂါမြစ်ဘက်က နန္ဒာဒေဝီမိဖုရားရဲ့ ငိုသံလိုလို သူကြားတယ်၊ တကယ်လည်း ဟုတ်တယ်။ ဒါပေမယ့် ညကြီးမင်းကြီး နန်းတော်ထဲနေတဲ့ မိဖုရားက ဒီလာငိုတယ်ဆိုရင် ဘုရင်ကြီး ရှုံးသွားပြီလို့ အပြောခံရမှာလည်း ကြောက်တယ်။

အခု စကားကြားရတဲ့အခါ မနေ့ညက ငိုသံဟာ ဟုတ်လောက်တယ် ဆိုတဲ့အတွေး ဝင်လာတယ်။ အဲဒီလို တွေးနေတဲ့အချိန် မဟောသဓပညာရှိက-

"**ကွယ် ပဿ မဟာရာဇ, သုညံ အန္တေပုရံ တဝ–** အရှင်မင်းကြီး, အရှင်မင်းကြီးကို တိုက်တွန်းပါရစေ၊ ကိုယ့်နန်းတော် ကိုယ်ပြန်ပြီး ကြည့်ခိုင်းပါဦး၊ မိဖုရားနဲ့ သားသမီးတွေ ထားခဲ့တဲ့ နန်းတော်ပြာသာဒ်ကို ပြန်ပြီး ကြည့်ခိုင်းပါဦး"

**ဩရောဓာ စ ကုမာရာ စ, တဝ မာတာ စ ခတ္တိယ၊**
**ဥမင်္ဂါ နီဟရိတွာန, ဝေဒေဟဿုပနာမိတာ။**

"အားလုံးကို မြေအောက် လိုဏ်ဂူကနေပြီး ဖမ်းဆီးပြီး ဝိဒေဟဘုရင်ကြီးလက်ထဲ အပ်လိုက်ပြီ။ ငါ့အကြံပိုင်လှပြီဆိုပြီး

အနိုင်တိုက်ဖို့ စဉ်းစားမနေနဲ့။ ကိုယ့်နန်းတော်ထဲမှာ ဘာတွေ ဖြစ်နေလဲ သွားကြည့်စမ်းပါဦး။”

အဲဒီလို ပြောလိုက်တော့ ဘုရင်ကြီးက ချက်ချင်းလူလွှတ်ပြီး သူ့နန်းတော်ကို ကြည့်ခိုင်းတယ်။ နန်းတော်စောင့်တွေကို အကုန်လုံးဖမ်းပြီး ခြေလက်တွေ တုပ်ထားတယ်။ ပစ္စည်းဥစ္စာတွေလည်း အကုန်လုံးဗလပွဖြစ်နေတယ်။ စားစရာသောက်စရာတွေလည်း အကုန်လုံး ဗလပွ, နန်းရင်ပြင်ကြီးတစ်ခုလုံး ခွေးဆွဲထားတဲ့ နေရာကြီးလိုပဲ၊ တံခါးတွေလည်းပွင့်လို့, ပစ္စည်း အသုံးအဆောင်တွေလည်း ကျိုးလို့ပျက်လို့ နန်းတော်ကြီး တစ်ခုလုံး ရစရာမရှိအောင် ဖြစ်နေတာကို တွေ့ရတယ်။

ဘုရင်ကြီးကို ပြန်ပြီး သံတော်ဦးတင်ကြတယ်။

“မဟောသဓပညာရှိ ပြောတဲ့အတိုင်းမှန်တယ်။ မယ်တော်ကြီးလည်း မရှိတော့ဘူး၊ မိဖုရားကြီးလည်း ပါသွားပြီ၊ သားတော်သမီးတော်တို့ကိုလည်း မတွေ့ခဲ့ရဘူး။

ဘုရင်ကြီးက မိသားစုကို တစ်နေရာ, တစ်ခန်းထဲမှာ အကုန်စုထားခဲ့တာ။ ဘာဖြစ်လို့တုန်းဆိုရင် စစ်ရေးစစ်ရာ တိုက်တယ်ဆိုတာ အနိုင်အရှုံး ကြိုပြောလို့မရဘူး။ ဒါကြောင့်မို့ တစ်စုံတစ်ခုဖြစ်ရင် တစ်စုတည်းနေရအောင်ဆိုပြီး အခန်းတစ်ခုတည်းမှာ စုထားခဲ့တာ။ အဲဒါ အကုန်ပါသွားပြီ၊ တစ်ယောက်မှ မရှိတော့ဘူး။

နန်းတော်ကြီးဟာ ဇရပ်ပျက်ကြီးလို ဖြစ်နေပြီလို့ ပြန်ပြီး အစီရင်ခံလိုက်တဲ့အခါမှာ ဘုရင်ကြီးမှာ အလွန်အမင်း ဒေါသတွေ ထွက်လာတယ်။ ငါ့အကြံအစည်တွေ အကုန်ပျက်ကုန်ပြီ၊ ငါ့ရဲ့

ရန်သူဖြစ်တဲ့ ဝိဒေဟဘုရင်ကြီး လွတ်မြောက်သွားပြီး ငါ့သား သမီးတွေက ဓားစားခံအဖြစ် ပါသွားပြီ။ မဟောသဓဆိုတဲ့ အကောင်ကို ဖမ်းပြီး အသေသတ်မယ်လို့ ကြိမ်းဝါးတဲ့အခါ မဟောသဓက psycho သုံးတတ်တယ်။

## နှလုံးသားထိတဲ့စကား

ပညာရှိဆိုတာ ဒီအချိန်မှာ heart ထိအောင် ဘယ်လို ပြောရမလဲဆိုတာ သိတယ်၊ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ ဒေါသကြီးကြီး အသည်းနှလုံးထိလို့ရှိရင် မခံနိုင်ဘူး။ လူတိုင်းမှာ အားနည်းချက်ဆိုတာ ရှိတယ်။ အဲဒီတော့ မဟောသဓက-

**ဣတော ဂတာ မဟာရာဇ,**

**နာရီ သဗ္ဗင်္ဂသောဘနာ၊**

**ကောသမ္ဗဖလကာသုသောဏီ,**

**ဟံသဂဂ္ဂရဘာဏိနီ။**

"ဟင်္သာမလေးရဲ့အသံလို သာယာတဲ့အသံရှိတဲ့ အမျိုးသမီး အင်္ဂါရပ်တွေနဲ့ ပြည့်စုံပြီး လှပချောမောတဲ့ နန္ဒာဒေဝီ မိဖုရား အချောအလှလေးဟာ ဟောဒီဥမင်ကနေ ဝိဒေဟဘုရင်ကြီးနှင့် အတူ ပါသွားလေပြီ။"

အသင်မင်းကြီးရဲ့ အချောအလှ မိဖုရားလေးဟာ ဟောဒီ မြေအောက်ဥမင်ကနေပြီးတော့ ဂင်္ဂါမြစ်ဘက်ကိုထွက်ပြီး ဝိဒေဟ ဘုရင်ကြီးနောက် ပါသွားပြီ။ အဲဒီလိုပြောတော့ heart ထိတာပေ့ါ၊ နှလုံးသား ထိသွားတယ်။

လူတိုင်းမှာ အသည်းနှလုံးဆိုတာ ရှိတတ်တယ်။ ဒီနေရာမှာ မယ်တော်ကြီး ပါသွားတယ်ဆိုလည်း သိပ်အရေးမစိုက်ဘူး။ သားတော်ပါသွားရင်လည်း သိပ်အရေးမစိုက်ဘူး၊ သမီးတော် ပါသွားတယ်ဆိုရင်လည်း သိပ်အရေးမစိုက်ဘူး။ မိဖုရားပါသွားပြီဆိုတာကျတော့ အရေးစိုက်တယ်။ ဘာဖြစ်လို့တုန်းဆိုရင် အသည်းနှလုံး ဖြစ်နေလို့ပဲ။

**ဣတော နီတာ မဟာရာဇ,**

**နာရီ သဗ္ဗင်္ဂသောဘနာ၊**

**ကောသေယျဝသနာ သာမာ,**

**ဇာတရူပသုမေခလာ။**

ခန္ဓာတစ်ကိုယ်လုံးက ပြောစရာမရှိအောင် လှပချောမောပြီး အမြဲတမ်း ရွှေငွေနဲ့လုပ်ထားတဲ့ ခါးကြိုးတန်ဆာ ဝတ်ဆင်တဲ့ အသားရောင် ဝါဝါနုနုနဲ့ မိဖုရားနန္ဒာဒေဝီဟာ ဟောဒီလမ်းက ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရပြီ။"

မဟောသဓက ဘုရင်ကြီး ကြားလောက်အောင် နန္ဒာဒေဝီ မိဖုရားကြီးရဲ့ ချောမောလှပပုံတွေကို စာဖွဲ့ပြီးပြောတယ်။ ပြောလိုက်တဲ့အခါ ဘုရင်ကြီးရဲ့ ဒေါသဟာ သောကအဖြစ် ပြောင်းသွားတယ်။ ဒေါသကြီးလွန်းလို့ သူများကို သတ်ဖို့ဖြတ်ဖို့ လုပ်နေစဉ် ကိုယ့်ထိလာပြီဆိုတဲ့အခါ လူတွေရဲ့ ဒေါသဟာ သောကအဖြစ် ပြောင်းသွားတယ်။

ဒေါသက သူများကို နှိပ်စက်ဖို့ဖြစ်တယ်။ ခံစားချက်က ပြောင်းသွားတဲ့အခါ ဒေါသက သောက ဖြစ်သွားတယ်။ စိုးရိမ်တယ်, ပူဆွေးတယ်၊ နန္ဒာဒေဝီအတွက် စိတ်မအေး ဖြစ်သွား

တယ်။ ဆုံးရှုံးရလေပြီဆိုပြီး စိတ်သောကတွေ ရောက်လာတယ်။ ဒေါသကြီးတဲ့ပုဂ္ဂိုလ်မှာ ဒေါသမှ သောကအဖြစ် ပြောင်းသွားရင် တွန့်ဆုတ်သွားတဲ့ အနေအထားမျိုးထိ ရောက်သွားတယ်။

အဲဒီအခါ စိတ်နှလုံးကို တိုက်ရိုက်ထိခိုက်တဲ့စကားကို မဟောသဓက ပြောလိုက်ပြန်တယ်။

**နန္ဒာယ နူန မရဏေန, နန္ဒသိ သိရိဝါဟန၊**

**အဟဉ္စ နူန နန္ဒာ စ, ဂစ္ဆာမ ယမသာဓနံ။**

“အရှင်မင်းကြီး၊ အသင်မင်းကြီးက ကျွန်တော်မျိုးကို သတ်ချင်တယ်၊ ကျွန်တော်မျိုးကိုသတ်ရင် နန္ဒာဒေဝီကို ဝိဒေဟဘုရင်ကြီးက သတ်မှာ။ ယမမင်းကြီးဆီ သွားတဲ့အခါ ကျွန်တော်မျိုးနဲ့ နန္ဒာဒေဝီဟာ ရွှေလက်တွဲပြီး သွားလိုက်ရုံပဲပေါ့” လို့ မခံချင်အောင် ပြောလိုက်တယ်။

ဘုရင်ကြီးက တောက်တစ်ချက် ခေါက်ပြီး-

**ဒိဗ္ဗံ အဓီယသေ မာယံ,**

**အကာသိ စက္ခုမောဟနံ၊**

**ယော မေ အမိတ္တံ ဟတ္ထဂတံ,**

**ဝေဒေဟံ ပရိမောစသိ။**

“မဟောသဓ, မင်းဟာ ငါ့မျက်စိအောက်, ငါ့လက်ထဲ ရောက်လုဆဲဆဲ, ရောက်ခါနီး ငါ့နိုင်ငံထဲရောက်နေတဲ့ ရန်သူကိုမှ ငါမတွေ့ရလောက်အောင် ဘယ်လို မာယာအတတ်တွေနဲ့ လှည့်စားပြီးတော့များ ငါ့လက်ကလွတ်အောင်လုပ်လိုက်တာလဲ? မင်းဟာ ဘယ်လို မျက်လှည့်အတတ်တွေများ တတ်သလဲ?”လို့ မချိတင်ကဲ ပြောလိုက်တယ်။

ထိုအခါ မဟောသဓက ရှင်းပြတယ်၊

**သန္တိ မာဏဝပုတ္တာ မေ,**

**ကုသလာ သန္ဓိဆေဒကာ၊**

**ယေသံ ကတေန မဂ္ဂေန,**

**ဝေဒေဟော မိထိလံ ဂတော။**

"ကျွန်တော်မျိုးဟာ ကောင်းကင်ပျံတဲ့အတတ်, မြေလျှိုးတဲ့ အတတ်မျိုးနဲ့ မဟုတ်ပါဘူး။ လောကမှာ အိမ်ကို ဖောက်ထွင်း ခိုးယူတဲ့ သူခိုးတွေဟာ ဥမင်လိုဏ်ခေါင်းတူးပြီးတော့ အိမ်ထဲ ဝင်သလို ကျွန်ုပ်တို့ဟာ မြေတွင်းတူးပြီး အဲဒီကနေ လွတ်မြောက် အောင် ကြံဆောင်ခဲ့တာဖြစ်တယ်။"

ကျွန်ုပ်စီမံထားတဲ့ ဥမင်လိုဏ်ခေါင်းဟာ အလွန်ကို ဆန်းပြားတယ်။ တံခါးကြီးတွေ, တံခါးငယ်တွေပါတယ်, မဟာဒွါရ လို့ခေါ်တဲ့ တံခါးပေါက်ကြီးတွေက အပေါက်(၁၀၀)ရှိတယ်။ တံခါး ငယ်လေးက (၆၄)ပေါက် ရှိတယ်။ လူ(၁၀၀) အိပ်နိုင်တဲ့ အိပ်ခန်း လည်း ရှိတယ်။ တပြိုင်နက် မီးထွန်းလို့ရတယ်။ တပြိုင်နက် မီးပိတ်လို့လည်း ရတယ်။ တံခါးပေါက် (၁၀၀)ကို တပြိုင်နက် ဖွင့်လို့ ပိတ်လို့ရတယ်။ အလွန်ဆန်းကြယ်စွာ ကျွန်ုပ် စီမံထားတာ ဖြစ်တယ်။ အဲဒီလမ်းကြောင်းမှ အသင်မင်းကြီးရဲ့ မိသားစုကို ခေါ်ထုတ်သွားတာ ဖြစ်ပါတယ်။ အသင်မင်းကြီး ကြည့်ချင်တယ် ဆိုရင် ကျွန်ုပ်ပြပေးပါ့မယ်။

ဘုရင်ကြီး ဥမင်လိုဏ်ခေါင်းကြီးကို ကြည့်ချင်တဲ့ဆန္ဒ ဖြစ်သွားတယ်။ သူဖမ်းချင်တဲ့ ဝိဒေဟ ဘုရင်ကြီးကလည်း

လွတ်သွားပြီ။ သားတွေ သမီးတွေလည်း ဓားစာခံ ပါသွားတဲ့အခါ ဘာမှလုပ်လို့ မရတော့ဘူး။

**ဣဃံ ပဿ မဟာရာဇ, ဥမင်္ဂံ သာဓု မာပိတံ၊**

**ဟတ္ထီနံ အထ အဿာနံ, ရထာနံ အထ ပတ္တိနံ၊**

**အာလောကဘူတံ တိဋ္ဌန္တံ, ဥမင်္ဂံ သာဓု မာပိတံ။**

"ဆင်တွေ, မြင်းတွေ, ရထားတွေ, စစ်တပ်တွေနဲ့ ဝင်ရောက်သွားလာလို့ရလောက်အောင် ကျယ်ဝန်းစွာ တူးထားတဲ့ ဥမင်လိုဏ်ခေါင်းကြီးကို ကြည့်စမ်းပါဦး"လို့ မဟောသဓက ဘုရင်ကြီးကို သွေးဆောင်ပြောဆိုလိုက်တယ်။

ဘုရင်ကြီးအနေနဲ့ ဘာမှ လုပ်လို့မရဘူး။ မဟောသဓကို ဖမ်းထားရင် သူ့မိသားစုကိုလည်း ဝိဒေဟမင်းက ဖမ်းတော့မယ်။ မဟောသဓကို သတ်ရင် သူ့မိသားစုကို သတ်လိမ့်မယ်ဆိုတော့ "လိပ် ပက်လက်လှန်ထားသလို" ရှေ့တိုးလို့ မရ၊ နောက်ဆုတ်လို့ မရ။ သူဘာမှ လုပ်လို့မရဘူး။ တစ်ဦးနဲ့တစ်ဦး ငြိမ်းချမ်းရေး လုပ်ရုံမှတပါး တခြားနည်းလမ်း မရှိတော့ဘူး။

နောက်ဆုံး သူ့သားသမီးတွေနဲ့ ပြန်ဆုံစည်းဖို့ မဟောသဓ ရှိနေမှ သူ့သားသမီးတွေ သူ့ဆီပြန်ရောက်မှာ ဖြစ်တယ်။ မဟောသဓ အသက်ရှင်ခြင်းအားဖြင့် သူ့ရဲ့ မိသားစုဟာလည်း သူနဲ့ ပြန်တွေ့နိုင်တယ်။ အဲဒီတော့ ငြိမ်းချမ်းရေးလုပ်ရုံမှတပါး အခြားနည်းလမ်း မရှိတော့ဘူး။ အဲဒီတော့ မဟောသဓ ပြောတဲ့အတိုင်း သူ့ရဲ့မိဖုရားနဲ့ မိသားစုတွေကို ခေါ်သွားတဲ့ ဥမင်ကြီးဆိုတာကို ကြည့်ချင်တယ်။

မဟောသဓက ဖွင့်ပြတယ်၊ အကုန်လုံးကြွပါဆိုပြီး နန်းတော်ထဲဝင်ပြီးတော့ မြေအောက်လိုဏ်ခေါင်းကို ဖွင့်လိုက်တယ်။ ခလုပ်တစ်ချက် နှင်းလိုက်တာနဲ့ တံခါးပေါင်း (၁၀၀) ပွင့်သွားတယ်။ ထူးဆန်းအံ့ဩဖွယ်ရာ လိုက်ကြည့်ကြတယ်။ စစ်သည်ဗိုလ်ပါတွေကလည်း အကုန်လိုက်ကြည့်ကြတယ်။ တစ်ရာသောမင်းတွေကလည်း လိုက်ကြည့်ကြတယ်။

စူဠနီဗြဟ္မဒတ်မင်းကြီးက ရှေ့က၊ ကပ်လျက်နောက်က မဟောသဓ၊ သူလျှိုအဖြစ်ထည့်ထားတဲ့ မဟောသဓလူတွေလည်း အဲဒီထဲမှာပါတယ်။ အားလုံးဟာ ဥမင်လိုဏ်ခေါင်းကြီးရဲ့ ဆန်းပြားမှုတွေကို လှည့်လည် ကြည့်ရှုနေကြတယ်။ ဥမင်လိုဏ်ခေါင်း တံခါးဝလည်း ရောက်ရော ခလုပ်ကို ခြေထောက်နဲ့ နှင်းလိုက်တဲ့အခါ ဝုန်းဆို တံခါးတွေအကုန်ပိတ်သွားပြီး အမှောင်ထုကြီးက ဖုံးသွားတယ်၊ ဥမင်လိုဏ်ခေါင်းထဲမှာ ဘုရင်ကြီးရဲ့ နောက်လိုက်နောက်ပါတွေ အကုန်လုံး ပိတ်မိသွားတယ်။

အပြင်မှာ မဟောသဓနဲ့ ဘုရင်ကြီး နှစ်ဦးတည်းပဲ ရှိနေတယ်။ အဲဒီအခါ သူကြိုတင်ပြီး ဥမင်တံခါးဝ သဲပုံအောက်မှာ မြှုပ်ထားတဲ့ သံလျက်ဓားလွယ်ကြီးကို ဆွဲထုတ်ပြီး ဘုရင်ကြီးရဲ့ လက်ဆွဲပြီးမေးတယ်။ "ဒီတိုင်းပြည်ဟာ ဘယ်သူ့တိုင်းပြည်လဲ" ဓားနဲ့ရွယ်ပြီး မေးတာဆိုတော့ ကြောက်တာပေါ့။ ခုတ်တော့မယ့် အနေအထားမျိုးကို။ မဟောသဓက အင်အားကောင်းကောင်းနဲ့ လက်ကိုဆွဲကိုင်ပြီး ဇက်ပေါ် ဓားမိုးထားပြီး မေးတဲ့အခါ "အရှင်ပညာရှိရဲ့ နိုင်ငံဖြစ်ပါတယ်" လို့ ဘုရင်ကြီးက ဖြေတယ်။ ဘယ်သူ့

နိုင်ငံလဲ? "အရှင်ပညာရှိရဲ့နိုင်ငံ ဖြစ်ပါတယ်"။ ထို့နောက် ဘုရင်ကြီးနဲ့ မဟောသဓ အပြန်အလှန် သွေးသစ္စာဆိုကြတယ်။

မြန်မာဘုရင်တွေ လက်ထက်ကတော့ သွေးသစ္စာဆိုတာ လက်ရုံးသွေးကို ဖောက်ပြီးတော့ သောက်ကြရတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ မပြစ်မှားတော့ပါဘူး။ ထာဝရမိတ်ဆွေဖြစ်ဖို့အတွက် သစ္စာဆိုပြီး သွေးကို သောက်ကြတယ်။

အဲဒီလိုပဲ မဟောသဓပညာရှိကလည်း ဘုရင်ကြီးကို ဘယ်တော့မှ မပြစ်မှားဘူး၊ ဘုရင်ကြီးကလည်း မဟောသဓ အသက်ကို ဘယ်တော့မှ မပြစ်မှားတော့ပါဘူး။ နှစ်ဦးနှစ်ဝဟာ တစ်ဦးကိုတစ်ဦး ဘေးရန်အန္တရာယ် မပြုစတမ်း သစ္စာစကားကို ဆိုကြတယ်။

**သွေးသစ္စာ**

"ကျွန်ုပ်မဟောသဓသည် ဘုရင်ကြီးကို ဘယ်သောအခါမှ မပြစ်မှားပါ။" ဘုရင်ကြီးကလည်း "ကျွန်ုပ် စူဠနီဗြဟ္မဒတ်သည် မဟောသဓကို ဘယ်တော့မှ ဒုက္ခမပေးတော့ပါ" နှစ်ဦးနှစ်ဝ သစ္စာကျိန်ဆိုကြတယ်။ "သပထ" ဆိုတာ ကျိန်တာ, ကျိန်ပုံ ကျိန်နည်းတော့ မပါဘူး။

## ကျိန်စာ

ရှေးတုန်းက ကျိန်စာ ဆိုကြရတယ်၊ အခုခေတ်က ကျိန်စာ သိပ်မပါတော့ဘူး။ ရှေးတုန်းက ကျမ်းစာကိုကိုင်ပြီး ကျိန်ရတယ်၊ ယုံကြည်စေလို့ သစ္စာဆိုခြင်းကို ပါဠိလို "သပထ"လို့ ခေါ်တယ်။

ပုဂံခေတ်မှာ ကျိန်စာတွေ ရေးထားတာရှိတယ်။ "အကယ်၍ ဤသစ္စာစကားကို ဖောက်ဖျက်ခဲ့သည်ရှိသော် မဟာ အဝီစိငရဲကြီးမှ မလွတ်ရလေသတည်း" ဆိုတာ ကျိန်ရသေးတယ်။ အဲဒါပါရတယ်။ အခုခေတ်တော့ အဲဒါ မပါတော့ဘူး။ နောက်တစ်ခုက "အရိမေတ္တယျဘုရားကို မဖူးရစေသတည်း" ဆိုတာတွေလည်း ပါသေးတယ်။ အဲဒီလိုကျိန်ဆိုတာ လုပ်ရတယ်။

အမျိုးသမီးတွေက ကျိန်တတ်လွန်းလို့ ဘိက္ခုနီမတွေကို မကျိန်ရဘူးလို့ မြတ်စွာဘုရားက သိက္ခာပုဒ် ပညတ်ထားတာရှိတယ်။ ငရဲနဲ့လည်း မကျိန်ရဘူး၊ မြတ်သောအကျင့်နဲ့လည်းပဲ "ဒီဘဝ ဘယ်တော့မှ ဘိက္ခုနီမဘဝ ပြန်မရပါစေသတည်း" ဆိုတာလည်း မကျိန်ရဘူးလို့ ဆိုတယ်။ အဲဒီ ကျိန်တာကို ဘိက္ခုနီမတွေ မလုပ်ကောင်းဘူး။

ဘိက္ခုနီမတွေကို အကြောင်းပြုပြီး ပညတ်တဲ့သိက္ခာပုဒ်အရ ရဟန်းတွေလည်း မကျိန်ကောင်းဘူး၊ မကျိန်ရဘူး **"နိရယေန ဝါ ဗြဟ္မစရိယေန ဝါ"**၊ ငရဲနဲ့လည်း မကျိန်ရဘူး၊ အကျင့်တရားနဲ့ မကျိန်ရဘူး။ သို့သော် မှန်သောစကားကိုတော့ ဆိုနိုင်မယ်။

## ဥမင်တံခါး ဖွင့်ပေးခြင်း

အဲဒီလို နှစ်ဦးနှစ်ဝဟာ ကျိန်ပြီးတဲ့အခါ ဘုရင်ကြီးက "အားလုံးဟာ အမှောင်ထဲမှာ ပင်ပန်းပြီးတော့ ကြောက်လန့်နေကြပြီ။ ဥမင်လိုဏ်ခေါင်းထဲမှာ ပိတ်မိနေတဲ့ပုဂ္ဂိုလ်တွေကို ဖွင့်ပေးလိုက်ပါ" လို့ဆိုတော့ မဟောသဓေ ခလုပ်နှိပ်လိုက်တဲ့ အခါမှာ ဥမင်လိုဏ်ခေါင်းကြီးက ပြန်ပွင့်သွားတယ်။ အကုန်လုံး ထွက်လာကြပြီ။ တစ်ရာသောမင်းတွေကပါ ကျေးဇူးတင်ကြောင်း ပြောတယ်။ သူတို့ အသက်ဟာ မဟောသဓေယ်ပေလို့ပဲ၊ နို့မို့ ဆိုရင် သူတို့အကုန်လုံး အခုချိန်မှာ သေဆုံးကြရတော့မှာလို့ ဆိုတယ်။

## အသက်ကယ်တင်မှု

မဟောသဓေ "အသင်မင်းကြီးတို့အသက်ကို ကယ်တင်တာဟာ ဒါ ပထမအကြိမ် မဟုတ်ဘူး။ ကျွန်တော်မျိုး ကယ်တင်ခဲ့တာဟာ ပထမအကြိမ် ရှိသေးတယ်ဆိုတာကို ဖော်ထုတ်ပြောဆိုတယ်။ ဝိဒေဟတိုင်းကလွဲလို့ ကျန်တဲ့တိုင်းတွေကို အကုန်လုံး သိမ်းပြီးတဲ့အခါမှာ အောင်သေသောက်မယ်။ အောင်သေသောက်တဲ့အခါမှာ အရက်ထဲမှာ အဆိပ်ခတ်ပြီးတော့ တစ်ရာသောမင်းတွေကိုသတ်ဖို့ စီမံထားတာ၊ အဲဒါကို မဟောသဓပညာရှိက အဲဒီအရက်အိုးတွေကိုအကုန်သွားပြီး ရိုက်ခွဲ, စားစရာသောက်စရာတွေ စားမရအောင် ဖျက်ဆီးပြီး သူ့လူတွေလွှတ်ပြီး ဖျက်ဆီးခိုင်းတာ။

ဘုရင်ကြီးကို မေးတယ်၊ "အရှင်မင်းကြီး, ဒီလိုလုပ်ခဲ့တာ ဟုတ်လား?" "ဟုတ်ပါတယ်၊ ကေဝဋ္ဋဆိုတဲ့ပညာရှိရဲ့ အကြံ အစည်နဲ့ သူလုပ်မိပါတယ်။ နောက် ဒီအလုပ်ကို မလုပ်တော့ ပါဘူး။ အားလုံး သည်းခံကြပါ။ သူတို့ကိုသတ်ဖို့ ကြံစားခဲ့ပါ တယ်"ဆိုတာ ဘုရင်ကြီးက တစ်ရာသောမင်းတွေကို ဖွင့်ဟဝန်ခံ လိုက်တယ်။ တစ်ရာသောမင်းတွေကလည်း တစ်ဦးနဲ့တစ်ဦး အပြစ်တွေ ခွင့်လွှတ်ပြီး ကျေနပ်သွားကြတယ်။

## မဟောသဓကို ဖိတ်ခေါ်ခြင်း

စူဠနိဗြဟ္မဒတ်မင်းကြီးက ကျေနပ်အားရပြီး မဟောသဓ ပညာရှိကို သူ့ဆီလာ အမှုထမ်းဖို့ခေါ်တယ်။ ထိုအခါ မဟောသဓ ပညာရှိက "**ယော စဇေထ မဟာရာဇ, ဘတ္တာရံ ဓနကာရဏာ**– ပစ္စည်းဥစ္စာ, ဓနဥစ္စာ, ငွေကြေးရာထူးဂုဏ်သိန် စည်းစိမ်အတွက် နဲ့ ကိုယ့်ပေါ်မှာ ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်ကို စွန့်ခွာသွားမယ်ဆိုရင်- ဆိုပါစို့၊ သူက ပြောတာက ဝိဒေဟဘုရင်ကြီးပေးတဲ့ လခထက် နှစ်ဆပေးမယ်။ အဲဒီနှစ်ဆပေးတဲ့ ငွေကြေးကြောင့်မို့လို့ ဝိဒေဟ ဘုရင်ကြီးကို စွန့်ခွာမယ်ဆိုရင် **ဥဘိန္နံ ဟောတိ ဂါရယှော, အတ္တနော စ ပရဿ စ**– ကိုယ့်အတွက်ရော ဘုရင်ကြီးအတွက် ရော နှစ်ဦးလုံးအတွက် မကောင်းပါဘူး"။

"**ယာဝ ဇီဝေယျ ဝေဒေဟော, နာညဿ ပုရိသော သိယာ**– ဝိဒေဟဘုရင်ကြီး အသက်ရှင်နေသမျှ ကာလပတ်လုံး ဘယ်သူ့ရဲ့ လူမှ မဖြစ်ချင်ဘူး။ ဝိဒေဟဘုရင်ကြီးရဲ့လူပဲ ဖြစ်မယ်၊ အဲဒါပဲ ဖြစ်သင့်တယ်။"

ပညာရှိဆိုတာ နောက်တစ်ဦးက ပိုက်ဆံပိုပေးလို့ မပြောင်းသင့်ဘူး။ ပိုက်ဆံပိုပေးတာနဲ့ အဲဒီလူရဲ့ကျေးကျွန် အမှုထမ်း မဖြစ်သင့်ဘူး။ ကျေးဇူးမကန်းထိုက်ဘူး ဆိုတဲ့စကားကို ပြောတဲ့အခါ စူဠနီဗြဟ္မဒတ်မင်းကြီးက ကျေနပ်အားရပြီး မဟောသဓ ပညာရှိအား ရွှေပိဿာ (၁၀၀၀) ဆုလာဘ်အနေနဲ့ ပေးတယ်၊ ရွာပေါင်း (၈၀)ကို အပိုင်စားပေးတယ်။ ကျွန်(၄၀၀)၊ အမျိုးသမီး (၁၀၀) ဆုအဖြစ်ပေးအပ်တယ်၊ မဟောသဓပညာရှိကို ဆုလာဘ်တော်တွေပေးပြီး နောက်ပါစစ်တပ်နှင့်အတူ တိုင်းပြည်ကိုပြန်ဖို့ ခွင့်ပြုလိုက်တယ်။

## မဟောသဓ ပြန်ရောက်ခြင်း

မဟောသဓက သူပြန်ရောက်တာနဲ့ တပြိုင်နက် မယ်တော်, မိဖုရား, သားတော်တို့ကိုပြန်ပို့ပါမယ် ကတိပေးတယ်။ မဟောသဓ ပညာရှိနဲ့အတူ နောက်ပါလူအားလုံး ဝိဒေဟနိုင်ငံသို့ ပြန်သွားကြတယ်။

မဟောသဓ ပြန်ရောက်လာတဲ့အခါ ဝိဒေဟဘုရင်ကြီးနဲ့ တစ်တိုင်းပြည်လုံးက ကြိုဆိုကြတယ်။ ဝိဒေဟဘုရင်ကြီးက "မင်းကို ငါတို့က လူတစ်ယောက်သေလို့ လူလေးယောက်ထမ်းပြီးတော့ မြှုပ်နှံခဲ့သလို မင်းကို ငါ ရန်သူတွေရဲ့လက်ထဲ ပစ်ထားခဲ့ရတာ စိတ်မကောင်းဘူး။ ဘယ်လိုလုပ်ပြီး လွတ်လာသလဲ" လို့ မေးမြန်းတယ်။ ဘုရင်ကြီးက အလွန်ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်လို့ တိုင်းပြည်မှာ အောင်ပွဲကြီးတစ်ခု ကျင်းပတယ်။

ထို့နောက် မဟောသဓပညာရှိက "အရှင်မင်းကြီး စလာက ဒေဝီ မယ်တော်ကြီးရယ်၊ နန္ဒာဒေဝီ မိဖုရားရယ်၊ သားတော် ပဉ္စာလစန္ဒာရယ် အားလုံးကို ပဉ္စာလသို့ ပြန်ပို့ဖို့ လိုအပ်ပါတယ်" လို့ လျှောက်တဲ့အခါ ဘုရင်ကြီးခွင့်ပြုလို့ စူဠနီဗြဟ္မဒတ်မင်းကြီးက သူ့ကို ဆုချလိုက်တဲ့ အခြံအရံတွေကို နန္ဒာဒေဝီမိဖုရားကြီးနဲ့အတူ ခြံရံလိုက်ပါဖို့ စီစဉ်ကာ ပို့ဆောင်ပေးလိုက်တယ်။

## နိဂုံး

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ ပညာရှိ လို့ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်သူ့ကိုမှ ဒုက္ခရောက်အောင် မလုပ် ဘူး။ အားလုံး နောက်ဆုံးမှာ နှစ်ဦးနှစ်ဝ အဆင်ပြေလို့ စိတ်နှလုံး ချမ်းမြေ့ဖွယ်ရာ အနေအထားမျိုးကိုရောက်အောင် ကြံဆောင် တတ်တယ်ဆိုတာကို မဟောသဓပညာရှိနဲ့ သူ့ရဲ့ပညာစွမ်းအား ဇာတ်တော်ကြီးအရ သိရှိကြည်ညိုကြရတာဖြစ်လို့ ဒီလိုပညာမျိုး၊ ဒီလိုစိတ်ဆန္ဒမျိုး မိမိတို့ကိုယ်တိုင်လည်း ရရှိအောင် ကြိုးစား အားထုတ်ကြဖို့၊ ဒီလိုပုဂ္ဂိုလ်မျိုးမှ အများကောင်းကျိုးကို ဆောင်ရွက်နိုင်တယ်ဆိုတာကိုလည်း သိရှိအားရလို့ တန်ဖိုးရှိလှတဲ့ ပညာတွေ ကိုယ့်သန္တာန်မှာရရှိအောင် ကြိုးစားအားထုတ်နိုင်ကြ ပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

https://thitsarparami.org

## မဟောသဓပညာရှိနှင့် သူ၏ပညာစွမ်းအား
## အပိုင်း (၁၆)

သာသနာတော်နှစ် ၂၅၆၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၁-ခုနှစ်၊ ဝါခေါင်လဆန်း(၉)ရက်၊ (၉. ၈. ၂၀၁၉) သောကြာနေ့၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာကျောင်းတိုက်၊ ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဝါတွင်းကာလ ဓမ္မပူဇာ အထူးဓမ္မသဘင်အခမ်းအနား၌ မန္တလေးမြို့ ဘိုးဘွားမိဘဆွေမျိုးများအား ရည်စူး၍ သား ဦးဆန်းယု+ ဒေါ်ခိုင်မီထွန်း၊ သား ဦးကျော်နိုင်ဝင်း+ ဒေါ်ခင်မျိုးဌေး၊ သမီး ဒေါ်မိုးမိုး မောင်နှမတစ်စုတို့က ဖခင်ကြီး ဦးတင်သောင်(၇၄)နှစ်ပြည့် မွေးနေ့အလှူ အမတဒါန၊ ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"မဟောသဓပညာရှိနှင့် သူ၏ ပညာစွမ်းအား အပိုင်း(၁၆)"** တရားဒေသနာတော်။

ဒီကနေ့ ပညာရှိမဟောသဓအကြောင်း ဇာတ်ပေါင်းခန်းကို နိဂုံးချုပ်အနေနဲ့ ဟောမှာဖြစ်ပါတယ်။ လွန်ခဲ့သည့်ရက်များမှာ အပိုင်း (၁၅)ပိုင်း ဟောပြီးပြီ၊ ဒီနေ့ (၁၆)ခုမြောက် အပိုင်းက ဇာတ်ပေါင်းခန်းပဲ ဖြစ်ပါတယ်။

## ၁၀–နှစ်ကြာသောအခါ

ဝိဒေဟဘုရင်ကြီးနှင့် ပဉ္စာလစန္ဒီ မင်းသမီးတို့ လက်ထပ်ပြီးနောက် ပဉ္စာလစန္ဒီမိဖုရားမှ သားယောကျ်ားလေးတစ်ဦး မွေးဖွားလာတယ်။ မင်းသားလေး (၁၀)နှစ်အရွယ်ရောက်တဲ့အခါ ဝိဒေဟဘုရင်ကြီး နတ်ရွာစံသွားတယ်။ ပဉ္စာလစန္ဒီမင်းသမီးက ၁၆-နှစ် အရွယ်လောက်၊ ဝိဒေဟဘုရင်ကြီးက ၆၀, ၇၀-အရွယ်။

ဝိဒေဟမင်းကြီး နတ်ရွာစံသွားတဲ့အခါမှာ မဟောသဓ ပညာရှိက ပဉ္စာလစန္ဒီမိဖုရားရဲ့ သားတော် (၁၀)နှစ်အရွယ် မင်းသားလေးကို ထီးနန်းအပ် နန်းတက်ပွဲ ဆင်ယင်ကျင်းပပေးလိုက်တယ်။ (၁၀)နှစ်အရွယ် မင်းသားလေးဟာ ဘုရင်အဖြစ်သို့ ရောက်ရှိသွားတယ်။

မဟောသဓပညာရှိက (၁၀)နှစ်အရွယ် ဘုရင်ကလေးထံ ခွင့်ပန်တယ်၊ **"ဒေဝ, အဟံ တဝ အယျကဿ စူဠနိဗြဟ္မဒတ္တဿ ရညော သန္တိကံ ဂမိဿာမိ–** အရှင်မင်းမြတ်၊ ကျွန်တော်မျိုးဟာ အရှင်မင်းမြတ်ရဲ့ဘိုးတော် စူဠနိဗြဟ္မဒတ်မင်းကြီးရဲ့ထံသို့ သွားရပါလိမ့်မယ်။"

ခွင့်ပန်တဲ့အခါ ဘုရင်ကလေးက **"ပဏ္ဍိတ, မာ မံ ဒဟရံ ဆဍ္ဍေတွာ ဂမိတ္ထ–** အို ပညာရှိ၊ ကျွန်ုပ်ကို စွန့်ခွာပြီး မသွားပါနဲ့။ **အဟံ တံ ပိတုဋ္ဌာနေ ဌပေတွာ သက္ကာရံ ကရိဿာမိ–** သင့်ကို ခမည်းတော်နေရာမှာ ထားပြီးတော့ ရိုသေလေးစားသမှု အလေးပြုပါ့မယ်လို့ တောင်းတောင်းပန်ပန်ပြောတယ်။

ပဉ္စာလစန္ဒီ မိဖုရားကလည်း **"ပဏ္ဍိတ, တုမှာကံ ဂတကာလေ အညံ ပဋိသရဏံ နတ္ထိ, မာ ဂမိတ္ထ–** အို ပညာရှိ

အမတ်ကြီး, သင်အမတ်ကြီး ထွက်သွားမယ်ဆိုရင် သူတို့မှာ အားကိုးအားထားပုဂ္ဂိုလ် မရှိတော့ပါဘူး၊ မသွားပါနဲ့”တားတယ်။

“မင်းမှာသစ္စာ၊ လူမှာကတိ” ဆိုတဲ့အတိုင်းပဲ ကတိကဝတ် ပြုထားခဲ့တာ ရှိတယ်။ အခုခေတ်ဆိုရင်တော့ လွယ်လွယ်နဲ့ ကတိပေးတယ်၊ လွယ်လွယ်နဲ့ ဖျက်တယ်။ အဲဒီခေတ်ကတော့ အဲဒီလို မဟုတ်ဘူး။ ပြောရင်လည်း လွယ်လွယ်နဲ့ မပြောဘူး။ ပြောပြီးရင်လည်း ကတိစကားကို မဖျက်ဘူး။

မဟောသဓပညာရှိနဲ့ စူဠနီဗြဟ္မဒတ်မင်းကြီးတို့ဟာ တစ်ဦးနဲ့ တစ်ဦး ကတိသစ္စာပြုတဲ့အခါ ဝိဒေဟဘုရင်ကြီး နတ်ရွာစံသွားရင် သူလာခဲ့ပါ့မယ်လို့ သစ္စာဆိုခဲ့တယ်။ **“မယာ ရညော ပဋိညာ ဒိန္နာ, န သက္ကာ အဂန္တုံ–** စူဠနီဗြဟ္မဒတ် မင်းကြီးအား ဝန်ခံ ကတိပေးခဲ့ပြီး ဖြစ်ပါတယ်။ မသွားလို့ မဖြစ်ပါဘူး”လို့ ဘုရင်ငယ် လေးရော, မိဖုရားကိုရော အနူးအညွတ် ခွင့်ပန်တယ်။

## ဥတ္တရပဉ္စာလ သို့

မဟောသဓပညာရှိကြီးသည် သူ့အခြံအရံ သူ့ရဲ့ ရဲဘော် ရဲဘက်တွေခေါ်ပြီး ဥတ္တရပဉ္စာလ မြို့ဘက်ကို ထွက်ခွာသွားခဲ့ တယ်။ စူဠနီဗြဟ္မဒတ်မင်းကြီးက မဟောသဓပညာရှိ ထွက်လာပြီ သတင်းကြားတဲ့အခါ အခမ်းအနားနဲ့ ကြိုဆိုစေတယ်။ ကြိုဆိုပွဲတွေ လုပ်တယ်။ မြို့ထဲမှာ ခမ်းနားတဲ့အိမ်ကြီးတစ်အိမ်ကို ပညာရှိနေဖို့ ပေးတယ်။

ပညာရှိနေဖို့ အိမ်ကို ဘုရင်ကြီးက သီးသန့်ဆောက်ပေး တယ်။ အဲဒီလို နေရာကောင်းကောင်း ပေးသော်လည်းပဲ နောက်

ထပ် ဆုလာဘ် ချီးမြှင့်တာ, ရာထူးခန့်တာတို့ကို မလုပ်ဘူး။ ပထမ အကြိမ်တုန်းက ရွာပေါင်း (၈၀)ကို အပိုင်စားပေးလိုက်ပြီးပြီ၊ အခြံအရံ ပရိသတ်တွေရော အများကြီးနဲ့ ပေးလိုက်တယ်။ သို့သော် မဟောသဓပညာရှိက သူ့ကိုပေးလိုက်တဲ့ နောက်လိုက် ဗိုလ်ပါ အခြံအရံအားလုံးကို စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ မယ်တော်, မိဖုရား, သားတော်တို့ကို ပြန်ပို့ဆောင်တဲ့အခါ အခြံအရံအဖြစ် ပြန်လည်ထည့်ပေးလိုက်တယ်။ အခု သူ ပဉ္စာလနိုင်ငံကို ရောက် လာတဲ့အခါ နောက်ထပ် ထပ်ပြီး ဘုရင်က ဘာရာထူးမှလည်း မပေးဘူး။ ဘုရင်ကြီးထံ ပညာရှိတစ်ယောက်အနေနဲ့ သွားရောက် ခစားတယ်၊ အကြံပေးအရာရှိလောက်အဖြစ်ပဲ ထားတယ်။

## ဘေရီပရိဗိုဇ်မ

စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ နန်းတော်မှာ ဘေရီဆိုတဲ့ ပညာရှိ ပရိဗိုဇ်မ တစ်ဦးရှိတယ်၊ ပရိဗိုဇ်ဆိုတာ ရသေ့လိုမျိုး ဖြစ်တယ်။ ပညာတတ် ဘေရီပရိဗိုဇ်မကို ဘုရင်ကြီးက ကိုးကွယ်တာ။ အဲဒီ ပရိဗိုဇ်မက ထက်မြက်တယ်၊ အလွန်ပညာရှိတယ်။ နန်းတော်ကို နေ့တိုင်း ဆွမ်းစားကြွရတယ်။

ဘုရင်ကြီး ကိုးကွယ်တဲ့ ပရိဗိုဇ်မဟာ မဟောသဓ ပညာ ရှိတယ်လို့ ကြားကတည်းက မဟောသဓကို တွေ့ချင်နေတယ်။ ဒါပေမယ့် မဆုံဖြစ်ဘူး။ တစ်ရက်တော့ မဟောသဓပညာရှိက ဘုရင်ကြီးကို ခစားဖို့ နန်းရင်ပြင်ဘက် ရောက်လာတယ်။ ဘေရီ ပရိဗိုဇ်မကလည်းပဲ ဆွမ်းစားပြီး နန်းတော်ပေါ်က ဆင်းလာချိန် နန်းရင်ပြင်မှာ ဆုံတယ်။ ဒါ သူတို့ရဲ့ ပထမဆုံး ဆုံစည်းမှုပဲ။

စူဠနီပြာဟ္မဒတ် မင်းကြီးက မဟောသဓကို ပညာရှိ အကြံပေးအနေနဲ့ ထားတယ်။ သို့သော် မိဖုရားကြီးဖြစ်တဲ့ နန္ဒာဒေဝီကတော့ မဟောသဓပညာရှိအပေါ်မှာ အခဲမကျေဘူး။ သူတို့မိသားစုကို ရန်သူ့လက်ထဲ အပ်လိုက်လို့ဖြစ်တယ်။ မဟောသဓလက်ချက်နဲ့ သူတို့တွေ ရန်သူ့လက်ထဲ ရောက်သွားခဲ့ရတယ်။ အဖိုးအိုကြီးဖြစ်တဲ့ ဘုရင်ကြီးနဲ့ သူ့သမီးလေးလည်း ပေးစားလိုက်ရတယ်။

နန္ဒာဒေဝီမိဖုရားဟာ ရန်သူ့လက်ထဲ ရောက်သွားတဲ့အခါ ပိယဝိပ္ပယောဂဆိုတဲ့ ဆင်းရဲဒုက္ခကို သူခံရတယ်။ သူ့နန်းတော်မှာ နေတုန်းကတော့ မိဖုရားအာဏာရှိတယ်။ ဟိုရောက်တဲ့အခါ ညည့်သည်လိုနေရတယ်။ အဲဒါလည်း မကျေနပ်ဘူး၊ သူတို့ မိသားစုကို ဂုဏ်သိက္ခာကျအောင် လုပ်ခဲ့တဲ့ မဟောသဓပညာရှိ အပေါ်မှာ အခဲမကြေဘူး၊ ဒါ့ကြောင့် အပြစ်ရှာတာပဲ။

လူတစ်ယောက်အပေါ်မှာ မကျေနပ်ဘူးဆိုရင် အပြစ်ရှာတယ်။ အဲဒီတော့ သူ့ရဲ့အခိုင်းအစေ အမျိုးသမီးကို မဟောသဓပညာရှိကို ထောက်လှမ်းဖို့ တာဝန်ပေးထားတယ်။ မဟောသဓဘာလုပ်လုပ် ဘာပြောပြော စောင့်ကြည့် အစီရင်ခံစေတယ်။ မဟောသဓရဲ့အပြစ်တွေ့တာနဲ့ ဘုရင်ကြီးထံ သွားပြောတယ်၊ ကုန်းတိုက်တယ်။ ဘုရင်ဆိုတာမျိုးက ကုန်းတိုက်ရင် အလွန်ယုံလွယ်တာကိုး။ အဲဒီတော့ နန္ဒာဒေဝီရဲ့ အစီအမံနဲ့ မဟောသဓပညာရှိလာပြီဆိုတာနဲ့ ချောင်းကြည့်နေကြတဲ့ မျက်လုံးတွေ အများကြီးပဲ၊ နန်းတော်မှာ မသင်္ကာတဲ့မျက်လုံးတွေနဲ့ မဟောသဓကို ကြည့်နေကြတာ။

အဲဒီအချိန် နန်းရင်ပြင်မှာ ဘေရီပရိဗ္ဗိုဇ်မနဲ့ မဟောသဓတို့ ပထမဆုံး ဆုံမိကြတယ်၊ မျက်နှာချင်းဆုံပြီး စကားပြောတာမဟုတ်ပါဘူး။ sign language လက်ဟန်ခြေဟန်နဲ့ ပညာရှိဟုတ်,မဟုတ်၊ မဟောသဓ ကျော်တဲ့အတိုင်း တော်ရဲ့လားလို့ဘေရီပရိဗ္ဗိုဇ်မက စမ်းတယ်။

ပရိဗ္ဗိုဇ်မက မဟောသဓနဲ့ မျက်နှာချင်းဆုံလိုက်တဲ့အခါလက်ဖဝါး ဖြန့်ပြလိုက်တယ်။ မဟောသဓပညာရှိက သူမေးလိုက်တဲ့အဓိပ္ပါယ်ကို နားလည်လိုက်တယ်။ ဒါ့ကြောင့် မဟောသဓကလက်သီးဆုပ်ပြလိုက်တယ်။ (အမရာဒေဝီနဲ့ တွေ့တုန်းကတော့မဟောသဓက လက်သီးဆုပ်ပြတယ်၊ အမရာဒေဝီက လက်ဝါးဖြန့်ပြတယ်။)

အခု ဘေရီပရိဗ္ဗိုဇ်မက လက်ဝါး ဖြန့်ပြလိုက်တဲ့အခါမဟောသဓပညာရှိက လက်သီးဆုပ်ပြတယ်။ ထိုအခါ ဘေရီပရိဗ္ဗိုဇ်မက ခေါင်းကိုပွတ်ပြတယ်။ မဟောသဓပညာရှိက ဗိုက်ကိုပွတ်ပြတယ်။

ချောင်းကြည့်နေကြတဲ့ နန္ဒာဒေဝီရဲ့သူလျှိုတွေက မြင်လိုက်တယ်။ သူတို့က ဘယ်လိုအဓိပ္ပာယ်ကောက်တုန်းဆိုရင် လက်ဝါးဖြန့်ပြတယ်ဆိုတာ တိုင်းပြည်ကို အာဏာသိမ်းပြီး မင်းလက်ထဲရောက်အောင် မလုပ်ဘူးလားလို့ပြောတာလို့ယူတယ်၊ မဟောသဓက လက်သီးဆုပ်ပြတာက ဓားကို တင်းတင်းကိုင်ပြီးတော့အာဏာသိမ်းပြမယ်လို့ ဆိုလိုတယ်။

ဘေရီပရိဗ္ဗိုဇ်မက ခေါင်းကို ပွတ်ပြတာက ဘုရင်ကြီးကိုခေါင်းဖြတ်လို့ ပြောတယ်လို့ အဓိပ္ပါယ်ဖော်ကြတယ်။ မဟောသဓ

က ဗိုက်ပွတ်ပြတာက ဗိုက်ကို ဓားနဲ့ထိုးမယ်လို့ အဓိပ္ပါယ်ဖော်ပြတယ်။ ဒါက ထောက်လှမ်းရေး အမျိုးသမီးတွေရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်တယ်။

မဟောသဓနဲ့ ဘေရီပရိဗိုဇ်မတို့ရဲ့ အဓိပ္ပာယ်က ဒီလိုပါ။ လက်ဝါးဖြန့်ပြတာက ဘုရင်ကြီးခေါ် လို့ ဒီတိုင်းပြည်ရောက်နေပြီ။ ဘုရင်ကြီးက ရက်ရောတဲ့လက်နဲ့ ကြိုဆိုရဲ့လား? ဆုလာဘ်တွေ ဘာတွေ ပေးရဲ့လား?လို့ ဒီလိုဆိုလိုတာ။ မဟောသဓက သူ့ကို ဘာမှ အခွင့်အရေးမပေးပါဘူးလို့ ဆိုလိုတဲ့အဓိပ္ပာယ်နဲ့ လက်သီးဆုပ်ပြကာ သူတို့အချင်းချင်းက အဲဒီလိုနားလည်တယ်။

ခေါင်းပွတ်ပြတာက ဘေရီပရိဗိုဇ်မက ငါ့လို ပရိဗိုဇ် ဝတ်ပါလားလို့ ပြောတာ၊ မဟောသဓပညာရှိက ဗိုက်ပွတ်ပြတယ်။ သူ့မှာ ကျွေးမွေးရမယ့် သားသမီး နောက်လိုက်တွေ အများကြီးရှိတယ်။ ဒါကြောင့်မို့ ပရိဗိုဇ် မဝတ်နိုင်သေးပါဘူးလို့ ပြောတာ။ မေးခွန်းနဲ့ အဖြေက အဲဒီလို။

ငါ့လို ကတုံးတုံးပါလားဆိုပြီး ခေါင်းပွတ်ပြတာ၊ မတုံးနိုင်သေးဘူး၊ ဝမ်းရေးက ရှိသေးတယ်၊ ကျွေးမွေးရမယ့်လူတွေက အများကြီးရှိသေးတယ်။ အဲဒါက မေးလိုရင်းနဲ့ အဖြေစကားပဲ ဖြစ်တယ်။

သို့သော် ထောက်လှမ်းရေး အမျိုးသမီးတွေက အဲဒီလို အဓိပ္ပါယ်မကောက်ဘူး။ တိုင်းပြည်ကို ကိုယ့်လက်ထဲရအောင် လုပ်ပါလားလို့ ပရိဗိုဇ်မကပြောတဲ့အခါ မဟောသဓက လုပ်မှာပါ ဆိုပြီး သံလျက်ဓားကိုကိုင်ပြပြီး တစ်နေ့ကျ တိုက်ခိုက်မှာပါဆိုတဲ့

အဓိပ္ပာယ်ကို ဖော်တယ်။ ခေါင်းပွတ်ပြတာတော့ ဘုရင်ကြီးကို ပရိဗိုဇ်မက ခေါင်းဖြတ်ပါလား ပြောတဲ့အခါ ခေါင်းမဖြတ်ဘူး။ ဗိုက်ကိုဓားနဲ့ထိုးမယ် ဒီလိုအဓိပ္ပာယ် ဖော်လိုက်တယ်။

## ကုန်းတိုက်ခြင်း

ဘုရင်ကြီးထံ သွားကုန်းတိုက်ကြတယ်။ မဟောသဓနဲ့ ဘေရီပရိဗိုဇ်မတို့ဟာ အသံတိတ် sign language နဲ့ စကားပြောကြတယ်၊ လျှို့ဝှက်ကြံစည်နေပုံရတယ်။ ဘုရင်ကြီးကို အာဏာသိမ်းဖို့ ပရိဗိုဇ်မက တိုက်တွန်းတယ်၊ မကြာခင် သိမ်းမယ်လို့ လက်ဆုပ်ပြတယ်။ ခေါင်းပွတ်ပြတဲ့အခါ ခေါင်းဖြတ်ပါလား ဆိုတော့ ဟိုက ဗိုက်ကိုပုတ်ပြတယ်၊ ဗိုက်ကို ပိုင်းဖြတ်မယ်လို့ ပြောတယ်ဆိုတဲ့အကြောင်းတွေကို ဘုရင်ကြီးထံသွားပြီး သံတော်ဦးတင်ကြတယ်။

"မဟောသဓပညာရှိပေါ်မှာ သိပ်မယုံနဲ့၊ ဘေရီပရိဗိုဇ်မနဲ့ မဟောသဓပညာရှိတို့ဟာတစ်နေ့ကျရင် အရှင်မင်းကြီးကိုလုပ်ကြံပြီးတော့ တိုင်းပြည်အာဏာသိမ်းလိမ့်မယ်။" "**အပ္ပမတ္တော မဟာရာဇ ဟောထ–** အရှင်မင်းကြီး မမေ့မလျော့နေပါ။ "**မဟောသဓံ ဃာတေတုံ ဝဋ္ဋတိ**–မဟောသဓကိုသတ်သင့်ပါတယ်။ မဟောသဓပညာရှိကို အရှင်မထားနဲ့၊ သတ်ပစ်သင့်တယ်၊ သေဒဏ်ပေးသင့်တယ်၊ တစ်နေ့ လုပ်ကြံလိမ့်မယ်ဆိုပြီး ဒီလိုလျှောက်ကြတယ်။

ဘုရင်ကြီး ခေါင်းထဲမှာ သံသယဖြစ်သွားတယ်။ သို့သော် ဘေရီပရိဗိုဇ်မ နောက်နေ့လာတဲ့အခါ ဘေရီပရိဗိုဇ်မကို မေးမယ်လို့ စိတ်ကူးတယ်။ ဆွမ်းစားလာတဲ့အခါ ဘေရီပရိဗိုဇ်မကို မေး

တယ်။ ပရိဗိုဇ်မက အားလုံးပြောပြတယ်၊ နောက်ဆုံး ဘုရင်ကြီးက **"ပဏ္ဍိတော, အယျေ, မဟောသဓော–** ဘယ်လိုလဲ အရှင်မ, မဟောသဓေ တကယ်ပဲ ပညာရှိသလား?" မေးလိုက်တယ်။ **"အာမ မဟာရာဇ, ပထဝိတလေ ပညာယ တေန သဒိသော နာမ နတ္ထိ–** ဟုတ်ပါတယ်၊ ကမ္ဘာမှာ သူနဲ့တူတဲ့ ပညာရှိဆိုတာ တခြားမရှိနိုင်ပါဘူး။ တကယ့် ပညာရှိပုဂ္ဂိုလ်ကြီးပါ" လို့ ပရိဗိုဇ်မ က ပြောတယ်။

ဘုရင်ကြီးက ပရိဗိုဇ်မမေးပြီးတော့ သူ့ဆီ အခစား ရောက်လာတဲ့ မဟောသဓပညာရှိကိုလည်း ဘေရီပရိဗိုဇ်မနဲ့တွေ့ပြီး ဘာစကားပြောလိုက်တုန်းဆိုတာ စုံစမ်းမေးမြန်းတယ်။ ပရိဗိုဇ်မ ပြောတဲ့အတိုင်းပဲ စကားတော့ မပြောဖြစ်ပါဘူး။ ပရိဗိုဇ်မက လက်အမူအယာနဲ့မေးတဲ့ မေးခွန်းတွေတော့ ဖြေလိုက်ပါတယ်။ သူတို့ပြောတဲ့စကားက တထပ်တည်းဖြစ်တယ်။ ဒါ့ကြောင့် ကုန်းတိုက်စကား မအောင်မြင်တော့ဘူး။

ဘုရင်ကြီးက ယုံကြည်စိတ်ချသွားရုံမျှမက အဲဒီနေ့မှာပဲ မဟောသဓပညာရှိကို နံပါတ်(၃)လို့ ပြောရမယ့် အဂ္ဂသေနာပတိ စစ်ဗိုလ်ချုပ်ကြီးအရာကို ပေးလိုက်တယ်။ ရှေးခေတ်ကတော့ ဘုရင်က နံပါတ်(၁)၊ ဘုရင်ပြီးရင် အိမ်ရှေ့မင်းသားက နံပါတ်(၂)။ အဂ္ဂသေနာပတိဆိုတဲ့ စစ်ဗိုလ်ချုပ်ကြီးက နံပါတ်(၃)လို့ ဒီလို ဆိုလိုတယ်။

အဲဒီလို မဟောသဓပညာရှိကို "အဂ္ဂသေနာပတိ"ဆိုတဲ့ ရာထူးကို ပေးလိုက်တယ်။ သေနာပတိရာထူး ပေးလိုက်တယ် ဆိုကတည်းက တိုင်းပြည်ကိုသူ့လက်ထဲအကုန်ထည့်တဲ့ သဘောပဲ

လေ၊ စစ်တပ်ကို အုပ်ချုပ်ရပြီ၊ အဲဒီလို ရက်ရက်ရောရော ယုံကြည်အားကိုးစွာနဲ့ စစ်သူကြီးရာထူး ပေးလိုက်တယ်။

ပေးလိုက်တဲ့အခါ သံသယဖြစ်သူက စူဠနီဗြဟ္မဒတ်မင်းကြီး မဟုတ်ဘဲ မဟောသဓပညာရှိဖြစ်တယ်။ "ဘုရင်ဆိုတာမျိုးက သိပ်စိတ်မချရဘူး။ ငါ့ကို သေနာပတိပေးတာဟာ တကယ့်ကို စိတ်ထဲကပါလို့ ပေးတာလား? ဟန်ပြလုပ်ပြီးတော့ ငါ့ကို ဒုက္ခပေးမလို့ ပေးတာလား?" လို့ အတွေးဝင်တယ်။

ဘာဖြစ်လို့တုန်းဆို တချိန်တုန်းကလည်း ရန်သူဖြစ်ခဲ့တာမို့ စိတ်မချရဘူး။ "လူတွေရဲ့စိတ်နှလုံးဆိုတာ လျှို့ဝှက်တယ်" မသိနိုင်ဘူး။ မြတ်စွာဘုရားလက်ထက်က ဆင်တွေကို ဆုံးမတဲ့ ဆင်ဆရာ ဒကာတစ်ယောက်က မြတ်စွာဘုရားကိုလျှောက်တယ်။

**"ဂုယှနဉ္စေတံ ဘန္တေ ယဒိဒံ မနုဿာ–** လူတွေရဲ့ စိတ်နှလုံးဆိုတာ အင်မတန်လျှို့ဝှက်တယ်၊ အသိခက်တယ်၊ **ဥတ္တာနကဉ္စေတံ ဘန္တေ ယဒိဒံ ပသဝေါ–** တိရစ္ဆာန်တွေရဲ့ စိတ်နှလုံးက ပေါ်လွင်တယ်၊ ဖြောင့်မတ်တယ်"။

သူဟာ ဆင်တွေကို အတတ်သင်နေသူဖြစ်လို့ ဆင်တစ်ကောင်ကို တစ်ယူဇနာ အသွားအပြန် စီးကြည့်လိုက်တာနဲ့ ဒီကောင်ရဲ့ အမူအကျင့်တွေကို အကုန်သိလို့ရတယ်။ သူ့အိမ်မှာ ခိုင်းတဲ့လူတွေ နှစ်ချီကြာသော်လည်းပဲ သူတို့ရဲ့နှလုံးသားကို မသိနိုင်ဘူး။ လူဆိုတာ ပါးစပ်ကပြောတော့ တစ်မျိုး၊ ရင်ထဲက ထားတာ တစ်မျိုး၊ အပြင်ဘက် ထုတ်ပြောတာတစ်မျိုး။

ပြုံးတိုင်းလည်း အဟုတ်ထင်မလေနဲ့။ ပြုံးနေတာက ဘာနဲ့ ပြုံးမှန်း မသိဘူး။ သူ့အပြုံးက ရိုးသားတဲ့အပြုံးလား၊ မရိုးသားတဲ့ အပြုံးလား? ဘာမှမသိဘူး။ အဲဒီတော့ လူတွေက ကောက်ကျစ် စဉ်းလဲတယ်၊ တိရစ္ဆာန်တွေက ဖြောင့်မတ်တယ်။

မဟောသဓပညာရှိက ဘုရင်ကြီးဟာ တကယ့်ကို ငါ့အပေါ် မှာ ယုံကြည်အားကိုးပြီး သေနာပတိရာထူး ပေးတာလား? သို့မဟုတ် ငါ့ကို အချိုသတ်တာလား? ဒါမျိုးကရှိသေးတယ်လေ၊ အချိုသတ်တယ်ဆိုတာ ရာထူးလေးပေးပြီး ဖြုတ်ချတာမျိုး။

သူ့စိတ်ထဲမှာ အဲဒီလိုထင်လာတော့ ဘုရင်ကြီးကို သွားမေး လို့လည်း ဖြစ်တာမဟုတ်ဘူး။ ပညာရှိဆိုတော့ စဉ်းစားတယ်။ ဘေရီပရိဗိုဇ်မက ပညာအလွန်ထက်တာ။ သူတို့နှစ်ယောက်က တွဲလို့ရတယ်။ အဲဒီတော့ ဘေရီပရိဗိုဇ်မဆီသွားပြီး ပြောတယ်။

“ဘုရင်ကြီးကတော့ သူ့ကို သေနာပတိရာထူး ခန့်လိုက် တယ်။ ဒါပေမယ်လို့ ဘုရင့်ရဲ့ စိတ်နှလုံးဟာ တကယ်ပဲ ရိုးဖြောင့် သလား၊ မဖြောင့်ဘူးလားဆိုတာ မသိနိုင်ပါဘူး။ ဆုံးဖြတ်လို့ မရဘူး။ အဲဒီတော့ အရှင်ပရိဗိုဇ်မအနေနဲ့ စုံစမ်းကြည့်ပါဦး။ ဘုရင်ကြီးက သူ့အပေါ်မှာ တကယ်ရိုးသား ယုံကြည်တဲ့စိတ် ရှိ၊ မရှိ သိချင်ပါတယ်။”

ဘေရီပရိဗိုဇ်မကို စုံစမ်းဖို့ပြောတဲ့အခါ ဘေရီပရိဗိုဇ်မက တိုက်ရိုက်ကြီးမမေးဘဲ မေးခွန်းတစ်ခု ထုတ်လိုက်တယ်။ သူ့ မေးခွန်းက အလွန် အင်မတန်ပါးနပ်တဲ့ မေးခွန်းဖြစ်တယ်။

## ဒကာရက္ခသပဉှာ

မဟောသဓပညာရှိအပေါ်မှာ ဘယ်လောက် အားကိုးတယ်၊ အားမကိုးဘူးဆိုတဲ့ အဖြေဟာ ရှင်းရှင်းကြီး ပေါ်လာအောင် သူမေးလိုက်တဲ့ မေးခွန်းလေးက အင်မတန်ကောင်းတယ်။ အဲဒီမေးခွန်းကို **ဒကာရက္ခသပဉှာ** လို့ ခေါ်တယ်။ ဂါထာပေါင်း ၃၄-ဂါထာရှိတဲ့ သီးသန့်ဇာတကအဖြစ် မှတ်တမ်းတင်ထားတယ်။

**ဒကာရက္ခသ–** 'ဒက' ဆိုတာ ရေ၊ 'ရက္ခသ' ဆိုတာ စောင့်ရှောက်ပြီး သတ်စားတဲ့ ဘီလူး၊ ရေစောင့်ဘီလူးလို့ပဲ မှတ်ကြပါ။ ရေစောင့်ဘီလူးနဲ့ပတ်သက်တဲ့ မေးခွန်းကို ပရိဗိုဇ်မက ဘုရင်ကြီးကိုမေးတာ။

**သစေ ဝေါ ဝုယှမာနာနံ၊ သဗ္ဗေသံ ဥဒကဏ္ဏဝေ၊**

**မနုဿဗလိမေသာနော၊ နာဝံ ဂဏှေယျ ရက္ခသော၊**

**အနုပုဗ္ဗံ ကထံ ဒတွာ၊ မုဉ္စေသိ ဒကရက္ခသာ။**

ဘုရင်ကြီးကို မေးခွန်းတစ်ခု မေးပါရစေ၊ "ပင်လယ်ထဲ ခရီးသွားရင်း ရေထဲမှ ဘီလူးကြီးပေါ်လာတယ်။ လှေသင်္ဘောပေါ်မှာလည်း လူ (၇)ယောက် ပါလာတယ်။ အဲဒီပါလာတဲ့ လူ(၇)ယောက်ကို အဲဒီဘီလူးကြီးက စားချင်တယ်။ လူ(၇)ယောက်ထဲက ဘယ်သူ့ကို အရင်ပေးမလဲ"။

အဲဒီလူ(၇)ယောက် စာရင်းမှာ ဘုရင့်မယ်တော်ကြီး စလာကဒေဝီက၊ နန္ဒာဒေဝီမိဖုရား၊ ဘုရင့်ညီတော် တိခိဏမန္တီမင်းသား၊ သူငယ်ချင်း ဓနုသေခ၊ ပရောဟိတ်ပုဏ္ဏားကြီး၊ မဟောသဓ၊ ဘုရင်ကိုယ်တိုင်။ အဲဒီလို နံပါတ်စဉ်ပြီး ဘီလူး

စားမယ်ဆိုရင် ဘယ်သူ့ကို အရင်ကျွေးမလဲ? ဒီမေးခွန်းမေးတာ။ မဟောသဓအပေါ်မှာ တန်ဖိုးထား,မထား ဒီမေးခွန်းကိုမေးတာ။

ပင်လယ်ထဲမှာ လှေ(၇)ယောက်ကို ဘီလူးကြီးက ဖမ်းလိုက်ပြီဆိုရင် ဘယ်သူ့ကို စပေးမလဲ? ဘုရင်ကြီးရဲ့ အဖြေစကားနဲ့ အခြေအတင် ပြောတဲ့စကားတွေက ဂါထာပေါင်း ၃၀-ကျော် ရှိတယ်။

ဘုရင်ကြီးရဲ့ အဖြေက **"မာတရံ ပဌမံ ဒဇ္ဇံ"**။ သူ့မယ်တော်ကြီးကို ပဌမဆုံးပေးမယ်တဲ့။ **"ဘရိယံ ဒတွာန ဘာတရံ"**။ ဒုတိယအနေနဲ့ သူ့ရဲ့မိဖုရား နန္ဒာဒေဝီကို ပေးမယ်တဲ့၊ တတိယက သူ့ညီ တိခိဏမန္တီကို ပေးမယ်။ စတုတ္ထက သူငယ်ချင်း ဓနုသေခကို ပေးမယ်တဲ့၊ ငါးယောက်မြောက် ပရောဟိတ်ပုဏ္ဏားကြီးကို ပေးမယ်တဲ့။ ခြောက်ယောက်မြောက် ကိုယ့်ကိုယ်ကို ပေးမယ်။ မဟောသဓကိုတော့ လုံးဝမပေးဘူးတဲ့၊ ဒါ သူ့အဖြေ။

မဟောသဓကိုတော့ ဘီလူးစာ မကျွေးဘူး၊ သူပဲ အသေခံလိုက်မယ်။ အဲဒီတော့ မဟောသဓအပေါ်မှာ ဘယ်လောက် မေတ္တာထားတယ်၊ တန်ဖိုးထားတယ်ဆိုတာ သိရှိသွားတယ်။

ဘေရီပရိဗိုဇ်မက အဖြေလေးရတဲ့အခါ ထပ်ဆင့် မေးခွန်းလေးတွေ မေးလိုက်တယ်။

**"ပေါသေတာ တေ ဇနေတ္တိ စ, ဒီဃရတ္တာနုကမ္ပိကာ"**

နေပါဦး အရှင်မင်းကြီး, မယ်တော်ကြီးဆိုတာ ကိုယ့်ကို မွေးဖွားပေးရုံမျှမက နှစ်ပေါင်းများစွာ ကျွေးမွေးစောင့်ရှောက်လာတာ မဟုတ်လား? ဒါတင်မကဘူး၊ ဆမ္ဘိဆိုတဲ့ပုဏ္ဏားက

အရှင်မင်းကြီး မင်းသားငယ်ဘဝ သတ်မယ်လုပ်တာကို အသတ်မခံရအောင် ကြံဖန်ကယ်တင်ခဲ့တယ်။ အဲဒီလို ကိုယ့်ကိုမွေးပေးတဲ့ မိခင်ဖြစ်ရုံမျှမက သေဘေးက လွတ်မြောက်အောင် ကြံဆောင်ပေးတဲ့ မိခင်ကို ဘယ်လိုအပြစ်ကြောင့် ပထမဆုံး ရေစောင့်ဘီလူးကို ပေးချင်တာလဲ?

ဘုရင်ကြီးက သူ့မှာလည်း အကြောင်းရှိတယ်လို့ ရှင်းပြတယ်။

**ဒဟာရာ ဝိယ လက်ာရံ့, ဓာရေတိ အပိဋ္ဌနန္ဒံ။**

သူ့မယ်တော်ကြီးက အသက်လည်း ကြီးပြီ။ အပျိုတအားလုပ်တယ်။ ကလေးကလား အဝတ်တွေ ဝတ်တယ်၊ မျက်စိနောက်စရာဖြစ်တယ်။ က္ကန္ဒြေရရ မနေဘူး၊ သူက လူငယ်လူရွယ်ပုံစံမျိုး ဝတ်ဆင်တတ်တယ်၊ အမြင်ကတ်စရာ ကောင်းတယ်။

**ဒေါဝါရိကေ အနီကဋ္ဌေ, အတိဝေလံ ပဇ္ဇလ္လတိ။**

တံခါးစောင့်တွေ, သက်တော်စောင့်တွေ, ကိုယ်ရံတော်တွေနဲ့ ရောရောနှောနှော လေပေါ်နေတတ်တယ်။ အဲဒါကြောင့်မို့ မယ်တော်ကြီးကို အမြင်ကတ်တယ်။

**အထောပိ ပဋိရာဇူနံ, သယံ ဒူတာနိ သာသတိ။**

ဒါတင်မကဘူး ကျွန်ုပ်နာမည် အသုံးပြုပြီး တိုင်းတပါးမင်းတွေထံ စာပို့တယ်။ ငါ့ မယ်တော်ရုပ်ရည်က အင်မတန်မှချောပါတယ်၊ မင်းတို့လက်ထပ်ချင်လို့ရှိရင် ငါ့အမေနဲ့ လက်ထပ်ပါလို့ ရေးတယ်။ အဲဒီစာက ကျွန်ုပ်လက်ထဲ ရောက်လာတယ်၊ လူကြားထဲ ဖတ်တဲ့အခါ ဘယ်လောက်အရှက်ရသလဲ စဉ်းစားကြည့်ပေါ့၊ အဲဒီလို အဖွားကြီးကလုပ်တာ။

**မာတရံ တေန ဒေါသေန, ဒဇ္ဇာဟံ ဒကရက္ခိနော။**

အဲဒါကြောင့်မို့ သူ ကြည့်မရလို့ မယ်တော်ကြီးကို ဘီလူး အား ပေးချင်တာဖြစ်တယ်။

ဒီနေရာ စာဖတ်ပြီး စဉ်းစားစရာပဲ၊ မျက်စိနောက်အောင် မလုပ်ရဘူး၊ အသက်ကြီးတဲ့လူက အနေအထိုင် တတ်ရမယ်၊ မျက်စိနောက်အောင် လုပ်လို့ရှိရင် သူ့ကို ပထမဆုံး ဘီလူးစာ ကျွေးပစ်မယ်၊ အဲဒီလို ဘုရင်ကြီးက ဘေရီပရိုဗ်မရဲ့ အမေး စကားကို ဖြေလိုက်တယ်။

နောက် ဒုတိယမေးခွန်းကို ဘယ်လိုဖြေတုန်းဆို-

**ကုလတ္ထိဂုမ္ဗသာ ပဝရာ၊ အစ္စန္တံ ပိယဘာဏိနီ၊**

**အနုဗ္ဗတာ သီလဝတီ၊ ဆာယာဝ အနုပါယိနီ။**

ဒုတိယ နန္ဒာဒေဝီ မိဖုရားကြီးကို ဘီလူးစာကျွေးမယ်လို့ ပြောတယ်။ သူဟာ အမျိုးသမီးတွေထဲမှာ အလွန်ချောမောလှပတဲ့ အမျိုးသမီးဖြစ်တယ်။ အပြောအဆိုလည်း လိမ္မာတယ်။ ကိုယ်ကျင့် တရားလည်း ကောင်းတယ်။ အရိပ်ပမာ အမြဲတမ်း အတူလိုက် တယ်။ **အကောဓနာ–** စိတ်လည်း မတိုတတ်ဘူး၊ **ပုညဝတီ–** ဘုန်းကံလည်း ရှိတယ်။ **ပဏ္ဍိတာ အတ္ထဒဿိနီ–** အသိပညာ လည်း တတ်တယ်၊ အကျိုးအကြောင်းကိုလည်း သိမြင်တတ် တယ်။

**ဉမ္ဗရီ ကေန ဒေါသေန, ဒဇ္ဇာသိ ဒကရက္ခိနော။**

ဒီလို အရည်အချင်းကောင်းရှိတဲ့ မိဖုရားကို ဘာဖြစ်လို့ ဘီလူးစာ ကျွေးချင်ရတာလဲ?

ဘုရင်ကြီးက ဖြေတယ်-

**ခိဍ္ဍာရတိသမာပန္နံ၊ အနဝဇ္ဇသမာဂတံ၊**

**သာ မံ သကာန ပုတ္တာနံ၊ အယာစံ ယာစတေ ဓနံ။**

ဘုရင်ကြီးမှာ ခြွေရံတွေက အများကြီး ရှိတာကို၊ မိဖုရားငယ်တွေလည်း ရှိတယ်။ မိဖုရားငယ်ကိုပေးထားတဲ့ပစ္စည်းတွေကို အဲဒီ နန္ဒာဒေဝီမိဖုရားက 'ဒါငါ့ဟာ ချွတ်' ဆိုပြီး လုယူတယ်။ သူများပေးရင် မကြိုက်ဘူး။ ပေးထားတဲ့ပစ္စည်းတွေကို လုယူတယ်။ သူတပါးအားပေးပြီးသားဖြစ်လို့ မတောင်းထိုက်တဲ့ ပစ္စည်းတွေကို တောင်းတယ်။

**"သောဟံ ဒဒါမိ သာရတ္တော၊ ဗဟုံ ဥစ္စာဝစံ ဓနံ၊**

**သုဒုစ္စဇံ စဇိတွာန၊ ပစ္ဆာ သောစာမိ ဒုမ္မနော"။**

အဲဒီလိုလုပ်လို့ ကျွန်ုပ်မျက်နှာပျက်ရတယ်။ စိတ်ဆင်းရဲရတယ်။ **ဥဗ္ဗရီ ကေန ဒေါသေန, ဒဿာသိ ဒကရက္ခိနော။** ဒါကြောင့် မိဖုရားကြီးကို ဒုတိယအနေနဲ့ ဘီလူးစာ ကျွေးချင်တယ်။

အဲဒီတော့ ဘေရိပရိဗိုဇ်က ဆက်ပြီးတော့ မေးတယ်။

**ယေနောစိတာ ဇနပဒါ၊ အာနီတာ စ ပဋိဂ္ဂဟံ၊**

**အာဘတံ ပရရဇ္ဇေဟိ၊ အဘိဋ္ဌာယ ဗဟုံ ဓနံ။**

"အသင်မင်းကြီးရဲ့ ညီတော်ဟာ တိုင်းရေးပြည်ရေး ကိစ္စတွေကို လုပ်ရုံမျှမက သူ့ရဲ့ကြီးပမ်းအားထုတ်ချက်နဲ့ တခြားနိုင်ငံကရတဲ့ပစ္စည်းတွေပါ အကုန်လုံး အသင်မင်းကြီးကို အပ်နှင်းတာ မဟုတ်လား?"

(မင်းတုန်းမင်းကြီးနဲ့ ကနောင်မင်းသားတို့လိုပေ့ါ။ မင်းတုန်းမင်းကြီး နန်းရသွားတာဟာ ကနောင်မင်းသားက တိုက်ပေးတာ၊

ကနောင်မင်းသားရဲ့ စွမ်းဆောင်မှုနဲ့ မင်းတုန်းမင်းကြီးက နန်းရတာ။)

ညီတော်မင်းသားရဲ့ စွမ်းဆောင်မှုနဲ့ သူ တိုင်းပြည် အာဏာကိုရထားပြီး ညီတော်မင်းသားဟာ လေးပစ်, မြားပစ်တဲ့ အတတ်မှာ အတော်ဆုံးဖြစ်ရုံမျှမက ရဲရင့်တယ်၊ ထက်မြက်တယ်။ အဲဒီလို အရည်အချင်းကောင်းတဲ့ကိုယ့်ရဲ့ညီတော်ကို ဘာဖြစ်လို့ ရေစောင့်ဘီလူးကို ကျွေးချင်တာလဲ။

ဟုတ်ပါတယ်၊ ညီတော်မင်းသားက တိုင်းပြည်ကို ထူထောင်ပြီး သူ့လက်ထဲကိုအပ်တာ မှန်တယ်။

**ဓနုဂ္ဂဟာနံ ပဝရော, သူရော တိခိဏမန္တိ စ။**

ညီတော်မင်းသားဟာ လေးအတတ် ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ ရဲရင့်တယ်၊ ထက်မြက်တယ်၊ ဉာဏ်ရှိတယ်။ **မယာယံ သုခိတော ရာဇာ, အတိမညတိ ဒါရကော။** အဲဒီလို အရည်အချင်းတွေ ကောင်းပေမယ်လို့ သူ့ရဲ့စွမ်းအားနဲ့ ငါ့အစ်ကိုကြီးက ထီးနန်းရတာပါဆိုပြီး သူ့အပေါ်မှာ မလေးမစားလုပ်တယ်။

**ဥပဋ္ဌာနမ္ပိ မေ အယျေ၊ န သော ဧတိ ယထာ ပုရေ။** သူ့ကို အရင်ကလို ခစားတာတွေ မလုပ်ဘူး၊ ဂရုမစိုက်ဘူးပေါ့၊ ငါတင်ထားလို့ ဘုရင်ဖြစ်တာဆိုပြီး အရင်ကလို သူ့အပေါ် ကျိုးကျိုးနွံနွံ ဆက်ဆံတာ မလုပ်ဘူး။ **ဘာတရံ တေန ဒေါသေန၊ ဒဇ္ဇာဟံ ဒကရက္ခိနော။** ဒီအပြစ်ကြောင့် သူ့ကို ရေစောင့်ဘီလူးကို ကျွေးမယ်လို့ ပြောတာ။

ထို့နောက် ဆက်ပြီး ဘေရီပရိဗိုဇ်မက မေးတယ်။

**ကောရဗျေန ဥဘယော၊ တွဉ္စေဝ ခန္ဓသေခ စ၊**
**ဥဘော ဇာတေတ္ထ ပဉ္စာလာ, သဟာယာ သုသမာဝယာ။**

"နေပါဦး၊ ဘုရင်ကြီးနဲ့ ခန္ဓသေခ တို့တာ တစ်နေ့တည်းပဲ မွေးကြတာဖြစ်တဲ့ ဖွားဖက်တော်ပဲ။ နှစ်ယောက်စလုံးဟာ ပဉ္စာလ နိုင်ငံသားတွေ ဖြစ်ရုံမျှမက အရွယ်လည်းတူတယ်၊ ငယ် သူငယ်ချင်းလည်း ဖြစ်တယ်။"

**စရိယာ တံ အနုဗန္ဓိတ္တော, ကောဒုက္ခသုခေါ တဝ။**

"အသင်မင်းကြီးရဲ့ အလိုအတိုင်း သူဟာ အမြဲတမ်း လိုက်ပါ ဆောင်ရွက်တယ်။ ရဲဘော်ရဲဘက်လည်း ဖြစ်တယ်။ သုခဒုက္ခ အတူတကွ ခံစားကြတယ်။ နေ့နေ့ညည အရှင်မင်းကြီးရဲ့ကိစ္စမှာ သူဟာ ကြောင့်ကြစိုက်ပြီး ကြိုးစားအားထုတ်သူဖြစ်တယ်။ အဲဒီလို သူငယ်ချင်းကောင်း ဖြစ်နေပါလျက်နဲ့ ဘယ်အပြစ်ကြောင့် သူ့ကို ဘီလူးစာ ကျွေးချင်တာတုန်း"။

ဘုရင်ကြီးက ဖြေတယ်။

**ယထောပိ အာဂတော အယျေ မမ ဟတ္ထံ။**
**စရိယာ မံ အယံ အယျေ, ပဗ္ဗိတ္တော မယာ သဟ၊**
**အဇ္ဇာပိ တေန ဝဏ္ဏေန, အတိဝေလံ ပဗ္ဗတိ။**

"သူဟာ ရင်းနှီးမှုကို အကြောင်းပြုပြီး သူ့ကို ငယ်ငယ် တုန်းက ဆက်ဆံသလို ဆက်ဆံတယ်။ ငယ်ငယ်တုန်းက ခေါ် သလို ခေါ်တယ်။ ဘုရင်ဖြစ်နေပြီလေ၊ ဘုရင်ဖြစ်တဲ့အခါ ငယ်တုန်းကလို ခေါ်လို့မရဘူး။ ငယ်ငယ်တုန်းက သူငယ်ချင်း ဘဝတုန်းက ဆက်ဆံလာသလိုပဲ ယနေ့ထိ မူမပြောင်းဘဲ သူ့ကို

အဲဒီအတိုင်း ဆက်ဆံတယ်။ သူဟာ အလိုက်မသိဘူး၊ လူရှေ့ သူရှေ့မှာ သူ့ကို ဆက်ဆံတယ်။

**ဥဗ္ဗရိယာပိ'ဟံ အယျေ၊ မန္တယာမိ ရဟောရဟော၊**

**အနာမန္တော ပဝိသတိ၊ ပုဗ္ဗေ အပ္ပဋိဝေဒိတော။**

"မိဖုရားကြီးနဲ့သူ နှစ်ယောက်တည်း တိုင်ပင်စရာရှိလို့ စကားပြောနေတဲ့အချိန်မှာ ဘာမှကြိုတင်မပြောဘဲ သူက ဝင်ချင် ဝင်လာတယ်။"

အဲဒါမျိုးကလည်း သတိထားရတဲ့ ကိစ္စတွေပေါ့။ စကား ပြောနေတယ်ဆိုရင် စွတ်မဝင်ရဘူး။ လူရှိနေတယ်ဆိုရင် အခြေ အနေကို အကဲခတ်ရတယ်။ အဲဒီလို မဟုတ်ဘူးဆိုရင် အလိုက် မသိဘူးလို့ခေါ်တယ်။ နှစ်ယောက်သား စကားပြောနေတဲ့ အချိန် မှာ ဝင်ခွင့်မတောင်းဘဲဝင်လာတယ်။ **လဒ္ဓဒွါရော ကတောကာသော, အဟိရိကံ အနာဒရံ၊** "သူ့ကို အချိန်မရွေး ဝင်ခွင့်ရတယ်ဆိုတဲ့ အခွင့်အရေး ပေးထားတာ၊ ရင်းနှီးမှုကို အကြောင်းပြုပြီး မလေး မစား ဆက်ဆံတယ်"။

ဘုရင်ဖြစ်နေရင်တော့ ဘုရင်လိုပဲ ဆက်ဆံရမှာပေါ့။ ဘုရင်လို မဆက်ဆံဘဲနဲ့ ငယ်ငယ်တုန်းက သူငယ်ချင်းလို ဆက်ဆံ တော့ ဘုရင်ကြီးက သူ့ဆက်ဆံရေးနဲ့ ပတ်သက်ပြီး မကြိုက်ဘူး။ မကြိုက်လို့ **သဟာယံ တေန ဒေါသေန, ဒဇ္ဇာဟံ ဒကရက္ခိနော၊** အဲဒါကြောင့် သူငယ်ချင်း ဓနုသေခကို ရေစောင့်ဘီလူးကို ကျွေးချင်တာလို့ ဒီလိုဖြေတယ်။

နောက်တစ်ခု ဘေရီပရိဗိုဇ်မက မေးတယ်။

**ကုသလော သဗ္ဗနိမိတ္တာနံ့, ရုတညူ အာဂတာဂမော၊**
**ဥပ္ပါတေ သုပိနေ ယုတ္တော, နိယျာနေ စ ပဒေသနေ။**

“ပရောဟိတ်ပုဏ္ဏားဆိုတာ အလွန်ကျွမ်းကျင်တယ်၊ ဗေဒင်ပညာတတ်တယ်၊ နိမိတ်အားလုံးကို ဖတ်တတ်တယ်။ နိမိတ်အတတ်ကို သိတယ်၊ ကျွမ်းကျင်တယ်၊ အသံကြားရုံနဲ့ပဲ နိမိတ်ဖတ်နိုင်တယ်။ ဂြိုဟ်စီးဂြိုဟ်လာ ကံကြမ္မာ ကောင်း, မကောင်းဟောတယ်။ ဘုရင်ဟာ ဝင်ချိန် ထွက်ချိန် အခါတော်ပေးတာလုပ်တယ်။”

**ပဌဝျာ ဘူမန္တလိက္ခသ္မိံ, နက္ခတ္တပဒကောဝိဒေါ–** “မြေကြီးနဲ့ပတ်သက်တာ, ကောင်းကင်နဲ့ ပတ်သက်တဲ့နေရာမှာ သူဟာ လိမ္မာပါးနပ်တယ်။ ဘယ်နေရာက ကောင်းတယ်၊ ဘယ်နေရာက မကောင်းဘူး၊ ကောင်းကင်နက္ခတ်တွေနဲ့ ပတ်သက်ပြီး ကောင်းတယ်၊ မကောင်းဘူး သိတယ်။ ယတြာချေပေးနိုင်တယ်။ အဲဒီလို ကျွမ်းကျင်တဲ့ပုဏ္ဏားကြီးကို ဘာဖြစ်လို့ ဘီလူးစာ ကျွေးချင်ရတာလဲ။”

ဘုရင်ကြီးက ဖြေတယ်။

**ပရိသာယမ္ပိ မေ အယျော, ဥမ္မီလိတွာ ဥဒိက္ခတိ၊**
**တသ္မာ အစ္စဘမုံ လုဒ္ဒံ, ဒဇ္ဇာဟံ ဒကရက္ခနော။**

“တခြားအပြစ်တော့ မဟုတ်ဘူး။ ပရိသတ်ထဲမှာ သူ့ကိုကြည့်ရင် မျက်လုံးကြီး ပြူးကြည့်တယ်။ စိုက်ကြည့်တာတို့၊ ပြူးကြည့်တာတို့က မကောင်းဘူးလေ။”

လူတစ်ယောက်ကို စိုက်ကြည့်တာ မယဉ်ကျေးဘူးလို့ ပြောတာ။ မျက်လုံးပြူးကြီး သူများကို စိုက်မကြည့်နဲ့၊ မျက်စောင်းနဲ့

အသာလေးကြည့်၊ မကြည့်ချင်ယောင်ဆောင်ပြီးကြည့်၊ မသိတသိလေး ကြည့်၊ အဲဒီလို ကြည့်ရတယ်၊ မျက်လုံးကြီး ပြူးမကြည့်ပါနဲ့လို့ ဆိုလိုတယ်။

လူကြားထဲမှာ ဒီပုဏ္ဏားကြီးက ဘုရင်ကြီးကို မျက်လုံးကြီးနဲ့ ပြူးပြူးကြည့်တာ၊ သူ့အကြည့်ကြီးက ကြောက်စရာကြီးတဲ့။ အဲဒါကြီး မြင်ရတော့ သူ မကြိုက်ဘူး။ သူ့ကို ဒီလို ပြူးတူးပြူးတဲ ကြည့်တာကို မကြိုက်လို့ ဘီလူးစာကျွေးမှာ ။

ဘေရီပရိဗ္ဗိုဇ်မက ဆက်ပြီးတော့ မေးတယ်။ အခု လူငါးယောက်အကြောင်း ဖြေပြီးသွားပြီ။ မဟောသဓနဲ့ ဘုရင်ကြီးပဲ ကျန်တော့တယ်။ အဲဒီတော့ ဘုရင်ကြီးက မဟောသဓကို မပေးဘူးတဲ့၊ သူကိုယ်တိုင်ပဲ ဘီလူးစားခံမယ်လို့ ပြောတာ၊ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဘေရီပရိဗ္ဗိုဇ်မက မေးတာ။

**သသမုဒ္ဒပရိယာယံ, မဟိံ သာဂရကုဏ္ဍလံ၊**

**ဝသုန္ဓရံ အာဝသသိ, အမစ္စပရိဝါရိတော။**

"ပင်လယ်ဝန်းရံနေတဲ့ မြေအပြင်ကိုပိုင်စိုး၍ တိုင်းကြီးပြည်ကြီးကို အစိုးရပြီး အောင်ပွဲရထားတဲ့၊ စစ်အင်အား အလွန်များပြီး အမတ်ပေါင်းခြံရံတဲ့ ဧကရာဇ်ဘုရင် အရှင်မင်းကြီးရဲ့ ဂုဏ်သတင်းဟာ အလွန်ကြီးမားတယ်။"

**သောဠသိတ္ထိသဟဿာနိ၊ အာမုတ္တမဏိကုဏ္ဍလာ,**

**နာနာဇနပဒါ နာရီ၊ ဒေဝကညူပမာ သုဘာ။**

"အရှင်မင်းကြီးကို ပတ္တမြားရတနာ လက်ဝတ်တန်ဆာတွေ ဆင်ထားတဲ့ သမီးကညာတွေကို အနယ်နယ်အရပ်ရပ်က

လာရောက် ဆက်သထားကြတာ (၁၆၀၀၀) ရှိတယ်။ နယ်ဒေသ အသီးသီးကလာပြီး ဆက်သထားတဲ့ အလွန်လှပတဲ့ သမီးကညာ တွေ ခြံရံဝန်းရံနေလျက်ရှိတယ်။"

"လိုအပ်ချက်မရှိအောင် ပြည့်စုံပြီး ချမ်းသာတဲ့ဘဝမှာ အသက်ဆိုတာ ရှည်လေ ကောင်းလေပဲ မဟုတ်လား?။ ဒီလို အခြေအနေမျိုးဖြစ်ပါလျက် ဘယ်အကြောင်းကြောင့် ပညာရှိကို ကာကွယ်တဲ့အနေနဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ ဘီလူးအစားခံမယ်လို့ ပြောတာပါလဲ?"

မေးလိုက်တဲ့အခါမှာ ဘုရင်ကြီးက ပညာရှိအပေါ်မှာ သူ ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ ယခုလို ပြောပြတယ်။

**ယတော ပဘိ အာဂတော အယျေ၊ မမ ဟတ္ထံ မဟောသဓော၊**

**နာဘိဇာနာမိ ဓီရဿ, အဏုမတ္တမ္ပိ ဒုက္ကဋံ။**

"မဟောသဓပညာရှိဟာ ကျွန်ုပ်ထံရောက်လာတဲ့အချိန်က စပြီး သူ့ရဲ့ချို့ယွင်းချက်ကို မြူမှုန်လေးတစ်မှုန်လောက်တောင်မှ မသိရပါဘူး။"

**သစေ စ ကိသ္မိစိ ကာလေ, မရဏံ မေ ပုရေ သိယာ။**

"အကယ်၍ သူက အရင်သေသွားမယ်ဆိုရင် သားသမီး မြေးမြစ်တွေကို မဟောသဓက ချမ်းသာလောက်အောင်ထားမှာ သေချာတယ်။ ဒါကြောင့်မို့ သူ့ကို မသေစေချင်ဘူး။"

**အနာဂတံ ပစ္စုပ္ပန္နံ, သဗ္ဗမတ္ထမ္ပိ ပဿတိ။**

"သူဟာ ကြိုပြီးတော့လည်း မြင်တယ်၊ လက်ရှိအကြောင်း အရာကိုလည်း မြင်တယ်။ အားလုံးကို မြင်တယ်။ အခုလက်ရှိ

ဖြစ်ပေါ်နေတာကိုလည်း ကောင်းကောင်းမြင်တယ်၊ နောင်လာလတ္တံ့ကိုလည်း ကောင်းကောင်း မြင်တယ်။”

**အနာပရာဓကမ္မန္တံ့, န ဒဇ္ဇုံ ဒကရက္ခိနော။**

“ဘာကိုမှ အမှားမလုပ်တဲ့ အပြစ်ကင်းတဲ့ မဟောသဓကို ဘယ်လိုလုပ်ပြီး ဘီလူးစာကျွေးနိုင်ပါ့မလဲ? မကျွေးနိုင်ပါဘူး။”

အဲဒီ အဖြေတွေ ရလိုက်တဲ့အခါမှာ ဘုရင်ကြီးက မဟောသဓပညာရှိအပေါ်မှာ ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ ဘေရီပရိဗိုဇ်မက သိရှိနားလည်သွားတယ်။

ထိုအခါ ဘေရီပရိဗိုလ်မက လူထုပရိသတ်ကို မင်းရင်ပြင်မှာ အစည်းအဝေးခေါ်ပြီး ဒီမေးခွန်းနဲ့ အဖြေတွေကို လူတွေကြားအောင် ထပ်ပြီး မေးမြန်းဖြေဆိုကြတယ်။

**ဣဒံ သုဏာထ ပဉ္စာလာ, စူဠနေယျဿ ဘာသိတံ။**

“စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ ပြောကြားချက်တွေကို မင်းတို့နားထောင်ကြပါ။ **ပဏ္ဍိတံ အနုရက္ခန္တော, ပါဏံ စဇတိ ဒုစ္စဇံ။** စွန့်နိုင်ခဲတဲ့ သူ့အသက်တောင်မှ ပညာရှိကို ကာကွယ်ပေးတဲ့အနေနဲ့ သူပဲအသေခံမယ်လို့ ပြောတယ်။”

**မာတု ဘရိယာယ ဘာတုစ္စ၊ သခိနော ဗြဟ္မဏဿ စ၊**
**အတ္တနော စာပိ ပဉ္စာလော၊ ဆန္နံ စဇတိ ဇီဝိတံ။**

“မိခင်ရဲ့အသက်, မိဖုရားကြီးရဲ့အသက်, ညီတော်ရဲ့အသက်, သူငယ်ချင်းရဲ့အသက်, ပုရောဟိတ်ပုဏ္ဏားရဲ့အသက်, သူ့ရဲ့အသက်၊ အဲဒီခြောက်ယောက်ရဲ့အသက်ကို ဘုရင်မင်းကြီးက ပေးဆပ်နိုင်တယ်၊ မဟောသဓရဲ့ အသက်ကိုတော့ လုံးဝမပေးနိုင်ဘူး၊ သူပဲ အသေခံမယ်။”

## ပညာရဲ့တန်ဖိုး

**"ဝေံ မဟတ္တိကာ ပညာ–** ပညာဆိုတာ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ သိကြပြီမဟုတ်လား၊ အသိပညာဆိုတာ ဒီလောက်ကို အကျိုးကျေးဇူးကြီးမားတယ်။ ပညာရဲ့ အစွမ်းသတ္တိကို တကယ်သိပြီဆိုရင် အခုလို တန်ဖိုးထားကြတယ်။ **နိပုဏာ သာဓု စိန္တိနီ–** အလွန်ကို သိမ်မွေ့ပြီးတော့ အမှန်အကန်ကို သိနိုင်တဲ့ပညာဟာ အလွန်ကို ကြီးမားတယ်။ **ဒိဋ္ဌဓမ္မဟိတ္တာယ သမ္ပရာယသုခါယ စ–** ပညာဆိုတာဟာ လက်ရှိဘဝမှာလည်း ချမ်းသာသုခကို ရစေနိုင်တယ်။ နောင်ဘဝမှာလည်း ချမ်းသာသုခ ရစေနိုင်တယ်။"

ဆိုလိုတာက "ပညာရှိရင် ဒီဘဝမှာသာ ကောင်းတာမဟုတ်ဘူး၊ နောင်ဘဝပါ ကောင်းမယ်။ နှစ်ဘဝလုံးကောင်းတဲ့အရာဖြစ်လို့ ပညာရှိအောင် ကြိုးစားကြပါ"လို့ ဘေရီပရိဗိုဇ်မက ပရိသတ်အလယ်မှာ မဟောသဓပညာရှိရဲ့ ဂုဏ်သတင်းတွေကို ထုတ်ဖော်ပြောဆိုပြီး အခုလို နိဂုံးချုပ် ပြောခဲ့တာဖြစ်တယ်။ မဟောသဇာတ်လမ်း ဒီမှာပဲအဆုံးသတ်ထားပါတယ်။

လောကကြီးတစ်ခုလုံးဟာ မဟောသဓပညာရှိကို တန်ဖိုးထား လေးစားကြတယ်ဆိုတာကို မှတ်ဖို့လိုတယ်။ ပညာဆိုတာ အလွန်သိမ်မွေ့တယ်၊ အရာရာကို စူးစမ်းဆင်ခြင်နိုင်တယ်၊ ကြီးမားတဲ့ အကျိုးကျေးဇူးကို သယ်ဆောင်ပေးနိုင်တယ်။ မျက်မှောက်ဘဝ အကျိုးပဲဖြစ်စေ၊ တမလွန်ဘဝ အကျိုးပဲဖြစ်စေ ပညာက ဆောင်ယူပေးနိုင်တာ ဖြစ်သောကြောင့် အသိပညာ အတတ်ပညာ အင်မတန်မှ တန်ဖိုးထားရမှာဖြစ်တယ်။

## အတိတ်ပေါင်းစန်း

ဒီ မဟောသဓဇာတ်တော်မှာ ပါဝင်တဲ့ ပုဂ္ဂိုလ်တွေဟာ (၁) ဘေရိပရိဗိုဇ်မက ဥပလ္လဝဏ္ဏာထေရီဖြစ်တယ်။ (၂) မဟောသဓ ပညာရှိရဲ့ဖခင် သိရိဝဍ္ဎန သူဌေးကတော့ သုဒ္ဓေါဒနမင်းကြီး ဖြစ်လာတယ်။ (၃) မယ်တော်ကတော့ မယ်တော်မာယာ ဖြစ်တယ်။ (၄) အမရာဒေဝီက ယသောဓရာ ဗိမ္ဗာဒေဝီဖြစ်တယ်။ (၅) ကျေးသားက ရှင်အာနန္ဒာ ဖြစ်တယ်။ (၆) စူဠနီဗြဟ္မဒတ်မင်းကြီးက အရှင်သာရိပုတ္တရာ ဖြစ်တယ်။ (၇) ကေဝဋ္ဋပုဏ္ဏားကြီးကတော့ ဒေဝဒတ်ဖြစ်တယ်။ (၈) စလာကဒေဝီ မိဖုရားကြီးကတော့ ထုလ္လနန္ဒာ ဘိက္ခုနီမဖြစ်တယ်။ (၉) ပဉ္စာလစန္ဒီ မင်းသမီးက သုန္ဒရီ ဖြစ်လာတယ်။ (၁၀) သာလိကာမကတော့ မလ္လိကာ မိဖုရားကြီး ဖြစ်လာတယ်။ (၁၁) ကာမိန္ဒအမတ်ကြီးကတော့ အမ္ဗဋ္ဌလုလင် ဖြစ်လာတယ်။ (၁၂) ပုက္ကုသအမတ်ကတော့ ပေါဋ္ဌပါဒ ဆိုတဲ့ ပရိဗိုဇ်ဖြစ်တယ်။ (၁၃) ဒေဝိန္ဒအမတ်ကတော့ ပိလောတိကပရိဗိုဇ် ဖြစ်တယ်။ (၁၄) သေနကအမတ်ကြီးကတော့ အရှင်မဟာကဿပ ဖြစ်တယ်။ (၁၅) ဥဒုမ္ဗရဒေဝီကတော့ မင်္ဂလိကာဖြစ်တယ်။ (၁၆)ဝိဒေဟဘုရင်ကြီးက ကာဠုဒါယီ မထေရ်မြတ် ဖြစ်လာတယ်။ (၁၇) မဟောသဓ ပညာရှိကတော့ ဗုဒ္ဓဖြစ်တယ်။

## နိဂုံး

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ မဟောသဓ ပညာရှိနဲ့ သူ၏ပညာစွမ်းအားကြောင့် လောက လူသားတွေ မည်သူမျှ ဒုက္ခမရောက်ဘဲနဲ့ အားလုံး ပျော်ရွှင် ချမ်းမြေ့ခြင်းဖြင့် ဘဝခရီးကို ဆက်နိုင်ကြရုံမျှမက ဒီဘဝလည်း ကောင်း၊ နောင်ဘဝလည်း ကောင်းဆိုတဲ့ သူ့ရဲ့ပညာစွမ်းအားဖြင့် စွမ်းဆောင်သွားမှုကြောင့် လူ့လောကမှာ တစ်ဘဝတာလုံး အမြင့်မြတ်ဆုံးပုဂ္ဂိုလ်အဖြစ်ကို ရယူသွားတာ ပညာစွမ်းအား ကြောင့်ပဲ ဖြစ်တယ်ဆိုတာ ကိုယ်စီကိုယ်စီသတိထားပြီး လောက မှာ တန်ဖိုးအရှိဆုံးအရာသည် အသိပညာသာဖြစ်တယ် ဆိုတာကို မှတ်သားပြီး ပညာရအောင် ဆည်းပူးအားထုတ်နိုင်ကြပါစေ ကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

Final edition copy by-
**Htet Naing San (I-D-E)**

THITSARPARAMI
2009

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဉပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ က္ကန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမှန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်

၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခသ မှုလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသင်္ဂဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား
၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိကာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်

၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်
၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနသတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ
၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ

၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်
၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ပိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့် သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်

၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ
၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး
၁၄၅။ စေတနာကောင်းလျှင် ကံကောင်းသည်
၁၄၆။ စိတ်ကောင်းရှိဖို့က ပထမ
၁၄၇။ တမလွန်ဘဝက ဆွေမျိုးများအရေး
၁၄၈။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၂)
၁၄၉။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး
၁၅၀။ မကျန်းမာသူများအတွက် အထူးနှလုံးသွင်းတရား
၁၅၁။ မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်
၁၅၂။ မာလုက္ယပုတ္တရဟန်းအတွက် အလုပ်ပေးတရား
၁၅၃။ အပြစ်တင်ခြင်းနှင့် ကဲ့ရဲ့ခြင်း
၁၅၄။ အတွေးများကို ဖယ်ရှားနိုင်ရမည်
၁၅၅။ မိလိန္ဒပဉှာ(ပထမတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ
၁၅၆။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်(ပထမတွဲ)
၁၅၇။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၃)
၁၅၈။ စာသင်စာချ ပြုကြသာသနာ
၁၅၉။ ဗုဒ္ဓသာသနာ၏ ဝိသေသလက္ခဏာများ
၁၆၀။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ
၁၆၁။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၄)
၁၆၂။ မိမိကိုယ်တိုင် မိမိ၏ရန်သူ မဖြစ်ပါစေနှင့်
၁၆၃။ တိုင်းရေးပြည်ရေး မျှော်တွေးခြင်း
၁၆၄။ နှစ်သစ်မင်္ဂလာကို မေတ္တာဖြင့်ကြိုဆိုခြင်း
၁၆၅။ ဘဝအတွင်းမှ အမှောင် နှင့် အလင်းများ
၁၆၆။ လူတိုင်းအတွက် အမှန်တရား
၁၆၇။ မဟာသာဝကကြီးတို့၏ စကားဝိုင်း
၁၆၈။ မိလိန္ဒပဉှာ(ဒုတိယတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ

၁၆၉။ စိတ်စွဲလမ်းမှုကို အောင်နိုင်သူ

၁၇၀။ မိလိန္ဒပဉှာ(တတိယတွဲ)

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ

၁၇၁။ နယ်လှည့်ဟောကြား မြွက်တရား အတွဲ(၅)

၁၇၂။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်(ဒုတိယတွဲ)

၁၇၃။ Online ဓမ္မစာလွှာများ

၁၇၄။ ဝဋ္ဋသုတ် အနှစ်ချုပ်

၁၇၅။ အင်္ဂုလိမာလသုတ် အနှစ်ချုပ်

၁၇၆။ မောရသုတ် အနှစ်ချုပ်

၁၇၇။ ဓဇဂ္ဂသုတ် အနှစ်ချုပ်

၁၇၈။ ကိန္တိသုတ်လာ မြတ်ဗုဒ္ဓ၏ မိန့်မှာချက်များ

၁၇၉။ အာဋာနာဋိယသုတ် အနှစ်ချုပ်

၁၈၀။ ဖေဏပိဏ္ဍူပမသုတ် အနှစ်ချုပ်

၁၈၁။ ပရိတ်ကြီး(၁၁)သုတ် အနှစ်ချုပ်

၁၈၂။ ကမ္ဘာတည်သရွေ့

၁၈၃။ ဗောဓိပက္ခိယတရားကို လေ့လာသုံးသပ်ခြင်း

၁၈၄။ မိလိန္ဒပဉှာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ

၁၈၅။ သံသရာ နှင့် နိဗ္ဗာန်

၁၈၆။ မဟာဟတ္ထိပဒေါပမသုတ် အနှစ်ချုပ်

၁၈၇။ **Online** ဓမ္မစာလွှာများ အတွဲ(၂)

၁၈၈။ အဝိဇ္ဇာ နှင့် ဝိဇ္ဇာ

၁၈၉။ အငြင်းပွါးလျှင် ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရမည်

၁၉၀။ နယ်လှည့်ဟောကြား မြွက်တရား အတွဲ(၆)

၁၉၁။ အာရုံကိုအနိုင်ယူသည့်စိတ်

၁၉၂။ မဟောသဓပညာရှိ

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှစာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များ လှူဒါန်းထားသော ဓမ္မစာပေ ရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊ မြေအောက်ထပ်။
ဖုန်း ၀၉-၅၅၀၀၈၃၅

၂။ **ဒေါက်တာနန္ဒမာလာဘိဝံသ အနုဂ္ဂဟအသင်းရုံးချုပ်**
အမှတ်(၁၀/ဃ)၊ (၁၀)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၈၈ ၉၅၅ ၅၆၆